ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန

# သဒ္ဓမ္မဇောတိကအဘိဓမ္မာ

ဆရာကြီး ဦးကျော်ထွတ်
မဟာသဒ္ဓမ္မဇောတိကဓဇ
ပိဋကတ်ဘာသာပြန်အကြံပေးပညာရှင်

သာသနာနှစ် ၂၅၄၃ ကောဇာ ၁၃၆၁ ခရစ် ၁၉၉၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးဝန်ကြီးဌာန

# သဒ္ဓမ္မဇောတိက အဘိဓမ္မာ

ဆရာကြီးဦးကျော်ထွတ်

မဟာသဒ္ဓမ္မဇောတိကဓဇ

ပိဋကတ်ဘာသာပြန် အကြံပေးပညာရှင်

သာသနာ- ၂၅၄၃ ကောဇာ- ၁၃၆၁ ခရစ်- ၁၉၉၉

စာစီ။ ။သာထွန်းပြန့်ကွန်ပျူတာ

ပုံနှိပ်။ ။ဦးကျော်ဌေး (မြဲ-၀၂၇၇၃)

"ရွှေဇင်ကျော်" ပုံနှိပ်တိုက်၊

အမှတ်-၁၅၁၊ ၃၄-လမ်း၊ ရန်ကုန်။

ထုတ်ဝေ။ ။ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ညွှန်ကြားရေးမှူး-ဦးထင်မျိုး

[မှတ်ပုံတင်အမှတ်-၁၁/၉၄(၁)] က

ထုတ်ဝေသည်။

# နိဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိစေရန် ဘက်ပေါင်းစုံမှ တက်စုံလက်စုံ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်နေချိန်တွင် မြတ်ဗုဒ္ဓ၏ သာသနာတော်စည်ပင်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများကိုလည်း အခန်းကဏ္ဍတစ်ရပ်အနေဖြင့် အစိုးရနှင့် ပြည်သူကြည်ဖြူစွာ လက်တွဲ၍ အားပေးဆောင်ရွက်လျက် ရှိကြပေသည်။

ထိုသို့ဆောင်ရွက်ရာတွင် သာသနာတော် ထွန်းကားပြန့်ပွားရေး လုပ်ငန်းများကို ဗုဒ္ဓစာပေများဖြင့်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်သန်လျက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သာသနာတော်ကို ကြည်ညိုသော သဒ္ဓါစေတနာ ထက်သန်စွာဖြင့် –

(က) ဗုဒ္ဓဘာသာကောင်းတစ်ယောက်

(ခ) ဗုဒ္ဓဘာသာလက်စွဲ (ပထမတွဲနှင့် ဒုတိယတွဲ)

(ဂ) ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့်

(ဃ) ဗုဒ္ဓဘာသာတရားတော် အထက်တန်းအဆင့်

(င) ဗုဒ္ဓဘာသာတရားတော် အဆင့်မြင့်

(စ) ရဟန်းကျင့်ဖွယ် နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်

အစရှိသော ဓမ္မရတနာ ကျမ်းစာအုပ်များစွာကို ပညာရှင်များအား ရေးသားပြုစုစေခဲ့ပါသည်။ အဆိုပါ ကျမ်းစာအုပ်များကို သာသနာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒေသအနှံ့အပြားသို့ ဖြန့်ဝေနိုင်ခဲ့ပြီဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်များသာမက ဗုဒ္ဓဘာသာစာပေ လေ့လာသူအားလုံး ဗုဒ္ဓစာပေ၏ အနှစ်သာရ ဓမ္မရသများကို ချိုမြိန်စွာ ခံစားနိုင်ခဲ့ကြပေပြီ။

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဆန္ဒနှင့် စေတနာ

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖော်ပြပါ ဓမ္မရတနာ ကျမ်းစာအုပ်များဖြင့် သာသနာပြုကုသိုလ်ပါရမီများ ဖြည့်ဆည်းခဲ့ရခြင်းကို အားရတင်းတိမ်မှု မရှိနိုင်သေးပေ။

အဘိဓမ္မာကို သင်ရိုးနည်းကျ ဆည်းပူးခွင့်မရရှိခဲ့ကြသော ပုဂ္ဂိုလ်များနှင့် အဘိဓမ္မာလေ့လာလိုသော ပုဂ္ဂိုလ်များအား အဘိဓမ္မာ၏ သဘောသဘာဝနှင့် ရုပ်နာမ်ဓမ္မတို့၏ သဘာဝဖြစ်စဉ်များကို နားလည်သဘောပေါက်၍ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အစရှိသော လောကီရေးရာအဖြာဖြာနှင့် ဓမ္မရေးရာတို့တွင် အဘိဓမ္မာကို လက်တွေ့ကျကျ အကျိုးရှိရှိ အသုံးချတတ်စေရန်အလို့ငှာ မြန်မာစာ ဖတ်တတ်သူတိုင်း အလွယ်တကူ ဖတ်ရှုနားလည်နိုင်သည့် အဘိဓမ္မာနှင့် ပဋ္ဌာန်း တရားတော်စာအုပ်များကို ဆရာကြီးဦးကျော်ထွတ်အနေဖြင့် ရေးသားပြုစုပေး ပါရန် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား လမ်းညွှန်မှု ပြုခဲ့ရာ ဝန်ကြီးက ဆရာကြီးဦးကျော်ထွတ်အား မေတ္တာရပ်ခံခဲ့ပါသည်။ ဝန်ကြီး၏ မေတ္တာရပ်ခံချက်အရ ဆရာကြီးဦးကျော်ထွတ်က ကျမ်းစာပြုစုရေး လုပ်ငန်းအတွက် လိုအပ်သည်များကို တင်ပြခဲ့ရာ ဝန်ကြီးက ဆောင်ရွက် ပေးခဲ့ပြီး၊ လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်တို့အား ထပ်ဆင့် ညွှန်ကြားခဲ့ပါသည်။

သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ ညွှန်ကြားချက်အရ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ခင်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်တို့၏ စီမံခန့်ခွဲမှု တို့ဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုမြင့်က လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ပါသည်။ ထို့နောက် ဆရာကြီးဦးကျော်ထွတ်၏ တင်ပြ တောင်းဆိုချက်နှင့်အညီ အောက်ပါပုဂ္ဂိုလ်များပါဝင်သော "အဘိဓမ္မာနှင့် ပဋ္ဌာန်း

တရားတော်များ'' ရေးသားပြုစုရေး အယ်ဒီတာအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ပါသည်။

(၁) ဦးစိုးတင့် (သက္ကသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ)

(၂) ဦးမြင့်ထွန်း (သက္ကသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ- ဝင်္ဂသကာ၊ သဒ္ဓမ္မပါလဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ ဘီအက်စ်စီ)

(၃) ဦးသူရ (ပဋ္ဌာနကျော်၊ သာသနဓဇဓမ္မာစရိယ)

(၄) ဦးသင်းမောင် (သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ)

**ကျမ်းစာရေးသားပြုစုပုံ**

ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့သည် ဆရာကြီးဦးကျော်ထွတ်၏ နည်းလမ်းညွှန်ပြမှုကို ခံယူကာ အဘိဓမ္မာနှင့် ပဋ္ဌာန်းတရားတော်တို့အနက် အဘိဓမ္မာကို ပထမဦးစွာ ရေးသားပြုစုခဲ့ပါသည်။ ယင်းသို့ပြုစုရာတွင် ဆရာကြီး၏ ဆန္ဒအရ ယခင်က ဝိုင်အမ်ဘီအေအသင်းကြီးတွင် ဆရာကြီး ပို့ချခဲ့သော အဘိဓမ္မာပို့ချချက်များကိုပင် မူအဖြစ်ထား၍ မြန်မာစာဖတ်တတ်သူတိုင်း ဖတ်ရှုနားလည်နိုင်သော စကားလုံးများဖြင့် စကားပြောဟန်အတိုင်း ရေးသားပြုစုခဲ့ပါသည်။

ဤစာအုပ်တွင် အခန်းကြီး (၄) ခန်း ခွဲထားပြီး၊ အခန်း (၁) တွင် အကုသိုလ်စေတသိက်များ၊ အခန်း (၂) တွင် ကုသိုလ်စေတသိက်များ၊ အခန်း (၃) တွင် ကုသိုလ် အကုသိုလ် နှစ်ဘက်ရ စေတသိက်များ၊ အခန်း (၄)တွင် ခန္ဓာငါးပါး၊ အာယတန (၁၂) ပါး၊ ဓာတ် (၁၈) ပါးနှင့် သစ္စာလေးပါးတို့ ပါဝင်သဖြင့် အဘိဓမ္မာ၏ သဘောသဘာဝများကို ခြုံငုံမိအောင် ရှင်းလင်းတင်ပြထားပါသည်။

## သာသနာ ရောင်ဝါလင်းစေသည့် အဘိဓမ္မာ

ဤကျမ်းစာအုပ်၏ အမည်ကို "သဒ္ဓမ္မဇောတိက အဘိဓမ္မာ"ဟု သညာပြု ပါသည်။ သဒ္ဓမ္မ=ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဟူသော သုံးဖြာသော သာသနာ၊ ဇောတိက=ထွန်းလင်းတောက်ပစေတတ်သော၊ အဘိဓမ္မာ=အဘိဓမ္မာကျမ်းစာ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို ထွန်းလင်းတောက်ပစေတတ်သော အဘိဓမ္မာ ကျမ်းစာ၊ တနည်းအားဖြင့် သာသနာရောင်ဝါလင်းစေသည့် အဘိဓမ္မာကျမ်းစာဟု အဓိပ္ပာယ် ရရှိပါသည်။ မှန်ပါသည်၊ "အဘိဓမ္မာကို မေးမြန်း ဖြေဆိုခြင်း၊ ဆွေးနွေးခြင်း၊ လေ့လာဆည်းပူးခြင်းပြုသူသည် သာသနာတော်ကို တင့်တယ် စေသူ မည်၏"ဟု မြတ်စွာဘုရားက သုတ္တန်ပိဋကတ် မူလပဏ္ဏာသပါဠိတော် မဟာဂေါသိင်္ဂသုတ်တွင် မိန့်ကြားခဲ့ပါသည်။ ဤမိန့်ကြားချက်နှင့်အညီပင် "သဒ္ဓမ္မဇောတိကအဘိဓမ္မာ"ဟု ဆရာကြီးကိုယ်တိုင် အမည်သညာပြုထားခြင်း ဖြစ်ပါသည်။

### အကျိုးကျေးဇူး

ဤစာအုပ်ကို ဖတ်ရှုလေ့လာသူသည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံတွင် မြတ်စွာဘုရား ဟောကြားခဲ့သော အဘိဓမ္မာဆိုင်ရာ အတွေးအခေါ် အသိအမြင် အယူအဆများ၊ သဘောတရားများနှင့် အဘိဓမ္မာဝေါဟာရများကို ခြုံငုံသိရှိ နားလည်သွားပြီး၊ အဘိဓမ္မာအခြေခံကောင်းများကို ရရှိသွားမည် ဖြစ်ပါသည်။ တစ်နည်းဆိုရပါသော် ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်တစ်ဦးကဲ့သို့ပင် မြတ်ဗုဒ္ဓ၏ ဓမ္မရသ၊ ဓမ္မပီတိများကို ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

### ရည်ရွယ်ချက်

အချုပ်ကိုဆိုရပါမူ ထူးခြားလေးနက်သည့် အဘိဓမ္မာသဘောသဘာဝများကို လေ့လာခြင်းဖြင့် ဒုစရိုက်နှင့် သုစရိုက်၊ ရှောင်ရမည့်တရားနှင့် ဆောင်ရမည့်

တရား၊ အကောင်းနှင့် အဆိုး၊ အကျိုးနှင့် အပြစ်၊ ကုသိုလ်နှင့် အကုသိုလ် စသည်တို့ကို တိတိပပ ခွဲခြားနားလည်ပြီး၊ မိမိကိုယ်ကို လူမွန်လူကောင်းများ ဖြစ်အောင် ပြုစုပျိုးထောင်နိုင်သော နိုင်ငံ့သားကောင်းရတနာများ၊ သာသနာ တော်ကို တင့်တယ်စေသော သာသနာပြုပုဂ္ဂိုလ်ထူးများ ဖြစ်ထွန်းပေါ်ပေါက် လာစေရန်၊ ထို့ထက်တစ်ဆင့် မြှင့်၍ဆိုရသော် ရုပ်နာမ်ဓမ္မတို့၏ သဘာဝအမှန်ကို ခွဲခြားသိနိုင်စွမ်းသော (နာမရူပပရိစ္ဆေဒ) ဉာဏ်ကို ရရှိကာ ထိုဉာဏ်ကို အခြေခံ၍ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အထိပ်ပန်းတိုင်ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အထောက်အကူရစေရန် ရည်သန်၍ ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပါသည်။

**သာသနာရေးဝန်ကြီးဌာန**

# သဒ္ဓမ္မဇောတိကအဘိဓမ္မာ
# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၁)** | |
| ၁။ | စိတ် စေတသိက်အကြောင်း သိကောင်းစရာများ | ၁ |
| ၂။ | ပညတ်နှင့် ပရမတ် | ၁ |
| ၃။ | စိတ်နှင့် စေတသိက် | ၄ |
| ၄။ | အာရုံဆိုတာ မြန်မာစကားလား | ၅ |
| ၅။ | အဘိဓမ္မာနှင့် စီးပွားရေး | ၇ |
| ၆။ | စေတသိက်ဆိုတာ ဘာလဲ | ၉ |
| ၇။ | လူကောင်းနှင့် လူဆိုး | ၁၃ |
| | **အကုသိုလ်စေတသိက်** | |
| ၈။ | အကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက် | ၁၅ |
| ၉။ | မောဟစေတသိက် | ၁၆ |
| ၁၀။ | မောဟနှင့် မျက်မှန်စိမ်း | ၁၈ |
| ၁၁။ | အဟိရိကစေတသိက် | ၁၈ |
| ၁၂။ | အနောတ္တပ္ပစေတသိက် | ၂၁ |
| ၁၃။ | လာဘ်ပေးလာဘ်ယူ | ၂၂ |
| ၁၄။ | ဥဒ္ဓစ္စစေတသိက် | ၂၄ |

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **လောဘအုပ်စုဥ္ဆသာ ပါဝင်တဲ့ စေတသိက်** | |
| ၁၅။ | လောဘစေတသိက် | ၂၅ |
| ၁၆။ | လောဘ ၂–မျိုး | ၂၆ |
| ၁၇။ | လောဘ ၆–မျိုး | ၂၈ |
| ၁၈။ | လောဘ ၃–မျိုး | ၂၈ |
| ၁၉။ | လုပ်ကြံတာ အဘိဇ္ဈာ | ၂၈ |
| ၂၀။ | ဒိဋ္ဌိစေတသိက် | ၃၀ |
| ၂၁။ | နတ္ထိကဒိဋ္ဌိ | ၃၁ |
| ၂၂။ | အဟေတုကဒိဋ္ဌိ | ၃၂ |
| ၂၃။ | အကိရိယဒိဋ္ဌိ | ၃၅ |
| ၂၄။ | သဿတဒိဋ္ဌိ | ၃၈ |
| ၂၅။ | ဥစ္ဆေဒဒိဋ္ဌိ | ၃၉ |
| ၂၆။ | သက္ကာယဒိဋ္ဌိ | ၄၁ |
| ၂၇။ | မာနစေတသိက် | ၄၄ |
| ၂၈။ | မာန် ၃–မျိုး | ၄၅ |
| ၂၉။ | မာန် ၉–မျိုး | ၄၇ |
| ၃၀။ | လူတစ်ကိုယ် ထင်သုံးလုံး | ၅၁ |
| | **ဒေါသအုပ်စုမှာသာ ပါဝင်တဲ့ စေတသိက်** | |
| ၃၁။ | ဒေါသစေတသိက် | ၅၆ |
| ၃၂။ | ဣဿာစေတသိက် | ၆၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃။ | သောတာပန်နှင့်ဣဿာ | ၆၁ |
| ၃၄။ | မစ္ဆရိယစေတသိက် | ၆၂ |
| ၃၅။ | မစ္ဆရိယ ၂-မျိုး | ၆၃ |
| ၃၆။ | လူတွေ ဘာပြုလို့ ဆင်းရဲတာလဲ | ၆၄ |
| ၃၇။ | ကုက္ကုစ္စစေတသိက် | ၆၇ |
| ၃၈။ | ကုက္ကုစ္စ ၂-မျိုး | ၆၉ |
| ၃၉။ | ဝိနယကုက္ကုစ္စ | ၇၀ |
| ၄၀။ | သူဌေးသားရှင်သုဒိန် | ၇၁ |
| | **အုပ်စု ၂-ခုလုံးမှာ ပါဝင်တဲ့ စေတသိက်** | |
| ၄၁။ | ထိနစေတသိက် | ၇၇ |
| ၄၂။ | ပျင်းတာ အကုသိုလ်လား | ၇၇ |
| ၄၃။ | မိဒ္ဓစေတသိက် | ၇၉ |
| ၄၄။ | အိပ်ငိုက်တာ အကုသိုလ်လား | ၇၉ |
| | **အုပ်စု ၂-ခုလုံးမှာ မပါဝင်တဲ့ စေတသိက်** | |
| ၄၅။ | ဝိစိကိစ္ဆာစေတသိက် | ၈၃ |
| ၄၆။ | မဆုံးဖြတ်နိုင်တာ အကုသိုလ်လား | ၈၄ |
| ၄၇။ | အကုသိုလ် မူလသုံးပါး | ၈၉ |
| ၄၈။ | ဗုဒ္ဓဝါဒအကျဉ်းချုပ် | ၉၀ |
| ၄၉။ | ပပဉ္စတရားသုံးပါး | ၉၃ |
| ၅၀။ | လောဘ | ၉၃ |

| ခေါင်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၁။ | ဒိဋ္ဌိ | ၉၅ |
| ၅၂။ | မာန | ၉၆ |
| ၅၃။ | အာသဝေါတရား ၄-ပါး | ၉၆ |
| ၅၄။ | အာသဝဆိုတာ ဘာလဲ | ၉၇ |
| ၅၅။ | ကာမာသဝ | ၉၉ |
| ၅၆။ | ဘဝါသဝ | ၁၀၀ |
| ၅၇။ | ဒိဋ္ဌာသဝ | ၁၀၁ |
| ၅၈။ | အဝိဇ္ဇာသဝ | ၁၀၂ |
| ၅၉။ | ကမ္မာဖျက်တရား | ၁၀၃ |
| ၆၀။ | ကပ်ကြီးသုံးပါး | ၁၀၄ |
| ၆၁။ | ဉပါဒါန် ၄-ပါး | ၁၀၆ |
| ၆၂။ | ကာမုပါဒါန် | ၁၀၆ |
| ၆၃။ | ဒိဋ္ဌုပါဒါန် | ၁၀၇ |
| ၆၄။ | သီလဗ္ဗတုပါဒါန် | ၁၀၈ |
| ၆၅။ | အတ္တဝါဒုပါဒါန် | ၁၀၈ |
| ၆၆။ | ရှုဋ္ဌသီဟနာဒသုတ် | ၁၀၉ |
| ၆၇။ | နီဝရဏ ၆-ပါး | ၁၁၁ |
| ၆၈။ | ကာမစ္ဆန္ဒနီဝရဏ | ၁၁၂ |
| ၆၉။ | ဗျာပါဒနီဝရဏ | ၁၁၃ |
| ၇၀။ | ထိနမိဒ္ဓနီဝရဏ | ၁၁၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၁။ | ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏ | ၁၁၅ |
| ၇၂။ | ဝိစိကိစ္ဆာနီဝရဏ | ၁၁၇ |
| ၇၃။ | အနုသယ ၇–ပါး | ၁၁၉ |
| ၇၄။ | အနုသယပြဿနာ | ၁၂၀ |
| ၇၅။ | အရှိတရားနှစ်မျိုး | ၁၂၂ |
| ၇၆။ | ကိလေသာ ၃–မျိုး | ၁၂၇ |
| ၇၇။ | အနုသယကိလေသာရှာနည်း | ၁၂၉ |
| ၇၈။ | အနုသယကိလေသာ ၇–ပါး | ၁၃၂ |
| ၇၉။ | သူဌေးကတော် ဓမ္မဒိန္နာ | ၁၃၄ |
| ၈၀။ | ဝေဒနာနှင့် အနုသယ | ၁၃၇ |
| ၈၁။ | မဂ်လေးတန်နှင့် အနုသယကိလေသာ | ၁၃၈ |
| ၈၂။ | သံယောဇဉ် ၁၀–ပါး | ၁၄၁ |
| ၈၃။ | သံယောဇနမှ သံယောဇဉ်ပြောင်းပုံ | ၁၄၂ |
| ၈၄။ | သံယောဇဉ် ကြိုးနှင့်တူပုံ | ၁၄၃ |
| ၈၅။ | ဒေါသ ကြိုးနှင့်တူပုံ | ၁၄၆ |
| ၈၆။ | ဒိဋ္ဌိကြိုးဟာ အဆိုးဆုံး | ၁၄၈ |
| ၈၇။ | အကျင့်သီလတွေ သံယောဇဉ်လား | ၁၅၀ |
| ၈၈။ | လူညံ့နှင့် လူတော်လေ့လာချက် | ၁၅၁ |
| ၈၉။ | ဣဿာ, မစ္ဆရိယ သောတာပန်မှာ ရှိသလား | ၁၅၄ |
| ၉၀။ | ကိလေသာ ၁၀–ပါး | ၁၅၆ |
| ၉၁။ | ကိလေသာက လူကို ဘယ်လိုမိုက်မဲစေသလဲ | ၁၅၈ |

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၂။ | မေတ္တာနှင့်ကိလေသာဘယ်သူကအားကောင်းသလဲ | ၁၆၀ |
| ၉၃။ | ဟစ်ထောင့်ငါးရာကိလေသာ | ၁၆၁ |
| ၉၄။ | အဘိဓမ္မာနှင့် ဆပ်ပြာမွှေး | ၁၆၃ |


## အခန်း (၂)

## ကုသိုလ်စေတသိက်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၅။ | ကုသိုလ်ပြဲတိုင်း ပါဝင်သည့် စေတသိက် | ၁၆၅ |
| ၉၆။ | သဒ္ဓါစေတသိက် | ၁၆၆ |
| ၉၇။ | သဒ္ဓါစေတသိက်ဘာသာပြန် | ၁၆၇ |
| ၉၈။ | ရာထူးကြီးကြီးလိုချင်ရင် ရှစ်ပါးသီလစောင့် | ၁၇၁ |
| ၉၉။ | လောကမှာ အမြတ်ဆုံးရတနာဆိုတာ ဘာလဲ | ၁၇၂ |
| ၁၀၀။ | သဒ္ဓါစေတသိက်နှင့် လက် | ၁၇၅ |
| ၁၀၁။ | သဒ္ဓါစေတသိက်နှင့် ပစ္စည်းဥစ္စာ | ၁၇၆ |
| ၁၀၂။ | သဒ္ဓါစေတသိက်နှင့် မျိုးစေ့ | ၁၇၈ |
| ၁၀၃။ | ကုသိုလ်လုပ်တယ်ဆိုတာ အများကောင်းစားရေးပါ | ၁၇၉ |
| ၁၀၄။ | ဗိုလ်ရွေးပွဲ | ၁၈၀ |
| ၁၀၅။ | သဒ္ဓါဗိုလ်က တိုက်ထုတ်ပုံ | ၁၈၁ |
| ၁၀၆။ | သဒ္ဓါအစိုးရ | ၁၈၃ |
| ၁၀၇။ | ထိပ်တန်း ဗုဒ္ဓဘာသာနှင့် သောတာပန် | ၁၈၅ |
| ၁၀၈။ | သတိစေတသိက် | ၁၈၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၉။ | သတိစေတသိက်နှင့် ဗုဒ္ဓ၏ နောက်ဆုံးစကား | ၁၈၇ |
| ၁၁၀။ | သတိစေတသိက်နှင့် လောကရေး | ၁၉၀ |
| ၁၁၁။ | သတိစေတသိက်နှင့် လောကုတ္တရာရေး | ၁၉၁ |
| ၁၁၂။ | သတိနှင့် သညာ ဘယ်လိုထူးသလဲ | ၁၉၃ |
| ၁၁၃။ | သဒ္ဓါမဂ္ဂင်မထိုက် | ၁၉၄ |
| ၁၁၄။ | ဟိရီစေတသိက် | ၁၉၅ |
| ၁၁၅။ | ဩတ္တပ္ပစေတသိက် | ၁၉၆ |
| ၁၁၆။ | အလောဘစေတသိက် | ၁၉၇ |
| ၁၁၇။ | အဒေါသစေတသိက် | ၁၉၈ |
| ၁၁၈။ | မေတ္တာပို့ရင် ရောက်သလားတဲ့ | ၁၉၈ |
| ၁၁၉။ | ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ | ၁၉၉ |
| ၁၂၀။ | မေတ္တာဓာတ်စွမ်းရည် | ၂၀၃ |
| ၁၂၁။ | မိဘအချစ်နဲ့ လင်မယားအချစ် | ၂၀၇ |
| ၁၂၂။ | စိတ်ချမ်းသာအောင် တွက်နည်း | ၂၀၈ |
| ၁၂၃။ | တတြမဇ္ဈတ္တတာစေတသိက် | ၂၀၉ |
| ၁၂၄။ | ဥပေက္ခာအမျိုးမျိုး | ၂၁၁ |
| ၁၂၅။ | ပဿဒ္ဓိစေတသိက် | ၂၁၄ |
| ၁၂၆။ | ကုသိုလ်ဆိုတာ ဘယ်မှာဖြစ်တာလဲ | ၂၁၄ |
| ၁၂၇။ | ကုသိုလ်ရတော့ ဘယ်လိုနေသလဲ | ၂၁၅ |
| ၁၂၈။ | လဟုတာစေတသိက် | ၂၁၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၉။ | ကောင်းကင်ပျံနိုင်တာ ဘယ်စေတသိက်လဲ | ၂၁၇ |
| ၁၃၀။ | မုဒုတာစေတသိက် | ၂၁၉ |
| ၁၃၁။ | ကုသိုလ်ဆိုတာ မာသလား ပျော့သလား | ၂၂၀ |
| ၁၃၂။ | ကမ္မညတာစေတသိက် | ၂၂၁ |
| ၁၃၃။ | ပါဂုညတာစေတသိက် | ၂၂၂ |
| ၁၃၄။ | ကျန်းမာရေးကောင်းတာ ဘယ်စေတသိက်လဲ | ၂၂၃ |
| ၁၃၅။ | ဥဇုကတာစေတသိက် | ၂၂၄ |
| ၁၃၆။ | စုံတွဲစေတသိက် | ၂၂၆ |
| ၁၃၇။ | ကုသိုလ်မှာ စုံတွဲစေတသိက်ထားရပုံ | ၂၂၉ |
| | **ဝိရတိ စေတသိက် ၃–ပါး** | |
| ၁၃၈။ | ဝိရတိစေတသိက် | ၂၃၀ |
| ၁၃၉။ | ကောင်းသောစကားကို ပြောဆိုတာ သမ္မာဝါစာလား | ၂၃၀ |
| ၁၄၀။ | သမ္မာကမ္မန္တစေတသိက် | ၂၃၃ |
| ၁၄၁။ | ကောင်းသောအလုပ်ကို လုပ်တာ သမ္မာကမ္မန္တလား | ၂၃၃ |
| ၁၄၂။ | သမ္မာအာဇီဝစေတသိက် | ၂၃၅ |
| ၁၄၃။ | ကောင်းသောအသက်မွေးမှုနှင့် သမ္မာအာဇီဝ | ၂၃၆ |
| ၁၄၄။ | ကုန်းချောသည့်အလုပ်နှင့်အသက်မွေးမှု ရှိနိုင်သလား | ၂၃၇ |
| ၁၄၅။ | အပ္ပမညာစေတသိက် | ၂၃၉ |
| ၁၄၆။ | အပ္ပမညာစေတသိက်ဟာ နှစ်လုံးပဲရှိသလား | ၂၄၀ |
| ၁၄၇။ | ဥပေက္ခာ | ၂၄၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၈။ | ကရဏာစေတသိက် | ၂၄၁ |
| ၁၄၉။ | ကရဏာ=ကယ်တင်လိုမှု | ၂၄၂ |
| ၁၅၀။ | ကရဏာနှင့် ကယ်တင်ရှင် | ၂၄၂ |
| ၁၅၁။ | ကရဏာစေတသိက်နှင့် ကြက်ခြေနီ | ၂၄၃ |
| ၁၅၂။ | မြန်မာ့သွေးဖြစ်နေတာ ဘယ်စေတသိက်တွေလဲ | ၂၄၄ |
| ၁၅၃။ | မုဒိတာစေတသိက် | ၂၄၅ |
| ၁၅၄။ | ပညိန္ဒြေစေတသိက် (ပညာစေတသိက်) | ၂၄၇ |
| ၁၅၅။ | ပညာကို ဘယ်လိုဘာသာပြန်မလဲ | ၂၄၇ |
| ၁၅၆။ | ဉာဏ်ရှိတာနှင့် ပညာရှိတာ တူသလား | ၂၄၈ |
| ၁၅၇။ | အဘိဓမ္မာပညာရှိ | ၂၄၉ |
| ၁၅၈။ | ဘယ်အမှောင် အမိုက်ဆုံးလဲ | ၂၅၀ |
| ၁၅၉။ | လူကဲခတ်ရတာ လွယ်သလား | ၂၅၁ |
| ၁၆၀။ | အသိသုံးမျိုးခွဲတာ ဟုတ်ရဲ့လား | ၂၅၃ |


## အခန်း (၃)

## ကုသိုလ် အကုသိုလ် နှစ်ဘက်ရစေတသိက် (အညသမာန်းစေတသိက်)


| | | |
|---|---|---|
| ၁၆၁။ | နှစ်ဘက်ရစေတသိက် | ၂၅၅ |


### စိတ်အားလုံးမှာ ပါဝင်သည့် စေတသိက်


| | | |
|---|---|---|
| ၁၆၂။ | ဖဿစေတသိက် | ၂၅၇ |
| ၁၆၃။ | မြင်အောင်လုပ်ပေးတာ ဖဿပဲ | ၂၅၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၄။ | ဖဿရဲ့ ဥပမာများ | ၂၆၁ |
| ၁၆၅။ | ဖောဋ္ဌဗ္ဗနှင့် ဖဿ တူသလား | ၂၆၂ |
| ၁၆၆။ | ဖဿ (၆) မျိုး | ၂၆၂ |
| ၁၆၇။ | ဖဿရှိမှ စိတ်ရှိတယ်၊ ဖဿမရှိရင် စိတ်မရှိဘူး | ၂၆၃ |
| ၁၆၈။ | ဝေဒနာစေတသိက် | ၂၆၄ |
| ၁၆၉။ | ဥပေက္ခာဝေဒနာ | ၂၆၆ |
| ၁၇၀။ | ဝေဒနာနှင့် လောကဥပမာ | ၂၆၇ |
| ၁၇၁။ | ဝေဒနာ ၆–မျိုး | ၂၆၇ |
| ၁၇၂။ | ဝေဒနာစေတသိက်မပါဘဲ ဘယ်စိတ်မှ မဖြစ်နိုင် | ၂၆၉ |
| ၁၇၃။ | ဝေဒနာသုံးမျိုးခွဲနည်း | ၂၇၀ |
| ၁၇၄။ | ဝေဒနာငါးမျိုးခွဲနည်း | ၂၇၂ |
| ၁၇၅။ | ကောက်စိုက်သမနှင့် စိတ်ချမ်းသာမှု | ၂၇၂ |
| ၁၇၆။ | ဘုရင့်သမီးတော်နှင့် စိတ်ဆင်းရဲမှု | ၂၇၃ |
| ၁၇၇။ | ဝေဒနာစေတသိက် ဘယ်လောက်ရှိသလဲ | ၂၇၄ |
| ၁၇၈။ | သညာစေတသိက် | ၂၇၅ |
| ၁၇၉။ | စာကျက်လို့ရလွယ်တာ သညာလား ပညာလား | ၂၇၅ |
| ၁၈၀။ | မှတ်ထားတာတွေ မမေ့တာ သညာလား၊ သတိလား | ၂၇၆ |
| ၁၈၁။ | သညာခြောက်မျိုး ဘယ်လိုခွဲသလဲ | ၂၇၈ |
| ၁၈၂။ | အဘိဓမ္မာမှာ အမည်ပေးနည်း | ၂၇၉ |
| ၁၈၃။ | စေတနာစေတသိက် | ၂၈၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၄။ | စေတနာ, ကံ, သင်္ခါရ ထူးသလား | ၂၈၂ |
| ၁၈၅။ | စေတနာမရှိဘဲ ကံမြောက်နိုင်သလား | ၂၈၆ |
| ၁၈၆။ | စေတနာရှိမှ ကံမြောက်ပုံ နောက်ခံသမိုင်း | ၂၈၇ |
| ၁၈၇။ | ရဟန်းကောင်းအရှင်မြတ်တွေ ခေါင်းဖြတ်ခံရတာ ဘယ်ခေတ်ကလဲ | ၂၈၉ |
| ၁၈၈။ | ရှေးက မြန်မာကြီးတွေ ဘာကြောင့်သေရဲတာလဲ | ၂၈၉ |
| ၁၈၉။ | ရဟန်းကောင်းတွေ သတ်မိတာ မှားကုန်ပါပြီ | ၂၉၀ |
| ၁၉၀။ | သတ်မိတာ ဘယ်သူ့အပြစ်လဲ | ၂၉၁ |
| ၁၉၁။ | စေတနာသင်္ခါရ | ၂၉၂ |
| ၁၉၂။ | စေတနာက ဘယ်လို ၆-မျိုးပြားသလဲ | ၂၉၄ |
| ၁၉၃။ | လူလာဖြစ်ရတာ ဘာကြောင့်ဖြစ်ရတာလဲ | ၂၉၆ |
| ၁၉၄။ | လူနှင့် တိရစ္ဆာန် ရုပ်, နာမ်ချင်းတူသလား | ၂၉၇ |
| ၁၉၅။ | ဧကဂ္ဂတာစေတသိက် | ၂၉၇ |
| ၁၉၆။ | ပိုကာဆွဲတာ သမာဓိလုပ်ငန်းလား | ၂၉၉ |
| ၁၉၇။ | ဗေဒင်ဟောနိုင်တဲ့ သမာဓိလုပ်ငန်း | ၃၀၃ |
| ၁၉၈။ | ဇီဝိတိန္ဒြေစေတသိက် | ၃၀၄ |
| ၁၉၉။ | ဇီဝိတစေတသိက် အစိုးရဖြစ်နိုင်သလား | ၃၀၆ |
| ၂၀၀။ | မနသိကာရစေတသိက် | ၃၀၇ |
| ၂၀၁။ | သဗ္ဗစိတ္တသာဓာရဏစေတသိက် | ၃၀၈ |
| ၂၀၂။ | စိတ်အချို့အဝက်မှာ ပါဝင်တဲ့စေတသိက် | ၃၁၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၃။ | ဝိတက်စေတသိက် | ၃၁၂ |
| ၂၀၄။ | တရားကို စာအုပ်ကြီးတွေက ကွယ်ထားသတဲ့ | ၃၁၃ |
| ၂၀၅။ | တရားအားထုတ်တဲ့အခါ လမ်းနှစ်သွယ် | ၃၁၆ |
| ၂၀၆။ | ဈာန်လမ်းမှာ ပညာကို ခေါင်းဆောင်မတင် | ၃၁၆ |
| ၂၀၇။ | တွေးခေါ်မြော်မြင်ရေးတရား ၂-ပါး | ၃၁၈ |
| ၂၀၈။ | ဝိစာရစေတသိက် | ၃၁၉ |
| ၂၀၉။ | ဝီရိယ | ၃၂၀ |
| ၂၁၀။ | ပညာရေးနှင့် ဝီရိယ | ၃၂၁ |
| ၂၁၁။ | ဝီရိယကောင်းတာ ဘယ်လိုလူလဲ | ၃၂၁ |
| ၂၁၂။ | အဓိပတိတပ်တဲ့ ဝီရိယ | ၃၂၄ |
| ၂၁၃။ | စီးပွားရေးနှင့် ဝီရိယ | ၃၂၅ |
| ၂၁၄။ | ဝီရိယစေတသိက်နှင့် ပါရမီ | ၃၂၅ |
| ၂၁၅။ | ဝီရိယစေတသိက်နှင့် ဘုရားအလောင်းဇနက | ၃၂၇ |
| ၂၁၆။ | ကံသက်သက်ယုံတာ ဗုဒ္ဓဘာသာမဟုတ် | ၃၂၈ |
| ၂၁၇။ | အတိတ်ကံနှင့် ဓာတ်အား တူပုံ | ၃၂၉ |
| ၂၁၈။ | မင်းကုသနှင့် ဝီရိယာဓိပတိ | ၃၃၃ |
| ၂၁၉။ | ပီတိစေတသိက် | ၃၃၄ |
| ၂၂၀။ | ပီတိဖြစ်နေရင် ထမင်းမစားဘူး | ၃၃၅ |
| ၂၂၁။ | ဆန္ဒစေတသိက် | ၃၃၇ |
| ၂၂၂။ | ဆန္ဒနှင့် လောဘ ဘယ်သူ အားကောင်းသလဲ | ၃၃၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၃။ | ဘုရားဖြစ်ချင်တာ လောဘလား | ၃၃၉ |
| ၂၂၄။ | အဓိမောက္ခစေတသိက် | ၃၄၂ |
| ၂၂၅။ | အဓိမောက္ခစေတသိက်နှင့် ဘုရားအတု | ၃၄၃ |
| ၂၂၆။ | ဆန္ဒစောတိုင်း ကောင်းသလား | ၃၄၆ |


## အခန်း (၄)

## ခန္ဓာငါးပါးတရားတော်


| | | |
|---|---|---|
| ၂၂၇။ | ပုထုဇဉ် ၂-မျိုး | ၃၄၉ |


### ခန္ဓာငါးပါးဖွဲ့နည်း


| | | |
|---|---|---|
| ၂၂၈။ | ရူပက္ခန္ဓာ | ၃၅၀ |
| ၂၂၉။ | ဝေဒနာက္ခန္ဓာ | ၃၅၁ |
| ၂၃၀။ | သညာက္ခန္ဓာ | ၃၅၁ |
| ၂၃၁။ | သင်္ခါရက္ခန္ဓာ | ၃၅၁ |
| ၂၃၂။ | ဝိညာဏက္ခန္ဓာ | ၃၅၂ |
| ၂၃၃။ | လူတွေ ဘယ်အတွက် အလုပ်လုပ်ကြတာလဲ | ၃၅၄ |
| ၂၃၄။ | ဝိပဿနာမှ သညာကို ဖြိုခွဲနိုင် | ၃၅၇ |
| ၂၃၅။ | ခန္ဓာငါးပါး ဘယ်အတွက်ဟောတာလဲ | ၃၆၀ |
| ၂၃၆။ | ခန္ဓာငါးပါးကို ဘယ်သူတွေအတွက် ဟောတာလဲ | ၃၆၃ |
| ၂၃၇။ | ဒီဘဝက ဝိညာဉ် ဟိုဘဝ ပြောင်းနိုင်သလား | ၃၆၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၈။ | ဆန္ဒမထေရ်နှင့် ဝိပဿနာတရား | ၃၆၈ |
| ၂၄၉။ | အာယတန(၁၂)ပါး တရားတော် | ၃၇၁ |
| ၂၅၀။ | ဓာတ်(၁၈)ပါး တရားတော် | ၃၈၃ |
| | **သစ္စာလေးပါး တရားတော်** | |
| ၂၅၁။ | ဒုက္ခသစ္စာ | ၃၉၀ |
| ၂၅၂။ | လောကမှာ ချမ်းသာမရှိဘူးလား | ၃၉၁ |
| ၂၅၃။ | ဝိပဿနာတရားအားထုတ်ရင် ဘယ်လိုစိတ်ရှိရမလဲ | ၃၉၃ |
| ၂၅၄။ | လူသေရင် ဘာကြောင့် ထပ်ဖြစ်ရသလဲ | ၃၉၆ |
| ၂၅၅။ | သမုဒယသစ္စာ | ၃၉၆ |
| ၂၅၆။ | ခန္ဓာအိမ်ကို ဆောက်လုပ်တာ ဘယ်သစ္စာလဲ | ၃၉၈ |
| ၂၅၇။ | တဏှာကို သေအောင် သတ်ပစ်လို့ ရသလား | ၄၀၀ |
| ၂၅၈။ | မဂ္ဂသစ္စာ | ၄၀၀ |
| ၂၅၉။ | ဒုက္ခကိုသိရင် တဏှာကို ပယ်စရာလိုသေးသလား | ၄၀၄ |
| ၂၆၀။ | နိရောဓသစ္စာ | ၄၀၅ |
| ၂၆၁။ | တောင်းဆုပတ္ထနာ | ၄၀၇ |

# သဒ္ဓမ္မဇောတိကအဘိဓမ္မာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## အခန်း (၁)

### စိတ် စေတသိက်အကြောင်း သိကောင်းစရာများ

အဘိဓမ္မာကို လေ့လာတဲ့အခါ ပထမဆုံး ပရမတ္ထတရား လေးပါးကို သိထားရပါမယ်။ ပရမတ္ထတရား လေးပါးဆိုတာက "စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်"တို့ ဖြစ်ပါတယ်။

### ပညတ်နဲ့ ပရမတ်

ပရမတ္ထဆိုတာ ပရမနဲ့ အတ္ထ နှစ်ပုဒ်တွဲပြီး ပရမတ္ထလို့ခေါ်တာပါ။ အလွယ်ဆုံးကတော့ သီးခြားသဘာဝရှိတဲ့ တရားကို ပရမတ္ထတရားလို့ ခေါ်ပါတယ်။ ပရမတ်ဆိုတာကတော့ ပါဠိလို ပရမတ္ထက မွေးစားယူလိုက်တာပါ။ ပါဠိလို ပရမတ္ထလို့ ခေါ်တယ်၊ မြန်မာလိုက ပရမတ်လို့ ခေါ်တယ်။

အဘိဓမ္မာကို လေ့လာတဲ့အခါ ပညတ်ဆိုတာ ဘယ်လိုတရားကို ခေါ်တယ်၊ ပရမတ်ဆိုတာ ဘယ်လိုတရားကို ခေါ်တယ်လို့ သိရပါမယ်။ ပရမတ်ဆိုတာက သီးခြားသဘာဝရှိတဲ့ တရား။ တစ်နည်းအားဖြင့် တကယ့်အရှိတရား။ သူ့ သဘောတရားကို စစ်ကြည့်လို့ရှိရင် တကယ်ရှိတယ်၊ အဲဒါ ပရမတ္ထတရားပါ။ တကယ်မရှိတဲ့ တရားကိုတော့ ပညတ်လို့ ခေါ်ပါတယ်။

ဥပမာ–ယောကျ်ားဆိုပါတော့၊ ယောကျ်ားဆိုတဲ့ နာမည်ဟာ တကယ် ရှိရဲ့လား၊ တကယ် မရှိဘူး၊ ရုပ်နဲ့နာမ် ပေါင်းစပ်ထားတဲ့ ပုံသဏ္ဌာန်ကို ယောကျ်ားလို့ ခေါ်လိုက်တာပါ။ မိန်းမဆိုတာလဲ တကယ်ရှိတဲ့ တရားလား၊ တကယ်ရှိတာ မဟုတ်ပါဘူး၊ ပုံသဏ္ဌာန်နဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို ကြည့်ပြီး မိန်းမလို့ ခေါ်လိုက်တာပါ။ ယောကျ်ားလေးတစ်ယောက်ဟာ မိန်းကလေးလို ဆံပင်ရှည်ရှည် သနပ်ခါး၊ မိတ်ကပ်၊ နှုတ်ခမ်းနီလေးတွေနဲ့ အလှခြယ်ပြီး၊ ထမီလေး အင်္ကျီလေး ဝတ်လိုက်ရင် မိန်းမပုံသဏ္ဌာန်ဖြစ်သွားတာပါပဲ။ အဲဒီလို ရုပ်မျိုး၊ ပုံသဏ္ဌာန်မျိုးကို မိန်းမလို့ ခေါ်ရင်လဲ ဖြစ်တာပါပဲ။ အမည်ပညတ်ဆိုတာ ပြောင်းလဲခေါ်ရင် ရပါတယ်၊ ဒါပေမယ့် ရုပ်နဲ့ နာမ်ကတော့ ပြောင်းမသွားပါဘူး၊ အဲဒီတော့ ပညတ်ဆိုတာက တကယ် မရှိဘူး၊ ပြောင်းလို့ ရတယ်၊ တကယ်ရှိတာကတော့ ရုပ်နဲ့နာမ်ပါပဲ၊ ဒါကြောင့်မို့ ရုပ်နဲ့နာမ်ဟာ ပရမတ်အစစ် ဖြစ်ပါတယ်။

ပရမတ္ထတရား လေးပါးမှာ စိတ်နဲ့စေတသိက်ကို နာမ်လို့ခေါ်ပါတယ်။ ရုပ်ကတော့ ရုပ်ပဲ။ အတိုကောက် ပြောတဲ့အခါ ခန္ဓာကိုယ်ကို ရုပ်နဲ့နာမ်ပဲလို့ ပြောပါတယ်။ ရုပ်နဲ့နာမ်ဆိုတာက တကယ်ရှိလို့ ပရမတ္ထတရား၊ ယောကျ်ား မိန်းမဆိုတာက နာမည်ပညတ်ပဲ။ ခေါ်ချင်သလို ခေါ်လို့ရပါတယ်။ တကယ် ရှိတာ မဟုတ်ပါ။

ဥပမာ စာရေးစားပွဲဆိုပါတော့ စားပွဲရဲ့ ပင်ကိုရင်းက သစ်သားပဲ၊ ကျွန်းသားဆိုရင် ကျွန်းသားပေါ့။ အဲဒီ ကျွန်းသားကို စားပွဲလုပ်လိုက်တဲ့အခါ စားပွဲလို့ ခေါ်တယ်။ ကုလားထိုင်လုပ်တဲ့အခါကျတော့ ကုလားထိုင်လို့ ခေါ်တယ်။ ကျွန်းသားကို ကုလားထိုင်လဲ လုပ်လို့ရတယ်၊ စားပွဲလဲ လုပ်လို့ရတယ်၊ ကျောင်းဆောက်လို့လဲ ရတယ်၊ အိမ်ဆောက်လို့လဲ ရတယ်၊ အဲဒီလို ပညတ်ဆိုတဲ့ တရားတွေက တကယ်ရှိတာ မဟုတ်ဘူး။ လူတွေက သမုတ်ပြီးတော့ အားလုံးက ခေါ်လိုက်လို့ရှိရင် အမည်ပညတ်တစ်ခုခု တွင်သွားတာပါဘဲ။

အဘိဓမ္မာကို လေ့လာလိုက်တဲ့အခါ တကယ်မရှိတာနဲ့ ရှိတာ ကွဲသွားပါတယ်။ ရုပ်နဲ့နာမ်တို့ကတော့ ရှိတယ်။ သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်မှာဆိုရင်

ရုပ်နဲ့နာမ် နှစ်ခုကတော့ ရှိမှာပဲ၊ မိန်းမလဲ ရုပ်နဲ့နာမ်ပဲ၊ ယောကျ်ားလဲ ရုပ်နဲ့နာမ်ပဲ၊ တိရစ္ဆာန်ဖြစ်တဲ့ ခွေးတွေ၊ ကြောင်တွေ၊ ဝက်တွေလဲ ရုပ်နဲ့နာမ်ပဲ။ ပုံသဏ္ဍာန်ကွဲသွားတော့ လေးဘက်ထောက်ပြီးသွားရင် ခွေးလို့ ကြောင်လို့ စသဖြင့် ခေါ်လိုက်တာပါ၊ ပညတ်တွေကတော့ ပြောင်းပြောင်းသွားတာပဲ၊ ရုပ်နာမ်ကတော့ တကယ်ရှိတဲ့ အရှိတရား၊ နာမည်မှည့်ထားတာတွေက တကယ် မရှိတဲ့တရား၊ ပရမတ်ပေါ်မှာ နာမည်အမျိုးမျိုးမှည့်လို့ ရတာပဲ။ အဘိဓမ္မာ လေ့လာမယ်ဆိုရင် ပညတ်နဲ့ ပရမတ်ကတော့ ကွဲသွားမှာပါ။ ရုပ်နဲ့ နာမ်လဲ ကွဲသွားမှာပါ။

အဘိဓမ္မာကို လေ့လာတဲ့အခါ စာတွေကို စဉ်းစားမယ့်အစား ကိုယ့်ခန္ဓာကို စဉ်းစားကြည့်ရမယ်၊ ခန္ဓာကိုယ်ရဲ့ လှုပ်ရှားမှုတွေကို သတိထားကြည့်ရင် အဘိဓမ္မာသဘောကို လေ့လာနေတယ်လို့ ဆိုနိုင်ပါတယ်၊ အဲဒီတော့ ခန္ဓာကိုယ်ကို ကြည့်လို့ရှိရင် လူဆိုတဲ့ ခန္ဓာကိုယ်ထဲမှာ သိတယ်ဆိုတဲ့သဘောတရားကလေး တစ်ခု ရှိတယ်။ အဲဒီ သိတယ်ဆိုတဲ့ သဘောတရားကို စိတ်လို့ ခေါ်ပါတယ်။ သိတယ်ဆိုတဲ့ သဘောတရားလေးထဲမှာပဲ စိတ်ရယ်၊ စေတသိက်ရယ် ဆိုပြီး ထပ်ကွဲသွားတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ သတ္တဝါအားလုံးရဲ့ စိတ်တွေကို ရေတွက်လို့ရှိရင် ဗုဒ္ဓအဘိဓမ္မာသဘောအရ စိတ်ဟာ ၈၉–ခုပဲ ရှိတယ်။ လူတွေရဲ့ ခန္ဓာကိုယ်ထဲမှာ သာမန်ပြောရင် စိတ် ၈၉–ခုပဲ။ နောက်တော့မှ တဖြေးဖြေး ခွဲပြပါမယ်။ လူတွေရဲ့ ခန္ဓာကိုယ်ထဲမှာ စိတ်ပေါင်း ၈၉–ခုဆိုတာ ဈာန်ရတဲ့ ပုဂ္ဂိုလ်တွေရော၊ အရိယာပုဂ္ဂိုလ်တွေရော၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေရော၊ ပုဂ္ဂိုလ်အကုန်ပေါင်းလိုက်တော့မှ စိတ် ၈၉–ခု ရှိတယ်လို့ ဆိုတာပါ။ ရိုးရိုးလူတွေမှာတော့ စိတ် ၈၉–ခု မရှိပါဘူး။ စေတသိက်အရေအတွက်ကတော့ ၅၂– ခုပဲ ရှိတယ်။ အဘိဓမ္မာမှာ စိတ်နဲ့ စေတသိက်ကို ဒီလို မှူချ လိုက်ပါတယ်။

ရုပ်တွေကလဲ မိန်းမရုပ်၊ ယောကျ်ားရုပ်၊ ခွေးရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ်၊ ဘယ်လောက် များနေများနေ ရုပ်ကို အကုန်လုံး ပေါင်းလိုက်ရင် ရုပ် ၂၈–ခုပဲ

ရှိတယ်။ နိဗ္ဗာန်ကတော့ တစ်ခုတည်းပါ။ အဘိဓမ္မာက ခက်တယ်ဆိုပေမဲ့ ဒီစာအုပ်ကို ကျေကျေညက်ညက် အခြေခံလေ့လာပြီးသွားရင် ပိဋကတ်သုံးပုံက အဘိဓမ္မာနဲ့ဆိုင်တဲ့ သဘောတရားနဲ့ ဝေါဟာရတွေကို နားလည်သွားနိုင်ပါတယ်။ အဘိဓမ္မာဝေါဟာရတွေက သီးခြား လေ့လာမထားရင် နားမလည်နိုင်ပါ။ လေ့လာထားရင်တော့ အဘိဓမ္မာနဲ့ ဆိုင်တဲ့ စာတွေကို သဘောကျလာပါမယ်။

အဲဒီတော့ စိတ် ၈၉–ခု၊ စေတသိက် ၅၂–ခု၊ ရုပ် ၂၈–ခု၊ နိဗ္ဗာန်ဆိုတဲ့ ဝေါဟာရလောက်ကို လေ့လာထားမယ်ဆိုရင် အဘိဓမ္မာအခြေခံ ရပါတယ်။ အဲဒီ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ထဲက စေတသိက်ကို ရှင်းလင်းတင်ပြသွားပါမယ်။

**စိတ်နှင့်စေတသိက်**

လူတော်တော်များများက စိတ်နဲ့ စေတသိက်ကို မကွဲကြဘူး။ စိတ်နဲ့ စေတသိက်မှာ လူအများစု သုံးနေတာကတော့ စိတ်ကိုပဲ သုံးတယ်။ စေတသိက်ကို မသုံးကြဘူး။ မင်းစိတ်ကို ငါသိပါတယ်၊ ငါ အင်မတန် စိတ်ကြီးတဲ့ လူတစ်ယောက်ပဲ၊ ဒီလူကတော့ စိတ်ကောင်းရှိတယ်၊ ဒီလူကတော့ စိတ်ကောင်း မရှိဘူး၊ အဲဒီလို စိတ်ကိုပဲ ပြောနေကြတယ်။ စေတသိက်ကိုတော့ ကောင်းတယ် မကောင်းဘူးလို့ ဘယ်သူကမှ မပြောပါဘူး။ စေတသိက်ဆိုတဲ့ ဝေါဟာရက မြန်မာစကားထဲမှာ မရှိပါဘူး။ အမှန်က မြန်မာစကားအစစ်လဲ မဟုတ်ပါဘူး။

စိတ္တဆိုတဲ့ ပါဠိစစ်စစ်ကို မြန်မာက မွေးစားပြီးတော့ တ ဝမ်းပူတစ်လုံး ဖျက်ကာ တ–သတ်လိုက်ပြီး စိတ်လို့ ခေါ်တာပါ၊ အဲဒီတော့ စိတ်ဆိုတဲ့ ဝေါဟာရကို မြန်မာလို ဘာသာထပ်ပြန်မယ်ဆိုရင် နားမလည်တော့ဘူး။ အဲဒီ စိတ်ဆိုတဲ့ ဝေါဟာရကို မြန်မာတွေက နားလည်ပြီးသားကို ဖြစ်နေပါတယ်။

ခန္ဓာကိုယ်ထဲမှာရှိတဲ့ အသိတရားကို စိတ်လို့ ခေါ်ပါတယ်၊ နာမ်လို့လဲ ခေါ်ပါတယ်။ အဘိဓမ္မာမှာတော့ စိတ်ရော၊ စေတသိက်ရော နှစ်မျိုးလုံးပါအောင် နာမ်လို့ သုံးနှုန်းပါတယ်။

လူတိုင်းသိနေကြတဲ့ စိတ်ဆိုတာက လိုရင်းကတော့ သိတတ်တဲ့သဘောတရားပဲ၊ လူဟာ သိတယ် သိတယ်လို့ဆိုတာ စိတ်ရှိလို့ သိတာပဲ၊ စိတ်မရှိဘဲနဲ့ ရုပ်ချည်းသက်သက်ဆိုလို့ရှိရင် မသိတတ်ဘူး၊ လူသေသွားတဲ့အခါကျတော့ စိတ်မရှိတော့ဘူး၊ ရုပ်ချည်းကျန်ရစ်ခဲ့တယ်။ အဲဒီတော့ သေတဲ့ရုပ်နဲ့ မသေခင်ရုပ်ဟာ စိတ်ရှိတာ မရှိတာ ဒါပဲထူးတယ်၊ စိတ်ရှိတုန်းက သိတတ်တယ်၊ သူ့သွားကိုင်ရင် ကိုင်တယ်လို့ သိတယ်၊ ဆဲရင် ဆဲတယ်လို့သိတယ်။ မသေခင် ရုပ်ကြီးမှာ သိတတ်တဲ့ သဘောတရားရှိတယ်၊ စိတ်ကို မီးသဂြိုဟ်လို့ မရပါ၊ ရုပ်ကိုသာ မီးသဂြိုဟ်လို့ ရပါတယ်၊ စိတ်က ချုပ်ပျောက်သွားတယ်။ အဲဒီတော့ စိတ်ဆိုတာ သိတတ်တဲ့ သဘောတရားပဲ၊ ဘာကို သိတာလဲ၊ အာရုံကို သိတာ။

**အာရုံဆိုတာ မြန်မာစကားလား**

အာရုံကို သိတတ်တယ်ဆိုတော့ အာရုံဆိုတဲ့ ဝေါဟာရဟာ မြန်မာစကား အစစ်မဟုတ်ပါ၊ သို့ပေမဲ့ အာရုံဆိုတာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံလို့ လူတိုင်း ပြောနေကြတယ်။ အာရုံဆိုတဲ့ ဝေါဟာရက အာရမ္မဏဆိုတဲ့ ပါဠိကနေပြီး ပြောင်းလာတာဆိုတော့ မြန်မာက မွေးစားယူလိုက်တာပါ၊ ပါဠိစကားအစစ်က အာရမ္မဏ၊ အာရမ္မဏကို အာရုံလို့ မြန်မာမှု ပြောင်းလိုက်တယ်။

စိတ်က ဘာတွေသိလဲ။ အာရုံကို သိတယ်။

အာရုံက ဘာလဲဆိုတော့ မဲတယ်၊ ဖြူတယ်၊ နီတယ်၊ ဝါတယ်၊ လှတယ်၊ ချောတယ်၊ အရုပ်ဆိုးတယ်၊ ဒါ အဆင်းချည်းပဲ၊ မြန်မာလိုက အဆင်းအရောင် အမျိုးမျိုးကို စိတ်က သိတယ်။ စကားပြောလိုက်လို့ရှိရင် အသံကောင်းတယ်၊ မကောင်းဘူးဆိုတာ သိတယ်။ အသံကြားလို့ရှိရင် ဒီအသံမျိုးဟာ တန်ခိုးရှိတဲ့ အသံပဲ၊ တန်ခိုး မရှိတဲ့ အသံပဲ၊ ဒီအသံမျိုးဟာ ဂျပိုးအသံပဲ၊ ပညာရှိ အသံပဲလို့ ခွဲပြီးတော့ သိတယ်။ ဒါက တော်တော်လိုက်စားမှ သိတာပါ။

သီချင်းဆိုရင် ဘယ်အဆိုတော်က အဆိုကောင်းတယ်၊ ဘယ်အဆိုတော်က အဆို မကောင်းဘူးလို့ သိတယ်၊ အာရုံဆိုတာ အကုန်ပေါင်းလိုက်တော့ စိတ်ရဲ့ **သိစ**ရာ ရုပ်၊ နာမ်၊ ပညတ်တွေဟာ အာရုံပဲ။

အနံ့ဆိုတော့ ကောင်းတဲ့အနံ့ မကောင်းတဲ့အနံ့ မသိဘူးလား၊ သိတယ်၊ **စိတ်** ရိုးရိုးက ဒီအနံ့ဟာ ကောင်းတယ်၊ ဒီအနံ့က မကောင်းဘူးဆိုတာ သိတာပဲ။

အရသာကို စားကြည့်မယ်ဆိုလို့ရှိရင် ဒီအရသာဟာ ကောင်းတယ်၊ မကောင်းဘူးဆိုတာ သိတယ်၊ သိတာက စိတ်၊ အရသာက အာရုံ။

အတွေ့အထိကော ထိကြည့်တယ်ဆိုလို့ရှိရင် နူးညံ့တယ်-မနူးညံ့ဘူးဆိုတာ သိတာပဲ။ ဒီ အတွေ့အထိဟာလဲ အာရုံပဲ၊ စိတ်ရဲ့ သိစရာများကို အာရုံလို့ ခေါ်တယ်။

ဒီ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့က လွဲပြီးတော့ လူမှာ သိစရာ ဒီ့ပြင် ဘာကျန်သေးသလဲ၊ ကျန်သေးတယ်၊ တွေးတောစရာ ဓမ္မာရုံ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ဒီအာရုံငါးပါးကတော့ ရုပ်တွေချည်းပဲ၊ အဲဒါတွေဟာ သိစရာပဲ၊ မျက်စိမှိတ်ပြီးတော့ ကိုယ့်ဖာသာကိုယ် တရားထိုင်ပြီးတော့ တွေးတဲ့အခါမှာ အဲဒီ စိတ်ထဲမှာ အာရုံတွေ ပေါ်မလာဘူးလား၊ ဉပမာ အဘိဓမ္မာကို တွေးတယ်ဆိုလို့ရှိရင် အဘိဓမ္မာဆိုတဲ့ စိတ်တွေ၊ စေတသိက်တွေဟာ အာရုံပြန်ဖြစ်လာတယ်။ ဒီ စိတ်ကတော့ ဒီလိုသဘောတရား ရှိတယ်၊ ဒီ စေတသိက်တွေကတော့ ဒီလို သဘောတရားရှိတယ်လို့ တွေးပြီးတော့ စိတ်ကူးနေတဲ့အခါမှာ အာရုံက ဘာတွေ ဖြစ်နေလဲ၊ ဒီ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ နာမ်ရုပ်တရားတွေ၊ ပညတ်တရားတွေ အကုန်လုံး မနောထဲမှာ လာပြီး ထင်တယ်။ မနောထဲမှာ ထင်လာတဲ့ ဒီ အာရုံတွေကို ဓမ္မာရုံလို့ ခေါ်တယ်။

အဲဒီတော့ စိတ်ဆိုတာဟာ အာရုံကို သိတတ်တဲ့တရား၊ အာရုံဆိုတာက အဆင်းရယ်၊ အသံရယ်၊ အနံ့ရယ်၊ အရသာရယ်၊ အတွေ့အထိရယ်၊ တွေးတောစရာများရယ်၊ စိတ်ရဲ့ သိစရာ ဒီခြောက်ခုက လွဲလို့ မရှိတော့ပါဘူး။ မြတ်စွာ

ဘုရားရဲ့ စိတ်ပဲဖြစ်ဖြစ်၊ ဘယ်ပုဂ္ဂိုလ်ရဲ့ စိတ်ပဲဖြစ်ဖြစ်၊ စိတ်ရဲ့ သိစရာကတော့ ဒီခြောက်မျိုးပဲ ရှိပါတယ်၊ အဘိဓမ္မာဆိုတာက ဒီလို ပိုင်ရတယ်။ အာရုံဟာ ခြောက်ပါးပဲ ရှိရမယ်။ တစ်ပါးထပ်ထဲ့စရာရှိသေးရင် ဒီအဘိဓမ္မာဟာ မမှန်ဘူး၊ ခုခေတ်မှာတော့ ကမ္ဘာဟာ ထုတ်ချင်းပေါက်ဖြစ်နေတယ်။ ကမ္ဘာပေါ်မှာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဒီခြောက်ခုကလွဲပြီး စိတ်ရဲ့ သိစရာ မရှိတော့ပါ၊ နောက်ထပ် ဘာမှ ထည့်စရာ မရှိဘူး။ (ပါရဂူ တစ်ယောက် ယောက်က ထဲ့စရာ ရှိသေးတယ်လို့ ဆိုရင် အဲဒီ အဘိဓမ္မာဟာ မှားတယ်။ မိမိတို့က မရှိတဲ့အကြောင်းကို ဖြေရှင်းနိုင်ရမယ်။)

## အဘိဓမ္မာနဲ့စီးပွားရေး

အဘိဓမ္မာ မတတ်ပေမဲ့ စီးပွားရေးသမားတွေက လူတွေရဲ့စိတ်အကြိုက် လိုက်ပြီးတော့ အဆင်းအမျိုးမျိုးတွေ တီထွင်ကြတယ်။ အဝတ်အထည်တွေကို အဆင်အမျိုးမျိုး ပြောင်းလုပ်ပေးကြတယ်။ စိတ်ရဲ့သဘောကို သိတော့ ရူပါရုံ စက်ရုံကြီးတွေ တစ်မျိုးပြီးတစ်မျိုး တည်ဆောက်နေကြတယ်၊ ရူပါရုံစက်ရုံတွေနဲ့ အများကြီး ချမ်းသာနေတဲ့ လူတွေဟာ အဘိဓမ္မာ တတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ လူတွေရဲ့ စိတ်ဟာ အဆင်းအမျိုးမျိုးကို ကြိုက်နှစ်သက် တယ်၊ သဘောကျတယ်ဆိုပြီးတော့ ရူပါရုံအတွက် စက်ရုံတွေ အမျိုးမျိုး တည်ဆောက်ကြတယ်။

သဒ္ဒါရုံ အသံအမျိုးမျိုးအတွက်လဲ ရေဒီယို၊ ကက်ဆက်၊ရုပ်မြင်သံကြား စက်၊ တိတ်ခွေ၊ ဓာတ်ပြား စသဖြင့် စက်ရုံအမျိုးမျိုး ဆောက်ပြီး စီးပွားရေးတွေ ရှာကြတယ်။

ဂန္ဓာရုံအတွက်လဲ ရေမွှေးတို့ ပေါင်ဒါတို့ အလှကုန်အမျိုးမျိုး လုပ်ကြ တယ်၊ စိတ်အကြိုက်လိုက်ပြီးတော့ ဂန္ဓာရုံဆိုတဲ့ ရေမွှေးတို့ ပေါင်ဒါတို့ လုပ်တဲ့ စက်ရုံအမျိုးမျိုးတွေနဲ့ သူဌေးဖြစ်နေကြတယ်။

လူတွေမှာ အရေးကြီးဆုံးက အာရုံခြောက်ပါးထဲမှာ ဘယ်အာရုံက အရေးကြီးဆုံးလဲ၊ ရသာရုံက အရေးအကြီးဆုံးပဲ၊ ရူပါရုံအဆင်းအမျိုးမျိုး မရှိဘဲ(နေလို့ မရဘူးလား) အသံအမျိုးမျိုး မရှိလဲ အနံ့အမျိုးမျိုးတွေ မရှိရင်လဲ နေလို့ ရပါတယ်။ အရသာဆိုတာကတော့ အာရုံခြောက်ပါးမှာ အရေးကြီးဆုံးပဲ။ အဲဒါကြောင့်မို့ အစားအသောက် အရသာအမျိုးမျိုး ထုတ်လုပ်တဲ့ စက်ရုံအမျိုးမျိုးတွေ တည်ဆောက်ကြတာပေါ့။

လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်က ထူးထူးဆန်းဆန်းအစားအသောက်တွေ ရောင်းတယ်ဆိုရင် လူတွေက သွားစားကြတာပဲ၊ ဆိုင်ရှင်က တစ်လအတွင်း စီးပွားရေးတွေ တက်သွားတာပဲ၊ အဲဒါဘာဖြစ်လို့လဲဆိုတော့ စိတ်ရဲ့သဘောကို ကြည့်ပြီး အရသာအမျိုးမျိုးတွေကို တီထွင်ပြီး လုပ်တတ်တဲ့ ပညာကြောင့် ဖြစ်ပါတယ်။ ဒါဟာ အဘိဓမ္မာရဲ့ သဘောတရားပါပဲ။

ဒါကြောင့် အဘိဓမ္မာတတ်လို့ရှိရင် စီးပွားရေးလုပ်လဲ ရပါတယ်၊ နိုင်ငံရေး လုပ်လဲ ရပါတယ်၊ ဘယ်ကိစ္စမျိုးမဆို အဘိဓမ္မာကို အသုံးချလို့ ရပါတယ်။

အဘိဓမ္မာဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်တဲ့ ဒီခေတ်လူငယ် လူရွယ်တွေရဲ့ အတွေးအခေါ် အသိပညာကို ဖြည့်စွမ်းပေးနိုင်ပါတယ်၊ အဘိဓမ္မာ တတ်ထားတော့ လမ်းမှန်မှန် မူမှန်မှန် အတွေးအခေါ် အယူအဆ မှန်မှန်နဲ့ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး မျိုးစုံလုပ်တဲ့ နေရာမှာ အခြေခံကောင်းတွေ ရရှိလာနိုင်ပါတယ်။

အဲဒီတော့ ဖောဋ္ဌဗ္ဗာရုံအတွက်လဲ အတွေ့အထိတွေ သူ့ထက်သူ နူးညံ့ အောင်၊ သူ့ထက်သူကောင်းအောင် ဖောဋ္ဌဗ္ဗာရုံစက်ရုံတွေ အမျိုးမျိုး တည်ဆောက် နေကြတယ်။

ဓမ္မာရုံအတွက်ကတော့ ဝတ္ထုစာအုပ်တို့ တရားစာအုပ်တို့ စာအုပ်စာပေ စာနယ်ဇင်း လုပ်ငန်းအမျိုးမျိုးဆိုပါတော့၊ ဝတ္ထုစာအုပ်ကျတော့ ရူပါရုံဆိုလဲ ဟုတ်တာပေါ့လေ၊ စာလုံးကလေးတွေကတော့ ရူပါရုံ၊ တကယ်တော့ စာလုံး

ကလေးတွေနဲ့ ဘာမှ မဆိုင်ပါဘူး၊ စာရေးဆရာရဲ့ စိတ်ကူးစိတ်သန်းနောက်ကို စာဖတ်တဲ့လူကို ဆွဲဆောင်ပြီး သူ့ကလောင်က ခေါ်သွားနိုင်အောင် ရေးထားတာကိုး။ ဒီလို ရေးလိုက်တယ်ဆိုလို့ရှိရင် စာအုပ်ကို လက်က ချလို့မရအောင် ဆွဲဆောင်နိုင်တယ်။ ဒီလို ဓမ္မာရုံအမျိုးမျိုးတွေနဲ့ စီးပွားရေးရှာလို့လဲ ရတာပါပဲ။

အဲဒီတော့ စိတ်ရဲ့ သိစရာဟာ တစ်ကမ္ဘာလုံးမှာ လုပ်နေတဲ့ အလုပ်တွေပဲ ကြည့်ကြည့်၊ လုပ်ငန်းစဉ်တွေပဲ ကြည့်ကြည့်၊ ဒီအာရုံခြောက်ပါးပဲ ရှိတာပါ။ ဒါကြောင့်မို့ စိတ်ရဲ့ သဘောတရားဆိုတာ အာရုံကို သိတတ်တဲ့ သဘောတရား၊ အာရုံဆိုတာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊ ဒီအာရုံ ခြောက်ပါးပါပဲ။ ,

ရှေးမြန်မာကြီးတွေက ဒီအာရုံခြောက်ပါးကို အဆင်းအမျိုးမျိုး၊ အသံအမျိုးမျိုး၊ အနံ့အမျိုးမျိုး၊ အရသာအမျိုးမျိုး၊ တွေ့ထိစရာအမျိုးမျိုး၊ တွေးခေါ်စရာ ကြံစည်စရာ စိတ်ကူးစရာ အမျိုးမျိုးလို့ ဘာသာမပြန်ဘဲနဲ့ ခပ်လွယ်လွယ် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုပြီးတော့ ပါဠိအတိုင်းပဲ ဘာသာပြန်ထားကြပါတယ်။

## စေတသိက်ဆိုတာ ဘာလဲ

စိတ်နဲ့ စေတသိက်ကို ဘယ်လို ခွဲမလဲ၊ မြန်မာဝေါဟာရထဲမှာ စိတ်ကိုပဲ အသိများတယ်။ စေတသိက်ဆိုတာက စေတသိက–ဆိုတဲ့ ပါဠိရင်းကို မြန်မာက မွေးစားပြီးတော့ စေတသိက်လို့ ခေါ်လိုက်တာပဲ။

အဲဒီတော့ စေတသိကဆိုတဲ့ ပါဠိကို မြန်မာလို မွေးစားလိုက်တဲ့အခါကျတော့ စေတသိက်၊ ဒါ သူ့ဝေါဟာရအတိုင်းပဲ၊ စေတသိက်ကို ဘာသာပြန်ပါဆိုရင် ရိုးရိုး ပါဠိဆန်ဆန် ပြန်တာကတော့ ''စိတ်၌ မှီ၍ ဖြစ်သော သဘောတရား''လို့ ပြန်ကြပါတယ်။

စိတ်၌ မှီ၍ဖြစ်တဲ့ သဘောတရားဆိုတော့ **စေတသိက်ရဲ့** အဓိပ္ပါယ်က ဒီလောက်နဲ့ မရှင်းသေးပါဘူး။ စိတ်ကို မှီပြီးဖြစ်တဲ့ သဘောတရားလေးတွေ ရှိတယ်လို့ ကိုယ့်စိတ်ကို ကိုယ်ပြန်ကြည့်တဲ့အခါ စိတ်ကိုတော့ သိတယ်၊ စိတ်၌ မှီတဲ့ သဘောတရား စေတသိက်ကိုတော့ ကိုယ့်စိတ်မှာ ဘာတွေ မှီတယ်လို့ ဆိုတာ မသိသာဘူး။ အဲဒီတော့ စိတ်ကို သိပြီး ကိုယ့်စိတ်မှာ မှီပြီးဖြစ်နေတဲ့ သဘောတရားဟာ ဘာသဘောတရားလဲဆိုတာ မသိသာတဲ့အတွက် ဒီဘာသာပြန်ချက်ဟာ တကယ့်နားလည်တဲ့ ဘာသာပြန်ချက် မဖြစ်နိုင်ပါဘူး။

တကယ်ကတော့ စိတ်ကို ခြယ်လှယ်တဲ့တရားကို စေတသိက်လို့ခေါ်တယ်၊ စိတ်ဆိုတာ အာရုံကိုသိတဲ့ သဘောတရားကလေးပါပဲ၊ အာရုံကို သိတဲ့သဘော တရား စိတ်ကို စေတသိက်က ခြယ်လှယ်ပေးတယ်။ ရူပါရုံအဆင်းကို စိတ်က သိတယ်။ စိတ်က အဆင်းကို သိရုံသိတာ၊ အဲဒီအဆင်းကို သိပြီးတော့ လှတာ လေးကို လိုချင်တာက စေတသိက်၊ လိုချင်တဲ့ အခါကျတော့ ရအောင်လုပ်ယူ တယ်။

စိတ်ဆိုတာက ပထမတော့ အာရုံကို သိတယ်၊ အာရုံကို သိတယ်ဆိုတဲ့ သဘောက ဖြူစင်တဲ့သဘောတရားပဲ ဖြစ်ပါတယ်၊ သိတယ် သာမညပဲ၊ အာရုံကို သိလိုက်တဲ့ သဘောတရားပဲ၊ ဒီအာရုံကို တွေ့လိုက်တဲ့အခါကျတော့ လိုချင်တယ်၊ မလိုချင်ဘူး၊ ချစ်တယ်၊ မုန်းတယ်၊ ဒါတွေ ပေါ်လာတယ်၊ အဲဒီ ချစ်တယ်၊ မုန်းတယ်၊ လိုချင်တယ်၊ မလိုချင်ဘူးဆိုတာတွေက စေတသိက်တွေပဲ ဖြစ်ပါတယ်။

အဲဒီတော့ ဖြူစင်တဲ့စိတ်ကို စေတသိက်က ခြယ်လှယ်လိုက်တဲ့အခါ ဒါကို လိုချင်တယ်၊ မလိုချင်ဘူး၊ ချစ်တယ်၊ မုန်းတယ်၊ ဒီလို စေတသိက်တွေ ဖြစ်လာတယ်။ စိတ်၌ မှီ၍ဖြစ်တဲ့ တရားဆိုတာ မှီရုံတင် မကဘူး၊ စိတ်ကို မှီပြီးတော့ စိတ်ကို ခြယ်လှယ်လိုက်သေးတယ်။

ဒါကြောင့်မို့ လယ်တီဆရာတော်က "စိတ်၌ မှီတွယ်၊ စိတ်ကိုခြယ်၊ မှတ်ဖွယ်စေတသိက်"လို့ ရှေးက ဘာသာပြန်ခဲ့တဲ့ ဆရာတော်တွေရဲ့ နည်းလဲ

မလွတ်ရအောင် စိတ်ဌ္မီတဲ့ သဘောတရားမှန်းလဲ သိအောင် စိတ်ဌ္မီတွယ် ပြီးတော့ စိတ်ကို မှီရုံတင်မကဘူး၊ စိတ်ကို ခြယ်လှယ်တယ်ဆိုတာလဲ သိအောင် ဘာသာပြန် စပ်ဆိုထားတာ ဖြစ်ပါတယ်။ အမှန်က စိတ်ရဲ့ မူရင်းက ဖြူစင်တဲ့ သဘောတရားပဲ၊ စေတသိက်တွေ ဝင်လာတဲ့အခါကျမှ ကောင်းတဲ့ စိတ်၊ မကောင်းတဲ့ စိတ်တွေ ဖြစ်လာတယ်။

အများအားဖြင့် ကလေးသူငယ်တွေမှာ စိတ်ကောင်းသဘောကောင်းရှိတယ်လို့ ပြောကြတယ်။ အဲဒီလို စိတ်ကောင်းသဘောကောင်းရှိတာက စေတသိက်တွေရဲ့ ခြယ်လှယ်မှုကို သူတို့က သိပ်မခံရသေးဘူး။ သိပ်မခံရသေးတော့ သူတို့မှာ ဖြူစင်တဲ့ စိတ်ရှိတယ်။ အများကောင်းကျိုးကို ဆောင်ရွက်ချင်တဲ့ စိတ်တို့၊ အများကို ချမ်းသာစေချင်တဲ့ စိတ်တို့၊ တိုင်းကျိုးပြည်ကျိုးကို ကူညီဆောင်ရွက်ပေးချင်တဲ့ စိတ်တို့၊ အသက်ကို စွန့်မယ်ဆိုတဲ့ စိတ်မျိုးတွေ ဖြူစင်တဲ့စိတ်တွေ ရှိနေတယ်။

အသန့်ရှင်းဆုံး အရွယ်ကတော့ မွေးစ ကလေးလေးတွေပဲ၊ သူတို့မှာ စေတသိက်တွေ သိပ်မရှိသေးဘူး၊ ကလေးတွေကို လူတွေက မြင်ရင် ချစ်ကြတယ်၊ နဲနဲကြီးလာလို့ရှိရင် သိပ်ချစ်စရာ မကောင်းတော့ဘူး။ ကလေးအရွယ်က ချစ်စရာ ကောင်းတယ်၊ ဘာဖြစ်လို့လဲ၊ သူတို့က ဖြူစင်နေတာကိုး၊ သူတို့က သူများကို မနာလိုတဲ့ စိတ်တို့၊ မကောင်းကြံချင်တဲ့ စိတ်တို့ သိပ် မရှိဘူး။ စေတသိက်တွေရဲ့ ခြယ်လှယ်မှု သိပ်မရှိသေးတော့ စိတ်က ဖြူစင်နေတာကိုး။ လူပျိုပေါက်လေးဖြစ်လာလို့ရှိရင် နဲနဲပွေလာတယ်။ စေတသိက်တွေက တော်တော်ခြယ်လှယ်လာတယ်။ အသက်သုံးဆယ်ကျော် လေးဆယ်အရွယ်ရောက်ပြီဆိုရင်တော့ ခြယ်လှယ်တဲ့ စေတသိက်တွေက တော်တော်များလာတယ်။ ဒါကြောင့်မို့ ရှေးက ပြောကြတယ်၊ ကြီးလေ ချဥ်လေတဲ့။ လူဟာ ကြီးလေချဥ်လေဆိုတာ ဒီလို သဘောတရားတွေကို နားမလည်ဘဲ စိတ်အတိုင်းသာ ပစ်ထားမယ်ဆိုရင် စေတသိက်တွေရဲ့ နှောင့်ယှက်မှုကို ခံရကြပါမယ်။

လူဟာ ပြုပြင်လို့ရပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပင်ကိုစိတ်က လူတိုင်း လူတိုင်းဟာ လူကောင်းချည်းပဲ၊ အမေမွေးတုန်းက လူငယ်တွေဟာ လူကောင်း လေးတွေပဲ။ လူကောင်းလေးတွေကနေပြီး ဘာဖြစ်လို့ လူဆိုးလေးတွေ ဖြစ်သွား သလဲဆိုတော့ စေတသိက်တွေရဲ့ ခြယ်လှယ်မှုကို ခံရပြီး၊ အဖေအမေ မိတ်ဆွေ အပေါင်းအသင်းစတဲ့ ပတ်ဝန်းကျင်က မကောင်းတဲ့အတွက် စိတ်ကို မထိန်းနိုင်တဲ့ လူငယ်တွေမှာ ပျက်စီးသွားရတာ ဖြစ်ပါတယ်။

ပျက်စီးသွားတာကို ပြန်ပြင်လို့ ရပါတယ်။ စိတ်ထဲမှာ မကောင်းတဲ့ စေတသိက်တွေကို ပယ်ဖျက်လိုက်ပြီး ကောင်းတဲ့စေတသိက်တွေ ပြန်သွင်းပေး လို့ရှိရင် လူကောင်းဖြစ်သွားတာပါပဲ။ ဒါကြောင့် လူငယ်တွေ ဆိုးတယ် ဆိုးတယ် လို့ ပြောနေကြမယ့်အစား ဆိုးတယ် ဆိုးတယ်ဆိုတဲ့ စေတသိက်တွေကို ပြုပြင်ပေး တဲ့လူတွေ မြန်မာပြည်မှာ တော်တော်များများ ရှိဖို့လိုပါတယ်။

မြန်မာပြည်မှာ လူငယ်လူရွယ်တွေ စိတ်ကောင်းသဘောကောင်းဝင်အောင် လုပ်ပေးတဲ့အသင်းတွေ၊ အစိုးရအနေနဲ့ မဟုတ်ဘဲ ဘာသာရေးအသင်း၊ လူမှု ရေးအဖွဲ့တွေ လူတွေကို ကောင်းအောင် ပြုပြင်ပေးတဲ့ အသင်းအဖွဲ့တွေ အများ ကြီးရှိဖို့ လိုပါတယ်။

စိတ်ဆိုတာ ပကတိက ကောင်းတာချည်းပါပဲ၊ ဆိုးတေနေတဲ့ လူ တစ်ယောက်ကို သွားမေးကြည့်ပါ၊ သူဟာ အားလုံး ကောင်းစားစေချင်တယ်။ သူ့ကိုယ်သူလဲ ကောင်းစေချင်တယ်။ သို့ပေမဲ့ သူ့မှာ ဆိုးနေရတဲ့ သဘောတရားက ဆိုးတဲ့ ပတ်ဝန်းကျင်တွေ စေတသိက်တွေ ရှိနေလို့ပါပဲ။

စိတ်ကို ကောင်းအောင်ခြယ်လှယ်တဲ့စေတသိက်ပေါင်းက ဘယ်လောက် ရှိတယ်၊ ဆိုးအောင်ခြယ်လှယ်တဲ့ စေတသိက်ပေါင်းက ဘယ်လောက်ရှိတယ်၊ ကောင်းတဲ့ ဘက်လဲ လိုက်၊ မကောင်းတဲ့ဘက်လဲ လိုက်တဲ့ နှစ်ဘက်ရ စေတသိက်ပေါင်းက ဘယ်လောက်ရှိတယ်ဆိုတာကို ဆက်ပြီး တင်ပြသွားပါမယ်။

စိတ်နဲ့ စေတသိက်ကို ဥပမာပေးရရင် စိတ်က ရေနဲ့တူတယ်။ စေတသိက် က အရောင်ပါတဲ့ဆေးနဲ့ တူတယ်၊ ရေတွေကတော့ အရောင်မရှိဘူး။ ရေထဲကို

ဆေးအနီရောင် ထဲ့လို့ရှိရင် ရေက နီသွားတယ်၊ အဖြူရောင်ထဲ့လိုက်ရင် ဖြူသွားမယ်။ အဝါရောင်ထဲ့လိုက်ရင် အဝါ၊ အနက်ရောင်ထဲ့လိုက်ရင် အနက် ဖြစ်သွားမယ်။ အဲဒီတော့ ရေကို အရောင်အမျိုးမျိုး ဆိုးလို့ရသလိုပဲ စိတ်ကိုလဲ အရောင်အမျိုးမျိုး ဆိုးလို့ရပါတယ်။

## လူကောင်းနဲ့ လူဆိုး

စေတသိက်ဆိုတာက စိတ်ကို အရောင်ဆိုးပေးတဲ့ တရားပဲ။ ကောင်းတဲ့ စေတသိက်နဲ့ ပေါင်းလို့ရှိရင် လူကောင်းဖြစ်သွားတယ်၊ မကောင်းတဲ့စေတသိက် လေးတွေနဲ့ ပေါင်းလိုက်လို့ရှိရင် လူဆိုးဖြစ်သွားတယ်၊ ဒီစေတသိက်တွေက ပြုပြင်လို့ရတဲ့ တရားတွေပါ။ ပြုပြင်လို့ရတဲ့ တရားတွေဆိုတော့ လူငယ် တစ်ယောက်ဟာ မကောင်းတဲ့စေတသိက်တွေ ဝင်လာတဲ့အခါ လူဆိုးကလေး ဖြစ်နေပေမဲ့ အားလုံးက ဝိုင်းပြီးတော့ ကောင်းတဲ့စေတသိက်ကလေးတွေ သွင်းပေးမယ်ဆိုရင် လူကောင်းလေးတွေ ဖြစ်သွားမှာပါ။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားလေးပါးထဲက စေတသိက် (၅၂) ခုကို ရှင်းပြပါမယ်။ စေတသိက် (၅၂) ခုဆိုတော့ ကောင်းတဲ့ စေတသိက်၊ မကောင်းတဲ့စေတသိက်၊ နှစ်ဘက်ရစေတသိက်ဆိုပြီး စေတသိက် (၅၂) ခုကို မှတ်သားရပါမယ်။

အဲဒီစေတသိက် (၅၂) ခုထဲမှာ မကောင်းတဲ့စေတသိက်က (၁၄)လုံး ပါတယ်။ အများကတော့ အကုသိုလ် စေတသိက်လို့ ပြောကြပါတယ်၊ အကုသိုလ် ဆိုတာ ပါဠိက ပျက်လာတာ။ မွေးစားတဲ့စကားပါ၊ သို့ပေမဲ့ အကုသိုလ်ဆိုရင် လူတိုင်း နားလည်တယ်။ ပါဠိပုဒ်ရင်းက အကုသလ၊ အကုသလဆိုတဲ့ ပါဠိ က အကုသိုလ်လို့ ဖြစ်လာတာပါ။

အကုသိုလ်စေတသိက်ဆိုတာ မကောင်းတဲ့ စေတသိက်၊ မကောင်းကျိုး ပေးတဲ့စေတသိက်တွေပဲ၊ စိတ်ဟာ ဒီအကုသိုလ်စေတသိက်တွေနဲ့ ပေါင်းရင်တော့

မကောင်းကျိုးပေးမှာပဲ။ ဒီ အကုသိုလ်စေတသိက်တွေ ဝင်နေတဲ့ လူဟာလဲ လူဆိုးပဲ။ မကောင်းတဲ့လူ ဖြစ်သွားတာပဲ။

စေတသိက် (၅၂) လုံးထဲမှာ ကောင်းတဲ့ စေတသိက်ကတော့ (၂၅)လုံး ရှိတယ်။ ကုသိုလ်စေတသိက်က အရေအတွက်များပါတယ်၊ လူတစ်ယောက်ရဲ့ စိတ်ကို တိုက်ခိုက်တဲ့အခါ အကုသိုလ်က စစ်သား (၁၄) ယောက်ပဲရှိတာ။ ကုသိုလ်က စစ်သား (၂၅)ယောက်တောင်ရှိတယ်။ စစ်တပ်အင်အားချင်း မတူပါဘူး၊ ဒါကြောင့် ကုသိုလ်နဲ့ အကုသိုလ် တိုက်မယ်ဆိုရင် ကုသိုလ်က နိုင်ပါတယ်။ တချို့ ထင်နေတာက လူတွေမှာ အကုသိုလ်က နိုင်တယ်တဲ့၊ ကလေးတွေကို လွှမ်းမိုးနိုင်တဲ့ ပတ်ဝန်းကျင်က မကောင်းတဲ့ပတ်ဝန်းကျင်ကများတော့ များရာဘက် ပါသွားမယ်တဲ့၊ တကယ်က ကောင်းအောင်လုပ်မယ်ဆိုရင် ကောင်းတဲ့ စေတသိက်တွေက (၂၅)ခုတောင်ရှိပါတယ်၊ ကောင်းတာနဲ့ မကောင်းတာ ဆိုရင် မကောင်းတာက ဘယ်တော့မှ မနိုင်ဘူး၊ ကောင်းတာကပဲ နိုင်တယ်။ မကောင်းတဲ့ အလုပ်ဆိုရင် တိုးတိုးတိတ်တိတ် လျှို့လျှို့ဝှက်ဝှက် လုပ်ရတာ၊ ကောင်းတဲ့ အလုပ်ကိုတော့ ဗြောင်လဲ လုပ်ပါတယ်။ လူတိုင်းကလဲ ကြိုက်တယ်။ အဲဒီတော့ ကုသိုလ်စေတသိက်က (၂၅)လုံးရှိတယ်လို့ မှတ်ထားပါ။

ကုသိုလ်ဆိုတာကလဲ ကုသလဆိုတဲ့ ပါဠိကို မြန်မာက မွေးစားယူလိုက်တော့ ကုသိုလ်ဆိုတဲ့ ဝေါဟာရဖြစ်သွားပါတယ်။ ဒါကြောင့်မို့ ကုသိုလ် အကုသိုလ်ကျတော့ ရိုးရိုးမရေးဘဲနဲ့ သတ်ပုံကို လ သတ်ရတယ်။ မြန်မာစကား ရိုးရိုးမှာ လသတ်ရယ်လို့ မရှိပါဘူး။ အသတ်တွေ ထူးထူးဆန်းဆန်းတွေ့လို့ ရှိရင် ပါဠိက ပျက်လာတဲ့ မြန်မာစကားဆိုတာ သိရပါတယ်။ အဲဒီတော့ ကုသိုလ်စေတသိက်ဆိုတာက ကောင်းတဲ့စေတသိက်ပါပဲ။ စိတ်ကို ဒီကုသိုလ် စေတသိက်တွေနဲ့ အုပ်မိအောင် လုပ်နေလို့ရှိရင် စိတ်ကောင်းဖြစ်လာတာပါပဲ။ စိတ်ကတော့ ကောင်းတယ် မကောင်းဘူးဆိုတာ မရှိဘူး။ ရှေ့မှာတင်ပြခဲ့တဲ့ ရေဥပမာလိုပါပဲ၊ မကောင်းတဲ့ စေတသိက်နဲ့ ပေါင်းတဲ့အခါမှာ စိတ်ဟာ မကောင်းတဲ့စိတ် ဖြစ်သွားတယ်၊ ကောင်းတဲ့စေတသိက်နဲ့ ပေါင်းတဲ့အခါမှာ

ကောင်းတဲ့စိတ်ဖြစ်သွားတယ်။ အဲဒီတော့ အဘိဓမ္မာမှာ အမြဲတမ်း လူကောင်းရယ်လို့ မရှိနိုင်ပါဘူး။

အဘိဓမ္မာမှာ လူဆိုးဆိုတာလဲ အမြဲတမ်းမရှိနိုင်ပါဘူး။ အဘိဓမ္မာမှာတော့ အမြဲတမ်း လူဆိုး၊ လူကောင်း မရှိဘူး။ ဆက်လက်တင်ပြမဲ့ကုသိုလ်စေတသိက်တွေကို သဘောပေါက်နားလည်လာကြရင် ကိုယ့်ကိုယ်ကို လူကောင်းဖြစ်အောင် ပြုပြင်နိုင်တယ်။ အဘိဓမ္မာကို လူကောင်းဖြစ်အောင် ပြုပြင်ရေးတရားလို့လဲ ဆိုနိုင်ပါတယ်။

ရှေးလူကြီးတွေကတော့ လူက မွေးတိုင်း လူလို့ မခေါ်နိုင်ပါဘူးတဲ့၊ ကုသိုလ်၊ အကုသိုလ်ကို နားလည်မှ လူလို့ ခေါ်တယ်တဲ့။ တကယ်လို့သာ သူတို့ပြောတဲ့အတိုင်း ကုသိုလ်၊ အကုသိုလ်ကို နားလည်မှ လူလို့ခေါ်မယ်ဆိုရင် အခုခေတ်မှာ လူဘယ်နှစ်ယောက်ရှိမလဲ၊ နဲနဲပဲ ရှိမှာပါ။

တိရစ္ဆာန်နဲ့ လူက ဘာထူးလဲဆိုတော့ လူက ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ်ဆိုတာ သိတယ်။ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်တိုင်း လူလို့ ခေါ်မယ်ဆိုရင် ခေါ်တော့ခေါ်နိုင်တယ်။ သို့သော် လူအစစ် မဟုတ်ဘူး။ အဲဒါကြောင့် ကုသိုလ်စေတသိက်နဲ့ အကုသိုလ်စေတသိက်ကို သေသေချာချာ ရှင်းလင်းတင်ပြသွားပါမယ်။

အကုသိုလ်စေတသိက်က (၁၄)လုံး၊ ကုသိုလ်စေတသိက်က (၂၅)လုံး၊ နှစ်ဘက်ရစေတသိက်က (၁၃)လုံး။ အဲဒီစေတသိက် (၅၂)လုံးထဲက အကုသိုလ်စေတသိက်က စပြီး ရှင်းပြသွားမှာ ဖြစ်ပါတယ်။

## အကုသိုလ်စေတသိက်

### အကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်

စေတသိက်မှာ အကုသိုလ်စေတသိက်၊ ကုသိုလ်စေတသိက်၊ နှစ်ဘက်ရစေတသိက်လို့ သုံးမျိုး ရှိပါတယ်။

**မောဟစေတသိက်**

အကုသိုလ်စေတသိက်ဆိုတာက မကောင်းတဲ့စေတသိက်၊ မကောင်းတဲ့ စေတသိက်က (၁၄) လုံး ရှိတယ်။ အဲဒီ (၁၄) လုံးထဲမှာ နံပါတ် (၁) က မောဟ စေတသိက်။ မောဟစေတသိက်ဆိုတာက အကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက် ဖြစ်ပါတယ်။ မကောင်းမှုလုပ်တယ်ဆိုရင် ဘယ်မကောင်းမှုပဲ လုပ်လုပ် ဒီမောဟစေတသိက်ပါမှ အကုသိုလ်လုပ်လို့ ရတယ်။ မောဟ စေတသိက်မပါရင် အကုသိုလ်လုပ်လို့ မရဘူး။ မောဟဆိုတာကတော့ ပါဠိ စကားပဲ။ သို့သော် မြန်မာတွေက လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ဒီအကုသိုလ် စေတသိက်တွေထဲက မောဟစေတသိက်ကို သိတာများကြတယ်။ မောဟ စေတသိက်ကို ရှေးက တွေဝေမှုလို့ ဘာသာပြန်ကြတယ်၊ တကယ်တော့ မောဟ စေတသိက်ကို တွေဝေမှုလို့ ပြန်တာ ပါဠိသဒ္ဒါကို ကြည့်ပြီး ပြန်ခဲ့ကြတာ ဖြစ်ပါတယ်။

• အဘိဓမ္မာသဘောတရားကို ကြည့်မယ်ဆိုရင် မောဟဟာ တွေဝေတဲ့ သဘောမဟုတ်ဘူး။ အခုခေတ်မြန်မာတွေ နားလည်နေတာက တွေဝေတယ်လို့ ဆိုရင် မောဟ မဟုတ်တော့ဘူး။ အယူဝါဒတစ်ခုကို ခံယူချက် သေသေချာချာ မပိုင်သေးလို့ရှိရင် ဒီကောင် တွေဝေနေတယ်၊ သဘောတရားရေးရာအားဖြင့် ပိုင်ပိုင်နိုင်နိုင် လက်မခံနိုင်ဘဲနဲ့ တွေဝေနေတဲ့ အဆင့်အတန်းမှာ မြန်မာက တွေဝေနေတယ်လို့ သုံးပါတယ်။ အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်သေးဘဲ ဒီလို ဖြစ်နေတဲ့အချိန်ကို တွေဝေနေတယ်လို့ ပြောတာပါ။ အဘိဓမ္မာစကားလုံးကျတော့ မောဟဟာ တွေဝေတာ မဟုတ်ပါဘူး။

မောဟကို မိုက်မဲမှုလို့ ဘာသာပြန်ရင် တော်တော် အဓိပ္ပာယ်ရပါတယ်။ မြန်မာစကားမှာ မိုက်တယ်၊ မဲတယ်ဆိုတာက တစ်လုံးစီပါ။ ဘာသာပြန်တဲ့ အခါမှာ မြန်မာစကားတွေက သိပ်အရေးကြီးပါတယ်။ မိုက်တာက စကား တစ်လုံး၊ မဲတာက စကားတစ်လုံး၊ မိုက်နဲ့မဲနဲ့ ပေါင်းလိုက်တော့ မိုက်မဲမှုလို့ ဖြစ်လာပါတယ်။

မိုက်တယ်ဆိုတာက မိုက်ခနဲဖြစ်သွားတယ်ဆိုရင် ဘာမှ မသိတော့ဘူး၊ လူမိုက်ဆိုတာက ဘာမှမသိတဲ့လူကို လူမိုက်လို့ ခေါ်တာပဲ။ မိုက်တာကို အဓိပ္ပာယ်ရှင်းအောင် မိုက်ဆိုတာ မဲတာ။ မဲတယ်ဆိုတာ မှောင်လာတာပဲ။ မိုးမှောင်ကြီးကလဲ ကျနေပြီ။ မီးတွေကလဲ အကုန်လုံး ပိတ်လိုက်မယ်ဆိုရင် မှောင်သွားမယ်၊ မှောင်သွားတော့ ဘာမှ မမြင်ရတော့ဘူး။ အဲဒီတော့ မောဟဟာ ဘာမှ မမြင်ရအောင် မှောင်ချပေးတဲ့ တရားပဲ။ လူငယ်တွေဟာ အစတုန်းက ဖြူစင်သန့်ရှင်းနေတယ်၊ ဖြူစင်သန့်ရှင်းနေတဲ့ စိတ်က မကောင်းတာကို မလုပ်ချင်ဘူး။ မလုပ်ချင်တဲ့စိတ်ကို မောဟက မှောင်ချပေးလိုက်တာ။ မောဟက မှောင်ချပေးလိုက်တဲ့အခါကျတော့ စိတ်က အကုသိုလ်လုပ်ရမှာ မရှက်တော့ဘူး။ မကြောက်တော့ဘူး။ ဘယ်အကုသိုလ်ပဲဖြစ်ဖြစ် အကုသိုလ်လုပ်တိုင်း လုပ်တိုင်း မောဟက မှောင်ချပေးတယ်။ ဒါကြောင့်မို့ မောဟကို "မိုက်မဲမှု၊ မှောင်ချပေးမှု"လို့ ဘာသာပြန်ရတယ်။

ခုခေတ်မှာ မောဟကို မသိမှုလို့ ဘာသာပြန်ကြတယ်။ ဒါက တစ်ကွက်ကျော် ဘာသာပြန်တာပါ၊ တကယ်က မောဟရဲ့ သဘောတရား အရင်းကတော့ မှောင်ချပေးလိုက်တာပဲ၊ မှောင်ချပေးလိုက်တဲ့အခါကျတော့ လူဟာ ဘာမှန်း မသိတော့ဘူး။ ကုသိုလ်လား အကုသိုလ်လား ခွဲခြားပြီး မသိတော့ဘူး။ အဲဒီတော့ မှောင်ချပေးတာက ပထမဆင့်၊ မသိတာက နောက်တစ်ဆင့်၊ သို့ပေမဲ့ နောက်တစ်ဆင့်တက်ပြီး မောဟကို မသိမှုလို့ ဘာသာပြန်ကြတယ်။ ဘာဖြစ်လို့ ပြန်သလဲဆိုတော့ မောဟနဲ့အဓိပ္ပာယ်တူ ပါဠိစကားလုံး တစ်လုံးက ရှိသေးတာကိုး။ လူတွေ အသိများတာက မောဟကို အဝိဇ္ဇာလို့လဲ အသိများကြပါတယ်။ အဲဒီတော့ မောဟကို အဝိဇ္ဇာလို့လဲ ပါဠိလို ခေါ်တယ်။ ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာဆိုတာ မသိမှု။ ဒုက္ခသစ္စာကို မသိမှု၊ သမုဒယသစ္စာကို မသိမှု၊ နိရောဓသစ္စာကို မသိမှု၊ မဂ္ဂသစ္စာကို မသိမှု၊ သစ္စာလေးပါးကို မသိမှုဆိုတော့ အဝိဇ္ဇာကို မသိမှုလို့ ဘာသာပြန်တာ ဖြစ်ပါတယ်။

**မောဟနှင့် မျက်မှန်စိမ်း**

မောဟဆိုတဲ့ အဘိဓမ္မာသဘောကတော့ မှောင်ချပေးတာပဲ။ ဥပမာအားဖြင့် မြင်းကို မြက်ကျွေးတဲ့အခါ မြက်က အခြောက်တွေကိုး၊ မြက်အခြောက်တွေဆိုတော့ မျက်မှန်အစိမ်းကြီး တပ်ပေးလိုက်တယ်။ ရိုးရိုး ဒီအတိုင်းကျွေးရင် မြင်းက မစားဘူး၊ မျက်မှန်စိမ်း တပ်ပေးလိုက်တဲ့အခါကျတော့ မြင်းစိတ်ထဲမှာ မြက်အစိမ်းတွေလို့ ထင်သွားတယ်။ အစိမ်းတွေလို့ ထင်တော့ စားတယ်။ ဒါဟာ မျက်စိကို လှည့်စားပေးလိုက်တာပါပဲ။ ပြောသေးတယ်၊ မိန်းကလေးတွေဟာ မွှေးတယ်တဲ့၊ တကယ်တော့ ရေမွှေးတို့ ပေါင်ဒါတို့က မွှေးတာကို လူက လိမ်းထားလို့ လူက မွှေးတယ်လို့ တစ်ဆင့်တက်ပြီး ခေါ်လိုက်တာပါ၊ တကယ်တော့ လူက မမွှေးပါဘူး။ လူက မွှေးတယ်ဆိုတာက မျက်မှန်စိမ်း တပ်ပေးထားလို့ပါပဲ။ လူတွေကလဲ မျက်မှန်စိမ်း တပ်ထားတာကိုပဲ တော်တော်သဘောကျနေကြပါတယ်။ တရားအားထုတ်တယ်ဆိုတာ လွယ်လွယ်လေးပါ၊ မျက်မှန်စိမ်းကို ချွတ်လိုက်ရုံပါပဲ၊ သို့ပေမဲ့ ကိုယ်ကိုယ်တိုင်က မဖြုတ်ချင်ကြပါဘူး။ အဘိဓမ္မာတရား စစ်စစ်ကတော့ မောဟက လူတွေကို မျက်မှန်စိမ်းတပ်ပေးထားတာပါ၊ အဲဒီလို မျက်မှန်စိမ်း တပ်ပေးထားတဲ့အတွက် ယောကျ်ားလေးတွေကလဲ မိန်းကလေးတွေကို တစ်မျိုးထင်၊ မိန်းကလေးတွေကလဲ ယောကျ်ားလေးတွေကို တစ်မျိုးထင်နေကြတာ ဖြစ်ပါတယ်၊ မြင်းဟာ မျက်မှန်စိမ်း တပ်ပေးထားတော့ မြက်ခြောက်တွေကို အစိမ်းတွေ ထင်သလို ဘယ်အကုသိုလ်အလုပ်ဖြစ်ဖြစ် မောဟက မှောင်ချပေးထားလို့ လုပ်ရဲကြတာပါ။

**အဟိရိကစေတသိက်**

အကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်တွေထဲမှာ မောဟတစ်ခုထဲသာ မဟုတ်ပါဘူး၊ အဟိရိကစေတသိက်ဆိုတာလဲ ရှိပါသေးတယ်၊ အဟိရိကဆိုတာက မရှက်မှုပဲ။ စိတ်က ဖြူစင်နေတော့ အကုသိုလ်လုပ်ရမှာ ရှက်နေတယ်။ ရှက်နေတဲ့စိတ်ကို မောဟက မှောင်ချပေးလိုက်တဲ့အခါ အဟိရိက

စေတသိက်က မရှက်အောင် လုပ်ပေးပါတယ်၊ ဘယ်နေရာမှာ မရှက်သလဲ ဆိုတော့ ဒုစရိုက်ပြုလုပ်ရမှာ မရှက်ဘူး။ ဒုစရိုက်ဆိုတာ ပါဠိက ဒုစ္စရိတ၊ ဒုစ္စရိတဆိုတာက ဒု=မကောင်းတာ + စရိတ=အလေ့အကျင့်ပဲ၊ မကောင်းတဲ့ အကျင့်ကို ဒုစ္စရိတလို့ ပါဠိလို ခေါ်တယ်၊ ဒုစ္စရိတကို မြန်မာက မွေးစားတဲ့ အခါကျတော့ တ-ဝမ်းပူ မသတ်ဘဲ ဒုစရိုက်ဆိုပြီး က-ကြီးသတ်ပါတယ်။ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ဒုစရိုက်ဆိုတဲ့ နေရာမျိုးမှာ က-ကြီး သတ်တာ ဖြစ်ပါတယ်။

အဲဒီတော့ ဒုစရိုက်ဆိုတာကို မြန်မာတွေက ဘယ်လို နားလည်နေကြသလဲ၊ ဒုစရိုက်လုပ်ငန်းဆိုတာ ဘယ်လို အလုပ်တွေလဲ၊ အခုခေတ်က မကောင်းမှု အကုန်လုံး ရှိသမျှကို ဒုစရိုက်လို့ပဲ နားလည်နေကြတယ်။

ဒုစရိုက်ဆိုတာ ဒီနေရာမှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်လို့ နှစ်မျိုး ရှိတယ်။ ကာယဒုစရိုက်ဆိုတာက ကိုယ်ဖြင့် ပြုလုပ်တဲ့ ကာယကံသုံးပါးပဲ၊ ပါဏာတိပါတ= သူများအသက်သတ်တာ၊ အဒိန္နာဒါန=သူများဥစ္စာခိုးတာ၊ ကာမေသုမိစ္ဆာစာရ= သူများသားမယား ဖျက်ဆီးတာ၊ ဒါကို ကာယဒုစရိုက်လို့ အဘိဓမ္မာက ခေါ်တယ်။ အခုခေတ်ကတော့ ဒါတွေတင် မကဘူး၊ ဒုစရိုက်ကို မြန်မာက အများကြီး နားလည်နေတယ်။ ဒုစရိုက် နှိမ်နင်းရေးလို့ ပြောရင် အကုန်လုံးပါနေတယ်။ ဒီကာယဒုစရိုက် သုံးပါးကို လုပ်ရမှာ မရှက်တာက အဟိရိကစေတသိက်၊ သူများအသက် သတ်ရမှာဆိုရင် မောဟက မှောင်ချ ပေးတော့ မရှက်တော့ဘူး၊ ကြက်သတ်တယ်ဆိုပါစို့၊ ရိုးရိုးပကတိစိတ်က ကောင်းတဲ့စိတ်ဆိုတော့ မသတ်ချင်ဘူး၊ မသတ်ချင်ပေမဲ့ မောဟက မှောင်ချပေးတယ်။ မင်း သတ်သာ သတ်ပါကွာ၊ ဘာမှ အပြစ်မရှိပါဘူး၊ သတ္တဝါဆိုတာ လူက ချွတ်မှ ကျွတ်တာပဲ၊ လူတွေ စားဖို့ ဖြစ်လာတာပဲလို့ တဖြေးဖြေး မှောင်ချပေးလိုက်တော့ ကြက်ကို သတ်လိုက်တော့တယ်။ အဲဒီလို ဒုစရိုက် အကုသိုလ်လုပ်တဲ့နေရာမှာ မောဟက မှောင်ချပေးတော့ အဟိရိကက မရှက်တော့ဘဲ လုပ်ဖြစ်သွား ပါတော့တယ်။

ဝစီဒုစရိုက်ဆိုတာက နှုတ်ဖြင့် ပြောဆိုတဲ့ ဝစီကံလေးပါး ဖြစ်ပါတယ်။ မုသာဝါဒဆိုတာက ဒုစရိုက်၊ အခုခေတ်လူတွေက တစ်ဦးကို တစ်ဦး လိမ်ရမှာ သိပ်ပြီး မရှက်ကြတော့ဘူး၊ အရင်က မြန်မာလူမျိုးဆိုတာ အရှက်ရှိတဲ့ လူမျိုးပဲ၊ ဒီအကုသိုလ် အဟိရိက စေတသိက်ကို နားလည်တဲ့အတွက် မြန်မာလူမျိုးတွေ အရှက်ရှိတယ်ဆိုတာ မုသာဝါဒ ဝစီဒုစရိုက် လိမ်ရမှာ သိပ်ရှက်တယ်၊ လူတွေမှာ လိမ်တတ်တဲ့အကျင့်တွေပါလာပြီး ယောကျ်ားကလေးတွေက မိန်းကလေးတွေကို လိမ်၊ မိန်းကလေးတွေက ယောကျ်ားကလေးတွေကို လိမ်နဲ့ သစ္စာမရှိကြတော့ဘူး၊ ဒီလို သမ္မာမရှိကြရင် တိုင်းပြည်တစ်ခု တည်ထောင်လို့ မရတော့ဘူး။

မုသာဝါဒဟာ ဘယ်လောက်ဆိုးသလဲဆိုရင် ယောကျ်ားကလေးတွေက မိန်းကလေးတွေကို လိမ်၊ မိန်းကလေးတွေက ယောကျ်ားကလေးတွေကိုလိမ်၊ ဒါအခြေခံက စ လိမ်တာ၊ နောင် မိဘတို့သားသမီးတို့ ဖြစ်လာတဲ့အခါကျတော့လဲ မိဘက သားသမီး လိမ်၊ သားသမီးက မိဘလိမ်၊ ယောကျ်ားက မိန်းမလိမ်၊ မိန်းမက ယောကျ်ားလိမ်၊ ဒီလိုသာ လိမ်ကြလို့ရှိရင် လောကကြီးကို ကောင်းအောင် တည်ဆောက်လို့ မရနိုင်တော့ဘူး၊ လိမ်တာဟာ အလွန်ဆိုးတဲ့ ဒုစရိုက်ပါ။

ပိသုဏာဝါစာဆိုတာ ကုန်းတိုက်တာလို့ အဓိပ္ပာယ်ရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မသင့်မမြတ် ဖြစ်အောင် ကွဲပြားအောင် ပြောတာပါပဲ၊ ဒီ ကုန်းတိုက်တာကလဲ အင်မတန်ဆိုးတဲ့ ဒုစရိုက်တစ်ခု ဖြစ်ပါတယ်။ ရှေးက မြန်မာတွေကတော့ သူတပါးအကြောင်းကို ဘာတွေပဲ သိနေနေ မိတ်ဆွေချင်းပဲ ဖြစ်ဖြစ်၊ ရန်သူပဲဖြစ်ဖြစ် လူတစ်ယောက်ရဲ့ မကောင်းကြောင်းကို တစ်ခြားတစ်ယောက်ကို သွားပြီး မပြောဘူး၊ အဲဒါ အမျိုးကောင်းသားသမီးလို့ ခေါ်ပါတယ်။ အမျိုးကောင်းသားသမီးဆိုတာ တစ်ယောက်ရဲ့ မကောင်းကြောင်းကို အခြားတစ်ယောက်ကို သွားမပြောပါဘူး။

ဖရုသဝါစာဆိုတာ ဆဲတာ၊ ကြမ်းကြမ်းတမ်းတမ်း ပြောတာလို့ အဓိပ္ပာယ်ရပါတယ်၊ ခုခေတ် မိကောင်းဖခင် သားသမီးတွေမှာ ဖရုသဝါစာ နဲ့ကြ

အဘိဓမ္မာ[illegible]တော်ထွန်းကား[illegible]
[illegible]ဈေး၊ ရန်ကုန်။

ပါတယ်။ သိပ်ရိုင်းတဲ့ လူတွေမှာပဲ ရှိတာ များပါတယ်၊ ဒီလို ကြမ်းတမ်းတဲ့ အပြုအမူမျိုးကို လူတွေက ဒုစရိုက်လို့ကို မထင်တော့ဘူး၊ လိမ်တာ ဆဲတာ ကုန်းတိုက်တာတို့ကလဲ အရက်သောက်တာ၊ ဖဲရိုက်တာ၊ ခိုးတာ၊ လုတာ၊ မူးယစ်ဆေးသုံးစွဲတာ စတဲ့ ဒုစရိုက်တွေလိုပဲ အင်မတန် ဆိုးပါတယ်။

သမ္ဖပ္ပလာပ ဆိုတာကတော့ အဖျင်းပြောတာပါပဲ၊ ဒါလဲ ဒုစရိုက်ပဲ။ ဒီ အဖျင်းပြောတာက ဘာမှလဲ အရည်အဖတ်ရတာ မဟုတ်ဘူး၊ အဲဒီ ဒုစရိုက် တရားလေးပါးကို လုပ်ရာမှာ မရှက်တာ အဟိရိကပါပဲ။ ဒါကြောင့်မို့ အဟိရိက= မရှက်ဘူးဆိုတာ ဘယ်မှာ မရှက်တာလဲဆိုရင် အတိုချုပ်ကတော့ ဒုစရိုက် လုပ်ရမှာ မရှက်တာပါ။ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးကို လုပ်ရမှာ မရှက်တာ။ ရှက်တယ်ဆိုတာလဲ ရှက်သင့်တဲ့ နေရာမှာ ရှက်ရတယ်။ မရှက်သင့်တဲ့ နေရာမှာ မရှက်ရဘူး။ တစ်ချို့က သူများလို အဝတ်အစား မဝတ်နိုင်တာကို ရှက်တယ်၊ ဒါဟာ ရှက်စရာ မဟုတ်ပါ၊ ကိုယ့်ရှိသလောက် ကိုယ်ဝတ်တာပဲ၊ ဒုစရိုက်မှ မဟုတ်ဘဲ၊ တချို့တလေ မင်္ဂလာဆောင်စတဲ့ ပွဲနေပွဲထိုင် သွားမယ်ဆိုရင် စိန်နားကပ်တို့ ဘာတို့ မရှိလို့ ငှါးဝတ်သွားတယ်၊ ငှါးဝတ်သွားတဲ့ လူနဲ့ ဒီအတိုင်း သွားတဲ့လူနဲ့ ဘယ်သူက ပိုကောင်းသလဲ။ ဒီအတိုင်းသွားတဲ့လူက ပိုကောင်း တာပေါ့၊ ငှါးဝတ်တယ်ဆိုတာက ရှက်စရာကြီး၊ သူမရှိမှန်း လူတိုင်း သိတာပဲ။ ပိုလှရင်တော့ ဟုတ်တာပေါ့၊ ပိုလဲ မလှဘဲနဲ့ သူများအထင်ကြီးအောင် ဝတ်တာကတော့ အဓိပ္ပာယ် မရှိပါဘူး၊ အဲဒီတော့ ရှက်သင့်တဲ့ နေရာမျိုး မရှက်သင့်တဲ့ နေရာမျိုးကိုလဲ ခွဲသိဖို့ လိုပါတယ်။

## အနောတ္တပ္ပစေတသိက်

မောဟနဲ့အဟိရိကကတော့ ရှင်းပြလို့ ပြီးသွားပါပြီ။ အနောတ္တပ္ပ ဆိုတာက မကြောက်တာ၊ နဲနဲ အခေါ်ရခက်တယ်၊ ပါဠိက န+ဩတ္တပ္ပ။ ဩတ္တပ္ပဆိုတာက ကြောက်တာ။ န+ဩတ္တပ္ပကို တွဲစပ်ပြီး အနောတ္တပ္ပလို့ ခေါ်လိုက်တာ။ အနောတ္တပ္ပဆိုတာက မကြောက်တာ။ ရိုးရိုးကတော့ မကြောက်လန့်မှု၊

မကြောက်လန့်မှု ဆိုတာက ဒုစရိုက်လုပ်ရမှာ မကြောက်လန့်ဘူး၊ အဟိရိကနဲ့ သဘောသွား အတူတူပါပဲ၊ အနောတ္တပ္ပ=ဒုစရိုက်လုပ်ရမှာ မကြောက်လန့်မှု။

ဒုစရိုက်ဆိုတာက ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ အဲဒါတွေ လုပ်ရမှာကို မကြောက်တာ။ မြန်မာက မရှက်တာနဲ့ မကြောက်တာကို တွဲပြီး သုံးတော့ အဲဒီ မရှက်တာနဲ့ မကြောက်တာဟာ ရှက်တာနဲ့ ကြောက်တာရဲ့ ဆန့်ကျင်ဘက်ပါပဲ။ မြန်မာလူမျိုးဟာ အရှက်အကြောက်ရှိတယ်။ အဲဒီတော့ မရှက်တာနဲ့ မကြောက်တာ=အဟိရိကနဲ့ အနောတ္တပ္ပကို ဟိရီနဲ့ ဩတ္တပ္ပ= ရှက်တာ၊ ကြောက်တာတို့နဲ့ တွဲပြောမှ အဓိပ္ပာယ်ရှင်းပါတယ်။

**လာဘ်ပေး လာဘ်ယူ**

မိမိကိုယ်ကို မိမိ ရှက်တာက "ဟိရီ"စေတသိက်၊ မိမိကိုယ်ကို မိမိ မရှက်တာက "အဟိရိက"စေတသိက်။ အဟိရိကဆိုတာက မိမိကိုယ်ကို မိမိ မရှက်တာ။ ဥပမာ အဒိန္နာဒါန=လာဘ်စားတယ်ဆိုပါတော့၊ အရာရှိကြီး တစ်ယောက်ဟာ လာဘ်ပေးလို့ လာဘ်ယူလိုက်တယ် ဆိုလို့ရှိရင် လာဘ်ယူ တာကို ဘေးက လူတွေလဲ ဘယ်သူမှ မသိဘူး။ အခု မျက်မှောက်ဘဝမှာ ဥပဒေကြောင်းအရလဲ ဘာမှ အရေးမယူနိုင်ဘူး။ အဲဒီအခါ လာဘ်ယူလိုက်တယ်။ လာဘ်ယူလိုက်တယ် ဆိုရင်ပဲ အဟိရိက ဖြစ်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဟိရိကဆိုတာ မိမိ ကိုယ်ကို မိမိ မရှက်တာလို့ ဆိုတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ဒါပေမဲ့ "ငါလို လူကြီးလူကောင်း အရာရှိကြီးတစ်ယောက်က လာဘ် ယူမယ်ဆိုရင် ဒီပြင်လူငယ်တွေလဲ ငါ့ကို အတုလိုက်ယူပြီး တစ်တိုင်းပြည်လုံး ပျက်စီးသွားလိမ့်မယ်၊ ငါလို လူတစ်ယောက်ဟာ လာဘ်ပေးလာဘ်ယူလုပ်ဖို့ မတော်ဘူး"လို့ ကိုယ့်ကိုယ်ကို ရှက်လို့ မယူဘူးဆိုရင် အဲဒါ ဟိရီပါဘဲ။

အဟိရိကစေတသိက်က အနောတ္တပ္ပထက် ပိုပြီး သိမ်မွေ့တယ်၊ တခြားလူတွေပြောမှာကို ကြောက်တာက ဩတ္တပ္ပ။ လာဘ်ပေးလာဘ်ယူလုပ်လိုက်လို့ရှိရင် တခြားလူတွေ သိကုန်လိမ့်မယ်၊ ဘယ်သူပဲ သိသိ ဘယ်သူတွေ ဘာပြောပြော လုပ်မယ်ဆိုတာ အနောတ္တပ္ပ။ အဲဒီတော့ ဘေးက လူတွေပြောမှာ မကြောက်လို့ရှိရင် အနောတ္တပ္ပစေတသိက်။ ကိုယ့်ကိုယ်ကို မရှက်လို့ရှိရင် အဟိရိကစေတသိက်။

အဘိဓမ္မာမှာ အဟိရိက စေတသိက်ကို ဝက်နဲ့ ဥပမာပေးထားပါတယ်။ ဝက်ဟာ မစင်ကိုစားရမှာ မရှက်ဘူး၊ မရွံဘူး။ ဝက် မစင်စားတာဟာ မစင်ကို မရွံလို့ပါပဲ။ အဲဒီ ရွံစရာဖြစ်တဲ့ မစင်ကို ဝက်က မရွံသလို ဒုစရိုက်တွေကို လုပ်ရမှာ မရွံတာ မစက်ဆုပ်တာဟာ အဟိရိကပါပဲ။ "ပိုးပရန်မျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှပြီ"ဆိုတဲ့ ရှေးဆရာတော်ကြီးများရေးတဲ့ သံပေါက်ရှိပါတယ်။ ပိုးပရန်ကောင်များဟာ မီးကို သိပ်ပြီးတော့ သဘောကျတာ၊ မီးရှိရင် အကုန်လုံးတိုးတာပဲ။ မီးကို တိုးတော့ ပိုးပရန်တွေ အကုန်လုံး သေကုန်တယ်။ အဲဒီလိုပဲ အနောတ္တပ္ပဟာ ပိုးပရန်နဲ့ တူတယ်ဆိုပြီး ဥပမာပေးပါတယ်။

တကယ့်သဘောတရားကျတော့ အဟိရိကက မိမိကိုယ်ကို မိမိမရှက်ဘူး။ အနောတ္တပ္ပက သူတစ်ပါးပြောမှာ မကြောက်ဘူး။ အဟိရိကနဲ့ အနောတ္တပ္ပ နှစ်ခုတွဲမိလိုက်တဲ့ အခါကျတော့ ဘယ်အကုသိုလ်မဆို အကုန်လုပ်တော့တာပဲ။

အကုသိုလ်လုပ်တဲ့ လူတစ်ယောက်ဟာ (၁)မိမိကိုယ်ကို မိမိရှက်ရမယ်၊ (၂) သူတစ်ပါးပြောမှာကို ကြောက်ရမယ်ဆိုတဲ့ ဒီနှစ်ခုကို ဂရုမစိုက်ဘူးဆိုရင် အကုသိုလ်တွေကို လုပ်ရဲတော့တာပါပဲ။ ဥပမာ လူကြီးလူကောင်းတစ်ယောက်ဟာ ကိုယ့်ဂုဏ်သိက္ခာတွေကိုလဲ ဂရုမစိုက်ဘူး၊ ဘေးက လူတွေ ပြောမှာလဲ ဂရုမစိုက်ဘူး။ ကိုယ့်ဂုဏ်သိက္ခာကို ဂရုမစိုက်ဘူးဆိုတာက အဟိရိကစေတသိက်၊ ဘေးက လူတွေ ပြောမှာကို ဂရုမစိုက်ဘူးဆိုတာက အနောတ္တပ္ပစေတသိက်၊ အဲဒီလို ကိုယ့်ကိုယ်ကိုလဲ ဂရုမစိုက်ဘူး၊ ဘေးလူကိုလဲ ဂရုမစိုက်ဘူးဆိုတဲ့ အဟိရိက အနောတ္တပ္ပ နှစ်ခုရှိနေရင် အကုသိုလ်တွေကို လုပ်ဖြစ်တော့တာပဲ။

အကုသိုလ်စေတသိက်ဆိုတာက မောဟက မှောင်ချပေးလိုက်တယ်။ မောဟက မှောင်ကြီးချပေးလိုက်တော့ အဟိရိကက ကိုယ့်ဂုဏ်သိက္ခာကိုလဲ ဂရုမစိုက်တော့ဘူး။ မှောင်ချပေးထားတော့ ဘေးကလူတွေကိုလဲ မမြင်တော့ဘူး။ ဘေးက လူတွေကိုလဲ မမြင်ရတော့ အနောတ္တပ္ပက ကြောက်ကို မကြောက်တော့ဘူး။ အဟိရိကနဲ့ အနောတ္တပ္ပ စေတသိက်နှစ်ခုစလုံး ပေါင်းမိလိုက်တော့ ဘယ်အကုသိုလ်ပဲဖြစ်ဖြစ် အကုန်လုံး လုပ်ရဲတော့တာပါပဲ။

ဒါကြောင့်မို့ အဟိရိကနဲ့ အနောတ္တပ္ပစေတသိက်နှစ်ခု မပါလို့ရှိရင် ဘယ်အကုသိုလ်ကိုမှ လုပ်လို့မရဘူး။ အကုသိုလ်လုပ်ငန်းတွေ အကုန်လုံးထဲမှာ မောဟပါမယ်။ အဟိရိကပါမယ်။ အနောတ္တပ္ပပါမယ်။

## ဥဒ္ဓစ္စစေတသိက်

ဥဒ္ဓစ္စစေတသိက်ဆိုတာ ပျံ့လွင့်မှုလို့ အဓိပ္ပါယ် ရှိပါတယ်။ စိတ်က တည်တံ့နေတယ်ဆိုရင် မကောင်းမှုလုပ်လို့ မရဘူး။ လူငယ်တွေဟာ ဘာမှ အလုပ် မရှိဘဲနဲ့ ပညာလဲ မသင်၊ စာလဲ မသင်၊ ဘာသင်တန်းမှလဲ မတက်ဘဲ ဒီအတိုင်း ပစ်ထားလို့ရှိရင် သူတို့စိတ်ဟာ နဲနဲလွင့်တယ်၊ ပျံ့တယ်၊ အဲဒီတော့ ပျံ့လွင့်နေတယ်ဆိုတာဟာ ကောင်းတဲ့စေတသိက်မဟုတ်ဘူး။ ဒီဥဒ္ဓစ္စပါနေလို့ စိတ်ပျံ့လွင့်တာ၊ သင်တန်းတက်နေတယ်၊ စာသင်နေတယ်၊ အလုပ်လုပ်နေတယ် ဆိုရင် စိတ်တည်တံ့နေပြီး၊ မကောင်းတာမလုပ်ဖြစ်ဘူး။ ဒါကြောင့် လူငယ်လူရွယ်တွေကို အလုပ်လက်မဲ့ မဖြစ်စေဘဲ အကုန်လုံး အလုပ်ပေးထားမှ ဒီ မကောင်းတာတွေကို မလုပ်ဘဲနေမှာ။ အဲဒီတော့ ဥဒ္ဓစ္စ=စိတ်ပျံ့လွင့်တယ် ဆိုရင်တော့ ဒါဟာ အကုသိုလ်ဖြစ်တာပါပဲ။ စိတ်ကို ပျံ့လွင့်အောင် လုပ်ပေးတာက ဥဒ္ဓစ္စစေတသိက်၊ စိတ်ဆိုတာကတော့ ပထမ ဖြူစင်နေပြီး ကြည်နေတာပဲ။ အဲဒီ ကြည်နေတဲ့စိတ်ကို ပျံ့လွင့်အောင် လေလွင့်အောင် လုပ်ပေးတာက ဥဒ္ဓစ္စစေတသိက်။ အဲဒီတော့ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စဆိုတဲ့ ဒီလေးပါးလုံးက ဘယ်အကုသိုလ်မျိုးမဆို အကုသိုလ်လုပ်တိုင်း လုပ်တိုင်း ပါနေတယ်။

## လောဘအုပ်စု၌သာ ပါဝင်တဲ့စေတသိက်

### လောဘစေတသိက်

လောဘကတော့ အကုသိုလ်လုပ်တိုင်း မပါဘူး။ လောဘအုပ်စုမှာသာ ပါဝင်တယ်။ အများက လောဘ=လိုချင်မှုလို့ ဘာသာပြန်ကြတယ်။ လိုချင်တာ မှန်သမျှ အကုန်လုံး လောဘလား၊ ကောင်းတာလုပ်ချင်တာ၊ ဒါနပြုချင်တာ၊ ကုသိုလ်လိုချင်တာ၊ အဲဒီလို လိုချင်တာမှန်သမျှ အကုန်လုံး လောဘလားလို့ မေးတဲ့အခါ ပြဿနာတက်တယ်။ ဒါကြောင့်မို့ လောဘကို လိုချင်မှုလို့ ဘာသာပြန်တာဟာ အကုန်လုံး မငုံမိဘူး။ မငုံမိတဲ့ အခါကျတော့ "တပ်မက်မှု" ဆိုပြီး ဘာသာပြန်ကြပြန်တယ်။ တပ်မက်တယ်ဆိုတဲ့ မြန်မာစကားကို အခုခေတ် အရပ်ထဲမှာ သိပ်မသုံးပါဘူး။

လိုချင်မှုဆိုတဲ့ စကားလုံးကိုတော့ မြန်မာတွေ ပြောနေကြတယ်၊ တပ်မက်တယ်ဆိုတဲ့ စကားကို မြန်မာတိုင်း သိပ်မပြောကြပါဘူး။ "မက်မောတယ်" ဆိုတဲ့ စကားကိုတော့ ခုခေတ်မှာ သူဟာ ဒီပစ္စည်းကို သိပ်မက်မောတာပဲ စသဖြင့် ပြောကြတယ်။ တပ်မက်တယ်လို့တော့ သိပ်မပြောကြဘူး။ အဲဒီတော့ တပ်မက်တယ်၊ မက်မောတယ်၊ နှစ်သက်တယ်၊ ကြိုက်တယ်ဆိုတဲ့ စကားတွေ ဟာ လောဘရဲ့ ပရိယာယ်တွေချည်းပါပဲ။ လောဘကို ဘာသာပြန်တာပါပဲ။

နောက်ပြီးတော့ "ငြိကပ်တယ်"ဆိုတာက ပိုပြီး အဘိဓမ္မာသဘောနဲ့ ကိုက်ညီတယ်။ "ငြိကပ်တယ်"က ပစ္စည်းတစ်ခုခုမှာ ငြိကပ်ပြီးနေတာကိုး။ ဥပမာ–ငွေတစ်သောင်းလှူတော့မယ်ဆိုရင် ငွေတစ်သောင်းအပေါ်မှာ လောဘက ငြိကပ်ပြီးနေတယ်။ ဒါနလုပ်တဲ့အခါ ငြိကပ်နေတဲ့ လောဘကို ခွါချလိုက်တဲ့ အတွက် ငွေတစ်သောင်းကို လှူဖြစ်သွားတယ်။ ဒါကြောင့်မို့ လောဘဟာ မျောက်နဲ့စေးနဲ့ တူတယ်လို့ အဘိဓမ္မာဆရာတွေက ဥပမာပေးပါတယ်။ မျောက်နဲ့စေးများဟာ လက်နဲ့ကိုင်ရင် လက်ကပ်တယ်၊ ခေါင်းနဲ့ထိရင် ခေါင်းကပ်တယ်၊ ခြေနဲ့ထိရင် ခြေကပ်တယ်၊ မျောက်ကို ကပ်တဲ့အစေးကို

မျောက်နဲ့စေးလို့ ခေါ်တာပါ၊ အဲဒီလို လောဘကို မျောက်နဲ့စေးနဲ့ ဥပမာ ပေးကြတာက ငြိကပ်မှုရဲ့ အဓိပ္ပါယ်ပါပဲ။ ငြိကပ်တယ်ဆိုတဲ့ လောဘဟာ မစွန့်လွှတ်နိုင်ဘူး။ ဘာပဲဖြစ်ဖြစ် လောဘဟာ ကိုယ်ရလာတဲ့ ပစ္စည်းလေးကို သာမညနဲ့ မစွန့်လွှတ်နိုင်ဘူး။ လှူချင်ပေမဲ့ လှူဖို့ရန် တော်တော် စိတ်ကူးနေ ရတယ်။ အဲဒီငြိကပ်နေတာကို ဖယ်လိုက်တဲ့အခါကျမှ စွန့်လွှတ်နိုင်တဲ့ သဘော ဖြစ်လာပါတယ်။ လိုချင်မှု၊ တပ်မက်မှု၊ တွယ်တာမှု၊ နှစ်သက်မှု၊ သာယာမှု စတဲ့ မြန်မာစကားတွေဟာ လောဘရဲ့ ပရိယာယ်တွေ ဖြစ်ပါတယ်။

**လောဘ ၂-မျိုး**

လောဘဆိုတာ သမလောဘ, ဝိသမလောဘလို့ နှစ်မျိုးရှိပါတယ်။ ရှိသင့် ရှိထိုက်တဲ့ လောဘကို သမလောဘလို့ ခေါ်ပါတယ်။ မရှိသင့် မရှိထိုက်တဲ့ လောဘကို ဝိသမလောဘလို့ ခေါ်ပါတယ်။ ဒါကြောင့်မို့ လူဆိုရင် သမလောဘ ကတော့ ရှိရမှာပါပဲ။ သမလောဘမရှိရင် လူလုပ်လို့ ရကို မရပါဘူး။ ကိုယ့် သားသမီးတွေကို ကိုယ်မချစ်ရဘူးလား၊ ကိုယ့်သားသမီးတွေကို ကိုယ်မွေးထားပြီး ရှုပ်ပါတယ်ကွာ၊ သားသမီးတွေကို ချစ်ခင်နေတာဟာ လောဘတွေပဲ ဆိုပြီး သားသမီးတွေကို ပစ်ထားမယ်ဆိုရင် ကလေးတွေအကုန် ပျက်စီးသွားပါလိမ့်မယ်။ မိန်းမယူထားပြီးတော့ ကိုယ့်မိန်းမကို မချစ်ရဘူးလား၊ ချစ်ရမှာပေါ့၊ တရားတွေ ပြပြီးတော့ မိန်းမချစ်တာတွေဟာ လောဘတွေပဲ၊ အကုသိုလ်တရားတွေပဲ၊ ဒီလောဘတွေကို ပယ်ပစ်လိုက်ရမယ်ဆိုပြီး မိန်းမတွေကို ပစ်ထားလိုက်ရင် လူ့လောကကြီး ပျက်စီးသွားပါလိမ့်မယ်။ အဲဒီတော့ လူလုပ်နေတဲ့သူဟာ သားသမီး မယားတွေ ကျွေးဖို့ စီးပွားမရှာရဘူးလား။ စီးပွားရှာရပါမယ်။ စီးပွားလိုချင်တာ လောဘလား၊ စီးပွားရေးကို လိုချင်တာလဲ လောဘပဲ၊ လောဘပေမဲ့ လူလုပ် နေလို့ရှိရင်တော့ စီးပွားရှာရမယ်၊ ပညာသင်ရမယ်၊ အဲဒီတော့ သမလောဘဆို တာဟာ လူမှာ ရှိသင့်ရှိထိုက်တဲ့လောဘဖြစ်လို့ ရှိကိုရှိမယ်။ လောဘကို ပယ်တဲ့ အခါမှာ လူတွေပယ်ရမယ့် လောဘ၊ ရဟန်းတော်များ ပယ်ရမယ့် လောဘ၊

တရားအားထုတ်တဲ့လူတွေ ပယ်ရမယ့် လောဘ စသဖြင့် လောဘကို အဆင့် အတန်းတွေ အများကြီး ခွဲရမှာပါ။

သမလောဘ, ဝိသမလောဘဆိုတာက လူတွေမှာပဲ ပြောတာပါ။ တရားနည်းလမ်းမှန်ကန်စွာ ပစ္စည်းရှာတာကို သမလောဘခေါ်တာပါပဲ။ ကိုယ့်ဘာသာကိုယ် ပညာသင်ပြီး ဥစ္စာပစ္စည်းရှာတယ်၊ တရားသဖြင့် လိုချင်တာဟာ သမလောဘပါ။ မတရားသဖြင့် လိုချင်တာကတော့ ဝိသမလောဘဖြစ်ပါတယ်။

အဲဒါကြောင့် လူတွေမှာ လောဘဟာ အကုသိုလ်တော့ အကုသိုလ်ပဲ။ အကုသိုလ်ပေမဲ့ သမလောဘကတော့ ရှိကိုရှိရမယ်။ တကယ် တရားအားထုတ်ပြီးတော့ သားတွေ, သမီးတွေ, မယားတွေ အကုန်လုံး စွန့်ပစ်ပြီး၊ ဘုန်းကြီးဝတ်ပြီး ကျင့်တဲ့အခါကျတော့ လောဘအားလုံးကို ပယ်ရမှာပေါ့။

ဒါကြောင့်မို့ လောဘကို အဆင့်ဆင့် ပယ်ရတာပါ။ သောတာပန်မှာ လောဘ မရှိဘူးလား၊ ရှိတယ်။ သကဒါဂါမ်မှာလဲ ရှိတယ်။ အနာဂါမ်မှာလဲ လောဘ ရှိတယ်။ ရဟန္တာကျမှ လောဘ မရှိတာ။ ပုထုဇဉ်ဆိုရင် အများကြီး ရှိတယ်။ ဒါကြောင့်မို့ လောဘကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့ အရိယာမဂ်ဖြင့် လေးကြိမ် ပယ်ရပါတယ်။

လောဘစေတသိက်ရဲ့ သဘောက ခင်တယ်, တွယ်တာတယ်, နှစ်သက်တယ်, မစွန့်လွှတ်နိုင်ဘူး၊ ဒီစကားတွေဟာ လောဘရဲ့ အဓိပ္ပါယ်ချည်းပါပဲ။ လောဘကို ပါဠိလို "တဏှာ"လို့လဲ ခေါ်ပါသေးတယ်။ အဘိဓမ္မာမှာ တဏှာလို့လဲ ထင်ရှားတယ်။ မြန်မာစကားမှာ တဏှာဆိုတော့ တစ်မျိုးဖြစ်သွားတယ်။ မြန်မာစကားမှာ တဏှာကြီးတယ်ဆိုတာ လောဘတွင် မကတော့ဘူး၊ တဏှာဆိုရင် မြန်မာက တစ်မျိုးနားလည်သွားတယ်။ ဒါကြောင့် အဘိဓမ္မာသင်တဲ့အခါ တဏှာခြောက်မျိုး သင်ရပါတယ်။ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ။ အဲဒီတော့ အဘိဓမ္မာကတော့ တဏှာဟာ အင်မတန် ရှင်းတယ်၊ လောဘအတိုင်းပဲ။

## လောဘ (၆)မျိုး

- အဆင်းအမျိုးမျိုး တွယ်တာတာ, နှစ်သက်တာ ရူပတဏှာ၊
- အသံကောင်းကောင်းလေးတွေကို တွယ်တာတာ, နှစ်သက်တာ သဒ္ဒတဏှာ၊
- အနံ့ အမွှေးအကြိုင် အမျိုးမျိုးကို တွယ်တာတာ, နှစ်သက်တာ ဂန္ဓတဏှာ၊
- အရသာအမျိုးမျိုးကို တွယ်တာတာ, နှစ်သက်တာ ရသတဏှာ၊
- အတွေ့အထိအမျိုးမျိုးကို တွယ်တာတာ, နှစ်သက်တာ ဖောဋ္ဌဗ္ဗတဏှာ၊
- သဘောတရားတွေကို တွယ်တာတာ, နှစ်သက်တာ ဓမ္မတဏှာ။

## လောဘ (၃) မျိုး

လောဘဆိုတဲ့ဝေါဟာရက မြန်မာစကားဖြစ်နေတော့ လောဘဆိုလို့ရှိရင် မြန်မာက နားလည်ပါတယ်။ အဲဒီ လောဘကို အဘိဓမ္မာမှာ တဏှာလို့ ခေါ်တယ်။ တဏှာဆိုတာလဲ မြန်မာစကား ဖြစ်နေပါပြီ။ ပါဠိလို လောဘကို ရာဂလို့လဲ ခေါ်တယ်။ ရာဂကို မြန်မာ့နားမှာ တစ်မျိုး နားလည်နေကြတယ်။ အဘိဓမ္မာမှာတော့ လောဘ၊ တဏှာ၊ ရာဂဆိုတာ အတူတူပါပဲ၊ သို့သော် မြန်မာစကားမှာ လောဘဆိုရင် တစ်မျိုး နားလည်တယ်။ တဏှာဆိုရင် တစ်မျိုး နားလည်တယ်။ ရာဂဆိုရင် တစ်မျိုးနားလည်တယ်။

## လုပ်ကြံတာ အဘိဇ္ဈာ

နောက်ပြီး လောဘကို အဘိဇ္ဈာလို့လဲ ခေါ်ပါသေးတယ်၊ ရှေးမြန်မာတွေက အဘိဇ္ဈာဆိုတာ မနာလို ဝန်တိုတယ်တဲ့။ အဲဒီတော့ မြန်မာစကားမှာ တစ်မျိုး ပြောနေကြပါတယ်။ အဘိဓမ္မာမှာတော့ အဘိဇ္ဈာဆိုတာ လောဘကိုပဲခေါ်တာပါ၊

အဘိဇ္ဈာရဲ့ တရားကိုယ်ကို အရကောက်မယ်ဆိုရင် လောဘကို ကောက်ရပါတယ်၊ မနာလိုတယ်ဆိုတာက အဘိဓမ္မာစကားလုံးနဲ့ဆိုရင် ဣဿာပါ၊ သူတစ်ပါးကို မနာလိုတာ၊ သူတစ်ပါးရာထူးရတာကို မနာလိုတာ၊ သူတစ်ပါးချမ်းသာတာကို မနာလိုတာ။ အဲဒီ မနာလိုတာကို အဘိဓမ္မာမှာ ဣဿာလို့ ခေါ်ပါတယ်။ အဘိဇ္ဈာကို လူတွေက မနာလိုတယ်လို့ နားလည်နေကြပါတယ်။ မြန်မာ့နားမှာ မြန်မာစကားလို ဖြစ်နေတော့ မှားတယ်လို့ မပြောနိုင်ပေမဲ့ အဘိဓမ္မာနဲ့ ကြည့်တော့ သူတစ်ပါးစည်းစိမ်ချမ်းသာကို လုပ်ကြံတာကိုသာ "အဘိဇ္ဈာ"လို့ ခေါ်တာပါ။

အဘိဇ္ဈာကို ရှေးက ဘာသာပြန်တာကတော့ သူတစ်ပါးစည်းစိမ်ကို ရှေးရှု ကြံတယ်တဲ့။ သဒ္ဒါကို လိုက်ပြီး ပြန်တာပါ။ မြန်မာလို နားလည်ရမှာကတော့ သူတစ်ပါးစည်းစိမ်ကို လုပ်ကြံတယ်၊ ဒါအဘိဇ္ဈာပဲ။ သူတပါးစည်းစိမ်ကို လုပ်ကြံတယ်ဆိုတာဟာ တကယ်တော့ လောဘပါပဲ။ ဥပမာ အဖွဲ့အစည်းတစ်ခုမှာ ရာထူးကြီးကြီးတွေကို ကိုယ်လိုချင်တာနဲ့ ကိုယ်ရဖို့ရာ လုပ်ကြံတာကို အဘိဇ္ဈာလို့ ခေါ်ပါတယ်။ သူတစ်ပါး ချမ်းသာနေတယ်၊ အဲဒီ ချမ်းသာနေတဲ့ လူတွေရဲ့ စည်းစိမ်ကို ကိုယ်ရအောင် မတရားတဲ့နည်းနဲ့ ကြံတယ်။ အဲဒီလို ကြံစည်တဲ့ အမှုမျိုးကို အဘိဇ္ဈာလို့ ခေါ်ပါတယ်။ ခုခေတ်စကားနဲ့ဆိုရင် လုပ်ကြံမှုပေါ့၊ အဘိဇ္ဈာဟာ လုပ်ကြံမှုပါပဲ။ အဲဒီတော့ သူတစ်ပါး စည်းစိမ်ချမ်းသာ ဥစ္စာကို ဘာလို့ လုပ်ကြံတာလဲဆိုရင် လိုချင်လို့ လုပ်ကြံတာဖြစ်ပါတယ်။ တချို့ကတော့ သူတစ်ပါးပစ္စည်းကို လိုချင်တာကို အဘိဇ္ဈာခေါ်တယ်တဲ့။ လိုချင်ရုံနဲ့တော့ အဘိဇ္ဈာမဟုတ်ပါဘူး၊ ဥပမာ–သူများတွေ မော်တော်ကားကြီး စီးသွားတော့ ဒီမော်တော်ကားကြီးရရာ ရကြောင်း လုပ်ကြံမှုသာ အဘိဇ္ဈာ ဖြစ်ပါတယ်။ သူများ တိုက်ကြီးနဲ့နေတယ်၊ ငါ ဒီလိုတိုက်ကြီးနဲ့နေရရင် ကောင်းမှာပဲလို့ လိုချင်တာကတော့ အဘိဇ္ဈာ မဟုတ်ပါဘူး။ ဒီလူ ဒီတိုက်ပေါ်က ဆင်းသွား ရအောင် ဒီတိုက်ကိုရအောင် လုပ်ကြံတာကိုမှ အဘိဇ္ဈာခေါ်ပါတယ်။ ဒါကြောင့်မို့ လိုချင်လို့ လုပ်ကြံတဲ့ အမှုမျိုးကိုသာ အဘိဇ္ဈာလို့ ခေါ်ပါတယ်။ အဘိဓမ္မာမှာ အဘိဇ္ဈာကို

ဘာသာပြန်ရတာ မလွယ်လှပါဘူး။ အဲဒီတော့ လောဘမှာ ဒီဂရီအမျိုးမျိုး ရှိပါတယ်တဲ့၊ သာမညလိုချင်တာလဲ လောဘပဲ၊ သို့သော် လိုချင်နေရုံတွင် မကဘူး၊ မရ ရအောင် လုပ်ကြံတဲ့ အခါကျတော့မှ အဘိဇ္ဈာဖြစ်လာပါတယ်။

## ဒိဋ္ဌိစေတသိက်

လောဘပြီးတော့ ဒိဋ္ဌိစေတသိက်။ လောဘအုပ်စုမှာ ဒိဋ္ဌိစေတသိက်လဲ ပါပါတယ်။ လောဘဟာ သူတစ်ခုထဲဖြစ်တာ မဟုတ်ပါဘူး၊ လောဘဖြစ်လို့ ရှိရင် ဒိဋ္ဌိကလဲ ပါရတာကိုး၊ အဲဒီတော့ ဒိဋ္ဌိကို မြန်မာတွေ နားလည်နေတာက အယူမှားမှုကို ဒိဋ္ဌိပဲ၊ အမြင်မှားမှုကို ဒိဋ္ဌိပဲလို့ နားလည်နေကြပါတယ်။ အမှန်က ဒိဋ္ဌိဆိုတဲ့ ပါဠိရိုးရိုးကတော့ အမြင်သာမညပဲ။ အယူမှာလဲ မှန်တဲ့အယူ မှားတဲ့ အယူဆိုပြီး နှစ်မျိုး၊ အမြင်ကလဲ မှန်တဲ့အမြင် မှားတဲ့အမြင်ဆိုပြီး နှစ်မျိုးရှိ ပါတယ်။ အကုသိုလ်စေတသိက်မှာ ဒိဋ္ဌိလို့ သာမညလာပေမဲ့ ဒိဋ္ဌိဆိုတာဟာ ဒီနေရာမှာ မိစ္ဆာဒိဋ္ဌိ=မှားတဲ့အယူကို ခေါ်ပါတယ်။ မှန်တဲ့အမြင် ကောင်းတဲ့အမြင် အယူမှန်ကို သမ္မာဒိဋ္ဌိလို့ ခေါ်ပါတယ်။

အဲဒီတော့ ဒိဋ္ဌိဟာ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိလို့ နှစ်မျိုးရှိပါတယ်၊ မိစ္ဆာဒိဋ္ဌိကိုသာ အယူမှားမှု၊ အမြင်မှားမှုလို့ ဘာသာပြန်ရတာပါ။ သမ္မာဒိဋ္ဌိကိုတော့ မှန်သော အယူ မှန်သောအမြင်လို့ ပြန်ရပါတယ်၊ အကုသိုလ်စေတသိက်မှာ မိစ္ဆာတွေ သမ္မာတွေ မတပ်ဘဲနဲ့ ဒိဋ္ဌိဆိုပြီး သာမညပဲ လာပါတယ်။ ဒါပေမဲ့ အကုသိုလ် စေတသိက်ထဲမှာပါတဲ့အတွက် ဒိဋ္ဌိလို့ သာမညပါပေမဲ့ အယူမှားမှု၊ အမြင်မှားမှုလို့ ဘာသာပြန်ရပါတယ်။ ဒိဋ္ဌိစေတသိက်က နဲနဲကျယ်ဝန်းပါတယ်။ ဒိဋ္ဌိရဲ့ အဓိပ္ပါယ်ကို စာအုပ်ရေးမယ်ဆိုရင် စာအုပ်ကြီး တစ်အုပ်လောက် ရေးလို့ရနိုင် ပါတယ်။

သုတ္တန်မှာ ဟောထားတဲ့ ဒိဋ္ဌိပေါင်း အယူဝါဒ အမျိုးအစားပေါင်း (၆၂) ပါးတောင် ရှိပါတယ်။ အဲဒီ (၆၂)ပါးထဲက အရေးကြီးတဲ့ ဒိဋ္ဌိကိုပဲ ရှင်းပြသွားပါ့မယ်။ ဒိဋ္ဌိဆိုတိုင်း (၆၂)ပါးလုံး သိပ်ဆိုးတဲ့ ဒိဋ္ဌိ မဟုတ်ပါဘူး။

**သိပ်ဆိုး**တဲ့ ဒိဋ္ဌိက **သုံးမျိုး**ပဲ ရှိပါတယ်။ သိပ်ဆိုးတဲ့ ဒိဋ္ဌိက (၁) နတ္ထိကဒိဋ္ဌိ၊ (၂) အဟေတုကဒိဋ္ဌိ၊ (၃)**အကိ**ရိယဒိဋ္ဌိ၊ သုံးမျိုးပဲ ရှိပါတယ်။ ဒိဒိဋ္ဌိသုံးမျိုးကတော့ အဆိုးဆုံးပါပဲ၊ စကားလုံး**တွေ**က ပါဠိစကားလုံးတွေဆိုတော့ ကျဉ်းတာပေါ့။ ကျဉ်းတဲ့အတွက် **နတ္ထိကဒိဋ္ဌိ**၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိလို့ ခေါ်လိုက်ရ တာက ရှင်းပါတယ်။

## နတ္ထိကဒိဋ္ဌိ

နတ္ထိကဒိဋ္ဌိဆိုတာက မရှိတာ။ ကုသိုလ်လုပ်လုပ် အကုသိုလ်လုပ်လုပ် အကျိုးမရှိဘူးလို့ ယူဆတဲ့ အယူမျိုးကို နတ္ထိကဒိဋ္ဌိလို့ ခေါ်ပါတယ်။ သူက အကျိုးကို ပစ်ပယ်တဲ့ အယူဝါဒပါပဲ၊ လူတွေ ဒါနလုပ်တယ်၊ ကျောင်းဆောက် တယ်၊ ဘုရား တည်တယ်၊ ဒီကုသိုလ်တွေ ဒါနတွေ ကောင်းတာတွေ လုပ်ပေမဲ့ အဲဒီ ကုသိုလ်ရဲ့ အကျိုးကို ဒီဘဝမှာလဲ မခံစားရဘူး။ နောက်ဘဝမှာလဲ မခံစားရဘူး။ နတ္ထိကဝါဒီတွေက နောက်ဘဝကိုလဲ မရှိဘူးလို့ ယူဆတယ်။ ဒီဘဝမှာ ကုသိုလ်တွေ လုပ်ပေမဲ့ ကောင်းကျိုးကို ခံစားရမယ်ဆိုတာလဲ ဟုတ်ကို မဟုတ်ဘူး။ဒါဘုန်းကြီးတွေ၊ပညာရှိတွေ သူတို့အကျိုးအတွက် ရေးချင်ရာ ရေး ဟောချင်ရာ ဟောနေတာလို့ ယူတဲ့ အယူဝါဒ ဖြစ်ပါတယ်။ ဒီ ဒိဋ္ဌိကတော့ သိပ်ဆိုးသွားတယ်။

"ကောင်းတာတွေ လုပ်လဲ အကျိုးမရှိဘူး၊ မကောင်းတာတွေ လုပ်လဲ အပြစ်မရှိဘူး။ အကုသိုလ်တွေ လုပ်ချင်တိုင်း လုပ်၊ သူများအသက် သတ်ချင်တိုင်း သတ်၊ သူ့ပစ္စည်း ခိုးချင်တိုင်း ခိုး၊ မကောင်းတဲ့ ဒုစရိုက်တွေ ဘာပဲလုပ်လုပ် ဒီဘဝမှာ ချမ်းသာတာပဲ။ မကောင်းတာတွေလုပ်လို့ ဆင်းရဲ တယ်ဆိုတာ ဟုတ်ကို မဟုတ်ဘူး။ ဘယ်သူတွေကတော့ မကောင်းတာတွေ လုပ်ပြီး ချမ်းသာနေတာပဲ"လို့ လက်ညှိုးထိုးပြတဲ့ လူတွေ ရှိသေးတယ်။

နောက်ဘဝ ငရဲကျမယ်ဆိုတာကိုတော့ သူတို့က နောက်ဘဝမရှိတဲ့လူတွေ ဆိုတော့ ပြောစရာကို မလိုတော့ဘူး။ နောက်ဘဝဆိုတာလဲ မရှိဘူး၊

နောက်ဘဝမှာ ဒါတွေ ခံရမယ်ဆိုတာလဲ ခြောက်လှန့်ပြောတာ၊ နောက်ဘဝ သိတဲ့လူ ဘယ်နှစ်ယောက် ရှိလို့တုံး၊ ဒီလို လာတာကိုး၊ ဒီဝါဒက လူကြိုက်တော့ များတယ်။

နတ္ထိကဒိဋ္ဌိ အယူဝါဒမှာ "အဖေကိုလဲ ဘာမှ ကျေးဇူးဆပ်ဖို့ မလိုဘူး၊ သူတို့ဟာ သူတို့ မင်္ဂလာဆောင်ပြီး သူတို့ဟာသူတို့ ယူချင်လို့ မွေးလာတာ။ ဘာကျေးဇူးမှ မရှိဘူး၊ အမေဆိုတာလဲ အမေ့ကျေးဇူးရှိတယ်ဆိုတာ အလကား ပြောကာ၊ သူ့ဘာသာသူ မင်္ဂလာဆောင်လို့ မွေးလာတာ။ အဲဒီတော့ အမေ့ကျေးဇူး ဆိုတာလဲ ဘာမှမရှိဘူး။ အမေ့ကျေးဇူးဆပ်စရာမလို၊ အဖေ့ကျေးဇူးဆပ်စရာမလို၊ နောက်ဘဝတွေလဲ မရှိဘူး"လို့ ယူဆကြပါတယ်။

အမှန်ကတော့ ဒီနတ္ထိကဒိဋ္ဌိရဲ့ အယူက (၁၀) မျိုးတောင် ရှိပါတယ်။ ချုံးလိုက်ရင် ကောင်းတာလုပ်လဲ အကျိုးမရှိဘူး၊ မကောင်းတာလုပ်လဲ အပြစ်မရှိဘူး၊ အဲဒါ နတ္ထိကဒိဋ္ဌိပဲ။ အဲဒီ ဒိဋ္ဌိက သိပ်ဆိုးသွားပါတယ်။ အဲဒီလို အယူဝါဒတွေကို လူတွေထဲ ဖြန့်ပေးလို့ရှိရင် လူ့လောကကြီးဟာ အလွယ်ကလေးနဲ့ ပျက်စီးသွားနိုင်ပါတယ်။ လူ့လောကကြီးကို ကောင်းအောင် ပြုပြင်ပေးဖို့ အယူဝါဒက သိပ်ခဲယဉ်းပါတယ်။ လောကကောင်းစားရေး လုပ်ရတာက သိပ်ခဲယဉ်းပါတယ်၊ အဖျက်လုပ်ငန်းကတော့ သိပ်လွယ်တာပဲ။

အပြောကောင်းကောင်း အဟောကောင်းကောင်း အရေးကောင်းကောင်း နဲ့သာ ဖြန့်ပေးလိုက်လို့ရှိရင် ဒီနတ္ထိကဒိဋ္ဌိဟာ သိပ်ပြန့်လွယ်ပါတယ်။ အဲဒီဝါဒမျိုးကတော့ လောကကြီးကို ပျက်စီးသွားစေနိုင်တဲ့ အဖျက်ဝါဒ သက်သက်မျိုး မို့လို့ နတ္ထိကဒိဋ္ဌိလို့ ခေါ်တယ်။ ဘုရားလက်ထက်ထဲက ဒီဝါဒတွေ ရှိနေတာပဲ။ တိတ္ထိကြီးခြောက်ယောက်ဆိုတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီနတ္ထိကဒိဋ္ဌိလဲ ပါပါတယ်။ အဲဒီတော့ နတ္ထိကဒိဋ္ဌိဆိုတာ အကျိုးကို ပယ်တဲ့ ဝါဒပါပဲ။

## အဟေတုကဒိဋ္ဌိ

အဟေတုကဒိဋ္ဌိက အကြောင်းကို ပယ်တာပဲ။ လူဖြစ်လာရတဲ့ အကြောင်းဟာ ဘာသာရေးတရားတွေမှာ အများကြီးရှိတယ်။ ဗုဒ္ဓဘာသာတွေမှာ

လူဖြစ်လာရတဲ့ အကြောင်းဟာ အတိတ်အကြောင်းပေါ့၊ အတိတ်က ကုသိုလ်ကြောင့် လူဖြစ်လာရတယ်လို့ ဗုဒ္ဓဘာသာက ပြောတယ်။ အဟေတုကဒိဋ္ဌိဆိုတာက လူဖြစ်လာတာ အတိတ်ကကုသိုလ်ကံကြောင့် ဖြစ်လာတာမဟုတ်ဘူး၊ အတိတ်အကြောင်း ဘာအကြောင်းမှ မရှိဘူး၊ အဟေတုကဝါဒီတွေဟာ အတိတ်ဘဝ မရှိတဲ့ လူတွေပဲ။ အတိတ်ဘဝမရှိတဲ့ လူတွေဆိုတော့ လူဖြစ်လာတာဟာ အဖေနဲ့ အမေ မင်္ဂလာဆောင်လို့ရှိရင် လူဟာ ဖြစ်လာတာပဲ။ ဒါလောက်ပဲ သူတို့က သိတာ။ အတိတ်က ကုသိုလ်ကံတွေ ဘာတွေ ဘာမှ မဟုတ်ဘူးလို့ ဒီလိုယူဆတဲ့ဝါဒ ဖြစ်ပါတယ်။

အဟေတုကဒိဋ္ဌိဆိုတာက လူဖြစ်လာတာတင် မကဘူး၊ အခုဘဝမှာ ချမ်းသာတယ်၊ ချမ်းသာတာကို ဘာသာရေးတရားတွေက အတိတ်ဘဝက ကုသိုလ်ကံတွေ လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ ချမ်းသာတယ်လို့ ယူဆတာကိုး။ အဟေတုကဒိဋ္ဌိသမားတွေကတော့ ချမ်းသာတယ်ဆိုတာဟာ အတိတ်ဘဝက ကုသိုလ်ကြောင့် ချမ်းသာတာ မဟုတ်ဘူး၊ သူတို့က လက်တွေ့ ညွှန်ပြတယ်။ ဘယ်ကောင်တွေ ဘယ်ကောင်တွေ ချမ်းသာနေတာ ဘာကြောင့် ချမ်းသာနေတာ၊ အတိတ်ဘဝက ကုသိုလ်ကံကြောင့် မဟုတ်ပါဘူး၊ ချမ်းသာတာလဲ အတိတ်အကြောင်း မပါဘူး၊ သူတို့မှာ အတိတ်ဘဝ အနာဂတ်ဘဝဆိုတာ မရှိဘဲကိုး။

ဆင်းရဲတဲ့လူတွေ ရှိတယ်။ ဒီဆင်းရဲတဲ့လူတွေ ဘာဖြစ်လို့ ဆင်းရဲနေတုံး၊ ဘယ်လိုလူတွေက သွေးစုပ်လို့၊ ဒါမှ မဟုတ်ရင် ဘယ်လိုလူတွေက နှိပ်စက်လို့၊ ဘယ်လိုလူတွေက ခေါင်းပုံဖြတ်လို့ ဆင်းရဲနေတယ်၊ ဒါလောက်ပဲ မြင်တယ်။ လူတွေ ဆင်းရဲတာဟာ အတိတ်ကံကြောင့် ဆင်းရဲနေတယ်ဆိုတဲ့ ဒီအကြောင်းကို ယုံကို မယုံဘူး။ အဲဒီတော့ အတိတ်အကြောင်းကို ပယ်လိုက်တာက အဟေတုကဒိဋ္ဌိပဲ။ ချမ်းသာတာ ဆင်းရဲတာလဲ အတိတ်အကြောင်း မဟုတ်ဘူး။ လူဖြစ်လာရတာတို့ ရာထူးကြီးရတာ မရတာတို့ တန်ခိုးကြီးတာ မကြီးတာတို့ အတိတ်အကြောင်းကြောင့်ဆိုတဲ့ အယူမျိုးကို အကုန်ပယ်လိုက်တာကိုး၊ ဒါမျိုးကို အဟေတုကဒိဋ္ဌိလို့ ခေါ်ပါတယ်။

သိပ်တော့ မကွာပါဘူး၊ နတ္ထိကဒိဋ္ဌိက အကျိုးတရားကို ပယ်လိုက်တာ။ အဟေတုကဒိဋ္ဌိက အကြောင်းတရားကို ပယ်လိုက်တာ။ အကျိုးတရားကို ပယ်လိုက်တဲ့ ပုဂ္ဂိုလ်ကလဲ အကြောင်းတရားကို ပယ်ပြီးသား ဖြစ်သွားတာပဲ။ အကြောင်းတရားကို ပယ်လိုက်တဲ့ ပုဂ္ဂိုလ်ဟာလဲ အကျိုးတရားကို ပယ်ရာကျသွားတာပဲ။ ဒါကြောင့်မို့ အဟေတုကဒိဋ္ဌိဆိုတာကလဲ လောကကြီးကို အားလုံး ပျက်စီးစေနိုင်ပါတယ်။

ကောင်းတာလုပ်ရင် ချမ်းသာတယ်၊ မကောင်းတာလုပ်ရင် ဆင်းရဲတယ်လို့ လူတွေက ယုံကြည်မှုရှိမှ ကောင်းအောင် လုပ်ကြမှာပါ၊ မကောင်းတာလုပ်လဲ ချမ်းသာတာပဲလို့ ဝါဒဖြန့်ပေးရင် လူတိုင်း မကောင်းတာ လုပ်ကြပါလိမ့်မယ်။ ဘယ်သူမှ ကောင်းတာမလုပ်ချင်ဘူး၊ မကောင်းတာ မလုပ်မိအောင် တော်တော် စောင့်ထိန်းပြီး နေကြရတာ။ အဲဒီတော့ လူမှုရေးအရရော ဘာသာရေးအရပါ စောင့်ထိန်းပြီး နေကြတာ။ အကယ်၍သာ မကောင်းတာလုပ်ရင်လဲ ချမ်းသာနိုင်တာပဲလို့ လူတိုင်းလူတိုင်းမှာ ယုံကြည်မှုရှိလာရင် လူတွေအားလုံး မကောင်းတာချည်း လုပ်ကြမှာပဲ၊ ကောင်းတဲ့လူဆိုတာ ရှိမှာ မဟုတ်တော့ဘူး။ အဲဒီတော့ လူတိုင်းလူတိုင်း မကောင်းတာ လုပ်လို့ရှိရင် တိုင်းပြည်တစ်ခုကို ဘယ့်နှယ် လုပ်ပြီး တည်ထောင်လို့ ရမှာလဲ။ ခု တိုင်းပြည်တည်ဆောက်လို့ ရတယ်ဆိုတာက မကောင်းတာလုပ်တဲ့ အဖျက်သမားတွေ ရှိနေပေမဲ့ ကောင်းအောင် လုပ်နေတဲ့ လူတွေက ရာခိုင်နှုန်း များနေသေးလို့သာ လောကကြီး မပျက်စီးတာ။

ဥပမာ – ဓားပြဆိုပါတော့၊ လူတိုင်းလူတိုင်း ဓားပြတိုက်ကြလို့ရှိရင် ချမ်းသာတဲ့ လူတွေ ဘယ်လိုလုပ်နေပါ့မလဲ။ လက်နက်တွေ ရှာပြီးတော့ တိုက်ကြမှာပဲ၊ လူတိုင်း သတ္တိရှိတာပဲ၊ မိုက်ဘယ်ဆိုတာ အလွယ်ကလေးပဲ၊ အဲဒီတော့ ဓားပြတိုက်ကြတမ်းဆိုလို့ရှိရင် ကိုယ့်ရပ်ရွာကို သူက တိုက်မယ်၊ သူ့ရပ်ရွာကို ကိုယ်က သွားတိုက်မယ်၊ အပြန်အလှန် ဓားပြတိုက်ကြရင် စီးပွားရေးတွေ ဘယ်လို လုပ်လို့ရမလဲ၊ ဘယ်အစိုးရမျိုး၊ ဘယ်ဥပဒေမျိုးနဲ့မှ လုပ်လို့မရနိုင်တော့ဘူး၊ လူတွေဟာ မကောင်းတာလုပ်လို့သာ ချမ်းသာတယ်လို့

ဒီလို ယုံကြည်ချက်ရှိတဲ့လူတွေများလာရင် ဘယ်လိုမှ အုပ်ချုပ်လို့ မရတော့ဘူး၊ ဒါကြောင့် အဟေတုကဒိဋ္ဌိဟာ ဆင်းရဲတာလဲ အတိတ်အကြောင်း မပါဘူး၊ ချမ်းသာတာလဲ အတိတ်အကြောင်းမပါဘူးလို့ အတိတ်အကြောင်းကို ပယ်တယ်၊ အဟေတုကဒိဋ္ဌိဆိုတာလဲ သိပ်ဆိုးတဲ့ ဒိဋ္ဌိဖြစ်ပါတယ်။

ဗုဒ္ဓဘာသာတွေမှာလဲ သက္ကာယဒိဋ္ဌိကတော့ ရှိနေတာပါပဲ၊ ဒါပေမဲ့ နတ္ထိကဒိဋ္ဌိတော့ မရှိပါဘူး၊ ဗုဒ္ဓဘာသာဆိုရင် နတ္ထိကဒိဋ္ဌိလဲမရှိဘူး၊ အဟေတုက ဒိဋ္ဌိနဲ့ အကိရိယဒိဋ္ဌိလဲ မရှိဘူး။ ကိုယ်မစားရက်ဘဲ ကိုယ့်သားသမီးနဲ့ ကိုယ်အင်မတန်ချစ်တဲ့ မိတ်ဆွေတွေတောင် မပေးရက်ဘဲ အကုန်အကျများစွာ ခံပြီး ချွေးနဲ့စာတွေကို လှူကြတယ်ဆိုတာ ကုသိုလ်ဒါနပြုရင် အင်မတန် အကျိုးကြီးတာပဲဆိုတဲ့ ယုံကြည်ချက်ရှိနေလို့ လှူကြတာပဲ ဖြစ်ပါတယ်။ ဗုဒ္ဓ ဘာသာမှာ လှူတဲ့သူတွေက "ငါ ဒီဘဝမှာ ချမ်းသာနေတာက ငါတော်လို့ ငါလည်လို့ ချမ်းသာနေတာ မဟုတ်ဘူး။ ငါ့ညီအစ်ကို မောင်နှမ ဆွေမျိုးမိဘက ကောင်းကောင်းလုပ်ခဲ့ကြလို့ ကောင်းကောင်းနေခဲ့ကြလို့ အတိတ်ဘဝက ကောင်းခဲ့ ကြလို့ အခု ကောင်းကောင်းနေရတာ။ ဒီတော့ ငါလဲ ကောင်းကောင်းနေ ကောင်းကောင်းလုပ်မှပဲ၊ လက်တွေ့ဒီဘဝမှာ ချမ်းသာတာကို တွေ့တာနဲ့ နောက်ဘဝ ဘဝမှာလဲ ဘယ်တော့မှ မဆင်းရဲအောင်"လို့ ဆိုပြီး ကုသိုလ်ဒါနတွေ လုပ်ကြပါတယ်။ အဲဒီတော့ ဗုဒ္ဓဘာသာဆိုတာ အတိတ်ဘဝကိုလဲ ယုံကြည် တယ်။ အနာဂတ်ဘဝကိုလဲ ယုံကြည်တယ်။ ကုသိုလ်ကံ အကုသိုလ်ကံကိုလဲ ယုံကြည်တယ်။ ဒါ ဗုဒ္ဓဘာသာရဲ့ အခြေခံပါပဲ။

## အကိရိယဒိဋ္ဌိ

အကိရိယဒိဋ္ဌိဆိုတာက ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတာကိုက မရှိဘူးတဲ့။ ဒါအင်မတန်ရှင်းတဲ့ နည်းတွေနဲ့ တင်ပြနေတာဖြစ်ပါတယ်။ စာလိုပြောနေမယ် ရေးနေမယ်ဆိုရင် အင်မတန် ဘာသာပြန်ရတာ ခက်တဲ့ ပုဒ်ဖြစ်ပါတယ်။ ဒီ အကိရိယဒိဋ္ဌိဆိုတာ ကုသိုလ်အကုသိုလ်ကံဆိုတာကိုက မရှိဘူးလို့ ယူတယ်။

ဒိဋ္ဌိသုံးပါး ဘယ်လိုထူးသလဲ။ နတ္ထိကဒိဋ္ဌိဆိုတာက ကုသိုလ်ကံအကုသိုလ်ကံရဲ့ အကျိုးပေးမှု မရှိဘူးလို့ ယူတယ်။ အဟေတုကဒိဋ္ဌိဆိုတာက အတိတ်ကုသိုလ်ကံ အကုသိုလ်ကံ အကြောင်းတရားတွေကို ပယ်တယ်။ ဒီအကိရိယဒိဋ္ဌိက ကုသိုလ်ကံ အကုသိုလ်ကံဆိုတာမျိုးကိုက မရှိဘူးလို့ ယူပြီးတော့ ပယ်တယ်။

ကုသိုလ်ကံ အကုသိုလ်ကံ မရှိဘူးဆိုတာက အမိပ္ပါယ်တစ်မျိုး။ အဟေတုကဒိဋ္ဌိက ကုသိုလ်ကံ အကုသိုလ်ကံဆိုတာရှိတယ်၊ လောကမှာ ကံဆိုတာ ရှိတော့ ရှိတယ်၊ ဒါပေမဲ့ အတိတ်ကံက ဒီပစ္စုပ္ပန်ဘဝမှာ လိုက်ပြီး အကျိုး မပေးဘူးလို့ အတိတ်အကြောင်းတရားကို ပယ်တယ်။ ဒီဘဝက အကြောင်းက နောက်ဘဝမှာ အကျိုးပေးလိမ့်မယ်ဆိုတဲ့ အကြောင်းကို ပယ်တယ်။ အကိရိယ ဒိဋ္ဌိက အဲဒီလို မဟုတ်ဘူး။ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာကိုက မရှိဘူး။ ကံဆိုတာ လူတွေက သက်သက် ခေါ်နေတာ၊ ကံဆိုတာ ရှိကို မရှိဘူးလို့ ယူတယ်။

ဥပမာ – လူသတ်တယ်ဆိုပါတော့၊ အကိရိယဒိဋ္ဌိဆိုတဲ့စကားက အဘိဓမ္မာ စကားပါ၊ အဘိဓမ္မာအစာမကြေရင် ဒုက္ခများတတ်တယ်။ ဒီအကိရိယဒိဋ္ဌိဝါဒီ ဆိုတာ မမှန်ကန် မပြည့်စုံတဲ့ အဘိဓမ္မာသမားတွေပဲ၊ သူတို့က ရုပ်ပိုင်းကို လေ့လာတဲ့အခါ လူမှာ ဇီဝိတရုပ်ဆိုတာ ရှိတယ်၊ ဒီလူရဲ့ခန္ဓာကိုယ်ထဲက ဇီဝိတ ရုပ်ကို ဓားနဲ့ခုတ်လို့ မထိနိုင်ဘူးတဲ့၊ ဘာဖြစ်လို့ မထိနိုင်သလဲဆိုတော့ ရုပ် (၂၈) ခုမှာ အာကာသဓာတ်ဆိုတဲ့ အပေါက်(အကြား)ရှိတယ်၊ သိပ္ပံဆရာတွေလဲ သိပါတယ်။ ဓားနဲ့ခုတ်လို့ မရဘူး။ သေနတ်နဲ့ပစ်လဲ မပေါက်ဘူး၊ အာကာသ ရှိတဲ့ လူတစ်ယောက်ကို ဓားနဲ့ခုတ်လိုက်လို့ သေသွားတယ်ဆိုလို့ရှိရင် ဓားက အာကာသထဲကို ဝင်သွားတာ။ ဒါဟာ လူသတ်တာ မဟုတ်ဘူးတဲ့။ လူ တစ်ယောက်ကို သတ်လို့ မရပါဘူးတဲ့။ လူသတ်တဲ့ ပါဏာတိပါတအကုသိုလ် ကံဆိုတာ ဖြစ်ကို မဖြစ်ဘူးတဲ့။ သူတို့က ဒီလို ယူဆတာကိုး။

သူများပစ္စည်းခိုးတဲ့ သူဆိုတာလဲ ရှိကိုမရှိဘူးတဲ့။ သူက အဘိဓမ္မာသမား။ ဘယ်လို အဘိဓမ္မာသမားလဲ၊ သူ့ပစ္စည်း ငါ့ပစ္စည်းဆိုတာ ရှိကိုမရှိဘူး။ ပရမတ္ထ အားဖြင့် သူပိုင် ကိုယ်ပိုင်ဆိုတာ ရှိကိုမရှိဘူးတဲ့။ သူတို့က ဒီလိုဟောပြောရေး

နေကြတာ။ သူ့ပစ္စည်း ကိုယ့်ပစ္စည်း၊ သူပိုင် ကိုယ်ပိုင်ဆိုတာ မရှိဘူး။ တိုင်းပြည် တစ်ခုမှာ ရှိတဲ့ပစ္စည်းဟာ ဒီတိုင်းပြည်ထဲက လူတွေအားလုံး ညီတူညီမျှ ပိုင်တယ်။ သူ့မြေ ကိုယ့်မြေဆိုတာ မရှိဘူး။ အဘိဓမ္မာနဲ့ကြည့်လိုက်တော့ ဘာမှ ပိုင်တယ် ဆိုင်တယ်ဆိုတာ မရှိတော့ဘူးပေါ့။

ပညတ်နယ်နဲ့ ပရမတ်နယ်ဆိုတာက ပညတ်နယ်မှာဆိုရင် ပညတ်အတိုင်း ယူရတယ်၊ ပရမတ်နယ်ကျမှ ပရမတ်အတိုင်း ယူရတယ်၊ ကိုယ်က ပညတ်နယ်က လူသား၊ ပရမတ်နယ်က စကားတွေချည်း သွားပြောတော့ သူများပစ္စည်း, ကိုယ့်ပစ္စည်း၊ ကိုယ်ပိုင်, သူပိုင်ပစ္စည်းမရှိဘူးဆိုတော့ အဒိန္နာဒါနကံဆိုတာကိုက မရှိတော့ဘူး၊ ဒီလိုယူဆတဲ့ဝါဒကို အကိရိယဒိဋ္ဌိလို့ ခေါ်ပါတယ်။ ဒါကြောင့်မို့ ဒီအကိရိယဒိဋ္ဌိဟာ ရှင်းရှင်းကတော့ ကံကိုမရှိဘူးလို့ယူတဲ့အတွက် အကြောင်း ကိုလဲ ပယ်လိုက်တာ ဖြစ်သွားတယ်၊ အကျိုးကိုလဲ ပယ်ပြီးသား ဖြစ်သွားတယ်၊ အရင်းအမြစ်က စပြီး ပယ်လိုက်တာပါပဲ။ အဲဒါကြောင့်မို့ ဒီ ဒိဋ္ဌိကြီးသုံးမျိုးက သိပ်ဆိုးတာ။ ဒီ ဒိဋ္ဌိကြီးသုံးမျိုးရဲ့ ယုံကြည်ချက်ကို မစွန့်လွှတ်ဘဲနဲ့ သေသည့် တိုင်အောင်ပါသွားရင် တစ်ခါထဲ အဝီစိကို ဇောက်ထိုး ကျသွားမှာပဲ။ တစ်ချို့က ပြောကြတယ်၊ ဒီကောင်ကတော့ သိပ်အကုသိုလ်ကံတွေ များပါတယ်ကွာ၊ သံချိုင်း ကုန်းမှာ ကျင်းတူးစရာ မလိုဘူး၊ သူ့ကို မှောက်ပေးလိုက်လို့ရှိရင် သူ့ဟာသူ အဝီစိကို ယက်ဝင်သွားမယ်တဲ့၊ အဲဒီလိုပြောကြတယ်။ သူ့ဟာသာသူ အဝီစိကို ယက်ပြီးဝင်သွားမယ်ဆိုတာ ဒီ ဒိဋ္ဌိကြီးသုံးမျိုးကို ယူတဲ့ လူတွေကို ပြောတာ။ အဲဒီတော့ ဒိဋ္ဌိ (၆၂)ပါးရှိတယ်ဆိုပေမဲ့ ဒီ ဒိဋ္ဌိကြီးသုံးပါးကတော့ လွတ်အောင် လုပ်ရမှာပါ။ ဒိဋ္ဌိပေါင်း ၆၂–ပါးရှိပေမဲ့ စာဖတ်သူတွေ မှတ်သားရမှာက ဗုဒ္ဓ ဘာသာမှာ ဒီ ဒိဋ္ဌိကြီးသုံးမျိုးကတော့ လွတ်ကိုလွတ်ရမယ်။ ဒီ ဒိဋ္ဌိကြီးသုံးမျိုးက မလွတ်လို့ရှိရင် ကုသိုလ်တွေလုပ်နေပေမဲ့ လုပ်နေတဲ့ ကုသိုလ်တွေက နိယတ မိစ္ဆာဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိကြီးသုံးပါးရဲ့ မကောင်းကျိုးတွေကို ဘယ်နည်းနဲ့မှ မကယ်နိုင် ဘူး၊ သေခါနီးကျတော့ ဒီ ဒိဋ္ဌိအယူ အကုသိုလ်တွေက အကုန်ပြုံပြီး ဆုံလာ ကြမယ်။ အယူဝါဒဆိုတာက စိတ်ထဲမှာရှိတော့ ဒီအယူဝါဒတွေကို သေတဲ့

အထိ မစွန့်လွှတ်ရင် တစ်ခါထဲ အဝီစိရောက်သွားမှာပဲ။ အဲဒါကြောင့် ဒိဋ္ဌိကြီးသုံးပါးကတော့ လွှတ်အောင် ကြိုးစားဖို့ လိုပါတယ်။

## သဿတဒိဋ္ဌိ

အများသိထားတဲ့ ဒိဋ္ဌိနှစ်မျိုးလည်း ရှိပါသေးတယ်။ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒ ဒိဋ္ဌိတို့ဖြစ်ပါတယ်။ သူတို့က အင်မတန် ကျယ်ဝန်းတယ်၊ ဒိဋ္ဌိ ၆၂-ပါးဖြစ်သွား တယ်ဆိုတာက သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကနေပြီးတော့ ၆၂-ခု ဖြစ်သွားတာ။

သဿတဒိဋ္ဌိက ဘယ်လောက်ရှိတယ်၊ ဥစ္ဆေဒဒိဋ္ဌိက ဘယ်လောက်ရှိတယ် ဆိုပြီး မြတ်စွာဘုရားက သုတ္တန်ပါဠိတော် ဒီဃနိကာယ် ဗြဟ္မဇာလသုတ်မှာ ဟောခဲ့ပါတယ်။ အဲဒီတော့ သဿတဒိဋ္ဌိဆိုတာ ဘယ်လိုဒိဋ္ဌိမျိုးလဲ၊ ဥစ္ဆေဒဒိဋ္ဌိ ဆိုတာ ဘယ်လိုဒိဋ္ဌိမျိုးလဲ။

သဿတဒိဋ္ဌိဆိုတာက သဿတက မြဲတယ်၊ ဒိဋ္ဌိက အယူ၊ မြဲတဲ့အယူ ပါပဲ။ ဘယ်လို မြဲတာလဲ၊ အတ္တဟာ တစ်ဘဝက တစ်ဘဝကို ပြောင်းပြီးတော့ သွားနေတာ။ အတ္တဟာ မြဲတယ်၊ သေတယ်ဆိုတာမရှိဘူး၊ ဒီဘဝကနေပြီးတော့ နောက်ဘဝကို ပြောင်းသွားတယ်၊ အတ္တဟာ တစ်ဘဝက တစ်ဘဝကို ပြောင်းပြီး တော့ သွားနေတာပဲ။ သေတယ်ဆိုတာ အတ္တမှာ မရှိဘူး၊ အတ္တဟာ မြဲတယ်လို့ ဒီလိုယူဆတဲ့ ဒိဋ္ဌိမျိုးကို သဿတဒိဋ္ဌိလို့ ခေါ်ပါတယ်။ ဒီသဿတဒိဋ္ဌိက သိပ်မဆိုး ပါဘူး၊ သဿတဒိဋ္ဌိက ဘဝရှိတယ်၊ အတ္တဟာ တစ်ဘဝနဲ့ တစ်ဘဝ ပြောင်းပြီး တော့ သွားနေတယ်လို့ ဒီလိုယူဆတော့ သူ့မှာ ကုသိုလ် အကုသိုလ် ရှိတယ်။ မကောင်းတာ လုပ်လို့ရှိရင် နောက်ဘဝ ခံရမယ်။ ကောင်းတာလုပ်လို့ရှိရင် နောက်ဘဝမှာ အကျိုးခံစားရမယ်လို့ လက်ခံတယ်။ အဲဒီတော့ သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ဟာ လောကရေးရာမှာ ကြည့်ကြည့်၊ ဘာသာရေးမှာ ကြည့်ကြည့် ကုသိုလ်ကောင်းမှု ဒါန သီလလဲ လုပ်မယ်၊ သမထဆိုတဲ့ ဈာန်တရားတွေလဲ လုပ်မယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားမပွင့်ခင်က ကမ္ဘာပေါ်မှာ အကျင့်ကောင်းတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ အဲဒီအယူဝါဒဟာ ဘုရားမပွင့်ခင်ကတော့ အကောင်းဆုံး ဝါဒပါပဲ။ သဿတဒိဋ္ဌိဆိုတာ ဒိဋ္ဌိလို့သာခေါ်တယ်၊ ဗုဒ္ဓဘာသာ ထဲမှာတောင်မှ ဒီလို ယူဆတဲ့ ပုဂ္ဂိုလ်တွေ ရှိတာပဲ။ ဗုဒ္ဓဘာသာရဲ့ ပထမဆင့်မှာ ဆိုလို့ရှိရင် ဒီလို ယူတာဟာ သိပ်မဆိုးပါဘူး။ ဒီလို ယူလို့ နတ်ပြည် ရောက်နိုင်တယ်၊ ဗြဟ္မာ့ပြည် ရောက်နိုင်တယ်။ အဲဒီလိုရှိတော့ အကုသိုလ်ကို သူက မလုပ်ဘူး၊ ကုသိုလ်လုပ်မယ်၊ ကုသိုလ်လုပ်ရင် နတ်ပြည် လူ့ပြည် ရောက်မယ်၊ ဒီထက် တတ်နိုင်လို့ ဈာန်တွေ ဘာတွေ ရအောင် အားထုတ်မယ် ဆိုရင် ဈာန်လမ်းကို ရနိုင်တယ်။ ဒါကြောင့်မို့ သဿတဒိဋ္ဌိဟာ မြတ်စွာဘုရားရဲ့ ဝိပဿနာအရိယာလမ်းနဲ့ ကြည့်ရင်သာ ဒိဋ္ဌိလို့ ဆိုရတယ်၊ အမှန်ကတော့ လောကကြီးမှာ ဒီ့ပြင် ဒိဋ္ဌိတွေနဲ့ နှိုင်းမယ်ဆိုလို့ရှိရင် သဿတဒိဋ္ဌိဟာ ဘဝ ရှိတယ်လို့ ယူဆတယ်။ အကုသိုလ် ကုသိုလ်ရှိတယ်လို့ ယူဆတယ်၊ သူက ဝိညာဉ်တွေကိုလဲ တည်မြဲတယ်လို့ ယူဆတယ်။ ဒါကတော့ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေထဲမှာလဲ ဒီအတိုင်း ယူဆတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိခဲ့တာပဲ။ ဒိဗ္ဗစက္ခု အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေ, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေ, နောက်ဘဝ ပြန်မြင်တဲ့ ပုဂ္ဂိုလ်တွေ, ရှေးဘဝမြင်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘုရားမဟုတ် ပေမဲ့ သူတို့က ဝိညာဉ်ဟာ တစ်ဘဝက တစ်ဘဝ ပြောင်းနေတာကို ကိုယ်တိုင် မြင်တာကိုး၊ မြင်တဲ့အတိုင်း သူတို့က ပြောတာ၊ ပြောတော့ သူတို့ အယူဝါဒ သဿတဒိဋ္ဌိဆိုပြီး ဒီလို ဖြစ်လာတယ်။ အဲဒါကြောင့်မို့ သဿတဒိဋ္ဌိဆိုတာက သိပ်မဆိုးသေးပါဘူး။

## ဥစ္ဆေဒဒိဋ္ဌိ

ဥစ္ဆေဒဒိဋ္ဌိဆိုတာက ဥစ္ဆေဒ–ဆိုတာ ပြတ်တာ၊ ဒိဋ္ဌိက အယူ။ ပြတ်တယ် လို့ ယူတာပဲ။ ဘာ ပြတ်တာလဲ၊ အမှန်က ဥစ္ဆေဒဒိဋ္ဌိဆိုတာက လူဟာ မွေးတာ အစပဲ၊ သေရင် အဆုံးပဲ၊ သူ့မှာ သံသရာ မရှိဘူး၊ သေပြီးတဲ့နောက် လူကို သင်္ချိုင်းမှာ ပစ်လိုက်ရတာပဲ၊ ဘာမှ နောက်ဘဝတွေ ဘာတွေဆိုတာ

မရှိဘူး။ ခုခေတ်မှာတော့ ဥစ္ဆေဒဒိဋ္ဌိကို ယူဆတဲ့လူလဲ များလာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခုခေတ်လူတွေသိတာလဲ ဒါလောက်ပဲ သိတာကိုး၊ မွေးတဲ့နေ့ကစပြီးတော့ သေတဲ့နေ့အထိ ဒါလောက်ပဲ စဉ်းစားလို့ ရတယ်၊ ရှေ့ကို ဆက်ပြီး စဉ်းစားလို့ မရဘူး၊ ဈာန်တွေ အဘိညာဉ်တွေလဲ မရတော့ သူတို့ဟာ ဘာမှ မစဉ်းစားနိုင်တော့ဘူး၊ တစ်ဘဝထဲ ရှိတယ်လို့ယူတော့ မကောင်းတာတွေလဲ ဘယ်လောက် လုပ်လုပ် လုပ်ရဲတယ်၊ လောကမှာ အစိုးရရဲ့ အပြစ်ဒဏ်သာ မခံရဘူးဆိုရင် ဘယ်လောက်ကြီးကျယ်တဲ့ မကောင်းမှုကြီးတွေပဲဖြစ်ဖြစ် သူတို့လုပ်ရဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်ဘဝခံရမှာ ရှိမှမရှိဘဲကိုး၊ ခုဘဝမှာ ချမ်းသာမယ်ဆိုရင် အစိုးရတို့ လောကတို့ကလဲ အပြစ်မပေးဘူးသာ ဆိုရင် ဘယ်လောက်ကြီးကျယ်တဲ့ မကောင်းမှုပဲဖြစ်ဖြစ် အဖေကိုလဲ သတ်မှာပဲ၊ အဖေသတ်ရင် ဒီဘဝမှာ ရှင်ဘုရင်ဖြစ်မယ်ဆိုရင် အဖေလဲ သတ်မယ်၊ အမေသတ်လို့ ရှင်ဘုရင် ဖြစ်မယ်ဆိုရင် အမေကိုလဲ သတ်မှာပေါ့၊ တစ်ရပ်ကွက်လုံး မီးလောင်တိုက်သွင်းလိုက်လို့ရှိရင် ဘုရင်ဖြစ်မယ်ဆိုရင် မီးလောင်တိုက် သွင်းလိုက်မယ်၊ ဘာဖြစ်လို့လဲဆိုရင် သူက နောက်ဘဝမှ မရှိတာ။

အဲဒီ ဥစ္ဆေဒဒိဋ္ဌိက သိပ်ကြောက်စရာကောင်းပါတယ်၊ လူတိုင်း လူတိုင်းသာ ဒီအယူဝါဒရှိရင် ဘယ်အစိုးရမျိုးမှ အုပ်ချုပ်လို့မရတော့ဘူး၊ လောကပြုပြင်ရေး လောကကောင်းစားရေးမှာ ဘာသာရေးဟာ အင်မတန် အရေးပါတယ်။ ဘာကြောင့်လဲဆိုရင် ဘာသာရေးခံယူချက်အရ မကောင်းတာလုပ်လို့ရှိရင် အစိုးရ အပြစ်မပေးသည်ဖြစ်စေ၊ လောကအပြစ် မရှိသည်ဖြစ်စေ ဒီမကောင်းမှုမျိုးကို ငါမလုပ်ဘူးဆိုတဲ့ လူငယ်လူရွယ်တွေက အများကြီးရှိနေလို့၊ ဒါဟာ မကောင်းတဲ့ အလုပ်ပဲလို့ သိနေကြလို့ မလုပ်ဘဲနေကြတာ။ တချို့တလေက ချမ်းသာမယ် ဆိုတာ သိပါတယ်၊ ဘာလုပ်ရင် ချမ်းသာမယ်ဆိုတာ သိသားပဲ၊ ချမ်းလဲ ချမ်းသာချင်တယ်၊ လုပ်လဲ လုပ်ရဲသားပဲ၊ သတ္တိလဲ ရှိသားပဲ၊ သို့ပေမဲ့ ဒီအလုပ်ဟာ မကောင်းတဲ့ အလုပ်လို့ အယူအဆရှိနေတဲ့အတွက် တချို့ လူငယ်တွေက မလုပ်တာ၊ အဲဒီလို မလုပ်တဲ့ လူတွေရှိနေလို့ လောကကြီး တည်ဆောက်လို့

ရနေတာ။ လူတိုင်းလူတိုင်းသာ ချမ်းသာမယ်ဆိုရင် မကောင်းတာဖြစ်ပေမဲ့ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ အယူအဆတွေ ဝင်လာရင် အကုန် ထိန်းလို့သိမ်းလို့ ရမှာ မဟုတ်တော့ဘူး၊ ဒါကြောင့်မို့ ဥစ္ဆေဒဒိဋ္ဌိက သိပ်ဆိုးပါတယ်။ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိတွေဟာ ဒီဥစ္ဆေဒဒိဋ္ဌိက မြစ်ဖျားခံလာတာ ဖြစ်ပါတယ်။ ဒိဋ္ဌိ ၆၂–ပါးဆိုတာက ဒီ ဒိဋ္ဌိနှစ်ပါးကနေပြီးတော့ ၆၂–ပါး ကွဲပြားသွားတာပါပဲ။ ဒီအပြင်ဒိဋ္ဌိအမျိုးအစားတွေ အများကြီး ရှိပါသေးတယ်၊ ဝိပဿနာအားထုတ်သူတွေကတော့ သက္ကာယဒိဋ္ဌိကို အသိများကြပါတယ်။

## သက္ကာယဒိဋ္ဌိ

သက္ကာယဆိုတာက ထင်ရှားရှိနေတဲ့ မိမိရဲ့ခန္ဓာကိုယ်၊ ဒီခန္ဓာကိုယ်ကြီးကို အကြောင်းပြုပြီးတော့ ဒိဋ္ဌိဖြစ်တာက သက္ကာယဒိဋ္ဌိ။ လူတိုင်း လူတိုင်း နားလည် အောင်ဆိုရင် သက္ကာယဒိဋ္ဌိဆိုတာက ဒီခန္ဓာကိုယ်ကို ငါလို့ ထင်တယ်။ ဒါ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိလို့ ပြောသာ ပြောရတယ်၊ လူလုပ်နေတာက သက္ကာယဒိဋ္ဌိနဲ့ လူလုပ်နေတာ။ သက္ကာယဒိဋ္ဌိ မရှိရင် လူလုပ်နေလို့ကို မရဘူး။ သက္ကာယဒိဋ္ဌိသာ ပြုတ်သွားမယ်ဆိုရင် လူဟာ လူ့လောကမှာ ဘယ်လိုမှ နေလို့ မရတော့ဘူး။

ကိုယ့်ကိုယ်ကို ငါလို့မထင်ရင် ဘယ်လိုထင်ရမလဲ၊ ကိုယ့်ကိုယ်ကို ငါလို့ ထင်နေတာဟာ သက္ကာယဒိဋ္ဌိပဲ။ ကိုယ်က မွေးထားတဲ့သားကို ငါ့သားလို့ထင်တာ ပဲ။ ကိုယ်နဲ့ မွေးထားတဲ့ သားကိုမှ ငါ့သားလို့ မထင်ရင် ဘယ်လိုထင်ရမလဲ။ ကိုယ်ယူထားတဲ့ မယားကို ငါ့မယားလို့ ထင်ရမှာပဲ။ အိမ်ပြန်သွားရင် အော် ငါ့မိန်းမပဲ, ငါ့မယားပဲလို့ ဒီလိုထင်မှာပဲ။ ကလေးတွေ တွေ့လို့ရှိရင်လဲ ငါ့သား သမီးတွေလို့ ထင်မှာပဲ။ ကိုယ်ဆောက်ထားတဲ့အိမ်ဟာ ငါ့အိမ်လို့ ထင်မှာပဲ။ အဲဒီတော့ လူဆိုရင် သက္ကာယဒိဋ္ဌိဆိုတာ ရှိတာပါပဲ။ တချို့က သက္ကာယဒိဋ္ဌိ ပြုတ်အောင် တရားအားထုတ်တယ်တဲ့။ ဘယ်လိုလုပ်ပြီး အားထုတ်ရမှာလဲလို့ မေးတော့ ပြဿနာတွေ တက်တယ်။ ဘုရားက အားထုတ်တဲ့နည်းတွေတော့

ဟောခဲ့ပါတယ်။ အင်မတန် နက်နဲတဲ့ တရားတော်ပါ၊ သက္ကာယဒိဋ္ဌိပြုတ်ရေး တရားတော်ဆိုတာ အလွန်နက်နဲတဲ့ တရားတော်။ အဘိဓမ္မာ ဟောတာလဲ သက္ကာယဒိဋ္ဌိပြုတ်အောင် ဟောတာပဲ။ အင်မတန် နက်နဲပါတယ်။

အဲဒီတော့ ဒိဋ္ဌိမှန်သမျှ သက္ကာယဒိဋ္ဌိက ပေါက်ဖွားလာတာပဲ။ ဥပမာ– ငါလို့ ယူလိုက်တယ်၊ ဒီခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ငါလို့ ယူလိုက်တဲ့ အခါကျတော့ ငါသေတယ်ဆိုလို့ရှိရင် နောက်ဘဝဖြစ်အုံးမလား၊ မဖြစ်ဘူးလား ဆိုတဲ့ ပြဿနာ ပေါ်မယ်။ ငါရှိနေတာကိုး။ ငါကရှိနေတော့ ငါသေတယ်ဆိုရင် နောက်ဘဝ ဖြစ်အုံးမလား၊ မဖြစ်ဘူးလားဆိုတဲ့ ပြဿနာနှစ်ခု ဝင်လာတယ်။ ငါသေလို့ရှိရင် ငါဟာ ကောင်းတာလုပ်လို့ရှိရင် နောက်ဘဝမှာ ကောင်းတဲ့ဘဝ ရောက်မယ်၊ မကောင်းတာလုပ်လို့ရှိရင် မကောင်းတဲ့ဘဝ ရောက်မယ်လို့ ငါရှိနေတဲ့အတွက် သက္ကာယဒိဋ္ဌိ ဖြစ်သွားပါတယ်။

တချို့လူတွေကတော့ သေရင် သင်္ချိုင်းကုန်းပစ်လိုက်ရတာ မျက်မြင် ဒိဋ္ဌပဲ၊ လူသေရင် နောက်ဘဝမှာ မဖြစ်ပါဘူးတဲ့၊ ပြတ်သွားတယ်လို့ ဥစ္ဆေဒဒိဋ္ဌိက ယူပါတယ်၊ အဲဒီတော့ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်လာတာကလဲ သက္ကာယဒိဋ္ဌိက မြစ်ဖျားခံ လာတာပါပဲ။ သက္ကာယဒိဋ္ဌိရှိတော့ ငါက ရှိနေတယ်။ ငါရှိနေတော့ ငါသေရင် ဘဝ ပြတ်သွားတယ်ဆိုရင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားပါတယ်။

အဲဒီတော့ ဒိဋ္ဌိ ၆၂–ပါးဟာ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိက ပွားလာတယ်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးဟာ သက္ကာယဒိဋ္ဌိက မြစ်ဖျားခံတယ်။ ရိုးရိုး လူတွေမှာ သက္ကာယဒိဋ္ဌိရှိတာပဲ။ သက္ကာယဒိဋ္ဌိ ရှိနေပေမဲ့လို့ လောကီကုသိုလ် တွေလုပ်ရင် အကုန်လုံးရပါတယ်။ သက္ကာယဒိဋ္ဌိနဲ့ပဲ ငါကောင်းစားရေး၊ ဒီဘဝ ချမ်းသာရေး၊ နောက်ဘဝချမ်းသာရေးတို့အတွက် ဒါနလုပ်တယ်၊ ကုသိုလ်မရဘူး လား၊ ရပါတယ်။ သီလဆောက်တည်တယ်၊ ကုသိုလ်မရဘူးလား၊ ရပါတယ်။ ကုသိုလ်ရပြီးနောက် ကောင်းတဲ့ ကာမသုဂတိခုနစ်ဘုံဆိုတဲ့ နတ်ဘုံ လူ့ဘုံတွေ ရောက်နိုင်ပါတယ်။ ကောင်းတဲ့ အကျိုးတွေကို ခံစားနိုင်ပါတယ်။ ကောင်းတဲ့ ဘုံကို ရောက်နိုင်တယ်။ သက္ကာယဒိဋ္ဌိနဲ့ ဒါန သီလလုပ်လို့ ရပါတယ်။

သက္ကာယဒိဋ္ဌိနဲ့ ဈာန်အားထုတ်လို့ ရပါတယ်။ ''ငါ တန်ခိုးကြီးအောင် ငါကောင်းကင်ပျံနိုင်အောင် ငါမြေလျှိုးနိုင်အောင် ငါတန်ခိုးအမျိုးမျိုးတွေ ဖန်ဆင်းနိုင်အာင် ငါ သမထတရား အားထုတ်မယ်''ဆိုပြီး ကြိုးစားအားထုတ်ရင် ဈာန်မရနိုင်ဘူးလား၊ ရနိုင်ပါတယ်။ သက္ကာယဒိဋ္ဌိနဲ့ ဈာန်တရားအားထုတ်ရင်လဲ ရပါတယ်။ အဲဒီတော့ သက္ကာယဒိဋ္ဌိရှိနေပေမဲ့ လောကီကုသိုလ်တွေ အများကြီး ရနိုင်ပါတယ်။ လောကီကုသိုလ်တွေ အကုန်လုံးကို ရနိုင်ပါတယ်။

သက္ကာယဒိဋ္ဌိရှိနေရင် မဂ်-ဖိုလ်-နိဗ္ဗာန်ကိုတော့ မရနိုင်ပါဘူး။ သက္ကာယဒိဋ္ဌိပြုတ်ရေး တရားဆိုတာက ဗုဒ္ဓဘာသာမှာ အမြင့်ဆုံးတရားပါ။ တကယ်တော့ လူငယ်လူရွယ်တွေနဲ့ မတန်သေးဘူးလို့ မပြောထိုက်ပါဘူး။ သို့ပေမဲ့ ဒါအမြင့်ဆုံးတရားမို့ နက်နဲတယ်လို့ ပြောတာပါ။ လူငယ်ဖြစ်ဖြစ် လူကြီးဖြစ်ဖြစ် သက္ကာယဒိဋ္ဌိပြုတ်ရေး တရားက လောကမှ ထွက်မြောက်ရေးတရားဆိုတော့ အင်မတန်နက်နဲပါတယ်။

လူရယ်လို့ဖြစ်လာရင် ကလေးငယ်ငယ်လေးကစပြီး သက္ကာယဒိဋ္ဌိ ရှိလာတာပဲ။ သူ့ကိုယ်သူ ငါ့ကိုယ်လို့ သိတာပဲ။ ငါ့အဖေ ငါ့အမေလို့ သိလာတာပဲ။ သိလာတဲ့ အရွယ်ကစပြီး သက္ကာယဒိဋ္ဌိဆိုတာ ပါလာတာပဲ။ မသိတဲ့ အရွယ်မှာတော့ သက္ကာယဒိဋ္ဌိက မရှိပါဘူး။

အဲဒီတော့ ဒိဋ္ဌိစေတသိက်နဲ့ပတ်သက်ပြီး သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိတို့လောက်ဆိုရင် တော်လောက်ပါပြီ။ ဒိဋ္ဌိတွေ အများကြီး ရှိပါသေးတယ်။ ဒါဆိုရင် ဗဟုသုတတော်တော် ရသွားပါပြီ။

လောဘအုပ်စုမှာ ဒိဋ္ဌိကို အသားပေးပြောတဲ့အခါ ဒိဋ္ဌိဆိုလို့ရှိရင် လောဘလဲ ရတယ်။ ဒါ သဘောတရားပါပဲ။ ဥပမာ-သက္ကာယဒိဋ္ဌိကိုပဲ ကြည့်ပါ၊ သက္ကာယဒိဋ္ဌိက ဒီကိုယ်ခန္ဓာကို ငါလို့ထင်လိုက်တယ်ဆိုရင် ကိုယ့်ခန္ဓာကိုယ်ကို တွယ်တာတဲ့ လောဘပါလာတယ်။ လောဘပါလို့ ဒီဒိဋ္ဌိက ထင်တာ၊ လောဘမပါဘဲနဲ့ ဒီ ဒိဋ္ဌိက မဖြစ်နိုင်ဘူး။

အဘိဓမ္မာသင်္ဂြိုဟ် စိတ်ယှဉ်စေတသိက်ယှဉ်မှာ ဒိဋ္ဌိဟာ လောဘမူ စိတ်မှာ ယှဉ်တယ်လို့ဆိုတာက ဘယ်လိုယှဉ်သလဲ၊ ဒိဋ္ဌိဖြစ်လို့ရှိရင် လောဘက ပါလာတယ်။ အမိပ္ပါယ်တစ်ခု–သဿတဒိဋ္ဌိဆိုပါတော့၊ သဿတဒိဋ္ဌိဆိုတာလဲ ငါဟာ ဒီဘဝက သေလို့ရှိရင် နောက်ဘဝ ဖြစ်ရမယ်။ ဒီခန္ဓာကိုယ်ကို တွယ်တာတဲ့ လောဘက ပါတာပေါ့။ လောဘပါနေလို့ ဒီဒိဋ္ဌိက ဖြစ်တာကိုး။ ဥစ္ဆေဒဒိဋ္ဌိကလည်း သူ့ခန္ဓာပါလို့ တွယ်တာတဲ့ ဒီလောဘကို အကြောင်းပြုပြီးတော့ သေရင် ဘဝပြတ်တယ်ဆိုတဲ့ အယူဝါဒကို ယူတာပဲ။ ဒိဋ္ဌိဖြစ်တယ်ဆိုရင် လောဘကတော့ ပါတာပဲ။ အဲဒီတော့ လောဘအုပ်စုမှာ ဒိဋ္ဌိပါရပါတယ်။

**မာနစေတသိက်**

လောဘအုပ်စုမှာ ဂိုဏ်းကြီး နှစ်ဂိုဏ်းကွဲသွားပါတယ်။ ဒိဋ္ဌိက ဂိုဏ်းကြီးတစ်ဂိုဏ်း၊ မာနက ဂိုဏ်းကြီးတစ်ဂိုဏ်း၊ လောဘဖြစ်တဲ့အခါမှာ ဒိဋ္ဌိမပါလို့ရှိရင် မာနက ပါလာတယ်၊ အဲဒီတော့ မာနဂိုဏ်းဆိုပြီး လောဘအုပ်စုမှာ ဂိုဏ်းတစ်ဂိုဏ်းရှိတယ်၊ လောဘတို့ ဒိဋ္ဌိတို့ မာနတို့က မြန်မာစကားလို ဖြစ်နေပါတယ်။ ဒီမာနကို ဘာသာပြန်ရင် နန့်နဲ့ ခက်နေပါတယ်။ လူတွေက မာနကြီးတယ်ဆိုရင် ပညာတတ်တယ်၊ ဒီပညာကို အမှီပြုပြီးတော့ သူ ဆောင့်ကြွားကြွား လုပ်နေတယ်၊ ဒီလူ မာနကြီးတယ်ပေါ့၊ မာနကို ဒီလို နားလည်နေကြပါတယ်၊ ကိုယ်ပိုင်မော်တော်ကားနဲ့ဆိုတော့ ဒီပြင်လူတွေကို သိပ်ဂရုမစိုက်ချင်ဘူး၊ လူကြီးကို လူကြီးမှန်း မသိဘူး၊ ဆင်းရဲသားဆိုလို့ရှိရင် သူက သိပ်ဂရုမစိုက်ချင်ဘူး၊ ငါ ပိုက်ဆံရှိတယ်ဆိုပြီးတော့ ကားမောင်းရင် ထင်သလို မောင်းတယ်၊ ဒီလို လူမျိုးကို မာနကြီးတယ်လို့ အရပ်ထဲမှာ ပြောကြပါတယ်။ တချို့ လှတဲ့ မိန်းကလေးတွေကလဲ ကိုယ့်ကိုယ်ကို လှတဲ့မာနပေါ့၊ ငါလှတယ်ဆိုပြီးတော့ ဘယ်သူ့မှ ဂရုမစိုက်တဲ့ ပုံမျိုး လုပ်ချင်တယ်၊ အဲဒါက လှတဲ့အပေါ်မှာ မာနတက်တာကိုး၊ အဲဒီတော့ လှတဲ့အပေါ်မှာလဲ မာနတက်တယ်၊ ပစ္စည်းအပေါ်မှာလဲ မာနတက်တယ်၊ ပညာအပေါ်မှာလဲ မာနတက်တယ်၊ တချို့

ကတော့ အဖေအမေကြောင့် မာနတက်တယ်၊ ကိုယ့်အဖေအမေက ဘာကြီးပဲ၊ ကိုယ်ကတော့ ဘာကောင်းမှ မဟုတ်ဘူး၊ ဘာကောင်းမှ မဟုတ်ဘဲနဲ့ ဖအေက ဘာဖြစ်တာနဲ့ ဖအေကြည့်ပြီးတော့ မာနဖြစ်တဲ့ လူတွေလဲ ရှိပါတယ်။

အဘိဓမ္မာမှာ မာနဆိုတာ ဘယ်လောက်ထိအောင် လေးနက်သလဲဆိုတော့ ကိုယ့်ကိုယ်ကို ငါလို့ ထင်နေတာကိုက မာနပဲ၊ ဒါကြောင့်မို့လို့ အဘိဓမ္မာ လေ့လာတဲ့အခါကျတော့ လူတစ်ကိုယ်မှာ ထင်သုံးလုံး ရှိတယ်လို့ ပြောကြပါတယ်။ ထင်သုံးလုံးဆိုတာက ကိုယ့်ကိုယ်ကို ငါလို့ထင်တဲ့ ဒိဋ္ဌိကလဲ ထင်တစ်လုံး၊ ဒိဋ္ဌိကလဲ ကိုယ့်ကိုယ်ကို ငါလို့ထင်တာပဲ၊ လောဘနဲ့ ဒိဋ္ဌိက ခွဲမရတော့ တဏှာကလဲ ထင်တစ်လုံးပဲ၊ မာနကလဲ ထင်တစ်လုံးပါ၊ ဒါကြောင့် လူတစ်ကိုယ်မှာ ထင်သုံးလုံး ရှိပါတယ်။ မာနအထင်ကြီးမှုကလဲ ဟုတ်မှန်တဲ့ မာနရယ် မဟုတ်မှန်တဲ့ မာနရယ်လို့ ကွဲပါသေးတယ်။ ဟုတ်မှန်တဲ့ မာနဆိုတာက ပညာတတ်တစ်ယောက်ဟာ ငါပညာတတ်တယ်လို့ ထင်တာက ဒါဟုတ်မှန်တဲ့ မာနပဲ။ ဘာပညာမှ မတတ်ဘဲ ကိုယ့်ကိုယ်ကို ပညာတတ်လို့ ထင်နေတာက ဒါ မဟုတ်မမှန်တဲ့ မာနပဲ။

မာနကို ဘာသာပြန်ရင် ပိုပြီး ရှုပ်နေသေးတယ်၊ မာနဆိုတာ မြန်မာစကားဖြစ်နေတယ်၊ ပါဠိကို ဖျက်တာလဲ မဟုတ်ဘူး၊ ပါဠိအတိုင်းပဲ၊ မာနကြီးတယ်၊ ထောင်လွှားတယ်၊ မောက်မာတယ်၊ ဒါ မြန်မာမှာ မာနဆိုတဲ့ စကားတွေပဲ၊ ဒီမာနကလဲ (၉) မျိုးတောင် ရှိတယ်၊ အဲဒီ မာန (၉) မျိုးမှာလဲ ဟုတ်မှန်တဲ့မာန၊ မဟုတ်မမှန်တဲ့မာနလို့ ထပ်ကွဲသေးတယ်၊ လူဆိုရင် ရှိသင့်ရှိထိုက်တဲ့ မာနဆိုတာ ရှိကို ရှိရမယ်၊ လူဟာ မာနနဲ့ လူလုပ်နေတာပဲ။

## မာန် (၃)မျိုး

အဲဒီတော့ ရှင်မဟာရဋ္ဌသာရရေးထားတဲ့ မာန် (၃) မျိုးကို ပထမဆုံး တင်ပြပါမယ်၊ ရှင်မဟာရဋ္ဌသာရက ဇာတိမာန် ဂုဏမာန် ပုညမာန် ဆိုပြီးတော့ မာန် (၃) မျိုးကို ခွဲပြတယ်။

ဇာတိမာန်ဆိုတာက မြန်မာတွေ ပြောနေကြတဲ့စကားပါ။ လူဟာ မျိုးရိုးဇာတိမာန်ဆိုတာ ရှိကိုရှိရမယ်၊ သူဌေးသားဆိုရင် “ငါဟာ သူဌေးသား”ဆိုတဲ့ ဇာတိမာန်ဆိုတာ ရှိရတယ်၊ ဘုရင့်သားဆိုလို့ရှိရင် “ငါဟာ ဘုရင့်သား”ဆိုတဲ့ ဇာတိမာန်ကတော့ ရှိကို ရှိရမယ်၊ အခုခေတ် ဇာတိမာန်ဆိုတာကတော့ ငါဟာ မြန်မာလူမျိုးပဲလို့ ပြောကြတာ၊ ဒါလဲ ဇာတိမာန်ပါပဲ၊ ငါဟာ မြန်မာလူမျိုးပဲလို့ ဇာတိမာန်ရှိရမယ်၊ ကိုယ့်မျိုးရိုးဆိုတဲ့ ဇာတိမာန်ရှိမှ မဟုတ်တာ မလုပ်မှာ၊ တို့အဖေဟာ မဟုတ်တာ လုပ်တဲ့လူ မဟုတ်ဘူး၊ တို့လူမျိုးဟာ မှန်တာကို လုပ်တဲ့ လူမျိုးပဲလို့ ကိုယ့်မျိုးရိုး ထောက်ပြီးတော့ လူတွေဟာ ကြီးပွားကြတယ်။ အဲဒါကြောင့်မို့ ရှိသင့်ရှိထိုက်တဲ့ ဇာတိမာန်ဟာ ရှိကို ရှိရမယ်။

ဂုဏမာန်ဆိုတာက ပညာဂုဏ်တို့ သီလဂုဏ်တို့ သမာဓိဂုဏ်တို့ပေါ့၊ ဂုဏမာန်ကလဲ ကိုယ်ဟာ ပညာတတ်တဲ့ လူတန်းစားတစ်ယောက်ဆိုရင် ငါဟာ ပညာတတ်တဲ့ လူတန်းစားပဲလို့ ပညာမာန်ရှိရမယ်၊ လမ်းပေါ်လျှောက်သွားနေတဲ့ လူနဲ့ ငါနဲ့ အတူတူပဲဆိုရင် ဒီလူ ပျက်စီးသွားမှာပေါ့။ “ငါဟာ ခေတ်ပညာတတ်တဲ့ လူပဲ၊ ဒီဂရီရတဲ့ လူတစ်ယောက်ပဲ၊ ငါဟာ မဟုတ်တာတွေ လုပ်လို့ မဖြစ်ဘူး”လို့ ကိုယ့်ဂုဏ်ကို ထောက်ပြီးတော့ မဟုတ်တာတွေ မလုပ်ဘဲ နေတာဟာ ရှိသင့်ရှိထိုက်တဲ့ ဂုဏမာန်ကြောင့်ပါပဲ၊ ဒါလဲ ရှိရပါမယ်။ ကိုယ့်ရှိတဲ့ဂုဏ်ကို အထိခိုက်ခံပြီး ငါဟာ လမ်းပေါ်လျှောက်သွားတဲ့လူနဲ့ အတူတူပဲလို့ဆိုပြီး လျှောက်လုပ်နေရင် ဒီလူဟာ ပျက်စီးသွားတာပဲ၊ ဥပမာ–အဘိဓမ္မာသင်တန်းတက်တဲ့ လူတစ်ယောက်ဆိုပါတော့၊ ငါဟာ အဘိဓမ္မာသင်တန်းတက်ထားတဲ့ လူတစ်ယောက်ပဲ၊ ဘာမှ မတတ်တဲ့လူတွေနဲ့ ငါနဲ့ အတူတူပဲလို့ဆိုရင် ဒီ အဘိဓမ္မာသင်တန်းတက်ထားတဲ့ ဂုဏ်ဟာ ဘာမှ အဓိပ္ပာယ် မရှိတော့ဘူး။

အဲဒီတော့ ဂုဏမာန်ဆိုတာ ပညာတတ်ထားတယ်၊ သီလစောင့်ထိန်းထားတယ်ဆိုတဲ့ ဂုဏ်တွေပေါ့၊ အဲဒီဂုဏ်တွေလို လှတဲ့ မိန်းကလေးတစ်ယောက်ဆိုရင်လဲ ငါဟာ လှတဲ့ လူတစ်ယောက်ပဲ၊ လှတာဂုဏ်ပဲ၊ ကိုယ်လှတာကို လှတယ်လို့ အမှန်အတိုင်း မာနရှိတာဟာ ဂုဏမာန်လို့ ခေါ်ပါတယ်။

ပုညမာန်ဆိုတာကတော့ ဘုန်းကံကို ခေါ်တာပါ။ လူကလဲ ဘုန်းကံရှိတဲ့လူ၊ ဘုန်းကံမရှိတဲ့လူလို့ ဒီလို ရှိတာကိုး၊ ချမ်းချမ်းသာသာ နေရတယ်၊ မွေးလာကထဲက လက်မွေးမီးမလောင် ခြေမွေးမီးမလောင် သူ့ဘုန်းသူ့ကံနဲ့ဖြစ်လာတဲ့ လူများမှာ ရှိတဲ့မာန်ကို ပုညမာန်လို့ခေါ်တယ်။ ဘုရင့်သားတော် သမီးတော်တို့ သူဌေးသားသမီးတို့ စသဖြင့် သူတို့က ပုညမာန်ရှိတယ်။ **ဘုန်းကံရှိတဲ့** လူတွေကလဲ ငါဟာ ဘုန်းကံရှိတဲ့ လူတစ်ယောက်၊ **ဘုန်းကံမရှိတဲ့** လူတွေနဲ့ ငါနဲ့ အတူတူပဲလို့ လုပ်ရင် ပျက်စီးသွားမှာပဲ။

ဒါကြောင့်မို့ ရှိသင့်တဲ့ ပုညမာန်ကလဲ ရှိကိုရှိရမယ်၊ အဲဒီတော့ ဇာတိမာန် ဂုဏမာန် ပုညမာန် ဒီသုံးမျိုးကို ကိုးခန်းပျို့ထဲမှာ ရှင်မဟာရဋ္ဌသာရက "ဇာတိ ပုည၊ ဂုဏ်မာနနဲ့၊ သမ္ဗဟုံးစုံး၊ ဖက်မဲ့ကြုံးသား"လို့ ရေးထားပါတယ်။

**အဲဒီတော့** ကိုယ်က မျိုးရိုးဇာတိမကောင်းဘဲနဲ့ ကောင်းတယ်လို့ ယူတဲ့ မာနမျိုး၊ ကိုယ်က ဂုဏ်မရှိဘဲနဲ့ ဂုဏ်ရှိယောင်ဆောင်တဲ့မာနမျိုး၊ ဘုန်းကံ မရှိဘဲနဲ့ ဘုန်းကံရှိယောင်ဆောင်တဲ့ မာနမျိုးဆိုတာက အလွန်ဆိုးတဲ့ မာန ဖြစ်ပါတယ်။

လူတစ်ယောက်မှာ ကိုယ့်မျိုးရိုးဇာတိမာန်ဟာ ရှိကို ရှိရမယ်။ ဂုဏ်ရှိတဲ့ လူတစ်ယောက်မှာ ကိုယ့်ဂုဏ်ကို ထောက်ထားတဲ့ ဂုဏမာန် ရှိကို ရှိရမယ်။ လူလုပ်တယ်ဆိုတာ ဒီမာနနဲ့ လူလုပ်နေတာပဲ၊ ဒါကြောင့် လူတွေမှာ ရှိသင့် ရှိထိုက်တဲ့ မာနဟာ ရှိကို ရှိရမယ်၊ တရားထိုင်လို့ ပယ်တဲ့အခါမှာတော့ မာန အားလုံး ပယ်ရမှာ ဖြစ်ပါတယ်။

## မာန် (၉)မျိုး

ရှင်မဟာသီလဝံသကတော့ ပိဋကတ်ထဲကယူပြီး ရေးတာ များပါတယ်။ ဘုရားဟောထဲက ထုတ်နုတ်ပြီးတော့ မာန် (၉) မျိုးလို့ ရေးပါတယ်။ အဲဒါကတော့ သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်ဆိုတဲ့ မာန်သုံးမျိုးကို အထက်တန်းစား

အလတ်တန်းစား၊ အောက်တန်းစားဆိုတဲ့ လူသုံးမျိုးနဲ့ မြှောက်ပွားလိုက်ရင် မာန် (၉)မျိုး ရှိပါတယ်။

သေယျမာန်ဆိုတာက အထက်တန်းစားပုဂ္ဂိုလ်တွေက "ငါဟာ အထက်တန်းစား"လို့ ကိုယ့်ကိုယ်ကို ထင်တာဟာ သေယျမာန်ပဲ။ မှန်တဲ့မာနပေါ့၊ အထက်တန်းစားပုဂ္ဂိုလ်ဟာ "ငါအထက်တန်းစားပုဂ္ဂိုလ်ပဲ၊ သူတို့နဲ့ ငါနဲ့မတူဘူး၊ ငါလို အထက်တန်းစားပုဂ္ဂိုလ်က အောက်တန်းစားပုဂ္ဂိုလ်တွေနဲ့မတူဘူး"လို့ ဒီလို ကိုယ့်ဂုဏ်ကို ထောက်ပြီး မကောင်းတာ မလုပ်ဘဲနဲ့နေတဲ့ မာန်မျိုးပါ၊ ဒီမာန မျိုးက လူမှာ ရှိကိုရှိရမယ်၊ တရားအားထုတ်တဲ့အခါမှာတော့ မာနအားလုံး ပယ်ရမှာပဲ။ အဲဒီတော့ အထက်တန်းစား ပုဂ္ဂိုလ်မျိုးဟာ အထက်တန်းစားမာနမျိုး ရှိကို ရှိရမယ်။ အထက်တန်းစားပုဂ္ဂိုလ်က "ငါဟာ လမ်းပေါ်သွားနေတဲ့ လူတွေနဲ့ အတူတူပါပဲ"လို့ စိတ်ကို အောက်ချလိုက်လို့ရှိရင် ဒီလူ ပျက်စီးသွားမှာပေါ့။ အဲဒါကတော့ မရှိသင့်တဲ့ မာနမျိုးပဲ။ အထက်တန်းစားပုဂ္ဂိုလ်ကလဲ တခါတလေ အောက်တန်းစားမာန ဖြစ်တတ်ပါသေးတယ်။

အလယ်အလတ်စားပုဂ္ဂိုလ်ကျတော့ သဒိသမာန် ရှိရတယ်။ ဥပမာ–ငါဟာ အများထဲမှာ အလတ်တန်းစား လူတစ်ယောက်ပဲလို့ အလတ်တန်းစား လူတစ်ယောက်က ကိုယ့်ကိုယ်ကို ထင်တာဟာ မှန်ကန်တဲ့မာနပဲ။ လူကတော့ အလတ်တန်းစားဖြစ်ပြီး "ငါဟာ အထက်တန်းစားပုဂ္ဂိုလ်တွေနဲ့ ဘာထူးသလဲ" ဆိုပြီးတော့ အထက်က ပုဂ္ဂိုလ်တွေနဲ့ ပြိုင်လိုက်တယ်ဆိုရင် ဒီမာနဟာ ပျက်စီးမဲ့ မာနပဲ။ အထက်တန်းစားပုဂ္ဂိုလ်တွေက သုံးတယ်၊ ဖြုန်းတယ်၊ မော်တော်ကားနဲ့ သွားတယ်၊ စားတယ်၊ သောက်တယ် ဆိုတာက သူတို့က အထက်တန်းစား ပုဂ္ဂိုလ်တွေကိုး။ စားနိုင်အောင် မနဲလုပ်နေရတဲ့ ပုဂ္ဂိုလ်ဟာ "အထက်တန်းစား ပုဂ္ဂိုလ်တွေနဲ့ ငါနဲ့ အတူတူပဲ"ဆိုပြီး သွားလုပ်လို့ရှိရင် ဒုက္ခရောက်သွားမှာပဲ။ ဒါကြောင့်မို့ အလတ်တန်းစားပုဂ္ဂိုလ်မှာ အလတ်တန်းစား မာနက ရှိကို ရှိရမယ်။

အောက်တန်းစားပုဂ္ဂိုလ်တစ်ယောက်က "ငါဟာ လူထဲမှာ အောက်တန်း အကျဆုံး လူတစ်ယောက်ပဲ"လို့ ထင်နေတာကတော့ မှန်တဲ့ မာနမျိုး ဖြစ်ပါတယ်။

ဒါကြောင့်မို့ လူဟာ ကိုယ့်အတိုင်းအတာကို ကိုယ်သိရမယ်ဆိုတာ မာနကို ပြောတာ ဖြစ်ပါတယ်။ ကိုယ့်အတိုင်းအတာအရ ငါဟာ ဘယ်လိုလူလဲ၊ ဘယ်အဆင့်မှာ ရှိလဲလို့ သိရပါမယ်။ အဲဒီတော့ အောက်တန်းစားပုဂ္ဂိုလ်က အထက်တန်းကို မမှန်းရဘူးလို့ ပြောတာ မဟုတ်ပါဘူး။ အထက်တန်းစားဖြစ်ဖို့ ကြိုးစားတာကတစ်မျိုး၊ သို့သော် လူကတော့ အောက်တန်းစား၊ အထက်တန်းစား ပုဂ္ဂိုလ်တွေနဲ့ တန်းတူ ထင်နေရင် ဒါ မဟုတ်မမှန်တဲ့ မာန၊ ပျက်စီးဖို့ မာနပဲ။ ဒါကြောင့်မို့ ရှေးက ပြောကြတာ "လူနေချုံကြား၊ စိတ်ထားက ဝတီသာ"တဲ့။ ကိုယ့်ဘဝကတော့ အောက်တန်း၊ စိတ်ကတော့ တာဝတီ ဖြစ်နေတယ်။ ဒါ ပျက်စီးတာပဲ။ အဲဒီတော့ အောက်တန်းစားပုဂ္ဂိုလ်က အောက်တန်းစားမာန် ရှိတာဟာ ရှိသင့်ရှိထိုက်တဲ့ မာနပဲ။ သူဟာ အထက်တန်းစားပုဂ္ဂိုလ်တွေနဲ့ တန်းတူလို့ ထင်တယ်ဆိုရင်တော့ ဒါပျက်စီးမှာပဲ။

ဒါကြောင့်မို့ သေယျမာန် သဒိသမာန် ဟီနမာန်ဆိုပြီး မာန်သုံးမျိုးရှိသလို ပုဂ္ဂိုလ်ကလဲ သုံးမျိုးရှိပါတယ်။ သေယျပုဂ္ဂိုလ်ဆိုတာ အထက်တန်းစားပုဂ္ဂိုလ်၊ သဒိသပုဂ္ဂိုလ်ဆိုတာ တန်းတူ အလတ်တန်းစားပုဂ္ဂိုလ်၊ ဟီနပုဂ္ဂိုလ်ဆိုတာ အောက်တန်းစား ပုဂ္ဂိုလ်တွေပေါ့၊ အဲဒီတော့ ပုဂ္ဂိုလ် (၃)ယောက်အနက် အထက်တန်းစား သေယျပုဂ္ဂိုလ်မှာ အထက်တန်းစား သေယျမာန်ဟာ ရှိသင့်ရှိထိုက်တဲ့ မာန၊ သေယျအထက်တန်းစားပုဂ္ဂိုလ်က "ငါဟာ အလတ်တန်းစားပဲ၊ ငါဟာ အောက်တန်းစားပဲ"လို့ ထင်နေရင် မဟုတ်မမှန်တဲ့ မာန ဖြစ်သွားတာပဲ။

အလတ်တန်းစားပုဂ္ဂိုလ်မှာလဲ အလတ်တန်းစား သဒိသမာန်ကတော့ ရှိကို ရှိရမယ်။ ဒါ မှန်ကန်တဲ့ မာနပဲ၊ အလတ်တန်းစားပုဂ္ဂိုလ်က "ငါဟာ အထက်တန်းစားပုဂ္ဂိုလ်တွေနဲ့ အတူတူပဲ၊ အောက်တန်းစားပုဂ္ဂိုလ်တွေနဲ့ အတူတူပဲ" လို့ ထင်နေလို့ ရှိရင်တော့ မဟုတ်မမှန်တဲ့ မာနပဲ။

အောက်တန်းစားပုဂ္ဂိုလ်ဟာ "ငါဟာ အောက်တန်းစားပုဂ္ဂိုလ်ပဲ"လို့ သူ့ကိုယ်သူ သတ်မှတ်ရင် ဒါဟာ မှန်ကန်တဲ့ မာနပဲ။ ဒီ မာနက ရှိကို ရှိရမယ်။ အောက်တန်းစားပုဂ္ဂိုလ်က "ငါဟာ အထက်တန်းစားပုဂ္ဂိုလ်တွေနဲ့

အတူတူပဲ၊ အလတ်တန်းစားပုဂ္ဂိုလ်တွေနဲ့ အတူတူပဲ''လို့ ထင်တာကတော့ မဟုတ်မမှန်တဲ့ မာနလို့ ခေါ်ပါတယ်။

အဲဒီတော့ ပုဂ္ဂိုလ် (၃)မျိုးတွင် တစ်မျိုးတစ်မျိုးမှာ မာနက သုံးမျိုးသုံးမျိုး ဖြစ်နိုင်ပါတယ်။ သေယျပုဂ္ဂိုလ်ကလဲ သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်ရယ်လို့ သုံးခုစလုံး ဖြစ်နိုင်ပါတယ်၊ တစ်ခုက မှန်တဲ့ မာန၊ နှစ်မျိုးက မှားတဲ့ မာန သဒိသပုဂ္ဂိုလ်ကလဲ သေယျမာန်၊ သဒိသမာန် ဟီနမာန် သုံးမျိုးဖြစ်နိုင်ပါတယ်၊ တစ်မျိုးပဲ မှန်တယ်၊ နှစ်မျိုးက မှားတဲ့မာန။ အောက်တန်းစားပုဂ္ဂိုလ်မှာလဲ သေယျမာန်၊ သဒိသမာန်၊ ဟီနမာန် သုံးမျိုးဖြစ်နိုင်တယ်။

ဒီအဓိပ္ပာယ်တွေကို စာတိုတိုလေးနဲ့ အကုန်လုံး ပါသွားအောင် ''အယုတ်အလတ်၊ အမြတ်ပိုင်းခြား၊ သုံးပါးတိုင်တည်၊ ကိုးခုမည်ဖြင့်''လို့ ရှင်မဟာသီလဝံသက ရေးခဲ့ပါတယ်။ ''အယုတ်အလတ်၊ အမြတ်ပိုင်းခြား၊ သုံးပါးတိုင်တည်''အရ သေယျပုဂ္ဂိုလ်၊ သဒိသပုဂ္ဂိုလ်၊ ဟီနပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ် (၃)ယောက်ကို ပထမ တည်ထားလိုက်ပါတဲ့။ ''အယုတ်အလတ်၊ အမြတ် ပိုင်းခြား၊ သုံးပါးတိုင်တည်၊ ကိုးခုမည်ဖြင့်'' ကြားထဲမှာ ဝါကျက ပျောက်နေတဲ့အတွက် အယုတ် အလတ် အမြတ်ပိုင်းခြား သုံးပါး တည်ပြီးတော့ (၉) ခု ဖြစ်အောင် ဘာနဲ့ လုပ်ရမယ်ဆိုတာ မပါတော့ဘူး၊ အမှန်က သေယျပုဂ္ဂိုလ် သဒိသပုဂ္ဂိုလ် ဟီနပုဂ္ဂိုလ် (၃)ပါး တည်ပြီးတော့ ပုဂ္ဂိုလ်တစ်ယောက်မှာ သေယျမာန်၊ သဒိသမာန်၊ ဟီနမာန် သုံးခုစီရှိသောကြောင့် ကိုးခုဖြစ်တာပါ၊ ပုဂ္ဂိုလ်တစ်ယောက်မှာ သုံးခုစီရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ချုံးထားပြီး ''အယုတ်အလတ်၊ အမြတ်ပိုင်းခြား၊ သုံးပါးတိုင်တည်၊ ကိုးခုမည်ဖြင့်၊ ရှည်စွာခလောက်၊ မိုးရှိမြောက်သား၊ အစောက်မတ်မတ်၊ မာန်တောင်ထွတ်ကို''လို့ စာဆိုက ရေးခဲ့တာပါ။ အဲဒီ မာန (၉)မျိုးကို ဝိဘင်းပါဠိတော်က ယူရေးခဲ့တာပါ။

## လူတစ်ကိုယ် ထင်သုံးလုံး

မာနကို ရှေးက လူတစ်ကိုယ် ထင်တစ်လုံးနဲ့လို့ ဆိုကြပါတယ်။ အောက်တန်းစားပုဂ္ဂိုလ်ကလဲ သူ့ဟာသူ ထင်တစ်လုံးနဲ့ နေတာပဲ၊ အလယ်အလတ်တန်းစားပုဂ္ဂိုလ်ကလဲ ထင်တစ်လုံးနဲ့ပဲ၊ ငါတော့ ဘယ်နေ့ဘာဖြစ်အုံးမှာပဲ ဆိုပြီး ဒါနဲ့ပဲ တဖြေးဖြေးသေတာပဲ။ အထက်တန်းစားပုဂ္ဂိုလ်ကလဲ ထင်တစ်လုံးနဲ့ပဲ။ မိန်းကလေးတွေကလဲ ထင်တစ်လုံးနဲ့ပဲ။ ယောကျ်ားလေးတွေကလဲ ထင်တစ်လုံးနဲ့ပဲ။ ဒါကြောင့် ရှေးက "လူတစ်ကိုယ် ထင်တစ်လုံးနဲ့"လို့ ပြောကြတာပါ။

အမှန်က ပိဋကတ်စာပေထဲ ကြည့်လိုက်တဲ့အခါကျတော့ လူတစ်ကိုယ်မှာ ထင်သုံးလုံး တွေ့ရပါတယ်။ လောဘအုပ်စုမှာ ပါတဲ့ လောဘ၊ ဒိဋ္ဌိ၊ မာန ဆိုတဲ့ ဒီသုံးခုနဲ့ လူတွေဟာ လူလုပ်နေကြတာပါ။ ဒီသုံးခု မရှိရင် လူဟာ တကယ့်လူ မှန်မှန်ကန်ကန် မဖြစ်တော့ဘူး။ တရားထိုင်တဲ့လူတွေ ပေါက်သွားတယ်ဆိုတာက လူမှန် မဖြစ်တော့ တရားလဲ မရတော့ သူ့ကို ပေါက်သွားတယ်လို့ ပြောကြပါတယ်။ အဲဒါကြောင့် လောဘ ဒိဋ္ဌိ မာနဆိုတဲ့ ဒီတရားသုံးပါးဟာ လူမှာ ရှိကိုရှိရမယ်။ တကယ် မပယ်နိုင်သေးဘဲနဲ့ ပယ်သလိုလို ဘာလိုလို သွားလုပ်လို့ရှိရင် အဲဒါ ပေါက်သွားတာပဲ။ အဲဒါကြောင့်မို့ လူတစ်ကိုယ်မှာ ထင်သုံးလုံး ရှိတယ်လို့ ပြောတာပါ၊ ထင်သုံးလုံးက တဏှာထင် ဒိဋ္ဌိထင် မာနထင်ပါပဲ။ တရားအားထုတ်တဲ့ လူတွေကတော့ ထင်သုံးလုံးကို သဘော ပေါက်နိုင်ပါတယ်။

တဏှာထင်ဆိုတာက လောဘပါ၊ လောဘ တဏှာ ရာဂတို့ဟာ အတူတူပဲလို့ ရှေ့မှာ ပြောခဲ့ပါတယ်။ အရပ်ထဲမှာ ပြောတဲ့ တဏှာကို ပြောတာ မဟုတ်ပါဘူး။ အဘိဓမ္မာမှာ ပါတဲ့ တဏှာကို ပြောတာပါ၊ တဏှာဆိုတာက လူဆိုတာ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုတော့ ကိုယ်ပိုင်တယ်လို့ ထင်တာပဲ၊ ကိုယ့်ကိုယ်ကိုမှ ကိုယ်ပိုင်တယ်လို့ မထင်ရင် တရားလဲ မရရင် ပေါက်သွားမှာပေါ့၊ ကိုယ့်ကိုယ်ကိုတော့ ဒါ ငါ့ကိုယ်ပဲလို့ ငါ ယောကျ်ားလို့ ထင်တယ်။ မိန်းကလေး

တွေကလဲ ငါ မိန်းမပဲလို့ ထင်တာပဲ။ အိမ်ထဲမှာ နေလို့ရှိရင် ဒါငါ့အိမ်လို့ ထင်တယ်။ ဒါတွေဟာ တဏှာထင်တွေပဲ။ အဲဒီတော့ ငါ့ကိုယ်၊ ငါ့သား၊ ငါ့မယား၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ဒီလို ထင်တဲ့ အထင်မျိုးတွေဟာ တဏှာထင်တွေပဲ။

ဒိဋ္ဌိထင်ဆိုတဲ့ အထင်မျိုးက လူတွေမှာ ငါဟာ တစ်ဘဝက တစ်ဘဝကို ပြောင်းသွားရမယ်လို့ဆိုပြီး နောက်ဘဝကောင်းစားရေးတွေ လုပ်ကြပါတယ်။ ငါဟာ ဒီဘဝက သေသွားရင် နောက်ဘဝကျတော့ လူပြန်ဖြစ်မယ်၊ သူဌေးဖြစ်မယ်၊ မင်းဖြစ်မယ်၊ နတ်ဖြစ်မယ်၊ ဗြဟ္မာဖြစ်မယ်၊ ဒီလို ကိုယ်ခန္ဓာတွင်းမှာရှိတဲ့ ဝိညာဉ်က တစ်ဘဝက တစ်ဘဝပြောင်းသွားတယ်လို့ ထင်နေကြတယ်။ အဲသလို ထင်နေတာက ဒိဋ္ဌိထင်လို့ ခေါ်ပါတယ်။ ဒီခန္ဓာကိုယ်ထဲမှာ မြဲတဲ့ အတ္တာဆိုတာ ရှိတယ်။ ဒီအတ္တာကို တစ်ဘဝက တစ်ဘဝပြောင်းသွားတဲ့ ဝိညာဉ်လို့လဲ ခေါ်တယ်။ အသက်လို့လဲ ခေါ်တယ်၊ ဇီဝလို့လဲ ခေါ်တယ်၊ ပြောင်းသွားတဲ့ သဘောတရား လေးရှိတယ်လို့ ထင်နေတယ်၊ အဲဒါကို ဒိဋ္ဌိထင်လို့ ခေါ်ပါတယ်။

မာနထင်ဆိုတာက ငါဟာ ဘာကောင်ကြီးပဲ၊ ငါဟာ လူပဲ၊ ငါဟာ ပညာရှိကြီးပဲ၊ ငါဟာ တကယ့်အဘိဓမ္မာဆရာကြီးပဲ စသဖြင့် ငါ၊ ငါ၊ ငါလို့ ဒီလို ထင်တဲ့ အထင်တွေဟာ မာနထင်တွေပဲ။ ဒါကြောင့်မို့ လူတစ်ကိုယ်မှာ ထင်တစ်လုံး မကပါဘူး၊ ထင်သုံးလုံးနဲ့ လူလုပ်နေတာပါ၊ တဏှာထင် ဒိဋ္ဌိထင် မာနထင် ဒီထင်သုံးလုံးဟာ လူရိုးရိုးတွေမှာ ရှိကို ရှိရမယ်။ မှန်တဲ့အတိုင်း ရှိရမှာပေါ့။ အဲဒီတော့ လူတစ်ကိုယ်မှာ ထင်သုံးလုံး ရှိပါတယ်။ ဒါကလဲ ပိဋကတ်ထဲက ထင်သုံးလုံးကို ပြောနေတာပါ။ တကယ် တရားအားထုတ်တဲ့အခါမှာ တဏှာထင်က ဘယ်လိုထင်တယ်၊ မာနထင်က ဘယ်လိုထင်တယ်၊ ဒိဋ္ဌိထင်က ဘယ်လိုထင်တယ်ဆိုတာ သိလာပါတယ်။

မာနကတော့ ဒါလောက်ဆိုရင် တော်တော် ပိုင်သွားပါပြီ။ အဲဒီတော့ အကုသိုလ်စေတသိက် ခုနစ်လုံး ကုန်သွားပါပြီ။ (၇)လုံးက ပထမ "မော၊ ဟိ၊ နော၊ ဥဒ်၊ မောစတုက်"။ မောစတုက်ဆိုတာက မောဟက စတဲ့ ၄–ခု၊

မော–ဆိုတာက မောဟ၊ ဟိ–ဆိုတာက အဟိရိက၊ နော–ဆိုတာက အနောတ္တပ္ပ၊ ဥဒ်–ဆိုတာက ဥဒ္ဓစ္စလို့ ပြောတာပါ။

"လော၊ မာန်၊ ဒိဋ္ဌိ၊ လော တြိ" လော=လောဘ၊ မာန်=မာန၊ ဒိဋ္ဌိ=ဒိဋ္ဌိ၊ လော=တြိ=လော=လောဘ၊ တြိ=သုံးပါး၊ အဲဒီတော့ အကုသိုလ်စေတသိက် (၁၄)လုံးမှာ (၇)လုံး ကုန်သွားပါပြီ။

(၇)လုံးထဲက "မော၊ ဟိ၊ နော၊ ဥဒ်၊ မောစတုက်"က အကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်၊ သူတို့ကတော့ လောဘအုပ်စုဆိုလဲ ပါမှာပဲ။ ဒေါသအုပ်စုဆိုလဲ ပါမှာပဲ။ ဝိစိကိစ္ဆာအုပ်စုထဲလဲ ပါမှာပဲ။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စဆိုတဲ့ ဒီစေတသိက်လေးလုံးက ဘယ်အကုသိုလ်လုပ်လုပ် ဘယ်ဒုစရိုက်လုပ်လုပ် ပါနေမှာပါပဲ။

ဒီလောဘ၊ ဒိဋ္ဌိ၊ မာန ဆိုတာကတော့ လောဘအုပ်စုကျမှပါမှာ၊ ဒီပြင် အုပ်စုကျရင် သူတို့က မပါတော့ဘူး၊ လောဘအုပ်စုထဲမှာလဲ လောဘရယ်၊ ဒိဋ္ဌိရယ်၊ မာနရယ် ဒီလိုရှိတယ်၊ လောဘအုပ်စုမှာ ခေါင်းဆောင်ကတော့ လောဘပဲ။ ခေါင်းဆောင်ချင်းတူပေမဲ့ ဒိဋ္ဌိအုပ်စုနဲ့ မာနအုပ်စုဆိုပြီးတော့ ဂိုဏ်းနှစ်ဂိုဏ်း ကွဲသွားတယ်။ ဒိဋ္ဌိအုပ်စုနဲ့ မာနအုပ်စု ဘာလို့ ကွဲတာလဲဆိုတော့ စိတ်ယှဉ်စေတသိက်ယှဉ် ယှဉ်တဲ့အခါ ဒိဋ္ဌိနဲ့ မာနဟာ တစ်ပြိုင်နက်ထဲ ဘယ်တော့မှ မဖြစ်ဘူး၊ ဒိဋ္ဌိဖြစ်နေတဲ့အခါမှာ မာနမပါရဘူး၊ မာန ဖြစ်နေတဲ့ အခါမှာ ဒိဋ္ဌိမပါရဘူး၊ ဒိဋ္ဌိနဲ့မာန ဒီစေတသိက်နှစ်ခုဟာ ဘယ်တော့မှ တစ်ပြိုင်နက် မဖြစ်နိုင်ဘူး၊ ဒိဋ္ဌိကလဲ ကေသရာဇာခြင်္သေ့မင်း၊ မာနကလဲ ကေသရာဇာခြင်္သေ့မင်းဆိုတော့ ဂူတစ်ဂူထဲမှာ ခြင်္သေ့နှစ်ကောင် မအောင်းဘူး ဆိုတဲ့ အဓိပ္ပာယ်မျိုးပါ၊ ဒိဋ္ဌိကလဲ ခေါင်းဆောင်ပဲ၊ ဒိဋ္ဌိဆိုတဲ့ စေတသိက်ကလဲ ကမ္မာသူ ကမ္မာသား လူအများကို အယူဝါဒအမျိုးမျိုးတွေ သွတ်သွင်းပေးတဲ့ ဂိုဏ်းခေါင်းဆောင်ကြီး တစ်ယောက်ပဲ။ သို့ပေမဲ့ သူ့နောက်မှာ လောဘက ကြိုးကိုင်ပေးနေတာ။ ဒိဋ္ဌိစေတသိက်က ဘာဖြစ်လို့ ကမ္ဘာသူ ကမ္ဘာသား တွေကို အယူဝါဒ အမျိုးမျိုးတွေ သွတ်သွင်းပေးနေတာလဲဆိုတော့ လူတွေကို

နွားလို နဖားကြိုးတပ်ပြီး ခိုင်းစားချင်လို့ လောဘက ဒိဋ္ဌိကို စည်းရုံးခိုင်းထားတာ။ အဲဒီတော့ ဒိဋ္ဌိက ခေါင်းဆောင်ကြီး ဖြစ်နေတဲ့အခါမှာ မာနက ဝင်ပါလို့ မရဘူး၊ နောက်မှာ လောဘဆိုတဲ့ ဆရာကတော့ ရှိနေတာပဲ။

တစ်ခါ မာနအုပ်စုကျတော့လဲ ကမ္ဘာပေါ်ရှိတဲ့ လူတွေကို ငါက ပညာရှိကြီးပဲ၊ ငါ ပါရဂူကြီးပဲ၊ ငါ သူဌေးကြီးပဲလို့ ရှိသမျှ လူတွေကို မာနက အကုန် စည်းရုံးတာပဲ၊ ငါက သတ္တိရှိတယ်၊ တို့လူမျိုးက ဘယ်လောက်သတ္တိရှိတယ်၊ တို့လူမျိုးက ဘယ်လောက်ပညာတတ်တယ်၊ တို့လူမျိုးက ဘယ်လောက်ချမ်းသာတယ် ဆိုပြီးတော့ ကမ္ဘာပေါ်ရှိတဲ့ လူတွေကို မာနကလဲ စည်းရုံးတယ်၊ ဒိဋ္ဌိကလဲ သူ့အုပ်စုနဲ့သူ စည်းရုံးတာပဲ၊ သို့သော် ဒိဋ္ဌိနဲ့မာနက လောဘအုပ်စုထဲမှာ ပါပေမဲ့ သူတို့နှစ်ခုက ဘယ်အခါမှ တွဲလို့ မရပါဘူး။

ဘာလို့ တွဲမရလဲဆိုတော့ ဥပမာနဲ့ ရှင်းပြပါမယ်၊ ဒိဋ္ဌိအုပ်စုက ပစ္စည်းမဲ့ ပညာမဲ့ အာဏာမဲ့ လူတန်းစားတွေကို အယူဝါဒနဲ့ စည်းရုံးတယ်ဆိုရင် မာနအုပ်စုကလဲ ပစ္စည်းရှင် ပညာရှင် အာဏာရှင် အထက်တန်းစား ဂုဏ်ရှိတဲ့ လူတွေကို စည်းရုံးလိုက်တယ်၊ အဲဒီလို မာနအုပ်စုနဲ့ ဒိဋ္ဌိအုပ်စုဟာ အောက်တန်းစားနဲ့ အထက်တန်းစားလူတွေကို လူလူချင်း ပဋိပက္ခဖြစ်အောင် အမြဲတမ်းအပြိုင် စည်းရုံးနေတဲ့ အခါကျတော့ မာနအုပ်စုနဲ့ ဒိဋ္ဌိအုပ်စုဟာ ဘယ်အခါမှ ပေါင်းလို့ မရဘူး၊ ပေါင်းလို့မရတော့ ဒိဋ္ဌိခေါင်းဆောင်တဲ့အခါမှာ မာန မပါဘူး၊ မာနခေါင်းဆောင်တဲ့အခါမှာ ဒိဋ္ဌိ မပါဘူး၊ လောဘက မာနကို လူတွေအထင်ကြီးအောင် ဘဝင်မြင့်အောင် ငါ သူဌေးကြီးပဲ ငါ စစ်ဗိုလ်ချုပ်ကြီးပဲ ငါဟာ ပါရဂူကြီးပဲ ငါဟာ ပညာရှင်ကြီးပဲလို့ လူတွေကို မာန်တက်ကြွအောင် စည်းရုံးခိုင်းထားတာ။ လောဘက သတ္တဝါတွေ သံသရာထဲက မခွါနိုင်အောင် ခိုင်းချင်တာ။ သတ္တဝါတွေကို သူဖြစ်ချင်သလို ဖြစ်အောင် လောဘက နောက်က ခိုင်းနေတော့ မာနက အကုန် လျှောက်စည်းရုံးရတယ်။ အဲဒီတော့ သေယျပုဂ္ဂိုလ်ကလဲ သေယျမာန်နဲ့ သဒိသပုဂ္ဂိုလ်ကလဲ သဒိသမာန်နဲ့ ဟီနပုဂ္ဂိုလ်ကလဲ ဟီနမာန်နဲ့၊ မာနနဲ့ လူ လုပ်နေကြတာ။

ဒိဋ္ဌိကလဲ အယူဝါဒတွေနဲ့ တို့က ဘာအယူ၊ ဘာဂိုဏ်း၊ တို့ဝါဒက ဘာ။ ပုထုဇဉ် လူသားမှာ အယူဝါဒမရှိတဲ့ လူရယ်လို့ မရှိပါဘူး၊ တို့ကတော့ ဘယ်ဘာသာမှ မယူဘူး၊ ဘယ်အယူဝါဒမှ မရှိဘူးလို့ တချို့လူတွေ ပြောတတ်ကြပါတယ်။ ဘယ်အထဲမှ မပါတာကိုက အယူဝါဒ တစ်ခုပဲ၊ သူက သီးခြားအယူဝါဒတစ်ခုနဲ့ နေတဲ့ သဘောပါပဲ။

ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ ဒိဋ္ဌိနဲ့ ကင်းပြီးတော့ နေလို့ မရပါဘူး။ တချို့က သောတာပန်ဖြစ်တဲ့အခါကျတော့ ဒိဋ္ဌိကို ပယ်လိုက်တယ်။ ဒိဋ္ဌိကို ပယ်လိုက်တဲ့အတွက် သောတာပန်ပုဂ္ဂိုလ်မှာ ဒိဋ္ဌိဆိုတဲ့ မှားတဲ့အယူဝါဒတွေ မရှိတော့ဘူး၊ သောတာပန်ပုဂ္ဂိုလ်ဆိုတာက ဘယ်သူမှ သူ့ကို အယူဝါဒနဲ့ လှည့်စားလို့ မရဘူး၊ ဘယ်ပါရဂူကြီးတွေ ဘယ်လောက် တရားဟောကောင်းကောင်း၊ ဘယ်လောက်တန်ခိုးကြီးတဲ့နတ်တွေ ဘုရားယောင်ဆောင်ပြီးတော့ သူ့ကို ဟောဟော သောတာပန်က အယူဝါဒ မပြောင်းတော့ဘူး။ ဒိဋ္ဌိ ပြုတ်သွားတယ်လို့ ခေါ်ပါတယ်။

သောတာပန်ဟာ လူဖြစ်နေသေးတာပဲ။ ဒိဋ္ဌိပြုတ်တော့ ဘာနဲ့ လူလုပ်နေတာလဲဆိုတော့ မာနနဲ့လူလုပ်နေတာ။ ငါဟာ လူပဲလို့ သူ့ဟာသူတော့ ထင်သေးတာပဲ။ မိန်းမကလဲ ငါဟာ မိန်းမပဲ၊ ယောက်ျားကလဲ ငါယောက်ျားပဲလို့ အဲဒီလို ပြုတ်သွားတဲ့ ဒိဋ္ဌိနေရာမှာ မာနက ဝင်ပြီးနေရာယူလိုက်တော့ မာနကလဲ လူလုပ်လို့ ရတာပဲတဲ့။ မာနပါ ပြုတ်သွားရင်တော့ သူ့ကိုယ်သူ လူလို့ မထင်တော့ဘူး၊ မထင်တော့ လူလုပ်လို့ မရတော့ဘူး။ အဲဒါကြောင့် လူထဲက လူဝတ်ကြောင် ပုဂ္ဂိုလ်ထူးဟာ ဒီနေ့ ရဟန္တာဖြစ်လို့ရှိရင် သူသေချင်သေရမယ်၊ ပရိနိဗ္ဗာန် ပြုတာပေါ့၊ မသေရင်လဲ တောထွက်သွားရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက မာန မရှိတော့ဘူး၊ ရဟန္တာ ဖြစ်သွားပြီးရင် လူဝတ်ကြောင်နဲ့တော့ နေလို့မရတော့ဘူး၊ တောထွက်ပြီး ရဟန်းလုပ်သွားမယ်၊ ဒီနှစ်လမ်း တစ်လမ်းလမ်းပဲ ရှိတယ်။

## ဒေါသအုပ်စုမှာသာ ပါဝင်တဲ့ စေတသိက်

**ဒေါသစေတသိက်**

အကုသိုလ်စေတသိက်မှာ အုပ်စုသုံးခု ကွဲနေပါတယ်။ အုပ်စုသုံးစုက လောဘအုပ်စု၊ ဒေါသအုပ်စု၊ ဝိစိကိစ္ဆာအုပ်စုတို့ ဖြစ်ပါတယ်။ ဒေါသအုပ်စုမှာသာ ပါဝင်တဲ့ စေတသိက်က (၄) လုံး ရှိပါတယ်။ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ ဖြစ်ပါတယ်။ ဒေါသအုပ်စုမှာ ပါတဲ့ စေတသိက် (၄) လုံးက လောဘအုပ်စုနဲ့ ဘယ်တော့မှ မပေါင်းဘူး။ လူရဲ့ခန္ဓာကိုယ်မှာ လောဘအုပ်စုက အုပ်စိုးတဲ့ အခါမှာ ဒေါသအုပ်စုက အတိုက်အခံဘက် ရောက်သွားပါတယ်။ ဒေါသအုပ်စုက လူရဲ့ခန္ဓာကိုယ်မှာ တက်ပြီး အုပ်စိုးတဲ့အခါ လောဘအုပ်စုက အတိုက်အခံဘက် ရောက်သွားပါတယ်။ ဒိဋ္ဌိအုပ်စုနဲ့ မာနအုပ်စုဟာ ပြိုင်ပြိုင်ဖြစ်လို့ မရသလို လူရဲ့ခန္ဓာကိုယ်မှာလဲ လောဘအုပ်စုနဲ့ ဒေါသအုပ်စုဟာ အတူတူ အုပ်စိုးလို့ မရပါဘူး။ အဲဒါကြောင့် ဒေါသအုပ်စုမှာသာ ပါတဲ့ စေတသိက်က ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ လေးလုံးပဲ ရှိပါတယ်။ ဒီလေးခုမှာ ဒေါသဆိုတာကို မြန်မာလိုပြန်ရင် ရှုပ်တောင် ရှုပ်သွားသေးတယ်။ ဒေါသဟာ မြန်မာစကားကို ဖြစ်နေတယ်။ တကယ်ကတော့ အဘိဓမ္မာမှာပါတဲ့ စကားတစ်ခုအစစ်ပါပဲ။ ရှေးက မြန်မာတွေ အဘိဓမ္မာကို ဘယ်လောက်သင်ခဲ့ကြသလဲဆိုတော့ ယခုအထိ မြန်မာပြည် တစ်ပြည်လုံးမှာ လူတိုင်းလူတိုင်း ယောကျ်ားမိန်းမ အကုန်လုံး အဓိပ္ပါယ်ကို မသိပေမဲ့ အဘိဓမ္မာစကားလုံးတွေ ပြောနေကြတယ်။ အဘိဓမ္မာစကားလုံးတွေဟာ မြန်မာစကားတွေ ဖြစ်ကုန်တယ်။

အဘိဓမ္မာမှာ ဒေါသကို မြန်မာလို ပြန်ရင် ဒေါသဟာ ဒေါသပဲ။ ဒေါသကို စိတ်ဆိုးမှုလို့ ပြန်တော့ စိတ်ဆိုးတယ်ဆိုတာ မြန်မာစကားအစစ်။ ဒေါသကြီးလိုက်တာ ဆိုတော့ ဒါမြန်မာစကား အစစ် မဟုတ်တော့ဘူး။ အဲဒီတော့ မြန်မာစကားမှာ စိတ်ရယ် ဆိုးတာရယ် နှစ်ခုခွဲတော့ ဆိုးတယ်ဆိုတာ မကောင်းဘူးပေါ့။ မြန်မာက သိပ်မိုက်တဲ့ လူကို မကောင်းတဲ့ လူကို လူဆိုးလို့ ခေါ်တယ်။ ဆိုးတယ်ဆိုတော့ မကောင်းတဲ့စိတ်ကို "စိတ်ဆိုး"လို့ ပြောတာပါ။

စိတ်ဆိုးတယ်ဆိုတာက လူဆိုးဆိုတဲ့ မြန်မာစကားနဲ့ ယှဉ်ကြည့်ရင် ဆိုးတယ် ဆိုတဲ့ စေတသိက်ဟာ အကုသိုလ်စေတသိက်မှန်သမျှ အကုန်ဆိုးတာပဲ၊ သို့ပေမဲ့ စိတ်ဆိုးတယ်ဆိုလို့ရှိရင် ဒေါသကိုပဲ မြန်မာက နားလည်နေကြတယ်၊ ဒေါသကို ကြမ်းတမ်းမှုလို့ ပြန်တော့ ကွက်ကျော်ဖြစ်နေတယ်။ ဘယ်လို ကွက်ကျော်သလဲ ဆိုတော့ ဒေါသဖြစ်လာတဲ့လူမှာသာ စိတ်ဆိုးတဲ့ လူမှာသာ ကြမ်းလာတာ၊ အဲဒီတော့ ဒေါသရဲ့ သဘောလက္ခဏာက ကြမ်းတဲ့ သဘောကို ဖြစ်စေလို့ ကြမ်းတမ်းမှုလို့ ပြန်တာ၊ တကယ်တော့ စိတ်က ပိုပြီးတော့ မကြမ်းပါဘူး၊ စိတ်ကတော့ ဒီစိတ်ကလေးပဲ၊ သို့ပေမဲ့ ဒီပြင်စိတ်နဲ့ စာရင်သာ သူ့အသွင်ဆောင် နေတာက ကြမ်းတဲ့ သဘောလက္ခဏာ ရှိလို့ပါ။ မြန်မာစကားမှာ ခက်ထန်တာနဲ့ ကြမ်းတမ်းတာဟာ အတူတူပါပဲ။ အဲဒီတော့ စိတ်ဆိုးတယ်ပဲ ပြန်ပြန်၊ ကြမ်းတမ်းတယ်ပဲ ပြန်ပြန်၊ ခက်ထန်တယ်ပဲ ပြန်ပြန်၊ ရှင်းရှင်းကတော့ ဒေါသပဲ။

အဲဒီတော့ ပါဠိမှာလဲ ဒေါသရဲ့ စကားလုံးတွေဟာ အများကြီးပါပဲ၊ များပေမဲ့ အဘိဓမ္မာမှာ သိသင့်သိထိုက်တာကတော့ "ပဋိဃ"လို့လဲ ခေါ်တယ်။ စိတ်ပိုင်း ဒေါသမူစိတ်မှာ ပဋိဃသမ္ပယုတ္တံလို့ လာပါတယ်။ ပဋိဃသမ္ပယုတ္တံ= ဒေါသနဲ့ယှဉ်သောလို့ ရှေးကဘာသာပြန်ကြပါတယ်။ အဲဒီတော့ "ပဋိဃ"ဆိုတာ ဒေါသကို ခေါ်တာပဲ။ ပဋိဃဆိုတာ စိတ်ထဲမှာ နဲနဲပင်ပန်းသွားတာ၊ စိတ်ထိခိုက်သွားတာကို ခေါ်တာပါ။ ဒီစိတ်ဖြစ်လာလို့ ရှိရင် လူမှာ နဲနဲထိခိုက် သွားလို့ ပဋိဃလို့ ခေါ်တယ်။ အဲဒီတော့ ပဋိဃဟာ ဒေါသကို ခေါ်တာပါပဲ။

တစ်ခါ အဘိဓမ္မာမှာ အာဃာတလို့လဲ ခေါ်ပါသေးတယ်။ အာဃာတ ဆိုတာတော့ မြန်မာစကားတောင်ဖြစ်နေပါပြီ။ မြန်မာက "အာဃာတ"ဆိုရင် ရန်ငြိုးလို့ နားလည်တယ်။ ပါဠိစကားမှာ အာဃာတဆိုတာ ဒေါသပဲ။ ပဋိဃနဲ့ ဘာမှ မထူးဘူး။ ဒေါသဖြစ်ခြင်းရဲ့ အကြောင်းတရား (၉)ပါးကို အာဃာတဝတ္ထု (၉) ပါးလို့ဆိုတော့ "အာဃာတ"ကို မြန်မာက ရန်ငြိုးလို့ သုံးလိုက်တာပါ။ အာဃာတဝတ္ထုဆိုတာက ဒေါသဖြစ်ခြင်းရဲ့ အကြောင်းတရား။ တစ်ယောက်ကို တစ်ယောက်က အာဃာတ ထားတယ်ဆိုတာ မြန်မာက ရန်ငြိုးထားတယ်လို့

ဆိုတယ်။ အာဃာတကို မြန်မာအဘိဓာန်မှာ ပြန်တဲ့အခါကျတော့ အားလုံး နားလည်အောင် အာဃာတ=ရန်ငြိုးလို့ ပြန်ရမှာပဲ။

အမှန်က အာဃာတဟာ ဒေါသပဲ။ အာဃာတဟာ ဖျက်ဆီးတတ်တယ်၊ ဒေါသဟာ လူကို ဖျက်ဆီးတတ်တယ်၊ ကောင်းနေတဲ့ လူတစ်ယောက်ဟာ ဒေါသဖြစ်လာလို့ ရှိရင် ပျက်စီးသွားတာပဲ၊ လူကိုပျက်စီးစေလို့ သူ့ကို ဖျက်ဆီး တတ်တယ်လို့ ဆိုတာ၊ ဒေါသဟာ လူကို ဖျက်ဆီးတတ်တယ်။ တချို့တလေ ဘယ်လောက်ထိအောင် ဖျက်ဆီးသလဲဆိုရင် ဒေါသဖြစ်တဲ့အခါကျတော့ စိတ်ကို မထိန်းနိုင်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် သတ်ကြပုတ်ကြရင်းက အသေ သတ်ပစ်တဲ့အထိ ရောက်သွားကြတယ်။ လူတစ်ဖက်သားကို သေအောင် ဖျက်ဆီးပစ်လိုက်တာ။ အဲဒီတော့ သူ့ကို သေအောင် လုပ်လိုက်တဲ့အခါကျတော့ ကိုယ်လဲ ထောင်ကျခံရ၊ အချုပ်ခံရနဲ့ ပျက်စီးသွားတာပဲ၊ ဒေါသဟာ မိမိကိုယ်ကိုလဲ ပျက်စီးစေတယ်၊ သူတစ်ပါးကိုလဲ ဖျက်ဆီးတတ်တယ်။ ဒီပြင် လောဘတို့ မာနတို့ရော မဖျက်ဆီးဘူးလားဆိုရင် ဖျက်ဆီးပါတယ်၊ ဒါပေမဲ့ ဒေါသနဲ့ နှိုင်းစာရင် တော်ပါသေးတယ်။ လူမှာ ရှိသင့်တဲ့ လောဘဟာ ရှိကို ရှိရမယ်။ ဒိဋ္ဌိကျတော့လဲ ရှိသင့်တဲ့ ဒိဋ္ဌိဟာ ရှိကို ရှိရမယ်။ ဒီလောဘ ဒိဋ္ဌိတို့က လူတွေကို ချမ်းသာစေနိုင်တယ်၊ ကြီးပွားစေနိုင်တယ်။ ရှိသင့်တဲ့ မာနကလဲ လူတွေကို ကြီးပွားစေနိုင်တာပါပဲ။

ဒေါသကတော့ အဲဒီတရားသုံးပါးနဲ့ မတူဘူး၊ ဒေါသအုပ်စုက တရား တွေက လူတွေကို ဖျက်ဆီးတတ်တယ်။ ဒေါသဖြစ်လာရင် နဲနဲပဲ ဖြစ်ဖြစ် များများပဲ ဖြစ်ဖြစ်၊ ဘယ်ဒေါသပဲ ဖြစ်ဖြစ် အားလုံး ပျက်စီးစေတာပဲ။ ဒေါသ မှန်သမျှ အားလုံး ပျက်စီးစေတာပဲ။ အိမ်မှာ အဖေက ဒေါသဖြစ်နေတယ်ဆိုရင် တစ်အိမ်လုံး စိတ်ဆင်းရဲကြရတာပဲ။ အမေ ဒေါသဖြစ်နေတယ်ဆိုရင်ကော အကုန်လုံး စိတ်ဆင်းရဲရတာပဲ၊ တစ်ယောက် ဒေါသဖြစ်နေတယ်ဆိုလို့ ရှိရင် အဲဒီအိမ်ဟာ နေလို့ကို မကောင်းတော့ဘူး။

ဒါကြောင့်မို့ ဒီပြင်တရားတွေကို မလေ့ကျင့်နိုင်ရင်ထားပါ။ ဒေါသကိုတော့ ရှောင်နိုင်အောင် လေ့ကျင့်မယ်ဆိုရင် ရပါတယ်။ ဖအေလုပ်တဲ့လူကလဲ သားမယားတွေ အပြစ်ရှိလို့ ပြောချင်ပေမဲ့ မပြောဘဲ အောင့်ထားရင် ရတာပါပဲ။ ပြောစရာရှိတဲ့ လူဟာ ပြောချင်တာပဲ။ ဩော်–ငါပြောလိုက်လို့တော့ ဘာမှ အကြောင်း မထူးဘူး၊ အကုန်လုံး စိတ်ဆင်းရဲရုံ ရှိမှာပဲ။ စိတ်မဆိုးဘဲနဲ့ မယားနဲ့ သားတွေသမီးတွေကို ပြောရင်လဲ ရတာပဲ။ သတိလေးပဲ လိုတာပါ။ လူ တစ်ယောက် စိတ်ဆိုးလို့ရှိရင် တစ်အိမ်လုံး စိတ်ဆင်းရဲတယ်၊ တစ်အိမ်လုံး လူတွေဟာ ပျက်စီးသွားတာပဲ။ အဲဒါကြောင့် ဒေါသဆိုတဲ့ တရားဟာ ပထမ ကိုယ့်ကို စိတ်ဆင်းရဲစေတယ်၊ ကိုယ့်စိတ်ပျက်စီးသွားတယ်၊ ဒီထက်ပိုဆိုးလို့ ရှိရင် သားတွေ သမီးတွေနဲ့ တကွဲတပြား၊ လင်နဲ့မယား တကွဲတပြား၊ စီးပွားရေး တွေကော အကုန်လုံး ပျက်စီးသွားတာပဲ၊ အဲဒီလောက်ထိအောင် ဒေါသက ဆိုးပါတယ်။ ဒါကြောင့်မို့ ဒေါသဟာ လေ့ကျင့်မယ်ဆိုရင် လေ့ကျင့်လို့ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လောဘ၊ ဒိဋ္ဌိ၊ မာနတို့လို ရှိသင့်တဲ့ ဒေါသရယ်လို့ မရှိတော့ဘူး။ ဒေါသမှန်သမျှ လူမှာ ဘယ်ဒေါသမှ ကောင်းကျိုး မပေးပါဘူး။ ဒေါသကို ပဋိဃလို့လဲ ခေါ်တယ်၊ အာဃာတလို့လဲ ခေါ်တယ်၊ ဗျာပါဒလို့လဲ ခေါ်တာ တွေ့အုံးမယ်။

ဗျာပါဒဆိုတဲ့ ပါဠိကလဲ ပျက်စီးစေတယ်၊ ဖျက်ဆီးတတ်တယ်။ မနောကံ ကျတော့ စီးပွားဥစ္စာတင်မကဘူး၊ လူတစ်ယောက်ကို သေအောင်ဖျက်ဆီးဖို့ ကြံစည်တာကို ဗျာပါဒလို့ ခေါ်တယ်။ လူတစ်ယောက်ကို သေပါစေ၊ ဒီလူ ခပ်မြန်မြန် သေပါစေဆိုတဲ့ လူကို ပျက်စီးအောင် သေစေလိုတဲ့ စိတ်ဖြစ်နေတာ ဗျာပါဒ။ ကိုယ်နဲ့မတည့်တဲ့ လူဆိုရင် ဒီကောင်ကြီး မသေသေးဘူးလား၊ ခပ်မြန်မြန်သေပါစေလို့ လူဟာ ဒီလို ဖြစ်တတ်ပါတယ်။ ဒါဟာ မနောကံပါပဲ၊ အဲဒါကြောင့်မို့ ပဋိဃနဲ့ ဗျာပါဒတို့ဟာ ဒေါသရဲ့ ပရိယာယ်တွေပါပဲ။ ဒါတွေဟာ ဘာသာပြန်ရလဲ ခက်ပါတယ်၊ ဒါကြောင့်မို့ ဒေါသကို ဒေါသလို့ပဲ ထားတာက စိတ်ဆိုးမှုတို့ ကြမ်းတမ်းမှုတို့ ခက်ထန်မှုတို့ ဆိုတာထက် နားလည်လွယ်ပါတယ်။

## ဣဿာစေတသိက်

ဣဿာလဲ မြန်မာမှာ တော်တော်အသုံးများတယ်၊ ရိုးရိုးဘာသာပြန်မယ် ဆိုရင် ရှေးက ဆရာကြီးတွေကတော့ ဣဿာကို ငြူစူမှုတဲ့၊ မြန်မာကတော့ ငြူစူတယ်ဆိုတာ သိပ်ပြီးတော့နားမလည်ဘူး၊ မနာလိုမှုဆိုတာကို နားလည်တယ်။ အဲဒီတော့ အရပ်ထဲမှာ ဣဿာနဲ့ အဘိဇ္ဈာကို လွဲပြီးတော့ မနာလိုတာလို့ ခေါ်ကြတယ်။

အဘိဇ္ဈာဆိုတာက လုပ်ကြံမှုပဲ၊ ဣဿာက မနာလိုတာ။ ဣဿာဆိုတာက သူတစ်ပါးချမ်းသာတာကို သက်သက် မနာလိုတာ၊ ဒီဒေါသအုပ်စုမှာ ပါတဲ့ တရားတွေက နည်းနည်းမှ မကောင်းဘူး၊ လောကကြီးမှာ ဘယ်နေရာမှာမှ သုံးလို့ မရဘူး။ ဣဿာဆိုတာက သူများ မော်တော်ကားစီးနိုင်တာကို ကိုယ်က ကြားထဲက "ဒီကောင် မော်တော်ကားကြီးနဲ့ပါလား၊ ဘယ်တုန်းက ဘာတွေ လုပ်ထားတာပဲ"လို့ ကိုယ်နဲ့ ဘာမှ မဆိုင်ဘဲ သက်သက် မနာလိုဘူး၊ "ဟာ ဒီကောင်တော့ တိုက်ဆောက်တယ်ကွ၊ တိုက်ဆောက်မှာပေါ့၊ ဒီကောင် ဘယ်တုန်းက ဘာတွေ လုပ်ထားတာပဲ"လို့ ဣဿာက သူတစ်ပါးတိုက်နဲ့နေတာ ချမ်းသာတာကို မကြည့်နိုင်ဘူး။ အဲဒီ မနာလိုတဲ့ ဣဿာဟာ ထိုးဆွပေးတဲ့ လူတွေရှိရင် ချမ်းသာတဲ့လူတွေ၊ ရာထူးကြီးကြီးရှိတဲ့ လူတွေ အကုန်လုံးကို ဖျက်ဆီးပစ်လိုက်မယ်။ ရာထူးမရတဲ့ လူတွေက ရာထူးကြီးကြီးရှိတဲ့ လူတွေကို မနာလိုကြဘူး၊ ဆင်းရဲတဲ့ လူတွေက ချမ်းသာတဲ့ လူတွေကို မနာလိုကြဘူး။ နဂိုထဲက လူရဲ့ သဘာဝကိုက ငယ်ငယ်ကတည်းက ဒီစိတ်ကိန်းလာတာ။ အဲဒီ ဣဿာကို ထိုးဆွပေးမယ့် လူတွေ ပေါ်လာမယ်ဆိုရင် ချမ်းသာတဲ့ လူတွေလဲ အကုန် ဒုက္ခရောက်မယ်၊ ရာထူးကြီးကြီးလူတွေလဲ အကုန် ဒုက္ခ ရောက်ကုန်မှာပဲ၊ အဲဒီတော့ ဣဿာဆိုတဲ့ တရားက ကိုယ့်စိတ်မှာ ကိုယ်ဖြစ်တယ် ဆိုပေမဲ့ ထိုးဆွပေးတဲ့ လူမရှိရင် ကိစ္စမရှိဘူး၊ ထိုးဆွပေးတဲ့လူ ရှိလာရင်တော့ ပေါက်ကွဲမှာပဲ။ ဒါကြောင့်မို့ ဣဿာက သူတစ်ပါးချမ်းသာတာ သူတစ်ပါး ရာထူးရတာတွေကို သက်သက်မနာလိုဘူး၊ မကြည့်နိုင်ဘူး၊ များသောအားဖြင့်

လူ့သဘောမှာ တချို့မိမ်းကလေးတွေဆိုရင် ကိုယ့်ထက်လှတဲ့ သူကို ပြုံးသာ ပြုံးရတယ်၊ သိပ်မနာလိုချင်ဘူး၊ ယောကျ်ားကလေးတွေလဲ ဒီလိုပါပဲ၊ မနာလိုတဲ့ ဣဿာသဘောဟာ ကိုယ်က ဘာမှပေးရတာလဲမဟုတ်ဘူး၊ ကိုယ့်မှာ ဘာမှလဲ ထိခိုက်တာ မဟုတ်ဘူး၊ ကိုယ့်မှာ ဘာအကျိုးကျေးဇူးမှလဲ မရှိဘူး၊ သက်သက်မဲ့ ဒီစိတ်က ပေါ်လာတာ။

ဣဿာဆိုတာလဲ လေ့ကျင့်မယ်ဆိုရင် လွယ်ပါတယ်၊ ကိုယ်က ဘာမှ စိုက်ပေးရတာလဲ မဟုတ်ပါဘူး၊ သူ့ဖာသာ ချမ်းသာလို့လဲ ကိုယ့်ဆီက ဘာမှ ပါသွားတာလဲ မဟုတ်ပါဘူး၊ သူမော်တော်ကားစီးလို့လဲ ကိုယ့်မှာဘာမှဖြစ်တာ မဟုတ်ဘူး၊ သူရာထူးကြီးကြီးရလို့လဲ ကိုယ့်မှာ လာထိခိုက်တာလဲ မဟုတ်ဘူး၊ ကိုယ့်မထိခိုက်ဘဲနဲ့ သက်သက်မဲ့ ကိုယ့်ထက်သာ မနာလိုတာ။ ဣဿာကလဲ သူဟာ တော်တော်ဖျက်ဆီးတတ်တဲ့ တရားပဲ။ တကယ်တော့ ဣဿာဓာတ်ကိန်း နေလို့ ငြူစူကြရင် မနာလိုကြရင် လူတွေ အားလုံး ပျက်စီးမှာပဲ၊ သူများ ချမ်းသာရင် ကိုယ်က မနာလို၊ ကိုယ်ချမ်းသာရင်လဲ သူကမနာလိုနဲ့ ကြာတော့ မတည့်ဘူး၊ မတည့်တော့ တိုက်ကြခိုက်ကြမယ်၊ တိုက်ခိုက်ကြတော့ အကုန်လုံး ပျက်စီးသွားမှာပဲ၊ အဲဒါကြောင့်မို့ ဣဿာကလဲ လူတွေကို ပျက်စီးစေတယ်၊ လူတွေကို ဖျက်ဆီးတတ်တဲ့ သဘောက ဣဿာမှာလဲ ရှိတာပဲ။

**သောတာပန်နဲ့ ဣဿာ**

သောတာပန်ဆိုတဲ့ အရိယာတွေဟာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကိုသာ ပယ်တယ်လို့ အသိများကြတယ်။ တကယ်တော့ သောတာပန်ဟာ ဣဿာမရှိဘူး၊ ဣဿာ ကိုလဲ ပယ်တာပဲ၊ သောတာပန်ပုဂ္ဂိုလ်များဟာ သူတပါးကို ကောင်းစားစေ ချင်တယ်၊ ချမ်းသာစေချင်တယ်၊ သူတပါးချမ်းသာတာကို ဝမ်းသာတယ်၊ သူတပါး ချမ်းသာတာ ကောင်းစားတာကို မနာလိုဘူးဆိုတာ မရှိဘူး၊ သောတာပန်တင် မဟုတ်ဘူး၊ မြန်မာလူမျိုးတွေမှာ သူတပါးကို မနာလိုတဲ့စိတ်မျိုး မရှိဘူး၊ တောရွာ မှာပဲဖြစ်ဖြစ်၊ မြို့မှာပဲဖြစ်ဖြစ်၊ မြို့ရွာရပ်ကွက်တွေမှာပဲဖြစ်ဖြစ် ချမ်းသာတဲ့သူကို

ဆင်းရဲတဲ့သူတွေကလဲ ဝိုင်းပြီးအားပေးကြတာပဲ။ ချမ်းသာတဲ့ လူကလဲ မချမ်းသာတဲ့လူတွေကို ပြန်ပြီးတော့ ကူညီတာပဲ။ ရာထူးကြီးကြီးရှိတဲ့ လူတွေကလဲ ရာထူးငယ်တဲ့လူတွေကို ကူညီတာပဲ။ ရာထူးငယ်တဲ့ လူတွေကလဲ ရာထူးကြီးကြီးရတဲ့လူတွေကို ဝမ်းမြောက်ဝမ်းသာနဲ့ အားပေးကူညီကြတယ်။ တစ်ယောက်နဲ့တစ်ယောက် မနာလိုတဲ့စိတ်ဆိုတာ မရှိကြဘူး။ ဒါကြောင့် ရှေးခေတ်က မြန်မာပြည်ကြီးမှာ အလွန်ချမ်းသာကြတယ်။ အကယ်၍ ရုံးမှာပဲဖြစ်ဖြစ်, ရပ်ကွက်ထဲမှာပဲဖြစ်ဖြစ်, ကျောင်းမှာပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် မနာလိုကြလို့ရှိရင် ဘာအလုပ်မှ လုပ်လို့မရဘူး၊ အားလုံး ပျက်စီးမှာပဲ၊ ဒါကြောင့်မို့ ဣဿာဆိုတဲ့ တရားဟာ လောကကို ဖျက်ဆီးတတ်တဲ့ တရားထဲမှာ ပါတယ်။

**မစ္ဆရိယစေတသိက်**

နောက်ပြီးတော့ ဣဿာနဲ့ တွဲနေတာက မစ္ဆရိယ။ မစ္ဆရိယကတော့ မြန်မာစကားမှာလဲ ပြောတာများပါတယ်။ မစ္ဆရိယကို ဘာသာပြန်တဲ့အခါ မစ္ဆရိယ=ဝန်တိုတယ်။ အခုခေတ်မှာ ဝန်တိုတာကို ရှေ့က "သ"ထည့်ပြီးတော့ သဝန်တိုတယ်။ တချို့က "တို"နဲ့ မသုံးဘဲနဲ့ သဝန်ကြောင်တယ်၊ ဒီလိုလဲ သုံးတယ်၊ မြန်မာ့ဝေါဟာရမှာ သဝန်တိုတယ်၊ သဝန်ကြောင်တယ်။ ရှေးကတော့ "သ" မပါဘူး။ ဝန်တိုတယ်လို့ သုံးပါတယ်။ အဲဒီတော့ မစ္ဆရိယ=ဝန်တိုတာက ဣဿာနဲ့ ဘယ်လိုကွာသလဲ၊ ဒီဝန်တိုတယ်ဆိုတဲ့ သဘောမျိုးက မိမိချမ်းသာသလို ဒိုပြင်လူတွေကို မချမ်းသာစေချင်ဘူး၊ မိမိနဲ့ တန်းမတူစေချင်ဘူး၊ ဒါ ဝန်တိုတာပါပဲ။ အဲ လှတယ်ဆိုလို့ရှိရင်လဲ မိမိသာ လှချင်တယ်၊ ဒီ့ပြင်လူ လှတယ်ဆိုတာကို သိပ်မကြားချင်ဘူး၊ မကြိုက်ချင်ဘူး၊ သူ့ကို လှတယ်လို့ပြောရင်သာ သူက ကြိုက်တယ်။ ဒါ မစ္ဆရိယသဘောပဲ။

**မစ္ဆရိယ ၂–မျိုး**

မစ္ဆရိယက အနစားမစ္ဆရိယ၊ အကြမ်းစားမစ္ဆရိယဆိုပြီး နှစ်မျိုးရှိပါတယ်။ အနစားမစ္ဆရိယဆိုတာက မိမိချမ်းသာသလို ဒီပြင်လူတွေချမ်းသာတာကို သူက ဝန်တိုတယ်။ မိမိလို မချမ်းသာစေချင်ဘူး။ မိမိလှသလို ဒီပြင်လူတွေ လှတယ်လို့ ပြောရင် မကြားချင်ဘူး။ မိမိပညာတတ်သလို ဒီပြင်လူတွေ ပညာတတ်တယ်လို့ ပြောရင် မကြားချင်ဘူး၊ သူသာ တတ်ချင်တယ်, ဒီပြင် လူတွေကို မတတ်စေ ချင်ဘူး။ အဲဒါက အနစား မစ္ဆရိယ။ ရာထူးလဲ ဒီလိုပဲ မိမိသာ ရာထူးကြီး ကြီးကို ရချင်တယ်၊ ဒီပြင်လူတွေကို ရာထူးကြီးကြီးမရစေချင်ဘူး၊ အဲဒီလို သဘောမျိုးတွေဟာ အနစားမစ္ဆရိယတွေပဲ၊ လူငယ်တွေ နားလည်အောင် ပြောရမယ်ဆိုရင်တော့ သီချင်းထဲမှာ မိမိချစ်တဲ့လူကို ဒီပြင်လူ စေ့စေ့ကြည့် တာတောင် မခံချင် ဘူးတဲ့၊ အဲဒါ ကိုယ့်ကိုယ်ကိုတောင် မဟုတ်ဘူး၊ မိမိချစ်တဲ့ လူကို ဒီပြင်လူကြည့်တာ မခံချင်ဘူးတဲ့။ ဒါ မစ္ဆရိယ=ဝန်တိုတယ်လို့ ပြောတာပဲ။ ဒီလိုပဲ မိမိအိမ်ကို သူများတကာ လာပြီးတော့ နေတာ ဝင်တာ ထွက်တာတွေကို မကြိုက်ဘူး။ ကိုယ်ပိုင်တဲ့ ပစ္စည်းကို ဒီပြင်လူတွေနဲ့ မဆက်ဆံစေချင်ဘူး၊ ဒါ အနစား မစ္ဆရိယပဲ။

ချုံးလိုက်ရင် ရာထူးဂုဏ်တို့ စည်းစိမ်ဂုဏ်တို့ ပစ္စည်းဂုဏ်တို့ မိမိသာ ရှိချင်တယ်၊ ဒီပြင်လူတွေ ရှိတယ်ဆိုရင် သိပ်ပြီးတော့ မကြားချင်တာမျိုးကို အနစား မစ္ဆရိယလို့ ခေါ်ပါတယ်။

အကြမ်းစား မစ္ဆရိယဆိုတာမျိုးက မိမိပစ္စည်းဥစ္စာကို နှမြောတာပေါ့၊ မိမိ ချမ်းသာပေမဲ့ သူများကို မပေးချင်ဘူး၊ သူတပါးကို ပေးရမှာ သိပ်နှမြောတယ်၊ အဲဒါမျိုးကတော့ အကြမ်းစား မစ္ဆရိယ။ မိမိရှိတဲ့ ရာထူးကို မိမိက မစွန့်လွှတ် နိုင်ဘူး။ မိမိပဲ ရာထူးလေးမှာ တွယ်ကပ်ပြီး နေချင်တယ်။ သူတပါးရမှာကို အင်မတန် စိုးရိမ်တယ်၊ ဒါ အကြမ်းစား မစ္ဆရိယပဲ။

အဲဒီတော့ မစ္ဆရိယ ဝန်တိုတယ်ဆိုတာက လေ့လာမယ်ဆိုလို့ရှိရင် ရာထူးတို့ စည်းစိမ်တို့ ပစ္စည်းဥစ္စာတို့ နေရာထိုင်ခင်းတို့ ကိုယ့်အရိပ်အာဝါသတို့

ကိုယ့်အိမ်အဝန်းအဝိုင်းထဲမှာ စိုက်ထားတဲ့ သစ်ပင်တွေကို ဒီပြင်လူတွေ ခူးမှာတို့ ဒါတွေကို ဝန်တိုတာပါပဲ။ ဒါလဲ ဝန်တိုမှုတစ်မျိုးပေါ့။ အခုခေတ်မှာတော့ မစ္ဆရိယဆိုတာ သဝန်ကြောင်တာတို့ သဝန်တိုတာတို့ ဆိုတာတွေက ထင်ရှား နေတာပါပဲ။

အမှန်ကတော့ ဣဿာက ကိုယ်နဲ့ ဘာမှမဆိုင်ဘူး၊ ဒီပြင်လူတွေ ရာထူး ရတာ ချမ်းသာတာ ဒီလိုဟာမျိုးကို မကြားချင်တာ မကြည့်ချင်တာ၊ သူ့ဘာသာသူ ရာထူးရတာ သူ့ဘာသာသူ လုပ်လို့ ချမ်းသာတာ ကိုယ်နဲ့ ဘာမှမဆိုင်ဘဲ ဖြစ်တဲ့အခါမျိုးမှာ အဲဒါ ဣဿာလို့ ခေါ်တယ်။

မစ္ဆရိယဆိုတာ ကိုယ့်မှာ ရှိတဲ့ ပစ္စည်းဥစ္စာ ကိုယ့်မှာရှိတဲ့ ရာထူး သူတပါးနဲ့ မဆက်ဆံချင်တာ။ မိမိမှာရှိတဲ့ ပစ္စည်းဆိုတော့ ကိုယ့်မယားတို့ ကိုယ့်သား သမီးတို့ ကိုယ်ချစ်တဲ့သူတို့ကို ဒီပြင်လူ ဆက်ဆံတာ မကြိုက်တာလဲ မစ္ဆရိယပဲ။ ဒါကြောင့်မို့ ဣဿာနဲ့ မစ္ဆရိယကို လောကကို ဖျက်ဆီးတဲ့ တရားလို့ ဆိုကြပါတယ်။

## လူတွေ ဘာပြုလို့ ဆင်းရဲတာလဲ

လောကမှာ လူတွေ ဆင်းရဲရခြင်းအကြောင်းကို နိုင်ငံရေးအဘိဓမ္မာသမား တို့ စီးပွားရေးအဘိဓမ္မာသမားတို့က အကြောင်းအမျိုးမျိုးရှာကြမှာပေါ့၊ မြတ်စွာ ဘုရားကတော့ လူတွေ ဆင်းရဲရခြင်းရဲ့အကြောင်းဟာ အဘိဓမ္မာမှာပါတဲ့ ဣဿာ နဲ့ မစ္ဆရိယပဲတဲ့။ ဒီ ဣဿာနဲ့ မစ္ဆရိယရှိတဲ့ လူတွေဟာ ဒီဘဝတွင် မကဘူး၊ ဘဝဆက်တိုင်းမှာ ဆင်းရဲရမယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သဘောတရား လေ့လာကြည့်မယ်ဆိုရင် ဣဿာဆိုတာက ဒီပြင်လူတွေ ချမ်းသာတာကို မကြည့်ချင်တာ၊ ဒီပြင်လူတွေ ဆင်းရဲတာကိုပဲ မြင်ချင်တာ၊ ချမ်းသာတယ်ဆိုရင် မကြားချင်ဘူး၊ ဒီပြင်လူကောင်းစားတယ်ဆိုရင် မကြားချင်တဲ့ သဘောတရားက ဣဿာ။ များသောအားဖြင့် လူတွေရဲ့ သန္တာန်မှာ ရှိတာ များပါတယ်။

မစ္ဆရိယဆိုတာက ကိုယ်ချမ်းသာတဲ့ ပစ္စည်းကို သူများတကာကို မပေးချင်တာ သူတပါးကို ခွဲဝေမပေးချင်တာ။ အဲဒီတော့ ဣဿာနဲ့ မစ္ဆရိယဟာ သဘောတရားကိုက ရန်ဖြစ်နေတယ်။ လူတွေနဲ့ မတည့်ခြင်းရဲ့ အကြောင်းဖြစ်နေတယ်။ သူတပါးချမ်းသာတာကို ကိုယ်က မကြည့်ချင်ရင် သူတပါးကကော ကိုယ်ချမ်းသာတာကို ဘယ်ကြည့်ချင်ပါ့မလဲ။ သူက ဣဿာရှိလို့ရှိရင် ကိုယ်ကလဲ ဣဿာရှိလာမှာပဲ။ မစ္ဆရိယကလဲ ကိုယ့်ရှိတဲ့ ရာထူး ကိုယ့်ရှိတဲ့စည်းစိမ်ကို သူတပါးကို ခွဲဝေ မပေးချင်ဘူးဆိုလို့ရှိရင် ဒီပြင် လူတွေကလဲ ကိုယ့်ရှိတဲ့ ရာထူးစည်းစိမ်တို့ကို ဘယ် ခွဲဝေပေးချင်ပါ့မလဲ။

ဒီလိုသာ ဣဿာ၊ မစ္ဆရိယနဲ့ နေကြမယ်ဆိုရင် ချမ်းသာတဲ့လူတွေကလဲ ဒီပြင်လူတွေ ကောင်းစားရေးကို ဘာမှ လုပ်တော့မှာမဟုတ်ဘူး။ ဆင်းရဲတဲ့လူတွေကလဲ ချမ်းသာတဲ့လူကောင်းစားရေးကို ဘာမှ လုပ်မှာမဟုတ်တော့ဘူး။ မလုပ်တော့ဘာဖြစ်သလဲ၊ ဆင်းရဲသားနဲ့ ဓနရှင်တိုက်ပွဲတွေ ဖြစ်လာတယ်။ ဒီတိုက်ပွဲက ဘာမှမဟုတ်ဘူး၊ ဣဿာနဲ့ မစ္ဆရိယကို မီးထိုးပေးလိုက်ရုံပဲ။ ဣဿာနဲ့ မစ္ဆရိယဆိုတာက လူရဲ့သန္တာန်မှာ သူ့သဘောအလျောက် ဖြစ်နေတာများတယ်။ နဂိုကရှိနေတဲ့ ဓာတ်ခံကို မီးထိုးတဲ့လူတစ်ယောက်ပေါ်လာလို့ရှိရင် ဆင်းရဲသားနဲ့ ဓနရှင်တိုက်ပွဲဆိုတာ ဖြစ်လာတာပါပဲ။ ဆင်းရဲတဲ့လူတွေမှာ ဆင်းရဲသထက် ဆင်းရဲကုန်မှာပဲ။ ချမ်းသာတဲ့လူတွေလဲ အကုန်လုံးပျက်စီးကုန်မှာပဲ။ အဲဒီလိုသာ ဆင်းရဲတဲ့လူတွေကလဲ ချမ်းသာတဲ့လူတွေကို တိုက်မယ်၊ ချမ်းသာတဲ့လူတွေကလဲ ဆင်းရဲတဲ့လူတွေကို တိုက်မယ်၊ ပညာရှိတဲ့လူတွေကလဲ ပညာမဲ့တဲ့လူတွေကို တိုက်မယ်၊ ပညာမဲ့တဲ့လူတွေကလဲ ပညာရှိတို့ကို တိုက်မယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် တိုက်နေကြရင် လောကကြီးဟာ ပျက်စီးသွားမှာပဲ။

ဒါကြောင့် လူတွေမှာ ဣဿာနဲ့မစ္ဆရိယတရားတွေ များများရှိရင် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး ဘာမှ လုပ်လို့မရတော့ဘူး။ အကုန်လုံး ပျက်စီးမယ်။ ဣဿာ၊ မစ္ဆရိယရဲ့ သဘောတရားကို သေသေချာချာသိရင် အင်မတန်ရှင်းပါတယ်။ ရှေးက မြန်မာပြည်မှာ ဣဿာ၊ မစ္ဆရိယဆိုတာ မရှိဘူး၊ နိုင်ငံခြားက

လူတွေ ဝင်ချင်သလောက် ဝင်နေ မြန်မာက ပေးတာ ကျေးတာပဲ။ နေချင်တဲ့ နေရာတွေမှာ နေခွင့်ပြုတာပဲ။ တို့တိုင်းပြည်က လူတွေ မဟုတ်ဘဲနဲ့ တို့တိုင်းပြည်လာပြီး စီးပွားရှာနေကြတော့ တို့ဆင်းရဲတာပေါ့လို့ ဆိုပြီး မြန်မာက ဣဿာ မရှိခဲ့ဘူး။

ဣဿာဆိုတာက သူတပါးကောင်းစားတာကို မနာလိုတာ။ မစ္ဆရိယက ကိုယ်သာကောင်းစားချင်တာ။ အဲဒီလိုဆိုတော့ ခုခေတ်လူတွေပြောနေတဲ့ အတ္တသမားဆိုတာ ကိုယ်သာကောင်းစားချင်ပြီး ဒီပြင်လူတွေကိုတော့ မကောင်းစားစေချင်ဘူး။ တော်တော်ဆိုးတယ်။ ကိုယ့်ဘာသာကိုယ်ကောင်းစားချင်တာကတော့ ကိစ္စမရှိဘူး၊ ကိုယ်လဲ ကောင်းစားချင်တယ်၊ သူများလဲ ကောင်းစားစေချင်တယ် ဆိုရင် တော်သေးတာပေါ့။

ဣဿာက သူတပါးကျတော့ မကောင်းစားစေချင်ဘူး၊ မစ္ဆရိယက ကိုယ်သာလျှင် ကောင်းစားချင်တယ်ဆိုတော့ သိပ်ဆိုးတဲ့ တရားတွေပဲ။ အဲဒါကြောင့်မို့ လူတွေမှာ ဣဿာနဲ့ မစ္ဆရိယဆိုတဲ့ တရားဆိုးတွေ မရှိအောင် အဘိဓမ္မာကို လေ့လာလိုက်စားဖို့လိုပါတယ်။ ဣဿာ၊ မစ္ဆရိယရဲ့ အခြေခံကို ကြည့်မယ်ဆိုရင် သူရဲ့သဘောက နေရာတကာမှာလဲ လူတိုင်းမှာ မဖြစ်ပါဘူး။ ယောကျ်ားလေးမှာလဲ သူတို့ချင်းအပြိုင်အဆိုင်၊ မိန်းကလေးမှာလဲ သူတို့ချင်း အပြိုင်အဆိုင်၊ ရပ်ကွက်ချင်းမှာလဲ အပြိုင်အဆိုင်၊ အဲဒီလို ဖြစ်လာတဲ့အခါကျမှ ဣဿာ၊ မစ္ဆရိယဆိုတဲ့ သဘောလက္ခဏာတွေဟာ အင်မတန် ထင်ရှားလာတာပဲ။

ဣဿာနဲ့ မစ္ဆရိယတို့ကို ဘာဖြစ်လို့ ဒေါသအုပ်စုမှာ ထည့်ထားသလဲဆိုတော့ သူ့ကိုကလဲ လူကို ဖျက်ဆီးတတ်တဲ့ သဘောတရားတွေ ဖြစ်လို့ပါပဲ။ ဒေါသဆိုတာ လောကကြီးကို ဖျက်ဆီးတတ်တယ်။ လူတွေကို ဖျက်ဆီးတတ်တယ်။ ဒေါသဖြစ်လို့ ရှိရင် ပထမဆုံး ဘယ်သူ့ကို ဖျက်ဆီးသလဲ၊ ပထမဆုံး မိမိကိုယ်ကို ဖျက်ဆီးလိုက်တယ်၊ အဲဒီတော့ ဒေါသဖြစ်လာရင် လူဟာ တော်တော် အရုပ်ဆိုးသွားတယ်။ ဒေါသဟာ လူကိုလဲ အရုပ်ဆိုးစေတယ်၊ ဒေါသသိပ်များတဲ့လူဟာ အရုပ်ဆိုးတယ်။ ရုပ်ရည်အဆင်း ဘယ်လောက်ပဲ ကြည့်ကောင်းတဲ့

လူဖြစ်ပေမဲ့ ဒေါသသိပ်များရင် လူဟာ အရုပ်ဆိုးသွားတာပဲ၊ ဒေါသနဲတဲ့ လူဟာ ရုပ်ရည်ရူပကာယ သိပ်မဟုတ်ပေမဲ့ သူက လှလာတယ်။ မိမိကိုယ်ကို ဒေါသက ဖျက်ဆီးလိုက်ရင် အရုပ်ဆိုးသွားတယ်။ ကိုယ်က ဒေါသဖြစ်လို့ရှိရင် ကိုယ်တစ်ယောက်တင် မကဘူး၊ ဒီပြင် လူတွေကိုပါ ကူးစက်သွားတယ်၊ အဲဒီလို ကူးစက်သွားတဲ့အတွက် ဘေးက လူတွေလဲ ပျက်စီးသွားတာပဲ။

ပညာသင်တဲ့အခါ စီးပွားရှာတဲ့အခါ နိုင်ငံရေးလုပ်တဲ့အခါမှာ ပြိုင်ပြီးတော့ လုပ်ကြတယ်၊ ပြိုင်ရပါတယ်၊ အားကစားသမားတွေ ပြောနေကျစကားအတိုင်း ပြိုင်တာက ကောင်းသောပြိုင်ခြင်းပေါ့။ တစ်ယောက်နဲ့တစ်ယောက် ပညာပြိုင် တာကတော့ သူ့ထက် ပိုတတ်အောင် ကြိုးစားတာပဲ၊ ဒါ ဣဿာ, မစ္ဆရိယ မဟုတ်ပါဘူး။ ကိုယ်က သူ့ထက်ပိုတတ်အောင် သင်တာပဲ။ သူ့ကို ကိုယ်က ပညာမတတ်စေချင်လို့ဆိုတဲ့ ဣဿာမျိုးလဲ မရှိပါဘူး။ ကိုယ်တစ်ယောက်သာ တတ်ရမယ်ဆိုတဲ့ မစ္ဆရိယလဲ မရှိပါဘူး။ ဒါ ကောင်းသော ပြိုင်ခြင်းပဲ။

စီးပွားရှာလဲ ဒီအတိုင်းပဲ၊ သူ့ကိုလဲ ကိုယ်က ချမ်းသာစေချင်တယ်၊ သူ့ထက် ပိုပြီးတော့ ချမ်းသာအောင်လဲ ကိုယ်က ရှာတယ်။ နိုင်ငံရေးလုပ်လဲ ဒီအတိုင်းပဲပေါ့။ တခြားလူဘွေ တိုင်းပြည်ကောင်းအောင် လုပ်တာထက် ကိုယ်ကလဲ သူတို့ထက် ကောင်းအောင်လုပ်တာပဲ။ တခြားနိုင်ငံရေးသမားတွေကို ပျက်စီးစေချင်တဲ့ ဒုက္ခရောက်စေချင်တဲ့ ဣဿာမျိုး ကိုယ့်မှာ မရှိဘူး။ ကိုယ် တစ်ယောက်တည်းသာ တစ်နိုင်ငံလုံးကို ပိုင်ချင်တဲ့ မစ္ဆရိယမျိုးလဲ ကိုယ့်မှာ မရှိဘူး။ အဲဒီလို ဣဿာ မစ္ဆရိယမရှိဘဲနဲ့ ပြိုင်ရင် ပြိုင်ကောင်းပါတယ်။ ဒေါသ ဣဿာ မစ္ဆရိယ ဒီသုံးခုကတော့ ဒါလောက်နဲ့ပဲ တော်လောက်ပါပြီ။

### ကုက္ကုစ္စစေတသိက်

ဒေါသအုပ်စုထဲမှာ ပါတဲ့ ကုက္ကုစ္စဆိုတဲ့ စေတသိက်ကို မြန်မာက ကပ်စေးနဲတဲ့ သဘော၊ ကပ်စေးနဲတယ်လို့ နားလည်နေကြတယ်။ ဒါကြောင့်မို့ မြန်မာအဘိဓာန်ကျတော့ ကုက္ကုစ္စကို ကပ်စေးနဲတယ်လို့ပဲ ရေးရပါမယ်။

အဘိဓမ္မာမှာတော့ ကုက္ကုစ္စဆိုတာ ကပ်စေးနဲ့တာ မဟုတ်ပါဘူး။ ဒါ အရပ်ထဲမှာ ပြောနေကြတဲ့ မြန်မာစကားပါ။ အဘိဓမ္မာမှာ နှမြောတယ်၊ ကပ်စေးနဲ့တယ်၊ ဝန်တိုတယ်ဆိုတာ မစ္ဆရိယ အကြမ်းစားပဲ။ အဘိဓမ္မာမှာ ကုက္ကုစ္စဆိုတာ နောင်တ တစ်ဖန် ပူပန်မှု။ ကုက္ကုစ္စကို ဘာသာပြန်ရတာ နဲနဲခက်ပါတယ်။ နောင်တ တစ်ဖန် ပူပန်မှုဆိုတာနဲ့ နောင်တရတာဟာ အတော်ကွဲပါတယ်။ လူတစ်ယောက် နောင်တရသွားတယ်ဆိုတာက ကောင်းတဲ့ သဘောတရားကို ပြောတာပါ။

ကုက္ကုစ္စ=နောင်တတစ်ဖန် ပူပန်မှုဆိုတာ ကိုယ်မကောင်းတာလုပ်မိတာကို ပူပန်တာပါ။ ဘယ်အလုပ်က မကောင်းဘူး, ဘယ်အလုပ်က ကောင်းတယ်လို့ သိတဲ့လူတွေသာ နောင်တတစ်ဖန် ပူပန်မှုဖြစ်တာပါ။ လောကကြီးမှာ ကောင်းတဲ့ အလုပ်, မကောင်းတဲ့အလုပ်ဆိုပြီး အလုပ်က နှစ်မျိုးရှိတယ်။ ကောင်းတဲ့အလုပ် မကောင်းတဲ့အလုပ်ကို သိထားတော့ လူဆိုတာက ကိုယ် မကောင်းတာတွေ ပြုလုပ်မိခဲ့ရင် "ငါ မကောင်းတာတွေ ပြုလုပ်မိလေခြင်း၊ ငါ မကောင်းတာ လုပ်မိလေခြင်း"ဆိုပြီး စိတ်ထဲမှာ ဖြစ်ဖြစ်နေတယ်။ ဥပမာ ယောကျ်ားလေး တစ်ယောက်က မိန်းကလေးတစ်ယောက်ကို ဒုက္ခရောက်အောင် လုပ်ခဲ့မိလို့ရှိရင် သူ သတိရတဲ့အခါမှာ "ဩော် ငါ မကောင်းတာ ပြုလုပ်မိခဲ့လေခြင်း၊ ငါ မဟုတ်တာ လုပ်မိခဲ့လေခြင်း"လို့၊ မိန်းကလေးတစ်ယောက်ကလဲ ယောကျ်ားလေး တစ်ယောက်ကို ဒုက္ခရောက်အောင် လုပ်ခဲ့မိလို့ရှိရင် "ဟာ–ငါ မကောင်းတာ လုပ်ခဲ့မိလေခြင်း"လို့ ပူပန်တာကို ကုက္ကုစ္စလို့ ခေါ်ပါတယ်။

ဒီလိုပဲ တိုင်းပြည် ပျက်စီးအောင် မကောင်းတာတွေလုပ်ခဲ့မိတယ်၊ သူပုန် ထခဲ့မိတယ်၊ လူတွေ သတ်ခဲ့မိတယ်၊ ကိုယ်အသိတရားရတဲ့အခါကျတော့ "ငါ သူပုန်ထခဲ့မိတာ မှားလေခြင်း"ဆိုပြီး စိတ်ထဲမှာ ပူလောင်နေတယ်။ အဲဒီလို မကောင်းတာတွေ လုပ်ခဲ့ပြီး ဒီမကောင်းတာတွေကို ပြန်ပြန်ပြီးတော့ စိတ်ထဲမှာ ပူလောင်မှုတွေ ဖြစ်နေတာကို ကုက္ကုစ္စဖြစ်တယ်လို့ ဆိုပါတယ်။

မိန်းကလေးတစ်ယောက်ကို ဒုက္ခရောက်အောင် လုပ်ခဲ့မိတယ်ဆိုရင် "ဒီလို လုပ်ခဲ့မိလေခြင်း"လို့ စိတ်ထဲမှာ ဆင်းရဲနေမဲ့အစား အဲဒီမိန်းကလေးကို စိတ်ချမ်း

သာအောင် သွားလုပ်ပေးလိုက်လို့ရှိရင် အကုသိုလ်မဖြစ်တော့ဘူး၊ ကုက္ကုစ္စဆိုတာ သက်သက်မဲ့သား စိတ်ထဲမှာ ဆင်းရဲပြီး ပူလောင်နေတာ။ မကောင်းတာလုပ်ခဲ့မိလို့ရှိရင် သတိသံဝေဂရပြီး၊ ကောင်းတာတွေ ဆက်လုပ်လိုက်ရင် ပြီးသွားတာပဲ။

မကောင်းတာ လုပ်ခဲ့မိလေခြင်းလို့ စိတ်ဆင်းရဲမှုဖြစ်နေလို့ရှိရင် တရားအားထုတ်လို့လဲ မရဘူး။ စီးပွားရှာလို့လဲ စီးပွားရေးထဲမှာ ဉာဏ်မရောက်တော့ဘူး။ ပညာသင်တဲ့အခါမှာလဲ စာဖတ်ရင်း "ငါ မကောင်းတာလုပ်ခဲ့မိလေခြင်း"လို့ အရိပ်တွေပေါ်သလို ပေါ်နေမှာပဲ။ အဲဒီတော့ မကောင်းတာလုပ်ခဲ့မိတယ်ဆိုတာကို သိတဲ့နေ့က စပြီးတော့ ရှေးက သူများကို ဒုက္ခရောက်အောင် ငါလုပ်ခဲ့တယ်၊ ခု ငါအကျိုးရှိအောင်ပဲ လုပ်တော့မယ်ဆိုပြီး ကောင်းတာကို လုပ်ရင် ကုက္ကုစ္စ ဖြစ်စရာ မလိုတော့ပါဘူး။ ဒါက မကောင်းတာ လုပ်ခဲ့မိလို့ ကုက္ကုစ္စ ဖြစ်ပုံကို တင်ပြတာပါ။

## ကုက္ကုစ္စ ၂-မျိုး

နောက်ပြီး ကောင်းတာကို မလုပ်ခဲ့မိတဲ့အတွက်လဲ ကုက္ကုစ္စဖြစ်တတ်ပါသေးတယ်။ ကောင်းတာကို မလုပ်ခဲ့မိတဲ့အတွက် ကုက္ကုစ္စဖြစ်ပုံက မိမိငယ်ငယ်တုန်းက မိဘကလဲ ပစ္စည်းအသင့်အတင့် ရှိတယ်၊ ရာထူးလဲ အသင့်အတင့်ရှိတယ်၊ အရွယ်ကလဲ ကောင်းတုန်း၊ ဉာဏ်ကလဲ ကောင်း၊ ကောင်းတဲ့ကျောင်းမှာလဲ ထားတယ်၊ ဒါပေမယ့် ကိုယ်က ပေပေတေတေ နေခဲ့တဲ့အတွက် ဆယ်တန်းတို့, ဘီအေ, ဘီအက်စ်စီတို့ကို သူများလို မအောင်ခဲ့ဘူး၊ မိဘမှာလဲ ပစ္စည်းတွေ မရှိတော့ဘူး၊ အသက်ကလဲ (၃၀)လောက် ရောက်လာတဲ့အခါ သူငယ်ချင်းတွေကို ရာထူးကြီးကြီးတွေနဲ့ ပိုက်ဆံချမ်းချမ်းသာသာနဲ့ တွေ့ရတော့ "ဟာ ငါ ငယ်ငယ်တုန်းက မိဘက ကျောင်းထားတယ်၊ ပညာတွေသင်ပေးတယ်၊ ငါ ပညာမသင်ခဲ့ဘူး၊ ငါတော့ မှားလေခြင်း၊ ငယ်ငယ်တုန်းက မိုက်မိတာတွေ ငါတော့ မှားလေခြင်း၊ ငါခုမှ ဒုက္ခရောက်ရလေခြင်း၊ မှားမိလေခြင်း"ဆိုတာ နောင်တရတာ မဟုတ်ဘူး၊ ကုက္ကုစ္စဖြစ်တာပါ။ "ငါ့ကို မိဘက သေသေချာချာ

ကျောင်းထားပြီး ငါ့ကို ပညာသင်ပေးပါလျက်နဲ့ ကောင်းတာမလုပ်ခဲ့မိတဲ့အတွက် ငါဒီလိုဒုက္ခရောက်ရတယ်''ဆိုပြီးတော့ စိတ်ထဲမှာ သက်သက်ဆင်းရဲနေတာ။ စိတ်ဆင်းရဲနေတဲ့အခါကျတော့ တရားလဲ အားထုတ်လို့ မရဘူး။ စီးပွားလဲ မရှာနိုင်ဘူး၊ ပညာလဲ မသင်နိုင်ဘူး၊ အဲဒီတော့ ကောင်းတာကို မလုပ်ခဲ့မိတဲ့အတွက် ကုက္ကုစ္စဖြစ်တယ်။ ဒါကြောင့် ကုက္ကုစ္စ စေတသိက်နဲ့ ပတ်သက်ပြီး အဋ္ဌကထာ၊ ဋီကာဆရာတွေက မကောင်းတာကို လုပ်ခဲ့မိတဲ့အတွက် ကုက္ကုစ္စဖြစ်သလို ကောင်းတာကို မလုပ်ခဲ့မိတဲ့အတွက်လဲ ကုက္ကုစ္စ ဖြစ်တယ်တဲ့။

ရှေးက ပြောရိုးပြောစဉ်ကတော့ ချမ်းသာတယ်၊ ပစ္စည်းဥစ္စာရှိတယ်။ ဒီဥစ္စာတွေရှိတဲ့အချိန်မှာ ကျောင်းဆောက်၊ ဘုရားတည်စတဲ့ ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်နိုင်ပါလျက်နဲ့ မလုပ်မိခဲ့ဘူး။ နောက်ကျတော့ သူ ဆင်းရဲသွားတယ်၊ ပစ္စည်းတွေကလဲ ကုန်သွားတဲ့အခါကျတော့မှ သူက ကုက္ကုစ္စဖြစ်တယ် ''ငါ ပစ္စည်းဥစ္စာတွေရှိတုန်းက ဒါနမပြုခဲ့မိတာ မှားလေခြင်း''လို့ သက်သက်မဲ့ ကုက္ကုစ္စ ဖြစ်နေတာ၊ ပစ္စည်းဥစ္စာတွေရှိတုန်းက မလှူခဲ့မိပေမဲ့ တကယ် ကုသိုလ် ဒါန လုပ်ချင်တယ်ဆိုရင် မရှိတဲ့အခါမှာလဲ လုပ်နိုင်ပါတယ်။ ရပ်ရွာ သန့်ရှင်းရေး၊ ကျန်းမာရေးစတဲ့ ကာယစွမ်းအားနဲ့ ကုသိုလ်ကောင်းမှုလုပ်ရင် ရတာပါပဲ။ ပစ္စည်းနဲ့လုပ်မှ ရတာမဟုတ်ပါဘူး။ သက်သက်မဲ့ ပစ္စည်း ဥစ္စာတွေ ရှိတုန်းက မလှူခဲ့ဘဲနဲ့ ပစ္စည်းဥစ္စာကုန်တဲ့အခါကျမှ ကုက္ကုစ္စ ဖြစ်နေတယ်။

## ဝိနယကုက္ကုစ္စ

နောက်တစ်ခုက ဝိနယကုက္ကုစ္စဆိုတာ ရှိသေးတယ်။ ဝိနယကုက္ကုစ္စဆိုတာက အဘိဓမ္မာကုက္ကုစ္စနဲ့ မတူဘူး။ ဝိနည်းမှာ ကုက္ကုစ္စဆိုတာက ဘုန်းကြီးတွေမှာ အလုပ်တစ်ခုကို လုပ်မယ်ဆိုလို့ရှိရင် ဒါ အပ်သလား၊ မအပ်ဘူးလား၊ လုပ်သင့်သလား၊ မလုပ်သင့်ဘူးလားဆိုတာ ဝိနည်းဥပဒေ မတတ်လို့ရှိရင် သူတို့မှာ သံသယရှိတယ်။ ဒီ ဝိနည်းကုက္ကုစ္စကတော့ သံသယသဘောမျိုး သက်ဝင်တယ်။ အဲဒီလို သံသယရှိလို့ မလုပ်ဘဲနေလို့ရှိရင် ဝိနည်းကုက္ကုစ္စ

ကတော့ ကောင်းတဲ့စကားလုံးဖြစ်သွားတယ်။ ဘာ့ဖြစ်လို့လဲဆိုရင် ဥပမာ သစ်ပင် ဆိုပါတော့၊ ဘုန်းကြီးတစ်ပါးက ဒီသစ်ပင်ကိုခုတ်ချင်တယ်။ ခုတ်ကောင်းသလား၊ မခုတ်ကောင်းဘူးလားလို့ ကုက္ကုစ္စရှိတယ်။ သူက စာမတတ်လို့ မသိရှာဘူး။ ကုက္ကုစ္စရှိလို့ မလုပ်ဘဲနေရင် ကောင်းတာပဲ။ ဝိနယကုက္ကုစ္စကတော့ ကောင်းတဲ့ ဘက်ကို ရောက်သွားတယ်။

အဘိဓမ္မာကုက္ကုစ္စကတော့ အကုသိုလ်စေတသိက်ပဲ။ ဒေါသအုပ်စုထဲမှာ ဘာဖြစ်လို့ ပါရသလဲဆိုတော့ သူက ဖျက်ဆီးတတ်တယ်။ အမြဲတမ်း စိတ်ဆင်းရဲ နေတဲ့ လူတစ်ယောက်ဟာ ကောင်းတဲ့အလုပ်ကို ဘာမှ မလုပ်နိုင်ဘူး။ သူက သူတပါးကိုလဲ ပျက်စီးစေနိုင်တာပဲ။ ဥပမာ–သားသမီးတစ်ယောက် စိတ် ဆင်းရဲနေတယ်ဆိုလို့ရှိရင် ညီအစ်ကို မောင်နှမဆွေမျိုးတွေဟာ ဘယ် စိတ်ချမ်းသာ တော့မလဲ။ အဲ–ကိုယ် စိတ်ဆင်းရဲနေတယ်ဆိုတော့ တခြားလူတွေကိုလဲ ဒုက္ခပေးရာ ရောက်တာပဲ။ ကုက္ကုစ္စဖြစ်တာဟာ ကိုယ့်ကိုလဲ ပျက်စီးစေတယ်၊ သူတပါးကိုလဲ ပျက်စီးစေပါတယ်။ ဒါကြောင့်မို့ ဒီ ကုက္ကုစ္စစေတသိက်က ဒေါသအုပ်စုထဲမှာ ပါတာပါ။

## သူဌေးသား ရှင်သုဒိန်

ဒီ ကုက္ကုစ္စ စေတသိက်ကို ဝတ္ထုကြောင်းနဲ့ပြောရင် ပိုရှင်းပါတယ်၊ ဘုရား လက်ထက်တုန်းက သူဌေးသား ရှင်သုဒိန်ဆိုတာ ရှိတယ်။ သူက တစ်ဦးတည်း သော သူဌေးသား။ တစ်နေ့သောအခါ ဘုရား တရားဟောနေတဲ့ တိုင်းပြည် တစ်ပြည်ကို ကုန်ကူးရင်း ရောက်သွားတယ်၊ ပရိသတ်အစွန်က နေပြီးတော့ တရားနာတယ်။ သူ သဘောပေါက်သွားတာက "ဒီ ဘုရားဟောတဲ့ တရားဟာ လူ့ဘဝနဲ့တော့ လုပ်လို့ရမဲ့တရားမဟုတ်ဘူး၊ သားတွေ မယားတွေ စည်းစိမ်တွေ အကုန်စွန့်ပစ်ပြီး၊ သင်္ကန်းဝတ်မှ လုပ်လို့ရမှာပဲ"လို့ စိတ်ထဲမှာ အကြံဖြစ်ပြီး ဘုရားထံမှာ သင်္ကန်းဝတ်ဖို့ တရားပွဲအဆုံးမှာ ပရိသတ်တွေ ပြန်သွားတော့ အတင်းဝင်လျှောက်တယ်။ အဲဒီအချိန်မှာ "မိဘခွင့်မပြုတဲ့ သားသမီးကို ရှင်ရဟန်း

ပြုမပေးရဘူး''ဆိုတဲ့ ဥပဒေကို ပညတ်ထားတော့ မြတ်စွာဘုရားက ''မင်းမိဘက ခွင့်ပြုသလား''လို့ မေးတယ်။ မိဘက ခွင့်မပြုသေးပါဘူးဆိုတော့ ခွင့်မပြုသေးရင် ခွင့်ပြန်တောင်းချေလို့ မိန့်တော်မူတဲ့အတွက် သူတို့မြို့ကို ပြန်ပြီး သူ့အဖေအမေထံ ခွင့်တောင်းတယ်။ ခွင့်တောင်းတော့ တစ်ဦးတည်းသော သူဌေးသားဖြစ်တဲ့အတွက် ခွင့်မပေးဘူး။

အဲဒီလို မိဘက ခွင့်မပေးတဲ့အခါကျတော့ ရဟန်းပြုခွင့် မပေးရင်တော့ ကျွန်ုပ်တော် အသေခံမယ်ဆိုပြီး အစာမစားဘဲနဲ့ နေတယ်။ မိဘတွေနဲ့ သူ့မိန်းမက ဘယ်လို ချော့ကျွေးကျွေး မစားဘဲ အစာအငတ်ခံတယ်။ ဆန္ဒပြတာပေါ့။

မိဘကလဲ ရဟန်းပြုခွင့်တော့ ဘယ်လိုမှ မပေးနိုင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ လူဆိုတာ စီးပွားဥစ္စာကို အင်မတန် ခင်တွယ်ကြတယ်။ အခုခေတ်မှ မဟုတ်ဘူး။ သူတို့ခေတ်တုန်းကဆိုရင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်က ပစ္စည်း ဥစ္စာတွေ စုစုလာကြတာ၊ ဒီသားလေးတစ်ယောက်ထဲရှိတယ်။ ဒီပစ္စည်းဥစ္စာတွေကို ဒီသားလေးကမှ မထိန်းသိမ်းလို့ရှိရင် မင်းဘဏ္ဍာဖြစ်ကုန်မယ်၊ အဲဒါကြောင့်မို့ ဒီသားကို ရဟန်းပြုခွင့် သူတို့မပေးနိုင်ဘူး။ မိဘတွေက သူ့ သူငယ်ချင်းတွေကို ခေါ်ပြီး ရဟန်း မဝတ်ဖို့ အမျိုးမျိုးပြောခိုင်းတယ်၊ သူငယ်ချင်းတွေက အမျိုးမျိုး နားချတယ်။ ဘယ်လောက်ပဲ ခင်တဲ့သူငယ်ချင်းဖြစ်ပစေ သုဒိန်က မရတော့ဘူး။ ငါ သေချင်သေပစေဆိုတော့ သူငယ်ချင်းတွေ လက်လျှော့ပြီး ''ကဲ–ခင်ဗျားတို့ သားကို ရဟန်းပြုခွင့်ပေးလိုက်၊ ပြုခွင့်မပေးရင် ဒီကောင် သေမှာပဲ''လို့ ဝိုင်းပြော ကြတယ်။

''ရဟန်းပြုခွင့်ပေးလို့ရှိရင် ခင်ဗျားတို့သား အသက်ရှင်လျက် မြင်ရမယ်။ ဘုန်းကြီးလုပ်တယ်ဆိုတာ ကတုံးတုံးပြီးတော့ သပိတ်တစ်လုံးကိုင်ပြီး သူများ အိမ်လျှောက်ပြီး ဆွမ်းခံစားရတဲ့ အလုပ်ကို ဒီကောင် ကြာကြာ မခံနိုင်ပါဘူး၊ ဒီကောင် လူထွက်ပြီး ပြန်ပြေးလာမှာပဲ၊ အဲဒီတော့ ခင်ဗျားတို့ ခွင့်သာ ပြုလိုက် ပါ''ဆိုတော့ မိဘများက သားကလေး သေမှာစိုးရိမ်တော့ ခွင့်ပေးလိုက်တယ်။ ခွင့်ပေးလိုက်တဲ့အခါ သုဒိန်ကတော့ ရဟန်းပြုသွားပါတယ်။ ရဟန်းပြုပြီးတော့

သူ့မိဘရပ်ထံ မပြန်ဘဲ တရားအားထုတ်နေတယ်။ (၈)နှစ်လောက်ကြာမှ သူ့မိဘရပ်ထံ ဒီ့ပြင်ရဟန်းတွေအတွက် ဆွမ်းကိစ္စ လွယ်ကူအောင် မိဘအိမ်မှာ သွားပြီး ဆွမ်းခံတယ်။ ဆွမ်းသွားရပ်တဲ့အခါကျတော့ ခိုင်းတဲ့ကလေးမလေးက ထမင်းသိုးတွေကို သွန်ပစ်မလို့ လုပ်နေတုန်း အရှင်သုဒိန်က ဆွမ်းရပ်နေရင်းက ပြောတယ်၊ "အဲဒီ ထမင်းသိုးတွေကို သွန်ပစ်မဲ့အစား သပိတ်ထဲ လောင်းလိုက်" လို့ ဆိုတော့ အဲဒီ ခိုင်းစေတဲ့မိန်းကလေးက သပိတ်ထဲကို လောင်းထည့်လိုက်တယ်။

ဒီခိုင်းစေတဲ့ မိန်းကလေးက အရှင်သုဒိန်ကိုလဲ မှတ်မိတယ်။ လက်တို့ ခြေတို့လဲ တွေ့ရတယ်၊ သူက စက္ကူခြေချပြီး ရပ်နေတာကိုး။ ဒါနဲ့ ခိုင်းစေတဲ့ မိန်းကလေးက သူ့မိဘကို ပြန်ပြောတယ်။ အရှင် သုဒိန်ကတော့ ဒီဆွမ်းအသိုးတွေကို ခံယူပြီး ထွက်သွားတာပေါ့။ သူ့မိဘတွေက အရှင်သုဒိန် ဒီမြို့ကို လာတယ်လို့ အစေခံမက ပြောတော့ တကယ်မှန်လို့ရှိရင် နင့်ကို ကျွန်ဘဝက လွတ်စေရမယ်ဆိုပြီးတော့ သူ့အဖေက လိုက်ကြည့်တယ်။ လိုက်ကြည့်တော့ ကိုယ်တော်မြတ်က မြို့လယ်ခေါင် လူအများတည်းခိုတဲ့ ဇရပ်နံရံဘေးထိုင်ပြီး ထမင်းသိုးတွေ စားနေတာကိုး။

အဲဒီတော့ သူ့အဖေက တော်တော် စိတ်မကောင်း ဖြစ်သွားပြီး စိတ်ထိခိုက်ပုံ မျိုးစုံပြောပြီးတော့ အိမ်ပင့်ပေမဲ့ ဒီနေ့တော့ ဆွမ်းမစားတော့ဘူးပေါ့၊ သူက တစ်ထပ်သာစားဖို့ အဓိဋ္ဌာန်ထားတာကိုး။ နောက်နေ့ကျတဲ့အခါကျတော့ အိမ်မှာ ဆွမ်းပွဲပြင်တယ်။ တစ်ဖက်က ရွှေပုံကြီးတစ်ပုံ၊ နောက်တစ်ဖက်က ရွှေပုံကြီး တစ်ပုံ။ လူ့တစ်ရပ်နီးပါးရှိတဲ့ ရွှေပုံကြီးတွေ ပုံပြီးတော့ကာ အလယ်ခေါင်မှာ ဆွမ်းကျွေးတယ်။အဲဒီတော့ သူ့အဖေက ဘာပြောသလဲဆိုတော့ မင်း ဘယ်တော့မှ မဆင်းရဲဘူးတဲ့။ ဒါ မင်းအဖေဘက်က ပါတဲ့ပစ္စည်းတွေ မဟုတ်သေးဘူး၊ ဒါ မင်း အမေလက်ထက်က ပါလာတဲ့ ပစ္စည်းတွေပဲ ရှိသေးတယ်တဲ့။ ဒီပစ္စည်းတွေကို ဖြုန်းချင်တိုင်း ဖြုန်း၊ ဘယ်တော့မှ မကုန်နိုင်ဘူးတဲ့။ အဲဒီတော့ မင်း လူထွက်ပါတဲ့။ ဒါပေမဲ့ သူ့သားက ပြောလို့ကို မရပါဘူး။

ဒါဖြင့် မင်း လူမထွက်လို့ရှိရင် ဒီပစ္စည်းတွေကို ဘယ်လိုစီမံမလဲ။ ဒီပစ္စည်းတွေအတွက် တို့မှာ သိပ်ပြီး စိတ်ပူပန်နေရတယ်။ ဒီပစ္စည်းတွေအတွက် ငါတို့စိတ်ချမ်းသာအောင် လုပ်ပေးစမ်းပါဆိုတော့ ရှင်သုဒိန်က ဒီလိုဆိုလို့ရှိရင် ဂုန်နီအိတ်တွေကို ရှာခဲ့လို့ ဆိုပါတယ်။ ကဲ–ကောင်းပြီ၊ ဂုန်နီအိတ်တွေရပြီ ဘာလုပ်မလဲ၊ ဂုန်နီအိတ်ထဲကို အဲဒီရွှေတွေ အကုန်ထည့်ပြီး လှည်းနဲ့တိုက်၊ မြစ်ထဲကို သွားမျှောလိုက်ဆိုတော့ သူ့အဖေက ငါ့သားတော့ ရူးပြီ၊ ခက်တာပဲတဲ့။

ဘယ်လိုမှ ပစ္စည်းနဲ့မျှားလို့မရတဲ့အတွက် နောက်တစ်နေ့ကျတော့ သုဒိန်ရဲ့ မိန်းမကို လှလှပပ ပြင်ဆင်ခိုင်းပြီး ရှင်သုဒိန်ကို အမျိုးမျိုး ပြောခိုင်းတာပေါ့၊ မိန်းမဆိုတာ ရဟန်းတွေကို အမျိုးမျိုးနှိပ်စက်နိုင်ဆုံး၊ ဒုက္ခ အပေးနိုင်ဆုံးပဲတဲ့။ တကယ် အကျင့်ကောင်းတဲ့ ရဟန်းသံဃာများအတွက် မိန်းမအနှားလာတာဟာ ဒုက္ခအရောက်ဆုံးပဲတဲ့။ ရှင်သုဒိန်ဟာ ဒါလောက် စည်းစိမ်တွေ စွန့်ပစ်ပြီး ရဟန်းလုပ်လာတဲ့ ပုဂ္ဂိုလ်ဖြစ်ပေမဲ့ မိန်းမက ပြောတော့ သူအလွန် ဒုက္ခရောက်တာပေါ့၊ မနဲထိန်းထားရတယ်။ ဒါနဲ့ သူ့အဖေကို ပြောတယ်။ ဒီလို မိန်းမတွေဘာတွေနဲ့ ကျုပ်ကို ဒုက္ခမပေးပါနဲ့၊ ကျုပ် အေးအေးဆေးဆေး နေပါရစေလို့ ဆိုပါတယ်။ ဒါနဲ့ သူတို့ တိုင်ပင်ကြတယ်။

ဘယ်လိုတိုင်ပင်လဲဆိုတော့ သူ့အမေနဲ့ သူ့ဇနီးက "တို့သားတစ်ယောက် ရရင်တော့ သူ ရဟန်းဝတ်ချင် ဝတ်သွားပါစေ။ တို့ သားတစ်ယောက်လောက် ရှိရင် ဒီပစ္စည်းဥစ္စာတွေကို စောင့်ရှောက်ဖို့ အမွေထိန်းတစ်ယောက်တော့ ရမှာပဲ။ အဲဒီတော့ မျိုးစေ့တစ်ယောက်ရဖို့အတွက် ပူဆာလို့ရှိရင် ရရင်ရနိုင်မယ်"လို့ တိုင်ပင်ကြပြီး ရှင်သုဒိန် တောထဲမှာ တရားအားထုတ်နေတဲ့အခါ သူ့အမေနဲ့ ဇနီးက အမွေထိန်းဖို့လို့ ပူဆာတယ်။ ဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတော်တွေကို ပထမပါရာဇိကသိက္ခာပုဒ် မပညတ်ရသေးပါဘူး။ မပညတ်ရသေးတော့ ဒီအမေ ဒီဇနီးနဲ့ ဒီအဖေဟာ သူ့ကို ဒုက္ခလိုက်ပေးနေတယ်၊ ဒီ အမွေထိန်းမဲ့သား တစ်ယောက် မျိုးစေ့ပေးလိုက်ရင်တော့ သူ ဒီဒုက္ခမှအေးမယ်ဆိုပြီးတော့ မျိုးစေ့ပေး

လိုက်တယ်။ ဝိနည်းကုက္ကုစ္စဆိုတာ ဒီနေရာ မဖြစ်သေးဘူး။ အပ်လေသလော, မအပ်လေသလော၊ လုပ်ကောင်းလေသလော, မလုပ်ကောင်းလေသလောလို့ သူ့မှာ ကုက္ကုစ္စမဖြစ်ဘူး။ဘာဖြစ်လို့လဲဆိုတော့ သူက ဘာစာပေမှလဲ မသင်ဖူးဘူး၊ ဗုဒ္ဓဘာသာကလဲ မထွန်းကားသေးတဲ့အခါဆိုတော့ အမေ, အဖေ, ဇနီးဝို့ရဲ့ နားပူနားဆာလုပ်တဲ့ဒုက္ခမှ လွတ်အောင်ဆိုပြီး သူ မျိုးစေ့ပေးလိုက်တယ်။ ဒီမျိုးစေ့ ပေးလိုက်တယ်ဆိုတဲ့ သတင်းဟာ ရဟန်းသံဃာတွေရှိသမျှ တစ်ပါးကနေ တစ်ပါး၊ တစ်ဆင့်စကားတစ်ဆင့်နားနဲ့ အကုန်လုံးသိသွားကြတယ်။ နောက်ပိတ်ဆုံး မြတ်စွာဘုရားရဲ့ နားတော်ထိအောင် ကြားသွားတာပေါ့။ ကြားသွားတဲ့အခါ ကျတော့ မြတ်စွာဘုရားက ခေါ်ပြီးတော့ စစ်ဆေးတယ်။ သုဒိန်-မင်း ဒီလို မျိုးစေ့ပေးတယ် ဆိုတာ မှန်သလား။ မှန်ပါတယ်ဘုရားတဲ့။ ဘုရားက ဒီနေရာမှာ သိပ်ပြီးတော့ ပြောပစ်လိုက်တာ။ မြတ်စွာဘုရားတို့မည်သည်မှာ သူဌေးသားရယ် ပညာရှိကြီးရယ် ဘာရယ် ဘယ်သူ့မျက်နှာမှ မကြည့်ဘူး၊ ပြောသင့်တယ်ဆိုရင် ပြတ်ပြတ်သားသား ပြောတာပဲ။

ငါဘုရားသာသနာဆိုတာ ရာဂ၊ ဒေါသ၊ မောဟ ကင်းငြိမ်းဖို့သာလျှင် တည်ထောင်ထားတာ။ ရာဂ ဒေါသ မောဟ ပွားများဖို့ သာသနာ တည်ထောင် ထားတာ မဟုတ်ဘူး စသဖြင့် မြည်တွန်တောက်တီးတဲ့သဘောပေါ့။ မလုပ်သင့် တာတွေ လုပ်တယ်ဆိုပြီးတော့ ဘုရားက ဆုံးမတဲ့အခါကျတော့ သုဒိန်ဟာ ကုက္ကုစ္စဆိုတဲ့ စိတ်မချမ်းမသာ တော်တော် ဖြစ်သွားတယ်။ ငါ မဟုတ်တာကို လုပ်မိလေခြင်း၊ ငါ မိုက်မဲလေခြင်း၊ ဒါလောက်ကလေးမှ မသိလေခြင်း ဆိုပြီး တော့ ရှင်သုဒိန်မှာ ကုက္ကုစ္စက သိပ်ဆိုးဆိုးဝါးဝါး ဖြစ်လာတယ်။ မိဘတွေ သားသမီးတွေ စည်းစိမ်တွေ ဘယ်လောက်စွန့်ပစ်စွန့်ပစ်၊ သာသနာကို ဘယ် လောက်ပဲ ကြည်ညိုကြည်ညို၊ အသက်စွန့်ပြီးတော့ပဲ အားထုတ် အားထုတ်၊ အဲဒီကုက္ကုစ္စဟာ တရားအားထုတ်ရင် ပေါ်လာတာပါပဲ။ ငါ မိုက်မဲလေခြင်း၊ ငါ မဟုတ်တာ လုပ်မိလေခြင်း၊ ငါ မသိလေခြင်းဆိုတဲ့ အဲဒီကုက္ကုစ္စအတွက် ရှင်သုဒိန်ဟာ မဂ်တရား ဖိုလ်တရား အားထုတ်လို့ မရနိုင်ဘူး။ ဒါ အဘိဓမ္မာ ကုက္ကုစ္စပဲ။ အဘိဓမ္မာကုက္ကုစ္စက တရားမရနိုင်ဘူး။

ဝိနည်းကုက္ကုစ္စကတော့ ကောင်းတယ်။ ဒါဟာ လုပ်ကောင်းသလား၊ မလုပ်ကောင်းဘူးလားလို့ ကုက္ကုစ္စဖြစ်လို့ မလုပ်ဘဲနေတာ။ အခု သုဒိန်ကတော့ ဒီနေရာမှာ ဒါလုပ်သင့်သလား မလုပ်သင့်ဘူးလားဆိုတဲ့ ဝိနည်းကုက္ကုစ္စမဖြစ်လိုက်ဘူး။ မိဘတွေလုပ်ပေးစေချင်တာကို မလုပ်ဘဲ နေလို့ရှိရင် သူ့ကို နောက်က ဒုက္ခလိုက်ပေးနေမှာကိုး။ သူက ရဟန်းတရားအားထုတ်ချင်တာ။ ဒီပစ္စည်းဥစ္စာနဲ့ သားမယားနဲ့ မိဘက ဒုက္ခလိုက်ပေးနေတဲ့အတွက် ဒီ ဗီဇ ပေးလိုက်လို့ရှိရင်တော့ အေးသွားမှာပဲလို့ သူက တွက်လိုက်တာ။ ဘုရားသာသနာမှာ ရဟန်းတစ်ပါးဟာ ဒါလုပ်သင့်သလား၊ မလုပ်သင့်ဘူးလားဆိုတာထိအောင် မတွေးမိဘူး၊ ဝိနည်းကုက္ကုစ္စမဖြစ်တော့ ပြုလုပ်မိလိုက်တယ်။ ပြုလုပ်မိလိုက်တဲ့ အခါကျတော့ ဘုရားက ဒါဟာ မလုပ်ကောင်းတာပဲလို့ ပထမပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူရတာပဲ။ ဒါဟာ သံဃာတော်တွေမှာ နံပါတ်တစ် ပါရာဇိကသိက္ခာပုဒ်ပဲ။ ရဟန်းများဟာ ဒီအလုပ်မျိုး လုပ်လို့ရှိရင် သူဟာ လူထွက်လိုက်ရတယ်။ ပါရာဇိကကျတယ်ဆိုတာ သာသနာ့ဘောင်ကနေပြီးတော့ သူ့ကို လူဝတ်လဲပစ်လိုက်ရတယ်။ ဒါကို ပါရာဇိကကျတယ်လို့ ခေါ်တယ်။ သုဒိန်ကတော့ သိက္ခာပုဒ် မပညတ်ခင် ပထမဆုံး ကျူးလွန်တဲ့ ပုဂ္ဂိုလ်ဆိုတော့ လွတ်စေပေါ့။

ဒါကြောင့် မြတ်စွာဘုရားသာသနာတော်မှာ (၂၂၇)သွယ် သိက္ခာပုဒ်တွေထဲက နံပါတ်တစ် ပထမပါရာဇိကဆိုတဲ့ သိက္ခာပုဒ် ပညတ်ရတာဟာ ရှင်သုဒိန်ကြောင့်ပါပဲ။ ပထမဦးဆုံး ကျူးလွန်တဲ့ပုဂ္ဂိုလ်မို့ သုဒိန်ကို ဘုရားက အပြစ်မှလွတ်လိုက်တယ်။ ဘာအပြစ်မှ မရှိဘူး။ ပါရာဇိက မကျဘူး။ သူ့နောက်မှလုပ်ရင်တော့ ဘယ်ပုဂ္ဂိုလ်လုပ်လုပ် ပါရာဇိက ကျမှာပဲ။

သုဒိန်ဟာ ပါရာဇိက မကျပေမဲ့ သင်္ကန်းဝတ်နဲ့ သာသနာတော်မှာ နေနိုင်ပေမဲ့ ကုက္ကုစ္စစေတသိက်ရဲ့ နှိပ်စက်မှုကြောင့် ဒါလောက် သာသနာကို ချစ်မြတ်နိုးတဲ့ စည်းစိမ်တွေကို စွန့်ရဲတဲ့ သုဒိန်သည်ပင်လျှင် တရားအားထုတ်လို့ မရဘူး။ သူသာ တရားမရတာပါ၊ သူမျိုးစေ့ပေးခဲ့တဲ့ သူ့သားနဲ့ သူ့မယားတို့ကတော့ ရဟန်းပြုပြီးတော့ တရားအားထုတ်တာ တရားရသွားကြတယ်လို့ ကျမ်းဂန်ထဲမှာ ပါတယ်။

ဒေါသအုပ်စုထဲမှာပါတဲ့ စေတသိက်တွေကို အလွယ်တကူ မှတ်မိနိုင်ဖို့အတွက် "ဒေါ, ဣဿ, မစ်, ကုတ်၊ ဒေါစတုက်"ဆိုတဲ့ ကဗျာတိုလေးကို ရအောင် ကျက်မှတ်ထားသင့်ပါတယ်။ ဒေါ=ဒေါသ၊ ဣဿ=ဣဿာ၊ မစ်=မစ္ဆရိယ၊ ကုက်=ကုက္ကုစ္စဆိုတာ သိရပါမယ်။

## အုပ်စု (၂)ခုလုံးမှာ ပါဝင်တဲ့ စေတသိက်

### ထိနစေတသိက်

လောဘအုပ်စုမှာရော ဒေါသအုပ်စုမှာပါ အုပ်စု (၂)ခုလုံး၌ ပါဝင်တဲ့ စေတသိက်(၂)လုံး ရှိပါတယ်။ အဲဒီနှစ်လုံးထဲမှာ ထိနစေတသိက်ဆိုတာ စိတ်ရဲ့ ထိုင်းမှုပါပဲ။ မြန်မာစကားမှာ နားထိုင်းတယ်ဆိုတာ နားမကြားဘူး၊ နားပင်းသွားတာကို ပြောတာပါ။ ဒီလူဟာ နားထိုင်းကြီးလို့ဆိုရင် နားလေးရုံတင် မကဘူး။ မကြားတဲ့အထိ ရောက်သွားတယ်။ မြန်မာစကားမှာ စိတ်ထိုင်းတယ်ဆိုတာ စိတ်သိပ်ပြီးတော့ နေမကောင်းတာ၊ စိတ် မကျန်းမမာ ဖြစ်တာကို ပြောတာပါ၊ စိတ်ထိုင်းတယ်ဆိုတာက စိတ်လုံးလုံး မရှိတာတော့ မဟုတ်ပါဘူး၊ စိတ်ဟာ သိပ်ပြီးတော့ အလုပ်မလုပ်ချင်ဘဲနဲ့ ပျင်းတဲ့ သဘောကို ထိနလို့ ခေါ်တာပါ။

### ပျင်းတာ အကုသိုလ်လား

နဲနဲတော့ ပြဿနာရှိပါတယ်။ ပျင်းတာက ဘယ်သူ့ကို ထိခိုက်လို့ ဘယ်လိုအကျိုးစီးပွားပျက်စီးလို့ အကုသိုလ်လို့ ဘုရားက ဟောတာလဲ ဆိုတော့ ပျင်းတဲ့ လူများဟာ ပညာမတတ်နိုင်ဘူး။ ကျောင်းတက်ပြီး ပျင်းတာနဲ့ စာမကျက်ဘဲနေလို့ စာမေးပွဲ ခဏခဏကျနေရင် ဘယ်သူ့ကို ထိခိုက်မလဲ၊ ကိုယ့်မှာလဲ ထိခိုက်တယ်၊ မိဘတွေလဲ ထိခိုက်တယ်၊ ပျင်းတဲ့အတွက် ပညာမတက်တော့ ဒီဘဝမှာ လူညွန့်တုံးသွားနိုင်ပါတယ်၊ ဒီဘဝမှာ လူညွန့်တုံးရုံတင် မကဘူး၊ လူကောင်းတစ်ယောက်လဲ မဖြစ်နိုင်တော့ဘူး။

ထိန=စိတ်ထိုင်းတယ်ဆိုတာဟာ စိတ်နေမကောင်းတာ၊ စိတ်မကျန်းမာတာပါပဲ၊ ဒီနေရာမှာ စိတ်မကျန်းမာမှု စိတ်နေမကောင်းမှုဆိုတာဟာ ပျင်းတာပါ၊ လူတွေက စိတ်ထိုင်းတာကို သိပ်နားမလည်ကြဘူး။ ဒါပေမဲ့ တွန့်ဆုတ်တာကိုတော့ နားလည်ကြပါတယ်၊ အလုပ်တစ်ခုကို လုပ်ရမယ်ဆိုရင် တီကို ဆားနဲ့တို့သလိုပဲ ပျင်းတဲ့လူများဟာ တွန့်သွားတယ်။ ဒီစာကျက်စမ်းပါဆိုရင် စာတွေက အများကြီးပဲဆိုပြီး တွန့်သွားတယ်၊ ထိနကို စိတ်တွန့်တယ်လို့ ဆိုတာထက် ပျင်းတယ်ဆိုရင်တော့ လူတွေ အားလုံး နားလည်ကြပါတယ်။

ထိနစေတသိက်ဆိုတာက စိတ်တွေ ပျင်းပြီးတော့ အလုပ်မလုပ်ချင်ဘူး၊ ဘာဖြစ်လို့ အကုသိုလ်စေတသိက်ထဲ ထဲ့သလဲဆိုတော့ မိမိအကျိုးစီးပွားသူတပါးအကျိုးစီးပွားကို ပျက်စီးစေနိုင်လို့ ထဲ့တာပါ။ အဲဒီတော့ ထိနစေတသိက်ဟာ လောဘအုပ်စုထဲမှာလဲ ပါတယ်၊ လောဘအုပ်စုထဲမှာ ဘယ်အခါပါသလဲဆိုတော့ လောဘဖြစ်လာရင် တစ်ခုခုကို လိုချင်တယ်၊ လိုချင်လို့ လုပ်တဲ့အခါမှာ ပျင်းတဲ့အခါလဲ ရှိတယ်၊ သွက်သွက်လက်လက် လုပ်တဲ့အခါလဲ ရှိတယ်၊ လိုချင်လို့ လုပ်တော့လုပ်တယ်၊ လုပ်ပေမဲ့ ပျင်းတဲ့အခါမှာဆိုရင် စိတ်က တိုက်တွန်းပေးရလို့ သသင်္ခါရိကစိတ်မှာ ထိနမိဒ္ဓ ယှဉ်တယ်လို့ ပြောကြတာပါ၊ ရှင်းရှင်းကတော့ လူဟာ ပျင်းတဲ့အခါရှိတယ်၊ "မင်း ပျင်းနေလို့ မဖြစ်ဘူး၊ ဥစ္စာ ပစ္စည်းရှာမှ ဖြစ်မှာ၊ မင်း ပျင်းနေရင် လူညံ့ဖြစ်မှာပေါ့"လို့ ကိုယ့်စိတ်ကို တိုက်တွန်းပေးရပါတယ်။ တစ်နည်းကတော့ "မင်းလုပ်ပါကွာ၊ မလုပ်လို့ ဘယ်ဖြစ်မှာလဲ၊ လူဆိုတာ အလုပ်လုပ်ရတယ်၊ ဥစ္စာပစ္စည်း ရှာရတယ်" အဲဒီလို တခြားလူကလဲ တိုက်တွန်းပေးရပါတယ်။ အဲဒီလို လိုချင်လို့လုပ်တဲ့အခါ တခြားလူက တွန်းပေးရတဲ့ အခါမှာတော့ ထိနစေတသိက်ဟာ လောဘအုပ်စုထဲမှာ ပါတယ်။

ဘယ်လိုနေရာမှာ ဒေါသအုပ်စုထဲ ပါသလဲဆိုတော့ ဒေါသဖြစ်တာက ကိုယ့်ဘာသာကိုယ် အလိုလိုဖြစ်တာလဲရှိတယ်၊ ရှုးဒိုင်းဆို ဖြစ်တဲ့အခါကျတော့ သူတပါး တိုက်တွန်းစရာ မလိုဘူး၊ တချို့ကျတော့ သူများက ဆွပေးတာ၊ မင်းကို သူက ဘယ်လိုပြောနေတာ၊ ရှင့်ကိုတော့ ဘယ်မိန်းမတွေက ဘယ်လို

ပြောနေတာ ရှင်မသိဘူးလား၊ ဘယ်သူက ဘာပြောတယ်၊ ညာပြောတယ်နဲ့၊ အဲဒီလို သူများက တွန်းပေးတာနဲ့ ဒေါသက ဖြစ်လာတယ်၊ အဲဒီလို သူများ တွန်းပေးလို့ ဒေါသဖြစ်လာလို့ရှိရင် ထိနဟာ ဒေါသအုပ်စုထဲမှာ ပါတယ်၊ ဒါကြောင့် ထိနစေတသိက်ကို အုပ်စု (၂)စုမှာ ပါဝင်တဲ့ စေတသိက်လို့ဆိုတာပါ။

**မိဒ္ဓစေတသိက်**

မိဒ္ဓကို မှိုင်းတယ်၊ မြန်မာကတော့ ထိုင်းထိုင်းမှိုင်းမှိုင်းရှိတယ်လို့ သုံးပါတယ်၊ ငါတော့ကွာ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေတယ်လို့ ထိနနဲ့မိဒ္ဓတွဲပြီး သုံးကြပါတယ်၊ ထိန=ထိုင်းတယ်ဆိုတာက စိတ်အလုပ်မလုပ်ချင်တာ၊ စိတ်ပျင်းတာကို ပြောတာ။ မိဒ္ဓ=မှိုင်းတယ်ဆိုတာက စေတသိက်တွေ အလုပ်မလုပ်ဘဲ နေတာကို ပြောတာ၊ မိဒ္ဓဖြစ်နေတဲ့သူမှာ စေတသိက်တွေ မှိုင်းနေတယ်၊ မှိုင်းနေတော့ လောဘကလဲ အလုပ်မလုပ်ဘူး။ စိတ်ဆိုးတယ်ဆိုတဲ့ ဒေါသကလဲ အလုပ်မလုပ်ဘူး၊ ကုသိုလ်ဆိုလို့ရှိရင်လဲ သဒ္ဓါစေတသိက်ကလဲ အလုပ်မလုပ်ဘူး၊ ပညာစေတသိက်ကလဲ အလုပ်မလုပ်ဘူး၊ အဲဒီတော့ စေတသိက်တွေ အလုပ်မလုပ်ဘဲနေတာကို မိဒ္ဓ=မှိုင်းတယ်လို့ ခေါ်ပါတယ်၊ စေတသိက်တွေ အလုပ်မလုပ်တော့ ဘယ်လို ဖြစ်လာသလဲဆိုရင် အိပ်ချင်လာတယ်။

**အိပ်ငိုက်တာ အကုသိုလ်လား**

အဘိဓမ္မာသင်တန်း တက်တယ်ဆိုပါတော့၊ တကယ် အကျိုးရှိတယ်လို့ ယုံကြည်တဲ့ သဒ္ဓါစေတသိက်နဲ့ တက်တယ်၊ စနေနေ့၊ တနင်္ဂနွေနေ့ ကျောင်းဆင်းချိန် ရုံးဆင်းချိန် အင်မတန်ပျော်တဲ့အချိန်၊ အင်မတန်ကောင်းတဲ့အချိန်လေးမှာ သာမည ယုံကြည်ချက်လေးနဲ့ သင်တန်းတစ်ခုကို မတက်ဖြစ်ပါဘူး၊ သဒ္ဓါကလဲ ထက်သန်နေပါမှ ဒီသင်တန်းဟာ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတွေ အတွက် တစ်သက်တာပတ်လုံး အကျိုးတွေ အများကြီးရှိတယ်လို့ ပညာကလဲ

သဘောပေါက်နေမှ တက်ဖြစ်တာပါ။ အဲဒီလို သဒ္ဓါတို့ ပညာတို့ သတိတို့ သမာဓိတို့ဆိုတဲ့ စေတသိက်တွေက အလုပ်လုပ်လို့ သင်တန်းကို တက်ကြတယ်၊ စေတသိက်တွေ အလုပ်လုပ်လို့ သင်တန်းရောက်လာပေမဲ့ အလုပ်ကလဲ ပင်ပန်းနေတဲ့အတွက် ဆရာတွေသင်တာ ကောင်းပေမဲ့ ခန္ဓာကိုယ်က မခံနိုင်တဲ့ အခါကျတော့ သင်တန်းဆရာပြောတာ နားထဲသိပ်မဝင်ဘဲနဲ့ တဖြည်းဖြည်းနဲ့ မှိုင်းမှိုင်းလာပြီး ငိုက်လာတယ်၊ သင်တန်းတက်ရင်း အိပ်ချင်တော့ ငိုက်လာတယ်၊ တကယ် သဒ္ဓါတရားနဲ့လာခဲ့ပေမဲ့ အိပ်ချင်နေတယ်၊ နေလို့ မရလို့ ငိုက်သွားတယ်၊ ဒါ အကုသိုလ်လားလို့ မေးရင် ဆုံးဖြတ်ဖို့ တော်တော် ခဲယဉ်းပါတယ်၊ သို့ပေမဲ့ သင်တန်းကို ဒုက္ခခံပြီး အဝေးကြီးက လာတက်ပေမဲ့ အိပ်ငိုက်နေတဲ့လူတစ်ယောက် ဟာ ဘာမှ နားမလည်နိုင်ဘူး၊ ဘာမှ မမှတ်မိနိုင်ဘူး၊ မမှတ်မိတော့ အကျိုးယုတ် သွားပါတယ်၊ အကုသိုလ်ဆိုတာက လူရဲ့အကျိုးစီးပွားကို ဖျက်ဆီးလိုက်တာပဲ။

တကယ်တမ်း လိုချင်ရင် မအိပ်ချင်ပါဘူး၊ အဓိပတိတပ်ပြီးတော့ နား ထောင်တဲ့ ပုဂ္ဂိုလ်တွေက ဘယ်တော့မှ မအိပ်ချင်ဘူး၊ ရုပ်ရှင်ရုံထဲသွားကြည့်ရင် ရုပ်ရှင်မင်းသား၊ မင်းသမီးကောင်းတဲ့ဇာတ်ကားမှာ အိပ်တဲ့လူ မရှိသလောက်ပါပဲ၊ ဘာဖြစ်လို့လဲ၊ အဓိပတိတပ်နေတော့ အာရုံက သိပ်ကောင်းနေတော့ ရုပ်ရှင်ရုံထဲမှာ ငိုက်တယ်လို့ မရှိဘူး။ မင်းသားကလဲ မကောင်း၊ မင်းသမီးကလဲ မကောင်း၊ ကိုယ်ကလဲ သူများကိုသာ လိုက်ပို့ရတာ၊ မကြည့်ချင် ကြည့်ချင်ဆိုရင် ငိုက်လာ တာပဲ။

သင်တန်းဆိုတာလဲ အဲဒီလိုပဲ၊ သူများက နှိုးဆော်လို့ မိတ်ဆွေတွေက ခေါ်လို့ လာတက်တဲ့ပုဂ္ဂိုလ်တွေကတော့ ငိုက်ချင်ငိုက်မှာပေါ့၊ အိပ်ချင်တာတို့ ငိုက်တာတို့ဟာ မိဒ္ဓစေတသိက်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကောင်းတဲ့တရားတွေကို မလုပ်ဖြစ်အောင် သူက တားမြစ်တတ်တယ်။ တရား သွားနာတယ်။ သွားတုန်း ကတော့ သဒ္ဓါတရားနဲ့ သွားတာပဲ၊ တရားပွဲမှာကျတော့ ငိုက်နေတယ်။ ငိုက်နေတော့ ဘာတရားမှန်း မသိတော့ဘူး၊ တချို့တလေ ဝိပဿနာတရား ထိုင်တယ်ဆိုပြီး မှိန်းပြီးတော့ ထိုင်နေတယ်၊ ဘေးက လူကတော့ သူတရား

ရတယ် ထင်နေတာ၊ သူကတော့ ထိုင်ပြီးအိပ်နေတာ၊ တရားထိုင်ရင်း အာနာပါန ရှုရင်း ရှုရင်းနဲ့ တဖြည်းဖြည်း အရှုနေးပြီး ပျော်သွားတော့ အိပ်လို့ အင်မတန် အရသာရှိတာ။ အဲဒီ အရသာရှိတာကိုပဲ တရားရတယ်လို့ အောက်မေ့နေတာ။ အမှန်ကတော့ အဲဒါ မိဒ္ဓပဲ။

ကောင်းတဲ့ သိမ်မွေ့တဲ့ အလုပ်တွေ ငြိမ်ငြိမ်ဆိမ်ဆိမ် လုပ်တဲ့အခါမှာ မိဒ္ဓက ဝင်ပြီးတော့ ဖျက်ဆီးတယ်၊ ဒါကြောင့်မို့ ထိနက စိတ်တွေထိုင်းသွားအောင် လုပ်တယ်၊ စိတ်ထိုင်းတော့ ပျင်းလာတယ်။ မိဒ္ဓက စေတသိက်တွေ အလုပ် မလုပ်အောင် နှောင့်ယှက်တယ်၊ စေတသိက်တွေ အလုပ်မလုပ်ဘဲ ငြိမ်သွားတဲ့ အခါကျတော့ ဘဝင်စိတ်ချည်းပဲ ကျန်ရစ်ပြီး အိပ်ပျော်သွားတာပဲ။ ဒါကြောင့်မို့ ထိနမိဒ္ဓကို ဘုရားဟောတဲ့ နေရာတွေမှာ (၂)ခု တွဲပြီးတော့ ဟောပါတယ်။ ထိနမိဒ္ဓနီဝရဏဆိုပြီးတော့ ပါဠိကိုလဲ တွဲသုံးပါတယ်။

ပျင်းတဲ့လူကို ထိနလို့ မြန်မာလို သိပ်မပြန်ကြပါဘူး။ ထိနက ပျင်းတယ်၊ မိဒ္ဓက အိပ်ချင်တယ်ဆိုပြီးတော့ ကွဲအောင် ပြန်ပေးတာ ဖြစ်ပါတယ်။ များသော အားဖြင့် အိပ်ငိုက်တဲ့လူတို့ အအိပ်ကြီးတဲ့လူတို့ အအိပ်များတဲ့ လူတို့ကို ရှေး လူကြီးတွေက "ဟာ ဒီကောင် ထိနမိဒ္ဓ သိပ်များတာပဲ"လို့ ပြောကြပါတယ်။ ထိနမိဒ္ဓဟာ ဈာန်တရား၊ ဝိပဿနာတရား အားထုတ်တဲ့အခါမှာ သိပ်အရေး ကြီးပါတယ်။ ဒါကြောင့်မို့ ဈာန်တရားတို့ ဝိပဿနာတို့ အားထုတ်တဲ့လူဟာ ညကို မအိပ်ဘဲ နေရတယ်။ ည လူခြေတိတ်ပြီး အားလုံးအိပ်နေတဲ့အချိန်မှာ လမ်းလေးလျှောက်ပြီးတော့ စိတ်ကို ကြည်သထက်ကြည်အောင် ကျင့်ရတယ်။ စိတ်က ကြည်နေတဲ့အခါကျတော့ မှောင်နေပေမဲ့ သူ့စိတ်ထဲမှာ လင်းနေတယ်။ အဲဒီလို ည လူခြေတိတ်တဲ့အချိန်မှာ မအိပ်ဘဲ တရားအားထုတ်ရတယ်၊ ဒါကြောင့်မို့ အိပ်တာဟာ အလေ့အကျင့်ပါပဲ။ လူတစ်ယောက် (၈)နာရီအိပ်မှ ကျန်းမာရေးနဲ့ ညီမျှတယ်ဆိုပေမဲ့ (၈)နာရီကနေ ၇–နာရီ၊ ၆–နာရီ၊ ၅–နာရီ၊ ၄–နာရီအောက်ထိ တဖြည်းဖြည်း လျှော့ပြီး အိပ်တဲ့ အကျင့်ရှိသွားရင် လူတိုင်း နေနိုင်ပါတယ်။

အဲဒါကြောင့်မို့ မိဒ္ဓ=အိပ်ငိုက်တယ်ဆိုတဲ့ သဘောတရားဟာ မကောင်းတဲ့ အကုသိုလ်စေတသိက်ထဲမှာ ပါတယ်။ သူက ပညာကို ထုံထိုင်းစေတယ်။ ပညာကို ပိတ်ပင်တတ်တယ်။ အအိပ်များတဲ့လူဟာ ဉာဏ်ထိုင်းတဲ့လူတွေ များပါတယ်။ ဉာဏ်သိပ်တော်တဲ့လူဟာ အိပ်ရင်လဲ ဖျတ်ကနဲ ဖျတ်ကနဲ နိုးတယ်၊ သိပ်ပြီးတော့ မအိပ်ဘူး။ နေ့လယ်ဆိုရင် ယောင်လို့တောင် တုံးလုံး မလှဲဘူး၊ ညအိပ်တယ်ဆိုလို့ ရှိရင်လဲ အိပ်ပြီး ဖျတ်ကနဲ ထလာတာပဲ။ အချိန်မရွေး သူ ထလို့ ရတယ်။ အဲဒါဟာ အမြဲတမ်း ပညာတို့၊ ဝီရိယတို့၊ သတိတို့ ရှေ့ဆောင်ပြီး နေတဲ့အတွက် မိဒ္ဓက သိပ်ပြီး မကပ်နိုင်တော့ဘူး။ အဲဒီ သတိ၊ ဝီရိယ၊ ပညာတွေကို လွှတ်ထားတဲ့ လူကျတော့ မိဒ္ဓဝင်လာပြီး အိပ်ချင်တယ်။

မိဒ္ဓကလဲ ထိနအတိုင်းပဲ။ လောဘအုပ်စုမှာလဲ ပါဝင်တယ်။ ဒေါသအုပ်စု မှာလဲ ပါဝင်တယ်။ ဘယ်လိုအခါမှာ လောဘအုပ်စုထဲ ပါဝင်သလဲဆိုတော့ ဈေးဆိုင်မှာ ဈေးထိုင်ရောင်းတာဟာ လိုချင်လို့ ရောင်းပေမဲ့ ဈေးဝယ်တဲ့လူက မလာတော့ သူ ငိုက်လာတယ်။ အဲ ငိုက်လာတော့ လောဘအုပ်စုမှာလဲ မိဒ္ဓ ပါဝင်တယ်။ မိဒ္ဓက ဒေါသအုပ်စုမှာလဲ ဝင်လို့ရတယ်။ ဒေါသနဲ့ ငိုက်တာက တခြားစီပဲလို့ ထင်စရာ ရှိတယ်။ ဒေါသကို လူတွေက စိတ်ဆိုးတာကိုသာ နားလည်တယ်၊ မကျေနပ်မှု ဖြစ်နေတာလဲ ဒေါသပဲ။ မကျေနပ်မှု ဖြစ်နေတဲ့ လူတစ်ယောက်ဟာ မကျေနပ်မှုဖြစ်နေတဲ့ကြားက ဖျတ်ကနဲ မိဒ္ဓဝင်လာတဲ့အခါ အိပ်ချင်အိပ်ပျော်သွားတာပဲ။ စိတ်ထဲမှာ မကျေနပ်မှုရှိတိုင်း အိပ်မပျော်ဘဲနေတာ မဟုတ်ဘူး၊ မကျေနပ်မှုရှိလဲ မိဒ္ဓဝင်လာရင် အိပ်ပျော်သွားတာပဲ၊ ဒါကြောင့်မို့ မိဒ္ဓဟာ ဒေါသအုပ်စုမှာလဲ ပါတယ်။

# အုပ်စု (၂) ခုလုံးမှာ မပါဝင်တဲ့စေတသိက်

## ဝိစိကိစ္ဆာစေတသိက်

ဝိစိကိစ္ဆာဆိုတာကိုလဲ မြန်မာတချို့ကတော့ သုံးနေတာပါပဲ၊ ဒီလူ ဝိစိကိစ္ဆာ သိပ်များတဲ့ လူတဲ့။ ဝိစိကိစ္ဆာစေတသိက်ကလဲ အကုသိုလ်စေတသိက်တစ်ခုပဲ၊ အဲဒီဝိစိကိစ္ဆာကို များသောအားဖြင့် ယုံမှားမှုလို့ မြန်မာပြန်ပါတယ်။ မြန်မာ စကားအတိုင်း အဓိပ္ပာယ်ကောက်မယ်ဆိုရင် ယုံမှားတယ်ဆိုတာ အမှားကို ယုံတာ၊ မှားနေတာကို ယုံတာ ဝိစိကိစ္ဆာလား၊ "မောင့်ကို ယုံမိတာမှား"ဆိုတဲ့ နေရာမှာ မောင်ပြောတာကို ယုံမိတာမှားတယ်၊ အဲဒီလို ယုံမိမှားတာဟာ ဝိစိကိစ္ဆာလား၊ မဟုတ်ပါဘူး၊ ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားတာဟာ အဲဒီလို ယုံမှား တာမျိုး မဟုတ်ပါဘူး၊ ယုံမှားတယ်ဆိုတာဟာ သံသယ ဖြစ်တာကို ပြောတာပါ၊ သံသယဆိုတဲ့ စကားကိုတော့ မြန်မာတိုင်း နားလည်တာပဲ၊ သံသယရှိတယ် ဆိုတာ တကယ်တော့ သေသေချာချာ မသိဘူး၊ ပစ္စည်းတစ်ခုလာပေါင်သွားတယ် ဆိုပါစို့၊ ခိုးလာတယ်လို့ သံသယရှိတယ်။ ခိုးတယ်လို့ တကယ်သိတာ မဟုတ်ဘူး၊ သံသယဆိုတဲ့ စကားဟာ မြန်မာစကားမဟုတ်ဘူး၊ ပါဠိစကားပဲ။ သို့ပေမဲ့ မြန်မာစကား ဖြစ်သွားပါပြီ၊ ဘာမှလဲ မပြောင်းလဲဘူး၊ ပါဠိမှာလဲ သံသယ မြန်မာစကားမှာလဲ သံသယပဲ၊ ပညာတို့၊ သညာတို့လိုပေါ့၊ သညာ ကောင်းတယ်လို့ဆိုရင် သညာဟာ ပါဠိစကားပဲ၊ သို့ပေမဲ့ မြန်မာတိုင်း သညာကို နားလည်နေတယ်။ သံသယဟာလဲ ပါဠိစကားပဲ။ သို့ပေမဲ့ မြန်မာထဲမှာ ရောက်နေတာကြာတော့ မြန်မာစကား ဖြစ်သွားပါတယ်။

သံသယရှိတယ်ဆိုတာ လူတိုင်း နားလည်ပါတယ်။ ဘယ်လို သံသယ ရှိတာလဲဆိုတော့ သို့လော သို့လော ဖြစ်မှု၊ သို့လော သို့လောဖြစ်မှု ဆိုတာက ယူလေသလော မယူလေသလော၊ ဟုတ်လေသလော မဟုတ်လေသလော ဒီလိုဖြစ်တာ၊ နောက်ပြီး သို့လော သို့လော ဖြစ်တယ်ဆိုတာ ဘယ်လို ဖြစ်တာလဲ ဆိုတော့ နှလုံးနှစ်ခွ ဖြစ်မှုတဲ့၊ နှလုံးနှစ်ခွ ဖြစ်တယ်ဆိုတာက ဝမ်းထဲမှာ ရှိတဲ့ နှလုံးကလေး နှစ်ခွဖြစ်တယ်လို့ ပြောတာ မဟုတ်ဘူး၊ မြန်မာစကားက

နှလုံးဆိုတာ ဘာကို ပြောတာလဲ၊ ဝမ်းထဲက နှလုံးမှ တစ်ပါး တခြားနေရာမှာ နှလုံးဆိုတာ စိတ်ကို ခေါ်တာပါ၊ ဒါကြောင့်မို့ တချို့က "စိတ်နှလုံး"လို့ စိတ်နဲ့နှလုံးကို ပရိယာယ်တူ သုံးပါတယ်၊ စိတ်ဆိုတာက ပါဠိမူကျ်စကား၊ မြန်မာစကားအစစ်က နှလုံး၊ "အမလေး နှလုံးနာလိုက်တာ"ဆိုရင်၊ ဝမ်းထဲက နှလုံးကြီးက မနာပါဘူး၊ စိတ်နာတာကို ပြောတာပါ၊ အဲဒီတော့ နှလုံးနှစ်ခွ ဖြစ်တယ်ဆိုတာ စိတ်နှစ်ခွဖြစ်တာ၊ ကိုယ့်စိတ်ထဲမှာ ဟုတ်လေသလော မဟုတ်လေသလောလို့ ဒီလို စိတ်နှစ်ခွ ဖြစ်တယ်၊ နောက်ပြီး ဝိစိကိစ္ဆာဆိုတာ မဆုံးဖြတ်နိုင်တာနဲ့ အဓိပ္ပာယ် အတူတူပါပဲ။ စိတ် နှစ်ခွ ဖြစ်နေတယ်ဆိုတာက ဟုတ်သလား၊ မဟုတ်သလားလို့ မဆုံးဖြတ်နိုင်ဘူး။ တရားသူကြီးလုပ်နေတယ်၊ တရားလိုနဲ့ တရားခံကို သူဆုံးဖြတ်ချက် မချနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် ဒီ အမှုကို သူ့စိတ်ထဲမှာ သံသယရှိတယ်၊ စိတ် နှစ်ခွ ဖြစ်နေတယ်၊ မဆုံးဖြတ်နိုင်ဘူး၊ အဲဒီလို မဆုံးဖြတ်နိုင်တာဟာလဲ ဝိစိကိစ္ဆာပဲ။

## မဆုံးဖြတ်နိုင်တာ အကုသိုလ်လား

ဘာဖြစ်လို့ ဝိစိကိစ္ဆာကို အကုသိုလ်စေတသိက်ထဲ ထဲ့ထားသလဲ ဆိုတော့ ကောင်းတဲ့ တရားကို ကောင်းတယ်လို့ မဆုံးဖြတ်နိုင်ရင် မယုံကြည်တာဘဲ။ ဥပမာ–ခုခေတ်လူတွေ သုံးနေတဲ့ ပါတီသဘောတရားရေးရာမှာ ခံယူချက် ပိုင်တယ်၊ ပါတီအပေါ်မှာ ဝိစိကိစ္ဆာမရှိဘူး၊ သံသယမရှိဘူး၊ ဒီ ပါတီရဲ့ သဘောတရားဟာ အကုန်လုံး ကောင်းတယ်လို့ သူ့စိတ်ထဲမှာ ယုံကြည်ချက် ခံယူချက်ပိုင်သွားတာပဲ၊ ဝိစိကိစ္ဆာဆိုတာက ဒီပါတီရဲ့လုပ်ငန်းစဉ်တွေက ဖြစ်မှ ဖြစ်ပါ့မလား၊ စာအုပ်ပေါ်မှာ ရေးထားတာတွေလား၊ စိတ်ကူးတွေလား၊ စာအုပ်ကြီးထဲကအတိုင်း ထုတ်ရေးထားတာလား၊ လက်တွေ့လုပ်လို့ ဖြစ်ပါ့မလား၊ အဲသလို "လားတွေ" များနေလို့ရှိရင် ဒီပါတီအပေါ်မှာ ဝိစိကိစ္ဆာ ရှိတယ်၊ ပါတီအပေါ်မှာ ဝိစိကိစ္ဆာ ဖြစ်နေသေးတယ်ဆိုရင် သဘောတရားရေးမှာ ခံယူချက် မပြည့်စုံသေးဘူးဆိုပြီးတော့ ဒီလူကို အသုံးမပြုဘူး။

ဗုဒ္ဓဘာသာမှာဆိုရင်လဲ ဗုဒ္ဓဆိုတဲ့ ဂေါတမဘုရားပွင့်ခဲ့တယ်ဆိုတာ တကယ် ဟုတ်ရဲ့လား၊ အလုံးစုံသော တရားတွေကို သိတယ်ဆိုတဲ့ ဘုရားဆိုတာ တကယ်မှ ရှိရဲ့လား၊ ဒဏ္ဍာရီပုံပြင်တွေများလားလို့ ဘုရားအပေါ်မှာ သံသယ ရှိနေသေးတယ် ဆိုရင် ဝိစိကိစ္ဆာရှိတယ်၊ ဘုရားကို သူ တကယ် မယုံကြည်သေးဘူး၊ သူများ လှူရင် လှူတယ်၊ သူများ ရှိခိုးရင် ရှိခိုးတယ်၊ သို့ပေမဲ့ သူ့စိတ်ထဲမှာ သဗ္ဗညုတ ဉာဏ်တော်ရှိတဲ့ ဗုဒ္ဓဟာ နှစ်ပေါင်းနှစ်ထောင်ကျော်လောက်က ပွင့်ခဲ့တယ်ဆိုတာ တကယ် ဟုတ်တယ်လို့ မဆုံးဖြတ်နိုင်သေးဘူး။ ဟုတ်မှ ဟုတ်ရဲ့လား၊ အဲဒီလို ဝိစိကိစ္ဆာ ရှိနေတာ။ ဒါ ဘုရားအပေါ်မှာ ယုံမှားတာ ဖြစ်ပါတယ်။

ဘုရားဟောတဲ့တရားတွေ ရှိတယ်၊ သုတ်တို့၊ အဘိဓမ္မာတို့၊ ဝိနည်းတို့။ အဘိဓမ္မာဆိုတဲ့ တရားတွေဟာ ဘုရားဟော ဟုတ်မှ ဟုတ်ရဲ့လား၊ ဒီ အဘိဓမ္မာ တရားဟာ လူမှုရေးတို့၊ နိုင်ငံရေးတို့၊ စီးပွားရေးတို့ အားလုံးကိစ္စတွေမှာ အသုံးချလို့ရတယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား။ စာရေးဆရာတွေက သူတို့ သဘောနဲ့ သူတို့ ရေးထားတာလား။ ဒီလို တရားအပေါ်မှာ သူက သံသယ ရှိတယ်။ တရားအစစ်လို့ မဆုံးဖြတ်နိုင်ဘူး။ မှန်တယ်လို့ မဆုံးဖြတ်နိုင်တာဟာ ဝိစိကိစ္ဆာပဲ။

ဒါကြောင့်မို့ ဝိစိကိစ္ဆာဟာ ဘာသာရေးမှာ သိပ်အရေးကြီးပါတယ်။ ဘာသာရေးမှာ အရေးကြီးသလိုပဲ အခုခေတ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တွေမှာလဲ သိပ်အရေးကြီးပါတယ်။ ဘာလုပ်ငန်း လုပ်လုပ် ဝိစိကိစ္ဆာမရှိမှ အောင်မြင်ပါတယ်။ လုပ်ငန်းတစ်ခုကို လုပ်တဲ့အခါ ဖြစ်မှ ဖြစ်ပါ့မလားလို့ သံသယရှိနေရင် ဘာအလုပ်မှ သိပ်မဖြစ်ဘူး။ "ငါလုပ်နေတဲ့ အလုပ်ဟာ ကေန် ဖြစ်ရမယ်"ဆိုတဲ့ ယုံကြည်ချက်ရှိရင် နေ့ရော ညရော သူ အလုပ်လုပ်တာပဲ။ "ငါသင်နေတဲ့ ပညာဟာ လူ့ဘဝမှာ တကယ် ထိပ်တန်းရောက်နိုင်တယ်"ဆိုတဲ့ ယုံကြည်ချက်နဲ့ သင်လို့ရှိရင် ချက်ချင်းအောင်မြင်တာပဲ။ အဲဒါကြောင့်မို့ ဝိစိကိစ္ဆာ ဟာ လောကမှာပဲ ဖြစ်ဖြစ်၊ လောကုတ္တရာမှာပဲ ဖြစ်ဖြစ် အရေးကြီးပါတယ်။

သောတာပန် မဖြစ်သေးသမျှ ကာလပတ်လုံး ဝိစိကိစ္ဆာ ရှိနေတယ်။ ဝိစိကိစ္ဆာကို တကယ်ပယ်နိုင်တာက သောတာပန်ကမှ ပယ်နိုင်တာ။ သောတာပန်

ဆိုတာ ဘုရားအစစ်ကို ဘုရား မဟုတ်ဘူးလို့ ဘယ်တော့မှ မပြောဘူး၊ လည်ပင်း အဖြတ်ခံမယ်၊ ဒီလို မပြောတဲ့လူဟာ သောတာပန်ပဲ။ တကယ်မှန်တဲ့ တရားတွေကို မမှန်ဘူးလို့ ပြောစမ်းဆိုရင် ခေါင်းဖြတ်ချင်ဖြတ်၊ ဇက်ဖြတ်ချင်ဖြတ်၊ မမှန်ဘူးလို့တော့ မပြောဘူး၊ အသက်နဲ့ လဲပြီးတော့ ယုံကြည်တယ်။ ဒါ သောတာပန်ပဲ။ ဘုရားကို တကယ် ယုံကြည်တယ်၊ တရားကို တကယ် ယုံကြည်တယ်၊ သံဃာကို တကယ်ယုံကြည်တယ်ဆိုရင် သောတာပန် ဖြစ်တာပဲ။ ဒါကြောင့်မို့ ရှေးဆရာတော်ကြီးများက ဘုရားကိုလဲ ယုံ၊ တရားကိုလဲ ယုံ၊ သံဃာကိုလဲ ယုံ၊ ငါးပါးသီလလဲ လုံ။ အဲဒါ သောတာပန်ပဲတဲ့။

ရတနာသုံးပါးကို ယုံတယ်ဆိုတဲ့နေရာမှာ အသက်နဲ့လဲပြီးတော့ ယုံတာ။ သာမည ယုံတာတော့ မဟုတ်ဘူး။ ဒါကြောင့်မို့ တချို့က အသက်ကို အပ်နှင်းပြီးတော့ သရဏဂုံ ဆောက်တည်ကြတယ်။ သရဏဂုံဆိုတာက ဘာလဲ၊ ဘုရား၊ ဘုရား၊ သံဃာ အဲဒီ ရတနာသုံးပါး ယုံကြည်မှုကို ခေါ်တာ။ ပါဠိလို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ရွတ်ဆို ဆောက်တည်ကြပါတယ်။

ဒီ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ (၃)ခုဟာ အန္တရာယ်လဲ တကယ် လုံခြုံတယ်။ ပီယဆေးဆိုရင်လဲ ဟုတ်တယ်။ ကိုယ့်ကို ချစ်စေလိုလို့ ရှိရင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ (၃)ခေါက်ဆိုပြီး သွားပြော၊ ဒါ ပီယသိဒ္ဓိလဲ ရတာပဲ။

ဒါကြောင့်မို့ ဆေးဆရာတွေ ဆေးစီရင်တဲ့အခါ သရဏဂုံးသုံးပါးကို နေရာတကာမှာ စီရင်ထားတာပေါ့၊ ဒီ ဘုရား၊ တရား၊ သံဃာဟာ သရဏဂုံ (၃)ပါးပဲ၊ သရဏ ဆိုတာက ကိုးကွယ်ရာ၊ ဆည်းကပ်ရာကို ခေါ်တာ။ ဂမန ဆိုတာက ဆည်းကပ်ပါတယ်လို့ ဆိုတာ။ မြန်မာလိုကတော့ ဘုရားကို ကိုးကွယ်ဆည်းကပ်ပါတယ်၊ တရားကို ကိုးကွယ်ဆည်းကပ်ပါတယ်၊ သံဃာကို ကိုးကွယ် ဆည်းကပ်ပါတယ်လို့ ဆိုတာပဲ။

သရဏဂုံလို့ ပြောတော့ အဓိပ္ပာယ်က တစ်မျိုးတောင်ဖြစ်နေသေးတယ်။ ဘုရားကိုလဲ အသက်နဲ့လဲပြီးတော့ ယုံပါတယ်၊ တရားကိုလဲ အသက်နဲ့လဲပြီးတော့

ယုံပါတယ်၊ သံဃာကိုလဲ အသက်နဲ့လဲပြီးတော့ ယုံပါတယ်၊ ဒီလို ဆောက်တည်လို့ ရှိရင် ဝိစိကိစ္ဆာ လုံးဝ မရှိဘူး။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ မပယ်သေးသမျှ ကာလပတ်လုံး သောတာပန်မဖြစ်ဘူးလို့ ပြောတယ်။ တကယ် ဝိစိကိစ္ဆာ မရှိတဲ့ မြန်မာတွေ အများကြီး ရှိပါတယ်။ အဲဒီတော့ သောတာပန်ဖြစ်တယ်ဆိုတာ ဘုရား၊ တရား၊ သံဃာမှာ ဝိစိကိစ္ဆာ မရှိတာပါပဲ။

ပြည်မြို့ နိဗ္ဗိန္ဒ ဆရာတော်ကြီးက ဘယ်လို ပြောသလဲဆိုတော့ ဆင်ဖြူတော်ကြီး နှစ်ကောင် ရွှေဆံတော်ဘုရားပေါ်မှာ ရောက်နေတယ်လို့ မင်းတို့ကို ယုံကြည်လောက်တဲ့ လူက ပြောလို့ရှိရင် မယုံဘူးလားတဲ့။ ယုံပါတယ်ဘုရား။

အေး ငါလို ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်က ပြောတော့ မင်းတို့ ယုံတယ်၊ ယုံလို့ရှိရင် မင်းတို့ ငါ့ဆီက ထပြန်သွားပြီး လမ်းမှာ လူ (၂)ယောက် (၃) ယောက်ကို တွေ့တဲ့အခါကျတော့ "ခင်ဗျားတို့ ဘယ်က လာတာလဲ။ ပြည်ရွှေဆံတော် ဘုရားပေါ်က လာတာပါ၊ ရွှေဆံတော်ဘုရားပေါ်က လာတယ်ဆိုရင် ရွှေဆံတော်ဘုရားပေါ်မှာ ဆင်ဖြူတော်နှစ်ကောင် ရောက်နေတာ ဟုတ်သလား"လို့ မင်းတို့ မမေးဘူးလားတဲ့၊ မေးပါမယ်ဘုရား။

ဘာဖြစ်လို့ မေးတာလဲတဲ့၊ ဆရာတော်ပြောတာကို ယုံပါတယ်၊ ဟုတ်မယ်လဲ ထင်ပါတယ်၊ ယုံပေမဲ့ ကိုယ်တိုင် မတွေ့ရသေးတော့ ဝိစိကိစ္ဆာ ရှိလို့ မေးတာပါဘုရား။ အကယ်၍ လမ်းထဲက လူတွေ မေးပြီးတော့ ဘုရားပေါ် ရောက်သွားပြီး ဆင်ဖြူတော်ကြီးနှစ်ကောင်ကို မင်းတို့ ကိုယ်တိုင်တွေ့ခဲ့ပြီတဲ့၊ မင်းတို့ ကိုယ်တိုင်တွေ့ခဲ့တဲ့ အခါကျတော့ ပြန်ဆင်းလာတဲ့အခါ မင်းတို့ တွေ့တဲ့ လူတွေကို မေးအုံးမလားတဲ့၊ မမေးတော့ပါဘူးဘုရား။ ကိုယ်တိုင် တွေ့ခဲ့ပြီကိုး။ အဲဒီလိုပဲ ကိုယ်တိုင် မသိသေးလို့ရှိရင် ဝိစိကိစ္ဆာဟာ ရှိသေးတာပဲတဲ့။

အဲဒီတော့ ဝိစိကိစ္ဆာကို ယုံမှားမှု၊ သံသယ ဖြစ်မှု၊ သို့သောသို့လော ဖြစ်မှု၊ နှလုံးနှစ်ခွဖြစ်မှု၊ မဆုံးဖြတ်နိုင်မှုလို့ ဘာသာပြန်ခဲ့တာကို နားလည်လောက်ပြီလို့ ထင်ပါတယ်။

အကုသိုလ်စေတသိက် (၁၄)လုံးကတော့ ကုန်သွားပြီ၊ အကုသိုလ်ပြဲတိုင်း ပါဝင်တဲ့ စေတသိက်က မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စဆိုတဲ့ (၄)လုံး၊ ကဗျာတိုလေးက–"မော၊ ဟိ၊ နော၊ ဥဒ်၊ မောစတုက်"တဲ့။

ဒေါသအုပ်စုထဲမှာ ပါဝင်တဲ့ စေတသိက်က (၄)လုံး၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ။ ကဗျာတိုလေးက–"ဒေါ၊ ဣဿ်၊ မစ်၊ ကုက်၊ ဒေါစတုက်"တဲ့။

လောဘအုပ်စုမှာ ပါဝင်တဲ့ စေတသိက်က (၃)လုံး၊ လောဘ၊ မာန၊ ဒိဋ္ဌိ။ ကဗျာတိုလေးက–"လော၊မာန်၊ ဒိဋ္ဌိ၊ လောတြိ"တဲ့။

ကျန်တဲ့ (၃)လုံးက "ထိ၊ မိဒ်၊ ဝိစိ၊ ဆုံးတြိ"တဲ့။ ထိ ဆိုတာက ထိန၊ မိ ဆိုတာက မိဒ္ဓ၊ ဝိစိ ဆိုတာက ဝိစိကိစ္ဆာ။ ဆုံး ဆိုတာက အဆုံး။ တြိ ဆိုတာက (၃)လုံး၊ စုစုပေါင်း (၁၄)လုံး။

အကုသိုလ်စေတသိက် အဆုံး (၃)လုံး "ထိ၊ မိဒ်၊ ဝိစိ၊ ဆုံးတြိ"ဆိုတဲ့ အထဲမှာ ထိနနဲ့ မိဒ္ဓက လောဘအုပ်စု၊ ဒေါသအုပ်စုဆိုတဲ့ အုပ်စု (၂)ခုမှာ ပါဝင်တယ်။ ဝိစိကိစ္ဆာကတော့ ဘယ်အုပ်စုမှာမှ မပါဝင်ဘူး။ ဘာဖြစ်လို့ မပါသလဲဆိုတော့ လောဘဖြစ်တဲ့ လူဟာ ဝိစိကိစ္ဆာ ရှိနေလို့ရှိရင် လောဘမဖြစ်ပါဘူး။ ပစ္စည်းတစ်ခုခုကို လိုချင်စိတ်ပေါ်လာရင် ကောင်းမယ်၊ အကျိုးရှိမယ် ထင်လို့ လိုချင်တာ။ အကျိုးရှိလေသလား မရှိလေသလားလို့ ဝိစိကိစ္ဆာ ရှိနေရင် လောဘမဖြစ်ဘူး။ ဒါကြောင့်မို့ ဝိစိကိစ္ဆာဟာ လောဘအုပ်စုမှာ မပါဘူး။ လောဘအုပ်စုက သူ့ကို စည်းရုံးလို့ မရဘူး။ ဝိစိကိစ္ဆာအုပ်စုက သီးခြားပဲ။ ရှင်းရှင်းကတော့ ဘယ်သူ့ကိုမှ သူက မယုံဘူး။ သူ့ကိုယ်ကိုလဲ သူ မယုံဘူး။

ဝိစိကိစ္ဆာသမားကို ဒေါသအုပ်စုကလဲ ခွါတယ်၊ ဒေါသအုပ်စုထဲလဲ သူ မပါနိုင်ဘူး။ ဒေါသဖြစ်တယ် ဆိုတာက ဒီလူဟာ ငါ့ကို တကယ် မကောင်း ပြောတဲ့လူလို့ သိမှ ဒေါသဖြစ်လို့ရတာကိုး။ သူ ပြောလေသလော မပြောလေ သလောလို့ သံသယရှိနေရင် ဘယ် ဒေါသဖြစ်မလဲ။ အဲဒါကြောင့်မို့ ဒေါသ

အုပ်စုမှာလဲ ဝိစိကိစ္ဆာကို ထဲ့လို့မရဘူး။ အဲဒီ ဝိစိကိစ္ဆာဟာ သီးခြားအုပ်စုပဲ၊ စိတ်ယှဉ်စေတသိက်ယှဉ်ကျတော့လဲ ဝိစိကိစ္ဆာစိတ်မှာ ဝိစိကိစ္ဆာစေတသိက် တစ်လုံးထဲ ယှဉ်တယ်၊ စိတ်တစ်ခုမှာသာ ယှဉ်တဲ့ စေတသိက် ဆိုရင် ဒီဝိစိကိစ္ဆာ စေတသိက်ပဲ ရှိတယ်။

အဲဒါကြောင့်မို့ အကုသိုလ်စေတသိက် (၁၄)လုံးမှာ ပထမ မောဟအုပ်စု က မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ။ ဒုတိယ လောဘအုပ်စုက လောဘ၊ ဒိဋ္ဌိ၊ မာန။ တတိယ ဒေါသအုပ်စုက ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ။ စတုတ္ထအုပ်စုက ထိန၊ မိဒ္ဓ၊ ပဉ္စမအုပ်စုက ဝိစိကိစ္ဆာ ဖြစ်ပါတယ်။ ဒီ (၁၄)လုံး သိတာကို သာမည မအောက်မေ့ပါနဲ့။ အကုသိုလ်စေတသိက် (၁၄)လုံး သိရင် ပိဋကတ်(၃)ပုံမှာ (၁)ပုံအောင်သလိုပါပဲ။ အကုသိုလ်စေတသိက် (၁၄) လုံးဟာ ဒါလောက် ခဲယဉ်းပါတယ်၊ တစ်ခါ ကုသိုလ်စေတသိက် (၂၅)လုံးကို သိရင် ပိဋကတ်တစ်ပုံ ထပ်အောင်သလိုပါပဲ။ နှစ်ဘက်ရ စေတသိက်ကိုပါ သိရင်တော့ ပိဋကတ် (၃)ပုံစလုံး ရသလိုပါပဲ။

**အကုသိုလ်မူလသုံးပါး**

သုတ္တန်ပိဋကတ်ပါဠိတော်တွေမှာ အကုသိုလ်စေတသိက် (၁၄)လုံးကို စုံအောင် မပြဘူး၊ အကုသိုလ်စေတသိက် (၃)လုံးကို မူလ ၃-ပါးလို့ ပြတယ်။ မူလဆိုတာက အမြစ်တို့ အရင်းတို့ကို ခေါ်ပါတယ်။ မြန်မာစကားမှာ မူလဆိုတဲ့ ပါဠိကို မူ-လို့သုံးနေတယ်။ လ-ကိုဖြုတ်ပြီးတော့ သူ့မူ ကိုယ့်မူ၊ ဒါကတော့ ဘယ်သူ့မူပဲ၊ အဲဒီလို မူတွေ ကွဲနေတယ် စသဖြင့် မူလဆိုတဲ့ ပါဠိစကားကို မူဆိုတဲ့ အနေနဲ့ သုံးနေကြပါတယ်။ မူလဆိုတာက အရင်းအမြစ်၊ သစ်ပင်ရဲ့ ရေသောက်မြစ်ဟာ မူလပဲ။ အမြစ်ထဲမှာ အဲဒီရေသောက်မြစ်က အမြစ်အရင်းပဲ။ သစ်ပင်မှာ ရေသောက်မြစ်ရှိရင် ဘယ်တော့မှ မသေဘူး။ အကုသိုလ်တရားထဲမှာ အမြစ်အရင်းဖြစ်တဲ့ မူလသုံးပါးကို သစ်ပင်ရဲ့ အမြစ်ရင်းနဲ့ တင်စားပြီး ခေါ်လိုက်တာပါ။

တစ်ကမ္ဘာလုံးက လူတွေလုပ်နေတဲ့ အကုသိုလ်တွေထဲမှာ အခြေခံမူလက ဘယ်နှစ်ခု ရှိသလဲ၊ အကုသိုလ်လုပ်ရခြင်းရဲ့ ပင်ရင်းအကြောင်းက ဘယ်နှစ်ခု ရှိသလဲဆိုတော့ ၃–ခုပဲရှိတယ်တဲ့။ အဲဒီ ၃–ခုက လောဘ, ဒေါသ, မောဟတို့ ဖြစ်ပါတယ်။ "ဘဝသံသရာ" သီချင်းထဲမှာ "လောဘရယ်, ဒေါသရယ်, မောဟရယ်"လို့တောင် ဆိုထားပါသေးတယ်။ တစ်ကမ္ဘာလုံးမှာ လုပ်နေတဲ့ အကုသိုလ်တွေ ဘယ်လောက် များများ၊ ဘာပဲ ဖြစ်နေဖြစ်နေ၊ အိမ်ထောင်ရေး အသေးအဖွဲ့ားက စပြီးတော့ နိုင်ငံအချင်းချင်း စစ်တိုက်တဲ့အထိ အားလုံး မကောင်းမှုတွေ လုပ်နေတဲ့ အခြေခံမူလကို ရှာလို့ရှိရင် ၃–ခုပဲရှိတယ်တဲ့။ မြတ်စွာဘုရားက သုတ္တန်ပါဠိတော်တွေမှာ အဲဒီ ၃–ပါးကိုပဲ ဟောပြထားခဲ့ပါတယ်။

အကုသိုလ်ဖြစ်ခြင်းရဲ့ အရင်းခံအကြောင်းတရား ၃–ပါးထဲက လောဘကြောင့် လုပ်တာရှိတယ်၊ လောဘကြောင့် မဟုတ်လို့ရှိရင် ဒေါသကြောင့် လုပ်တာပဲ၊ ဒေါသကြောင့် မဟုတ်လို့ရှိရင် မောဟကြောင့် လုပ်တာပဲ။ သို့ပေမဲ့ ၃–ခုသာ ကွဲတယ်၊ တကယ်ကတော့ လောဘကြောင့် လုပ်လို့ရှိရင် မောဟက ပါတာပဲ။ ဒေါသကြောင့် လုပ်လို့ရှိရင်လဲ မောဟကတော့ ပါတာပဲ။ အကုသိုလ် လုပ်တိုင်း မောဟက ပါတာကိုး။ ဒါကြောင့်မို့ မောဟကို အကုသိုလ်လုပ်တိုင်း ပါဝင်တဲ့ စေတသိက်ထဲမှာ ထဲ့ထားခဲ့တာပါ။ လက်တွေ့အားဖြင့် သမိုင်းကိုပဲ ကြည့်ကြည့်၊ ရာဇဝင်ကိုပဲ ကြည့်ကြည့် ဘယ်စစ်ပွဲဟာ လောဘကြောင့် ဖြစ်ခဲ့တယ်။ ဘယ်စစ်ပွဲဟာ မခံချင်တဲ့ ဒေါသကြောင့် ဖြစ်ခဲ့တယ်။ ဘယ်သူတွေဟာ လောဘကြောင့် ကွဲသွားကြတယ်။ ဘယ်သူတွေဟာ ဒေါသကြောင့် ကွဲသွား ကြတယ်ဆိုတာ တွေ့ရပါတယ်။ အဲဒါကြောင့်မို့ မကောင်းတဲ့အကုသိုလ်ရဲ့ အခြေခံဟာ ဒီတရား ၃–ပါးပါပဲတဲ့။

**ဗုဒ္ဓဝါဒအကျဉ်းချုပ်**

ဒါကြောင့်မို့ "ဗုဒ္ဓဘာသာတရားကို အလွယ်ဆုံးနည်းနဲ့ တို့ကို ပြောပြစမ်းပါ။ တို့က စာလဲ မသင်နိုင်ဘူး။ စာလဲ မဖတ်နိုင်ဘူး။ စာလဲ မတတ်ဘူး။

ဗုဒ္ဓဘာသာတရားရဲ့ အခြေခံမူလတို့ကို ပြောပြစမ်းပါဆိုရင် ဗုဒ္ဓဘာသာတရားရဲ့ အခြေခံဟာ လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေးပါပဲ။

ဘယ်လောက်ပဲ ဟောနေဟောနေ၊ စာအုပ်တွေ ဘယ်လောက်ပဲ ရေးထုတ်နေ ရေးထုတ်နေ၊ ဒါနလုပ်ချင်လုပ်၊ သီလလုပ်ချင်လုပ်၊ သမထ လုပ်ချင်လုပ်၊ ဝိပဿနာ လုပ်ချင်လုပ်၊ လုပ်ချင်တဲ့ အလုပ်တွေ လုပ်ငန်းတွေ ဘယ်လောက်ပဲ များများ၊ လုပ်တဲ့အလုပ်တွေအကုန်လုံးဟာ ဗုဒ္ဓဘာသာတရားမှာ လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေးအတွက်ပါပဲ။

လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေးလို့ ဆိုတာဟာ အပြောလား၊ လက်တွေ့လား စဉ်းစားကြည့်ရမယ်။ ဒါနလုပ်တယ်ဆိုပါတော့ ကိုယ့်ရှိတဲ့ စည်းစိမ်ချမ်းသာတွေကို ပေးပစ်လိုက်တာ။ ဘာလုပ်တာလဲ၊ လောဘကုန်အောင်လုပ်တာ။ လူတွေကို မုန်းနေတယ်ဆိုရင် ကိုယ်က ပေးနိုင်ပါ့မလား။ မပေးနိုင်ဘူး။ သူတို့ကို ကိုယ်က ချစ်မှ ပေးနိုင်မှာ။ အဲဒီတော့ ပေးတယ်ဆိုရင် ဒေါသကုန်ရေး မဟုတ်ဘူးလား။ လောဘနဲ့ ဒေါသကုန်တဲ့ အလုပ်မျိုးကို လုပ်တယ်ဆိုရင် မောဟဆိုတဲ့ အဝိဇ္ဇာ မဖုံးလွှမ်းလို့သာ လုပ်နိုင်တာ။ "ဒါနဟာ ငါလဲ အကျိုးရှိတယ်၊ အားလုံးလူတွေလဲ အကျိုးရှိတယ်"လို့ သိပြီးလုပ်တဲ့အတွက် မောဟကုန်အောင် ဒါနလုပ်တာပဲ။ ဒါကြောင့် ဒါနလုပ်တာဟာ လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေးအတွက် လုပ်တာလို့ ဆိုတာပါ။

ဒါနလုပ်တာဟာ လောဘ, ဒေါသ, မောဟကုန်အောင်လုပ်တာပဲ၊ တချို့က ဝိပဿနာအားထုတ်မှ ကိလေသာကုန်မယ်၊ ဒါနလုပ်တာက သံသရာ လည်တယ်တဲ့၊ ဒါ အဘိဓမ္မာကို အသေအချာ မစဉ်းစားလို့ပါ။ ဒါနလုပ်တာလဲ လောဘ ဒေါသ မောဟကုန်အောင် ကိလေသာကုန်အောင် လုပ်တာပဲ ဖြစ်ပါတယ်။

သီလဆောက်တည်တာလဲ လောဘ, ဒေါသ, မောဟကုန်အောင် လုပ်တာပဲ။ သူများပစ္စည်းခိုးတယ်ဆိုတာ လောဘကြောင့် ခိုးတာပဲ။ သူများဥစ္စာ မခိုးဘဲ နေတော့ လောဘကုန်အောင် လုပ်တာပေါ့။ သူများဥစ္စာ ခိုးတယ်ဆိုတာက

ကိုယ်မုန်းတဲ့အိမ်က ပစ္စည်းကိုခိုးမှာ၊ ချစ်တဲ့အိမ်က ပစ္စည်းကိုမခိုးဘူး၊ သူများဥစ္စာ မခိုးဘူးဆိုလို့ရှိရင် ဘယ်သူ့ကိုမှ မမုန်းဘူးဆိုတာလဲ ပါသွားတယ်။ ဒါကြောင့် သူများပစ္စည်းခိုးတာ မကောင်းဘူးလို့သိပြီး, မခိုးတာဟာ မောဟကို ပယ်လိုက်တာပဲ၊ အဲဒီတော့ သီလဆောက်တည်တာလဲ လောဘ, ဒေါသ, မောဟ ကုန်အောင် လုပ်တာပါပဲ။

တရားထိုင်တယ်၊ သမာဓိလုပ်ငန်းလုပ်တယ်ဆိုတာက "ဒီနေ့ စီးပွားရှာတယ်ဆိုတဲ့ လောဘအလုပ်တွေ မလုပ်ဘူး။ ဒေါသအလုပ်တွေ မလုပ်ဘူး။ ငါ ဒေါသနဲ့ ဘယ်သူ့ကိုမှ စိတ်မဆိုးဘူး။ ငါ ဒီနေ့ ငြိမ်ငြိမ်ကလေး ထိုင်ပြီး တရားကိုပဲ စဉ်းစားနေမယ်"ဆိုတော့ သမထထိုင်တာနဲ့ တရားထိုင်တာဟာလဲ လောဘကုန်ရေး, ဒေါသကုန်ရေး, မောဟကုန်ရေးပါပဲ။

ဝိပဿနာတရားအားထုတ်တယ်ဆိုပါတော့ "ရုပ် နာမ် ခန္ဓာဆိုတာဟာ ငါ, သူတပါး, ယောကျ်ား, မိန်းမ ဘာမှ မရှိဘူး။ ဘယ်သူ့မှ စိတ်ဆိုးစရာလဲ မရှိဘူး၊ ပုဂ္ဂိုလ် သတ္တဝါ မရှိတဲ့အတွက် စိတ်ဆိုးစရာလဲ မရှိဘူး။ အကုန်လုံး အနိစ္စချည်းပဲ၊ အားလုံး ဖြစ်ပြီး ပျက်သွားမယ့် တရားချည်းပဲ၊ အတုံးအခဲသဏ္ဌာန် ဘာမှ မရှိဘူး"လို့ ဒီလိုမြင်လာတဲ့သူဟာ ဘာကိုမှ မလိုချင်ဘူး။ ဘယ်သူ့ကိုမှ စိတ်မဆိုးဘူး။ "မိန်းမလဲမရှိ၊ ယောကျ်ားလဲမရှိ၊ ပစ္စည်းလဲမရှိ၊ ဘာမှလဲ မရှိဘူး၊ ရုပ်နာမ်ပဲရှိတယ်။ ရုပ်နာမ်ဟာလဲ မြဲနေတာမဟုတ်၊ ဖြစ်ပြီး ပျက်နေတယ်"လို့ ဒီလိုမြင်နေတဲ့ပုဂ္ဂိုလ်မှာ လောဘ, ဒေါသ မဖြစ်တော့ပါဘူး။ လောဘ, ဒေါသ မဖြစ်လို့ရှိရင် မောဟကုန်ရေးဆိုတာလဲ ပါသွားတာပါပဲ။ အဲဒီတော့ ဝိပဿနာ တရားအားထုတ်တာဟာလဲ လောဘကုန်ရေး, ဒေါသကုန်ရေး, မောဟကုန်ရေး ပါပဲ။

အဲဒါကြောင့်မို့ ဗုဒ္ဓဘာသာတရားရဲ့ အကျဉ်းချုပ်ကို ပြောပါဆိုရင် လောဘကုန်ရေး, ဒေါသကုန်ရေး, မောဟကုန်ရေးလို့ ပြောရပါတယ်။

## ပပဥ္စတရားသုံးပါး

အကုသိုလ်(၁၄)လုံးကို သုတ္တန်ပါဠိတော်တွေမှာ ဘုရားက အကုန်လုံး မဟောပါဘူး။ မူလသုံးပါးကိုပဲ အဟောများပါတယ်၊ နောက်ပြီးတော့ ပပဉ္စတရားသုံးပါးလို့လဲ ဟောတာ ရှိပါသေးတယ်။ ပါဠိလိုက ပပဉ္စ၊ မြန်မာလိုက အကျယ်ချဲ့တဲ့တရား။ အကျယ်ချဲ့တဲ့တရားသုံးပါးက လောဘ, ဒိဋ္ဌိနဲ့ မာနတို့ ဖြစ်ပါတယ်။

**လောဘ**

လောဘဟာ ဘယ်လို အကျယ်ချဲ့သလဲဆိုတော့ လူ့လောကကြီးမှာ အကုန်လုံး ပြည့်စုံတဲ့ လူရယ်လို့မရှိပါဘူး။ တဲကလေးကနေပြီးတော့ သစ်သားအိမ်၊ သစ်သားအိမ်ကနေပြီးတော့ တိုက်၊ အုတ်တိုက်ကနေပြီးတော့ သံ၊ အဲဒီလို အမျိုးမျိုး အကျယ်ချဲ့လာတာပဲ၊ လှည်းကနေပြီးတော့ မော်တော်ကား၊ မော်တော်ကားကလဲ တစ်မျိုးပြီးတစ်မျိုး၊ အဝတ်အစားကလဲ တစ်မျိုးပြီးတစ်မျိုး။ အဲဒီတော့ လူ့လောကကြီး တည်ဆောက်တဲ့နေရာမှာ လောဘရှိလို့ တည်ဆောက်လို့ ရသလို လောဘက လူ့လောကကြီး ကျယ်လာအောင်လဲ ချဲ့တတ်ပါတယ်။

ဒါကြောင့်မို့ လောဘဟာ လူ့လောကကြီးကို တည်ထောင်နိုင်တယ်လို့ ဆိုရင်လဲ ဟုတ်တာပဲ။ လောဘဟာ လူ့လောကကြီးကို ဖျက်ပစ်လိုက်နိုင်တယ်လို့ ဆိုရင်လဲ ဟုတ်တာပဲ။ အဲဒါကြောင့်မို့ အကုသိုလ်စေတသိက်တွေမှာလဲ လူတွေမှာ ရှိသင့်ရှိထိုက်တဲ့ လောဘ၊ မရှိသင့်တဲ့ လောဘဆိုပြီး ၂-မျိုးခွဲ ပြောခဲ့တာပါ။ လောဘကို တချို့က လိုလိုနေတဲ့တရားလို့ ဘာသာပြန်ကြတယ်၊ ဘယ်တော့မှ ပြည့်တယ်လို့ မရှိဘူးတဲ့။ ရာထူးငယ်တဲ့ လူတွေကလဲ တဖြည်းဖြည်း ဘာရာထူး ရရင်တော့ တော်ပါပြီလို့ အောက်မေ့တယ်။ အဲဒီရာထူးလဲရပြီးရော နောက်တစ်ဆင့် တက်ချင်သေးတာပဲ။ နောက်တစ်ဆင့်ရပြီးတော့လဲ နောက်တစ်ဆင့်တက်ချင်သေးတာပဲ။ နောက်ပိတ်ဆုံး နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်နိုင်တဲ့ သမ္မတကြီး ဖြစ်သော်

လည်း တစ်နိုင်ငံနဲ့ အားမရဘူး၊ တော်တော်ကြာတော့ နှစ်နိုင်ငံ၊ နောက် သုံးနိုင်ငံ၊ နောက် တစ်ကမ္ဘာလုံးရတော့လဲ အားမရသေးဘူး၊ နတ်ပြည်တောင် တက်ပြီး အုပ်ချုပ်ချင်တာပဲ။

ရှေးတုန်းက လူ့ပြည်မှာ စကြာရတနာရတဲ့ မင်းတွေရှိခဲ့ဖူးတယ်။စကြာ ရတနာရတယ်ဆိုရင် သူသွားချင်တဲ့ နေရာကို ဘယ်နေရာဖြစ်ဖြစ် အကုန်လုံး သွားလို့ရတယ်။ အဲဒီတော့ စကြာမင်းဟာ လူ့ပြည်မှာ လူ့စည်းစိမ်ခံစားလို့ အားမရတာနဲ့ နတ်ပြည်တက်သွားတယ်။ နတ်ပြည်ရောက်တော့ သိကြားမင်းက သူ့ကို ဆီးကြိုတယ်။ ဒါ အတိုချုံးပြောတာပါ။ သိကြားမင်းက ဆီးကြိုပြီး ဘာလို့လာသလဲလို့မေးတော့ နတ်စည်းစိမ်က အင်မတန်ထူးကဲတဲ့ စည်းစိမ်ဆိုလို့ နတ်စည်းစိမ်ခံစားဖို့လာပါတယ်လို့ဖြေတယ်။ သိကြားမင်းက "ဧည့်သည်အဖြစ် နဲ့ နတ်စည်းစိမ်ခံစားတာဟာ ပိုင်စိုးပိုင်နင်းမဟုတ်လို့ အရသာမရှိဘူး"လို့ ပြောပြီး နတ်ပြည်ကို တစ်ဝက်ခွဲပေးတယ်။ ခွဲပေးတယ်ဆိုတော့ နတ်သမီး တွေကော ဘာရော အကုန်လုံးပါတာပေါ့။ သူ့ရှိတဲ့စည်းစိမ်ကို တစ်ဝက်ခွဲပေးတယ်။ အဲဒီ ခေတ်မှာက လူရဲ့သက်တမ်းက အသင်္ချေယျတမ်း။ နတ်တွေထက် ပိုအသက် ရှည်တယ်။ လူရဲ့ အသက်ဟာ အချို့ခေတ်တွေမှာ နတ်တွေရဲ့ အသက်ထက် ပိုရှည်တယ်။ သိကြားမင်းအသက်ဟာလဲ နည်းတာ မဟုတ်ဘူး။ လူ့အရေအတွက် နဲ့ တွက်ကြည့်မယ်ဆိုရင် နှစ်ပေါင်း သုံးကုဋေခြောက်သန်းတောင် ရှိတယ်။

သိကြားမင်းတွေဟာ နတ်သက်စေ့လို့ ပျောက်ပျောက်သွားလိုက်တာ သုံးကျိပ်ခြောက်ယောက်လဲတာတောင်မှ စကြာမင်းဟာ နတ်စည်းစိမ်ကို ခံစားလို့ အားမရသေးဘူးတဲ့။ အားမရတော့ "နတ်ပြည်ကို တစ်ဝက်ခွဲပြီး ခံစားရတာ သိပ်အရသာမရှိဘူး၊ သိကြားမင်းကို ဖြုတ်ချပြီးတော့ ငါတစ်ယောက်ထဲ သိကြားမင်းပြည်ကို အုပ်စိုးရရင် ကောင်းမှာပဲ"လို့ ဒီစိတ်မျိုး ပေါက်လာတယ်။ သက်တမ်းကလဲ များလာပြီ။ ဒီ စိတ်မျိုးက နတ်ပြည်မှာ ရှိကောင်းတဲ့စိတ်မျိုးမှ မဟုတ်တာ။ ဒီ စိတ်မျိုးဖြစ်တာနဲ့ တစ်ပြိုင်နက် နတ်ပြည်မှ လျှော၍ လူ့ပြည်ကို ပြန်ကျလာတာပဲ။စကြာမင်းဟာ လူ့ပြည်ကို ပြန်ကျလာပေမဲ့ သူက ဘုန်းကံနဲ့

ဆိုတော့ အသက်မသေဘဲ နန်းတော်ကို ပြန်ပြီး ရောက်လာတယ်။ ဘယ်လောက် အသက်ရှည်ရှည် သေခြင်းတရားကတော့ မလွတ်နိုင်ဘူး။ သူ သေခါနီးမှာ မှူးကြီးမတ်ရာ သေနာပတိတွေ မောင်းမမိဿံတွေ အကုန်လုံးခေါ်ပြီး "လောဘ နောက်ကို ဘယ်တော့မှ မလိုက်လေနဲ့၊ လောဘရဲ့အလိုကို ဘယ်လို ဖြည့်လို့မှ မပြည့်နိုင်ဘူး"ဆိုတဲ့အကြောင်းကို စကြာမင်းက ဟောပြောခဲ့တယ်။ ဒါကြောင့်မို့ လောဘဆိုတာ နယ်ချဲ့သမား သုံးယောက်ထဲမှာ တစ်ယောက်အပါအဝင်ပဲ။ လောဘနောက် လိုက်မယ်ဆိုရင် "လိုက်လေလိုလေ အိုတစ္ဆေ"ဆိုသလို ဘယ်တော့မှ မပြည့်နိုင်ဘူးတဲ့။

## ဒိဋ္ဌိ

နောက်ပြီးတော့ ဒိဋ္ဌိကလဲ အရိယာမဖြစ်သေးသမျှ ကာလပတ်လုံး နယ်ချဲ့တာပါပဲ။ ဘုရားဟောခဲ့တဲ့ ပိဋကတ်ပါဠိတော်မှာ ဒိဋ္ဌိ အယူအဆပေါင်း ၆၂–ခု ရှိတယ်။ တကယ်ကတော့ ကမ္ဘာပေါ်မှာ အယူအဆတွေဟာ ၆၂–ခုလဲ မက ပါဘူး။ တစ်တိုင်းပြည်ထဲမှာပဲ လူအမျိုးမျိုးရှိတော့ အယူဝါဒတွေ အမျိုးမျိုးရှိကြတာပဲ။ ကမ္ဘာနဲ့ဆိုတော့ လူ့ပြည်ရော၊ နတ်ပြည်ရော၊ ဗြဟ္မာ့ပြည်ရောဆိုလို့ ရှိရင် အယူဝါဒတွေဟာ ထောင်သောင်းမကရှိနိုင်ပါတယ်။ သို့ပေမဲ့ ဘယ်လောက် အယူဝါဒတွေ များနေများနေ ပေါင်းလိုက်ရင် ၆၂–ပါးသော ဒိဋ္ဌိထဲမှာပဲ အကုန်လုံး ပါဝင်သွားတာပဲလို့ ဘုရားက ဟောပါတယ်။

ဒါကြောင့်မို့ ဒီအယူဝါဒဆိုတဲ့ ဒိဋ္ဌိတွေဟာလဲ ဘယ်တော့မှ ဆုံးနိုင်တော့မှာ မဟုတ်ဘူး။ သူကလဲ ချဲ့တာပဲ။ အခုခေတ်မှာလဲ ဒီလို အယူဝါဒတစ်ခု နောက်တစ်ခါပြောင်းလိုက်ပြန်ပြီ၊ တော်တော်ကြာ ဘာသာတစ်မျိုးပေါ်ပြန်ပြီ။ တော်တော်ကြာ အယူဝါဒတစ်မျိုး ပေါ်ပြန်ပြီ။ ပညာရှိတစ်ယောက်ပေါ်ရင် တစ်ခုပေါ်လာလိုက်၊ ပညာရှိတစ်ယောက်ပေါ်ရင် တစ်ခုပေါ်လာလိုက်နဲ့ အယူဝါဒတွေဟာ လိုက်လို့မဆုံးနိုင်တော့ဘူး။ အဲဒါကြောင့်မို့ ဒိဋ္ဌိကလဲ အကျယ်ချဲ့တဲ့ တရားထဲမှာ ပါတာပဲတဲ့။

**မာန**

မာနကတော့ ပိုထင်ရှားပါတယ်။ ရှေ့မှာ မာန ၉–မျိုးတောင် တင်ပြခဲ့ပြီးပါပြီ။ ရှိသင့်တဲ့ မာနကလဲ အကျယ်ချဲ့တာပဲ။ မာနဆိုတာက "ငါလုပ်ရင်ဖြစ်ရမှာပဲ၊ ဒီပြင်လူတွေဖြစ်ရင် ငါလဲဖြစ်ရမှာပေါ့၊ ဒီပြင် တိုင်းပြည်တွေဖြစ်ရင် တို့တိုင်းပြည်လဲ ဖြစ်ရမှာပေ့ါ၊ ဒီပြင် ကမ္ဘာမှာ ဖြစ်ရင် တို့ကမ္ဘာလဲဖြစ်ရမှာပေါ့။ ဒီပြင်လူတွေ နတ်ပြည်ရောက်ရင် တို့လဲရောက်ရမှာပေါ့လို့" အကျယ်ချဲ့တတ်ပါတယ်။ လောဘရှိသလောက် မာနကလဲ လောဘနောက် လိုက်နေရတယ်။ ဒိဋ္ဌိနဲ့ မာနဆိုတာ လောဘရဲ့ လက်ဝဲရံ လက်ယာရံတွေပဲ။

လောဘက သူ့အလိုပြည့်အောင် ဒိဋ္ဌိကို တစ်မျိုးခိုင်းထားတယ်။ မာနကို တစ်မျိုးခိုင်းထားတယ်။ လောဘရဲ့လက်ဝဲရံ လက်ယာရံ ဒိဋ္ဌိနဲ့ မာနက ဗိုလ်ချုပ်ကြီး နှစ်ယောက်ဆိုတော့ သူတို့ကလဲ နယ်ချဲ့သမားထဲမှာ ပါရတာပဲ။ တရားအားထုတ်တဲ့အခါကျမှ လောဘ, ဒိဋ္ဌိ, မာနတို့ရဲ့ အကျယ်ချဲ့တာကို သဘောပေါက်လာပါမယ်။

အကုသိုလ်အရင်းအမြစ် တရားသုံးပါးက လောဘ, ဒေါသ, မောဟ။ ပပဉ္စတရားထဲမှာ ဒေါသနဲ့ မောဟ မပါဘူး။ သံသရာကို နယ်ချဲ့တဲ့အခါမှာ ဒိဋ္ဌိတို့ မာနတို့က နယ်ချဲ့တဲ့သဘောထင်ရှားတယ်၊ ဒေါသတို့ မောဟတို့က နယ်ချဲ့တဲ့သဘော မထင်ရှားဘူး။ အဲဒီလို သဘောတရားက ပြောင်းသွားတော့ ပပဉ္စတရား သုံးပါးထဲမှာ ဒေါသနဲ့ မောဟ မပါတော့ဘူး။

## အာသဝေါတရား ၄–ပါး

အာသဝေါတရားလေးပါးကို မြန်မာက နားလည်ပြီးသား ဖြစ်နေတယ်။ သီလပေးပြီးတဲ့အခါ "တိဿံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"လို့ ဘုန်းကြီးကချပေးရင် လူတွေက ယယ်ယယ်ကထဲက လိုက်ဆိုခဲ့တာပဲ။ မြန်မာက အာသဝေါလို့ခေါ်တယ်၊ ပါဠိက အာသဝ ပဲ၊ ပါဠိစကားကို မြန်မာက မွေးစား

လိုက်တဲ့အခါကျတော့ တွင်ကျယ်ခဲ့ပါတယ်။ မြန်မာဆိုရင် ပါဠိတတ်တာ များပါတယ်။ သင်္ဂြိုဟ် ၉-ပိုင်းဆိုတာကလဲ ရှေးခေတ်က မတတ်တဲ့လူ မရှိသလောက်ပါပဲ။ ပုဂံခေတ်က မိန်းမတွေ ပါဠိ ဘယ်လောက်တတ်သလဲဆိုရင် အဲဒီခေတ် ရဟန်းတစ်ပါးဟာ ပုဂံပြည်ကို စာသင်သွားမယ်ဆိုပြီးတော့ ရွာက ထွက်လာတယ်။ ပုဂံမရောက်ခင် ရွာတစ်ရွာမှာ ဝင်ပြီး ရေတောင်းသောက်တယ်၊ အဲဒီအိမ်က အမျိုးသမီးက အရှင်ဘုရားဘွဲ့ ဘယ်လိုခေါ်သလဲဆိုတော့ ဦးပဋ္ဌင်းက သူ့ဘွဲ့ကို ဦးခေမာလို့ ပြောတဲ့အခါ ဦးပဋ္ဌင်းဘွဲ့က "ခေမာ"ဆိုတော့ ဣတ္ထိလိင်ကြီးပါလားတဲ့။ ယောကျ်ားဆိုလို့ရှိရင် ပါဠိလို ပုလ္လိင်နဲ့ မှည့်ရမယ်။ ခုတော့ ခေမာဆိုတာက ဣတ္ထိလင်ကြီး၊ ခေမာဆိုတာက မိန်းမတွေမှ ဒီလိုနာမည်မျိုး မှည့်ရတာတဲ့၊ ယောကျ်ားဆိုလို့ရှိရင် ပုလ္လိင်နဲ့ မှည့်ရတယ်တဲ့၊ ဦးပဋ္ဌင်းဘွဲ့ကြီးက ဣတ္ထိလိင်ကြီးပါလားလို့ အမျိုးသမီးက ပြောတဲ့အခါ သူ့အမေက ထမင်းချက်တဲ့နေရာကနေပြီး "ဟဲ့-သမီး သဒ္ဒါမှာ ရာဇာဒိဂိုဏ်းဆိုတာ ရှိတယ်။ ရာဇာဒိဂိုဏ်းက ခေမာလို့ ယောကျ်ားတွေလဲ မှည့်ကောင်းတယ်"ဆိုတော့ ဦးပဋ္ဌင်းက ပုဂံမရောက်သေးဘူး၊ တောရွာက သားအမိနှစ်ယောက်ပြောတာနဲ့ပဲ တော်တော် လန့်သွားတယ်တဲ့။ အဲဒီခေတ်က တောရွာက အင်မတန်ဆင်းရဲတဲ့ အမျိုးသမီးတွေ၊ အဖွားကြီးတွေတောင်မှ သဒ္ဒါတော်တော် တတ်နေတယ်ဆိုတော့ ပုဂံခေတ်လောက်က စပြီး ပါဠိစကားတွေကို မြန်မာလိုသုံးလာတာ ကြာတဲ့အတွက် မြန်မာစကားတွေမှာ ပါဠိတွေက များနေတာပေါ့။

### အာသဝဆိုတာ ဘာလဲ

အဲဒီတော့ "အာသဝ"ဆိုတဲ့ ပါဠိကို မြန်မာက "အာသဝေါ"လို့ပဲ ဒီလိုပြောင်းလိုက်တယ်။ ဒါပေမဲ့ အာသဝေါတရားဆိုတဲ့ မြန်မာစကားကို လူတွေက နားမလည်ကြဘူး။ စာအုပ်တွေ ရေးကြတော့လဲ ဟိုအဘိဓမ္မာစာအုပ်က တစ်မျိုးရေး၊ ဒီ အဘိဓမ္မာစာအုပ်က တစ်မျိုးရေး၊ အဋ္ဌကထာ, ဋီကာတွေကလဲ အမျိုးမျိုးဖွင့်တော့ အာသဝဆိုတာ ဘာကိုခေါ်တယ်လို့ မြန်မာလို တိတိကျကျ

ပင်ရင်းကို နားမလည်ကြတော့ဘူး။ အာသဝဆိုတာ ပင်ရင်းက အရက်ကို ခေါ်တာ။ သုရာမေရယကို သေရည်သေရက်လို့ ဘာသာပြန်တဲ့အတွက် သုရာမေရယကို အရက်လို့ သိတယ်။ အာသဝကို အရက်လို့ခေါ်တာကိုတော့ လူတွေက သိပ်မသိကြဘူး။ ပန်းကိုလုပ်တဲ့ အရက်ကို ပါဠိလို ပုပ္ဖါသဝ လို့ခေါ်တယ်။ ပျားရည်တို့ တင်လဲရည်တို့နဲ့ လုပ်တဲ့အရက်ကို မဓ္ဝာသဝ လို့ ခေါ်တယ်။ ပန်းကို လုပ်တဲ့အရက်၊ တင်လဲတို့ထန်းလျက်တို့ကို လုပ်တဲ့ အရက်၊ အဲဒီလို အရက်တွေကို ပြောတဲ့နေရာမှာ အာသဝဆိုတာ အရက်ကိုပြောတာပါ။

ဒီအာသဝဆိုတဲ့ စကားဟာ ဥပစာစကားပဲ၊ မြန်မာစကားမှာလဲ တင်စားပြီးတော့ ပြောတဲ့စကားတွေရှိပါတယ်။ အရှေ့အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ မျက်နှာပြင် – စသဖြင့် လူရဲ့ မျက်နှာဆိုတဲ့ စကားတစ်လုံးက နေပြီးတော့ တစ်ခြားနေရာတွေမှာ အကုန်လုံး တင်စားပြီးတော့ ပြောတာပဲ၊ လူ့ရဲ့ခြေထောက်ဟာ လူမှာ အရင်းအကျဆုံးပဲ။ အရင်းကျတာကို ယူပြီးတော့ တောင်ခြေတို့၊ အိမ်ခြေတို့၊ တောခြေတို့ စသဖြင့် အကုန် လျှောက်သုံးတာပဲ။

ပါဠိမှာလဲ ဒီလိုပါပဲ၊ ပထမ အာသဝဟာ အရက်ကိုဟောတာပဲ၊ ဘာဖြစ်လို့ အာသဝလို့ခေါ်တာလဲဆိုတော့ သတ္တဝါတို့ကို မူးစေ၊ ရူးစေလို့ခေါ်တာ။ အရက်ဟာ လူတွေကို အနဲဆုံး ခဏတစ်ဖြုတ်တော့ စိတ်ကောင်းပျောက်သွားအောင် မူးသွား၊ ရူးသွားအောင် လုပ်နိုင်တာပဲ။ အဲဒီလိုပဲ အာသဝေါတရားလေးပါးကလဲ လူတွေကို မူးစေ၊ ရူးစေတတ်သောကြောင့် သူတို့ကို အာသဝေါတရားလို့ ခေါ်တယ်။ ဒါကြောင့်မို့ အာသဝေါတရားဆိုတာ သတ္တဝါတွေကို မူးစေ၊ ရူးစေတတ်တယ်။ အာသဝေါကုန်တယ်ဆိုတာ ရှင်းရှင်းကတော့ ကိလေသာ ကုန်တယ်လို့ ပြောတာပါ။ အမူးပျောက်သွားတာပဲ။ အရက်မူးသမားကို ဖြေဆေးတိုက်လိုက်တဲ့ အခါကျတော့ အမူးပြေသွားသလို တရားရတယ်ဆိုတာ အမူးပြေသွားတာပါပဲ။

နောက်တစ်နည်းအားဖြင့် တရားရတယ်ဆိုတာဟာ အရူးပျောက်သွားတာပါ။ ပုထုဇဉ်တွေဟာ အကုန် အရူးတွေချည်းပဲ။ ဒါကြောင့်မို့ "ပုထုဇ္ဇနော

ဥမ္မတ္တကော''လို့ဆိုတာ။ လူတွေဟာ မူးနေကြတော့ အမူးပြေအောင် တရားအားထုတ်တယ်။ လူတွေဟာ အကုန်လုံး ရူးနေကြတာပဲ။ ရူးနေကြတော့ အရူးပျောက်အောင် တရားအားထုတ်တယ်။ တရားရတယ်၊ တရားရတယ် ဆိုတာက အရူးပျောက်သွားတာပါပဲ။

**ကာမာသဝ**

နံပါတ်(၁) ကာမာသဝဆိုတာ ကာမနဲ့ အာသဝကို တွဲပြီးခေါ်တာ၊ မြန်မာစကားမှာတော့ နှစ်ခုတွဲလိုက်တယ်ဆိုလို့ရှိရင် တစ်လုံးစီခွဲလို့ လွယ်တယ်။ ပါဠိကတော့ ခွဲလို့ မလွယ်ဘူး။ ပါဠိစကားဆက်တာက ပျဉ်ချင်းဆက်သလို တေ့ဆံက် မဟုတ်ဘူး။ တစ်ခုနဲ့တစ်ခု ထပ်ဆက်တာပဲ။ မြန်မာစကားကတော့ တေ့ဆက်ပဲ။ မဲမှောင်တယ်ဆိုရင် မဲတယ်၊ မှောင်တယ်၊ အဲဒီလို ခွဲလို့ရတယ်၊ မိုက်မဲတယ်ဆိုရင် မိုက်တာရယ်, မဲတာရယ် ခွဲလို့ရတယ်။ ပါဠိကျတော့ ကာမနဲ့ အာသဝကို နှစ်လုံးပေါင်းလိုက်တဲ့အခါ ကာမာသဝလို့ ဖြစ်သွားတယ်။ အဲဒီတော့ သူ့ပါဠိအတိုင်းဆိုရင် ကာမ=ကာမဂုဏ်၊ အာသဝ=မူးစေတဲ့တရား။ မြန်မာလို ကာမာသဝဆိုတာ သတ္တဝါတို့ကို မူးစေတဲ့ ကာမဂုဏ်၌ တွယ်တာမှုလောဘ။ လွယ်လွယ်ပြောရရင်တော့ ကာမဂုဏ်၌ တွယ်တာတဲ့ လောဘပဲ။

သတ္တဝါတို့ကို မူးစေတတ်တဲ့ တရားဟာ ဘယ်တရားလဲ၊ ကာမဂုဏ်တရားပဲ။ ကာမဂုဏ်တရားဆိုတာလဲ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးပဲ။ ဒီကာမဂုဏ်တရားတွေဟာ လူတွေကို မူးစေတတ်တယ်။ ရူးစေတတ်တယ်။ ရူပါရုံကြောင့် ရူးတဲ့ဇာတ်လမ်းကတော့ ဥမ္မာဒန္တီဇာတ်ဟာ အလွန်ကျော်ကြားပါတယ်။ အဲဒီတော့ ရူပါရုံဟာလဲ သတ္တဝါတွေကို မူးစေတတ်တာပဲ၊ သဒ္ဒါရုံကလဲ မူးစေတတ်တာပဲ၊ ဂန္ဓာရုံကလဲ မူးစေတတ်တာပဲ။

လူတွေ ဒုက္ခများနေရတာလဲ နေ့ရှိသမျှ ရူပါရုံအတွက်၊ သဒ္ဒါရုံအတွက်၊ ဂန္ဓာရုံအတွက်၊ ရသာရုံအတွက်၊ ဖောဋ္ဌဗ္ဗာရုံအတွက် လိုက်လုပ်နေကြရလို့ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ရှိသမျှ လူတွေအားလုံးဟာ ဒီအာရုံငါးပါးအတွက်ကိုပဲ

ကောင်းတဲ့နည်းလမ်းနဲ့ပဲ ဖြစ်ဖြစ်၊ ဆိုးတဲ့နည်းလမ်းနဲ့ပဲ ဖြစ်ဖြစ်၊ နည်းလမ်းအမျိုးမျိုးနဲ့ လုပ်နေကြတာပဲ။ ကမ္ဘာပေါ်က လူတွေဟာ ဘာတွေလုပ်နေကြသလဲမေးရင် အာရုံငါးပါးကို သူ့ထက်ငါ ကောင်းကောင်းရဖို့ ကြိုးစားနေကြတာလို့ဖြေရမှာပါပဲ။ အဲဒါကြောင့်မို့ လူတွေဟာ အကုန်လုံးရူးနေကြတော့ ဘာမှမသိသာဘူး၊ အရူး အရူးချင်းဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် ရူးတယ်လို့မပြောဘူး။ ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်တွေက ကြည့်တဲ့အခါကျတော့ "အော်-သူတို့ဟာ ရူးနေကြတာပဲ။ ငါတော့ အရူးပျောက်သွားပြီ"လို့ ဒီလိုသိတာကိုး။ ဒါကြောင့်မို့ ကာမာသဝဆိုတာက ကာမဂုဏ်၌ တွယ်တာတဲ့ လောဘကိုခေါ်တယ်။ ဘာဖြစ်လို့ ခေါ်သလဲဆိုတော့ ရူးစေ, မူးစေတဲ့အတွက်ကြောင့်အာသဝလို့ ခေါ်တယ်။

## ဘဝါသဝ

ဘဝနဲ့ အာသဝကို ပေါင်းလိုက်တဲ့အခါကျတော့ ဘဝါသဝဖြစ်တယ်။ အာသဝကတော့ ရှေ့ကအတိုင်းပဲ၊ သတ္တဝါတွေကို မူးစေတယ်။ အဲဒီတော့ဘဝါသဝဆိုတာဟာ ရူပဘဝ အရူပဘဝတို့၌ တွယ်တာမှုလောဘကို ခေါ်တာပါ။ ဘဝါသဝနဲ့ ဘဝတဏှာဟာ အတူတူပါပဲ။ ဘုရားမပွင့်ခင်ကတော့ ကာမဂုဏ်တွေကို စွန့်ပစ်ပြီး တောထွက်တဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိခဲ့ပါတယ်။ အဲဒီလိုကာမဂုဏ်စည်းစိမ်တွေကို စွန့်၊ တောထွက်ပြီး ကျင့်တဲ့အခါမှာ ဒီ ပုဂ္ဂိုလ်တွေဟာဗြဟ္မာ့ပြည်ဆိုတဲ့ ရူပဘုံ, အရူပဘုံကို ရောက်တာပဲ။ ဗြဟ္မာ့ဘုံဆိုတဲ့ ဘဝကိုတွယ်တာနေတဲ့ ဘဝတဏှာက ရှိနေတာကိုး။ ကာမဘုံဆိုတဲ့ ကာမတဏှာကလွတ်သွားပေမဲ့ သူတို့ အသိဉာဏ်နဲ့ သူတို့ အားထုတ်တဲ့အခါမှာ ဘဝကိုတွယ်တာနေတဲ့တဏှာက ရှိနေတော့ ဗြဟ္မာ့ဘုံကို ရောက်သွားကြတယ်၊ အဲဒီဘဝတဏှာကလဲ သတ္တဝါတွေကို မူးစေတာပဲ။ အဲဒီ ဗြဟ္မာတွေလဲ အမူးမပြေသေးဘူး။ အမူးပြေတယ်ဆိုတာကလဲ အရိယာဖြစ်တဲ့အခါကျမှ အမူးကပြေမှာကိုး။ အရိယာမဖြစ်ခင် ပုထုဇဉ်ဘဝမှာတော့ ဒီလိုပဲ မူးနေတာပဲတဲ့။

မှုးစေ၊ ရူးစေတတ်တဲ့ ဘဝတဏှာကိုလဲ အာသဝေါတရားလို့ ခေါ်တယ်။ ကာမာသဝဆိုတဲ့ အရက်ကတော့ အမူးကြမ်းတယ်၊ သိပ်မူးတယ်။ ဒီ ဘဝါသဝ ဆိုတဲ့ အရက်ကတော့ မူးတော့ မူးတယ်၊ သူက တဖြည်းဖြည်း မူးတာ။ ကာမာသဝလောက် မကြမ်းဘူး၊ ဒီ နှစ်ခုစလုံးဟာ လောဘချည်းပဲ။

**ဒိဋ္ဌာသဝ**

ဒိဋ္ဌာသဝဆိုတာ ပါဠိမှာ ဒိဋ္ဌိနဲ့အာသဝ နှစ်ခုပေါင်းလိုက်တာ။ သတ္တဝါ တို့ကို မူးစေတဲ့ ဘဝါသဝနဲ့ ကာမာသဝဆိုတာဟာ လောဘစေတသိက်ချည်းပဲ။ ဒိဋ္ဌာသဝကျတော့ ဒိဋ္ဌိစေတသိက်။ အဲဒီတော့ လောဘသာ လူတွေကို ရူးစေတာ မဟုတ်ဘူး၊ ဒိဋ္ဌိကလဲ လူတွေကို ရူးစေတာပဲ။ ဒါကြောင့် ဒိဋ္ဌိကိုလဲ အာသဝလို့ ခေါ်တာပါ။ ဒိဋ္ဌာသဝဆိုတာ သတ္တဝါတို့ကို မူးစေတဲ့ အယူအဆအမျိုးမျိုး ဒိဋ္ဌိစေတသိက်ပဲ။

အယူဝါဒတွေဟာ လူတွေကို မူးစေတယ်။ နိုင်ငံခြားက အယူဝါဒတွေကို စာအုပ်တွေနဲ့ ဖြန့်ချိတယ်၊ ဟောပြောပွဲတွေလုပ်တယ်၊ သင်တန်းတွေပေးတယ်။ အဲဒီလို လုပ်တော့ လူငယ်လူရွယ်တွေမှာ အဘိဓမ္မာ အခြေခံမရှိရင် တခြား အယူဝါဒတွေကို တော်တော် ဟုတ်တယ်လို့ ထင်ကြတယ်။ လူငယ်ဆိုတဲ့ သဘောက ထူးထူး ဆန်းဆန်းဆိုရင် သင်ချင် လိုက်စားချင်တာပဲ၊ အဲဒီတော့ သဘောတရားရေးရာ သင်တန်းတွေက အပြောအဟောလဲ ကောင်းမယ်၊ လူငယ် တွေကလဲ သဘောကျသွားမယ်ဆိုရင် ဒီလူငယ်တွေ ရူးတော့ မူးတော့တာပဲ။ သူတို့ရဲ့ အယူဝါဒတွေကို လက်မလွှတ်တော့ဘူး။ အရက်မူးသမားကမှ အမူး ပြေအောင် လုပ်လို့ရသေးတယ်၊ အယူဝါဒတစ်ခု စွဲပြီးနေတဲ့ လူတစ်ယောက် ကိုတော့ အဲဒီ အယူဝါဒကို ချွတ်ဖို့ဆိုတာ သိပ်မလွယ်လှဘူး။

ဒါကြောင့်မို့ ''သတ္တဝါတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက် ဘုရား၊ ဟောသော်ငြားလည်း၊ ဟောကြားချေချွတ်၊ ပြေမလွှတ်ဘူး''လို့ မန်လည်

ဆရာတော်က မဃဒေဝလင်္ကာမှာ ရေးထားတာ။ ဆိုလိုတာက သတ္တဝါ တစ်ယောက် အယူဝါဒ မှောက်မှားသွားလို့ရှိရင် ဘုရားတစ်သိန်း လာပြီးတော့ ဟောကြားသော်လဲ မကျွတ်နိုင်ဘူးတဲ့။ ဘုရားလက်ထက်က အယူဝါဒပြိုင်တဲ့ တိတ္ထိတွေလဲ အများကြီးရှိတာပဲ။ ဘုရားဟောလို့ မရဘူး။ ဒါကြောင့်မို့ ဒိဋ္ဌိအယူဝါဒဟာလဲ သတ္တဝါတို့ကို မူးစေ, ရူးစေတာပဲ။ ကမ္ဘာပေါ်မှာ အယူဝါဒတွေဟာ အများကြီးရှိတယ်။ ကိုယ့်အယူဝါဒ တွင်ကျယ်အောင် နည်းမျိုးစုံနဲ့ ဝါဒဖြန့်နေကြတယ်။

## အဝိဇ္ဇာသဝ

အဝိဇ္ဇာသဝဆိုတာက အဝိဇ္ဇာနဲ့အာသဝ နှစ်ခု ပေါင်းခေါ်တာပါ၊ အဝိဇ္ဇာကို ရှေ့မှာလဲ တင်ပြခဲ့ပြီးပါပြီ။ အဝိဇ္ဇာက ဘာကို မသိမှုလဲဆိုတော့ သစ္စာလေးပါးကို မသိမှု။ သစ္စာလေးပါးဆိုတာ ပါဠိလို ပြောတာ။ တကယ်ကတော့ အမှန်တရားကို ဖုံးလွှမ်းမှု၊ အမှန်တရားကို မသိရအောင် မမြင်အောင် ဖုံးကွယ်တာ၊ မျက်မှန်စိမ်း တပ်ပြီးထားတာ၊ အဲဒါ အဝိဇ္ဇာဆိုတဲ့ မောဟပါပဲ၊ အမှန်တရားကို မသိအောင် ဖုံးကွယ်ပေးထားတဲ့ မောဟကလဲ သတ္တဝါတို့ကို မူးစေ, ရူးစေပါတယ်။ မောဟက လူတွေကို မူးစေ, ရူးစေတယ်၊ မူးအောင်, ရူးအောင် လုပ်တယ်။ ဒိဋ္ဌာသဝဆိုတဲ့ အယူဝါဒတွေနဲ့ ရူးတယ်ဆိုတာလဲ မောဟက ဖုံးပေးတာ၊ မူးအောင် အကူအညီပေးထားတာပဲ။ လောဘက ကာမဂုဏ်တွေ တွယ်တာနေအောင်လဲ အဝိဇ္ဇာက ဖုံးပေးလို့ မူးတာ, ရူးတာ။ အဲဒီတော့ အဝိဇ္ဇာသဝဆိုတာကလဲ လူတွေကို မူးအောင်, ရူးအောင် လုပ်ပေးတာပါပဲ၊ အဲဒီ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝကို အာသဝေါတရားလေးပါးလို့ ခေါ်ပါတယ်။

အာသဝေါတရားလေးပါးမှာ တရားကိုယ်လိုရင်းကတော့ လောဘ ဒိဋ္ဌိ မောဟ ဒီသုံးပါးပါပဲ။ အာသဝေါတရား လေးပါးဆိုတာက လောဘကို ကာမာသဝ, ဘဝါသဝလို့ ခွဲဟောလိုက်တယ်၊ စေတသိက်ကို ရေတွက်ကြည့်

လိုက်တဲ့အခါ ကျတော့ အာသဝေါတရား လေးပါးမှာ သုံးခုပဲရတယ်။ ရှေ့က ပပဥ္စ အကျယ်ချဲ့တဲ့ တရားနဲ့ ဘာ ကွဲသွားလဲဆိုတော့ အကျယ်ချဲ့တဲ့ ပပဥ္စတရား ထဲမှာ မာန ထည့်လိုက်တယ်။ မူးစေတဲ့ တရားထဲမှာ မောဟထည့်လိုက်တယ်။

အဲဒါကြောင့်မို့ ဘုရားဟောတဲ့ သုတ္တန်တွေထဲမှာ ဘယ်မှာပဲ ကြည့်လိုက် ကြည့်လိုက် အကုသိုလ်စေတသိက်သုံးလုံးကို ဟောမယ်၊ လေးလုံးကို ဟောမယ်၊ ငါးလုံးကို ဟောမယ်၊ ခြောက်လုံးကို ဟောမယ်၊ ဆယ်လုံးကို ဟောတာ အများဆုံးပဲ၊ ၁၄–လုံးစလုံး အပြည့်အစုံ ဟောတာ မရှိသလောက်ပါပဲ။

တစ်ခါ ကမ္ဘာပျက်တဲ့နေရာမှာ ဘယ်လိုဟောပြန်သလဲဆိုတော့ တစ်ခါ တလေကျတော့ စကြဝဠာ ကမ္ဘာကြီးတစ်လုံးကို မီးတွေလောင်တယ်၊ မြို့တွေ ရွာတွေ တောတွေ တောင်တွေ အကုန်လုံးလောင်တာပဲ။ ဘာတစ်ခုမှ မကျန်ဘူး။ အဲဒါကြောင့်မို့ ကမ္ဘာဟာ မီးဖျက်တဲ့ ကမ္ဘာလဲ ရှိတယ်။ ရေဖျက်တဲ့ ကမ္ဘာလဲ ရှိတယ်။ ရေဖျက်တဲ့ ကမ္ဘာကျတော့ မိုးတွေရွာလိုက်တာ ရေတွေဟာ ဗြဟ္မာ့ဘုံတွေ အထိ ရောက်သွားတဲ့အတွက် ကမ္ဘာကြီးဟာ အကုန်လုံး ရေတိုက်စားပြီး ပျက်စီး သွားတယ်။ နောက်ပြီး လေဖျက်တဲ့ကမ္ဘာလဲ ရှိတယ်။ လေဖျက်တဲ့ကမ္ဘာကျတော့ လေတွေ သိပ်တိုက်လို့ မြို့ကြီးတွေ၊ နိုင်ငံကြီးတွေ လွင့်စဉ်ပြီး ကမ္ဘာချင်းထိပြီးတော့ စိစိညက်ညက်ကြေအောင် ပျက်စီးသွားတယ်။ အဲဒီလို ကမ္ဘာဟာ တစ်ခါတစ်ခါ တော့ ပျက်ရတယ်၊ မပျက်လို့ မရဘူး။

**ကမ္ဘာဖျက်တရား**

လူတွေ လောဘတရား သိပ်အားကြီးတဲ့အခါမှာ ကမ္ဘာကို မီးဖျက်တယ်။ လူတွေ ဒေါသသိပ်များတဲ့အခါ ကမ္ဘာကို ရေဖျက်တယ်။ လူတွေ မောဟ သိပ်များတဲ့အခါမှာ ကမ္ဘာကို လေဖျက်တယ်။ မန်လည်ဆရာတော်က ဒီတရား သုံးပါးကို ဘယ်လိုရေးသလဲဆိုတော့ ''လောဘ မီးဟူ၊ ဒေါသမူ ရေ၊ မောဟ လေတည့်၊ သုံးထွေမူလ၊ ဤပါပကြောင့်၊ လောကအားလုံး၊ ထုံးသို့ကြေညက်၊ ကမ္ဘာပျက်၏''တဲ့။

ကမ္ဘာပျက်တယ်ဆိုတာဟာလဲ ဓာတ်သဘာဝကြောင့်ပါပဲ။ နာမ်တရားတွေဟာ ကမ္ဘာကို ဖျက်နိုင်တဲ့ စွမ်းအင်ရှိတယ်ဆိုတာ လောဘ ဒေါသ မောဟဆိုတဲ့ အကုသိုလ်မူလတရား သုံးပါးကို ဆိုလိုတာပါ။ နာမ်တရားများဟာ ကမ္ဘာဆိုတဲ့ ရုပ်လောကကြီးကို ဖျက်ဆီးနိုင်တယ်တဲ့၊ အဲဒီတော့ မီးဖျက်တဲ့ ကမ္ဘာမှာပဲ ၃၁–ဘုံထဲက ဒုတိယဈာန်ဘုံထိအောင် ပါသွားတယ်။ ဒါကြောင့် လူတွေဟာ ဗြဟ္မာ့ပြည် မရောက်ဖူးတဲ့သူ မရှိဘူးတဲ့။ လူတွေဟာ ကမ္ဘာပျက်တဲ့အခါကျတော့ မပျက်မီ အနှစ်တစ်သိန်းက ကြွေးကြော်ခဲ့တယ်။ ဒီကြားထဲမှာ တရားအားထုတ်တဲ့ အခါကျတော့ လူတွေဟာ မီးလွတ်တဲ့ ဗြဟ္မာ့ပြည်ကို ရောက်ကြတယ်။ ရေဖျက်တဲ့အခါကျတော့ ဗြဟ္မာ့ဘုံ တော်တော်များများ ပါသွားတယ်၊ တတိယဈာန်ဘုံထိအောင် ပါသွားတယ်။ လေဖျက်တဲ့အခါကျတော့ အများဆုံးပါသွားတယ်။ ဒါပေမဲ့ ဗြဟ္မာ့ဘုံတွေက ကျန်တော့ကျန်ရသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ သတ္တဝါတွေဟာ အဲဒီမှာ ပြောင်းပြီးတော့နေရတယ်။

ဒါကြောင့်မို့ "ကမ္ဘာမီးလောင် သားကောင်ချနင်း"ဆိုတဲ့ ဒီစကားက ဘုရားဟောက လာတာမဟုတ်ဘူး။ ဒါက လောကမှာ ကိုယ်ရေးကိုယ်တာ အတွက်နဲ့ ဆိုလို့ရှိရင် သားသမီးကိုတောင် မငဲ့နိုင်ဘူးဆိုတဲ့ စကားပုံ ဖြစ်ပါတယ်။ တကယ့် ဘုရားဟောမှာ ကမ္ဘာမီးလောင်တဲ့အခါကျတော့ သတ္တဝါရယ်လို့ မရှိတော့ဘူး။ သတ္တဝါ အကုန်မရှိတဲ့ အခါကျမှ မီးက လောင်တာ။ တချို့က ကမ္ဘာပျက်မှာ ကြောက်ကြတယ်၊ ကမ္ဘာပျက်မှာ ကြောက်စရာ မလိုပါဘူး။ ကမ္ဘာပျက်ရင် အကုန်လုံး ဗြဟ္မာ့ပြည်ရောက်တယ်။ ဒါဟာ လောဘ, ဒေါသ, မောဟကို ကမ္ဘာပျက်တာနဲ့ ဆက်သွယ်ပြီးတော့ ဟောတဲ့ သုတ္တန်က လာတဲ့ ဟောကြားချက်တွေပါ။

## ကပ်ကြီးသုံးပါး

တစ်ခါလာသေးတယ်၊ လူတွေ လောဘကြီးလို့ရှိရင် ဒုဗ္ဘိက္ခန္တရကပ်ဆိုက်တယ်တဲ့။ဒုဗ္ဘိက္ခဆိုတာ အစားအစာပြတ်လပ်တယ်၊ အန္တရကတော့ အန္တရာယ်ပေါ့။

ဒုဗ္ဘိက္ခန္တရဆိုတာ လူတွေ လောဘသိပ်ကြီးလာလို့ရှိရင် ငတ်မွတ်ခေါင်းပါးတဲ့ ကပ်ဆိုက်တာပေါ့။ အခု လောဘကြီးတဲ့ တိုင်းပြည်တွေမှာ လူတွေဟာ ငတ်နေကြတယ်။ မြန်မာပြည် မငတ်ဘူးဆိုတာက ဗုဒ္ဓဘာသာတရားထွန်းကားတော့ လောဘကြီးတဲ့လူတွေ ရှိပေမဲ့ လူအများစုမှာ မရှိကြလို့ပါပဲ။

လောဘကြီးတယ်ဆိုတာက ကိုယ်တစ်ယောက်ထဲ ချမ်းသာသထက် ချမ်းသာအောင် တစ်ပြည်လုံးမှာရှိတဲ့ အစားအစာတွေကို တစ်ယောက်ထဲ ပိုင်နေတဲ့အခါကျတော့ ဒီပြင်လူတွေ ငတ်ကြတာပေါ့။ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်တယ်ဆိုတာက သယံဇာတပစ္စည်းတွေ စားရေရိက္ခာတွေမရှိလို့ မဟုတ်ဘူး၊ ရှိတော့ရှိတယ်၊ သို့ပေမဲ့ လောဘကြီးလာတဲ့အခါ သူကလဲ လုယူ၊ ကိုယ်ကလဲ လုယူ၊ မရတဲ့အခါကျတော့ မီးရှို့ဖျက်ဆီးကြနဲ့ လူတွေမစားရဘဲ ပျက်စီးကုန်တာပေါ့။ ဥပမာ–လူစည်ကားတဲ့ နေရာတစ်စုမှာ အင်မတန် အဆင်လှတဲ့ အထည်အလိပ်တွေကို ကားနဲ့ ပုံချကြည့်ပါ၊ အကောင်းရမယ် ထင်ကြသလား။ အားလုံးလုယူကြတာနဲ့ အကုန်လုံး အစုတ်ချည်း ဖြစ်ကုန်မယ်။ အဲဒီလိုပဲ လောဘကြီးတဲ့ အခါကျတော့ ဒုဗ္ဘိက္ခန္တရကပ်ဖြစ်လာတယ်။

လူတွေ ဒေါသကြီးတဲ့အခါကျတော့ သတ္ထန္တရကပ် ဆိုက်တယ်။ တစ်နိုင်ငံက အခြားတစ်နိုင်ငံကို တိုက်ကြ ခိုက်ကြတယ်။ ဘာအဓိပ္ပါယ်မှလဲ မရှိဘဲ တိုက်နေကြတယ်။ တိုက်နေ သတ်နေကြတာနဲ့ပဲ စီးပွားရေးလုပ်ရတယ်လို့ မရှိဘူး။ လုပ်ကြပါ လုပ်ကြပါဆိုပြီး လုပ်လိုက်တာ လုပ်လို့ရတဲ့ ပစ္စည်းတွေထဲက စားရတာက နည်းနည်း၊ လူတွေသတ်ဖို့က များများ လုပ်နေကြရတော့ ငတ်ကြတာပေါ့။ သတ္ထန္တရကပ်ဟာလဲ ဒုဗ္ဘိက္ခန္တရကပ်နဲ့ သိပ်ထူးတာမဟုတ်ဘူး၊ သူတို့က ဆက်သွယ်နေတာကိုး။

မောဟကြီးတဲ့အခါကျတော့ ရောဂန္တရကပ်ဆိုက်တယ်။ မောဟကြီးတယ်ဆိုတာက အအိပ်ကြီးတာမဟုတ်ဘူး။ မောဟကြီးတယ်ဆိုတာ အသိပညာမရှိတာ။ မောဟနဲ့ ပညာက ဆန့်ကျင်ဘက်ပဲ။ လူတွေဟာ အသိပညာမရှိတဲ့အခါကျတော့ လုပ်ချင်သလိုလုပ်၊ နေချင်သလိုနေ၊ စားချင်သလိုစားနဲ့ အဲသလို လျှောက်လုပ်

နေကြတယ်။ စားသင့်တယ်၊ မစားသင့်ဘူး၊ သွားသင့်တယ်၊ မသွားသင့်ဘူးဆိုတာ ခွဲခြား မသိတဲ့အတွက် လူတွေမှာ ရောဂါအမျိုးမျိုး ဖြစ်လာတယ်။

အမှန်စင်စစ် ဒုဗ္ဘိက္ခန္တရကပ်ဆိုက်လို့ စားစရာရှားပါးတဲ့အခါ တွေ့ကရာ စားတော့တာပေါ့။ ဒ့ူတွေ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်လို့ရှိရင် ရောဂန္တရကပ်လဲ ဆိုက်တော့တာပဲ။ သတ္ထန္တရကပ်လဲ ပေါ်လာတာပဲ။ အဲဒါကြောင့်မို့ လောဘ ကြီးတဲ့ ခေတ်မှာ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်တယ်။ ဒေါသကြီးတဲ့ခေတ်မှာ သတ္ထန္တရကပ် ဆိုက်တယ်။ မောဟကြီးတဲ့ခေတ်မှာ ရောဂန္တရကပ်ဆိုက်တယ်ဆိုပြီး အကုသိုလ် မူလသုံးပါးနဲ့ ကပ်သုံးပါးကို ဆက်သွယ်ပြီး ဟောကြားခဲ့ပါတယ်။

## ဥပါဒါန် (၄)ပါး

အာသဝေါတရားလေးပါးပြီးတော့ ဥပါဒါန်လေးပါး။ ဥပါဒါန်ဆိုတာလဲ မြန်မာစကားစစ်စစ်မဟုတ်ဘူး၊ ပါဠိပျက် စကားပဲ။ သို့ပေမဲ့ မြန်မာစကားဖြစ်နေ ပါပြီ။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်လို့လဲ ပြောကြတယ်။ တစ်ခုခုကို စွဲလမ်း နေတယ်ဆိုလို့ရှိရင် ဥပါဒါန် ဖြစ်နေတယ်လို့လဲ ပြောကြတယ်။ အဲဒါကြောင့်မို့ ဥပါဒါန ဆိုတဲ့ ပါဠိကို နငယ် အသတ်ကလေးလုပ်ပြီး ဥပါဒါန်လို့ မြန်မာက ခေါ်လိုက်တာပဲ။ ဥပါဒါန်က လေးမျိုးရှိပါတယ်။

### ကာမုပါဒါန်

လေးမျိုးထဲက နံပါတ် (၁) ကာမုပါဒါန်။ ကာမနဲ့ ဥပါဒါနကို ပေါင်း လိုက်တော့ ကာမုပါဒါန ဖြစ်သွားတယ်။ ကာမ=ကာမဂုဏ်တရား၊ ဥပါဒါန= စွဲလမ်းမှု၊ ကာမဂုဏ်တရားတို့ကို စွဲလမ်းမှုကို ကာမုပါဒါန်လို့ ခေါ်ပါတယ်။ ကာမဂုဏ်တရားတို့ကို စွဲလမ်းတယ်ဆိုတော့ လောဘစေတသိက်ပါပဲ။ ကာမ= ကာမဂုဏ်ဆိုတာက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံ ငါးပါးကိုလဲ ကာမဂုဏ်လို့ ခေါ်တယ်။ ကာမ(၁၁)ဘုံကိုလဲ ကာမဂုဏ်လို့ ခေါ်တာပဲ။ အဓိပ္ပါယ်က လူ့စည်းစိမ်ကို ခံစားချင်တဲ့ စွဲလမ်းမှု နတ်စည်းစိမ်ကို

ခံစားချင်တဲ့ စွဲလမ်းမှု၊ **အဲဒီလို လူ့စည်းစိမ် နတ်စည်းစိမ်ကို** ခံစားချင်လို့ စွဲလမ်းတာကို ကာမုပါဒါန်ခေါ်တယ်။ ဥပါဒါန်တရား လေးပါးထဲမှာ ကာမုပါဒါန်က လွတ်မြောက်အောင် ဆိုပြီးတော့ ဘုရားမပွင့်ခင်ကလဲ လူ့စည်းစိမ်တွေ စွန့်ပြီး တောထွက်တဲ့ ပုဂ္ဂိုလ်တွေ ရှိတာပဲ။ အဲဒီလို ကာမုပါဒါန်ကို လွန်မြောက်အောင် ကျင့်ပြီးတော့ ရှေ့တစ်ဆင့်တက်ပြီး ဘာကို ကျင့်သလဲဆိုတော့ ဒိဋ္ဌုပါဒါန်က လွန်မြောက်အောင် ကျင့်တယ်။

**ဒိဋ္ဌုပါဒါန်**

ဒိဋ္ဌိ+ဥပါဒါန၊ ဒိဋ္ဌိ+ဥပါဒါန်ဆိုတာ ဒိဋ္ဌိ=အယူဝါဒ၊ ဥပါဒါန်=စွဲလမ်းတာ။ အယူဝါဒတို့ကို စွဲလမ်းမှု။ အဲဒီတော့ ကာမုပါဒါန်က လွန်မြောက်အောင် တောထွက်ပြီး ရသေ့ ရဟန်းလုပ်ပြီးတော့ ကျင့်တယ်။ အဲဒီလို ကျင့်တဲ့ပုဂ္ဂိုလ်တွေမှာလဲ ဒိဋ္ဌုပါဒါန်ဆိုတဲ့ အယူဝါဒဖြစ်ပေါ်တာပဲ။ ရှေးခေတ်ကတော့ များသောအားဖြင့် သဿတဒိဋ္ဌိအယူဝါဒပဲများတယ်။ ဝိညာဉ်ဟာ တစ်ဘဝက တစ်ဘဝကို ပြောင်းတယ်၊ အသက်ဆိုတဲ့ ဝိညာဉ်ဟာ မြဲတယ်လို့ စွဲလမ်းတယ်။ အဲဒီလို စွဲလမ်းမှုဟာ ဒိဋ္ဌုပါဒါန်ပဲ။ ကာမုပါဒါန်တွေကို စွန့်လွှတ်ပြီး သမထတရား အားထုတ်တဲ့အခါ ဒိဗ္ဗစက္ခုဉာဏ်တို့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တို့ အဲဒီဉာဏ်တွေကို ရတော့ သတ္တဝါဟာ တစ်ဘဝက တစ်ဘဝ ပြောင်းတယ်လို့ မြင်တယ်။ အဲဒီလို မြင်ရတဲ့အခါကျတော့ သတ္တဝါတို့ရဲ့ ဝိညာဉ်(အသက်)ဟာ တစ်ဘဝက တစ်ဘဝပြောင်းပြီးနေတယ်လို့ ယူလိုက်တယ်။ ယူလိုက်တဲ့အခါကျတော့ ဒိဋ္ဌုပါဒါန် ဖြစ်သွားတယ်။ တစ်ဆင့်တက်ပြီးတော့ စွဲလမ်းမှုတစ်ခု ဖြစ်လာတာကိုး။ ပထမက "ကာမဂုဏ်စည်းစိမ်တွေဟာ ဒုက္ခပဲ၊ ဒါတွေ လိုက်စားနေတာ ဒုက္ခပဲ"လို့ သိပြီး ကာမဂုဏ်တွေကို စွန့်ပြီး ရသေ့ ရဟန်းလုပ်ကာ ကျင့်တဲ့အခါကျတော့ အဲဒီလို အယူဝါဒဆိုတဲ့ ဒိဋ္ဌုပါဒါန် ဖြစ်လာတယ်။ တစ်ခါ ဒိဋ္ဌုပါဒါန်က လွတ်မြောက်အောင် ကျင့်တဲ့အခါကျတော့ သီလဗ္ဗတုပါဒါန်က တစ်ဆင့်ပေါ်လာပြန်တယ်။

## သီလဗ္ဗတုပါဒါန်

နံပါတ်(၃)က သီလ, ဝတ, ဥပါဒါန် ဒီသုံးခုကို ပေါင်းပြီးတော့ သီလဗ္ဗတုပါဒါန်လို့ ခေါ်ပါတယ်။ သီလကတော့ အခုလူတွေ သိကြတဲ့ သီလ၊ ဝတက အကျင့် (မြန်မာကတော့ အကျင့်သီလလို့ ပြောင်းပြန်ခေါ်တယ်)။ ဥပါဒါန်က စွဲလမ်းတာ။ အကျင့်သီလတို့ကို စွဲလမ်းတာဟာ ဒိဋ္ဌိတစ်မျိုးပဲ။ ဒိဋ္ဌုပါဒါန်ကို လွန်မြောက်သွားကြတဲ့ ပုဂ္ဂိုလ်တွေက သူတို့မှာ စောင့်ထိန်းတဲ့ သီလတွေ အများကြီး ရှိတယ်။ကျင့်နေတဲ့ အကျင့်တွေဟာ လောကမှ လွတ်မြောက်ရေး၊ တကယ့် နိဗ္ဗာန်ရရေးပဲ ဆိုပြီးတော့ ဒီလို အမြင်များပြီး နေတာကိုး။ အဲဒီလို အကျင့်နဲ့ သီလတို့ကို စွဲလမ်းမှုကို သီလဗ္ဗတုပါဒါန်လို့ ခေါ်ပါတယ်။ သူတို့ ကျင့်နေတဲ့ အကျင့်တွေ သီလတွေဟာ တကယ်ကျတော့ နိဗ္ဗာန်ရတဲ့ အကျင့် သီလတွေ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ စောင့်ထိန်းတဲ့ သီလတွေ ကျင့်နေတဲ့ အကျင့်တွေဟာ လောကမှ လွတ်မြောက်နိုင်တယ်၊ နိဗ္ဗာန်ကို ရနိုင်တယ်ဆိုပြီး ကျင့်နေတာ။ ဒါကြောင့် သီလဗ္ဗတုပါဒါန်လို့ ခေါ်တာပါ။

## အတ္တဝါဒုပါဒါန်

နောက်ပြီးတော့ နံပါတ်(၄) အတ္တဝါဒုပါဒါန်ဆိုတာက အတ္တ+ဝါဒ။ အတ္တဝါဒဆိုတာက "ပုဂ္ဂိုလ်, သတ္တဝါဆိုတာ တကယ်ရှိတယ်၊ ငါ့ကိုယ် ငါ့ပစ္စည်း ငါပိုင်ဆိုတာ ရှိတယ်။ ငါဆိုတာ ရှိတယ်"လို့ ယူတဲ့ အယူဝါဒပါပဲ။ သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ မပျက်စီးဘဲ နိစ္စ=မြဲနေတဲ့ အတ္တဆိုတာရှိတယ်၊ အဲဒီအတ္တလေးဟာ တစ်ဘဝက တစ်ဘဝ ပြောင်းပြီး နေတယ်၊ ဒီ အတ္တလေးဟာ ဘယ်တော့မှ မပျက်စီးဘူး၊ အတ္တဟာ မြဲတယ်လို့ ယူတဲ့ အယူမျိုးကိုလဲ အတ္တဝါဒလို့ ခေါ်ပါတယ်။ အဲဒီ အတ္တဝါဒစွဲလမ်းမှုကို အတ္တဝါဒုပါဒါန်လို့ ခေါ်ပါတယ်။ ဒီအတ္တဝါဒုပါဒါန်ဟာ ဥပါဒါန်ထဲမှာ အမြင့်ဆုံး ဥပါဒါန် ဖြစ်ပါတယ်။

အချုပ်အားဖြင့် ကာမုပါဒါန်ဆိုတာက ကာမဂုဏ်တရားကို စွဲလမ်းတာ။ တရားကိုယ်စေတသိက်က လောဘစေတသိက်။ ဒိဋ္ဌုပါဒါန်ဆိုတာကတော့

အယူဝါဒ စွဲလမ်းမှုပါ။ တရားကိုယ် စေတသိက်ကတော့ ဒိဋ္ဌိစေတသိက်။ သီလဗ္ဗတုပါဒါန်ဆိုတာက အကျင့်သီလကို စွဲလမ်းတာ။ တရားကိုယ်ကတော့ ဒိဋ္ဌိစေတသိက်။ အတ္တဝါဒုပါဒါန်ဆိုတာက သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်မှာ ငါရှိတယ်လို့ စွဲလမ်းတာ။ တရားကိုယ်က ဒိဋ္ဌိစေတသိက်။

အဲဒီတော့ ဥပါဒါန်လေးပါးမှာ စေတသိက်(၂)လုံးရပါတယ်။ လောဘ, ဒိဋ္ဌိ (၂)လုံးဖြစ်ပါတယ်။ ကာမုပါဒါန်က လောဘ၊ ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်၊ ဒီသုံးခုက ဒိဋ္ဌိ။ ဒါကြောင့် ဥပါဒါန်လေးပါးမှာ တရားကိုယ် စေတသိက်အနေနဲ့ နှစ်လုံးပဲ ရပါတယ်။

ဥပါဒါန်လေးမျိုးက ဗုဒ္ဓဘာသာစာပေမှာ တော်တော် အရေးပါတယ်။ ပဋိစ္စသမုပ္ပါဒ်မှာ **အဝိဇ္ဇာ**ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ **နာမရူပ**ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါလို့ ဆိုတယ်။ အဲဒီမှာ ဥပါဒါန်ပါတယ်။ ဥပါဒါနပစ္စယာ ဘဝေါဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်အဓိပ္ပါယ်ကို စာအုပ် တစ်အုပ်လောက် ရေးရင် ရပါတယ်။

## **ရှင့်သီဟနာဒသုတ်**

ဥပါဒါန်လေးပါးဟာ သုတ္တန်ပိဋကတ် မူလပဏ္ဏာသပါဠိတော် သီဟနာဒသုတ်မှာ လာပါတယ်။ သီဟ=ခြင်္သေ့၊ နာဒ=ဟောက်သံ၊ မူရင်းက ခြင်္သေ့ဟောက်တဲ့ အသံကို သီဟနာဒလို့ ခေါ်ပါတယ်။ ခြင်္သေ့များဟောက်တဲ့အခါ သူတို့အသံက တောသုံးတောင် ကြားရတယ်။ သတ္တဝါတွေက သိပ်ကြောက်ကြရတယ်၊ ဘယ်သတ္တဝါကမှ မတုံ့ပြန်ရဲဘူး။ ဒါကြောင့် သီဟနာဒသုတ်ဆိုတာ ခြင်္သေ့မင်းကဲ့သို့ ရဲရဲရင့်ရင့် အမိန့်ရှိတဲ့ သုတ်ကို ခေါ်တာပါ။

ဘုရားရှင်လက်ထက်က အပြိုင်ပွင့်တဲ့ဘုရားတွေ၊ ဂိုဏ်းတွေ အများကြီး ရှိပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက စူဠသီဟနာဒသုတ်မှာ ဥပါဒါန်လေးပါးကို ဟောပါတယ်။ ကမ္ဘာတိုင်း ကမ္ဘာတိုင်းမှာ ဘုရားတွေ ပွင့်ခဲ့ကြတယ်။ သမ္မာသမ္ဗုဒ္ဓ ဘုရားမှတစ်ပါး တခြားဘုရားအမည်ခံပုဂ္ဂိုလ်တွေဟောတဲ့ တရားတွေထဲမှာ တချို့ ဘုရားအမည်ခံ ပုဂ္ဂိုလ်တွေက ကာမုပါဒါန်ကို လွန်မြောက်အောင် ဟောနိုင်တယ် တဲ့။ သမ္မာသမ္ဗုဒ္ဓဘုရားမဟုတ်တဲ့ ဘုရားအမည်ခံတွေဟာ သူတို့လဲ တော်တော် အကျင့်ကောင်းတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ ကျန်တဲ့ ဥပါဒါန်သုံးပါးက လွန်မြောက်အောင် မဟောနိုင်ခဲ့ပါဘူးတဲ့။ ကာမဂုဏ် စည်းစိမ်တွေကို စွန့်ပစ်ပြီး ရသေ့ရဟန်းလုပ်ပြီး တော့ ကျင့်ကြတာဟာ ကာမုပါဒါန်ကို လွန်မြောက်အောင် ကျင့်တဲ့ အကျင့် တွေပါပဲ။

တချို့ဘုရားအမည်ခံပုဂ္ဂိုလ်တွေကျတော့ နောက်တစ်ဆင့်တက်ပြီး နောက် ဘဝဆိုတာ မရှိဘူး၊ ကောင်းတာလုပ်လုပ် မကောင်းတာလုပ်လုပ် ဘာအကျိုး အပြစ်မှ မရှိဘူးလို့ဆိုတဲ့ ဒိဋ္ဌိအယူမျိုးကို(ဒိဋ္ဌုပါဒါန်ကို) လွန်မြောက်အောင် ဟောနိုင်တာမျိုးလဲ ရှိနိုင်ပါတယ်တဲ့။ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် နှစ်ခုလုံးက လွန်မြောက်အောင် ဟောတဲ့ ဘုရားအမည်ခံပုဂ္ဂိုလ်လဲ ရှိနိုင်ပါတယ်တဲ့။ နောက် တစ်ဆင့်တက်ပြီး သူတို့ ဆောက်တည်တဲ့ သီလ၊ ကျင့်နေတဲ့ အကျင့်၊ အဲဒီ အကျင့်သီလတွေကို စွဲလမ်းနေတဲ့ အယူဝါဒကို ပယ်ဖျောက်နိုင်အောင် ဟောနိုင်တဲ့ ဘုရားအမည်ခံ ပုဂ္ဂိုလ်မျိုး၊ ဂိုဏ်းမျိုးလဲ ရှိမယ်ဆိုရင် ရှိနိုင်ပါတယ်တဲ့။ (၄) နံပါတ်ဖြစ်တဲ့ အတ္တဝါဒုပါဒါန်က လွန်မြောက်အောင် ဟောနိုင်တာကတော့ သမ္မာသမ္ဗုဒ္ဓဘုရားမှ တစ်ပါး အခြား မရှိပါဘူးတဲ့။

ဥပါဒါန်လေးပါးထဲမှာ အခက်ဆုံး ဥပါဒါန်ကတော့ အတ္တဝါဒုပါဒါန်ပါပဲ။ ဗုဒ္ဓသာသနာမှာ အတ္တဝါဒုပါဒါန်ဆိုတာ သက္ကာယဒိဋ္ဌိကို ပြောတာ။ သက္ကာယ ဒိဋ္ဌိဆိုတာက ခန္ဓာကိုယ်ကို ငါ့ကိုယ်၊ ပစ္စည်းတွေကို ငါ့ပစ္စည်းလို့ စွဲလမ်းနေတဲ့ အယူကို ခေါ်ပါတယ်။ လူမှန်ရင် ဒီသက္ကာယဒိဋ္ဌိက ရှိကို ရှိလာတာပဲ၊ အဲဒါ ကြောင့်မို့ သက္ကာယဒိဋ္ဌိက လွန်မြောက်အောင်ကတော့ သမ္မာသမ္ဗုဒ္ဓဘုရားမှ

တစ်ပါး တခြား ဘုရားအမည်ခံပုဂ္ဂိုလ်တွေ မဟောနိုင်ဘူးတဲ့။ သက္ကာယဒိဋ္ဌိက လွန်မြောက်အောင် မဟောနိုင်ဘူးဆိုရင် သမ္မာသမ္ဗုဒ္ဓဘုရားမှတစ်ပါး တခြား ဘုရားအမည်ခံပုဂ္ဂိုလ်များမှာ အရိယာဖြစ်နိုင်တဲ့ လမ်းစဉ်မျိုး လုပ်ငန်းစဉ်မျိုး မရှိဘူးလို့ ဆိုတာပါပဲ။

အဲဒီလို မြတ်စွာဘုရားက "သီဟနာဒ=ရဲရဲရင့်ရင့်နဲ့" ငါဘုရားသာသနာတော်မှ တစ်ပါး ဒိုပြင် သာသနာတွေမှာ သက္ကာယဒိဋ္ဌိမှ လွန်မြောက်အောင် ကျင့်တဲ့လုပ်ငန်းစဉ်မျိုး မရှိဘူးလို့ ကြေညာတဲ့အခါ ဘုရားပြိုင်တွေထဲက ဘယ်သူမှ အတ္တဝါဒုပါဒါန်ကို လွန်မြောက်အောင် ဟောနိုင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုး ပေါ် မလာခဲ့ဘူး။ ဒါကြောင့်မို့ ဗုဒ္ဓဘာသာမှာ အမြင့်ဆုံး ဝိပဿနာတရားဆိုတာက အလွန်ခက်ခဲတဲ့ တရားပါ။ အဲဒီ ဝိပဿနာတရားဆိုတာကလဲ တကယ်တော့ သက္ကာယဒိဋ္ဌိပြုတ်ရေးတရားပါပဲ။ ဗုဒ္ဓဘာသာရဲ့ အမြင့်ဆုံး တရားကတော့ အတ္တဝါဒုပါဒါန်က လွတ်မြောက်အောင် (သက္ကာယဒိဋ္ဌိက လွတ်မြောက်အောင်) ကျင့်တဲ့ တရားပါပဲ။

## နီဝရဏ (၆)ပါး

နီဝရဏ ခြောက်ပါးရှိတယ်။ မြန်မာလိုက တားမြစ်ပိတ်ပင်တဲ့ တရား။ နီဝရဏဆိုတာက တားမြစ်တယ်၊ ပိတ်ပင်တယ်။ ဥပမာ ညကင်းစောင့်ရင် ကင်းဆိုတာက မကောင်းတဲ့ လူဆိုးတို့ သူခိုးတို့ မဝင်နိုင်အောင် စောင့်ပြီး တားမြစ်တာပဲပေါ့။ ဘယ်လိုတရားမျိုးတွေကို ပိတ်ပင်သလဲဆိုတော့ ကုသိုလ်တရားတို့ကို တားမြစ်ပိတ်ပင်တာ။ ဒါကြောင့် ကုသိုလ်တရားတွေကို တားမြစ်ပိတ်ပင်တဲ့ တရားကို နီဝရဏတရားလို့ ခေါ်ပါတယ်။ ကုသိုလ် လုပ်တော့မယ်ဆိုရင် နီဝရဏတရားတွေက လုပ်လို့ မဖြစ်အောင် တားမြစ်ထားတယ်။ အဲဒါကြောင့်မို့ သူတို့ကို နီဝရဏတရားလို့ နာမည်ပေးထားတာ။

**ကာမစ္ဆန္ဒနီဝရဏ**

နံပါတ် (၁) ကာမစ္ဆန္ဒနီဝရဏဆိုတာက ကာမကလဲ လိုချင်တာ၊ ဆန္ဒကလဲ လိုချင်တာ၊ အဲဒီတော့ လိုချင်တာ သာမညကို ကာမစ္ဆန္ဒလို့ မခေါ်ဘူး။ ကာမဂုဏ်တရားတွေကို တွယ်တာတဲ့ လောဘကိုသာ ကာမစ္ဆန္ဒလို့ခေါ်တယ်။ လူမှန်သမျှဟာ အားလုံးမှာ ကာမစ္ဆန္ဒရှိနေတာပဲ။ ကာမစ္ဆန္ဒဆိုတာက လောကမှာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကောင်းတဲ့ တရားပျော့အားလုံးကို လိုချင်ကြတာပဲ။ ပိုက်ဆံလိုချင်တာလဲ ကာမစ္ဆန္ဒ၊ ရာထူး လိုချင်တာလဲ ကာမစ္ဆန္ဒပဲ။ ချမ်းသာချင်တာလဲ ကာမစ္ဆန္ဒပဲ၊ ကောင်းကောင်း စားချင်တာလဲ ကာမစ္ဆန္ဒပဲ။ **ကာမစ္ဆန္ဒဆိုတဲ့** အာရုံငါးပါးကို ခံစားနေချင်တဲ့ လောဘဟာ ကုသိုလ်လုပ်ရာမှာ အပိတ်အပင်တစ်ခုပဲ၊ မြတ်စွာဘုရားက လောဘ စေတသိက်တစ်ခုထဲကို အာသဝေါတရားလေးပါးမှာ ကာမာသဝ၊ ဥပါဒါန် ကျတော့ ကာမုပါဒါန်၊ နီဝရဏကျတော့ ကာမစ္ဆန္ဒလို့ နာမည်တွေ ပေးတယ်။ လောဘစေတသိက်ကို အာသဝလို့လဲ နာမည်ပေးတယ်။ ဒီလောဘက လူတွေကို မူးစေတတ်တယ်။လောဘစေတသိက်ကို ဥပါဒါန်လို့လဲ ပြောနိုင်တယ်။ ဒီလောဘ စေတသိက်က လူတွေကို စွဲစေတယ်။ မက်စေတယ်၊ လောဘစေတသိက်ကို နီဝရဏလို့လဲ ခေါ်နိုင်တယ်။ သူဟာ ကုသိုလ်ကောင်းမှုတွေ မလုပ်နိုင်အောင် တားမြစ်ပိတ်ပင်တတ်တယ်။ အဲဒီလို လောဘသရုပ်တွေကို ခွဲရပါတယ်။

ကာမစ္ဆန္ဒနီဝရဏဆိုတာ မြန်မာလိုကတော့ ကာမ=ကာမဂုဏ်တရား၊ ဆန္ဒ=လိုချင်မှု၊ ကာမဂုဏ်တရားလိုချင်မှုကို ကာမစ္ဆန္ဒ။ ကာမဂုဏ်တရား လိုချင်မှုကို ဘာလို့ နီဝရဏလို့ ခေါ်သလဲဆိုတော့ ကုသိုလ်တရားတို့ကို မလုပ်ဖြစ်အောင် တားမြစ်ပိတ်ပင်တတ်လို့ နီဝရဏလို့ ခေါ်တာပဲ။ ဥပမာ– အဘိဓမ္မာ သင်တန်းတက်မယ်ဆိုပါတော့ သင်တန်းတက်မဲ့ လူတစ်ယောက်ဟာ ကာမစ္ဆန္ဒ ရှိနေလို့ရှိရင် ဒီသင်တန်းမတက်နိုင်ဘူး။ စီးပွားရေးလုပ်ငန်းရှိနေတဲ့ လူတစ်ယောက် ဟာ ဒီနေ့လုပ်ရင် တစ်ရာရမယ်။ နှစ်ရာရမယ်လို့ ဒီလို သင်တန်း မတက်ဖြစ် အောင် လောဘက ပိတ်ပင်ထားတယ်။ အဲဒီတော့ အတိုချုံးပြောရရင် စီးပွားရှာ

ချင်တဲ့ လောဘ၊ ရုပ်ရှင်ကြည့်ချင်တဲ့လောဘ၊ ရာထူးလိုချင်တဲ့လောဘ၊ အဲဒီ လောဘတွေဟာ ဒီသင်တန်း မတက်ဖြစ်အောင် ကုသိုလ်တွေကို တားမြစ်ပိတ်ပင် တာပဲ။ ဒါ ဥပမာပေးတာပါ။

ဘာပဲဖြစ်ဖြစ် ကာမဂုဏ်တရားတို့ကို လိုချင်တဲ့ လောဘဟာ ကုသိုလ် မလုပ်ဖြစ်အောင် သူက တားမြစ်တာပဲ။ ဒါကြောင့်မို့ ကာမစ္ဆန္ဒနီဝရဏကို ဈာန်လမ်း, သမာဓိလမ်းမှာ အဟောများပါတယ်။ ဈာန်လမ်းမှာ တရား အားထုတ်မယ့် ပုဂ္ဂိုလ်အတွက် ကာမစ္ဆန္ဒနီဝရဏဟာ နံပါတ်(၁)အရေးကြီးတယ်။ စီးပွားရေး, ပညာရေး, အိမ်မှုရေးစတဲ့ လောကီရေးရာတွေမှာ ကာမစ္ဆန္ဒရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ တရားအားထုတ်လို့ သမာဓိလုပ်ငန်းလုပ်လို့ မဖြစ်နိုင်ဘူးတဲ့။ ဒါကြောင့်မို့ ဈာန်လမ်း, သမာဓိလမ်းမှာ သမာဓိရအောင်လုပ်တဲ့အခါ ကာမဂုဏ် တရားတွေကို လိုချင်နေတဲ့ ကာမစ္ဆန္ဒနီဝရဏကို ပယ်ဖို့ဟာ နံပါတ်တစ် အရေး ကြီးပါတယ်တဲ့။

**ဗျာပါဒနီဝရဏ**

ဗျာပါဒကို ဘယ်လို ဘာသာပြန်ခဲ့သလဲဆိုတော့ ကိုယ့်ကိုယ်ကိုလဲ ဖျက်ဆီးတတ်တယ်၊ သူတပါးတွေကိုလဲ ပျက်စီးစေတဲ့အတွက် ဖျက်ဆီးတတ်မှုလို့ ပြန်ခဲ့ပါတယ်။ ဗျာပါဒနီဝရဏဟာ တရားအားထုတ်တဲ့အခါ ကျတော့ ဒေါသ လောက် ပြင်းထန်တာ မဟုတ်ပါဘူး။ စိတ်ထဲမှာ မကျေနပ်မှု ရှိနေရင် ဗျာပါဒနီဝရဏပဲ။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ အိမ်မှုရေးရာ, လောကီ ရေးရာတွေမှာ ကာမစ္ဆန္ဒတွေကို ပယ်ဖျက်ပြီး တရားအားထုတ်နေပေမဲ့ စိတ်ထဲမှာ မကျေနပ်မှု စိတ်မချမ်းသာမှု ဖြစ်နေရင် ဒါ ဗျာပါဒပဲ။ ဒီ စိတ်မချမ်းသာမှု စိတ်မကျေနပ်မှုတို့ဟာ တရားမရအောင် တားမြစ်တယ်၊ ဒါကြောင့် ဗျာပါဒ နီဝရဏ လို့ ခေါ်ပါတယ်။

ဥပမာအားဖြင့် အဘိဓမ္မာသင်တန်းလာတက်တယ်ဆိုပါတော့။ ခေတ္တခဏ ကာမစ္ဆန္ဒတရားတွေကိုစွန့်ပြီး သင်တန်းလာတက်တာပဲ၊ သင်တန်းမှာ ထိုင်တော့

ထိုင်နေတယ်၊ စိတ်ထဲမှာ မကျေနပ်မှုတစ်ခုခု ဝင်လာပြီဆိုရင် ဆရာပြောတဲ့ စကားတွေ၊ အဓိပ္ပါယ်တွေ ဘာမှ မှတ်လို့ မရတော့ဘူး။ စိတ်ထဲမှာ မကျေနပ်မှု၊ စိတ်မချမ်းသာမှု တစ်ခုခုရှိနေလို့ ရှိရင် သင်တန်းက ပြောတဲ့ စကားတွေ အဓိပ္ပါယ်တွေ မသိတော့ဘူး၊ တရားထိုင်တဲ့အခါမှာလဲ ဒီအတိုင်းပါပဲ၊ ကာမစ္ဆန္ဒ နီဝရဏကို ပယ်စွန့်လာပေမဲ့ တရားထိုင်တဲ့အခါမှာ ဗျာပါဒနီဝရဏ=စိတ် မချမ်းသာမှု တစ်ခုခု ရှိနေရင် ကုသိုလ်တရားတွေမဖြစ်အောင် ပိတ်ပင်တာပဲ။ အဲဒီတော့ ဗျာပါဒနီဝရဏရဲ့ တရားကိုယ်ဟာ ဒေါသစေတသိက်ပါပဲ။

## ထိနမိဒ္ဓနီဝရဏ

နံပါတ်(၃)က ထိနမိဒ္ဓနီဝရဏ၊ ထိန၊ မိဒ္ဓ စေတသိက်(၂)လုံးကို ရှေ့မှာလဲ တင်ပြခဲ့ပြီးသားပါ။ ထိန စေတသိက်ဆိုတာက ပျင်းတာ၊ မိဒ္ဓစေတသိက်ဆိုတာ အိပ်ချင်တာ။ ကုသိုလ်ကောင်းမှုလုပ်ရမှာကို ပျင်းတယ်၊ မိဒ္ဓက အလုပ်လုပ် နေပေမဲ့ အိပ်ချင်တယ်။ အဘိဓမ္မာသင်တန်းလာတက်တယ်၊ မကျေနပ်မှု ဆိုတဲ့ ဗျာပါဒနီဝရဏကိုတော့နိုင်ပြီ၊ သင်တန်းမှာ နားထောင်ရတာ အလွန် စိတ် ချမ်းသာတယ်၊ မကျေနပ်မှု ဘာမှမရှိဘူး၊ ဆရာတွေ သင်ပြတာကို အသေ အချာ နားထောင်ပြီးမှတ်သားနေတယ်၊ အဲဒီတော့ ဗျာပါဒနီဝရဏကို နိုင်နေတယ်။ ကာမစ္ဆန္ဒနီဝရဏနဲ့ ဗျာပါဒနီဝရဏတွေကို နိုင်ပေမဲ့ လူက ပင်ပန်းတဲ့အတွက် အိပ်ချင်လာတယ်၊ ငိုက်လာတယ်၊ သင်တန်းချိန်(၂)နာရီမှာ အစအဆုံးငိုက်နေတဲ့ လူတစ်ယောက်ဟာ သင်တန်းမှာ ပြောနေတာတွေကို ဘာမှမသိတော့ဘူး။ အဲဒီတော့ ထိနမိဒ္ဓကလဲ ကုသိုလ်ကောင်းမှုလုပ်တဲ့နေရာမှာ ပိတ်ပင်တယ်၊ တားမြစ်တယ်၊ ဒါကြောင့်မို့လို့ ထိနမိဒ္ဓကို နီဝရဏထဲမှာ ထဲ့ရပါတယ်။

ဥပါဒါန်ထဲမှာ ထိနမိဒ္ဓမပါဘူး၊ အာသဝထဲမှာ ထိနမိဒ္ဓမပါဘူး၊ ဒါကြောင့်မို့ ဘုရားဟောတရားတွေကို အုပ်စုလိုက် အုပ်စုလိုက် လေ့လာတဲ့ အခါမှာ အာသဝတို့ ဥပါဒါန်တို့ကျတော့ အဆင့်ဆင့်အားထုတ်ရတယ်၊ ကာမု ပါဒါန်က လွတ်အောင် တစ်ဆင့်အားထုတ်ရတယ်။ ဒိဋ္ဌုပါဒါန်က လွတ်အောင်

တစ်ဆင့် အားထုတ်ရတယ်။သီလဗ္ဗတုပါဒါန်က လွတ်အောင် တစ်ဆင့် အားထုတ်ရတယ်။ အတ္တဝါဒုပါဒါန်က လွတ်အောင် တစ်ဆင့် အားထုတ်ရတယ်။ ဥပါဒါန်ကျ လေးဆင့်။ နောက်ဆုံးအဆင့်ကျမှ အတ္တဝါဒုပါဒါန်ကို ပယ်တာ။ အာသဝလဲ လေးဆင့်ပဲ ရှိတာကိုး။ ကာမာသဝ(ကာမဂုဏ်)ကို ပယ်တာက ပထမဆင့်၊ ဘဝါသဝ(ဘုံတွေ)ကို ပယ်တာက ဒုတိယဆင့်၊ ဒိဋ္ဌာသဝ (အယူဝါဒ)ကို ပယ်တာက တတိယဆင့်၊ နောက် စတုတ္ထဆင့်ကျတော့ အဝိဇ္ဇာသဝ (မောဟ) ပယ်လိုက်တော့ ရဟန္တာဆိုတဲ့ ဘဝပါရဂူအဆင့်ထိ တက်သွားတာပဲ။

ဝိပဿနာခန်းမှာတော့ အာသဝေါတရားတို့ ဥပါဒါန်တို့က အရေးကြီးတယ်။ ဈာန်ခန်းကျတော့ နီဝရဏက အရေးကြီးတယ်။ နီဝရဏခြောက်ပါးထဲက ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏတို့က ဝိပဿနာ အားထုတ်ခါစ ပုဂ္ဂိုလ်မှာ သိပ်အရေးမကြီးသေးဘူး၊ သမထအားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာတော့ ဒီသုံးပါးက သိပ်ပြီးအရေးကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားထိုင်တယ်ဆိုတာက ငြိမ်ပြီးတော့ အေးအေးလေး နေရတာကိုး။ တရားကို ငြိမ်ပြီးထိုင်နေတဲ့အခါကျတော့ လူက အိပ်ချင်လာတယ်၊ အိပ်ချင်လာတော့ ထွက်သက် ဝင်သက် ရှူနေတယ်လို့ အောက်မေ့တယ်၊ သူက ထိုင်ပြီး အိပ်နေတာ။ ဘေးက လူတွေကတော့ တရားထိုင်တယ် ထင်တယ်။ ထိနမိဒ္ဓနီဝရဏက ပညာသင်တဲ့အခါ တရားထိုင်တဲ့အခါ စတဲ့ ကောင်းတဲ့အလုပ်တွေကို လုပ်တဲ့အခါတွေမှာ ကောင်းတာတွေကို ပိတ်ပင်တတ်လို့ ပျင်းတဲ့ ထိနနဲ့ အိပ်ချင်တဲ့ မိဒ္ဓတို့ကို နီဝရဏတရားထဲမှာ ထည့်ထားရတယ်။

## ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ

နံပါတ် (၄)က ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၊ နှစ်လုံးတွဲ၊ နှစ်လုံးတွဲလာတယ်၊ စေတသိက်ထဲမှာ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စက တစ်လုံးစီလာတယ်။ နီဝရဏတရားကျတော့ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စ တွဲလာတယ်။ ဥဒ္ဓစ္စက စိတ်ပျံ့လွင့်တာ၊ စိတ်မငြိမ်သက်မှု ဖြစ်တာ။ သင်တန်းတက်တဲ့ပုဂ္ဂိုလ်ဟာ ကာမစ္ဆန္ဒလဲ မရှိဘူး၊ ထိနမိဒ္ဓလဲ

မရှိဘူး၊ ဒါပေမဲ့ စိတ်က အိမ်ကို ရောက်သွားလိုက် ဟိုသူငယ်ချင်းဆီ ရောက်သွား လိုက်နဲ့ စိတ်က ပြေးနေလို့ရှိရင် ဟောပြောပို့ချတဲ့ စကားလုံးတိုင်းကို ကြားပါ့ မလား၊ မကြားဘူးတဲ့။ ဥဒ္ဒစ္စရှိနေတာကိုး။ ဒါကြောင့်မို့ တရားထိုင်တဲ့ ပုဂ္ဂိုလ်တို့ သင်တန်းတက်တဲ့ပုဂ္ဂိုလ်တို့အတွက် ဥဒ္ဒစ္စဟာ အနှောင့်အယှက်တစ်ခုပဲ၊ အကုသိုလ် အဖျက်သမားဆိုတာဟာ လူတစ်ယောက်ကို မကောင်းတာဖြစ်အောင် လုပ်နေ မှာပဲ။

တရားဆိုတာက အစုန်တရား၊ အဆန်တရား နှစ်မျိုးရှိတယ်။ အစုန်တရား ဆိုတာကတော့ လူဟာ သူ့အတိုင်းသူ ပစ်ထားလို့ရှိရင် မကောင်းတဲ့ ဘက်ကို စုန်သွားမှာပဲ။ အဲဒီ မကောင်းတာတွေကို တော်လှန်တဲ့အခါကျတော့ တော်လှန်ရေး လုပ်တဲ့နေရာမှာ အကုသိုလ်အဖျက်သမားတွေက ကင်းတွေ ချထားတယ်။ ပထမ လူတွေကို ကောင်းတာမလုပ်ဖြစ်အောင် ကာမစ္ဆန္ဒနီဝရဏ ဆိုတဲ့ ကင်းတစ်ကင်း ချထားတယ်။ ဒီသင်တန်းတွေကို မင်းမသွားနဲ့၊ ဘာလုပ် ရအုံးမယ်၊ ညာလုပ် ရအုံးမယ် စတဲ့ အိမ်မှုရေးရာတွေနဲ့ ကင်းတစ်ကင်း ချထားတယ်။

အဲဒီ ကာမစ္ဆန္ဒကင်းကို အကုန်လုံး တိုက်ဖျက်ခဲ့ပြီးတော့ လွန်မြောက်လာလို့ ရှိရင် တစ်ခါ သင်တန်းထဲ ရောက်ပြန်တော့ ဗျာပါဒနီဝရဏဆိုတဲ့ ကင်းတစ်ကင်း ထပ်ချလိုက်တယ်။ ကာမစ္ဆန္ဒကင်းကတော့ လွန်သွားပြီ။ လူကလဲ ဒီသင်တန်းထဲ ရောက်နေပြီ။ ဒါပေမဲ့ စိတ်ထဲမှာ လုပ်ခဲ့မိတာတွေ မကျေနပ်တာတွေ ဒီမှာ လာထိုင်ပြီး ဗျာပါဒဖြစ်နေတယ်။ စိတ်မချမ်းသာဘဲ ဗျာပါဒဖြစ်နေလို့ရှိရင် သင်တန်းလာတက်နေပေမဲ့ ဘာမှ အဓိပ္ပာယ်မရှိဘူး။

တစ်ခါ ဗျာပါဒနီဝရဏဆိုတဲ့ ကင်းကို လွန်မြောက်လာတဲ့အခါမှာလဲ အကုသိုလ်အဖျက်သမားတွေက နောက်ဆုတ် မသွားသေးဘူး။ ထိနမိဒ္ဓနီဝရဏ ဆိုတဲ့ ကင်းတစ်ကင်း ထပ်ချလိုက်ပြန်တယ်။ စိတ်ထဲ ချမ်းသာနေတယ်၊ မှတ်သားစရာတွေကို သင်တန်းမှာ မှတ်သားနေတယ်၊ ဒါပေမဲ့ "သင်တန်းသား တွေ ငိုက်စမ်းကွာ"ဆိုပြီး ထိနမိဒ္ဓကင်းတစ်ကင်း ထပ်ချလိုက်တော့ သတ္တိနဲ့တဲ့ သင်တန်းသားတွေ ငိုက်လာတာပေါ့။

"ကဲ–ငါမငိုက်ဘူးကွ၊ အိပ်လဲ မအိပ်ဘူးကွ၊ သင်တန်းကို ရအောင် မှတ်မယ်"ဆိုပြီး ထိနမိဒ္ဓကင်းကို လွန်နိုင်တဲ့အခါကျတော့လဲ အကုသိုလ်အဖျက်သမားတွေက နောက်မဆုတ်သေးဘူး။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏဆိုပြီး နောက်တစ်ကင်း ထပ်ချလိုက်ပြန်တယ်။ ကင်းကို တစ်ယောက်တည်း မချဘဲနဲ့ နှစ်ယောက်စီ နှစ်ယောက်စီ တွဲချလိုက်တယ်။ ဥဒ္ဓစ္စက "သင်တန်းသားစိတ်ဟာ အိမ်ကို ရောက်စေ၊ ဈေးကို သွားစေ၊ ရုပ်ရှင်ရုံကို သွားစေ"လို့ စိတ်ကို ပျံ့လွင့်အောင် လုပ်ထားတယ်။ သင်တန်းဆရာက ပြောချင်တာ ပြောနေ၊ သူ့စိတ်က တခြားရောက်နေတယ် ဆိုလို့ရှိရင် ဘာမှ မသိဘူး။ တစ်ခါ "ငါ ဘာမလုပ်ခဲ့ရသေးဘူး၊ ဘာလုပ်ခဲ့ရရင် ကောင်းမှာပဲ"လို့ ကုက္ကုစ္စဖြစ်နေတဲ့ လူတစ်ယောက်ဟာ သင်တန်းကပြောတာတွေ နားထဲမဝင်နိုင်ဘူး၊ ငြိမ်တော့ ငြိမ်နေတာပဲ။ ဒါပေမဲ့ ကုက္ကုစ္စ ဖြစ်နေတယ်။ ဥဒ္ဓစ္စကုက္ကုစ္စကင်း ဆိုတာကလဲ ကုသိုလ်ကောင်းမှုတွေကို ကောင်းတဲ့လုပ်ငန်းတွေကို မလုပ်ဖြစ်အောင် ပိတ်ပင် တားမြစ်နေတာပဲ။ တရားထိုင်တဲ့အခါတို့ သင်တန်းတက်တဲ့အခါတို့မှာ သိပ် အရေးကြီးတယ်။

## ဝိစိကိစ္ဆာနီဝရဏ

နံပါတ်(၅)က ဝိစိကိစ္ဆာနီဝရဏ။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏဆိုတဲ့ လေးခုမြောက်ကင်းကို ကျော်တော့သွားပြီ။ ကင်းလေးကင်းကို ကျော်တက်သွားနိုင်တဲ့ သင်တန်းသားတွေကို အကုသိုလ်အဖျက်သမားတွေက ငါးခုမြောက် ဝိစိကိစ္ဆာကင်းဆိုပြီး အလွန်အစွမ်းထက်တဲ့ ကင်းတစ်ကင်း ထပ်ချလိုက်တယ်။ ဝိစိကိစ္ဆာဆိုတာက အလုပ်တစ်ခု လုပ်နေတဲ့လူကို မလုပ်ဖြစ်အောင် ဖျက်ဆီးတဲ့တရားပဲ။ ဒီသင်တန်းဟာ အကျိုးရှိတာ ဟုတ်မှ ဟုတ်ရဲ့လား၊ ငါ ဒီသင်တန်းမှာ နှစ်နာရီ သုံးနာရီ အချိန်ကုန်ခံနေတာ အကျိုးရှိမှ ရှိပါ့မလား။ ဒီလို သံသယတွေ ဝင်လာတယ်။ ဒီလို ဝင်လာပြီး အကျိုးမရှိပါဘူးလို့ ထင်လာရင် ဒီသင်တန်းကို မတက်တော့ဘူး ဆိုတဲ့ အခြေအနေမျိုးရောက်အောင် ဝိစိကိစ္ဆာကင်းက အပြတ် ရှင်းနိုင်တယ်။ နောက်ပိတ်ဆုံး သံသယတွေ များလာပြီးတော့ နောက်ပိုင်းက အလုပ်တွေလဲ

များတယ်၊ သင်တော့လဲ သိပ်ခက်တယ်၊ လောကမှာ ဒီသင်တန်း တက်ပြီးတော့ ဘာတွေ အသုံးချမလဲဆိုတဲ့ အတွေးတွေ ဝင်လာပြီးတော့ ဝိစိကိစ္ဆာတွေ များလာတယ်၊ ဝိစိကိစ္ဆာတွေ များလာလို့ရှိရင် သင်တန်းကို မတက်ဖြစ်တဲ့ဘဝမျိုး ရောက်အောင် ဒီကင်းက မောင်းထုတ်ပစ်လိုက်တယ်။

တရားအားထုတ်တဲ့အခါမှာလဲ ဒီအတိုင်းပဲ။ တရားထိုင်နေတယ်၊ တရားထိုင်နေတော့ ကာမစ္ဆန္ဒကင်းကိုလဲ လွန်လာပြီ၊ ဗျာပါဒကင်းကိုလဲ လွန်လာပြီ၊ ထိနမိဒ္ဓ ကင်းကိုလဲ လွန်လာပြီ၊ ဥဒ္ဓစ္စကုက္ကုစ္စကင်းကိုလဲ လွန်လာပြီ၊ လွန်လာပေမဲ့ တရားအားထုတ်ရတာကလဲ ကြာလာပြီ၊ ဘာမှလဲ မမြင်ဘူး။ အကြားအမြင်ရမယ်ဆိုပြီး တရားထိုင်နေတာ။ ဘာမြင်ရမလဲ၊ ဘာကြားရမလဲဆိုပြီး တရားထိုင်နေတာ၊ တစ်နေ့လာလဲ ထူးတော့မလိုလို တန်ခိုးကြီးတော့မလိုလို ဝိဇ္ဇာပဲ ပေါက်တော့မလိုလိုနဲ့ ဘာမှလဲ ဖြစ်မလာတော့ "ဒီတရား ဟုတ်မှ ဟုတ်ပါ့မလား၊ ငါလုပ်လိုက်ရတာလဲ အလုပ်ပျက် အကိုင်ပျက်၊ နောက်ပိတ်ဆုံးကျတော့ ဒီလမ်းဟာ အလကားပါပဲ။ အပိုပါပဲ"ဆိုပြီး ဝိစိကိစ္ဆာကင်းက အလုပ်ခွင်က မောင်းထုတ်လိုက်တာပဲ။ ရှေ့ကို တက်မယ်ဆိုတဲ့ခွဲ၊ ပန်းတိုင် မရောက်မချင်း လုပ်မယ်ဆိုတဲ့ခွဲကို ဝိစိကိစ္ဆာက ဖျက်ချလိုက်တာပဲ။ ဒါကြောင့်မို့ ဈာန်တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ ဒီရှေ့က နီဝရဏငါးပါးကို ပယ်နိုင်ရမယ်တဲ့။ သူတို့က အဝိဇ္ဇာနီဝရဏ(မောဟ)ကိုတော့ မပယ်နိုင်သေးဘူး။ အဝိဇ္ဇာဆိုတာ မောဟစေတသိက်ပဲ။ ဒီ အဝိဇ္ဇာနီဝရဏထိအောင်ကတော့ ဈာန်တရားက ပယ်ဖို့မလိုဘူး။ ဈာန်တရားအားထုတ်မယ့် ပုဂ္ဂိုလ်တွေ ပညာသင်မယ့် ပုဂ္ဂိုလ်တွေကျတော့ ရှေ့က နီဝရဏငါးပါးပဲ ပယ်ဖို့လိုတယ်။ ဒီကင်းငါးခုကို လွန်မြောက်နိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ ပညာသင်တဲ့အခါမှာလဲ တကယ့်ပညာရှင် ဘဝကို ရောက်သွားတာပါပဲ။

အဲဒီတော့ ကာမစ္ဆန္ဒနီဝရဏက လောဘစေတသိက်၊ ဗျာပါဒနီဝရဏက ဒေါသစေတသိက်၊ ထိနမိဒ္ဓနီဝရဏက ထိန မိဒ္ဓ စေတသိက်။ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏက ဥဒ္ဓစ္စ ကုက္ကုစ္စစေတသိက်၊ ဝိစိကိစ္ဆာနီဝရဏက ဝိစိကိစ္ဆာစေတသိက်။

အဝိဇ္ဇာနီဝရဏက မောဟစေတသိက်။ နီဝရဏကတော့ ခြောက်ပါး။ သူ့ရဲ့ တရားကိုယ် စေတသိက်ကတော့ လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟဆိုတဲ့ စေတသိက် (၈)လုံးရတယ်။ အာသဝက လေးပါး၊ တရားကိုယ်ကတော့ လောဘ၊ ဒိဋ္ဌိနှစ်ခုထဲပဲ။ များသောအားဖြင့် တရားကိုယ်က နဲတာ များတယ်။ အခု နီဝရဏ တရားကိုယ်က ရှစ်ပါးဆိုတော့ တရားကိုယ် များပါတယ်။

## အနုသယ (၇) ပါး

အကုသိုလ်စေတသိက် (၁၄)လုံး ကုန်သွားပါပြီ။ သရုပ်ခွဲနည်းကတော့ ဒါနည်းသစ်ပဲ။ အဘိဓမ္မာမှာ သိသင့်သိထိုက်တာတွေလဲ နားလည်သွားအောင် ဆိုပြီး ရိုးရိုးရှေးက သင်္ဂြိုဟ်သရုပ်ခွဲနည်းမျိုးမဟုတ်ဘဲ ဒါနောက်ဆုံးပေါ် သရုပ်ခွဲနည်းပေါ့။ အဲဒီတော့ အကုသိုလ်စေတသိက်ကို ဘယ်လိုသရုပ်ခွဲသလဲဆိုတော့ မူလသုံးပါး ဆိုပြီးတော့ ခွဲတယ်၊ အာသဝ (၄)ပါးဆိုပြီးတော့ ခွဲတယ်၊ ဥပါဒါန် (၄)ပါး ဆိုပြီးတော့ ခွဲတယ်၊ နီဝရဏခြောက်ပါးဆိုပြီးတော့ ခွဲတယ်၊ ဒီလိုသရုပ်ခွဲတဲ့နည်းက နောင် ဗုဒ္ဓဘာသာပိဋကတ်စာပေတွေ လေ့လာတဲ့အခါကျတော့ အာသဝေါတရား လေးပါးဆိုတာ နေရာတကာမှာ ပါမယ်၊ အဲဒီအခါ အလွန် အသုံးကျလာမယ်။

ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဆိုပြီးတော့ အာသဝေါ တရားလေးပါးဟာ ပိဋကတ်သုံးပုံထဲမှာ ထောင်ချီပြီးတော့ ပါမယ်ထင်တယ်၊ ဒါကြောင့်မို့လို့ အာသဝလေးပါးနဲ့ သရုပ်ခွဲတာ။

ဥပါဒါန်လေးပါးလဲ ဒီလိုပဲ၊ ဥပါဒါန်လေးပါးကို ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဆိုပြီးတော့ ဥပါဒါန်လေးပါးနဲ့ ဆက်ပြီးတော့ ပါတဲ့နေရာတွေဟာ ပိဋကတ်သုံးပုံမှာ လေ့လာရင်လဲ ထောင်ချီပြီးတော့ ရှိမယ် ထင်တယ်၊ ဒီထက် များရင်သာ များမယ်၊ မနဲဘူးလို့ ထင်တယ်၊ ဒါကြောင့် မို့လို့ စာအုပ်တွေ ရေးထုတ်ရမယ်ဆိုရင် အာသဝေါတရားလေးပါးလဲ စာအုပ်

ကြီးတစ်အုပ် ဖြစ်သွားမှာပဲ၊ တချို့တလေ ပါဠိပိဋကတ်တွေ မတတ်ပေမဲ့ ဘုရားဟောတဲ့ ပိဋကတ်ဘာသာပြန်ထဲက ဥပမာလေးတွေ ထုတ်ပြီးတော့ ဥပမာ (၁၀၀၀) ဥပမာ (၅၀၀) စသဖြင့် ဒီလို စာအုပ်လေးတွေ ရေးနေကြတယ်။ ဒီလိုပဲ နိဝရဏခြောက်ပါးကလဲ ပိဋကတ်သုံးပုံထဲမှာ ပါတဲ့နေရာတွေကို အကုန်လျှောက်ပြီး လေ့လာလို့ရှိရင် ထောင်ချီပြီးတော့ ပါမှာပဲ။

မြတ်စွာဘုရားက ဒီပုဂ္ဂိုလ်တွေကို ဒီတိုင်းပြည်မှာ နိဝရဏတရားဟောတဲ့ တရားပွဲက တခု၊ ဟိုပုဂ္ဂိုလ်တွေကို ဟိုတိုင်းပြည်မှာ နိဝရဏတရားဟောတဲ့ တရားပွဲက တခု၊ ဒီလိုတရားပွဲတွေက များတော့ ဘုရားဟောတဲ့ တရားတွေကို မှတ်တမ်းတင်တဲ့အခါ နိဝရဏတရားတွေ စုပေါင်းလိုက်တော့ များလာတယ်။

ပိဋကတ်သုံးပုံမှာ အာသဝလေးပါးကို နေရာပေါင်း ဘယ်လောက်မှာ ဟောခဲ့တယ်၊ ဥပါဒါန်လေးပါးကို နေရာပေါင်း ဘယ်လောက်မှာ ဟောခဲ့တယ်၊ နိဝရဏတရားခြောက်ပါးကို နေရာပေါင်း ဘယ်လောက်မှာ ဟောခဲ့တယ်လို့ ဒီလို သုတေသနလုပ်တဲ့ ပုဂ္ဂိုလ်တော့ မရှိသေးဘူး၊ စာရေးတတ်တဲ့လူတွေ ရေးမယ်ဆို ရေးနိုင်ပါတယ်။ ပိဋကတ်သုံးပုံကလဲ မြန်မာလို အကုန်လုံး ဘာသာပြန်ပြီးသားဆိုတော့ လေ့လာရင် ရေးနိုင်ပါတယ်။

ဒီအဘိဓမ္မာကို လေ့လာပြီးလို့ရှိရင်တော့ ပိဋကတ်ဘာသာပြန်တွေကို ဖတ်နိုင်ပါတယ်၊ ဒီအဘိဓမ္မာကို မလေ့လာဘဲနဲ့တော့ ပိဋကတ်ဘာသာပြန်တွေကို ဖတ်ဖို့ဆိုတာ မြန်မာစာ ဘယ်လောက်ကြီး တတ်တတ် တော်တော် ခဲခဲယဉ်းယဉ်း ဖတ်ယူရမယ်၊ ကြိုးစားဖတ်ရင်တော့ ရပါတယ်။

### အနုသယပြဿနာ

အနုသယဆိုတဲ့ ပါဠိကလဲ အာသဝတို့ ဥပါဒါန်တို့ နိဝရဏတို့လိုပဲ ဝိပဿနာရှုတဲ့အခါမှာ သုံးနှုန်းတာများတယ်၊ အနုသယကို မြန်မာလို ဘာသာပြန်ကြတာက ရှေးတုန်းကတော့ အနုသယကို လူတို့ သန္တာန်မှာ ကိန်းနေတဲ့

တရားလို့ **ဒီလိုဘာသာ**ပြန်ကြတယ်၊ အနုသယကို "ကိန်းတယ်လို့" ဘာသာပြန်ကြတဲ့အခါ **ဘယ်လို** ဖြစ်သွားကြသလဲဆိုတော့ ဥပမာ–လောဘဆိုပါတော့၊ လောဘဟာ **ခန္ဓာကိုယ်ထဲမှာ** ပင်ကိုကထဲက ရှိနေတယ်၊ ကိန်းနေတယ်၊ ဒေါသဆိုတာလဲ **ခန္ဓာကိုယ်ထဲမှာ**ပဲ ရှိနေတယ်၊ ခန္ဓာကိုယ်ထဲကပဲ ထပြီး လောဘဖြစ်တယ်၊ ခန္ဓာကိုယ်ထဲကပဲ ထပြီးတော့ ဒေါသ ဖြစ်တယ်၊ ဒီခန္ဓာကိုယ်ထဲမှာ လောဘ၊ ဒေါသ ရှိနေတယ်၊ ကိလေသာတွေ ကိန်းပြီးတော့ နေတယ်၊ ဒီလို အဓိပ္ပာယ်မျိုး ရောက်သွားတယ်၊ အဲဒီလို အဓိပ္ပါယ်မျိုးကို ယူလိုက်တယ် ဆိုလို့ရှိရင် တင်ပြပြီးခဲ့တဲ့ ဒိဋ္ဌိ (၆၂) ပါးထဲက သဿတဒိဋ္ဌိ ဖြစ်သွားတယ်၊ မြန်မာပြည်မှာ အနုသယပြဿနာဟာ တော်တော်ကြီးကျယ်တယ်၊ ဒီပြဿနာဟာ အဆန်းတော့ မဟုတ်ပါဘူး။ တတိယသင်္ဂါယနာတင်ပွဲတည်းက စခဲ့တာပဲ။

အနုသယကိလေသာဆိုတာဟာ သတ္တဝါတို့ရဲ့ သန္တာန်မှာ ကိန်းနေတယ်၊ လောဘတို့ ဒေါသတို့ မောဟတို့ ကိန်းနေတယ်၊ ဒီခန္ဓာကိုယ်မှာ ကိန်းနေတဲ့တရားကတော့ အငုတ်ကလေးပေါ့၊ ကုသိုလ်လုပ်နေတဲ့အခါမှာလည်း လောဘရှိနေတယ်၊ ဒေါသလဲ ရှိနေတယ်၊ မောဟလဲ ရှိနေတယ်၊ ဒီလို ကိန်းနေတဲ့တရားတွေက ထထပြီးတော့ ဖြစ်တယ်။ အငုတ်ကလေးက ထပြီးတော့ ဖြစ်တယ်၊ ဒီလို ပြောနေ, ရေးနေတဲ့ ပုဂ္ဂိုလ်တွေကလဲ ရှိနေတာပဲ။ အဲဒီလို ကိန်းနေတယ်ဆိုလို့ရှိရင် မြဲနေတဲ့ တရားတစ်ခုရှိတယ်ဆိုရင် ဒီအယူဟာ သဿတဒိဋ္ဌိ ဖြစ်သွားနိုင်တယ်၊ သူ့ကို ဘယ်လို လုပ်ပြီးတော့ ပယ်မလဲ။

ဒီကိလေသာတွေကို ပယ်ဖို့လို့ မြတ်စွာဘုရားက ဟောခဲ့တာ။ အနုသယကိလေသာတွေကို ပယ်ဖို့လို့ ဟောခဲ့တာ။ ဒီခန္ဓာကိုယ်ထဲမှာ ကိန်းပြီးတော့ နေလို့ရှိရင် ဘယ်လို နည်းနဲ့မှ ပယ်လို့ မရဘူး၊ ခန္ဓာကိုယ် ရုပ်ထဲမှာ ကိန်းနေတယ်ဆိုလို့ရှိရင် တရားအားထုတ်စရာမလိုဘူး။ ဓားနဲ့ နုတ်နုတ်စင်းပစ်လိုက်၊ မီးသင်္ဂြိုဟ်ပစ်လိုက်၊ ဒီလို အရှင်လတ်လတ် ခန္ဓာကိုယ်ကြီးနဲ့တော့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့်မို့လို့ အနုသယ=ကိန်းတယ်ဆိုတာဟာ သူက အမြဲတမ်း ရှိနေတယ်လို့

ထင်ရတယ်။ အနုသယကိလေသာတွေဟာ ခန္ဓာကိုယ်ထဲမှာ အမြဲတမ်း ရှိနေတယ်လို့ ထင်ရတယ်။ အဲဒီလို ထင်ရလို့ ကိန်းတယ်လို့ ပြောတာ။

တကယ်တော့ လောဘကလဲ ဒီခန္ဓာကိုယ်ထဲမှာ အမြဲတမ်း ရှိမနေဘူး၊ ဒိဋ္ဌိကလဲ အမြဲတမ်း ရှိမနေဘူး၊ နောက် ဒါတွေ တဖြည်းဖြည်း လေ့လာဖတ်ရှုရင်းနဲ့ ရှင်းလာမှာပါ။ ရူပါရုံလေးနဲ့ တွေ့တဲ့အခါမှာ အကြောင်းတိုက်ဆိုင်တဲ့အခါမှာ လိုချင်တယ်ဆိုတဲ့ လောဘဟာ ဖြစ်လာတယ်။ ဖြစ်ပြီးရင် ပျက်သွားတာပဲ။ ခန္ဓာကိုယ်ထဲမှာ သတ္တိတွေ ဘာတွေ ကျန်မနေပါဘူး၊ ပဋ္ဌာန်းမှာ နတ္ထိပစ္စယောလို့ ဟောတယ်မဟုတ်လား။ သူ ဘယ်နေရာက လာတယ်၊ ဖြစ်ပြီးတော့ ဘယ်ရောက်သွားတယ်လို့ ပြောစရာ ဘာမှပြဿနာမရှိဘူး၊ အကြောင်းတိုက်ဆိုင်တဲ့အခါမှာ ဖြစ်လာတယ်။ အကြောင်းမရှိတဲ့အခါမှာ မရှိတော့ဘူး။

ခန္ဓာကိုယ်ထဲမှာ အကုသိုလ်ဆိုတဲ့ ကိလေသာတွေဟာ အမြဲတမ်း မရှိပါဘူး၊ သို့ပေမဲ့ အမြဲတမ်း ရှိနေသလိုပဲ ထင်ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မနက်မိုးလင်းကထဲက ထလာလို့ရှိရင် လှတာကလေးတွေ တွေ့လို့ရှိရင် လောဘဖြစ်တယ်။ ဟိုတစ်ယောက်က ဘုကလန့် ပြောလို့ရှိရင် ဒေါသက ဖြစ်လာတယ်။ အဲဒီလို တနေ့လုံး အသံကောင်းကောင်းလေး ကြားတော့ လောဘဖြစ်တယ်။ ဆူတဲ့ ပူတဲ့ အသံတွေ ကြားတော့ ဒေါသဖြစ်တယ်၊ အမြဲတမ်း ခဏခဏ ဖြစ်နေတော့ အဖြစ်များနေတော့ သူ့ကို ကိန်းတယ်လို့ ဒီလိုပြောတာ။

## အရှိတရား နှစ်မျိုး

ဒါကြောင့်မို့လို့ အနုသယဆိုတာ အနု+သယလို့ ပုဒ်နှစ်မျိုးခွဲပြီး အနု= အကြိမ်ကြိမ် ခဏခဏ၊ သယ=ဖြစ်တယ်။ အနုသယကိလေသာ ဆိုတာက အကြိမ်ကြိမ် ခဏခဏ အဖြစ်များတယ်။ အဖြစ်များလို့မို့ သူ့ကို အနုသယကိလေသာလို့ ခေါ်တယ်။ နောက်ပြီးတော့ ကိန်းနေတယ်၊ ရှိနေတယ်ဆိုတဲ့ အရှိတရားမျိုးကလဲ နှစ်မျိုးရှိတယ်။ အရှိတရားဆိုတာ ဆရာ့မှာ ငွေတစ်ထောင်

ရှိသလားလို့ မေးရင် ဆရာ့အိမ်မှာတော့ ငွေတစ်ထောင်ရှိတယ်၊ အိတ်ထဲမှာတော့ မပါဘူး၊ ဒါပေမဲ့ ရှိတယ်လို့ ပြောမယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်မှာ ရှိတာကိုး၊ ကိုယ့်အိတ်ထဲမှာတော့ မပါဘူး။ မပါပေမဲ့ အိမ်မှာ ဒါမှမဟုတ် ဘဏ်မှာ ရှိရင် ငါ့မှာ ရှိပါတယ်ကွာလို့ ပြောတယ်။

ခန္ဓာကိုယ်ထဲမှာ တကယ်မရှိပေမဲ့ ကိုယ်လိုတဲ့အခါ ထုတ်သုံးနိုင်တဲ့အတွက် ပိုက်ဆံရှိတယ်လို့ ဒီလိုပြောတဲ့ အရှိတရားက တစ်မျိုး၊ အနုသယဆိုတာလည်း ဒီလိုပဲ။ အနုသယရှိနေတယ်ဆိုတာက ဒီခန္ဓာကိုယ်ထဲမှာ အမြဲရှိနေတာမဟုတ်ဘူး၊ အကြောင်းတိုက်ဆိုင်တဲ့အခါမှာ ဒီလောဘ၊ ဒေါသတွေက ဖြစ်လာနိုင်လို့ ရှိတယ်လို့ ပြောတာ၊ ရှိနေတယ် ရှိနေတယ်ဆိုတာက ခန္ဓာကိုယ်ထဲမှာ အမြဲတမ်း ရှိနေတဲ့ အရှိမျိုးက တစ်မျိုး၊ ကိုယ်လိုချင်တဲ့အခါ ထုတ်သုံးနိုင်တဲ့ အရှိမျိုးက တစ်မျိုး၊ အခု ဆရာ့မှာ လုံချည်ရှိရဲ့လားလို့ မေးရင် လုံချည်ပါတယ်၊ ဒါကြောင့် ရှိတယ်လို့ ပြောမှာပေါ့၊ ဆရာမှာ ရှိတာက တစ်ခြားမှာ ရှိတာလား၊ ခန္ဓာကိုယ်ထဲမှာ ရှိတာလားဆိုတော့ အသားမှာကပ်ပြီးတော့ ရှိနေတာ။ လုံချည် မပါရင် ဖြစ်မှ မဖြစ်ဘဲနဲ့၊ အဲဒီတော့ ဒီအရှိက တစ်မျိုး။

လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ ခန္ဓာကိုယ်မှာ ရှိနေတယ်ဆိုတာ ဘဏ်မှာ ပိုက်ဆံရှိသလို လိုချင်တဲ့အခါမှာ ယူသုံးနိုင်သလို အကြောင်း တိုက်ဆိုင်တဲ့အခါမှာ ဖြစ်လာနိုင်လို့ ဒီကိလေသာတွေ ရှိနေတယ်လို့ ပြောတဲ့ အရှိက တစ်မျိုးပါ။

အဘိဓမ္မာရဲ့ မူက ဘယ်လို ရှိသလဲဆိုတော့ ကုသိုလ်ဖြစ်နေတဲ့အခိုက်မှာ အကုသိုလ် ရှိကို မရှိရဘူး၊ ဝိပဿနာအားထုတ်တဲ့အခါကျတော့ ဒီတရားက အရေးကြီးတယ်၊ ဘယ်လိုအရေးကြီးသလဲ ဆိုတော့ ကုသိုလ်နဲ့ အကုသိုလ်ဟာ တစ်ပြိုင်နက် ခန္ဓာကိုယ်ထဲမှာ မဖြစ်နိုင်ဘူး၊ ကုသိုလ်ဖြစ်နေတဲ့အခါမှာ အကုသိုလ် မရှိဘူး။ အကုသိုလ်ဖြစ်နေတဲ့အခါမှာ ကုသိုလ်မရှိဘူး။

အကယ်၍သာ ဒီလိုမဟုတ်ဘဲနဲ့ အခုလောကမှာ ပြောရိုးပြောစဉ်အတိုင်း ကိုယ်က အကုသိုလ်တွေ လုပ်ခဲ့တယ်၊ ငါ့မှာကွာ အကုသိုလ်တွေ အများကြီး

ရှိနေတာပဲလို့ ဒီလို ပြောတယ်၊ အကုသိုလ်တွေ လုပ်ခဲ့တဲ့ လူတစ်ယောက်ဟာ ငါ့မှာ အကုသိုလ်တွေ အများကြီးရှိနေတာလို့ ပြောတတ်ကြပါတယ်၊ ဒီလို ပြောတာဟာ ကိုယ့်ခန္ဓာကိုယ်ထဲမှာ တကယ် ရှိနေတာလားဆိုတော့ အကုသိုလ်တွေ အမြဲ မရှိပါဘူး၊ ကိုယ်လုပ်ခဲ့တုန်းက အကုသိုလ်တွေက ဖြစ်ပြီး ပျက်သွားတာပဲ။ အကုသိုလ်ကတော့ မရှိတော့ပါဘူး။

ကိုယ်က ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်ထားတယ်၊ ကျောင်းဆောက် ဘုရားကည်စတဲ့ ကုသိုလ်တွေ ကုဋေကုဋာ လုပ်ထားတယ်၊ နောက်ပြီးတော့ ကိုယ်က မကောင်းမှုတွေ ဒီနေ့ လုပ်နေတဲ့အခါမှာ အဲဒီ ကုသိုလ်က ရှိရဲ့လား၊ မရှိပါဘူး၊ မကောင်းမှုတွေ လုပ်နေတဲ့အချိန်မှာ ဘယ်လောက်ကြီးကျယ်တဲ့ ကုသိုလ်တွေ ဖြစ်ဖြစ် သူ့မှာ မရှိဘူး၊ ဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဒီလို အယူ စင်ကြယ်ရတယ်။ အဲဒီလို အယူ မစင်ကြယ်ဘဲနဲ့ တရားအားထုတ်ရင် ဘယ်လိုမှ အားထုတ်လို့ မရဘူး။

ငါ့ခန္ဓာကိုယ်ထဲမှာ အကုသိုလ်တွေ ရှိနေတာပဲ၊ ဒီအကုသိုလ်တွေ ကုန်အောင် ကျင့်မှပဲဆိုပြီး သွားမကျင့်နဲ့၊ သူက အစထဲက အယူမှားနေပြီ။ အကုသိုလ်က ခန္ဓာကိုယ်ထဲမှာ အမြဲတမ်း ရှိကို မရှိဘူး၊ လုပ်တုန်းကထဲက ဖြစ်ပြီး ပျက်သွားတာပဲ။ အကုသိုလ်တွေဟာ ဘဝအဆက်ဆက်မှာ လိုက်ပြီး အကျိုးပေးနိုင်တဲ့ သဘောတရားကိုတော့ နောက်မှ ရှင်းပြမယ်။ ကုသိုလ်တွေက ဘဝအဆက်ဆက်မှာ လိုက်ပြီးတော့ အကျိုးပေးနိုင်တဲ့ သဘောတရားမျိုးတွေလဲ နောက်တော့ ရှင်းပြမယ်။

ဒီလို ရှိနေတယ် မရှိဘူးဆိုတာကလဲ ဒီအကုသိုလ်တွေက ဒီပုဂ္ဂိုလ်တွေကို အချိန်မရွေး အကျိုးပေးနိုင်လို့ သူ့ကို ရှိနေတယ်ပြောတာ၊ ဘဏ်မှာ ရှိနေတဲ့ ပိုက်ဆံလိုပဲ၊ လူ့ခန္ဓာကိုယ်ထဲမှာ ရှိနေလို့ မဟုတ်ဘူး၊ ကုသိုလ်တွေကလဲ သူ့ကို အချိန်မရွေး အကျိုးပေးနိုင်လို့ ဒီကုသိုလ်တွေ ရှိနေတယ်လို့ ပြောတာ၊ အမြဲတမ်း ခန္ဓာကိုယ်ထဲမှာ မရှိဘူး။ တရားအားထုတ်တဲ့အခါကျတော့ ကြိုတင် ရှင်းထားရမှာကိုး၊ ငါ့ခန္ဓာကိုယ်ထဲမှာ ကုသိုလ်တွေလဲ အမြဲ မရှိဘူး၊ အကုသိုလ်တွေလဲ

အမြဲမရှိဘူး၊ ခန္ဓာကိုယ်ကို စင်ကြယ်အောင် ဆေးကြောပြီးမှ တရားကို ဆက်ပြီး အားထုတ်လို့ ရတယ်။ ဝိပဿနာတရားဆိုတာက အင်မတန် နူးညံ့တယ်၊ "သင်ပုန်း"ဟာ အင်မတန် စင်ကြယ်နေမှ ရေးလို့ ထင်မှာပေါ့။ သင်ပုန်းက မစင်ကြယ်ဘဲနဲ့ အဖြူပေါ် ထပ်ထပ် ရေးနေလို့ကတော့ ဘယ်လိုပဲ ရေးရေး ထင်မှာ မဟုတ်ပါဘူး။

ဝိပဿနာတရားကလဲ အင်မတန် အယုံဖြူစင်နေမှ အားထုတ်လို့ ရမှာ။ အဲဒီတော့ အနုသယကိလေသာဆိုတာ အကြိမ်ကြိမ် ခဏခဏ ဖြစ်နေတဲ့ ကိလေသာကို အနုသယကိလေသာလို့ ခေါ်တယ်။

· ကိန်းနေတဲ့ ကိလေသာဆိုတာက ရှေးတုန်းက ဘာသာပြန်တာ။ အခု ရှင်းသွားအောင် အကြိမ်ကြိမ် အဖန်ဖန် ဖြစ်နေတဲ့ ကိလေသာလို့ ဘာသာပြန် ထားတယ်။

တစ်ခါ အနုသယကိလေသာမှာ ဘယ်လို ရှုပ်သွားသလဲဆိုတော့ ရှေးဆရာကြီးတွေက ကိလေသာကို "အနုသယကိလေသာ၊ ပရိယုဋ္ဌာနကိလေသာ၊ ဝီတိက္ကမ ကိလေသာ"ဆိုပြီးတော့ သုံးမျိုးရှိတယ်လို့ ဆိုကြတယ်။

အဲဒါကို မြန်မာပြန်လိုက်တဲ့အခါကျတော့ အနုသယကိလေသာဆိုတာက ကိန်းနေတဲ့ ကိလေသာကို ခေါ်တယ်။ ပရိယုဋ္ဌာနကိလေသာဆိုတာ ထကြွလာတဲ့ ကိလေသာကို ခေါ်တယ်။ ဝီတိက္ကမကိလေသာဆိုတာ လွန်ကျူးတဲ့ ကိလေသာကို ခေါ်တယ်။

ဒီလိုသုံးမျိုးခွဲတော့ ဘယ်လိုအံချော်သွားသလဲဆိုတော့ အမိဗ္ဗာယ်တစ်ခု လောဘဆိုပါစို့၊ ဒီလောဘဟာ အနုသယကိလေသာအခိုက်မှာဆိုလို့ရှိရင် သူက ခန္ဓာကိုယ်ထဲမှာ ကိန်းနေတယ်လို့ ယူလိုက်တယ်။ အဲဒီ ခန္ဓာကိုယ်ထဲမှာ ကိန်းပြီးနေတဲ့ လောဘက အာရုံကို မြင်လိုက်တဲ့အခါကျတော့ သူက ထကြွ လာတယ်။ အဲဒီ စိတ်ထကြွလာတဲ့ လောဘကျတော့ ပရိယုဋ္ဌာနကိလေသာလို့ ယူလိုက်တယ်။ ဝီတိက္ကမကိလေသာကျတော့ သွားပြီးတော့ လွန်ကျူးလိုက်တဲ့ လောဘတဲ့။

ဒီလိုဘာသာပြန်လိုက်တော့ ဘယ်လိုဖြစ်သွားသလဲဆိုရင် ခန္ဓာကိုယ်ထဲမှာ လောဘ, ဒေါသ, မာနစတဲ့ ကိလေသာတွေ အမြဲတမ်း ငြိမ်ပြီးတော့ နေတယ်၊ အဲဒါ အနုသယ။ အာရုံနဲ့ တွေ့တဲ့အခါကျတော့ ထကြွ လာတယ်၊ အဲဒါ ပရိယုဋ္ဌာန။ ထကြွလာပြီးတော့ လွန်ကျူးတယ်၊ အဲဒါ ဝီတိက္ကမ။ အဲဒီတော့ အနုသယကိလေသာက ကိန်းနေတယ်လို့ ဒီလိုဖြစ်သွားရော။ ပြဿနာက အဲဒီလို တက်သွားတာ။

တကယ်တော့ အနုသယကိလေသာဆိုတာက ခန္ဓာကိုယ်ထဲမှာ ကိန်းနေတာ မဟုတ်ဘူး၊ အကြောင်းတိုက်ဆိုင်တဲ့အခါမှာ အကြိမ်ကြိမ်အဖန်ဖန် ခဏခဏ ဖြစ်လာတာပါပဲ။ ပရိယုဋ္ဌာနဆိုတဲ့ သိသိသာသာထကြွလှုပ်ရှားတဲ့ အဆင့်ထိတော့ မရောက်သေးဘူး။ သို့ပေမဲ့ သူက ဖြစ်တော့ ဖြစ်လာတာပါပဲ။ အနုသယ ကိလေသာဟာ မဖြစ်ဘဲနဲ့ ငြိမ်နေတဲ့ ကိလေသာ မဟုတ်ပါဘူး။ အကြောင်း တိုက်ဆိုင်ရင် ဖြစ်လာတာပါပဲ၊ ဖြစ်လာပြီးတော့ သိသိသာသာ ထကြွလာတယ် ဆိုရင် ပရိယုဋ္ဌာနကိလေသာခေါ်လိုက်တာပဲ၊ ထကြွလာပြီးတော့ လွန်ကျူးတယ် ဆိုရင် ဝီတိက္ကမကိလေသာပဲ။

ဥပမာတစ်ခု–သူများပစ္စည်းခိုးချင်တယ်ဆိုပါတော့၊ သူများပစ္စည်းခိုးချင်တယ် ဆိုရင် ခိုးချင်တယ်ဆိုတဲ့ လောဘက ခန္ဓာကိုယ်ထဲမှာ ကိန်းနေတာ မဟုတ်ဘူး။ သူများပစ္စည်းကို အာရုံပြုလိုက်တာနဲ့ လောဘက ဖြစ်လာတာပဲ။ အဲဒီလောဘက မသိသာဘူး၊ ဒါဟာ အနုသယပဲ။

အဲဒီတော့ ခိုးချင်တာက မနေနိုင် မထိုင်နိုင်လောက်အောင် လှုပ်ရှားတဲ့ အခါကျတော့ ပရိယုဋ္ဌာန ဖြစ်လာတယ်။

တစ်ခါ လှုပ်ရှားရုံတင် မကဘူး၊ ကာယကံမြောက် ခိုးလိုက်တဲ့အခါ ကျတော့ ဝီတိက္ကမကိလေသာ ဖြစ်သွားတယ်။ အဲဒီလို ယူမှ ဝိပဿနာတရား အားထုတ်လို့ ရတယ်။

အဲဒီတော့ ခိုးချင်တဲ့ လောဘက ခန္ဓာကိုယ်ထဲမှာ အမြဲတမ်း ရှိနေတယ်၊ ငြိမ်နေတယ်၊ သူများပစ္စည်းကို ခိုးချင်တော့မှ ထလာတာကို ပရိယုဋ္ဌာနလို့ သွားယူလိုက်ရင် မသိမသာ အံချော်သွားရော။

အနုသယကိလေသာဆိုတာ အကြောင်းတိုက်ဆိုင်တဲ့အခါ အကြိမ်ကြိမ် အဖန်ဖန် ခဏခဏဖြစ်တဲ့ ကိလေသာ၊ ပရိယုဋ္ဌာန ကိလေသာဆိုတာ ထကြွလာတဲ့ ကိလေသာ၊ ဝီတိက္ကမကိလေသာကတော့ ကျူးလွန်တဲ့ ကိလေသာ။

ဒီသုံးခုနှင့် စပ်ပြီးတော့ ပင်ကိုရင်း အဘိဓမ္မာကနေ အယူလေး နဲ့နဲ တိမ်းသွားရင်းက တဖြည်းဖြည်း အံချော်သွားတာပဲ။ ဒီ သဿတဝါဒက သိပ်ဆိုးတာတော့ မဟုတ်ဘူး၊ သူက ဒါနသီလကုသိုလ်တွေလုပ်ရင် ရပါတယ်။ သမထအားထုတ်ရင်လဲ ဈာန်အထိ ရနိုင်ပါတယ်။ ဝိပဿနာအဆင့်ကျတော့ ဒီလိုယူဆလိုက်လို့ရှိရင် မရနိုင်တော့ဘူး။

## ကိလေသာ သုံးမျိုး

ဒီထက် ရှင်းအောင် ပြောရရင် အဓိပ္ပါယ်တစ်ခု သူများဥစ္စာ မခိုးပါဘူးလို့ စောင့်ထိန်းထားတယ်ဆိုလို့ရှိရင် ဝီတိက္ကမ ခိုးမှု မဖြစ်နိုင်တော့ဘူး၊ အဲဒီတော့ သီလက ဝီတိက္ကမကိလေသာကို နိုင်တယ်။ သီလစောင့်ထိန်းထားတယ်ဆိုရင် ဝီတိက္ကမကိလေသာကိုတော့ မကျူးလွန်ဘူး။ စိတ်ထဲက ခိုးချင်ရုံနဲ့တော့ ဘယ်လောက်ပဲ ခိုးချင်ခိုးချင် သီလကတော့ မပျက်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ သီလဆိုတာက ကာယကံ ဝစီကံ နှစ်ခုပဲ ထိန်းနိုင်တာကိုး၊ မနောကံကို မထိန်းနိုင်ဘူး။ သူများပစ္စည်းတွေလို့ ခိုးချင်တော့ မနက်ဖြန်မှ ခိုးတော့မယ်၊ ဒီနေ့တော့ ဥပုသ်စောင့်ထားလို့ မခိုးသေးဘူးလို့ ခိုးချင်တဲ့စိတ်မျိုး ဖြစ်တတ်တယ်၊ သီလကတော့ ပျက်မသွားဘူး။ နည်းနည်းတော့ သီလညှိုးတာပေါ့၊ သီလစောင့်ထိန်းထားလို့ရှိရင် သီလက ဝီတိက္ကမကိလေသာကို ပယ်နိုင်တယ်။

သမာဓိဆိုတာက တရားထိုင်တာပေါ့၊ စိတ်ကို ငြိမ်အောင် အာနာပါနဆိုတဲ့ ထွက်သက်ဝင်သက်ပဲ အားထုတ်နေ အားထုတ်နေ၊ တရားတခုခုကို အားထုတ်နေတဲ့အခါမှာ စိတ်တည်ငြိမ်တဲ့အခါမှာ ခိုးချင်တဲ့စိတ် ဖြစ်ပါ့မလား၊ ကုသိုလ်

စိတ်တွေဖြစ်နေတဲ့ အခါမှာ ခိုးချင်တဲ့စိတ် မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သမာဓိရှိနေလို့။ အဲဒီတော့ သမာဓိလုပ်ငန်းလုပ်နေတဲ့အခါမှာ ခိုးချင်ပါတယ်ဆိုတဲ့ ထကြွတဲ့ ပရိယုဋ္ဌာနစိတ်တွေ မဖြစ်ဘူး။ အဲဒီတော့ သမာဓိက ပရိယုဋ္ဌာန ကိလေသာကိုသာ ပယ်နိုင်တယ်။ သီလကတော့ စိတ်ကို လွှတ်ထားလို့ ရတယ်။ ကာယကံ, ဝစီကံကိုပဲ နိုင်တယ်။ သမာဓိတရားအားထုတ်တယ်ဆိုတာ မနောကံပါ နိုင်အောင်လို့။ မနောကံက ဟိုဟာတွေ ဒီဟာတွေ မတွေးဘဲနဲ့ အာရုံတခုထဲမှာ စိတ်က စိုက်နေတဲ့အခါမှာ သမာဓိ ဖြစ်နေရင် ပရိယုဋ္ဌာန ထကြွမှု အကုသိုလ် ကိလေသာတွေ မလာနိုင်ဘူး။ ဒါကြောင့်မို့လို့ သမာဓိက ပရိယုဋ္ဌာနကိလေသာကို ပယ်နိုင်တယ်။

အနုသယကိလေသာကို မဂ်ပညာကမှ ပယ်နိုင်တယ်ဆိုတော့ အဲဒီနေရာမှာ ပြဿနာတက်ကြတာပဲ။ အနုသယကိလေသာကို ကိန်းနေတဲ့ ကိလေသာတဲ့။ မျိုးစေ့အငုတ် ဗီဇသတ္တိအနေနဲ့ ရှိနေတဲ့ ကိလေသာတဲ့။ အဲဒါကို မဂ်ပညာကမှ ပယ်နိုင်တယ်ဆိုတော့ သူတို့ မရှင်းနိုင်တော့ဘူး။ အဲဒါ ဘာလဲ ဆိုတော့ ကိုယ်က မဂ်ကိုလဲ မရဖူးဘူး၊ သီလစခန်း၊ သမာဓိစခန်းလောက်တော့ လုပ်ဖူး ကြတာပေါ့၊ သီလစခန်း၊ သမာဓိစခန်းလောက် လုပ်ဖူးတော့ ဝီတိက္ကမကိလေသာ ကို ပယ်တာသိတယ်၊ ပရိယုဋ္ဌာနကိလေသာကို ပယ်တာကိုလဲ ကိုယ်ကိုယ်တိုင် သိတယ်၊ သို့ပေမဲ့ မဂ်မရဘူးတော့ ပထမ–မဂ်လဲ ဘာရယ်လို့ မသိ၊ ဒုတိယ– ကိလေသာလဲ ဘာရယ်လို့ မသိ။ ဘုရားဟောထားတာကတော့ မဂ်က အနုသယ ကိလေသာကို ပယ်နိုင်တယ်။ စာနဲ့တော့ သိတယ်၊ ကိုယ်တိုင်မသိဘူး။ ဒီတော့ ပရိယုဋ္ဌာနဆိုတာက ထကြွလာတာကိုး။ ခိုးချင်တဲ့ စိတ်တွေ ပေါက်လာတာ၊ ဒါတော့ သူက သိတယ်၊ ခိုးချင်တဲ့စိတ် မဖြစ်ခင် အနုသယကိလေသာ ဖြစ်နေ တာကို သူမသိဘူး၊ အဲဒါမသိတော့ အနုသယကိလေသာဟာ ကိန်းနေတယ်၊ ကိန်းနေတဲ့ ကိလေသာကို မဂ်က ပယ်လိုက်တယ်။ မဂ်က မျိုးစေ့သတ္တိကို

ပယ်တယ်၊ ဥပမာတွေ ဘာတွေနဲ့ ဒီလို ရှုပ်ကုန်ရော၊ တကယ်တော့ ရှေ့မှာ လောဘ ဒိဋ္ဌိ မာနတို့ကို ဒီဂရီတွေခွဲပြီး ရှင်းပြခဲ့ပြီးပြီ၊ အဲဒီမှာ ကိလေသာနဲ့ ရှင်းပြရင် သိနိုင်ပါတယ်။

## အနုသယကိလေသာရှာနည်း

ဥပမာတစ်ခု– သူများပစ္စည်းကို သွားခိုးတဲ့ လောဘက ဝီတိက္ကမ ကိလေသာ။ ဒါက ရှင်းတယ်၊ ခိုးချင်လို့ ထကြွလာတဲ့ လောဘက ပရိယုဋ္ဌာန ကိလေသာ၊ ဒါလဲရှင်းတယ်၊ အနုသယလောဘဆိုတာက မိမိခန္ဓာကိုယ်ကို ချမ်းသာချင်တဲ့ လောဘပဲ၊ သူများပစ္စည်းကို ဘာလို့ ခိုးတာတုံး၊ ကိုယ်ကောင်းစား ချင်လို့။ အဲဒီ ခန္ဓာကိုယ်ကို ကောင်းစားစေချင်တဲ့ လောဘဟာ အနုသယ ကိလေသာပဲ၊ အနုသယကိလေသာဆိုတာက မဖြစ်နိုင်တာ မဟုတ်ဘူး၊ ဖြစ်ကို ဖြစ်တာ၊ သူများပစ္စည်းခိုးတော့မယ်ဆိုရင် ခိုးချင်တဲ့ လောဘဟာ ထကြွလာတယ်၊ အဲဒီပရိယုဋ္ဌာနကိလေသာကို သိတယ်၊ အနုသယကိလေသာကို မသိဘူး။ ရှေ့ကို ဆက်ပြီးတော့ အနုသယကို မရှာတတ်တော့ဘူး။ သူများပစ္စည်းကို ဘာလို့ ခိုးတာလဲလို့ သူများပစ္စည်းခိုးချင်တဲ့ စိတ်ရဲ့ အကြောင်းတရားကို ရှာရင် ဒီခန္ဓာ ကိုယ်ကို တွယ်တာတယ်၊ ကျွေးချင်မွေးချင် လုချင်ပချင်လို့ သူများပစ္စည်းကို ခိုးချင်တယ်၊ အဲဒီတော့ ဒီခန္ဓာကိုယ်ကို တွယ်တာတဲ့ လောဘဟာ အနုသယ ကိလေသာပဲ၊ အဲဒီလို ခန္ဓာကိုယ်ကို တွယ်တာနေတဲ့ လောဘကို သီလနဲ့ ပယ်လို့ မရဘူး၊ ခန္ဓာကိုယ် တွယ်တာနေတဲ့ လောဘကို သမာဓိ အားထုတ် လို့ကော ပယ်လို့ရရဲ့လားဆိုတော့ သမာဓိကလဲ တန်ခိုးကြီးအောင် လုပ်နေတာ၊ ခန္ဓာ ချမ်းသာအောင် လုပ်နေတာ၊ တရားထိုင်တယ် ဆိုတာက တယ်ချမ်းသာ တာကိုး၊ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခဆိုတဲ့ တကယ့် ဈာန်ဝင်စား နေလို့ရှိရင် အင်မတန် ချမ်းသာတာပဲ၊ တရားထိုင်နေရင်း ပီတိ ဖြစ်လာရင် မထချင်တော့ဘူး။ လောကီချမ်းသာတစ်မျိုးပဲ၊ တရားထိုင်တာဟာ တကယ်ချမ်းသာတဲ့ ချမ်းသာ အစစ်ပဲ။ ဒီပြင် ချမ်းသာတွေက ဟုတ်ချင်မှ ဟုတ်မှာ။ တရားထိုင်ဖို့ လူငယ်တွေ

ကို တိုက်တွန်းရမယ်၊ လောကီချမ်းသာထဲမှာ အချမ်းသာဆုံး တွေ့ချင်လို့ရှိရင် တရားထိုင်ကြပါလို့ ပြောပေါ့။

စတုတ္ထဈာန်ရောက်သွားလို့ရှိရင် အင်မတန် ချမ်းသာတယ်ဆိုပဲ၊ ကာမသုခ၊ ဈာနသုခ၊ ဖလသုခရယ်လို့ ချမ်းသာသုံးမျိုး ရှိတယ်။ ကာမသုခဆိုတာက လူ့ပြည်မှာ စကြာမင်းစည်းစိမ်ဆိုတာ အကြီးကျယ်ဆုံး၊ ခုခေတ် စကြာမင်းလဲ မရှိပါဘူး၊ အဲဒါ အချမ်းသာဆုံးပဲ။ စကြာမင်းက လေးကျွန်းလုံးကို အစိုးရတယ်။ အဲဒါ အကြီးကျယ်ဆုံးပဲ။

ဈာနသုခဆိုတာက စတုတ္ထဈာန် ချမ်းသာပဲ။ စတုတ္ထဈာန်ထိအောင် ဝင်စားနိုင်လို့ရှိရင် ဈာန်ချမ်းသာက သိပ်ချမ်းသာတယ်တဲ့။ လောကီချမ်းသာ ထဲမှာ ဒီဈာန်တရားဟာ အချမ်းသာဆုံးပဲတဲ့။ အရိယာဖြစ်တဲ့အခါကျတော့ ဖလသုခ ဖြစ်သွားပြီ၊ ဒါက လောကုတ္တရာချမ်းသာ၊ ဒီသုခသုံးမျိုးကိုလဲ ဘုရား ဟောခဲ့တာပါပဲ။

အဲဒီတော့ အနုသယကိလေသာဆိုတာက မိမိခန္ဓာကိုယ်ကို တွယ်တာနေတဲ့ လောဘကိလေသာပါပဲ။

သတ်ချင်တဲ့စိတ်တွေ ဖြစ်လာတာလဲ ခန္ဓာကိုယ်ကို ကျွေးချင်လို့ပဲ၊ ကာမေသုမိစ္ဆာစာရကံကော ဒီခန္ဓာကိုယ်ရဲ့ အလိုကို ဖြည့်ချင်လို့ပဲ။ မုသာဝါဒက လိမ်တယ်။ လိမ်တယ်ဆိုတာလဲ ဒီခန္ဓာကိုယ်ကို ချမ်းသာချင်လို့ပဲ။ အဲဒီတော့ ခန္ဓာကိုယ်ကို တွယ်တာနေတဲ့ လောဘကိုတော့ သမာဓိနဲ့လဲ ပယ်လို့ မရဘူး၊ သီလနဲ့လဲ ပယ်လို့ မရဘူး၊ သူ့ကို အရိယမဂ်ဆိုတဲ့ မဂ်ပညာနဲ့မှ ပယ်လို့ရတယ်။

အရိယာဖြစ်တယ်ဆိုလို့ရှိရင် ဘယ်ကိလေသာကို ပယ်ရမလဲဆိုတော့ အနုသယကိလေသာကို ပယ်ရမယ်။ အနုသယကိလေသာဆိုတာ ဘယ်လို ကိလေသာမျိုးဖြစ်တယ်လို့ အနုသယကိလေသာကိုသိမှ မဂ်တရား အားထုတ်လို့ ရမှာပေါ့၊ အနုသယကိလေသာဖြစ်တာမှ မသိဘဲနဲ့ ကိန်းနေတဲ့ ကိလေသာဆိုရင်

ဘယ်နဲ့လုပ် ပယ်လို့ရမလဲ၊ ခန္ဓာကိုယ်ကို တွယ်တာတဲ့ လောဘက ကိန်းနေတာလား၊ ဖြစ်လာတာလားဆိုတော့ ဖြစ်လာတာပါ။

ကိုယ့်ခန္ဓာကိုယ်ကို ကြည့်လိုက်လို့ရှိရင် တွယ်တာတဲ့ စိတ်က ဖြစ်လာတာပဲ။ ကိုယ့်လက်ကလေးကို ကြည့်တော့ မတွယ်တာဘူးလားဆိုရင် တွယ်တာတာပဲ။ လက်ကလေး နဲနဲပဲ့သွားရင် အမလေး–တ–တာပဲ၊ ကိုယ့်မျက်နှာလေးကို မှန်ထဲသွားကြည့်ရင် တွယ်တာတဲ့ အနုသယလောဘဆိုတာ ဖြစ်လာတာပဲ။ ခန္ဓာကိုယ်ကို တွယ်တာတဲ့ လောဘဟာ ခဏခဏဖြစ်တာ။ မနက်မိုးလင်းတယ်ဆိုရင်လဲ မျက်နှာလေးသစ်လိုက်၊ သွားတိုက်လိုက်နဲ့။ ဘာလို့သွားတိုက်ရတာလဲဆိုရင် ကိုယ့်ခန္ဓာကိုယ်ကို တွယ်တာလို့ သွားတိုက်တာပေါ့။

ထမင်းကျွေးတာကလဲ ဒီခန္ဓာကိုယ်ကို အသက်ဆက်ဖို့ ကျွေးတာ၊ အလုပ်သွားလုပ်တာကလဲ ဒီခန္ဓာကိုယ်စားရပါစေတော့လို့ လုပ်တာ။ အဲဒီလို ခန္ဓာကိုယ်ကို တွယ်တာနေတဲ့ လောဘ အနုသယကိလေသာတွေဟာ ခဏခဏဖြစ်နေတာကို၊ ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်ရင် တစ်နေ့လုံး တသီတတန်းကြီး မြင်နိုင်ပါတယ်။

ခန္ဓာကိုယ်ကို တွယ်တာနေတဲ့ လောဘကို ဝိပဿနာမဂ်နဲ့မှ ပယ်နိုင်တာ၊ ဝိပဿနာနဲ့ ဘယ်လို ပယ်မလဲဆိုတော့ ဒီခန္ဓာကိုယ်ကြီးဟာ အတုံးအခဲမဟုတ်ဘူး။ ရုပ်နာမ် နှစ်ပါးပဲ ရှိတယ်။ ပထမ ပညတ်တွေကို ပယ်ပစ်လိုက်ပြီး ရုပ်နဲ့ နာမ်ကို ကြည့်တဲ့အခါကျတော့ ဒီရုပ်နာမ်ကလဲ အနိစ္စ၊ တဖြစ်ထဲ ဖြစ်၊ တပျက်ထဲ ပျက်ပြီးနေတာ တွေ့ရမယ်။ ဒီခန္ဓာကိုယ်ကြီးကို ဝိပဿနာက ဖျက်ပစ်လိုက်တာ၊ ပညတ်ကို အကုန် ဖျက်ချလိုက်တဲ့အခါကျတော့ ယောကျ်ား မိန်းမ ဘာမှ မရှိတော့ဘူး၊ ရုပ်နာမ်ပဲရှိတယ်။ ရုပ်နာမ်ကလဲ တည်မြဲတယ်လို့ မရှိဘူး။ ဖြစ်ပျက် ဖြစ်ပျက်နဲ့ ဒီလို ဖြစ်နေတယ်၊ သူ့မှာ ခန္ဓာကိုယ်ရယ်လို့ မတွေ့တော့ဘူး။ ခန္ဓာကိုယ်ရယ်လို့ မတွေ့တော့ ယောကျ်ား မိန်းမလို့လဲ မမြင်တော့ဘူး။ အဲဒီတော့ တွယ်တာစရာ ဘာမှ မရှိတော့ဘူး။

အဲဒီလို အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဝိပဿနာမဂ်ပညာကမှ ခန္ဓာကိုယ်ကို တွယ်တာတဲ့ လောဘအနုသယကိလေသာကို ပယ်လို့ရတာ။ မဂ်နဲ့ ပယ်ရတယ်ဆိုတဲ့ ကိလေသာဟာ ဘယ်လို ကိလေသာလဲလို့သိမှ တကယ်အားထုတ်လို့ တရားရမှာပေါ့။ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပေါ်နေတဲ့ အနုသယကိလေသာကို မသိရင် ဘယ်လို အားထုတ် အားထုတ် ဘယ်တော့မှ မရနိုင်ဘူး။

အဲဒီတော့ အနုသယကိလေသာကို မသိပေမဲ့ တရားအားထုတ်တယ်ဆိုတာ တကယ်ကောင်းတာချည်းပါပဲ၊ ဘယ်နည်းနဲ့ အားထုတ်အားထုတ် မဂ်တရား မရသေးပေမဲ့ အရှုံးတော့ မရှိပါဘူး။ နောက်ပိတ်ဆုံး ဈာန်လမ်းပဲဖြစ်ဖြစ်၊ ဝိပဿနာလမ်းပဲဖြစ်ဖြစ် ကုသိုလ်လုပ်တာကတော့ ကောင်းတာချည်းပဲ။ သို့သော် တကယ့် မဂ်ရောက် ဖိုလ်ရောက် တရားကတော့ အင်မတန် နက်နဲသိမ်မွေ့တဲ့ တရားမို့လို့ အနုသယကိလေသာမှာ နည်းမှန် လမ်းမှန် ဗဟုသုတအတွက် ရှင်းပြနေတာပါ။

ဒီစာအုပ်မှာတော့ အနုသယကိလေသာ ခုနစ်ပါးကို နားလည်ရင် သင့်ပါပြီ၊ ဒီခုနစ်ပါးကို သေသေချာချာ နားလည်သဘောပေါက်ထားရင် နောက်ကျတော့ မဂ်နဲ့ ပယ်နည်း စတာတွေကို အလိုလို သဘောပေါက် လာပါလိမ့်မယ်။

## အနုသယကိလေသာ (၇)ပါး

(၁) ကာမရာဂါနုသယ = ကာမဂုဏ်တို့၌ တပ်မက်မှု၊ ချစ်ခင်မှု၊ တွယ်တာမှု လောဘ။

(၂) ပဋိဃာနုသယ = အမျက်ထွက်မှု၊ စိတ်ထိခိုက်မှု၊ စိတ်မချမ်းသာမှု၊ မုန်းတီးမှု ဒေါသ။

(၃) မာနာနုသယ = အထင်ကြီးမှု၊ ထောင်လွှားမှု၊ ခန္ဓာကိုယ်ကို ငါထင်မှု မာန။

(၄) ဒိဋ္ဌာနုသယ = အတ္တရှိတယ်လို့ အယူမှားမှု။

(၅) ဝိစိကိစ္ဆာနုသယ = ယုံမှားမှု၊ သို့လော သို့လောဖြစ်မှု။
(၆) ဘဝရာဂါနုသယ = ရူပဘဝ၊ အရူပဘဝတို့၌ တပ်မက်မှု၊ တွယ်တာမှု လောဘ။
(၇) အဝိဇ္ဇာနုသယ = သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းမှု မောဟ။

ဝိစိကိစ္ဆာနုသယကလဲ ဝိစိကိစ္ဆာစေတသိက်အတိုင်းပဲ၊ ဒိဋ္ဌာနုသယကလဲ ဒိဋ္ဌိစေတသိက်အတိုင်းပဲ၊ မာနာနုသယကလဲ မာနစေတသိက်အတိုင်းပဲ။

အဲဒီတော့ အနုသယကလဲ ပိဋကတ်သုံးပုံ ပါဠိတော်တွေကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် နေရာပေါင်း ထောင်ချီပြီးတော့ ပါမှာပဲ။ အနုသယကို ၃-ပါး, ၄-ပါး ဟောတဲ့အခါလဲ ရှိတယ်။ ငါးပါး ဟောတဲ့အခါလဲ ရှိတယ်၊ ၇-ပါး ဟောတဲ့အခါလဲ ရှိတယ်။ အမျိုးမျိုး ဟောတာပဲ။ အဲဒီတော့ အနုသယ (၇)ပါးဆိုတာ "ကာမရာဂါနုသယ၊ ပဋိဃာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယ"တို့ ပါပဲ။

ကာမရာဂါနုသယက လောဘစေတသိက်ပါ။ ပဋိဃာနုသယက ဒေါသ၊ ဒိဋ္ဌာနုသယက ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနုသယက ဝိစိကိစ္ဆာ၊ ဘဝရာဂါနုသယက လောဘ၊ အဝိဇ္ဇာနုသယက မောဟ။

အဲဒီတော့ စေတသိက် ဘယ်နှစ်လုံးရသလဲဆိုရင် စေတသိက် ခြောက်လုံး ရပါတယ်။ အကုသိုလ်စေတသိက်ကို ဒီလောက် သရုပ်ခွဲတတ်ရင် တော်ပါပြီ။ အနုသယမှာ အကုသိုလ်စေတသိက်က လောဘရယ်၊ ဒေါသရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်၊ ဝိစိကိစ္ဆာရယ်၊ မောဟရယ် ခြောက်လုံး ရှိတယ်။ အဲဒီတော့ အနုသယက သိပ်အရေးကြီးတယ်၊ အနုသယနဲ့ ပတ်သက်ပြီးတော့ တော်တော်သဘောကျစရာကောင်းတဲ့ အချက်က မူလပဏ္ဏာသပါဠိတော်မှာ စူဠဝေဒလ္လသုတ်ဆိုတာ ရှိတယ်၊ အနုသယနဲ့ ပတ်သက်ပြီး ဒီသုတ်ဟာ အင်မတန် မှတ်သားစရာကောင်းတဲ့ သုတ်ပဲ၊ အဲဒီသုတ်ရဲ့ နိဒါန်းအကျဉ်းချုပ်က အောက်ပါအတိုင်း ဖြစ်ပါတယ်။

**သူဌေးကတော် ဓမ္မဒိန္နာ**

သူဌေးကတော် ဓမ္မဒိန္နာဆိုတာ ဘုရားလက်ထက်က တရားဟောတဲ့ နေရာမှာ တေဒဂ်ရသူ ဖြစ်ပါတယ်။ သူတို့က ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သူဌေးတွေ။ သူ့ယောကျ်ားက ဝိသာခတဲ့။ သူဌေးကတော်က ဓမ္မဒိန္နာတဲ့။ အဲဒီတော့ ရာဇဂြိုဟ်ပြည့်ရှင်ဗိမ္ဗိသာရမင်းကြီးက ပင့်လို့ မြတ်စွာဘုရားကြွပြီး တရားဟောတဲ့အခါမှာ ဝိသာခသူဌေးကလဲ သွားပြီးတော့ တရားနာတယ်၊ တရားသွားနာတော့ ပထမနေ့မှာ သောတာပန်ဖြစ်တယ်၊ ဒုတိယနေ့မှာ တရား သွားနာတော့ သကဒါဂါမ် ဖြစ်တယ်၊ တတိယနေ့မှာ သွားနာတော့ အနာဂါမ် ဖြစ်တယ်။ ရှေးကတော့ လွယ်လိုက်တာ။ အခုခေတ်တော့ တစ်လထိုင် လို့လဲ ပြန်လာတော့ ဒီအတိုင်း ဒီအတိုင်းပဲ။ သုံးလ တရားသွားထိုင်လဲ ပြန်လာတော့ ဒီအတိုင်း ဒီအတိုင်းပဲ။ ပါရမီကွာခြားမှုဟာ မှတ်သားစရာပဲ။

အဲဒီတော့ ဝိသာခတရားသွားနာပြီး ပြန်လာတော့ ဓမ္မဒိန္နာက အိမ်ကနေ ဆီးကြိုတယ်။ လက်တွေ ဘာတွေဆွဲပြီးတော့ နှုတ်ဆက်၊ ထမင်းတွေ ဘာတွေ စားကြတော့လဲ ပျော်ပျော်ရွှင်ရွှင် နှစ်ယောက်တွဲ စားသောက်ကြတယ်၊ တတိယနေ့ အနာဂါမ်ဖြစ်လာတဲ့အခါကျတော့ ခေါင်းအောက်စိုက်ပြီး လာကတည်းက တ္တန္ဒြေကြီးနဲ့ လာတယ်၊ မိန်းမက ကြည့်နေတယ်၊ တကယ့် ရဟန္တာကြီးများ ကြွလာသလို လာတာကိုး၊ သူ့မိန်းမကတော့ အပေါက်ဝက ထုံးစံအတိုင်း ဆီးကြို လက်ဆွဲနှုတ်ဆက်ဖို့ လက်ပေးတယ်၊ မကိုင်ဘူး၊ ရှောင်သွားတယ်၊ ရှောင်သွားပြီးတော့ သူ့နေရာသူ သွားထိုင်တယ်၊ နောက်ပြီး ထမင်းဟင်းတွေ ပြင်ပြီးကျွေးတယ်၊ ထမင်းထည့်ပေးလဲ စကားသိပ်မပြောဘူး။ ညအိပ်တော့လဲ သူ့ဘာသာသူ တခြားတစ်နေရာပြင်ပြီးတော့ အိပ်တယ်၊ ခါတိုင်း လင်မယား နှစ်ယောက်အိပ်တဲ့အခန်းမှာ မအိပ်တော့ဘူး၊ အဲဒီတော့ မိန်းမက တော်တော်လေး စိတ်မချမ်းမသာ ဖြစ်တာပေါ့၊ ငါ့အပေါ်မှာ ဘာ စိတ်ကောက်စရာရှိသလဲ၊ ဘာ အကြောင်းရှိသလဲ၊ သူအမျိုးမျိုး တွက်ကြည့်တယ်၊ သူ့မှာ ဘာအပြစ်မှ မရှိဘူး၊ ဒါဖြင့် ချစ်သူတစ်ယောက်ယောက်များ တွေ့လို့လား၊ ရောဂါတစ်ခုခု

ဖြစ်လို့လား စသဖြင့် သူအမျိုးမျိုးတွေ တွေးပြီး စိတ်ဆင်းရဲတော့တာပါပဲ၊ နောက်တစ်နေ့ကျတော့ သူ့ယောကျ်ားအနားကို တစ်ခါထဲ အတင်း သွားတာပဲတဲ့၊ သွားတဲ့အခါမှာ နင် ငါ့အနား မလာနဲ့တဲ့၊ အဲဒီနေရာမှာ ထိုင်တဲ့၊ ဘာပြောချင်လို့ လဲတဲ့၊ ဒီလိုပြောတဲ့အခါမှာ ဓမ္မဒိန္နာက သေသေချာချာ မေးတော့တာပေါ့၊ တိုတိုကတော့ ဒီလိုစကားမပြောဘဲနဲ့နေတာ ဘယ်လို အကြောင်းကြောင့်တုံးတဲ့။

ဒီတော့ ဝိသာခသူဌေးက တရားရလာတယ်လို့ မပြောချင်ဘူး၊ မပြော ရင်လဲ ဒီမိန်းမဟာ ဒီနေရာမှာ ရင်ကွဲပြီးတော့ သေသွားမယ်ဆိုတာ သူ့ ယောကျ်ားက သိတော့ အေးအေးဆေးဆေးပဲ ငါ ဘာမှ မဖြစ်ပါဘူးတဲ့၊ ငါ မြတ်စွာဘုရား တရားသွားနာတဲ့အခါမှာ ဒီလိုအသိတရားတွေရလာတော့ လောကီ စည်းစိမ်ကာမဂုဏ်တွေကို ဘာမှအလိုမရှိတော့ဘူး၊ အဲဒီတော့ ငါ့ဘက်ကပါတဲ့ ကုဋေလေးဆယ်၊ မင်းဘက်ကပါတဲ့ ကုဋေလေးဆယ် အားလုံးကုဋေရှစ်ဆယ်ကို ယူပြီးတော့ မင်းမိဘအိမ် ပြန်ချင်ပြန်၊ နောက်အိမ်ထောင် ပြုချင်ပြု၊ ဒါမှမဟုတ်လို့ ရှိရင်လဲ ထမင်းလေးတစ်နပ်လောက် ငါ့ကိုကျွေးပြီးတော့ ဒီအိမ်မှာပဲ ပြုစုချင်ပြုစု၊ ငါကတော့ တရားရသွားပြီလို့ ဖွင့်ပြောပြတယ်၊ ဓမ္မဒိန္နာလဲ အဲဒီကျတော့မှ အကြောင်းမှန်ကို သိသွားတယ်။

အဲဒီအခါမှာ ဓမ္မဒိန္နာက ဝိသာခကို မေးတယ်။ ဒီလို နက်နဲသိမ်မွေ့တဲ့ တရားထူးကို ယောကျ်ားများသာ ရနိုင်သလားတဲ့၊ မိန်းမတွေကော မရနိုင်ဘူး လားတဲ့။

ဟာ–တရားဆိုတာ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် ဘယ်သူမဆို ပါရမီရှိလို့ အားထုတ်ရင် ရနိုင်ပါတယ်လို့ပြောတော့ ဓမ္မဒိန္နာက ဒါဖြင့် ကျွန်မလဲ တရားအားထုတ်မယ်၊ သင်္ကန်းဝတ်မယ်ပေါ့၊ ဟိုတုန်းက ဘိက္ခုနီမတွေ ရှိတယ် မိန်းမတွေလဲ သင်္ကန်းဝတ်နိုင်တယ်၊ အဲဒီလိုပြောတော့ သူ့ယောကျ်ားက သိပ်ဝမ်းသာတယ်၊ မင်းက လှလှပပ ငယ်ငယ်ရွယ်ရွယ်နဲ့ အင်မတန်ကြီးကျယ်တဲ့ စည်းစိမ်ဥစ္စာနဲ့မို့ ငါက မပြောရက်လို့ပဲ၊ မင်း ဒီလိုဆန္ဒရှိရင် ငါ သိပ်ဝမ်းသာ တာပေါ့တဲ့။

အဲဒီတော့ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးဆီသွားပြီး ဘုရင်ကိုပြောတော့ ဘုရင်ကလဲ သိပ်ဝမ်းသာပြီး မင်း ဘာလိုချင်တုံးလို့ မေးတယ်။ ရှေးတုန်းကတော့ ရှင်လောင်းတွေ ဘာတွေလှည့်တဲ့ ရွှေထမ်းစင်ဆိုတာ ရှိတယ်။ ကျွန်တော်မျိုး တစ်မြို့လုံးကို သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် ဆင်ယင်ချင်တယ်။ ရွှေထမ်းစင်တစ်ခုလဲ လိုချင်ပါတယ်လို့ ပြောတော့ အေး–ကောင်းပြီ မင်းသွားတော့လို့ ပြောလိုက်တယ်။ ဓမ္မဒိန္နာကို ရွှေထမ်းစင် (ဝေါ)ပေါ်တင်ပြီးတော့ အခုခေတ် ရှင်ပြုသလိုပေါ့၊ ဆွေမျိုးတွေ မိတ်ဆွေသင်္ဂဟတွေနဲ့ တစ်မြို့လုံး သူဌေးကတော် ဓမ္မဒိန္နာကို လှည့်ပြီးတော့ ဘိက္ခုနီမကျောင်းကို ပို့လိုက်တယ်။

ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးကတော်တစ်ယောက် ရဟန်းမ ပြုတယ်ဆိုတော့ ဘိက္ခုနီမကျောင်းမှာ လူတွေဟာ တိုးမပေါက်ဘူး၊ ဟိုကလာ၊ ဒီကလာနဲ့ပေါ့လေ။ လှကလဲလှ၊ ချောကလဲချောနဲ့၊ သက်န်းရောင်လေးနဲ့ဆိုတော့ ဖူးချင်တဲ့လူတွေ သိပ်ပေါတာပေါ့၊ ဟိုကလာ၊ ဒီကလာဆိုတော့ ဓမ္မဒိန္နာက ဒီလိုနေလို့ မဖြစ်ဘူး၊ မြို့မှာနေရင် ငါဟာ ဘာတရားမှ ရမှာ မဟုတ်ဘူး၊ အဲဒီတော့ တောမှာ သွားပြီးတော့ တရားအားထုတ်မှ ရမှာပဲ ဆိုပြီးတော့ ဘိက္ခုနီမကြီး နှစ်ပါးသုံးပါးနဲ့ လူမသိတဲ့နေရာသွားပြီးတော့ တရားအားထုတ်တယ်။ ချက်ချင်း ရဟန္တာဖြစ်သွားတယ်။ ဘာဖြစ်လို့ ဖြစ်သွားသလဲဆိုတော့ ဓမ္မဒိန္နာဟာ ပဒုမုတ္တရ ဘုရားလက်ထက်က သူဌေးအိမ်မှာ ကျွန်မ ဖြစ်ခဲ့ဖူးတယ်၊ ကျွန်မ ဖြစ်ခဲ့တဲ့ ဘဝမှာ သူ့ဆံပင်ကို ဖြတ်ပြီးတော့ အဂ္ဂမဟာသာဝက မထေရ်တစ်ပါးကို ဆံပင်လှူပြီး ဆုတောင်းခဲ့တယ်။

ဒါကြောင့်မို့လို့ ဆုတောင်းရှိရမယ်လို့ ပြောတာ၊ အဲဒီဆုတောင်းက ဒီဘုရားလက်ထက်မှာ လာပြီး သူ့ကို အကျိုးပေးတော့ သူများလို တရားအားထုတ်တာ အကြာကြီး အားမထုတ်ရဘူး၊ ချက်ချင်း တစ်ခါထဲ ရဟန္တာ ဖြစ်သွားတယ်။ ရဟန္တာဖြစ်သွားတော့ ဓမ္မဒိန္နာက စဉ်းစားတယ်၊ ငါလဲ ရဟန္တာ ဖြစ်သွားပြီ၊ ငါဒီလို နေလို့တော့ ဘာမှ အကျိုးမရှိဘူး၊ ဆွေမျိုးတွေရော မိတ်သင်္ဂဟတွေရော အားလုံး ကုသိုလ်ရအောင် မြို့ပြန်မှပဲဆိုပြီး မြို့ကိုပြန်လာတော့ သူ့ယောက်ျားက

ကြားတယ်။ အခုတော့ သူ့ ယောက်ျား မဟုတ်တော့ဘူး။ ဟိုတုန်းက ယောက်ျားပေါ့။

ဓမ္မဒိန္နာက ခုပဲ တောကို သွားတယ်၊ ခုပဲ ပြန်လာပြီ၊ မပျော်လို့လား၊ လူများထွက်မလို့လား၊ အကြောင်းစုံသိရအောင် သူက သွားတာပေါ့။ သူ့မယားကို တွေ့ချင်လို့တော့ မဟုတ်ဘူး၊ သူက အနာဂါမ်ပဲ။ လူတွေကတော့ ပြောချင်ပြော ကြမှာပေါ့၊ သူ့မယားကို တွေ့ချင်လို့ သွားတယ်လို့၊ အမှန်ကတော့ တွေ့ချင်လို့ မဟုတ်ဘူး။ လူထွက်မလို့လား မပျော်လို့လားဆိုတာ သံသယ ရှိလို့၊ မေးချင်လို့။

ဓမ္မဒိန္နာဆီ ရောက်ပြီး သူကလဲ အနာဂါမ်ဆိုတော့ တရားရသလား၊ မရဘူးလားဆိုတာ တိုက်ရိုက်မေးတာ မကောင်းဘူး၊ တရားသဘောတွေကို မေးတယ်၊ တရားမေးခွန်းတွေကတော့ အများကြီးပေါ့။

**ဝေဒနာနဲ့ အနုသယ**

အနုသယကိုလေသာနဲ့ပတ်သက်တဲ့ မေးခွန်းကတော့ 'သုခါယ ဝေဒနာယ ပနာယျေ ကိံ အနုသယော အနုသေတိ'တဲ့။ မြန်မာလိုကတော့ သုခဝေဒနာမှာ ဒီအနုသယ ခုနစ်ပါးထဲက ဘယ်အနုသယ ကိန်းသလဲတဲ့၊ သုခဝေဒနာဆိုတဲ့ ချမ်းသာနဲ့ တွေ့လို့ရှိရင် လောဘဖြစ်မယ်၊ ချမ်းသာတယ်ဆိုရင် ကြိုက်တဲ့ လူချည်းပဲ။ အဲဒီတော့ သူမက "သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတိ" တဲ့။ မြန်မာလိုကတော့ သုခဝေဒနာနဲ့ တွေ့လို့ရှိရင် ရာဂါနုသယ ဖြစ်ပါတယ်။ စာတွေ ဘာတွေ သင်ဖူးတာ မဟုတ်ဘူးနော်၊ တရားအားထုတ်ပြီးတော့ တတ်လာတာ။

ဒါဖြင့် သူဌေးက ဟုတ်ပြီတဲ့၊ နောက်ပြီး တစ်ခါ ပြန်မေးတယ်၊ "ဒုက္ခာယ ဝေဒနာယ အယျေ ကိံ အနုသယော အနုသေတိ"တဲ့။ မြန်မာလိုကတော့ ဒုက္ခဝေဒနာ ဆင်းရဲနဲ့ တွေ့တဲ့အခါမှာ ဘာအနုသယ ကိန်းသတုံးတဲ့၊ ဒီတော့ ဓမ္မဒိန္နာက ဆင်းရဲနဲ့ တွေ့တဲ့အခါမှာ ဘယ်သူမှ မကြိုက်ဘူး၊ ဆင်းရဲနဲ့ တွေ့မယ်ဆိုရင် ပဋိဃာနုသယ ဖြစ်မယ်တဲ့။ ဟုတ်ပြီတဲ့။

အဲဒီတော့ လူမှာ ဝေဒနာသုံးမျိုးရှိတယ်တဲ့၊ သုခဝေဒနာ=ချမ်းသာနဲ့လဲ တွေ့မယ်၊ ဒုက္ခဝေဒနာ=ဆင်းရဲနဲ့လဲ တွေ့မယ်၊ ဒီနှစ်ခု မဖြစ်လို့ရှိရင် ကြားထဲမှာ ဥပေက္ခာဝေဒနာနဲ့လဲ တွေ့မယ်၊ ဒီတော့ သူဌေးက ဆက်မေးတယ်။

"အဒုက္ခမသုခါယ ဝေဒနာယ အယျေ ကိံ အနုသယော အနုသေတိ"တဲ့၊ မြန်မာလိုကတော့ ဥပေက္ခာဝေဒနာ ဖြစ်တဲ့အခါ ဘာ အနုသယ ကိန်းတုံးတဲ့၊ ဥပေက္ခာဆိုတော့ ချမ်းသာတာလဲ မဟုတ်ဘူး၊ ဆင်းရဲတာလဲ မဟုတ်ဘူး၊ ကြားထဲကနေတာ။ တချို့တလေက ဒါကို တရားရတယ်လို့ ထင်တတ်ကြတယ်၊ ဒီတော့ ဓမ္မဒိန္နာက "အဒုက္ခ မသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ"တဲ့၊ မြန်မာလိုကတော့ အဝိဇ္ဇာနုသယဆိုတာ ချစ်စရာနှင့် တွေ့လဲ မချစ်ဘူး၊ မုန်းစရာနဲ့တွေ့လဲ မမုန်းဘူးဆိုရင် ဒီလူဟာ တရားရတဲ့ သူလဲ မဟုတ်ရင် ဘာမှ မသိတတ်တဲ့လူပဲ။ ရိုင်းရိုင်းကတော့ နွားလိုလူပဲ။ တရားရထားတဲ့ လူအတွက်ကတော့ အဝိဇ္ဇာနုသယ ဖြစ်တယ်တဲ့။

အဲဒီလို ဖြေတဲ့အခါကျမှ သြော်-ဓမ္မဒိန္နာ တရားရသွားပြီ၊ ရဟန္တာဖြစ်သွားပြီလို့ သူ့ခင်ပွန်းဟောင်း ဝိသာခက သိသွားတယ်၊ သူကလဲ အနာဂါမ်ကိုး။

အနုသယနဲ့ ပတ်သက်ပြီးတော့ အတိုချုပ် ရှင်းလင်း တင်ပြခြင်း ဖြစ်ပါတယ်။

**မင်္ဂလေးတန်နဲ့ အနုသယကိလေသာ**

အနုသယတရား (၇)ပါး၊ တရားကိုယ်ကတော့ (၆)ပါးထဲပဲ။ အဲဒီ အနုသယ (၇)ပါးထဲမှာ မဂ်နဲ့ ပယ်စဉ်အားဖြင့် တွက်မယ် ဆိုလို့ရှိရင် သောတာပန်က ဒိဋ္ဌာနုသယနဲ့ ဝိစိကိစ္ဆာနုသယကို ပယ်တယ်။ ဒိဋ္ဌာနုသယ ဆိုတာက ဒိဋ္ဌိပေါ့၊ ဝိစိကိစ္ဆာနုသယက ဝိစိကိစ္ဆာပေါ့၊ အဲဒါ အကြွင်းမဲ့ ပယ်တာကို ပြောတာ။ သောတာပန်ဟာ ဒီပြင် ကာမရာဂါနုသယ၊ ပဋိဃာနုသယ၊ မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယဆိုတဲ့ ကျန်တဲ့ အနုသယတွေကို မပယ်တာတော့ မဟုတ်ဘူး၊ အပါယ်ကျစေတတ်တဲ့ လောဘ၊ ဒေါသ၊ မာန၊

မောဟတို့ကိုလဲ ပယ်တာပဲ၊ သောတာပန်က ဒိဋ္ဌိနုသယနဲ့ ဝိစိကိစ္ဆာနုသယ နှစ်ပါးကို ပယ်တယ်ဆိုတာ အကြွင်းမဲ့ ပယ်တာကို ပြောတာပါ၊ ကျန်တဲ့ အနုသယတွေကိုလဲ အပါယ်ကို ရောက်စေနိုင်တဲ့ အနုသယမျိုးကိုတော့ ပယ်တာပဲ၊ အဲဒီလို သီးခြား မှတ်ထားရပါမယ်။

သကဒါဂါမ်ကတော့ သီးခြား ဘယ်အနုသယကိုမှ အကြွင်းမဲ့ပယ်တယ်လို့ မရှိဘူး၊ အခုန သောတာပန်ပယ်လို့ ကျန်နေတဲ့ အနုသယငါးပါးကို သူက နဲနဲခေါင်းပါးသွားအောင် ပယ်လိုက်တာပဲ၊ ဒါကြောင့်မို့လို့ သကဒါဂါမ် ပုဂ္ဂိုလ် များကော အိမ်ထောင်ပြုသေးသလားဆိုတဲ့ ပြဿနာ ရှိလာတယ်။ ဘာပြုလို့လဲ ဆိုတော့ ကာမရာဂါနုသယကို သူက အကြွင်းမဲ့မှ မပယ်ဘဲကိုး၊ သောတာပန် မှာ အိမ်ထောင်ရှိတာကတော့ ရှင်းတယ်၊ ဝိသာခါတို့ အနာထပိဏ်တို့ အိမ်ထောင် ရှိနေတာ လူတိုင်း သိနေကြတာပဲ၊ သကဒါဂါမ်ကျတော့ အိမ်ထောင်ပြုသေး သလားဆိုတော့ အိမ်ထောင်ရှိနေပေမဲ့ ခပ်ကင်းကင်းနေမှာ ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက တော်တော်ခေါင်းပါးအောင် ပယ်သွားပါပြီ၊ လုံးဝ အကြွင်းမဲ့သာ ကာမရာဂကို မပယ်သေးတာ၊ မပယ်ပေမဲ့ တော်တော်ခေါင်းပါး အောင် ပယ်သွားတဲ့အခါကျတော့ မဂ်နှစ်ခါ ပယ်လိုက်တယ်ဆိုရင်ပဲ အိမ်ထောင်နဲ့ နေပေမဲ့ ခပ်ကင်းကင်း သဘောမျိုးတော့ ဖြစ်သွားမှာပေါ့၊ သကဒါဂါမ်က အထူး ထပ်ပယ်တာတော့ မရှိဘူး၊ ခေါင်းပါးရုံလောက်ပဲ ပယ်နိုင်တယ်။

အနာဂါမ်ကျတော့ ကာမရာဂါနုသယနဲ့ပဋိဃာနုသယ နှစ်ခုကို ထပ်ပြီး တော့ အကြွင်းမဲ့ ပယ်လိုက်တယ်၊ သကဒါဂါမ်တုန်းကလဲ ကာမရာဂါနုသယနဲ့ ပဋိဃာနုသယကို ပယ်တာပဲ၊ ပယ်ပေမဲ့ သကဒါဂါမ်က အကြွင်းမဲ့ မပယ်နိုင်လို့ နဲနဲတော့ ကျန်သေးတယ်၊ အနာဂါမ်ကျမှ ကာမရာဂါနုသယရော၊ ပဋိဃာ နုသယရော ပယ်လိုက်တာပဲ။

ကာမရာဂါနုသယဆိုတာ တရားကိုယ်က လောဘပါ၊ ပဋိဃာနုသယ ဆိုတာ ဒေါသ၊ ဒီလောဘဆိုတာကလဲ အနာဂါမ်ကျတော့ ကာမရာဂဆိုတဲ့ လောဘကိုသာ ပယ်တာ။ ဘဝရာဂဆိုတဲ့ လောဘတော့ မကုန်သေးဘူး၊

ဒေါသကတော့ လုံးဝ မရှိတော့ဘူး၊ အနာဂါမ်ကို သွားပြီး ဘယ်လိုလုပ်လုပ် ဘာပြောပြော စိတ်ဆိုးတယ်ဆိုတာ မရှိဘူး၊ အနာဂါမ်ဟာ စမ်းသပ်လို့ လွယ်ပါတယ်။

လူဝတ်ကြောင်နဲ့ အနာဂါမ်ပုဂ္ဂိုလ်ထိအောင်တော့ နေနိုင်တယ်။ အိမ်ထောင်မပြုဘဲ လူပျိုကြီးဘဝနဲ့ အနာဂါမ်အဖြစ်နဲ့ နေလို့ရတာပဲ၊ သို့ပေမဲ့ ဟုတ်လား မဟုတ်လားလို့ စမ်းကြည့်ချင်တယ်ဆိုလို့ရှိရင် စိတ်ဆိုးအောင် လုပ်ကြည့်လို့ ဘယ်လိုလုပ်လို့မှ စိတ်မဆိုးရင်တော့ ဒီလူပျိုကြီးဟာ အနာဂါမ်ပဲ၊ သေချာတာပေါ့၊ အပျိုကြီး လူပျိုကြီးတွေ အနာဂါမ် ဟုတ်မဟုတ် စစ်ချင်လို့ ရှိရင် စိတ်ဆိုးအောင် လုပ်ကြည့်ရင် ထင်ရှားတယ်၊ အနာဂါမ်က ကာမရာဂါနုသယနဲ့ ပဋိဃာနုသယကို အကြွင်းမဲ့ ထပ်ပယ်လိုက်တာကိုး။

ရဟန္တာကတော့ ကျန်တဲ့ ဘဝရာဂါနုသယ၊ မာနာနုသယ၊ အဝိဇ္ဇာနုသယ သုံးမျိုးကို အကြွင်းမဲ့ ထပ်ပယ်လိုက်တယ်၊ အဲဒီတော့ ဘဝရာဂါနုသယဆိုတာ တရားကိုယ်က လောဘပဲ၊ မာနာနုသယကတော့ မာနပဲ၊ အဝိဇ္ဇာနုသယကတော့ မောဟပဲ၊ ဒါကြောင့်မို့လို့ ဘဝရာဂါနုသယဆိုတာလဲ လောဘပဲ၊ လောဘဆိုတာ မဂ်နဲ့ လေးကြိမ်တောင် ပယ်ရတယ်။

မာနဆိုတဲ့ ကိလေသာကလဲ သာမညကိလေသာ မဟုတ်ဘူး၊ မာနကို သောတာပန်တုန်းကလဲ ပယ်တာပဲ၊ သောတာပန်မှာ ရှိတဲ့ မာနနဲ့ ပုထုဇဉ်မာန မတူပါဘူး၊ သကဒါဂါမ်တုန်းကလဲ မာနကို ပယ်တာပဲ၊ အနာဂါမ်တုန်းကလဲ မာနကို ပယ်တာပဲ၊ သို့ပေမဲ့ မာနက ကျန်နေသေးတယ်၊ ရဟန္တာကျမှ မာနက ကုန်တယ်၊ မာနဟာလဲ သိပ်ဆိုးတဲ့ တရားပဲ။

အဝိဇ္ဇာနုသယဆိုတာ မောဟပါ၊ မောဟကိုလဲ သောတာပန်ဖြစ်တယ် ဆိုရင်ပဲ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်တဲ့ အဝိဇ္ဇာဆိုတဲ့ မောဟကို ပယ်တော့ ပယ်တာပဲ၊ ပယ်ပေမဲ့ ကျန်နေသေးတာပဲ၊သကဒါဂါမ်ကလဲ မောဟကို ပယ်တာပဲ၊ ကျန်နေသေးတယ်၊ အနာဂါမ်ကလဲ မောဟကို ပယ်တာပဲ၊ ကျန်နေသေးတယ်၊ မောဟကို ရဟန္တာကျမှ အကြွင်းမဲ့ ပယ်တာ၊ ဒါကြောင့်မို့လို့ ရဟန္တာကျတော့

ဘဝရာဂါနုသယ၊ မာနာနုသယ၊ အဝိဇ္ဇာနုသယ ဆိုတဲ့ အနုသယသုံးပါးကိုပဲ ပယ်ရုံ ရှိတော့တယ်။

အဲဒီတော့ အနုသယ (၇)ပါးမှာ သောတာပန် ပယ်တာက နှစ်ပါး၊ သကဒါဂါမ် ပယ်တာ လုံးဝမရှိဘူး၊ အနာဂါမ် ပယ်တာက နှစ်ပါး၊ ရဟန္တာ ပယ်တာက သုံးပါး၊ ပေါင်းလိုက်တော့ ခုနစ်ပါး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ သာမညပြောတဲ့အခါကျတော့ သောတာပန်က ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပယ်တယ်ဆိုတာ အကြွင်းမဲ့ပယ်တာကို ပြောတာ၊ အနာဂါမ်ကျတော့ ကာမရာဂနဲ့ ဒေါသပယ်တယ်ဆိုတာ အကြွင်းမဲ့ ပယ်တာကို ပြောတာ။ ရဟန္တာကျတော့ ဘဝရာဂဆိုတဲ့ ရူပဘုံအရူပဘုံကို တွယ်တာတဲ့ လောဘနဲ့ မာန မောဟတွေကို အကြွင်းမဲ့ ပယ်လိုက်ပါတယ်၊ မာနဆိုတာကတော့ ကိုယ့်ကိုယ်ကို ငါလို့ ထင်နေတဲ့ မာနလေးပေါ့၊ ဒါကြောင့်မို့လို့ လူလုပ်နေတယ်ဆိုတာ လောဘရယ်၊ ဒိဋ္ဌိရယ်၊ မာနရယ်၊ ဒီသုံးခုနဲ့ လူလုပ်နေတာလို့ တင်ပြခဲ့တာပါ။ လောဘ မရှိလို့ ရှိရင် လူလုပ်လို့ မရဘူး၊ မာန မရှိလို့ရှိရင် လူလုပ်လို့ မရဘူး။

အဲဒီတော့ သောတာပန်လဲ သောတာပန်မာနလေးတော့ ရှိတာပဲ။ သကဒါဂါမ်လဲ သကဒါဂါမ်မာနလေး ရှိသေးတာပဲ၊ အနာဂါမ်ကျတော့လဲ အနာဂါမ်မာနလေး ရှိသေးတာပဲ၊ ဒါကြောင့်မို့လို့ လူလုပ်လို့ ရတာပေါ့၊ အနာဂါမ် လောဘရှိသေးတယ်၊ မာနရှိသေးတယ်၊ လူလုပ်လို့ ရသေးတယ်၊ လောဘလဲ မရှိ၊ မာနလဲ မရှိတော့ လူလုပ်လို့ မရတော့ဘူး၊ ရဟန္တာ ဖြစ်သွားတော့ လူထဲမှာ နေလို့ကို မရတော့ဘူးတဲ့။ လောဘနဲ့ မာနမှ မရှိဘူးဆိုလို့ ရှိရင် လူလုပ်လို့ကို မရတော့ဘူး။

## သံယောဇဉ် (၁၀) ပါး

အနုသယ ခုနစ်ပါးပြီးတော့ သံယောဇဉ် ဆယ်ပါး၊ သား သံယောဇဉ်၊ သမီးသံယောဇဉ်၊ မိဘသံယောဇဉ်၊ ပစ္စည်းသံယောဇဉ်လို့ သံယောဇဉ်ဆိုတာ

မြန်မာစကား ဖြစ်နေတယ်၊ တကယ်တော့ သံယောဇဉ်ဟာ မြန်မာစကား မဟုတ်ဘူး၊ မြန်မာက မွေးစားယူတော့ မြန်မာစကားတော့ ဖြစ်သွားတာပေါ့။

**သံယောဇနမှ သံယောဇဉ်ပြောင်းပုံ**

သူ့ပါဠိအရင်းက သံယောဇန၊ သံယောဇနပါဠိကို နောက်က (နငယ်) ရှိတဲ့အခါကျတော့ (နငယ်)ကို (ဉ) တစ်ခြမ်းပဲ့နဲ့ ပြောင်းပြီး သံယောဇဉ်လို့ ဒီလို မွေးစားယူလိုက်တယ်။

ဒါကြောင့်မို့လို့ သတ်ပုံမှာ မြန်မာလို ရိုးရိုးဆိုလို့ရှိရင် (ဉ)တစ်ခြမ်းပဲ့ သတ်စရာ ဘာမှ ပြဿနာ မရှိဘူး၊ (ဉ) တစ်ခြမ်းပဲ့ သတ်လိုက်တာကိုက အဲဒီ စကားဟာ မြန်မာစကားအစစ် မဟုတ်ဘူး၊ မွေးစားထားတဲ့ စကားပဲ။ (န ငယ်)နဲ့ (ဉ)နဲ့က ပဉ္စမအက္ခရာချင်းတူတာကိုး၊ (န) နဲ့ (ဉ )က ဌာန်နီးတယ်၊ ဆိုကြည့်ပါလား (န၊ န၊ န) လို့ ကြာကြာဆိုရင် (ည)ဖြစ်သွားတာပေါ့၊ အဲဒီတော့ မြန်မာအသံကျတော့ သံယောဇန်လို့ ဒီလို မပြောင်းဘူး၊ သံယောဇန် လို့ ကြာကြာ ဆိုလို့ရှိရင် မြန်မာလျှာက သံယောဇဉ်လို့ပဲ ဖြစ်သွားမှာပဲ။

ဒါကြောင့်မို့လို့ (န)နဲ့ ရှိတဲ့ ပါဠိတွေကို မြန်မာက (ဉ) တခြမ်းပဲ့နဲ့ ပြောင်းယူတယ်၊ ဥပမာ ဥယျာနပါဠိကို ဥယျာဉ်လို့ (ဉ်)သတ်ရတယ်၊ (ဉ်) သတ်ရတဲ့ အဓိပ္ပာယ်က ဥယျာနပါဠိက ပြောင်းလာတယ်လို့ သိအောင်လို့ပဲ၊ ဥယျာဉ်ဆိုတာ အခုဆို လူတိုင်း သုံးနေတယ်။

သိတော့ သိတာပဲ၊ ဥယျာဉ်ဆိုတာ လူတိုင်း သွားရတယ်၊ ပျော်စရာ ကောင်းတယ်၊ လူတွေ ပျော်ဖို့ ပါးဖို့ လည်ဖို့ ပတ်ဖို့ နေရာကို ဥယျာဉ်လို့ ခေါ်တယ်။ ဒီလို ပြောရင်တော့ ရတာပေါ့၊ သို့ပေမဲ့ သူ့ဇာစ်မြစ်က ဥယျာန ဆိုတဲ့ ပါဠိက လာတာ၊ ဒီလိုပဲ (ဉ်)သတ်လို့ (ဏ်)သတ်တို့ ရေးတယ် ဆိုရင် ပါဠိက လာတာချည်းပဲ၊ နောက်တစ်ခုက ယာနကို ယာဉ်ဆိုပြီးတော့ ရေးကြ သေးတယ်၊ ရိုးရိုး(ယ)လေးနဲ့ (င)မသတ်ဘဲနဲ့ (ယ)ကို ရေးချပြီးတော့ (ဉ်)သတ်နဲ့

ယာဉ်လို့ ပြောင်းလိုက်တာဟာ (ယာန) ဆိုတဲ့ ပါဠိက ပြောင်းလာလို့ပဲ၊ အခု မော်တော်ယာဉ်တို့ လေယာဉ်တို့ လှည်းယာဉ်တို့ ဆိုတာတွေဟာ မြန်မာစကား လား ဆိုတော့ ပါဠိက ပြောင်းလာတာတဲ့။ အဲဒီ (န)နဲ့ ဆုံးတဲ့ ပါဠိတွေကို မြန်မာလို ပြောင်းယူတဲ့အခါကျတော့ (ဉ)တစ်ခြမ်းပဲ့နဲ့ ပြောင်းယူတယ်၊ ဥပမာ ဥယျာန=ဥယျာဉ်၊ ယာန=ယာဉ်။

သမ္ဗာဓနကျတော့ မြန်မာက သမ္ဗာဓဉ်လို့ ဒီလို ပြောင်းလိုက်တာ၊ သတိ သမ္ဗာဓဉ်နဲ့ ပြည့်စုံရပါလို၏။ သမ္ဗာဓဉ်လို့သာ ပြောတယ်၊ သမ္ဗာဓန်လို့ မပြောဘူး။

ဝိညာဉ်ဆိုတာလဲ ပါဠိစကားပဲ၊ ပါဠိက ဝိညာဏ၊ ဝိညာဏကျတော့ (ဏ)ကို (ဉ)တစ်ခြမ်းပဲ့နဲ့ ဝိညာဉ်လို့ ဘာကြောင့် ပြောင်းရသလဲဆိုတော့ ဝိညာဉ်ဆိုတဲ့ စကားဟာ မြန်မာစကား မဟုတ်ဘူး၊ ပါဠိက လာတာဖြစ်လို့ပဲ။

အဲဒီလိုပဲ ပဋိညာယ=ပဋိညာဉ်၊ ပါဠိကတော့ ပဋိညာယကို (ယ)နဲ့ပဲ ရေးတယ်၊ အခု ပဋိညာဉ်စာချုပ်ဆိုပြီး မြန်မာမှာ သုံးနေတယ်၊ ပဋိညာဉ်ကို ဘာနဲ့ သတ်မလဲဆိုတော့ (ဉ) တစ်ခြမ်းပဲ့နဲ့ပဲ သတ်တာပေါ့၊ ဘာဖြစ်လို့လဲ ဆိုတော့ ပဋိညာယဆိုတဲ့ ပါဠိက လာလို့၊ ဒီလိုပဲ အဘိညာယ=အဘိညာဉ်။

အဲဒီလို ပါဠိစကားတွေကို မြန်မာလို မွေးစားယူတော့ မြန်မာစကားထဲမှာ ပါဠိဟာ သေသေချာချာ စစ်ကြည့်မယ်ဆိုရင် သုံးပုံ ပုံ၊ တစ်ပုံလောက် ဝင်နေ တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟိုပုဂံခေတ်က စပြီးတော့ ရှေးက မြန်မာလူမျိုးတွေ ဆိုတာက ဒီအဘိဓမ္မာ(၇)ကျမ်းကို မိန်းမလေး ယောကျ်ားလေးက စပြီး အကုန်လုံး မတတ်တဲ့လူမှ မရှိဘဲနဲ့။ မရှိတော့ အချို့ပါဠိတွေဟာ မြန်မာစကားတွေ ဖြစ်လာ တာပေါ့။

## သံယောဇဉ် ကြိုးနဲ့တူပုံ

အဲဒီတော့ သံယောဇဉ်ဆယ်ပါးမှာ သံယောဇန=သံယောဇဉ်ဆိုတာတော့ ဟုတ်ပြီ။ မြန်မာလို သံယောဇဉ်ဆိုတာကတော့ ထားတော့။ မြန်မာလို

သံယောဇဉ်ရဲ့ အဓိပ္ပာယ် ပြောစမ်းပါဆိုရင် သားသမီး သံယောဇဉ်ဆိုတော့ သားသမီးဟာ သံယောဇဉ်ပေါ့။ သူ့ကို တွယ်တာတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ပစ္စည်းသံယောဇဉ်ဆိုတော့ ပစ္စည်းကို တွယ်တာတဲ့သဘောပဲ။ မြန်မာစကားမှာ သံယောဇဉ်ကို အဓိပ္ပာယ်ဖွင့်မယ်ဆိုရင် တွယ်တာတဲ့ သဘောပဲ။ ဒါပေမဲ့ ပါဠိဝေါဟာရမှာ သံယောဇနက ကြိုးကို ခေါ်တာ။ ကြိုးဆိုတာဟာ လူကို ဘယ်မှ မသွားနိုင်အောင် ထုပ်ထား ချည်ထားနိုင်တယ်။ ကြိုးကို အဘိဓာန် ဖွင့်စမ်းပါဆိုရင် ကြိုးဆိုတာက အထုပ်အပိုးတို့ ဘာတို့ ညာတို့ တစ်ခုခုကို ထုပ်ပိုးရတယ်။ နွားတွေ ဘာတွေ ချည်ရတယ် စသဖြင့် ကြိုးကို အဘိဓာန် ဖွင့်ရရင် အများကြီးပဲ။ ဒါပေမဲ့ ချည်ဖို့ ထုပ်ဖို့က လိုရင်းပါပဲ။

အဲဒီတော့ သံယောဇဉ်ကို ကြိုးလို့ ခေါ်တာက သံယောဇဉ်ဆိုတဲ့ ကြိုးက လူကို ချည်ထားနိုင်တယ်။ မိန်းကလေးတစ်ယောက်ဟာ သားသမီးမရှိခင် သူသွားချင်ရာ သွားလို့ရတယ်။ ကလေးမွေးလာလို့ရှိရင် သွားချင်ရာ သွားလို့ မရတော့ဘူး။ အိမ်က အမေ ဘယ်မှ မသွားနဲ့လို့ ကလေးက ချည်ထားလိုက်တယ်၊ တကယ့်ကြိုးနဲ့ ချည်မထားပေမဲ့ ချည်ထားသလိုပဲ။ ဒါကြောင့်မို့လို့ သူက ကြိုးကလေးတစ်ချောင်းပဲ။

တရားဟောဆရာတို့ ကွက်စိပ်ဆရာတို့ ပြောတာပဲ။ ဘုရားအလောင်း တောထွက်ခါနီး ယသောဓရာ အိပ်ခန်းအတွင်းမှာ ကလေးလေးနဲ့ အိပ်နေတာကို ဝင်ကြည့်တယ်တဲ့။ တချို့တလေကတော့ မကြည့်ဘူးလို့လဲ ပြောကြတာပဲ။ ဘာလို့လဲဆိုတော့ သားသံယောဇဉ်ကို မြင်လိုက်လို့ရှိရင် တောမထွက်နိုင်မှာ ကြောက်လို့တဲ့။ အဲဒီလို သားသံယောဇဉ်ကလဲ ကြိုးကလေးပဲကိုး။

ပစ္စည်းကလဲ အိမ်မှာ စိန်တွေ ရွှေတွေ ဘာတွေ ညာတွေ အများကြီး ရှိနေတဲ့ လူဟာ ဝေးဝေးကို သွားလို့ မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ချည်ထားတယ်။ ပစ္စည်းသံယောဇဉ်ဆိုတာက တခြား ထွက်သွားလို့ရှိရင် သူများတကာ တက်ယူမှာ ကြောက်လို့၊ အိမ်ကလဲ သိပ်စိတ်မချရလို့ ရှိရင် သိပ်မသွားချင်တော့ဘူး။ ဒါကြောင့်မို့လို့ ပစ္စည်းကလဲ ကြိုးပဲ၊ အတူတူပေါ့လေ၊

သံယောဇဉ်ဆိုတာ မိန်းမတွေမှာလဲ ယောကျ်ားတွေဟာ ကြိုးပဲ၊ ယောကျ်ားတွေမှာလဲ မိန်းမတွေဟာ ကြိုးပဲ၊ မိဘတွေမှာလဲ သားသမီးတွေဟာ ကြိုးပဲ။ သားသမီးတွေမှာလဲ မိဘတွေဟာ ကြိုးပဲ။ သံယောဇဉ်ဆိုတာ ကြိုးတွေချည်းပဲ။

ကဗျာဆရာတွေက "သံယောဇဉ်ကြိုး ဆယ်မျိုးခိုင်ခိုင်၊ တုပ်ထားချုပ်ထား လှုပ်အားမနိုင်" ဆိုပြီး ရေးခဲ့တာဟာလဲ ဒီ သံယောဇဉ်ဆယ်ပါးကို ကြည့်ပြီး ရေးတာပါပဲ။ သံယောဇဉ်ကြိုး တစ်ချောင်းနဲ့ တုပ်ထားချုပ်ထားတယ်တဲ့။ သံယောဇဉ်ကြိုး ဆယ်ချောင်းနဲ့ ချည်ထားလို့ လူတွေဟာ ဒီလောကထဲက ထွက်ပြီးတော့ မသွားနိုင်ဘူးတဲ့။

အဲဒီတော့ သံယောဇဉ်ဟာ ကြိုးပဲတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ လူတွေကို ဘယ်မှ မသွားနိုင်အောင် ချည်ထားလို့။ ဒါပေမဲ့ (၃၁)ဘုံ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ထိအောင် သွားချင်ရင် သွားလို့ရတယ်။ (၃၁)ဘုံက ဘယ်မှ ထွက်မသွားရအောင် ဒီကြိုးလေးတွေနဲ့ ချည်ထားတာ။ မြင်တော့ မမြင်ရဘူး၊ ဒီကြိုးတွေက အင်အားကြီးမားတဲ့ ကြိုးတွေ၊ ဒီကြိုးတွေကို မဂ်လေးတန်နဲ့ ဖြတ်မှ ရတယ်၊ ဒါနနဲ့လဲ ဖြတ်လို့ မရဘူး၊ သီလနဲ့လဲ ဖြတ်လို့ မရဘူး၊ ဒီကြိုးကို ဖြတ်ဖို့ဆိုတာ သမ္မာသမ္ဗုဒ္ဓ ဘုရားပွင့်လာတဲ့ အခါကျတော့မှ မဂ်ဉာဏ်ဆိုတဲ့ မဂ်လေးတန်နဲ့ ဖြတ်ယူမှ အကြွင်းမဲ့ ဖြတ်လို့ ရတယ်။

အဲဒီတော့ အနုသယနဲ့ သံယောဇဉ်ဟာ အဓိပ္ပာယ်ချင်း အတူတူပဲ။ အနုသယကိုသာ ပြဿနာလုပ်ပြီး ပြောကြတယ်။ သံယောဇဉ်ကျတော့ ဘာမှ မပြောကြဘူး၊ အဓိပ္ပာယ်ချင်းက ဘာမှ ထူးတာ မဟုတ်ဘူး။

(၁) ကာမရာဂ သံယောဇဉ်ဆိုတာက ကာမဂုဏ်တွေမှာ တွယ်တာမှုပေါ့၊ စေတသိက်ကတော့ လောဘပဲ။

ကာမရာဂသံယောဇဉ်ဆိုတာက သားရော သမီးရော ပစ္စည်းဥစ္စာရော အကုန်လုံး ပါတယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့

အာရုံငါးပါးကို တွယ်တာတဲ့ လောဘကို ကာမရာဂခေါ်တာပါပဲ၊ လူတွေက ဖောဋ္ဌဗ္ဗာရုံတစ်ခုထဲကိုသာ ကာမရာဂလို့ သိနေကြတယ်။

လောဘကြိုးဆိုတာကတော့ ထင်ရှားပါတယ်၊ ဒီလောဘကြောင့် လူတွေဟာ ဘယ်မှ မသွားနိုင်ဘဲနဲ့ တဝဲလည်လည်နဲ့ နေကြရတယ်။

(၂) ဘဝရာဂသံယောဇဉ်ဆိုတာက ဘဝကို တွယ်တာနေတဲ့ တဏှာ လောဘကို ဆိုတာပဲ၊ သူလဲ ကြိုးပဲ၊ အနာဂါမ်တွေမှာ ကာမရာဂ မရှိတဲ့ အတွက် ကာမ ဆယ့်တစ်ဘုံမှာတော့ မဖြစ်တော့ဘူး၊ ဒါပေမဲ့ သုဒ္ဓါဝါသ ဆိုတဲ့ ဘုံမှာ သွားပြီး ဖြစ်သေးတာကိုး။ အဲဒါကြောင့်မို့လို့ ချည်ထားတဲ့ ကြိုးက မလွတ်သေးတော့ သူတို့လဲ ဘဝရာဂသံယောဇဉ်ကြိုးနဲ့ ချည်နှောင်ခံ ကြရတာပဲ။

## ဒေါသ ကြိုးနဲ့တူပုံ

(၃) ပဋိဃသံယောဇဉ်ကျတော့ ပဋိဃဆိုတာ ဒေါသ၊ ဒေါသဆိုပေမဲ့ စိတ်ဆိုးတာ မဟုတ်ဘူး၊ မကျေနပ်မှုတို့ စိတ်မှာ ထိခိုက်မှုတို့ ဒါအကုန်လုံး ပဋိဃချည်းပဲ၊ စိတ်နဲနဲ ထိခိုက်တယ်၊ စိတ်ထဲမှာ မကျေနပ်ဘူး၊ စိတ် မချမ်းသာဘူး၊ ဒါဟာ ပဋိဃချည်းပဲ၊ အဲဒီတော့ ဒီလူတွေကို လောဘက ချည်ထားတာကတော့ ရှင်းတယ်၊ ဒေါသဖြစ်တယ်ဆိုရင် လင်မယားချင်းတောင် ကွဲသွား ပြတ်သွားတာပဲ။ အဲဒီတော့ ဒေါသဟာ ချည်ထားတဲ့ကြိုး ဘယ်လို ဖြစ်မလဲတဲ့။

ဒေါသကို ချည်ထားတဲ့ ကြိုးလို့ အဓိပ္ပာယ်ပြောရင် သိပ်မလွယ်လှဘူး၊ လောဘကို သံယောဇဉ်ဆိုတာကတော့ သဘောပေါက်တယ်၊ တချို့တလေ ဒေါသ ပိုကြီးတယ်ဆိုလို့ရှိရင် ပိုပြီးတော့ သံယောဇဉ်ကြီးတယ်၊ မိန်းမနဲ့ ယောကျ်ား ရန်ဖြစ်တယ်၊ ရန်ဖြစ်တော့ ကွဲတယ်၊ ကွဲပေမဲ့ မိန်းမက နောက်ယောကျ်ား ယူချင်လို့ ယောကျ်ားဆီမှာ ဖြတ်စာတောင်းတယ်၊ ဒီမိန်းမကို ဒေါသ ဖြစ်လို့ရှိရင် ဖြတ်စာမပေးဘူးတဲ့။ အဲသလို ဒေါသက ချည်ထားသေးတာပဲ။ ဒီမိန်းမ

နောက်ယောက်ျား မယူနိုင်အောင်ဆိုပြီးတော့ ဒေါသရှိနေတဲ့အခါမှာ ဖြတ်စာကို မပေးဘူး၊ ဒေါသကလဲ ချည်ထားတာပဲ။

လူငယ်တွေအတွက် နဲနဲထင်ရှားတဲ့ ဥပမာပေးမယ်ဆိုရင် လူနှစ်ယောက် ရန်ဖြစ်နေတယ်ဆိုပါတော့၊ ရန်ဖြစ်တယ်ဆိုလို့ရှိရင် နှစ်ယောက်စလုံး ဒေါသ ဖြစ်မယ်၊ သူငယ်ချင်းတွေက ဟိုဘက်လူကို ဆွဲနေတယ်၊ ဆွဲလို့ မရဘူး၊ ဒေါသဖြစ်နေတော့ ရန်ဖြစ်တဲ့ နားက ထွက်မသွားနိုင်ဘူး၊ သူကလဲ ကြိုးပဲတဲ့၊ ဒေါသဖြစ်နေတဲ့ လူကို ဆွဲလို့ မရဘူး၊ အတင်းပဲ ရုန်းပြီးတော့ ရန်ဖြစ်တဲ့ဆီကိုပဲ လာနေတာပဲ။ အဲဒီတော့ ဒေါသဟာ ဘယ်လို သံယောဇဉ်ကြိုး ဖြစ်သတုံး ဆိုတော့ ဒေါသဟာ ပိုပြီးတော့ သိသာတဲ့ သံယောဇဉ်ကြိုး ဆိုတာ ထင်ရှား သေးတယ်၊ ပြန်ကိုမသွားဘူး၊ ဆွဲလေ ကဲလေပဲ။ ဒါကြောင့်မို့လို့ တချို့တလေက ပြောကြတယ်။ ရန်ဖြစ်ရင် သွားမဆွဲနဲ့တဲ့၊ လွှတ်ထားလိုက်တဲ့။ ဆွဲလေ ရုန်းလေပဲတဲ့။

ဒါကြောင့်မို့လို့ ပဋိဃသံယောဇဉ်ဆိုတဲ့အခါ ဒေါသလဲ ကြိုးတစ်ချောင်း ပဲ၊ ဒါ အနာဂါမ်ကျမှ ပယ်နိုင်တာ။

(၄) မာနသံယောဇဉ်ဆိုတာက မာနကလဲ ကြိုးဆိုတာ ထင်ရှားပါတယ်။ လူလုပ်နေကြတာ လောကကြီးမှာ ပညာရှင်တွေကလဲ ငါက ပညာရှင်ပဲ။ ပစ္စည်းရှင်တွေကလဲ ငါက ပစ္စည်းရှင်ပဲ။ ရာထူးကြီးတဲ့ လူတွေကလဲ ငါက ရာထူးကြီးတဲ့ လူတစ်ယောက်ပဲဆိုပြီးတော့ ဒီမာနနဲ့ပဲ လောကကြီးထဲက မထွက် နိုင်ဘဲနဲ့နေကြတာပဲ။ အဲဒီတော့ အာဏာရှင်တို့ ပစ္စည်းရှင်တို့ ပညာရှင်တို့က မာနရှိတယ်ဆိုတာ ထားတော့။ အာဏာမဲ့တဲ့ လူတို့ ပစ္စည်းမဲ့တဲ့လူတို့ ပညာမဲ့ တဲ့လူတို့ မာနရှိတာကျတော့ တချို့တလေက သဘောမပေါက်ကြဘူး။ သူတို့က ပိုတောင် မာနကြီးသေးတယ်။ ပစ္စည်းရှိတဲ့လူ မာနထက်တောင် ပစ္စည်းမဲ့တဲ့လူ မာနက ပိုကြီးသေးတယ်။ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးတဲ့။ သူက မာန ပိုကြီး တယ်။ သူ့မှာ မီးလောင်စရာလဲ အိမ်မရှိဘူး။ သူက လမ်းပေါ်မှာ တစ်ယောက်ထဲ နေတဲ့ လူတစ်ယောက်ဆိုတော့ ဘယ်သူ့ကိုမှ ဂရုစိုက်စရာ မရှိဘူး။ အဲဒီတော့ ပစ္စည်းမဲ့တဲ့ လူက ပို မာနကြီးသေးတယ်။

ပညာမဲ့တဲ့ လူကလဲ မာနကြီးတာပဲ။ ငါက ဘာပညာမှ တတ်တဲ့လူ မဟုတ်ဘူး။ ငါ ဘယ်သူ့ ဂရုစိုက်ရမှာလဲတဲ့။ ပညာတတ်တဲ့ လူက ငါ ပညာရှိပဲ ဆိုပြီး သူ့ကိုယ်သူ ဂရုစိုက်နေတယ်။ ပညာမဲ့တဲ့ လူက သူ့ကိုယ်သူလဲ ဂရုမစိုက်ဘူး၊ ဘယ်သူ့ကိုမှလဲ ဂရုမစိုက်တော့ဘူးဆိုတော့ ပညာမဲ့တဲ့ လူကလဲ ပိုပြီး မာနကြီးတာပဲတဲ့။

အဲဒီမာနဆိုတဲ့ သံယောဇဉ်ကြိုးတွေနဲ့ ချည်ထားလို့ (၃၁)ဘုံက မလွတ်နိုင်ကြတာ။ မာနက လူမှာ မရှိလို့လဲ မဖြစ်ဘဲကိုး။ လူလဲ လူအလျောက်၊ နတ်လဲ နတ်အလျောက်၊ ဗြဟ္မာလဲ ဗြဟ္မာအလျောက်၊ အချို့အရိယာလဲ အရိယာအလျောက် မာနက ရှိနေကြတာပဲ။ မာနမရှိဘူးဆိုရင် လူလုပ်လို့မှ မရဘဲကိုး။ ဒီကြိုးကို မဖြတ်ဘဲနဲ့လဲ လောကကြီးထဲက ထွက်လို့ မရဘူး၊ ဒါကြောင့်မို့လို့ မာနဆိုတဲ့ ကြိုးဟာ ရဟန္တာကျမှ ပြတ်တာ။ ဒါကြောင့် မာနဟာလဲ သံယောဇဉ်ကြိုးဆိုတာ ရှင်းပါတယ်။

(၅) ဒိဋ္ဌိသံယောဇဉ်ဆိုတာက ဒိဋ္ဌိကလဲ ကြိုးတစ်ချောင်းပဲ၊ ဒိဋ္ဌိဆိုတာ အယူဝါဒပဲ။ ဒါကတော့ ရှင်းတယ်၊ အခု ကမ္ဘာမှာ အယူဝါဒ မရှိတဲ့ လူရယ်လို့ မရှိဘူး။ ဘာသာဆိုတာကလဲ အမှန်ကတော့ အယူဝါဒတွေပါပဲ။ ယနေ့ကမ္ဘာမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး ဝါဒတွေဟာလဲ အယူဝါဒတွေပဲ။ ကိုယ့်အယူ ဝါဒ သူ့အယူဝါဒဆိုပြီးတော့ စွဲလမ်းပြီး နေကြတာပဲ။ အဲဒီ အယူဝါဒဆိုတဲ့ ဒိဋ္ဌိကြိုးတွေဟာ လူတွေကို ချည်ထားတာပဲ။ ဗုဒ္ဓဘာသာကလဲ ကိုယ့်ဘာသာက မှန်တယ်။ မူဆလင်ကလဲ သူတို့ဘာသာက မှန်တယ်၊ ခရစ်ယာန်ကလဲ သူတို့ဘာသာက မှန်တယ်၊ လောကမှာ ဝါဒတွေကလဲ ငါ့ဝါဒ မှန်တယ်၊ သူ့ဝါဒ မှန်တယ်လို့ ယူနေကြတာပဲ။

## ဒိဋ္ဌိကြိုးဟာ အဆိုးဆုံး

အဲဒီတော့ လူတွေမှာ အယူဝါဒဆိုတဲ့ ကြိုးတွေနဲ့ ချည်ထားတော့ (၃၁)ဘုံက မလွတ်နိုင်ပါဘူး။ အဲဒါကြောင့်မို့လို့ ကြိုးထဲမှာ အရေးကြီးဆုံး

ဒိဋ္ဌိကြီးက အဆိုးဆုံးပါ၊ အယူဝါဒကြီးဟာ အပါယ်လေးဘုံ ရောက်စေနိုင်တယ်။ ဒါကြောင့်မို့လို့ သောတာပန်ဖြစ်တဲ့ အခါကျတော့ အယူဝါဒတည်းဟူသော ဒိဋ္ဌိကြီးကို ပထမဦးဆုံး ဖြတ်ရတာကိုး။ အယူဝါဒတွေက သိပ် ရှုပ်ထွေးတာပဲ၊ ကမ္ဘာပေါ်မှာ ပါရဂူတွေကလဲ အမျိုးမျိုး ပေါ်တာပဲ။ ဘုရားတွေကလဲ အမျိုးမျိုး ပွင့်တာပဲ။ ပွင့်ပြီးတော့ ကိုယ့်ဝါဒတွေကို ကိုယ်ဟောပြောကြတာပဲ၊ ကိုယ့် အယူဝါဒတွေကို စာအုပ်တွေနဲ့လဲ ဖြန့်ကြတာပဲ။

အဲဒီတော့ လူတွေဟာ ဘယ်အယူဝါဒက မှန်တယ်လို့ ဆုံးဖြတ်ဖို့ဟာ သာမည ပညာရှိရုံနဲ့ ဘယ်သူမှ မသိနိုင်ဘူး။

ကမ္ဘာပေါ်မှာ ရှိတဲ့ လူအားလုံးဟာ အယူဝါဒမှာပဲ နစ်ပြီးတော့ နေကြတာပဲ။ အယူဝါဒက မှန်ရင်တော့ ကောင်းပါတယ်။ မမှန်ဘူးဆိုလို့ရှိရင် လူလဲ ပင်ပန်းတယ်။ ပိုက်ဆံလဲ ကုန်တယ်။ သံသရာမှာလဲ ဒုက္ခရောက်တယ် ဆိုတော့ ဒီအယူဝါဒဘေးကြီးဟာ သိပ်ပြီးတော့ ဆိုးတာပေါ့။

ဒါကြောင့်မို့လို့ ဒီအယူဝါဒဘေးကြီးက သောတာပန်ကျတော့ လွတ်တယ်။ သောတာပန်ကတော့ အယူဝါဒကို မှန်တယ် မှားတယ်လို့ ဆုံးဖြတ်နိုင်တာပဲ။ ဟောချင်တဲ့ ပါရဂူက ဟော၊ ရေးချင်တဲ့ ပါရဂူက ရေး၊ ဘယ်ဘုရားကပဲ ဟောဟော၊ ကောင်းကင်က ရှာန်နဲ့ ကြွလာပြီးတော့ ငါဘုရားပဲလို့ လာပြီးတော့ ဟောလဲ သောတာပန်ကတော့ သူဟောတဲ့တရား ဟုတ်တယ် မဟုတ်ဘူးဆိုတာ သိတယ်။

သံယုတ်ပါဠိတော်မှာ လာတယ် – ဘိက္ခုနီမလေးတစ်ယောက် တောထဲ သွားပြီး တရားအားထုတ်နေတယ်တဲ့၊ ဘိက္ခုနီမလေးက လှကလဲလှ၊ ချောကလဲ ချောဆိုပဲ။ အဲဒီတော့ မာရ်နတ်က (မာရ်နတ်ဆိုတာ နတ်ထဲမှာတော့ အလွန် တန်ခိုးကြီးတဲ့ နတ်ပဲ)ဘုရားနဲ့တူအောင် ဖန်ဆင်းပြီး တရားသွားဟောတယ်တဲ့။ ဘိက္ခုနီမလေးက ဘုရားခေတ်ကဆိုတော့ ဘုရားကို ဖူးတွေ့ဖူးတာကိုး။ မာရ်နတ်ဟောတဲ့ တရားကို နားထောင်ကြည့်တော့ ဘုရားမဟုတ်မှန်း ချက်ချင်း

သိတယ်။ နင် မာရ်နတ်ပဲ၊ ဘုရားမဟုတ်ဘူးတဲ့၊ မဟုတ်ဘူးဆိုတော့ မာရ်နတ်ဟာ တစ်ခါထဲ လစ်သွားတာပေါ့။

အဲဒီတော့ သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ကတော့ အယူဝါဒကို ဘယ်လိုပဲ ဟောဟော၊ မရတော့ဘူး။ ဒါကြောင့်မို့လို့ သံသရာထဲက မထွက်နိုင်အောင် လူတွေကို ချည်ထားတဲ့ ဒိဋ္ဌိကြိုးဟာ အဆိုးဆုံးပဲတဲ့၊ ဒါကြောင့်မို့လို့ သောတာပန်ဟာ ဒိဋ္ဌိကြိုးကို အရင်ဆုံး ဖြတ်ရတာပဲ။

(၆) နောက်ပြီးတော့ သီလဗ္ဗတပရာမာသ သံယောဇဉ်။ သီလဗ္ဗတမှာတော့ သီလရယ်, ဝတရယ် နှစ်ပုဒ် ခွဲရပါမယ်။ သီလက သီလပဲ။ ဝတက အကျင့်။ အဲဒီတော့ သီလဗ္ဗတ ပေါင်းလိုက်တဲ့အခါကျတော့ မြန်မာက အကျင့်သီလလို့ ပြောင်းပြန်ခေါ်တယ်။ ပရာမာသ ဆိုတာက မှားသောအားဖြင့် သုံးသပ်တယ်။ သီလဗ္ဗတပရာမာသ ပေါင်းလိုက်တဲ့အခါကျတော့ အကျင့်သီလအပေါ်မှာ မှားသောအားဖြင့် သုံးသပ်တယ်လို့ ဖြစ်သွားပါတယ်။

## အကျင့်သီလတွေ သံယောဇဉ်လား

သီလဗ္ဗတပရာမာသသံယောဇဉ်ဆိုတာက သီလတွေ, အကျင့်တွေ ကျင့်တာဟာ နတ်ပြည်ရောက်ဖို့ ဗြဟ္မာ့ပြည်ရောက်ဖို့ လောကစည်းစိမ်တွေ ခံစားဖို့ ဆိုပြီးတော့ ဒီလို ကျင့်တဲ့ အကျင့်တွေ ဒီလို စောင့်ထိန်းတဲ့ သီလတွေဟာ မှားသောအားဖြင့် သုံးသပ်တာ။ ဒါ သံယောဇဉ်ကြိုးဖြစ်သွားတာပဲ။ ဒီ သီလတွေ ဆောက်တည်လို့ လောကစည်းစိမ်တွေ မခံစားရဘူးလားဆိုတော့ ခံစားရတာပဲ။ ခံစားရတော့ လောကထဲက ဘယ်ထွက်လို့ ရတော့မလဲ။ ဒီ အကျင့်တွေ ကျင့်တယ်ဆိုလို့ရှိရင် လူ့ စည်းစိမ်၊ နတ်စည်းစိမ်တွေ ခံစားဖို့ ဆိုတဲ့ လောဘနဲ့ ကျင့်နေမယ်ဆိုလို့ရှိရင် ဒီ(၃၁)ဘုံက မလွတ်နိုင်တော့ပါ။ ဒီကြိုးထဲက ဖြစ်နေတာကိုး။

ဒါကြောင့်မို့လို့ အကျင့်သီလအပေါ်မှာ မှားသောအားဖြင့် သုံးသပ်တယ်ဆို လို့ရှိရင်လဲ ဒါ သံယောဇဉ်ပဲ၊ သီလစောင့်ထိန်းတယ်ဆိုတာက (၃၁)ဘုံက လွတ်မြောက်ရေးအတွက်လုပ်မှ ကြီးပြတ်မှာကိုး။ အဲဒီတော့ ဒါန၊ သီလ၊ ဘာဝနာ လုပ်တယ်ဆိုလို့ရှိရင်လဲ (၃၁)ဘုံက လွတ်မြောက်ရေးအတွက်ပဲ။ ဒီ လောဘ၊ ဒေါသ၊ မောဟကြီးတွေ ပြတ်ဖို့ အတွက်သာ ဒါန၊ သီလ၊ ဘာဝနာ လုပ်ရတာပဲ။ အဲဒီတော့ ဒီ(၃၁)ဘုံထဲမှာ နေဖို့ဆိုလို့ရှိရင် ကြီးပြန်ဖြစ်တာပဲ။

ဒါကြောင့်မို့လို့ သီလဗ္ဗတပရာမာသဆိုတာက အကျင့်သီလအပေါ်မှာ မှားသောအားဖြင့် သုံးသပ်တယ်ဆိုတော့ တရားကိုယ်က ဒိဋ္ဌိပါ။ အကျင့်သီလ အပေါ်မှာ သူရဲ့ ယူဆချက် မှားနေတော့ သီလဗ္ဗတပရာမာသ သံယောဇဉ် ဆိုတာလဲ ဒိဋ္ဌိပါပဲ။

(၇) နောက်ပြီးတော့ ဣဿာသံယောဇဉ်။ ဣဿာသံယောဇဉ်ဆိုတာက ဒေါသအုပ်စုတုန်းက တင်ပြခဲ့တဲ့ ဣဿာစေတသိက်ပဲ။ ဣဿာဆိုတာ မနာလို တာ။ သူများချမ်းသာတာကို မနာလိုတာ။ သူများကောင်းစားတာကို မနာလိုတာ။ ဒါ ဣဿာပဲ။ အဲဒီတော့ ဣဿာကလဲ သံယောဇဉ်ကြိုး တစ်ချောင်းပဲ။ ဣဿာက သူတပါး ချမ်းသာတာကို မနာလိုတာဆိုတော့ ဘယ်လို လုပ်ပြီး ကြိုးလို့ ခေါ်မလဲ ဆိုရင် သူတပါးကောင်းစားတာ မနာလိုတယ်ဆိုတဲ့ အဓိပ္ပါယ်က ကိုယ်ကောင်းစားချင်လို့။ အဓိပ္ပာယ်စစ်ကြည့်တော့ သူတပါးကောင်းစားတာ မနာလိုတဲ့ ဣဿာကိန်းတာဟာ ကိုယ်ကောင်းစားချင်လို့ ဆိုတာ ထင်ရှားတယ်။ အဲဒါကြောင့်မို့လို့ သူလဲ ကြိုးတစ်ချောင်းပဲတဲ့။ အဲဒီဣဿာရှိနေတဲ့ လူဟာ အထက်တန်းကို သိပ်မရောက်နိုင်ဘူး။

## လူညံ့နဲ့ လူတော် လေ့လာချက်

လူကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် သူတပါးကောင်းစားတာကို မနာလိုတဲ့ လူဟာ လူညံ့ပဲ၊ ပုထုဇဉ်ဆိုတာ ရှိတော့ ရှိမှာပေါ့၊ ရှိပေမဲ့ မြန်မာလူမျိုးတို့ရဲ့

ယဉ်ကျေးမှုအရသော်လည်းကောင်း၊ လူ့ရဲ့ အရည်အချင်းအရသော် လည်းကောင်း ကြည့်မယ်ဆိုရင် သူတပါးကောင်းစားတာကို မနာလိုဘူး။ လူတစ်ယောက် ရာထူးတက်သွားတယ်ဆိုရင် သူက မကျေနပ်ဘူး။ ဒီလူ ချမ်းသာတယ်ဆိုရင်လဲ ဘယ်တော့မှ အကောင်းမပြောဘူး။ ဘယ်သူတွေ ဘာဖြစ် သွားသွား သူ ဘယ်သူ့ကိုမှ အကောင်းမပြောဘူး၊ ဣဿာသိပ်များတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ လူကောင်းတစ်ယောက်ဖြစ်မလာနိုင်ဘူး။ သူဟာ ကြီးကြီး ကျယ်ကျယ် နေရာမျိုးကိုလဲ ဒီဘဝမှာ ဘယ်တော့မှ မရနိုင်ဘူး။ ဒါကြောင့်မို့လို့ ဣဿာဟာ တော်တော်ဆိုးတဲ့ ကြိုးတစ်ချောင်းပဲ။

များသောအားဖြင့် စိတ်သဘောကောင်းတဲ့ လူတွေမှာ ဣဿာမရှိဘူး။ ကိုယ့်ရန်သူ ဖြစ်ပါစေ၊ ကိုယ်နဲ့ မတဲ့တဲ့လူ ဖြစ်ပါစေ၊ ကိုယ့်အပေါ် မဟုတ်တာ လုပ်ထားတဲ့လူ ဖြစ်ပါစေ သြော်-သူတို့ ကောင်းစားသွားတယ် ဆိုလို့ရှိရင် ကိုယ်က ဝမ်းသာရမှာပေါ့။ အဲဒီလို စိတ်မျိုး မွေးကြတယ်။ ဘာဖြစ်လို့လဲဆို တော့ သူတို့မှာ ဣဿာမရှိလို့ပါပဲ။

(၈) မစ္ဆရိယသံယောဇဉ်။ မစ္ဆရိယဟာ ဝန်တိုတာပါ။ ဝန်တို ရှေ့က (သ)ထည့်ပြီးတော့ သဝန်တိုတယ်။ သဝန်ကြောင်တယ်လို့ သုံးကြတာပါ။ အရပ်ထဲမှာ သဝန်ကြောင်တယ်ဆိုတာက ကလေးကလား၊ အသေးစားပါ။ တကယ် ဝန်တိုတာက ကိုယ်ချမ်းသာသလို ဒီပြင်လူတွေ မချမ်းသာစေချင် ဘူး။ ကိုယ်သာ ချမ်းသာချင်တယ်။ ကိုယ် ရာထူးကြီးကြီး ရသလို သူများတွေကို ရာထူးကြီးကြီး မရစေချင်ဘူး။

ဣဿာနဲ့ တစ်မျိုးစီပဲ။ ဣဿာက သူနဲ့ ဘာမှ မဆိုင်တဲ့ တာဝန်ကို သွားပြီး မနာလိုတာ။ မစ္ဆရိယက ဒီလို မဟုတ်ဘူး။ ကိုယ်ချမ်းသာသလို ဒီပြင်ကလူတွေ မချမ်းသာစေချင်ဘူး။ ကိုယ်ပစ္စည်းရသလို ဒီပြင်လူတွေ မရစေ ချင်ဘူး။ အဲဒီနေရာလေးမှာ ကိုယ်ပဲ ဖြစ်လာစေချင်တယ်၊ အဲဒီ နေရာလေးမှာ ကပ်နေချင်တာ မစ္ဆရိယပေါ့။

မစ္ဆရိယကတော့ သံယောဇဉ်ဆိုတာ တော်တော် ထင်ရှားတယ်။ သူက တွယ်တာပြီးတော့ မလွှတ်နိုင် မခွါနိုင်ဘူး။ ဒီပြင် လူတွေကို ကိုယ်က ဝေမပေးနိုင်တဲ့အခိပ္ပါယ်ပါ။ ကမ္ဘာပေါ်မှာ ယောကျ်ား ငါတစ်ယောက်ထဲရှိစေရမယ်ဆိုတဲ့ လူစားမျိုးပေါ့။ ဒီပြင် ယောကျ်ားတစ်ယောက်မှ မရှိဘဲနဲ့ တစ်ကမ္ဘာလုံး ငါတစ်ယောက်ထဲပဲ ယောကျ်ားရှိရမယ်ဆိုတဲ့ မစ္ဆရိယကြီးတဲ့ လူမျိုးပေါ့။

(၉) နောက်ပြီးတော့ ဝိစိကိစ္ဆာသံယောဇဉ်။ ဝိစိကိစ္ဆာကလဲ ဆိုးတာပဲ။ သူကလဲ သံယောဇဉ် တစ်ခုပဲ။ သံယောဇဉ်ဆိုတော့ ဝိစိကိစ္ဆာက မပြတ်မသား လူတစ်ယောက်ပဲ။ ဒီအယူဝါဒ ဟုတ်လေသလော၊ မဟုတ်လေသလော၊ လုပ်ရကောင်းမလား၊ မကောင်းဘူးလားဆိုပြီး သို့လော သို့လော ဖြစ်နေတဲ့ လူတစ်ယောက်ပဲ။ ဘယ်အယူဝါဒကိုမှ ပိုင်ပိုင်နိုင်နိုင် ဘဝင်ကျကျ ယူဆတဲ့လူမှ မဟုတ်ဘဲ။ သူက သံယောဇဉ် အမြဲတမ်း ကြီးနေတော့ ဝိစိကိစ္ဆာကလဲ ကြိုးတစ်ချောင်းပဲ။

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဟာ အတူတူပဲ။ ဒိဋ္ဌိက အယူဝါဒ တစ်ခုခုကို ယူလိုက်တာပဲ။ ယူလို့ ဆိုးတာပေါ့။ မှားတာ ယူလိုက်တာကိုး။ မှန်တာယူရင် ဒိဋ္ဌိမဟုတ်ဘူး။ သမ္မာဒိဋ္ဌိပဲ။ ဝိစိကိစ္ဆာကျတော့ ဒီတရားမှန်ပေမဲ့ သူမယူဘူး။ ဒါ ဟုတ်ချင်မှ ဟုတ်မှာပဲဆိုပြီးတော့ မယူဘူး။ တချို့တလေက ပြောကြတယ်။ တို့ကတော့ ဘယ်ဘာသာမှ မယူဘူးတဲ့။ ဘယ်ဘာသာမှ မယူဘူးဆိုတာ သူက လွတ်ပြီအောက်မေ့နေတာ။ ရှိပြီးသားအယူဝါဒတွေထဲမှာ မပါဘူးဆိုတာကိုက အယူဝါဒအသစ်တစ်ခုပဲ။ ဒါ ဝိစိကိစ္ဆာတစ်ခုဖြစ်နေတာပဲ။ ဝိစိကိစ္ဆာကလဲ သံယောဇဉ်ပဲ။

(၁၀) နောက်ပြီးတော့ အဝိဇ္ဇာသံယောဇဉ်။ အဝိဇ္ဇာဆိုတာကတော့ အမှန်တရားကို မသိသေးသမျှ ကာလပတ်လုံး သံယောဇဉ်ကတော့ ကြီးနေမှာပဲ။ ပညာမဲ့သူတွေဟာ ရရင် ဘာပဲဖြစ်ဖြစ် မလွှတ်နိုင်တဲ့ သဘောတရားက ရှိနေတော့ သူကလဲ သံယောဇဉ်ပဲ။

ဒီတော့ သံယောဇဉ်(၁၀)ပါးဆိုတာ ကာမရာဂသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတ

ပရာမာသသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်တို့ ဖြစ်ပါတယ်။

တရားကိုယ်မှာကျတော့ ကာမရာဂသံယောဇဉ်က လောဘ၊ ဘဝရာဂသံယောဇဉ်ကလဲ လောဘ၊ ပဋိဃသံယောဇဉ်က ဒေါသ၊ မာနသံယောဇဉ်က မာန၊ ဒိဋ္ဌိသံယောဇဉ်က ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသသံယောဇဉ်ကလဲ ဒိဋ္ဌိ၊ ဣဿာသံယောဇဉ်က ဣဿာ၊ မစ္ဆရိယသံယောဇဉ်က မစ္ဆရိယ၊ ဝိစိကိစ္ဆာသံယောဇဉ်က ဝိစိကိစ္ဆာ၊ အဝိဇ္ဇာသံယောဇဉ်က မောဟတို့ ဖြစ်ပါတယ်။

အဲဒီတော့ သံယောဇဉ်က (၁၀)မျိုးရှိပြီး အဘိဓမ္မာမှာ သံယောဇဉ်တရားကိုယ် စေတသိက်က ရှစ်ပါးပဲရှိပါတယ်၊ ကာမရာဂသံယောဇဉ်နဲ့ ဘဝရာဂ သံယောဇဉ်က လောဘ တစ်ခုထဲ ယူလိုက်တယ်။ နောက်ပြီးတော့ ဒိဋ္ဌိသံယောဇဉ်နဲ့ သီလဗ္ဗတပရာမာသသံယောဇဉ်က ဒိဋ္ဌိတစ်ခုထဲ ယူလိုက်တယ်။ ဒါကြောင့်မို့ တရားကိုယ် (၈)ပါးပဲ ရှိတာပါ။

မဂ်နဲ့ ပယ်တဲ့အခါကျတော့ သံယောဇဉ်နဲ့ အနုသယဟာ ဘုရားဟောပါဠိတော်များမှာ အပါ များတယ်။ သံယောဇဉ် ပယ်တယ်လို့လဲ ပါတယ်။ အနုသယ ပယ်တယ်လို့လဲ ပါတယ်။

## ဣဿာမစ္ဆရိယ သောတာပန်မှာ ရှိသလား

အဲဒီတော့ သောတာပန်က ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ် သုံးပါးကိုပဲ ပယ်သလားဆိုကော့ သောတာပန်က ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ပယ်တယ်လို့သာ အသိများကြတယ်။ မဂ်နဲ့ ပယ်စဉ်ကို ကြည့်မယ်ဆိုရင် ဣဿာသံယောဇဉ် မစ္ဆရိယသံယောဇဉ် နှစ်ပါးကိုလဲ သောတာပန်က ပယ်ပါတယ်။ အမှန်ကတော့ သောတာပန်ပုဂ္ဂိုလ်မှာ ဣဿာတို့ မစ္ဆရိယတို့ မရှိပါဘူး။ သောတာပန်ဆိုတာဟာ ရှင်းရှင်းကတော့ သူတော်ကောင်းကြီးပါပဲ။

မြန်မာလူမျိုး မိကောင်းဖခင်သားသမီးတွေ၊ မျိုးရိုးကောင်းတဲ့ လူတွေဟာ သူများအပေါ်မှာ ဣဿာ သိပ်မရှိကြပါဘူး။ ရေးတုန်းက ဘုန်းနဲ့ ကံနဲ့ ချမ်းသာတဲ့ လူတွေမှာ ဣဿာ သိပ်မရှိကြဘူး။ ဣဿာရှိတဲ့ လူဟာ ဒီလို ကြီးကြီးကျယ်ကျယ် မချမ်းသာနိုင်ပါဘူး။ အဲဒီတော့ ဣဿာဟာ သူတော်ကောင်း တွေမှာတောင် မရှိရင် သောတာပန်မှာ ဣဿာဆိုတဲ့ သူတစ်ပါးကို မနာလိုမှု မရှိနိုင်တာ ထင်ရှားလှပါတယ်။

မစ္ဆရိယဆိုတာလဲ တကယ်ဘုန်းနဲ့ကံနဲ့ ချမ်းသာတဲ့ သူတော်ကောင်းတွေ မှာတောင် မရှိဘူး။ ကိုယ့်ရှိတဲ့ စီးပွားကို အကုန်လှူကြပေးကြတာပဲ။ အများ ကောင်းစားရေးဆိုရင် ဆင်းရဲချမ်းသာမရွေး အကုန်လှူကြ ပေးကြတာတွေပဲ။ ကိုယ့်ရှိတဲ့ ရာထူးကပဲ ထွက်ပေးရမလား၊ လက်အောက်ငယ်သားတွေအပေါ် မှာရော ဘဝတူ လူတွေအပေါ်မှာရော မစ္ဆရိယဆိုတာ မရှိပါဘူး။ လူရိုးရိုး စိတ်ကောင်းစေတနာကောင်းရှိတဲ့ လူတွေမှာတောင် မစ္ဆရိယမရှိရင် သောတာ ပန်မှာ မစ္ဆရိယရှိသလား မရှိဘူးလားဆိုတဲ့ ပြဿနာဟာ သိပ်ကို စဉ်းစားစရာ တောင် မလိုဘူး။

ဘုရားလက်ထက်က ဆိုလို့ရှိရင် အလွန်ဆင်းရဲတဲ့ အရိယာတွေအိမ်ကို ရဟန်းသံဃာတော်တွေ အလှူမခံဖို့ ပညတ်ယူရတယ်။ သောတာပန်ဆိုတာ ဆင်းရဲတဲ့ သောတာပန်လဲ ရှိသေးတာကိုး။ သွားအလှူခံတယ်ဆိုရင် မရှိဘူး လို့တော့ မပြောဘူး။ ရှိတာ အကုန် လှူပစ်လိုက်ကြတာပဲ။ အဲဒီတော့ ဒုက္ခ ရောက်မှာစိုးလို့ ဘုရားက ရဟန်းသံဃာတော်တွေကို အလွန်ဆင်းရဲတဲ့ သောတာပန်အရိယာတွေ အိမ်မှာ အလှူမခံဖို့ သိက္ခာပုဒ်တော်နဲ့ ပညတ်ယူ ရတယ်။

ဒါကြောင့်မို့လို့ အရိယာဆိုတဲ့ ပုဂ္ဂိုလ်မျိုးမှာ ဣဿာသံယောဇဉ်နဲ့ မစ္ဆရိယသံယောဇဉ်တို့ မရှိပါဘူး။ အဲဒီတော့ သောတာပန်က သံယောဇဉ် ဆယ်ပါးထဲက ငါးပါးတောင် ပယ်ပစ်လိုက်တာပဲ။ သကဒါဂါမ်ကတော့ အသေးစိတ် ထပ်ပယ်တာမို့ သိပ်မထူးဘူး။

သောတာပန်နဲ့ **သကဒါဂါမ်**ဟာ အကျင့် အနု၊ အရင့် ဒါလောက်ပဲ ကွာတာပါ။ သကဒါဂါမ်ဆိုရင် နဲနဲ ရင့်လာတာပဲ ရှိတာပါ။ သီးခြား ဘယ်သံယောဇဉ်မှ မပယ်နိုင်ပါဘူး။

အနာဂါမ်ကျတော့ ကာမရာဂသံယောဇဉ်နဲ့ ပဋိဃသံယောဇဉ်နှစ်ပါးကို အကြွင်းမဲ့ ပယ်ပစ်လိုက်တာပဲ။

ရဟန္တာကျတော့ ကျန်တဲ့ ဘဝရာဂသံယောဇဉ်၊ မာနသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်(၃)ပါးကို အကြွင်းမဲ့ ပယ်ပစ်လိုက်တာပဲ။ အနုသယနဲ့ သံယောဇဉ်ဟာ အနာဂါမ်နဲ့ ရဟန္တာပုဂ္ဂိုလ် ပယ်တာချင်း အတူတူပဲ။

အဲဒီတော့ သောတာပန်က ငါးမျိုးပယ်တယ်။ အနာဂါမ်က နှစ်မျိုးပယ်တယ်။ ရဟန္တာက သုံးမျိုးပယ်တယ်ဆိုတော့ သံယောဇဉ် ဆယ်ပါးကုန်ရော။

အားလုံးပြန်ချုပ်လိုက်ရင် သောတာပန်က ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ် ငါးမျိုးပယ်ပါတယ်။

အနာဂါမ်က ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ် နှစ်မျိုး ပယ်ပါတယ်။

ရဟန္တာက ဘဝရာဂသံယောဇဉ်၊ မာနသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ် သုံးမျိုး ပယ်ပါတယ်။

အဲဒီတော့ သံယောဇဉ်ဆယ်ပါးကိုတော့ ဒါလောက် ရှင်းလင်းတင်ပြရင် နားလည်သဘောပေါက်နိုင်ပါပြီ။

## ကိလေသာ ၁၀--ပါး

အာသဝလေးပါး၊ ဥပါဒါန်လေးပါး၊ နီဝရဏခြောက်ပါး၊ အနုသယခုနစ်ပါး၊ သံယောဇဉ်ဆယ်ပါးတို့ကို တင်ပြပြီးတော့ ဆက်လက်ပြီး ကိလေသာဆယ်ပါးကို ရှင်းလင်းတင်ပြပါ့မယ်။

ကိလေသာဆိုတဲ့ စကားလုံးက မြန်မာစကားတော့ ဖြစ်နေတယ်၊ သို့ပေမဲ့ အဘိဓမ္မာက ကိလေသာနဲ့ မြန်မာစကားက ကိလေသာနဲ့တော့ ကွဲသွားတယ်။ တဏှာတို့ ရာဂတို့လိုပေါ့။ မြန်မာက တဏှာဆိုရင် တစ်မျိုးနားလည်တယ်၊ ရာဂဆိုရင် တစ်မျိုး နားလည်တယ်။ အဘိဓမ္မာကတော့ လောဘ တဏှာ ရာဂဆိုတာတွေဟာ အတူတူပဲ။ မြန်မာလိုက ကိလေသာကြီးတယ်လို့ ဆိုလို့ ရှိရင် တဏှာကြီးတာတို့ ရာဂကြီးတာတို့ကို ကိလေသာကြီးတယ်လို့ ခေါ်တယ်။ အဘိဓမ္မာကတော့ ကိလေသာကြီးတယ်ဆိုတာ အာသဝေါတရားကြီးတာ သံယောဇဉ်ကြီးတာနဲ့ အတူတူပါပဲ။ နာမည်ချင်း ကွဲသွားတာပဲ ထူးတာပါ။

သံယောဇဉ်ကတော့ လူတွေကို တုပ်ချည်ပြီးတော့ ထားလို့ ကြိုးနဲ့တူလို့ သံယောဇဉ်ခေါ်တယ်။ ကိလေသာဆိုတာက ပါဠိစကားပဲ။ မြန်မာလိုကတော့ စိတ်ကို ညစ်နွမ်းစေလို့ ကိလေသာလို့ ခေါ်တာပဲ။ ဖြူစင်နေတဲ့ အရာတွေကို ညစ်နွမ်းသွားအောင် လုပ်တဲ့ ဖုန်တို့ အညစ်အကြေးတို့လိုပေါ့။

အဲဒီတော့ စိတ်ဆိုတာ ပထမ ဖြူစင်နေတယ်၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားတွေ ဝင်လာလို့ရှိရင် ဒီဖြူစင်နေတဲ့ စိတ်ဟာ ညစ်နွမ်းပြီးတော့ သွားတယ်။ ခုခေတ်ကလေးတွေက ညစ်နွမ်းတယ်ဆိုရင် သိပ်နားမလည်ဘူး။ ညစ်ပတ်သွားတယ်ဆိုမှ နားလည်တယ်။ ခေါင်းပါးတယ်ဆိုတဲ့ စကားကို တစ်ချို့ နားမလည်ကြဘူး။ ခေါင်းပါးတယ်ဆိုတာ နဲပါးသွားတာကို ပြောတာဆိုမှ နားလည်ကြတယ်။ ရှေးက မြန်မာစကားက ခေါင်းပါးတယ်၊ နဲပါးတယ်၊ ဒီလိုပဲ ကိလေသာဆိုတာက စိတ်ကို ညစ်နွမ်းစေတယ်။ ညစ်ပတ်စေတယ်၊ ဖြူစင်နေတဲ့စိတ်ကို မည်းသွားအောင် လုပ်တတ်တယ်၊ ဒါကြောင့်မို့ ကိလေသာလို့ ခေါ်တာ။ ဖြူစင်နေတဲ့ အဝတ်အစားတွေနဲ့ ဖုံတွေထဲ လျှောက်သွားတဲ့အခါ ကျတော့ ကြေးတွေက အဝတ်အစားကို ညစ်နွမ်းစေတယ်၊ ညစ်ပတ်စေတယ်၊ အဲဒီတော့ ဖုန်တို့ မြူတို့လို ချွေးတို့ ကြေးတို့လို စိတ်ကို ညစ်နွမ်းစေလို့ ကိလေသာလို့ ခေါ်တယ်။

ကိလေသာဆယ်ပါးကတော့ လွယ်အောင် မှတ်သားမယ်ဆိုလို့ရှိရင် မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စလို့ ခေါ်တဲ့ မောစတုက်ရယ်၊ လောဘ၊ မာန၊

ဒိဋ္ဌိလို့ခေါ်တဲ့ လောဘတွေရယ်၊ ဒေါစတုက်ထဲက ဒေါသတစ်ခုနဲ့ ထိ၊ မိဒ်၊ ဝိစိ၊ ဆုံးတွေထဲက ထိန၊ ဝိစိကိစ္ဆာ တို့ဖြစ်တယ်။

အဲဒီတော့ အကုသိုလ်စေတသိက် (၁၄)လုံးထဲက ဆယ်လုံးကို ကိလေသာလို့ ခေါ်တယ်။ ကျန်တာက ဒေါစတုက်ထဲက ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ။ နောက်ပြီး မိဒ္ဓဆိုတော့ စေတသိက်(၄)လုံး မပါဘူး၊ အဲဒီတော့ ကိလေသာက စိတ်ကို ညစ်နွမ်းစေတယ်ဆိုတော့ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့က စိတ်ကို မညစ်နွမ်းစေဘူးလား။ ဘာဖြစ်လို့ မပါတာလဲဆိုတဲ့ မေးစရာ ပြဿနာ ရှိလာတယ်။ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဆိုတဲ့ အကုသိုလ်စေတသိက်တွေက ပိုဆိုးတာပေါ့။

သံယောဇဉ်ထဲမှာဆိုရင် ဣဿာနဲ့ မစ္ဆရိယတို့ဟာ သောတာပန်ပယ်ရတဲ့ စေတသိက်တွေပဲ။ သို့ပေမဲ့ ကိလေသာကျတော့ သူတို့ကို မထဲ့ဘူး၊ ဘာဖြစ်လို့ မထဲ့သလဲဆိုတော့ ဒေါသပါသွားတယ်ဆိုလို့ရှိရင် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ တို့ဟာ လောကကြီးကို ပျက်စီးစေတဲ့ ဒေါသထဲမှာ ပါပြီးတော့ သွားလို့ မြတ်စွာဘုရားက ကိလေသာဆယ်ပါးကို ဟောတဲ့အခါမှာ ဒေါသကို ယူလိုက်လို့ ရှိရင် ဒီဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စလဲ ပါတယ်ဆိုပြီး မယူဘဲ ထားတာ။ မိဒ္ဓကျတော့ ထိနဆိုတာ ပျင်းတာ၊ မိဒ္ဓက အိပ်ချင်တာ။ ဒီတော့ ထိနပါတယ်ဆိုရင် မိဒ္ဓလဲ ပါသွားတယ်ဆိုပြီးတော့ ထိနပဲ ယူလိုက်တာ။ အဲဒါကြောင့်မို့လို့ အကုသိုလ်စေတသိက်(၁၄)လုံးရှိတဲ့အထဲက ဒီလေးလုံးက ကိလေသာထဲမှာ မပါဘူး။

## ကိလေသာက လူကို ဘယ်လို မိုက်မဲစေသလဲ

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စတို့က စိတ်ကို ညစ်နွမ်းစေတယ်ဆိုတာ ထင်ရှားတယ်။ အဲဒီ မောဟ၊ အဟိရိက၊ မနောတ္တပ္ပ၊ ဥဒ္ဓစ္စတို့ မပါဘဲနဲ့ ဘယ်အကုသိုလ်ကိုမှ လုပ်လို့ မရဘူး။ မောဟက မှောင်ချပေးထားတော့ အဟိရိက၊ အနောတ္တပ္ပတို့က မရှက်မကြောက်ဘဲနဲ့ လုပ်ကြတာကိုး။ အဲဒါကြောင့်မို့လို့ မောစတုက်လေးခုကတော့ စိတ်ကို ညစ်နွမ်းစေတယ်ဆိုတာ

ထင်ရှားတယ်။ မောဟက စိတ်ကို ပထမ မှောင်ချလိုက်တော့ ဖြူနေရာက မဲသွားတာပေါ့။ အဲဒါကြောင့်မို့လို့ ကိလေသာဟာ လူကို မိုက်မဲစေတာပဲ။

လောဘ၊ ဒိဋ္ဌိ၊ မာန တို့ကလဲ ထင်ရှားတာပဲ။ ဒါကြောင့်မို့လို့ လောဘကို တဏှာလို့ ရာဂလို့ ခေါ်တာပေါ့။ လောဘသိပ်ကြီးတော့ ပြင်းထန်လာတယ် ဆိုရင် လူရဲ့ စိတ်က သိပ်မိုက်တာပဲ။ သေမှာလဲ မကြောက်ဘူး၊ စီးပွားရှာတဲ့ လူတွေ အပြစ်ဒဏ်ခံရမဲ့ ဆိုင်ရာဆိုင်ရာ ဥပဒေတွေ ရှိသားပဲ။ လောဘက သိပ်ပြီးတော့ ချမ်းသာချင်တော့ စိတ်က သိပ်မိုက်လာပြီး လုပ်တော့တာပဲ။ လောဘဟာ စိတ်ကို သိပ်မိုက်မဲစေတယ်၊ ညစ်နွမ်းစေတယ်ဆိုတာ အင်မတန် ထင်ရှားပါတယ်။

မာနလဲ ဒီအတိုင်းပါပဲ။ တစ်ယောက်နဲ့ တစ်ယောက် သတ်ကြတယ်၊ တိုက်ကြတယ်၊ တိုင်းပြည် တစ်ပြည်နဲ့ တစ်ပြည် လူတွေ သေကျေကုန်အောင် အဆောက်အဦပစ္စည်းတွေ ပျက်စီးကုန်အောင် တိုက်ကြခိုက်ကြတယ်။ ဒါ မာနပဲ။ မခံချင်တဲ့ မာနပေါ့၊ တစ်ခါတစ်လေ စီးပွားရေးအတွက် တိုက်ကြတယ်။ တစ်ခါတစ်လေ ဘာသာရေးအတွက်လဲ တိုက်ကြတယ်၊ မခံချင်တာနဲ့ ထပြီးတော့ တိုက်ကြတာ အကုန်လုံး သေကုန်တာပဲ။ မာနကလဲ စိတ်ကို မိုက်မဲစေတာ အင်မတန် ထင်ရှားပါတယ်။

ဒိဋ္ဌိကလဲ အယူဝါဒတစ်ခု စွဲမယ်ဆိုလို့ ရှိရင် ရှေးတုန်းက သမိုင်းမှာ ဘာသာရေးစစ်ပွဲဆိုတာက ရှင်းရှင်းကတော့ ဒိဋ္ဌိတိုက်ပွဲတွေပဲ။ ကိုယ့်အယူအဆ ကမ္ဘာပေါ်မှာ ပြန့်အောင်ဆိုပြီးတော့ ပိုက်ဆံတွေ အများကြီး အကုန်ခံတယ်။ လူတွေ အများကြီး အသေခံပြီးတော့ ကိုယ့်အယူအဆကို ဖြန့်နေကြတယ်။ ဒိဋ္ဌိတိုက်ပွဲပေါ့။ ဒိဋ္ဌိကလဲ စိတ်ကို မိုက်မဲစေတာ အင်မတန် ထင်ရှားပါတယ်။

ဒေါသကလဲ အင်မတန် ထင်ရှားတယ်၊ ဒေါသ ဖြစ်ပြီဆိုရင် စိတ်က ရဲသွားတာပဲ။ အင်မတန် အသားဖြူတဲ့ လူဟာ မျက်နှာလေးကို ရဲသွားတာပဲ။ ဒေါသက လူကို အရုပ်ဆိုးစေတယ်။ ဒေါသက စိတ်ကို ညစ်နွမ်းစေတာလဲ ပိုပြီး ထင်ရှားပါတယ်။

**ကိလေသာ** ဆယ်ပါး အချုပ်ကတော့–

"မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ မာန၊ ဒိဋ္ဌိ၊ ဒေါသ၊ ထိန၊ ဝိစိကိစ္ဆာ"တို့ ဖြစ်ပါတယ်။

ကိလေသာ ဆယ်ပါးဟာ သံယောဇဉ်ဆယ်ပါးထက် **ကျက်မှတ်ရ** လွယ်တယ်၊ ဘာဖြစ်လို့တုံးဆိုတော့ မောစတုက်က လေးခု၊ လောတြိက **သုံးခု**၊ ဒေါသရယ် ထိနရယ် ဝိစိကိစ္ဆာရယ်လို့ မှတ်လိုက်ရုံပဲ။

**မေတ္တာနဲ့ကိလေသာ ဘယ်သူက အားကောင်းသလဲ**

ကိလေသာဆယ်ပါးတော့ သိသွားပြီ၊ မြန်မာတွေ ပြောနေကြတယ်။ (၅၂၈)သွယ် မေတ္တာရှိတယ်တဲ့။ ကိလေသာကျတော့ (၁၅၀၀) တောင် ရှိသတဲ့။ လင်မယားချင်း ချစ်တာ (၁၅၀၀)ဆိုတော့ မိဘ ချစ်တာထက် ပိုပါတယ်လို့ မဟုတ်တယုတ်တွေ ပြောကြတယ်။ ဘယ့်နှယ် မိဘတွေ ချစ်တာက ပိုရမှာပေါ့။ (၁၅၀၀)က (၅၂၈)ထက် ဂဏန်းများတာနဲ့ပဲ အရပ်ထဲမှာ လိမ်ပြောနေကြတာ။ မိဘကို ချစ်တာက ဂဏန်းနဲပေမဲ့ ပိုကို ပိုရမယ်။

နောက် (၅၂၈)သွယ် တွက်နည်းကို မေတ္တာကျတော့ ရှင်းပြပါ့မယ်။ ဒီ (၁၅၀၀)ဆိုတာက ကိလေသာဆယ်ပါးကနေ (၁၅၀၀) ဖြစ်သွားတာပါ။ ကိလေသာက ဆယ်ပါးရှိတာပဲ။ အဲဒီတော့ (၁၅၀၀)က မပိုပါဘူး၊ (၁၅၀၀)က (၅၂၈)သွယ်ထက် မပိုကြောင်းက လင်မယားချင်း ရန်ဖြစ်လို့ရှိရင် ကွဲသွား ပြတ်သွားတာပဲ။ ခရမ်းချဉ်သီး ညစ်သလောက်ပဲ ကြာတယ်၊ တစ်ခါထဲ ချက်ချင်း ကွဲသွား ပြတ်သွားတာပဲ။ ခရမ်းချဉ်သီးက သိပ်မာတာမှ မဟုတ်ဘဲ။ အညှစ် မခံပါဘူး။ ခရမ်းချဉ်သီးဟာ ညှစ်လိုက်ရင် တစ်ခါထဲ ကွဲသွားတာပဲ။ လင်မယားချင်း ချစ်တယ်ဆိုတဲ့ (၁၅၀၀) ချစ်တာဟာ ကွဲလဲ ကွဲနိုင်တယ်။ ပြတ်လဲ ပြတ်နိုင်တယ်၊ ရန်သူလဲ ဖြစ်နိုင်တယ်။

မိဘအချစ်နဲ့ ချစ်တာကတော့ မကွဲနိုင်ဘူး၊ ဘယ်လောက်ဆိုးမိုက်နေတဲ့ သားသမီးဖြစ်ဖြစ် မိဘက ပစ်မထားဘူး။ မကွဲဘူး၊ သားသမီးကလဲ

ဘယ်လောက် ဆိုးတဲ့ မိဘပဲဖြစ်ဖြစ် ကိုယ့်အဖေဟာ အဖေပဲ၊ အမေဟာ အမေပဲ၊ ဘယ်လိုမှ ဒီဘဝမှာတော့ ဒီသားသမီးနဲ့ ဒီအမေ အဖေဟာ မတော်ချင်လို့ မရပါဘူး။

အဲဒီတော့ (၅၂၈)သွယ် မေတ္တာက အားကောင်းတဲ့ အကြောင်းကို နောက်တော့ ထပ်ပြီး ရှင်းပြပါ့မယ်။

## တစ်ထောင့်ငါးရာ ကိလေသာ

ကိလေသာဆယ်ပါးရှိရာက နေပြီးတော့ (၁၅၀၀) ရေတွက်ပုံက စိတ် ၈၉–ခုရှိတဲ့ အထဲမှာ စိတ်ရဲ့ သဘောလက္ခဏာကို ကြည့်မယ်ဆိုရင် အာရုံကို သိတတ်တဲ့ သဘောပဲ ရှိတယ်။ ဘယ်စိတ်ပဲဖြစ်ဖြစ် အာရုံကို သိကာပဲရှိတာ။ အဲဒါကြောင့်မို့လို့ စိတ် (၈၉) ခုရှိပေမဲ့ အာရုံကို သိတဲ့သဘောအနေနဲ့ စိတ်ကို တစ်ခုပဲ ယူလိုက်တာပဲ။

စေတသိက်ကျတော့ တစ်ခုစီ တစ်ခုစီမှာ သဘောကလဲ တစ်ခုစီ တစ်ခုစီ ရှိတယ်။ လောဘက တွယ်တာတဲ့ သဘော၊ မာနက အထင်ကြီးတဲ့ သဘော။ ဒိဋ္ဌိက အယူမှားတဲ့ သဘော။ သဘောလေးတွေ တစ်ခုစီ တစ်ခုစီ ရှိတော့ စေတသိက်က (၅၂)ပါး ရှိတယ်။

အဲဒီစေတသိက်(၅၂)ပါးကို စိတ်နဲ့ ပေါင်းလိုက်တဲ့ အခါကျတော့ နာမ် (၅၃) ပါးလို့ ခေါ်တယ်။ ပါဠိလိုတော့ နာမ်တေပညာသလို့ ခေါ်တယ်၊ တေ=၃၊ ပညာသ=၅၀။ အဲဒီတော့ စိတ် (၈၉) ခု၊ စေတသိက်(၅၂)ခုကို သဘောလက္ခဏာ လေးတွေကို ယူမယ်ဆိုလို့ရှိရင် နာမ်က (၅၃)ခုပဲ ရှိပါတယ်။

ရုပ်(၂၈)ခုရှိတဲ့ အထဲမှာ နိပ္ဖန္နရုပ်က ၁၈–ခုရှိတယ်၊ နိပ္ဖန္နရုပ်ဆိုတာ သီးခြားသဘာဝရှိတဲ့ ရုပ်ကို ခေါ်တယ်။ ပထဝီက ကြမ်းတဲ့လက္ခဏာ၊ အာပေါက ဖွဲ့စည်းတဲ့လက္ခဏာ၊ အဲဒီလို သဘောလက္ခဏာလေးတွေ သီးခြားရှိတဲ့ ရုပ်ဟာ နိပ္ဖန္နရုပ်ပဲ။ ဒါကြောင့် နိပ္ဖန္နရုပ်ဟာ ၁၈–ခုရှိတယ်။

ကျန်တဲ့ ရုပ်ဆယ်ပါးက အနိပ္ဖန္နရုပ်၊ သူတို့က သီးခြားသဘောလက္ခဏာ မရှိဘူး။ အဲဒီ အနိပ္ဖန္နရုပ်ထဲမှာ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာဆိုတဲ့ လက္ခဏာရုပ် လေးခုရှိတယ်။

ရုပ်တို့၏ဖြစ်စကို ဥပစယ၊ ရုပ်တို့၏ ဖြစ်ဆဲကို သန္တတိ၊ ရုပ်တို့၏ ရင့်ဆဲကို ဇရတာ၊ ရုပ်တို့၏ပျက်ဆဲကို အနိစ္စတာလို့ ခေါ်တယ်။ သူတို့ကလဲ သီးခြားသဘော မရှိဘူး။ ဒါပေမဲ့ နိပ္ဖန္နရုပ်တွေရဲ့ ဖြစ်မှုပျက်မှုကို လိုက်ပြီး လက္ခဏာရုပ် လေးခုပါ ထဲ့ရမယ်။ နိပ္ဖန္နရုပ် ၁၈–ခုထဲ လက္ခဏာရုပ်လေးခု ထဲ့တော့ ရုပ်က (၂၂)၊ နာမ်က (၅၃) နဲ့ ပေါင်းတော့ (၇၅)ခု ဖြစ်တယ်။ အဲဒီ (၇၅) ခုဟာ ခန္ဓာကိုယ်က တွက်ကြည့်တာပဲ။ အမှန်က ခန္ဓာကိုယ်ထဲမှာ သိတတ်တဲ့ စိတ်ဆိုတာ ရှိတယ်။ စေတသိက်ဆိုတဲ့ သဘောတရားလေး ရှိတယ်။ အဲဒီနာမ်တရားက (၅၃)ခု ရှိတယ်။

ခန္ဓာကိုယ်ကြီးဆိုတဲ့ စက္ခု သောတ ဃာန ဇိဝှါ အစရှိတဲ့ နိပ္ဖန္နရုပ်တွေဟာ ၁၈–ခုရှိတယ်။ အဲဒီ ၁၈–ခုတွေရဲ့ ဖြစ်ပျက်မှု လက္ခဏာရုပ် လေးခုဆိုတာလဲ ရှိတယ်။

ဒီခန္ဓာကိုယ်ဟာ အမှန်ကတော့ နာမ်နဲ့ ရုပ်ပဲ။ ခန္ဓာကိုယ်ဆိုတာနဲ့ နာမ်နဲ့ ရုပ်ဆိုတာဟာ အတူတူပဲ။ အဲဒီတော့ ဒီခန္ဓာကိုယ်မှာရှိတဲ့ နာမ်နဲ့ ရုပ်ကို တွက်ကြည့်လိုက်တော့ (၇၅) ခုပဲ ရှိတယ်။

ကိလေသာက ဆယ်ပါးရှိတယ်။ ကိလေသာဆယ်ပါးနဲ့ နာမ်နဲ့ရုပ် (၇၅) ပါးကို မြှောက်တော့ (၇၅၀)၊ အဲဒီတော့ ကိုယ့်သန္တာန်မှာ (၇၅၀)၊ သူ့သန္တာန်မှာ (၇၅၀) ရှိတယ်၊ (၇၅၀)ကို သန္တာန်နှစ်ပါးနဲ့ မြှောက်တော့ ကိလေသာ (၁၅၀၀) ဖြစ်လာပါတယ်။ ဒါကြောင့်မို့လို့ ရှင်မဟာရဋ္ဌသာရက "ခုနစ်ဆယ့်ငါး၊ နာမ်ရုပ် ထား၍၊ နှစ်ပါး ဆယ်ထွေ၊ မြှောက်ပွားရေသော်၊ ကိလေသာစက်၊ သုံးထောင် ဝက်ဟု" စပ်ဆိုခဲ့ခြင်း ဖြစ်ပါတယ်။

ဆရာတော်ကြီးများကလဲ-

၁။ နာမ်တေပည်၊ ရုပ်နိပ္ဖန်၊ လက္ခဏာရုပ် လေး။

၂။ သန္တာန် နှစ်ဝ၊ မြောက်ဆင့်က၊ တစ်ရာ့ငါးဆယ်ရေး။

၃။ ဆယ်ကိလေသာ၊ မြောက်ဆင့်ကာ၊ ငါးရာတစ်ထောင်တွေး-လို့ (၁၅၀၀) ကိလေသာ တွက်နည်းလင်္ကာကို စပ်ဆိုတော်မူခဲ့ကြပါသေးတယ်။

**အဘိဓမ္မာနဲ့ ဆပ်ပြာမွှေး**

စာဆိုရှင် ရှင်မဟာရဋ္ဌသာရရဲ့ ''ခုနစ်ဆယ့်ငါး၊ နာမ်ရုပ်ထား၍၊ နှစ်ပါးဆယ်ထွေ၊ မြောက်ပွားရေသော်၊ ကိလေသာစက်၊ သုံးထောင်ဝက်ဟု၊ မြူမှုက် တင်ညှိုး၊ စိတ်ပုဆိုးကို''ဆိုပြီး စပ်ဆိုထားတဲ့ ကဗျာကို ဖတ်ရှု လေ့လာကြည့်ရင် အဘိဓမ္မာသဘောတွေ အများကြီး ပါနေတာ တွေ့ရမယ်။ ဖြူစင်နေတဲ့ စိတ်မှာ ကိလေသာအညစ်အကြေးတွေ တင်နေတဲ့အကြောင်းကို ရေးထားတာပဲ။ ဖြူစင်နေတဲ့ စိတ်မှာ ကိလေသာကြေးတွေ တင်ပါများလာတော့ သံပုရာသီးလို ကြီးလေ ချဉ်လေပဲပေါ့၊ ဒါ မလျှော်တဲ့လူကို ပြောတာပါ။ လျှော်တဲ့ လူကျတော့ ကြေးကလဲ သိပ်မများပါဘူး၊ မလျှော်ဘဲနဲ့ ဒီအတိုင်းချည်း ပစ်ထားတဲ့ လူတွေကျတော့ ကိလေသာကြေးတွေ သိပ် ချိုးကပ်နေတာပဲ၊ ဒါကြောင့်မို့လို့ သိပ်မညစ်ပတ်အောင် စိတ်ကို ခဏခဏ လျှော်ဖို့လို့ အဘိဓမ္မာဆိုတဲ့ ဆပ်ပြာမွှေးတွေကို လုပ်ပေးတာပါ၊ အဘိဓမ္မာက စိတ်ကို ခဏ ခဏ လျှော်ဖွတ်ပေးလို့ သန့်စင်နိုင်ပါတယ်။

အဲဒီတော့ အကုသိုလ် စေတသိက် (၁၄)လုံး သရုပ်ခွဲနည်းကတော့ ကိလေသာဆယ်ပါးထိအောင် လေ့လာသွားရင် အကုသိုလ်ပိုင်းကို အတော် နားလည်နိုင်ပါပြီ။

ဗုဒ္ဓဘာသာစာပေ ကျမ်းဂန်တွေမှာ အကုသိုလ်စေတသိက် (၁၄) လုံးနဲ့ တင်ပြခဲ့တဲ့ အာသဝ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာ စတဲ့ နာမည်တွေကို သိထားမယ်ဆိုရင် ပိဋကတ်သုံးပုံမှာ ပါတဲ့ အဘိဓမ္မာ သဘောတွေကို သေသေချာချာ နားလည်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် အဘိဓမ္မာဆိုတာ ကျယ်ဝန်းပါတယ်၊ နက်နဲပါတယ်။ တန်ဖိုးလဲ အလွန်ကြီးလှပါတယ်။

# အခန်း (၂)

# ကုသိုလ်စေတသိက်

## ကုသိုလ်ပြတိုင်း ပါဝင်သည့် စေတသိက်

အကုသိုလ်စေတသိက် ၁၄-လုံး ပြီးတော့ ကုသိုလ်စေတသိက်ကို တင်ပြပါ့မယ်။ ကုသိုလ်စေတသိက် ၂၅-လုံး ရှိပါတယ်။ အဲဒီ ၂၅-လုံးမှာ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့စေတသိက်က ၁၉-လုံး ရှိတယ်။ ဘယ်ကုသိုလ်ပဲလုပ်လုပ် စေတသိက် ၁၉-လုံးက ပါရတာပဲ။ ကုသိုလ်တပ်မတော်နဲ့ အကုသိုလ်တပ်မတော် စစ်သားချင်း ယှဉ်ကြည့်ရင် ကုသိုလ်စစ်သားက များတယ်။ အကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်က ၄-လုံးပဲ ရှိတယ်။ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့စေတသိက်က ၁၉-လုံးတောင် ရှိတယ်။ အဲဒီတော့ ကုသိုလ်နဲ့ အကုသိုလ် တိုက်လို့ရှိရင် ဘယ်သူကနိုင်မလဲ ကုသိုလ်ကနိုင်မယ်။ ကောင်းတဲ့လူက နိုင်မယ်။ တချို့လူတွေက လောကကြီးမှာ မကောင်းတဲ့လူတွေကများတော့ မကောင်းတဲ့ လူတွေပဲ နိုင်မယ်လို့ ထင်ကြေးနဲ့ ပြောကြတယ်။ မကောင်းတာလုပ်တဲ့လူက လူမသိ သူမသိ တိုးတိုးတိတ်တိတ် လုပ်ရတာ။ ကောင်းတာလုပ်တဲ့လူက ရဲရဲ တင်းတင်း ပြောင်လဲလုပ်ရဲတယ်။ အများကလဲ သဘောကျတယ်။ ဒါကြောင့် ကောင်းတာက နိုင်တာချည်းပဲ။ ကောင်တာလုပ်လို့တော့ ရှုံးလိမ့်မယ်လို့ ဘယ် တော့မှ မထင်ပါနဲ့။ ကိုယ်ကောင်းအောင်သာနေ၊ ကောင်းအောင်သာလုပ်။ ဒီနေ့ မနိုင်သေးရင် နောက်နေ့နိုင်မှာပေါ့၊ တစ်နေ့နေ့တော့ နိုင်ကို နိုင်ရမယ်။

အဲဒီတော့ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်က ၁၉-လုံး၊ ဝိရတီစေတသိက်က သုံးလုံး၊ အပ္ပမညာ စေတသိက်က နှစ်လုံး၊ ပညိန္ဒြေစေတသိက်က ၁-လုံး၊ ပညိန္ဒြေစေတသိက်ဆိုတာက ပညာပါပဲ၊ ပေါင်း ကုသိုလ်စေတသိက် ၂၅ လုံး ရှိပါတယ်။

## သဒ္ဓါစေတသိက်

အဲဒီတော့ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက် ၁၉-လုံးထဲက နံပါတ်(၁)က သဒ္ဓါစေတသိက်ပါ။ အကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်ထဲမှာ နံပါတ်(၁)က မောဟစေတသိက်ပေါ့။ မောဟက အကုသိုလ်လုပ်တဲ့နေရာမှာ ခေါင်းဆောင်ဖြစ်တယ်။ အရေးအကြီးဆုံးဖြစ်တယ်။ ဒါကြောင့်မို့လို့ မောဟက နံပါတ်(၁)အရေးအကြီးဆုံးပဲ။ ကုသိုလ်စေတသိက် ၂၅-လုံးရှိတဲ့အထဲက ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ ၁၉-လုံးထဲမှာ သဒ္ဓါစေတသိက်ဟာ နံပါတ်(၁) အရေးအကြီးဆုံးပဲ။ ကုသိုလ်ဖြစ်ဖို့ သဒ္ဓါက သိပ်အရေးကြီးပါတယ်။

မြန်မာစကားမှာ သဒ္ဓါတရားကောင်းတယ်ဆိုရင် ပေးကမ်းလှူဒါန်းတဲ့နေရာမှာ သဒ္ဓါတရားကောင်းတယ်လို့ ပြောကြပါတယ်။ ဒီနေ့ လက်ဖက်ရည်တိုက်တယ်။ မုန့်ကျွေးတယ် စသည်ပေါ့လေ။ ဒီတော့ အရပ်ထဲမှာ နားလည်တာက သဒ္ဓါတရားကောင်းတယ်ဆိုရင် ကျောင်းတွေဆောက်တယ်၊ ဘုရားတွေတည်တယ်၊ ကျွေးတယ်၊ မွေးတယ်၊ ဆုတွေပေးတယ်၊ ကိုယ့်အင်အားရှိသလောက်ကို စွန့်ကြဲပေးကမ်းတယ်၊ လှူဒါန်းတယ်ဆိုတဲ့ပုဂ္ဂိုလ်တွေကို သဒ္ဓါတရားကောင်းတယ်လို့ ပြောကြတယ်၊ အဲဒီတော့ သဒ္ဓါတရားကောင်းတယ်ဆိုရင် ဒီလိုပဲ သာမန်နားလည်နေတော့ အဘိဓမ္မာမှာ သဒ္ဓါစေတသိက်ကို ဘာသာပြန်ရတာက သိပ်မလွယ်လှဘူး။ ခုနက ဒါနပြုတဲ့လူတွေကို သဒ္ဓါတရားကောင်းတယ်ဆိုတာ မမှန်ဘူးလားဆိုတော့ မှန်သင့်သလောက် မှန်ပါတယ်၊ သို့ပေမဲ့ သဒ္ဓါစေတသိက်ဆိုတာက ဘာကုသိုလ်တွေပဲလုပ်လုပ် နံပါတ်(၁)သဒ္ဓါစေတသိက်က ရှိကိုရှိရမယ်၊ သီလပဲ ဆောက်တည်ဆောက်တည်၊ ဒါနပဲပြုပြု၊ ဝိပဿနာပဲလုပ်လုပ်၊

အများကောင်းကျိုးပဲလုပ်လုပ်၊ နိုင်ငံရေးပဲလုပ်လုပ်၊ ကောင်းတာလုပ်တာ မှန်သမျှမှာ နံပါတ်(၁) သဒ္ဓါက ရှိကိုရှိရမယ်။

**သဒ္ဓါစေတသိက် ဘာသာပြန်**

တချို့တလေကတော့ သဒ္ဓါကို ယုံကြည်ချက်လို့ ဘာသာပြန်တယ်၊ အဲသလို ယုံကြည်ချက်လို့ ဘာသာပြန်လိုက်တဲ့အခါမှာတော့ ဘာကိုယုံတာလဲ ဆိုတဲ့ ပြဿနာက ဖြစ်လာတယ်၊ ယုံတာက ကောင်းတာလုပ်လို့ရှိရင် ကောင်းကျိုးပေးမယ်လို့ ယုံတယ်။ မကောင်းတာလုပ်လို့ရှိယင် မကောင်းကျိုးပေးမယ်လို့ ယုံတယ်။ ဒါ ယုံကြည်ချက်ပဲ၊ ဒါကြောင့်မို့လို့ အကုသိုလ်နဲ့ ကုသိုလ်ကွဲအောင် တင်ပြနေတာပါ။

အကုသိုလ်စေတသိက်တွေဟာ မကောင်းတဲ့စေတသိက်တွေပေါ့၊ အဲဒီ စေတသိက်တွေဟာ မကောင်းကျိုးပေးတယ်လို့ ဒီလိုယုံကြည်တယ်။

အခု ဒါန သီလ စတဲ့ ကုသိုလ်စေတသိက်တွေရဲ့ ကောင်းမှုအလုပ်တွေကိုလဲ ယုံတယ်။ အဲဒီလို ယုံတာက သဒ္ဓါပဲ။ ဒါက တရားကို ယုံတာပေါ့။

ဒီတရားတွေကိုဟောသွားတဲ့ သမ္မာသမ္ဗုဒ္ဓဘုရားဆိုတာ သဗ္ဗညုတဉာဏ်ရတဲ့ ဘုရားဆိုတာ တကယ်ပဲရှိတယ်။ အဲဒီဘုရားမျိုး ပွင့်သွားတယ်ဆိုတာကိုလဲ တကယ်ယုံတယ်၊ ဒါယုံကြည်ချက်သဒ္ဓါပဲ။

ဘုရားကိုယုံတယ်။ ဘုရားဟောတဲ့တရားတွေကိုလဲ ယုံတယ်။ အဲဒီဘုရားက ဟောတဲ့ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်လို့လဲ ယုံတယ်။ ကောင်းတာတွေလုပ်ရင် ကောင်းတာဖြစ်မယ်လို့လဲ ယုံတယ်။ဒါလဲ ယုံကြည်ချက် သဒ္ဓါပဲ။

အဲဒီလို ဘုရားကိုလဲ ယုံတယ်၊ ဒီဘုရားဟောတဲ့ တရားတွေကိုလဲ ယုံတယ်။ ဘုရားဟောတဲ့ တရားတွေက ကောင်းကျိုးပေးမယ်လို့ ပြောရင်ကောင်းကျိုးပေးမယ်လို့ ယုံတယ်၊ မကောင်းကျိုးပေးမယ်လို့ ပြောရင် မကောင်းကျိုးပေးမယ်လို့ ယုံတယ်။ သေပြီးလို့ ရှိရင် အနာဂတ်ဘဝ ရှိသေးတယ်၊ နောက်ဘဝရှိသေးတယ်လို့လဲ ယုံတယ်။ အတိတ်ဘဝ ရှိတယ်လို့လဲ ယုံတယ်။ ဒါတွေဟာ ယုံကြည်ချက်သဒ္ဓါပဲ။

သဒ္ဓါစေတသိက်ကို ယုံကြည်ချက်လို့ ဘာသာပြန်တော့ ပြဿနာ ဖြစ်လာပြန်တယ်။ ဘာသာက ဗုဒ္ဓဘာသာတစ်ခုထဲရှိတာ မဟုတ်ဘူး။ မူဆလင်ကလဲ သူတို့ဘာသာကို သူတို့ ယုံတာပဲ။ သူတို့လဲ ယုံကြည်ချက်ရှိတာပဲ။ ခရစ်ယာန်ကလဲ ခရစ်ယာန်ဘာသာကို ယုံတာပဲ။ ကမ္ဘာပေါ်မှာ ဘာသာတွေ အမျိုးမျိုးရှိတာမို့ ကိုယ့်ဘာသာ ကိုယ့်ယုံကြည်ချက်တော့ ရှိကြတာပဲ။ ယုံကြည်ချက်လို့ ဘာသာပြန်ရုံနဲ့တော့ သဒ္ဓါစေတသိက်အတွက် အကုန်လုံး မငုံမိဘူး။

ဂျေးကအဘိဓမ္မာဆရာကြီးတွေက ကိုယ့်စိတ်ထဲမှာ သဒ္ဓါတရားဖြစ်လာလို့ရှိရင် စိတ်ဟာ ကြည်လင်လာတယ်။ စိတ်ကို ကြည်လင်စေတတ်လို့ သဒ္ဓါခေါ်တယ်လို့ ဆိုကြပြန်ပါတယ်။ အဲဒီတော့ စိတ်ကို ကြည်လင်စေမှုဆိုတော့ အဓိပ္ပာယ်တစ်ခု ဘုရားကို ဖူးမြင်ရတဲ့အခါ သံဃာတော်ကို ဖူးမြင်ရတဲ့အခါ အာရုံက အင်မတန်ကောင်းပါတယ်။ အဲဒီကောင်းတဲ့အာရုံကို တွေ့တဲ့အခါကျတော့ သဒ္ဓါက စိတ်ကို ကြည်လင်စေတယ်။ ဒီကြည်လင်စေမှုလို့ ဘာသာပြန်လိုက်ရင် အဓိပ္ပာယ်ရောထွေးသွားနိုင်တယ်။ မူဆလင်တွေ ဗလီကျောင်းတက်တော့ သူတို့စိတ်တွေကြည်လင်မှာပေါ့။ ခရစ်ယာန်တွေ ဘုရားရှိခိုးကျောင်းတက်တော့ သူတို့စိတ်တွေလဲ သိပ်ကြည်လင်မှာပဲ။ ဒီတော့ စိတ်ကို ကြည်လင်စေမှုလို့ ဘာသာပြန်တော့လဲ သဒ္ဓါဟာ ဘာသာတိုင်းမှာ သဒ္ဓါတရားရှိတယ်လို့ ဖြစ်နေတယ်။

သို့ပေမဲ့ သဒ္ဓါဆိုတာက တကယ့် အမှန်ဘုရားကို ယုံကြည်မှ တကယ့်အမှန်တရားကို ယုံကြည်မှ သဒ္ဓါကိုး။ ဘယ်ဘုရားက မှန်တယ်လို့ တင်ပြလိုခြင်းမဟုတ်ပါ။ သို့ပေမဲ့ တကယ့်ဘုရားအမှန်ကို ယုံမှ သဒ္ဓါ။ တကယ့်တရားအမှန်ကို ယုံမှ သဒ္ဓါ။ ဘာသာတွေအမျိုးမျိုးရှိတဲ့အထဲမှာ ကမ္ဘာပေါ်မှာ အကုန်လုံး မမှန်နိုင်ပါဘူး။ မှန်တာတစ်ခုထဲပဲ ရှိရမယ်။ အမှန်တရားဆိုတာ တစ်ခုထဲပဲ ရှိတာပဲ။ အဲဒီလိုပဲ ဘုရားဆိုတာလဲ တစ်ဆူပဲ ရှိတာပါ။

တကယ့်တစ်ဆူတည်းသော အမှန်ဘုရားကို ယုံကြည်တာမှ သဒ္ဓါပဲ။ တစ်ဆူတည်းသောဘုရားရဲ့ တရားကို ယုံကြည်တာမှ သဒ္ဓါပဲ။ ဒီပြင် မှားတဲ့ဘုရားတွေ မှားတဲ့တရားတွေကို ယုံကြည်တာဟာ သဒ္ဓါမဟုတ်ဘူး။

သဒ္ဓါကို ယုံကြည်ချက်ပဲ ပြန်ပြန်, ယုံကြည်မှုပဲ ပြန်ပြန်, စိတ်ကို ကြည်လင်စေမှုပဲ ပြန်ပြန် နည်းနည်းတော့ ပြဿနာတက်တာပဲ။ ပြဿနာတက်လာရင် တကယ့်ဘုရားမှန် တရားမှန်ကို ယုံကြည်တာမှ သဒ္ဓါစေတသိက်ပါလို့ ဖြေရှင်းရတာပဲ။

နည်းနည်း စောဒကတက်စရာ မရှိတာကတော့ ကံနှင့် ကံ၏အကျိုးကို ယုံကြည်မှုဆိုတဲ့အချက်ပဲ။ ကံကိုလဲ ယုံကြည်တယ်၊ ကံ၏အကျိုးကိုလဲ ယုံကြည်တယ်။ ဒိဋ္ဌိစေတသိက်မှာပါတဲ့ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိတွေဟာ ကုသိုလ်ကံ အကုသိုလ်ကံ မရှိဘူးလို့ ယူထားတာ၊ အဲဒီတော့ ကုသိုလ်ကံဆိုတာ ရှိတယ်၊ အကုသိုလ်ကံဆိုတာ ရှိတယ်လို့ ယုံရင် ကံကို ယုံတာပေါ့။

အဲဒီတော့ ဒုစရိုက် အကုသိုလ်ကံတွေကို လုပ်တယ်ဆိုရင် မကောင်းကျိုးပေးမယ်လို့ ယုံတယ်၊ သုစရိုက်ကုသိုလ်ကံတွေကို လုပ်လို့ရှိရင် ကောင်းကျိုးပေးမယ်လို့ ယုံတယ်၊ အဲသလို ကံ, ကံ၏အကျိုးကို ယုံတာဟာ သဒ္ဓါပဲ၊ ဒါက သိပ်စောဒကတက်စရာ မရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အကုသိုလ်ဆိုရာမှာ လောကကြီးမှာ ဒုစရိုက်ဆယ်ပါးကို အကုသိုလ်လို့ ယူတဲ့ အဘိဓမ္မာချင်း တူရင်တော့ ဘာမှ ပြဿနာ မရှိဘူး။

ဒုစရိုက်ဆယ်ပါးက ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါး။ သူများအသက် သတ်တာက အကုသိုလ်ကံပဲလို့ ယုံတယ်၊ သူများအသက်သတ်မိရင် မကောင်းကျိုးပေးမယ်လို့ ယုံတယ်။ ဒါကံ, ကံ၏အကျိုး ယုံတာ။ သူများဥစ္စာပစ္စည်းကို ခိုးတာဟာ မကောင်းတဲ့အကုသိုလ်ကံပဲ။ သူများပစ္စည်းခိုးမိရင် ထောင်ကျကျ, မကျကျ၊ လူသိသိ, မသိသိ၊ မကောင်းကျိုးပေးလိမ့်မယ်လို့ ယုံတာဟာ ကံ၏အကျိုးကို ယုံတာ။ ကုသိုလ်လုပ်တဲ့နေရာမှာ ဘုန်းတော်ကြီးကိုပေးတာပဲဖြစ်ဖြစ်, ဘယ်နေရာမှာ လှူတာပဲဖြစ်ဖြစ် ဒါနလုပ်ငန်းဟာ ဒီဘဝမှာလဲ ကောင်းကျိုးရတယ်။ နောင်ဘဝမှာလဲ ကောင်းကျိုးပေးမယ်လို့ ယုံတာဟာ ကံ၏အကျိုးကို ယုံတာ၊ အဲဒီတော့ ကံ, ကံ၏အကျိုးကို ယုံတာဟာ သဒ္ဓါစေတသိက်ဆိုရင် ပြဿနာ သိပ်မဖြစ်တော့ဘူး။

ဒါကြောင့်မို့ ရေစက်ချတဲ့အခါကျတော့ “ကမ္မဉ္စ၊ ကံကိုလည်းကောင်း၊ ကမ္မဖလဉ္စ၊ ကံ၏အကျိုးကိုလည်းကောင်း၊ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည် ဖြစ်၍လို့ ဆိုကြတာပေါ့။ သဒ္ဒဟိတွာ ဆိုတာက သဒ္ဓါကနေပြီးတော့ ပုဒ် ပြောင်းသွားတာပဲ။ အဲဒီတော့ သဒ္ဒဟိတွာ ယုံကြည်ပါကုန်သည်ဖြစ်၍ ဆိုတဲ့ နေရာမှာ ကံ, ကံ၏အကျိုးကို ယုံကြည်တာကို သဒ္ဓါစေတသိက်လို့ ပြောကာ။

ဒါကြောင့်မို့လို့ ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့အခါမှာ သဒ္ဓါစေတသိက်ဟာ အင်မတန်အရေးကြီးတယ်။

ကုသိုလ်ကောင်းမှုလုပ်တဲ့သူဟာ ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့သဒ္ဓါဟာ နံပါတ်(၁)အရေးအကြီးဆုံးပဲ။ အမိပွာယ်တစ်ခု ငွေတစ်ထောင်လှူလိုက်တယ်၊ ငါးထောင်လှူလိုက်တယ်၊ တစ်သောင်းလှူလိုက်တယ်ဆိုလို့ရှိရင် အားလုံးအပေါ် အကျိုးသက်ရောက်မှုရှိပြီးတော့ ဒီဘဝမှာလဲ အင်မတန်ကောင်းတဲ့အကျိုးတရားတွေ ခံစားရမယ်။ နောင်သံသရာတွေမှာလဲ အကျိုးတရားခံစားရမယ်လို့ ယုံကြည် ပြီးတော့ ကိုယ့်ရဲ့ချွေးနဲ့စာတွေကို လှူတာဟာ သဒ္ဓါပါပဲ။ အဲဒါကြောင့်မို့လို့ ဒါနလုပ်မယ်ဆိုလို့ရှိရင်လဲ သဒ္ဓါမရှိဘဲနဲ့ ယုံကြည်ချက်မရှိဘဲနဲ့ မလှူနိုင်ဘူး၊ သူများတကာ ငါးထောင်ဆိုရင် ကျုပ်လဲငါးထောင်လှူတယ်ဆိုပြီး ပကာသနကို အခြေခံပြီး ငွေပေါပေါရှိတာနဲ့ လှူလိုက်တယ်။ ဒါဟာ ယုံကြည်ချက် သဒ္ဓါ မဟုတ်ဘူး။ ဒါ လူအချင်းချင်း မကင်းရာမကင်းကြောင်းလှူတာပါ။ ကိုယ်က ခေါင်းဆောင်လုပ်ပြီး အလှူခံတုန်းက ငါးထောင်ထည့်လိုက်တော့ သူကတဖန် ပြန်ပြီး လာအလှူခံတော့ ကျုပ်ကလဲ ငါးထောင်ဗျာလို့ လှူလိုက်တယ်ဆိုရင် ဘာယုံကြည်ချက်သဒ္ဓါမှ မရှိဘူး။ လူမှုရေးရာအရ ပေါင်းသင်းဆက်ဆံရေးအရ လှူတဲ့လူတွေ အများကြီးပဲရှိပါတယ်။ သူများသားသမီး ရှင်ပြုတယ်။ တို့များ သားသမီး ရှင်မပြုရင် ဗုဒ္ဓဘာသာအမည်ခံပြီးတော့ မကောင်းသေးပါဘူး။ ‘အဲဒီတော့ ဘယ်လောက်ကုန်ကုန် ရှင်ပြုအလှူ လှူမယ်ဆိုပြီး လှူကြတာတွေ ဟာလဲ သဒ္ဓါအစစ်တော့ မဖြစ်နိုင်ပါဘူး။

တကယ်စစ်မှန်တဲ့ သဒ္ဓါတရားနဲ့ ကောင်းမှုကုသိုလ်တွေကို လုပ်တယ်ဆိုလို့ ရှိရင် ဒီဘဝမှာလဲ ကောင်းကျိုးချမ်းသာကို ရမယ်၊ နောင်ဘဝမှာလဲ ကောင်းကျိုးချမ်းသာကို ရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကိုယ့်ချွေးနဲစာကို လှူတယ်ဆိုတဲ့ သဒ္ဓါစေတသိက်ဟာ လှူတဲ့နေရာမှာ အရေးကြီးဆုံးပဲ။

သီလဆောက်တည်တာလဲ သဒ္ဓါပါပဲ။ သဒ္ဓါတရားမရှိဘဲနဲ့ သီလဆောက်တည်လို့ မရပါဘူး။ သဒ္ဓါကို ယုံကြည်ချက်လို့ ပြန်လို့ရှိရင် ဒါနတစ်ခုထဲတင်မဟုတ်ဘူး၊ သီလဆောက်တည်တယ်ဆိုတဲ့ နေရာမှာလဲ ညစာထမင်းအငတ်ခံပြီးတော့ ဥပုသ်စောင့်ရတယ်။ ဥပုသ်စောင့်ရင် ရှစ်ပါးသီလစောင့်ရင် ဒီဘဝမှာလဲ ချမ်းသာမယ်။ နောင်ဘဝမှာလဲ ချမ်းသာမယ်။ ထမင်းတစ်ထပ်အငတ်ခံတာနဲ့ အဆပေါင်း သိန်းသန်းကုဋေ ချမ်းသာမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ဥပုသ်စောင့်တာဟာလဲ သဒ္ဓါပါပဲ။ ရှစ်ပါးသီလဟာ သာမညသီလမဟုတ်ဘူး။

## ရာထူးကြီးကြီးလိုချင်ရင် ရှစ်ပါးသီလစောင့်

စကြာမင်းဖြစ်စေတဲ့ စကြာရတနာကို မိဘက သားသမီးကို ပေးလို့မရဘူး။ စကြာမင်း သေသွားခဲ့လို့ရှိရင် စကြာရတနာဟာ ကွယ်ပျောက်သွားတယ်။ စကြာရတနာဆိုတာက ဘုန်းကံရှိမှရတာ။ အဲဒီတော့ စကြာမင်းရဲ့သားတွေဟာ သူတို့ရဲ့ ခမည်းတော်စကြာမင်း နတ်ရွာစံတယ်ဆိုလို့ရှိရင် စကြာမင်းကျင့်ဝတ်ဆိုပြီးတော့ ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ပေါ်မှာ ရှစ်ပါးသီလဆောက်တည်ပြီး ကမ္ဘာသူကမ္ဘာသား သတ္တဝါအားလုံးကို မေတ္တာပို့ရတယ်။ အဲဒီတော့မှ စကြာရတနာက ဆိုက်လာတယ်။ လုပ်ကြည့်ချင်ရင် ဥပုသ်နေ့တွေမှာ ရှစ်ပါးသီလကို စင်စင်ကြယ်ကြယ် စောင့်ထိန်းပြီးတော့ သတ္တဝါအားလုံးကို မေတ္တာပို့ရင် ဒီဘဝမှာတင် ချက်ချင်းချမ်းသာလာနိုင်တယ်၊ သဒ္ဓါ ယုံကြည်ချက်နဲ့ လုပ်ရင် ထီရင်လဲ ပေါက်မယ်။ ရာထူးကြီးကြီးကျယ်ကျယ်တွေလဲ ရချင် ရလာနိုင်တယ်၊ ရှစ်ပါးသီလဟာ စကြာရတနာတောင် ဆိုက်လာနိုင်တာပဲ။

စကြာမင်းရဲ့သားဖြစ်တဲ့ စကြာမင်းလောင်းဆိုသူမှာ စကြာရတနာမရှိရင် စကြာမင်းမဖြစ်နိုင်ဘူး။ စကြာမင်းဖြစ်အောင်ဆိုရင် ရှစ်ပါးသီလစောင့်ပြီး မေတ္တာပွားလို့ စကြာရတနာ ရောက်လာတဲ့အခါကျမှ စကြာမင်းရဲ့ သားတော်ကို စကြာမင်းလို့ ခေါ်လို့ရဟာ။ ခမည်းတော်စကြာမင်းက ပေးလို့ ရတာမျိုး မဟုတ်ဘူး။

အဲဒီတော့ ရှစ်ပါးသီလဆိုတာ အရိယာတို့ စောင့်သုံးတဲ့ အင်မတန်မွန်မြတ်တဲ့ သီလပဲဆိုပြီး ယုံကြည်ချက်ရှိလို့သာ ရှစ်ပါးသီလ စောင့်ကြတာ။ ဒီလိုသာ ယုံကြည်ချက်မရှိရင် မနက်မှာ ဘုန်းကြီးကျောင်းသွားပြီးတော့ ဘုန်းကြီးထံမှ ရှစ်ပါးသီလတွေ ယူခဲ့ကြရော။ အိမ်ပြန်ရောက်လို့ မွန်းလွဲပိုင်း ထမင်းဆာတဲ့ အခါကျတော့ "သီလဖျက်လိုက်ကြပါစို့၊ စားကြပါစို့"ဆိုပြီး စားလိုက်ကြတာပဲ။ ယုံကြည်ချက်သဒ္ဓါတရားမှ မရှိဘဲနဲ့ဆိုတော့ စားကြတာပေါ့။

သမထ, ဝိပဿနာတရား အားထုတ်တယ်ဆိုတဲ့နေရာမှာလဲ တရားအားထုတ်လို့ရှိရင် ဒီဘဝမှာပဲ သောတာပန်ဖြစ်နိုင်တယ်။ ဒီလမ်းစဉ်ဟာ ဒီဘုရားရဲ့ တရားဟာ တကယ်မှန်တယ်။ ဒီတရားအတိုင်း တကယ်ကျင့်ရင် တကယ် အရိယာဖြစ်နိုင်တယ်လို့ ယုံကြည်ချက်ရှိတဲ့လူမှ ဒီတရားကို အားထုတ်နိုင်တယ်။ အဲဒီလို ယုံကြည်ချက်မရှိဘဲနဲ့ ဆိုလို့ရှိရင် သူများတကာခေါ်လို့ သွားတရားထိုင်ပေမဲ့ ခဏပဲထိုင်မှာပါ၊ နောက်ဆက်ပြီးတော့ တရားအားမထုတ်နိုင်ပါဘူး။

## လောကမှာ အမြတ်ဆုံးရတနာဆိုတာ ဘာလဲ

ဒါကြောင့်မို့လို့ ဘယ်ကုသိုလ်ကောင်းမှုပဲဖြစ်ဖြစ် သဒ္ဓါပါမှ လုပ်လို့ရတယ်၊ ဒါကြောင့် လူမှာ အမြတ်ဆုံး အဖိုးတန်ဆုံး တန်ဖိုးအကြီးဆုံးရတနာဟာ စိန်, ရွှေငွေ, ကျောက်သံ, ပတ္တမြားရတနာတွေ မဟုတ်ပါဘူး။ ယုံကြည်ချက်သဒ္ဓါရတနာသာ အမြတ်ဆုံးပါပဲတဲ့။ ဒါကြောင့်မို့လို့ သဒ္ဓါဟာ ရတနာ(၇)ပါးထဲမှာ (၁)နံပါတ်အနေနဲ့ တစ်ပါးပါဝင်ပါတယ်။ သဒ္ဓါတရားဟာ ကိုယ်တစ်ယောက်

ထဲကိုလဲ ချမ်းသာစေနိုင်တယ်။ တစ်တိုင်းပြည်လုံးက လူတွေ တစ်ကမ္ဘာလုံးက လူတွေကိုလဲ ချမ်းသာစေနိုင်တယ်။

သဒ္ဓါတရားရှိတဲ့ နိုင်ငံခေါင်းဆောင် အာဇာနည်ယောက်ျားကောင်း တစ်ယောက် ပေါ်ပေါက်လာရင် သူ့သဒ္ဓါတရားဟာ တစ်နိုင်ငံလုံးကို ချမ်းသာအောင် လုပ်သွားနိုင်တယ်။

ဒါကြောင့်မို့လို့ နိုင်ငံရေးမှာပဲဖြစ်ဖြစ်၊ လူအများ ကောင်းစားရေးမှာပဲ ဖြစ်ဖြစ် ဘယ်ကုသိုလ်ကောင်းမှုမှာပဲဖြစ်ဖြစ် သဒ္ဓါယုံကြည်ချက်ဟာ အင်မတန် အရေးကြီးပါတယ်။ ယုံကြည်ချက်ရှိတယ်ဆိုရင် စည်းစိမ်ဥစ္စာနဲ့ ဇနီးမယား သမီးသားကို မပြောနဲ့ အသက်ကိုပင် စွန့်လွှတ်ပြီးတော့ အများကောင်းစားရေး အတွက် စွမ်းဆောင်ထမ်းရွက်နိုင်ကြတယ်။ ဒါကြောင့်မို့ သဒ္ဓါစေတသိက်ကို ကုသိုလ်စေတသိက် ၂၅–လုံးထဲမှာ နံပါတ်(၁)ထားပြီး ဘုရားက ဟောခဲ့တာပါ။

သဒ္ဓါစေတသိက်နဲ့ ပတ်သက်လို့ မြန်မာစကားထဲမှာ သဒ္ဓါတရားကောင်း တယ်ဆိုလို့ရှိရင် အလှူဒါနပြုတဲ့လူလို့ ဒီလို အသိများကြတယ်။ အမှန်တော့ သဒ္ဓါဆိုတာ ယုံကြည်မှုပါပဲ။ ဒါနလုပ်တယ်ဆိုရင် ဒီဘဝမှာရော နောင်ဘဝမှာပါ အကျိုးရှိတယ်လို့ ယုံကြည်မှုကို သဒ္ဓါခေါ်တာပဲ။ သီလဆောက်တည်တယ်ဆိုလို့ ရှိရင်လဲ ဒီဘဝမှာရော နောင်ဘဝမှာပါ အကျိုးရှိတယ်လို့ ယုံကြည်တာကို သဒ္ဓါခေါ်တာပဲ။ ကုသိုလ်ကောင်းမှုလုပ်တဲ့လုပ်ငန်းကစပြီး ဘယ်လုပ်ငန်းမှာမဆို သဒ္ဓါမပါလို့ မရဘူး။ ကုသိုလ်ကောင်းမှုဆိုတာကလဲ စုဆောင်းပြီးထားတဲ့ ကိုယ့်ချွေးနဲ့စာတွေ၊ ကိုယ်အင်မတန်တွယ်တာတဲ့ ပစ္စည်းတွေကို လှူဒါန်းတာမျိုး၊ ကိုယ်ခန္ဓာနဲ့ ရင်းပြီးတော့လုပ်ရတဲ့ အလုပ်မျိုးတွေကို လုပ်တဲ့အခါ ယုံကြည်မှုကို သဒ္ဓါတရားလို့ ခေါ်တယ်။

အဲဒီတော့ ယုံကြည်တယ်ဆိုတဲ့နေရာမှာ ယုံကြည်တာ ၂–မျိုးရှိတယ်။ ကိုယ်တိုင်သိလို့ ယုံကြည်တာကတစ်မျိုး၊ ဘုရားကဟောလို့ တရားဟောဆရာ တွေက ပြောလို့ တစ်ဆင့်ကြားပြီးတော့ ယုံကြည်တာက တစ်မျိုး။ အဲဒီလို နှစ်မျိုးရှိတယ်။

ဥပမာအားဖြင့် - ဗုဒ္ဓဘာသာဝင်တွေဟာ နောက်ဘဝရှိတယ်ဆိုတာ ယုံတယ်။ အဲဒီလို နောင်ဘဝရှိတယ်လို့ ယုံတာဟာ ကိုယ်တိုင်သိလို့ ယုံတာလား၊ တဆင့်ကြားပြီးတော့ ယုံတာလားဆိုတော့ တစ်ဆင့်ကြားနဲ့ ယုံတာပါ။ နောက်ဘဝရှိတယ်လို့ ကိုယ်တိုင်သိတဲ့လူ အလွန်ရှားပါတယ်။ ရှေးဘဝ နောက်ဘဝတွေ သိတဲ့ လူဝင်စားကတော့ သိရင်သိမယ်ပေါ့။ ပြန်ပြောနိုင်မယ့်လူဝင်စား၊ ဒါမှ မဟုတ် ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေကျတော့လဲ အတိတ်ဘဝက ဘာတွေ ဖြစ်ခဲ့ဟယ်၊ နောက်ဘဝမှာ ဘာတွေဖြစ်မယ်လို့ သိနိုင်ပါတယ်။

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဆိုတဲ့ သဗ္ဗညုတဉာဏ်ရတဲ့ ဘုရားရှင်က နောက်ဘဝဆိုတာ ရှိတယ်လို့ ဟောထားလို့ ယုံတာပါ။ အမှန်တရားကို ထိုးထွင်းသိထားတဲ့ ဘုရားဆိုတဲ့ ပုဂ္ဂိုလ်မျိုးက ဟောထားရင် တကယ်မှန်တယ်၊ ဧကန်မုချ မှန်တယ်လို့ ယုံတာဟာ တစ်ဆင့်ကြားပြီးတော့ ယုံတာပါပဲ၊ တစ်ဆင့်ကြားပြီးတော့ ယုံရင်လဲ သဒ္ဓါစေတသိက်ပဲ။ ကုသိုလ်ကောင်းမှုဖြစ်တာပဲ။

များသောအားဖြင့်ကတော့ သောတာပန်မဖြစ်သေးသမျှ ကာလပတ်လုံး တစ်ဆင့်ကြားနဲ့ ယုံတာပဲ။ သောတာပန်တွေလဲ မိမိနဲ့ဆိုင်တဲ့တရားကိုသာ ကိုယ်တိုင်သိလို့ ဘုရားနဲ့တရားကို ယုံတဲ့အခါမှသာ ကိုယ်တိုင်သိလို့ ယုံပါတယ်။ ရှေးဘဝနဲ့ နောင်ဘဝကိုတော့ သောတာပန်တွေလဲ တစ်ဆင့်ကြားနဲ့ ယုံတာပဲ။

အဲဒါကြောင့်မို့လို့ ယုံနည်းက နှစ်မျိုးရှိတယ်။ ကိုယ်တိုင်သိလို့ ယုံတာက တစ်မျိုး၊ တစ်ဆင့်ကြားနဲ့ ယုံတာက တစ်မျိုးပေါ့။ သဒ္ဓါကတော့ သဒ္ဓါချည်း ပါပဲ။

အဲဒီတော့ သဒ္ဓါစေတသိက်ဟာ အကုသိုလ်စေတသိက်ထဲက ဘာနဲ့ ဆန့်ကျင်ဘက်လဲဆိုတော့ ဝိစိကိစ္ဆာနဲ့ ဆန့်ကျင်ဘက်၊ ဝိစိကိစ္ဆာဆိုတာက ဘုရားဟုတ်သလား မဟုတ်ဘူးလား။ တရားအစစ်လား၊ မစစ်ဘူးလား၊ သံဃာအစစ်လား မစစ်ဘူးလားဆိုပြီး ဝေခွဲမရတဲ့ ဝိစိကိစ္ဆာဖြစ်နေတယ်။ ဒီတော့ ဝိစိကိစ္ဆာက ကုသိုလ်ကောင်းမှုလုပ်တဲ့နေရာမှာ အဖျက်သမားပဲ။ သဒ္ဓါက ကုသိုလ်ကောင်းမှု

လုပ်တဲ့အခါမှာ တကယ့်အပြုသမားပါ။ ဒါကြောင့်မို့လို့ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်ထဲမှာ သဒ္ဓါကို နံပါတ်(၁)ထားရတာပါ။

## သဒ္ဓါစေတသိက်နှင့် လက်

ဘုရားဟောကျမ်းဂန်ထဲမှာ သဒ္ဓါစေတသိက်ဆိုတာ လက်နဲ့တူတယ်လို့ ဆိုပါတယ်။ လူတွေဟာ ကိုယ်ယူချင်တဲ့အရာဝတ္ထုကို ယူချင်ရင် လက်နဲ့ယူပါတယ်။ တကယ်လို့ လက်သာမရှိဘူးဆိုရင် ပေးတဲ့လူက စိန်တွေလာပေးလဲ ယူလို့မရပါဘူး။ ထမင်းလာကျွေးရင်လဲ ပါးစပ်နဲ့ ကုန်းဟပ်ရုံကလွဲလို့ စားလို့မရပါဘူး။ အဲဒီတော့ လက်ဟာ ကိုယ့်လာပေးတဲ့ပစ္စည်းဝတ္ထုမှန်သမျှကို ကိုယ်ယူချင်တာကို အလွယ်တကူ ယူလို့ရသလို ယုံကြည်မှုသဒ္ဓါရှိတဲ့ ပုဂ္ဂိုလ်ဟာ ဒါနကိုလဲ ယူနိုင် ပြုနိုင်တယ်။ သီလကိုလဲ ဆောက်တည်နိုင်တယ်။ သမထ၊ ဝိပဿနာ တရားကိုလဲ ပွားများအားထုတ်နိုင်ပါတယ်။ ကောင်းတဲ့ လုပ်ငန်းဆိုရင် ဘယ်လုပ်ငန်းကိုပဲ ပေးပေး၊ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်က ယူနိုင် လုပ်နိုင်ပါတယ်။

သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်ကို ဒါနလုပ်ခိုင်းလို့ မရပါဘူး။ သီလ ဆောက်တည်ခိုင်းလို့လဲ မရပါဘူး။ ကောင်းတဲ့လုပ်ငန်းမှန်သမျှကို ယုံကြည်မှု မရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် "ဒါတွေလုပ်လို့ အလကားပေါ့၊ ပိုက်ဆံကုန် လူပန်းရုံ၊ မောရုံပဲ"လို့ ပြောလွှတ်လိုက်မှာပေါ့။ သူက သဒ္ဓါတရားမှ မရှိဘဲကို။ယုံကြည်ချက် မရှိဘဲကိုး။ သဒ္ဓါတရားမရှိတဲ့ပုဂ္ဂိုလ်ဟာ ဘာကုသိုလ်မှ လုပ်လို့မရဘူး။ ကုသိုလ်ကောင်းမှုဖြစ်ဖို့ အခွင့်အရေးအင်မတန်နည်းပါးပါတယ်။ ဒါကြောင့် သဒ္ဓါဟာ လက်နဲ့တူတယ်လို့ ဆိုတာပါ။ ဘာပြုလို့လဲဆိုတော့ လက်ဟာ ဘယ်အရာကိုမဆို ယူချင်တဲ့ပစ္စည်းကို အလွယ်တကူ ယူနိုင်သလို သဒ္ဓါရှိတဲ့ ပုဂ္ဂိုလ်ဟာလဲ ကိုယ်လိုချင်တဲ့ ကုသိုလ်ကောင်းမှုကို အလွယ်တကူ လုပ်ယူလို့ ရပါတယ်။

## သဒ္ဓါစေတသိက်နှင့် ပစ္စည်းဥစ္စာ

နောက်တစ်နည်းအားဖြင့် သဒ္ဓါကို ဘယ်လို ဥပမာပေးသလဲဆိုတော့ ရွှေငွေဥစ္စာပစ္စည်းနဲ့ တူတယ်လို့ ဆိုပါသေးတယ်။ သဒ္ဓါတရားက ရွှေ ငွေ ဥစ္စာပစ္စည်းနဲ့ ဘယ်လို တူသလဲဆိုတော့ ရွှေ ငွေ ဥစ္စာ ပစ္စည်းရှိတဲ့လူဟာ ကိုယ်လိုချင်တဲ့ ဘယ်ဥစ္စာပစ္စည်းကိုမဆို ဝယ်ယူလို့ရပါတယ်။ ငွေရှိမယ်၊ ရွှေရှိမယ်ဆိုရင် အဝတ်ဝယ်ချင်လဲ ရတာပဲ။ မော်တော်ကားဝယ်ချင်လဲ ရတာပဲ။ တိုက်ဆောက်ချင်ရင်လဲ ရတာပါပဲ။ ရွှေတို့ ငွေတို့ အများကြီးရှိမယ်ဆိုရင် ဘာလိုချင်လိုချင် အကုန်လုံး ရပါတယ်တဲ့။

အဲဒီလိုပဲ သဒ္ဓါတရားရှိတဲ့လူဟာ ဘာကုသိုလ်ကိုပဲဖြစ်ဖြစ် လုပ်ချင်ရင် လုပ်လို့ရပါတယ်တဲ့။ တချို့တလေက သဒ္ဓါတရားရှိတယ် ဆိုပေမဲ့ ရွှေ ငွေရှိမှ ကုသိုလ်ကောင်းမှုလုပ်နိုင်တယ်လို့ အောက်မေ့နေတယ်။ ကုသိုလ်ကောင်းမှု လုပ်နိုင်တာဟာ ရွှေငွေရှိတာ မရှိတာနဲ့ ဘာမှ မဆိုင်ပါဘူး။ သဒ္ဓါတရားရှိတယ်ဆိုရင် ကုသိုလ်ကောင်းမှု လုပ်နိုင်ပါတယ်။ ရွှေငွေ မရှိလဲ သီလဆောက်တည်လို့ ရပါတယ်။ လမ်းတံတားများ တည်ဆောက်တာ၊ အမှိုက်ရှင်းပြီး ရပ်ရွာသန့်ရှင်းရေးလုပ်တာ၊ သောက်ရေအိုးစင်တည်ထားတာစတဲ့ အများအကျိုးပြုလုပ်ငန်းတွေကို လုပ်လို့ရပါတယ်။ ခန္ဓာကိုယ်ရဲ့ ကာယစွမ်းအားကို အကြောင်းပြုပြီး ဆောင်ရွက်လို့ရတာတွေ အများကြီး ရှိပါတယ်။ ရွှေ ငွေ အသပြာရှိဖို့ထက် သဒ္ဓါရှိဖို့က ပိုပြီး အရေးကြီးပါတယ်။

ဒီရပ်ကွက်တစ်ခုလုံး ငါတစ်ယောက်တည်း သွန့်ရှင်းရေးလုပ်မယ်၊ ကဲ ညစ်ပတ်ချင်တဲ့သူတွေ ညစ်ပတ်ကြစမ်း၊ ညစ်ပတ်သမျှ ငါကုသိုလ်ရတာပဲလို့ သဒ္ဓါတရားထားရှိရင် ကုသိုလ်ရတာပါပဲ။

အဲဒီတော့ ဘုရားအလောင်း သုမေဓာရှင်ရသေ့ဘဝတုန်းက ဒါနလုပ်တာ ကုသိုလ်လုပ်တာဟာလဲ ခန္ဓာကိုယ် ကာယစွမ်းအားရင်းပြီးတော့ လုပ်တာပဲ။ သုမေဓာမှာ ဒီပြင်လှူစရာ ဘာမှရှိတာမှ မဟုတ်ဘဲ။ ရဟန္တာ(၅၀၀)နှင့်တကွ ဘုရားရှင်လဲ ကြွလာရော ဘုရေးရှင်နှင့်တကွ ရဟန္တာတွေ ရွှံ့မနင်းရအောင်

ဆိုပြီး အလျှားမှောက်ပြီးတော့ သူ့ကိုယ်ကို အနင်းခံတာပဲ။ ဒါနဟာ လုပ်ချင်ရင် သဒ္ဓါရှိဖို့သာ အရေးကြီးတာပဲ။

ဒါကြောင့်မို့လို့ သဒ္ဓါတရားဟာ ဥစ္စာနဲ့တူတယ်။ သဒ္ဓါတရားမရှိတဲ့ လူတစ်ယောက်ဟာ ဘယ်လောက် ပစ္စည်းဥစ္စာ ချမ်းသာ ချမ်းသာ ကုသိုလ် ကောင်းမှု မလုပ်ဖြစ်ပါဘူး။ သီလလဲ မဆောက်တည်ဘူး၊ သမထ ဝိပဿနာလဲ သူအားမထုတ်ဘူး၊ အများအကျိုးအတွက် ကောင်းတဲ့လုပ်ငန်းမှန်သမျှ လုပ်ဖို့ဟာ သဒ္ဓါတရားရှိဖို့သာ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ သဒ္ဓါဟာ ရွှေ ငွေ ရတနာတို့နဲ့တူတယ်၊ ရွှေတို့ ငွေတို့ ရှိတဲ့လူဟာ လိုချင်တာရသလို သဒ္ဓါတရား ရှိတဲ့လူဟာလဲ သောတာပန် ဖြစ်ချင်သလား၊ သကဒါဂါမ်ဖြစ်ချင်သလား၊ အနာဂါမ်ဖြစ်ချင်သလား။ သူတော်ကောင်းဖြစ်ချင်သလား၊ ကုသိုလ်ကောင်းမှု မှန်သမျှ အကုန်လုံး လုပ်လို့ ရပါတယ်တဲ့။

သဒ္ဓါကို ရွှေ ငွေ ပစ္စည်းဥစ္စာတို့နဲ့ တူတဲ့အကြောင်းက သံယုတ်ပါဠိ တော်မှာ လာပါတယ်၊ အင်မတန်တန်ခိုးကြီးတဲ့ အာဠဝက နတ်ဘီလူးဟာ မြတ်စွာဘုရားနဲ့ တန်ခိုးအမျိုးမျိုး ပြိုင်ခဲ့တယ်။ နောက်ဆုံး ရှုံးတဲ့အခါကျမှ မာန်တွေ ဒေါသတွေ လျှော့ပြီး "လူမှာ တန်ဖိုးအကြီးဆုံး အမြတ်ဆုံးပစ္စည်း ဥစ္စာဟာ ဘာလဲ"လို့ ဘုရားကို မေးပါတယ်။ မြတ်စွာဘုရားက "လူမှာ တန်ဖိုးအကြီးဆုံး အမြတ်ဆုံးဟာ သဒ္ဓါတရားပဲ"လို့ ဖြေတော်မူပါတယ်။ ပါဠိတော်မှာ "သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ"လို့ လာတယ်။ ဤလောကမှာ သဒ္ဓါတရားဟာ အမြတ်ဆုံးပဲတဲ့။

အာဠဝကတို့ ပုဏ္ဏကတို့ဆိုတာ နတ်ဘီလူးတွေပါ။ အင်မတန်တန်ခိုး ကြီးတဲ့ နတ်တွေကတော့ သိတာပေါ့။ နတ်တွေကျတော့ သူတို့ ဘုံဗိမာန်တွေ ရနေတာဟာ အတိတ်ဘဝက လုပ်ခဲ့တဲ့ သဒ္ဓါတရားကြောင့် ရနေတာဆိုတာ သိတယ်။ နတ်တွေမှာ ကံသက်သက်ပဲ ရှိတာ။ လူမှာကျတော့ လူဖြစ်လာတဲ့ ဘဝမှာ မချမ်းသာပေမဲ့ ကြိုးစားရင် ချမ်းသာနိုင်တယ်။ ဉာဏ်တို့ ဝီရိယတို့ ထုတ်ပြီးတော့ ကြိုးစားရင် ချမ်းသာနိုင်တယ်။ နတ်တွေမှာကျတော့ ဉာဏ်နဲ့

ဝီရိယက ပဓာနမဟုတ်ဘူး။ ကံက ပဓာနဖြစ်တယ်။ အဲဒီတော့ မွေးကတည်းက နတ်လိုပဲ ချမ်းသာတဲ့လူတွေလဲ ရှိတာပေါ့။အဲဒီချမ်းသာတဲ့လူတွေ ဘာကြောင့် ချမ်းသာတာလဲဆိုတော့ အတိတ်ဘဝက ကုသိုလ်ကောင်းမှုလုပ်ခဲ့တဲ့ သဒ္ဓါတရားကြောင့်ပါပဲ။

ဒါကြောင့်မို့လို့ ဘုရားက အာဠဝက နတ်ဘီလူးရဲ့အမေးကို ဖြေတဲ့အခါကျတော့ လောကကြီးမှာ စိန် ရွှေ ငွေ ရတနာ ပစ္စည်းဥစ္စာတွေ အားလုံးထဲမှာ အမြတ်ဆုံးပစ္စည်းဥစ္စာဟာ သဒ္ဓါတရားပါပဲလို့ ဖြေဆိုတော်မူခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်လဲပဲ သူတော်ကောင်းဥစ္စာ ခုနစ်ပါးမှာ သဒ္ဓါဟာ (၁)နံပါတ်နေရာမှာ ပါတာပေါ့။

ဒီပြင်ပစ္စည်းဥစ္စာက ဒီဘဝမှာ ရှိပြီးတော့ ဒီတစ်ဘဝမှာ သုံးလိုက်ဖြုန်းလိုက်လို့ရှိရင် ကုန်သွားတာပဲ။ သဒ္ဓါတရားကတော့ ဘဝအဆက်ဆက်မှာ လူဖြစ်လဲ အထက်တန်းစားလူ၊ နတ်ဖြစ်လဲ အထက်တန်းစားနတ်၊ ဗြဟ္မာဖြစ်လဲ အထက်တန်းစားဗြဟ္မာဆိုပြီး ဘဝအဆက်ဆက်တိုင်းမှာ ချမ်းသာစေနိုင်လို့ ပစ္စည်းဥစ္စာထဲမှာ အမြတ်ဆုံး ပစ္စည်းဥစ္စာပဲလို့ ဆိုတာပါ။

## သဒ္ဓါဧတသိက်နှင့် မျိုးစေ့

ဒီဥပမာနှစ်မျိုးပြီးတော့ နောက်တစ်နည်းက သဒ္ဓါတရားဟာ မျိုးစေ့နဲ့ တူတယ်တဲ့။ ဆန်ရေစပါးဆိုတဲ့ စပါးပင်တွေကို စိုက်ပျိုးကြတဲ့အတွက် ထမင်းတွေ ဘာတွေ စားနေရတာဟာ မျိုးစေ့ရှိလို့ စားနေကြရတာပါ။ မျိုးစေ့မရှိဘဲနဲ့ အပင်စိုက်လို့ မရနိုင်ပါဘူး။ အပင်ပေါက်တယ်ဆိုရာမှာ မျိုးစေ့ရှိမှ အပင်ပေါက်လို့ရတာပါ။

ဒါကြောင့်မို့လို့ သဒ္ဓါဟာ မျိုးစေ့နဲ့တူတယ်လို့ ဆိုတာပါ။ သဒ္ဓါတရားရှိမှ ချမ်းသာလို့ရတာ။ သဒ္ဓါတရားရှိတဲ့လူမှ ကုသိုလ်ကောင်းမှုအပင်တွေပေါက်လို့ရတာ။ ဒါနအပင်လဲ ပေါက်လို့ရတယ်။ သီလအပင်လဲ ပေါက်လို့

ရတယ်။ သမထ ဝိပဿနာအပင်တွေလဲ ပေါက်လို့ရတယ်၊ တိုင်းကျိုးပြည်ကျိုး ဆောင်တဲ့ အပင်တွေလဲ စိုက်လို့ရတယ်။ သဒ္ဓါတရားလို့ခေါ်တဲ့ မျိုးစေ့မရှိတဲ့ လူကျတော့ ဘာအပင်မှ စိုက်လို့မရပါဘူး။ ရပ်ကွက်အကျိုးလဲ လုပ်မှာမဟုတ်ဘူး။ သူကောင်းစားရေးအတွက်ဆိုရင် သူက ယုံကြည်ချက် သဒ္ဓါတရားကို မရှိဘူး။ အများကောင်းစားရေးလုပ်ရင် ချမ်းသာတယ်ဆိုတာ ယုံမှ မယုံကြည်ဘဲ။ သူ့ဘာသာသူ ချမ်းသာအောင် လုပ်မှ သူချမ်းသာမယ်လို့ ထင်တယ်။

အများအားဖြင့် အထင်နဲ့အမြင်ဟာ အဲဒီထိအောင် လွဲနေကြတာ။ မည်သူမဆို အများကောင်းစားအောင်လုပ်မှ ကိုယ်ချမ်းသာတာပါ၊ ကိုယ်တစ်ယောက်ထဲ ချမ်းသာအောင် လုပ်ရင် ဘယ်တော့မှ မချမ်းသာဘူး။

ဒါကြောင့်မို့လို့ အများကောင်းစားရေးပဲလုပ်လုပ်၊ ဒါနပဲလုပ်လုပ်၊ သီလပဲလုပ်လုပ်၊ ယုံကြည်မှုဆိုတဲ့ မျိုးစေ့ရှိတဲ့လူဟာ ဒီလိုကောင်းတဲ့အပင်မျိုးတွေ စိုက်လို့ရတယ်။ သဒ္ဓါလို့ခေါ်တဲ့ မျိုးစေ့မရှိတဲ့လူဆိုရင် ဘာအပင်မှ စိုက်လို့မရဘူး။ ဒီလူဟာ ဒီဘဝချမ်းသာလဲ တစ်ဘဝပါပဲ။ ဒီဘဝချမ်းသာတယ်ဆိုပေမဲ့ ပစ္စည်းဥစ္စာတွေ ပေါနေပေမဲ့ အများအကျိုးကို မဆောင်ရွက်တဲ့ လူတစ်ယောက်ဟာ မချမ်းသာပါဘူး။ သူ့စိတ်ဟာ ဆင်းရဲနေမှာပဲ။ သူ့ကို ဘယ်သူကမှ ဂရုမစိုက်ဘူး။ အများအကျိုးမလုပ်တဲ့ လူတစ်ယောက်ကို ဘယ်သူမှ ဂရုမစိုက်ဘူး။ ဘယ်လောက်ပဲ ချမ်းသာနေ, ချမ်းသာနေ ဘယ်သူမှ အသိအမှတ်မလုပ်ပါဘူးတဲ့။

## ကုသိုလ်လုပ်တယ်ဆိုတာ အများကောင်းစားရေးပါ

ဒါနလုပ်တယ်ဆိုတာလဲ အများကောင်းစားရေး လုပ်တာပဲ။ သီလဆောက်တည်တယ်ဆိုတာလဲ အများကောင်းစားရေးလုပ်တာပါ။ လူတွေမှာ အထင်လွဲနေတာက ဒါနပြုတယ်ဆိုတာ ကိုယ်သာ ကုသိုလ်ရအောင်လုပ်တယ်လို့ အဲဒီလို အမြင်လေးနည်းနည်းလွဲမှားနေတယ်။ ဒါနလုပ်တယ်ဆိုတာက အများကောင်းစားရေး လုပ်တာ။ ကိုယ်ရော ကုသိုလ်မရဘူးလားဆိုတာကတော့ ပြောစရာမလိုဘူး။

အများ ကောင်းစားအောင်လုပ်ရင် ကိုယ်ကတော့ ရပြီးသားပဲ။ သီလဆောက်တည်တာလဲ အများကောင်းစားရေးလုပ်တာပဲ။ သမထ ဝိပဿနာ အားထုတ်တာလဲ အများကောင်းစားရေးလုပ်တာပဲ။ ဒီနေရာမှာ နည်းနည်း တစ်ဖက်စွန်းရောက်နေကြတာက "လုပ်တာကတော့ အများကောင်းစားအောင် လုပ်တာပါပဲ၊ ရှေးဦးအယူအဆက ကိုယ်သာကုသိုလ်ရအောင် လုပ်တာဆိုတဲ့" အယူအဆကြီးက သိပ်စွဲနေပါတယ်။ အဲဒါ တစ်ဖက်စွန်းရောက်နေတဲ့ အယူအဆကြီးပါပဲ။ တစ်ဖက်စွန်းရောက်နေပေမဲ့ လက်တွေ့လုပ်ငန်းရဲ့ အကျိုးတရားကို စစ်ကြည့်ရင် ဒီလုပ်ငန်းတွေဟာ အများကောင်းစားအောင် လုပ်တဲ့ လုပ်ငန်းတွေဆိုတာ ပြောစရာမလိုအောင် ထင်ရှားပါတယ်။

ဒါကြောင့်မို့လို့ သဒ္ဒါဟာ မျိုးစေ့နဲ့လဲ တူတယ်လို့ ဆိုတာပါ။ ပိဋကတ်သုံးပုံမှာ သဒ္ဒါစေတသိက်နဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြတာတွေ အင်မတန်များပြားလှပါတယ်။

## ဗိုလ်ရွေးပွဲ

နောက်ပြီးတော့ ဗိုလ်ရွေးပွဲဆိုတာ ရှိသေးတယ်။ ကုသိုလ်စေတသိက်တွေဟာ ၂၅-လုံး ရှိပေမဲ့ ဗိုလ်ဖြစ်ထိုက်တဲ့ စေတသိက်မှ ဗိုလ်ဖြစ်တာကိုး။ စစ်တပ်မှာ တပ်မတော်သားတွေ အများကြီးရှိပေမဲ့ ဗိုလ်မှူးတွေ ဗိုလ်ချုပ်ကြီးတွေက နည်းနည်းပဲ ရှိသလိုပေါ့။ ဗိုလ်ချုပ်ဖြစ်ထိုက်တဲ့လူမှ ခန့်တာကိုး။ စေတသိက်တွေထဲမှာလဲ ကုသိုလ်စေတသိက်တွေ ၂၅-လုံး ရှိပေမဲ့ ဗိုလ်ဖြစ်နိုင်တဲ့ စေတသိက်ကို ရွေးတဲ့အခါကျတော့ ဒီ သဒ္ဒါစေတသိက်ဟာ သဒ္ဒါဗိုလ်ဆိုပြီးတော့ ဗိုလ်တရားထဲမှာ ပါပါတယ်။

ဗိုလ်ဆိုတဲ့ စကားဟာ ပါဠိပျက် မြန်မာစကား ဖြစ်ပါတယ်။ အခု ဗိုလ်ချုပ်တို့ ဗိုလ်မှူးတို့ ဗိုလ်ကြီးတို့ဆိုတာတွေမှာ ဗိုလ်ဆိုတဲ့ စကားကို တချို့တလေကျတော့ အင်္ဂလိပ်စကားလို့တောင် ထင်နေကြတယ်။ အင်္ဂလိပ်ခေတ်က

အင်္ဂလိပ်တွေလာတော့ ဗိုလ်လို့ ခေါ်တာကိုး။ ဗိုလ်ဆိုတဲ့ စကားဟာ မြန်မာ ရှင်ဘုရင်လက်ထက်ကတည်းက ဗိုလ်မှူးတို့ ဗိုလ်တို့ဆိုတဲ့ စကားတွေ အကုန် ရှိတာပဲ။ ဗိုလ်ဟာ (ပါဠိက ပျက်လာတဲ့) မြန်မာစကားအစစ်ပါ။ အင်္ဂလိပ်စကား လုံးဝမဟုတ်ပါဘူး။ ဘယ်ကဖြစ်လာသလဲဆိုတော့ ဗလဆိုတဲ့ ပါဠိကနေ ဗိုလ်လို့ မြန်မာက မွေးစားယူလိုက်တာပဲ။ မြန်မာရဲ့မူရင်းအဓိပ္ပာယ်က ဗိုလ်ဆိုတာ ရှေ့ဆုံးကနေပြီးတော့ ရန်သူကိုတိုက်တဲ့သူဟာ ဗိုလ်ပဲ။ အခုနောက်ပိုင်းကျတော့ စစ်တပ်တွေ ဘာတွေမှာ ဗိုလ်ကနောက်ကနေပြီးတော့ တပ်သားတွေ ဘာတွေက ရှေ့ကနေတယ် ထင်ပါတယ်။ ထုံးစံကတော့ ဗိုလ်က ရှေ့ဆုံးက ခေါင်းဆောင် ပြီးတော့ တိုက်ခိုက်တာပါပဲ။ တပ်မတော်ကြီး တစ်ခုမှာပဲဖြစ်ဖြစ်၊ ရပ်ကွက် တစ်ခုမှာပဲဖြစ်ဖြစ် ရှေ့ဆုံးက ခေါင်းဆောင်တဲ့လူဟာ ဗိုလ်ပါပဲ။

## သဒ္ဓါဗိုလ်က တိုက်ထုတ်ပုံ

ဗိုလ်ဆိုတာက အကုသိုလ်တရားတွေကို တိုက်တဲ့နေရာမှာ ရှေ့ဆုံးက တိုက်ရတာပါ။ ကောင်းတာလုပ်မယ်ဆိုရင် အကုသိုလ်တရား အဖျက်သမားတွေ ဟာ ချီတက်ပြီးလာတာပဲ။

ဝိစိကိစ္ဆာကလဲ ဒါနလုပ်တယ်ဆိုလို့ရှိရင် ဘာလို့ ပိုက်ဆံအကုန်ခံရတာလဲ၊ ဘာဖြစ်လို့ လှူရတာလဲ၊ ကိုယ့်ဘာသာကိုယ် စားပစ်လိုက်ပါလား၊ ဒီဘဝမှာ ကုသိုလ်ရတယ်ဆိုတာ ဟုတ်ချင်မှ ဟုတ်မှာ၊ နောက်ဘဝဆိုတာလဲ ရှိချင်မှ ရှိမှာလို့ ဒွိဟဖြစ်နေတယ်။ ဟုတ်လေသလော၊ မဟုတ်လေသလောဆိုတဲ့ ဝိစိကိစ္ဆာ ကလဲ အဖျက်သမားပဲ မဟုတ်ပါလား။

မစ္ဆရိယကလဲ ငါ့မှာ တစ်သိန်းရှိတယ်။ ငါးသောင်းလှူလိုက်လို့ လျော့သွား ရင် နောက်ထပ် မရလို့ရှိရင် ဘယ့်နှယ်လုပ်ပါ့မတုံးဆိုပြီး ဖြစ်နေတာ။ မစ္ဆရိယ ကလဲ အဖျက်သမားပဲလေ။

အဲဒီတော့ ဒါနလေးတစ်ခုလုပ်မယ်ဆိုလို့ရှိရင် အကုသိုလ်စေတသိက်တွေကလဲ သူတို့တပ်မတော်ကြီးနဲ့ ချီတက်လာကြတာပဲ၊ အဲဒီလို အကုသိုလ်တပ်မတော်ကြီးကို ခံပြီးတော့ တိုက်ဖို့အတွက် ကုသိုလ်စေတသိက်ထဲက ဘယ်သူက ဗိုလ်လုပ်ပြီး တိုက်မလဲဆိုရင် သဒ္ဓါက ခေါင်းဆောင်ပြီး တိုက်ရပါတယ်။ မင်းတို့ အကုသိုလ်ကောင်တွေ အဖျက်သမားတွေ တစ်ကောင်မှ မလာနဲ့ဆိုပြီး ဝိစိကိစ္ဆာရော မစ္ဆရိယရော နောက်လိုက်တွေရော တစ်ခါတည်း အတုံးအရုံး ပစ်ချပစ်လိုက်တာ။

သဒ္ဓါက ရှေ့ကနေ ခေါင်းဆောင်ပြီး တိုက်သွားတဲ့အခါမှာ ဒီပြင်ကုသိုလ်စေတသိက် ကုသိုလ်တပ်မတော်ကြီးကလဲ နောက်က ချီတက်လာပြီး ရန်သူအကုသိုလ်တပ်မတော်ကြီးကို ချေမှုန်းပစ်လိုက်တော့ တကယ့် ဒါနအောင်ပွဲကြီးတွေ သီလအောင်ပွဲကြီးတွေနဲ့ အောင်ပန်းဆင်နိုင်ကြပြီပေါ့။

ကုသိုလ်ကောင်းမှု လုပ်တဲ့အခါမှာ ဘေးကလူတွေ မမြင်ရတဲ့ ရန်သူအကုသိုလ်အဖျက်သမားတွေ ချီတက်လာတာကို သဒ္ဓါစေတသိက်က တိုက်ထုတ်နေရတယ်။ စောစောစီးစီး ဒါနမပြုခင် အဲဒီရန်သူတွေကို တိုက်နေရတယ်။ အကုသိုလ် ရန်သူတွေ အကုန်လုံး ပြုတ်ပြုတ်ပြုန်းကျသွားတဲ့အခါကျမှ မလှူရမနေနိုင် ဖြစ်လာပါတယ်။

ဒါကြောင့်မို့လို့ သဒ္ဓါခေါင်းဆောင်တဲ့ ဘုရားအလောင်းတွေဟာ ကိုယ့်သွေးတွေကို ဖောက်ပြီးလှူတယ်။ ကိုယ့်မျက်လုံးတွေကို ဖောက်ပြီးတော့လှူတယ်။ မယားတွေ၊ သားသမီးတွေကို လှူတယ်။ ပစ္စည်းဉစ္စာတွေကို လှူတာကတော့ ပြောစရာကို မလိုတော့ဘူး။ အဲသလို လှူတဲ့နေရာမှာ ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့နေရာမှာ သဒ္ဓါဟာ ခေါင်းဆောင်ကြီးပါပဲ။ ဒါကြောင့်မို့လို့ သဒ္ဓါကို ဗိုလ်ရွေးတဲ့အခါမှာလည်း သဒ္ဓါဗိုလ်ဆိုပြီးတော့ ကုသိုလ်စေတသိက်ထဲက အဦးဆုံး ဗိုလ်အရွေးခံရတယ်။ စေတသိက်တိုင်း ဗိုလ်ရွေးခံရတာမဟုတ်ပါဘူး။

**သဒ္ဓါအစိုးရ**

အစိုးရအဖွဲ့ ဖွဲ့စည်းတဲ့အခါမှာလဲ ကုသိုလ်စေတသိက် ၂၅ ခုလုံး ကုသိုလ်အစိုးရအဖွဲ့အစည်းထဲမှာ ပါနိုင်တာမဟုတ်ဘူး။ ဒါပေမဲ့ သဒ္ဓါစေတသိက်ကတော့ ပါပါတယ်။

သဒ္ဓိန္ဒြေ = သဒ္ဓါအစိုးရ။ သိဒ္ဓိန္ဒြေဆိုတာက သဒ္ဓါနဲ့ ဣန္ဒြေကိုပေါင်းပြီး သဒ္ဓိန္ဒြေလို့ ဖြစ်တာပါ။ ဣန္ဒြေဆိုတာ မြန်မာနားလည်တဲ့ဣန္ဒြေမျိုးက တစ်မျိုးပါ။ မြန်မာ့ဝေါဟာရမှာက ဣန္ဒြေကောင်းတယ်ဆိုရင် သိက္ခာရှိတဲ့လူကို ပြောတာပါ။ မိန်းမတွေ ဣန္ဒြေရှိတယ်ဆိုရင် မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရလို့ သုံးနှုန်းတင်စားကြတယ်။ အဲဒီ ဣန္ဒြေက တစ်မျိုးပါ။

ရေးတဲ့အခါကျတော့ ဒီစကားလုံးအတိုင်း အတူတူပါပဲ။ ဣန္ဒြိယဆိုတဲ့ ပါဠိကို ဣန္ဒြေလို့ သုံးနှုန်းပါတယ်၊ ပါဠိမှာက အစိုးရတာကို ဣန္ဒြိယ=ဣန္ဒြေလို့ ခေါ်တယ်။ လောကမှာ အစိုးရဆိုတာက လူအများကို အုပ်ချုပ်တဲ့အဖွဲ့ကို အစိုးရလို့ ခေါ်တယ်။ တိုင်းပြည်တစ်ခုမှာ အစိုးရအဖွဲ့တစ်ခု ရှိတယ်။ အစိုးရအဖွဲ့ဆိုတာက တိုင်းပြည်ကြီးထဲက ခေါင်းဆောင်တွေကို ရွေးပြီးတော့ တကယ့်အုပ်ချုပ်ရေးကို နားလည်တဲ့လူတွေကို အစိုးရဖွဲ့တာပဲမဟုတ်လား။ လူတိုင်းလူတိုင်း အစိုးရအဖွဲ့ထဲမှာ ပါလို့မရနိုင်ပါဘူး။ အစိုးရဖွဲ့တယ်ဆိုပေမဲ့ ဖြစ်ထိုက်တဲ့အရည်အချင်းရှိတဲ့လူမှ အစိုးရအဖွဲ့ထဲ ပါရတာပါ။

အဲဒီလိုပဲ ကုသိုလ်စေတသိက်တွေကို အစိုးရအဖွဲ့ ဖွဲ့တဲ့အခါကျတော့ သဒ္ဓါ စေတသိက်ဟာ အစိုးရအဖွဲ့ထဲမှာ ပါဝင်ပါတယ်။ သဒ္ဓါက ဘာကိုအစိုးရသလဲဆိုတော့ အတူတကွဖြစ်တဲ့ စိတ်စေတသိက်တွေကို အစိုးရတယ်။ သဒ္ဓါက ဒါနလုပ်တော့လို့ အမိန့်ပေးလိုက်ရင် နောက်လိုက် နောက်ပါ စိတ်စေတသိက်တွေအကုန်လုံးလဲ ဒါန လုပ်ရတော့တာပဲ။ ဒါနလုပ်တော့မယ်ပေါ့ဆိုရင် မလုပ်ဘူးဆိုတဲ့ အကုသိုလ်စေတသိက်တွေကိုလဲ သူက အကုန်လုံးတိုက်ထုတ်ပစ်လိုက်တာပဲ။ အကုသိုလ်စေတသိက်တွေ မရှိတော့မှ သူ့နောက်လိုက်ဖြစ်တဲ့ ကုသိုလ်စေတသိက်တွေက ထလုပ်ကြတာပဲ။ သဒ္ဓါတစ်ခုတည်းနှင့် ဒါနလုပ်လို့ ရတာမှ မဟုတ်ဘဲ။ စေတနာတို့ ဝီရိယတို့ သတိတို့ ပညာတို့

အကုန်ပါရအုံးမှာကိုး။ အဲဒီတော့ သဒ္ဓါက အစိုးရတယ်ဆိုတာက ဒါနလုပ်တယ်ဆိုလို့ရှိရင်လဲ အစိုးရတယ်။ သီလဆောက်တည်တယ်ဆိုရင်လဲ အတူတကွဖြစ်တဲ့စိတ် စေတသိက်တွေကို အစိုးရပါတယ်။ ဒါကြောင့်မို့လို့ အစိုးရအဖွဲ့ဖွဲ့တဲ့အခါမှာ သဒ္ဓါဟာ သိဒ္ဓိန္ဒြေဆိုပြီးတော့ အစိုးရအဖွဲ့ထဲမှာလဲ ပါဝင်တာပါ။ ဒီကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်ထဲမှာ သဒ္ဓါကို နံပါတ်(၁)ဆိုပြီး ရှေ့ဆုံးကထားရတာပါပဲ။

ပြန်ပြီးအကျဉ်းချုပ်ရရင် သဒ္ဓါဆိုတာ ယုံကြည်ချက်ပဲ၊ ယုံကြည်တယ်ဆိုတဲ့နေရာမှာ အရေးကြီးဆုံးက ပထမ ကံ, ကံ၏အကျိုးကို ယုံကြည်ရမယ်၊ ဒါဟာ အရေးကြီးဆုံး ယုံကြည်ချက်ပဲ၊ နောက် ဒီထက် တက်ပြီးတော့ အတိတ်ဘဝ ရှိတယ်, အနာဂတ်ဘဝရှိတယ်လို့ ယုံကြည်ရမယ်၊ ဒါလဲ အရေးကြီးပါတယ်။

လူတွေရဲ့ ဆင်းရဲမှု ချမ်းသာမှုနဲ့ ပတ်သက်လို့ မကောင်းတာလုပ်တဲ့လူဟာ ဆင်းရဲတယ်။ ကောင်းတာလုပ်တဲ့လူဟာ ချမ်းသာတယ်လို့ ဒီလိုယုံကြည်ရမယ်။ အဲဒါဟာ သဒ္ဓါပဲ။ မကောင်းတာလုပ်တဲ့လူဟာ ချမ်းသာတယ်လို့ ဘယ်တော့မှ မရှိဘူး။ ကောင်းတာလုပ်တဲ့လူဟာလဲ ဆင်းရဲတယ်လို့ ဘယ်တော့မှ မရှိပါဘူး။ မကောင်းတာလုပ်တဲ့လူဟာ ဒီဘဝမှာရော နောင်ဘဝမှာပါ ဆင်းရဲတယ်။ ကောင်းတာလုပ်တဲ့လူဟာ ဒီဘဝမှာရော နောင်ဘဝမှာပါ ချမ်းသာတယ်လို့ ဒီလို ယုံကြည်ရမယ်။

အဲဒါသည်ပင်လျှင် ဘုရားကို ယုံတာပဲ။ ဒီတရားကို ဘုရားက ဟောထားတာကိုး။ တစ်ဆင့်ကြားလို့ ယုံတာ၊ တစ်ဆင့်ကြားဆိုတာက ဘုရားဟောလို့ယုံတာ။ အဲဒီသဒ္ဓါက အရေးကြီးတယ်။ ဘုရားဟောလို့ တစ်ဆင့်ကြားနဲ့ယုံတော့ဘုရားကို ယုံရာကျတာပေါ့။ တရားကို ယုံတယ်ဆိုတာက ဘုရားဟောတဲ့တရားတွေဟာ မှန်တယ်လို့ တရားကိုလဲ ယုံတယ်။ တရားကို ယုံတယ်ဆိုလို့ရှိရင် သံဃာဆိုတာ ဒီတရားတွေကို ကောင်းကောင်းမွန်မွန်ကျင့်လို့ အရိယာသံဃာဆိုပြီး တကယ့်သံဃာတော်တွေ ပေါ်ပေါက်လာတယ်။

ဘုရားရှိလို့ တရားရှိလို့ သံဃာဟာ ပေါ်လာတာပဲဆိုပြီးတော့ လက်ခံယုံကြည်လိုက်ရင် သံဃာကိုလဲ တကယ်ယုံရာ ကျသွားတာပါပဲ။ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ယုံတဲ့လူဟာ ငါးပါးသီလလဲ လုံသွားတာပဲ။ ဘာဖြစ်လို့ လုံသလဲဆိုတော့ သူများအသက် သတ်တယ်ဆိုလို့ရှိရင် ဘုရားက အပြစ်ရှိတယ်လို့ ဟောထားတာကိုး။ အပြစ်ရှိတယ်လို့ ဟောတော့ ယုံရင် ကိုယ်က မလုပ်ပါဘူး။ ပါဏာတိပါတာ၊ သူများအသက် မသတ်ဘူး။ အဒိန္နာဒါနာ၊ သူများဥစ္စာမခိုးဘူး။ ကာမေသုမိစ္ဆာစာရာ၊ သူတစ်ပါးသားမယား မပြစ်မှားဘူး၊ မုသာဝါဒါ၊ မလိမ်ဘူး၊ သုရာမေရယ၊ အရက်မသောက်ဘူး၊ အဲဒီ ငါးပါးသီလလဲ လုံသွားတာပဲ။

## ထိပ်တန်းဗုဒ္ဓဘာသာနှင့် သောတာပန်

ဘုရားလဲယုံတယ်၊ တရားလဲယုံတယ်၊ သံဃာလဲယုံတယ်၊ ငါးပါးသီလလဲ လုံတယ်ဆိုရင် ထိပ်တန်းဗုဒ္ဓဘာသာပဲ။ ငါးပါးသီလမလုံရင် ဗုဒ္ဓဘာသာမဟုတ်ဘူးလို့ ပြောတာမဟုတ်ပါဘူး။ ဒီနေရာမှာ ထိပ်တန်းဗုဒ္ဓဘာသာကို ပြောတာ၊ ဒီလေးချက်နဲ့ ပြည့်စုံရင် သောတာပန်လို့ ခေါ်တာပဲ။

အခုခေတ်လူတွေမှာတော့ သောတာပန်ဖြစ်အောင်လို့ ကျင့်လိုက်ရတာ၊ တရားထိုင်လိုက်ရတာ၊ ဘုရားဟောတဲ့တရားထဲမှာတော့ ဘုရားလဲ ယုံတယ်၊ တရားလဲယုံတယ်၊ သံဃာလဲယုံတယ်၊ အသက်နဲ့လဲပြီး ယုံရမယ်၊ ငါးပါးသီလ လုံတယ်ဆိုလို့ရှိရင် သောတာပန်ပဲတဲ့။ အပါယ်မကျနိုင်တော့ဘူး။ ပါရမီက ကွာချင်တိုင်းကွာတာကိုး။ ဒါဟာ ဘုရားဟောတဲ့ သံယုတ်ပါဠိတော်မှာပါတယ်။

ရှေးက မြန်မာကျောင်းဒကာကြီးတွေဟာ ရတနာသုံးပါးကို တကယ်ယုံတဲ့ ပုဂ္ဂိုလ်ကြီးတွေပဲ။ ငါးပါးသီလလဲ တကယ်လုံပါတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေကို ဘုရားက သောတာပန်လို့ပဲ ဟောတာပါပဲ။ သဒ္ဓါတရားနဲ့ ပြည့်စုံရင် သောတာပန်ပဲတဲ့။ သောတာပန်မှာ သဒ္ဓါဟာ အရေးကြီးဆုံးပဲတဲ့။

သဒ္ဒါကတော့ တော်လောက်ပြီ၊ သဒ္ဒါက များတော့များတယ်၊ သဒ္ဒါစေတသိက်စုံအောင်ဆိုရင် စာအုပ်ကြီးတစ်အုပ်လောက် သီးသန့်ရေးရလိမ့်မယ်။ သို့ပေမဲ့ သဒ္ဒါစေတသိက်ဆိုတာ ဘယ်လောက်ထိအောင် နက်နဲတယ်၊ ဘယ်လောက်ထိအောင် အဓိပ္ပာယ်တွေ ပါတယ်၊ ဗုဒ္ဓဘာသာတရားမှာ သဒ္ဒါဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ဒီလောက်နဲ့ သိနိုင်လောက်ပါပြီ။

**သတိစေတသိက်**

သဒ္ဒါပြီးတော့ ဒုတိယစေတသိက်က သတိစေတသိက်။ အဲဒီစေတသိက်ကို ဘာသာပြန်လို့ရှိရင် တော်တော်ခွကျတယ်။ ဘာဖြစ်လို့လဲဆိုရင် အဘိဓမ္မာစကားလုံးတွေက အကုန်လုံး မြန်မာစကားဖြစ်နေတာကိုး။ သဒ္ဒါဆိုလို့ရှိယင် မြန်မာစကား ဖြစ်နေတယ်။ မှန်သလားဆိုတော့ အားလုံး မမှန်ဘူး၊ နည်းနည်းပါးပါးပဲ မှန်တယ်၊ သတိဆိုတာလဲ မြန်မာစကားထဲမှာ သတိကောင်းတယ်တဲ့။ သတိဆိုတာက အကုသိုလ်စေတသိက်မဟုတ်ဘူး။ ကုသိုလ်စေတသိက်ပါ။ မြန်မာစကားမှာ သတိကောင်းတယ်ဆိုလို့ရှိရင် မမေ့တာကို ပြောတာ။ မမေ့တာ နှစ်မျိုးရှိတယ်။

အကုသိုလ်လုပ်ငန်းတွေကို မမေ့တာလဲ မြန်မာက သတိကောင်းတယ်လို့ ပြောတာပဲ။ ကုသိုလ်ကောင်းမှုလုပ်ငန်းတွေကို မမေ့တာလဲ သတိကောင်းတယ်လို့ ပြောတာပဲ။ အဘိဓမ္မာသတိစေတသိက်ဆိုတာက အကုသိုလ်မှာ မရှိဘူး။ ကုသိုလ်မှာသာ ရှိတယ်။ ရှေးက အဘိဓမ္မာဆရာတွေက သတိစေတသိက်ကို အောက်မေ့မှုလို့ ဘာသာပြန်တယ်။ အောက်မေ့မှုဆိုတဲ့ ဘာသာပြန်ကလဲ မြန်မာမှာက နှစ်ဘက်ရပဲ။ မကောင်းတာတွေကိုလဲ အောက်မေ့တာပဲ။ ကောင်းတာတွေကိုလဲ အောက်မေ့တာပဲ၊ အဲဒီတော့ အောက်မေ့တယ်လို့ ဘာသာပြန်ပေမဲ့ အဘိဓမ္မာ သဘောတရားစစ်စစ်ထိအောင် မသက်ရောက်ဘူး။

တစ်ခါ သတိစေတသိက်ကို ဥပမာပေးတာက တံခါးစောင့်နဲ့ တူတယ်။ ဒရဝမ်နဲ့တူတယ်။ အဲဒီဥပမာကို ကြည့်မယ်ဆိုလို့ရှိရင် သတိစေတသိက်ဆိုတာက

အကုသိုလ်တရားတွေ ဝင်မလာနိုင်အောင် စောင့်ပြီးတော့နေတဲ့တရားပါ။ အဓိပ္ပာယ်တစ်ခု အပေါက်ဝမှာ အစောင့်ချထားတဲ့ တံခါးစောင့်ဆိုလို့ရှိရင် တံခါးစောင့်က အကုန်လုံးတော့ စောင့်နေတာမဟုတ်ဘူး။ ကောင်းတဲ့လူတွေ ဆိုရင်တော့ ဝင်ခွင့်ပေးတယ်။ မကောင်းတဲ့လူတွေ ဝင်ခွင့်မရအောင်လို့ စောင့်နေတာ။ အဲဒီတော့ သတိဆိုတာကလဲ ဒီအတိုင်းပဲ။ ကိုယ့်ခန္ဓာ, ကိုယ့်ရဲ့စိတ်ထဲကို မကောင်းတဲ့အကုသိုလ်တရားတွေ မဝင်ရအောင် စောင့်ပြီးတော့ နေပါတယ်။ အဲဒါကြောင့်မို့လို့ သတိဟာ တံခါးစောင့်နဲ့ တူတယ် ဆိုတာပါ။ အကုသိုလ်တရားများ မဝင်ရအောင် စောင့်ထိန်းပြီးနေတာဟာ သတိစေတသိက်ပါပဲ။

**သတိစေတသိက်နှင့် ဗုဒ္ဓ၏နောက်ဆုံးစကား**

အဲသလို ပြန်လိုက်တဲ့အခါကျမှ သတိစေတသိက်ရဲ့ အဓိပ္ပာယ်ဟာ ထိန်းပေးတာပဲ၊ အကုသိုလ်တရားတွေ ဝင်ခွင့်မရအောင် ထိန်းပြီးတော့ထားတာ။ စောင့်ပြီးတော့နေတာ။ အဲဒါကြောင့်မို့လို့ သတိစေတသိက်လို့ ဆိုတယ်၊ ဒါမှ ကုသိုလ်တရားတွေနဲ့ အဆင်ပြေသွားမှာပါ။ နောက်ပြီးတော့ တစ်ခုရှိသေးတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူခါနီးမှာ "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"လို့ သတိပေးမှာကြားတော်မူခဲ့ပါတယ်။ အပ္ပမာဒေနကို ဘယ်လိုအနက်ပေးလဲဆိုတော့ မမေ့မလျော့ မပေါ့မဆသော သတိတရားနဲ့ သမ္ပာဒေထ ပြည့်စုံကြကုန်လော့တဲ့။

ဘုန်းကြီးတွေ ငါးပါးသီလပေးလို့ ပြီးဆုံးတဲ့အခါမှာ "အပ္ပမာဒေန သမ္ပာဒေထ" အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆသော သတိတရားနဲ့ သမ္ပာဒေထ ပြည့်စုံကြကုန်လော့လို့ ဟောကြရပါတယ်။

ဒီနေရာမှာ အပ္ပမာဒနဲ့ သတိတရားဟာ အတူတူပဲ။ အဓိပ္ပာယ်ကတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေတာကို ပမာဒတရားလို့ ခေါ်ပါတယ်။ မမေ့ပလျော့ မပေါ့မဆနေတာကို အပ္ပမာဒတရားလို့ ခေါ်ပါတယ်။ အဲဒီတော့

သတိတရားနဲ့ အပ္ပမာဒတရားဟာ အတူတူပဲ၊ အပ္ပမာဒ ပေါ့ပေါ့ဆဆ မနေမှု၊ ပေါ့ပေါ့ဆဆ မနေတာဟာ သတိပဲ။ သတိမရှိတဲ့လူတွေဟာ ပေါ့ပေါ့ဆဆ နေတယ်။

လူဖြစ်လာတယ်။ ကျောင်းသားအရွယ် ရောက်လာတယ်။ ကျောင်းသားအရွယ်ရောက်လာလို့ရှိရင် ပေါ့ပေါ့ဆဆနေတဲ့ ကျောင်းသူ၊ ကျောင်းသားကတော့ အများရုပ်ရှင်ကြည့်ရင် ကြည့်လိုက်မယ်။ အများကျောင်းလစ်ရင် လစ်လိုက်မယ်။ အများစကားပြောရင် ပြောလိုက်မယ်။ ဒါဟာ ပေါ့ပေါ့ဆဆ နေတာပါပဲ။

သတိရှိတဲ့ ကျောင်းသူကျောင်းသားကတော့ သူများတကာပျော်နေပေမဲ့ ပေါ့ပေါ့ဆဆမနေဘူး။ တို့ဟာ မိဘအတွက် ဘာတွေလုပ်ရမယ်။ ညီအစ်ကိုမောင်နှမအတွက် ဘာတွေလုပ်ရမယ်။ ဆွေမျိုးအတွက် ဘာတွေလုပ်ရမယ်။ တို့တိုင်းပြည်အတွက် ဘာတွေလုပ်ရမယ်။ တို့မှာ လုပ်စရာတွေ အများကြီးရှိတယ်။ ၁၅–နှစ် ၁၆–နှစ်ရှိရင်လဲ စိမ်ကိန်းကြီး ချထားတော့ ပေါ့ပေါ့ဆဆ မနေဘူး။ငါဟာ ၁၆ နှစ်မှာ ၁၀–တန်း အောင်ရမယ်။ အသက် ၂၀ ကျတော့ ဘွဲ့ရပြီးရင် တိုင်းပြည်ခေါင်းဆောင်ဖြစ်အောင် ထပ်ပြီးကြိုးစားရမယ်၊ ဒါတွေအားလုံးကို အသက်နဲ့လဲပြီးတော့ မဖြစ်ဖြစ်အောင် လုပ်ရမယ်ဆိုပြီး ပေါ့ပေါ့ဆဆ မနေတဲ့လူဟာ သတိတရားရှိတဲ့လူပဲ။

အဓိပ္ပာယ်တစ်ခု–ဗိုလ်ချုပ်အောင်ဆန်းလိုပေါ့။ ဗိုလ်ချုပ်အောင်ဆန်းဟာ တက္ကသိုလ်ရောက်တယ်။ ၁၇–နှစ် ၁၈–နှစ်ဆိုရင် ငါဟာ ဘာတွေလုပ်ရမယ်၊ တို့တိုင်းပြည် ခုဘာတွေဖြစ်နေတယ်။ခုနိုင်ငံရေးသမားတွေ ဘာတွေလုပ်နေတယ်။ စီးပွားရေးသမားတွေ ဘာတွေလုပ်နေတယ်။ ငါ ဒါတွေကို ဘယ်လိုလုပ်ရမလဲ။ ငါ ဒါတွေကို အသက်နဲ့လဲပြီးတော့ လုပ်ကိုလုပ်ရမယ်။ ဒီဟာတွေလုပ်ဖို့ ပညာတွေကို လေ့လာနေတယ်။ ဒါတွေလုပ်ဖို့ စာအုပ်တွေ ဖတ်နေတယ်။ ပေါ့ပေါ့ဆဆ မနေဘူး။

ပေါ့ပေါ့ဆဆ နေတဲ့လူတွေဟာ ဘယ်တော့မှ ခေါင်းဆောင်မဖြစ်ဘူး။ မြန်မာလူမျိုးဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ တိုင်းပြည်အုပ်ချုပ်ပြီးတော့ ရှင်ဘုရင် တက်လုပ်နိုင်တဲ့ လူမျိုးပါ။

အခုဘယ်လောက်ထိအောင် မြန်မာလူမျိုးတွေ ပေါ့ပေါ့ဆဆနေသလဲ ဆိုရင် အသက် ၂၀–၂၁ နှစ်ထိအောင် မိဘတွေက ကျွေးနေရတဲ့ဘဝမျိုး ရှိသေးတယ်။ မြန်မာလူမျိုးဟာ ၁၆–နှစ်ဆိုရင် တစ်အိမ်ထောင်လုံး တစ်ဆွေမျိုးလုံး မကဘူး၊ တိုင်းပြည်အတွက်ကိုတောင် ခေါင်းဆောင်ပြီးတော့ လုပ်နိုင်တဲ့လူမျိုး။ အခုတော့ လူငယ်တွေဟာ စာကျက်ရတဲ့ဘဝမျိုးက မတက်နိုင်အောင် ဖြစ်နေတယ်။ ဒါ ပေါ့ပေါ့ဆဆ နေကြလို့။

သတိတရားဆိုတာက ပေါ့ပေါ့ဆဆမနေဘူး။ အမြဲတမ်း စဉ်းစားနေတယ်။ သတိရှိနေတယ်။ တချို့တလေ အသက် လေးငါးခြောက်ဆယ်ရှိပေမဲ့ ဒီလိုပဲ အများသွားရင် သွားတယ်၊ အများစားရင် စားတယ်၊ အများလုပ်ရင် လုပ်တယ်။ ဒါ ပေါ့ပေါ့ဆဆနေတာ။

ငါအခု ၅၀–ကျော် ၆၀ ရှိနေပြီ။တိုင်းပြည်အတွက် ဘာတွေလုပ်ခဲ့ပြီးပြီလဲ။ အများအတွက် ဘာတွေလုပ်ခဲ့ပြီးပြီလဲ၊ ငါ့အတွက် ဘာတွေလုပ်ပြီးပြီလဲလို့ ဆန်းစစ်သင့်တယ်။ သတိဆိုတာ ကိုယ့်ကိုယ်ကို အမြဲတမ်း ဆန်းစစ်ပြီးတော့ နေတာ။

အဲသလို နေတဲ့လူမှ အကုသိုလ်တရားတွေ မဝင်ဘဲနဲ့ ကုသိုလ်တရားတွေ ဝင်နေမှာပေါ့။ ပေါ့ပေါ့ဆဆ အမှုမဲ့ အမှတ်မဲ့ နေတဲ့လူဟာ ဘယ်နေ့ ဘာတွေလုပ်မယ်။ ဘယ်နာရီမှာ ဘာလုပ်မယ်။ ဘယ်အချိန်မှာ ဘာလုပ်မယ် ဆိုတာ ဘယ်နဲ့လုပ်သိနိုင်မလဲ။ အဲဒါကြောင့်မို့လို့ သတိဆိုတာဟာ ပေါ့ပေါ့ဆဆ မနေတာ၊ မေ့မေ့လျော့လျော့ မနေတာ သတိပဲ။

မမေ့တာဆိုတာက ကုသိုလ်ကောင်းမှုတွေကို မမေ့တာနဲ့ မဟုတ်တာလုပ်ခဲ့ တာတွေကို မမေ့တာလို့ နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးမှာ လုပ်ခဲ့ပြီးတဲ့ ကုသိုလ်

ကောင်းမှုအလုပ်တွေကို မမေ့တာမှ သတိ။ မဟုတ်တာတွေ လုပ်ခဲ့တာ မမေ့တာကတော့ သတိနဲ့ ဘာမှမဆိုင်ပါဘူး။ ကိုယ့်တိုင်းပြည်အတွက် လုပ်ခဲ့တာတွေ သာသနာအတွက် လုပ်ခဲ့တာတွေ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို မမေ့တာကမှ သတိလို့ ခေါ်တယ်။ ငါဘယ်တုန်းက ဘာတွေလှူခဲ့တယ်၊ ဘယ်တုန်းက ဘယ်သူငယ်ချင်းတွေကို ကူညီခဲ့တယ်၊ ဘယ်တုန်းက ရပ်ကွက်အကျိုးတွေ လုပ်ခဲ့တယ်။ ဘယ်တုန်းက တိုင်းပြည်အကျိုးအတွက် ဘာတွေလုပ်ခဲ့တယ်ဆိုပြီး ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို သတိရတိုင်း ရတိုင်း ကုသိုလ်တွေ ဖြစ်နေတာပဲ။ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို မမေ့တာဟာ သတိတရားပဲ၊ ဒါ အပွမာဒပါပဲ။

## သတိစေတသိက်နှင့် လောကရေး

လုပ်ခဲ့ပြီးတဲ့ ကုသိုလ်ကောင်းမှုတွေကို မမေ့တာထက် မလုပ်ရသေးတဲ့ ကုသိုလ်ကောင်းမှုတွေကို မမေ့ဖို့က ပိုအရေးကြီးပါတယ်။ ငါ ၁၆ နှစ်ရှိလာပြီ၊ အများကောင်းကျိုးနဲ့ တိုင်းပြည်အတွက် ဘာတွေလုပ်ခဲ့သလဲ။ ဘာမှ မလုပ်ရသေးဘူးဆိုလို့ရှိရင် ငါဟာ အလကားလူတစ်ယောက်ပဲ။ ငါ အသက် ၂၂ နှစ်ရှိလာပြီ။ အများကောင်းကျိုးနဲ့ တိုင်းပြည်အတွက် ဘာတွေလုပ်ခဲ့ပြီလဲ။ ဘာမှ မလုပ်ရသေးဘူးဆိုရင် ငါ အလကားလူပဲ။ လူ့ပြည်မှာ ရောက်လာတာ ဘာမှ အသုံးကျတဲ့ လူတစ်ယောက် မဟုတ်ဘူး။ ငါ အသက် ၄၀ ရှိလာပြီ။ အများကောင်းကျိုးအတွက် တိုင်းပြည်အတွက် ငါဘာတွေ လုပ်ခဲ့သလဲ။ ဘာမှ မလုပ်ရသေးလို့ရှိရင် ငါ့အသက် ၄၀–၅၀ ရှိပေမဲ့ လူ့ပြည်ရောက်လာတာ ဆန်ကုန်မြေလေး အလကားလူတစ်ယောက်ပဲလို့ ဒီလိုကိုယ့်ကို မလုပ်ရသေးတဲ့ ကောင်းမှုတွေကို မမေ့ဖို့ဟာ သိပ်အရေးကြီးတာပဲ။

မလုပ်ရသေးတဲ့ အလုပ်တွေကို မမေ့မှ လုပ်ဖြစ်မှာပေါ့။ ကိုယ့်အသက် ၁၆ နှစ်မှာ မလုပ်ဖြစ်သေးလို့ရှိရင် အသက် ၂၀ မှာ လုပ်ရမှာပေါ့၊ အသက်

၂၀ မှာ မလုပ်ဖြစ်သေးလို့ ရှိရင် ၃၀ ကျတော့ လုပ်ရမှာပေါ့၊ အသက် ၃၀ မှာ မလုပ်ဖြစ်သေးလို့ရှိရင် အသက် ၄၀ ကျတော့ လုပ်ဖြစ်ရမှာပေါ့။

အဲဒါကြောင့်မို့လို့ မြတ်စွာဘုရားက သတိတရားဆိုတာဟာ တရားတကာ့ တရားထဲမှာ အရေးကြီးဆုံးတရားတဲ့။ မင်းတို့ သတိနဲ့နေခဲ့ကြတဲ့။ လောက ကြီးမှာ ဆင်းရဲတယ် ဆိုတာဟာ ပေါ့ပေါ့ဆဆနေလို့ ဆင်းရဲရတာပဲတဲ့။

တကယ့်လူရယ်လို့ ဖြစ်လာရင် ပေါ့ပေါ့ဆဆ မနေဘဲနဲ့ မလုပ်ရသေးတဲ့ ကောင်းမှုအလုပ်တွေနဲ့ လုပ်ပြီးသားကောင်းမှုအလုပ်တွေကို အချိန်တိုင်း မမေ့ မလျော့ စဉ်းစားဆင်ခြင်တဲ့ သတိနဲ့နေတဲ့ ပုဂ္ဂိုလ်ဟာ တစ်နှစ်ထက် တစ်နှစ် အထက်တန်းကို ရောက်သွားတာပါပဲ။ တချို့တလေကတော့ တကယ်တရား အားထုတ်တဲ့အခါမှာသာ သတိက အရေးကြီးတယ်လို့ ထင်နေကြတယ်။

အပ္ပမာဒ တရားဆိုတာ ဘယ်နေရာမှာမဆို အိမ်တွင်းရေးရာမှာပဲ ဖြစ်ဖြစ် တစ်ကမ္ဘာလုံးရေးရာမှာပဲဖြစ်ဖြစ် အရေးကြီးပါတယ်။ အမြဲတမ်း သတိတရား ရှိနေရပါမယ်။ ကိုယ်မလုပ်ရသေးတဲ့ အလုပ်တွေကို လုပ်ဖို့နဲ့ လုပ်ပြီးသား အလုပ်တွေကိုလဲ ငါဘာတွေ ဘာတွေတော့ လုပ်ပြီးပြီလို့ သတိရှိနေရမယ်။

ရှင်းရှင်းကတော့ လူတစ်ယောက်မှာလဲ စီမံကိန်း ရှိရတာပါပဲ။ အစိုးရ အဖွဲ့တစ်ခုဟာလဲ နှစ်ရှည်နှစ်တို စီမံကိန်းဆိုတာ ရှိရတာပါပဲ။ လူဟာ လူရယ်လို့ ဖြစ်လာပြီး ၁၅ နှစ်၊ ၁၆ နှစ် ရှိလာလို့ရှိရင် ကိုယ့်စီမံကိန်းနဲ့ ကိုယ် ရည်မှန်းချက် ပန်းတိုင်ရှိရမှာပေါ့။ ကိုယ်မလုပ်ရသေးတာတွေက ဘာတွေ၊ လုပ်ပြီးသားတွေက ဘာတွေဆိုတာ အမြဲတမ်း သတိရှိနေရမယ်။ အဲသလို သတိရှိနေတဲ့လူဟာ လောကမှာလဲ တကယ့် ထိပ်တန်းရောက်တာပဲ။

## သတိစေတသိက်နှင့် လောကုတ္တရာရေး

လောကုတ္တရာတရားကျတော့လဲ သတိပဋ္ဌာန်ဆိုတာ သတိကို အထူး လေ့ကျင့်ခန်းလုပ်တာပါပဲ။ လူတွေဟာ ကိုယ့်ကိုယ်ကိုတော့ သတိရှိတယ်လို့

ထင်ကြတယ်။ ဒါပေမဲ့ အလွန်ပေါ့ပေါ့ဆဆ မေ့မေ့လျော့လျော့ နေကြတာ များတယ်။ ဆင်းရဲနေတော့လဲ ဆင်းရဲတဲ့အတိုင်းပဲ၊ ချမ်းသာနေတော့လဲ ရသမျှ လေးနဲ့ နေကြတာပဲ။ တို့တိုင်းပြည်ကြီးကို ဘယ်လိုဘယ်လို ဖြစ်အောင် လုပ်မယ်လို့ ကျောင်းသူကျောင်းသားတိုင်း၊ ယောက်ျားလေးတိုင်း မိန်းကလေး တိုင်း သတိရှိပြီးတော့ စဉ်းစားပြီးနေကြတဲ့သူတွေ ဘယ်နှစ်ယောက်များ ရှိသလဲ။ အသက် ၅၀ ကျော် ၆၀ ကျော်လူတွေ အထဲမှာလဲ တို့တိုင်းပြည်ကို ဘာတွေ ဘာတွေ ဖြစ်သွားအောင် ဘယ်လိုလုပ်မယ်လို့ စဉ်းစားနေတဲ့လူ ဘယ်နှစ်ယောက် ရှိသလဲ။ တိုင်းပြည်နဲ့ချီပြီးတော့ မပြောနဲ့။ ကိုယ့်ကိုယ်ကို ကောင်းစားဖို့တောင်မှ သိပ်မစဉ်းစားနိုင်ကြဘူး။ ဖြစ်လာတဲ့ဘဝမှာ ဖြစ်သလို နေကြတာပဲ။ ဒီလို ဖြစ်သလိုနေတာကိုပဲ တရားရှိတယ်လို့ ထင်နေကြသေးတယ်။ ဒီလို ဖြစ်သလို နေတဲ့လူတွေဟာ ဘယ်တော့မှ မချမ်းသာနိုင်ဘူး။ အဲဒီတော့ ပေါ့ပေါ့ဆဆ နေတဲ့လူတွေဟာ ဘယ်တော့မှ မချမ်းသာနိုင်ဘူး။ ပေါ့ပေါ့ဆဆ မနေတဲ့လူမှ သတိရှိတဲ့လူမှ လောကမှာလဲ ကြီးပွားနိုင် ချမ်းသာနိုင်တာပဲ။

ဒါကြောင့်မို့လို့ စစ်တပ်ထဲဝင်တဲ့အခါကျတော့လဲ ဘယ်ကစ ကျင့်ရသလဲ။ တန်းစီ ဆိုပြီးတော့ ဘယ်လိုလုပ်သလဲ "ရဲဘော်သတိ"လို့ ဆိုရတယ် မဟုတ်လား။ အဲဒီတော့ စစ်သားတွေမှာလဲ သတိ သိပ်အရေးကြီးတယ်။ အရပ်ထဲကလူတွေ ပေါ့ပေါ့ဆဆနေရင် သိပ်ကိစ္စမရှိဘူး။ ပစ်နေတဲ့ သေနတ် ကျည်ဆန်တွေက မမြင်ရတဲ့ ကျည်ဆန်တွေ။ ပေါ့ပေါ့ ဆဆနေရင် ရပ်ရှင်ကြည့်ရအောင်ဆိုလဲ လိုက်သွားတာပဲ။ ပေါ့ပေါ့ဆဆနေတော့ ပါသွားတာပဲ။ သူ့မှာ ဘာတွေလုပ်ရ အုံးမယ်ဆိုတဲ့ စီမံကိန်းမှ မရှိဘဲ။ အဲဒီတော့ သူများခေါ်ရာနောက် လိုက်ပါသွား တာပေါ့။ ပေါ့ပေါ့ဆဆမနေတဲ့လူဟာ ငါ သင်တန်းတက်ရအုံးမယ်။ စာကျက်ရ အုံးမယ်၊ အလုပ်လုပ်ရအုံးမယ်ဆိုပြီး လိုက်ပါမသွားဘူး။

အဲဒီအရပ်ထဲမှာ ပစ်နေကြတဲ့ ကျည်ဆန်တွေ အမြောက်အမြားကတော့ မသေနိုင်ပါဘူး။ မသေနိုင်ပေမဲ့ လူ့ဘဝမှာတော့ တကယ့်လူ ဖြစ်မလာနိုင်ဘူး။ ဟို စစ်တပ် တပ်မတော်မှာတော့ သတိကို အထူးလေ့ကျင့်ရတယ်။ ဘာဖြစ်လို့လဲ

ဆိုတော့ သတိလစ်ရင် တစ်တပ်လုံး ပြုတ်သွားမှာကိုး၊ အဲဒါကြောင့်မို့လို့ ရဲဘော်သတိ ဆိုပြီးတော့ တပ်မတော်မှာလဲ ဒီသတိကိုပဲ အထူးလေ့ကျင့်ရပါတယ်။

ကဲ မြတ်စွာဘုရားက တရားအားထုတ်မယ်၊ လောက က ထွက်မြောက်ရေး လုပ်ကြတော့မယ်ဆိုတော့လဲ သတိပဋ္ဌာန်ဆိုပြီးတော့ သတိ လေ့ကျင့်ခန်းကိုပဲ အထူးဟောခဲ့တာပါပဲ။

သတိစေတသိက်က တော်တော်လေးတော့ စုံသွားပါပြီ။ သတိဟာ မြန်မာစကားဖြစ်နေပါပြီ။ ရှေးက သတိကို ဘာသာပြန်ကြတာက အောက်မေ့မှုလို့ ပြန်တယ်။ အောက်မေ့မှုဆိုတာ မြန်မာမှာ အကုသိုလ်မှာလဲရတယ်။ ကုသိုလ်မှာလဲ ရတယ်။

## သတိနှင့်သညာ ဘယ်လိုထူးသလဲ

ဗုဒ္ဓါနုဿတိ=ဘုရားဂုဏ်တော်ကို အောက်မေ့တယ်။ ဓမ္မာနုဿတိ= တရားဂုဏ်တော်ကို အောက်မေ့တယ်။ ဒါကတော့ သတိပဲ။ ချစ်သူကို အောက်မေ့တယ်၊ သေသွားတဲ့လူတွေကို အောက်မေ့တယ်ဆိုတာကတော့ သတိမဟုတ်ဘူး။ သတိပဋ္ဌာန်ကျတော့ သတိရဲ့ သဘောဟာ နည်းနည်းရှင်းပါတယ်။ ရှင်းတယ်ဆိုပေမဲ့ တရားပြတဲ့ အခါကျတော့ "ရှုမှတ်တယ်"လို့ ဆိုကြတယ်။ အမှန်က ရှုမှတ်တာက သညာစေတသိက်ပဲ။ သညာစေတသိက်က သိအောင်မှတ်တယ်။ အဲဒီတော့ ရှုမှတ်တယ်ဆိုတာ မှန်သလိုလိုနဲ့ သတိနဲ့သညာ ရောသွားတယ်။ သညာနဲ့သတိဟာ မတူပါဘူး။ ဥပမာ-လူတစ်ယောက်ကို မြင်တယ်ဆိုရင် ဘယ်သူဘယ်ဝါလို့ မှတ်တာက သညာပဲ။ လူတစ်ယောက်ကို တွေ့တဲ့အခါမှာ မှတ်တာ သတိ မဟုတ်ဘူး။ စာကျက်တဲ့အခါ ပထမကျက်တုံးက သညာနဲ့ ကျက်တယ်။ စာမေးပွဲဖြေဖဲ့အခါကျတော့ ဒါတွေ အကုန်လုံး ဉာဏ်ထဲမှာ ပေါ်လာတယ်။ ပေါ်လာတာ သတိပဲ။ တချို့တလေကတော့ ဒီဟာကို

မှတ်ဉာဏ် ကောင်းတာတဲ့။ ဒါဟာ မှတ်ဉာဏ် မဟုတ်ဘူး။ သတိကောင်းတာ။ ကျက်ထားတဲ့ စာတွေကို မမေ့တာ၊ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို မမေ့တာ သတိပဲ။ မလုပ်ရသေးတဲ့ ကုသိုလ်ကောင်းမှုအလုပ်တွေကို မမေ့တာ ဟာလဲ သတိပဲ။ ပညာက သတိဖြစ်ခြင်းရဲ့အကြောင်းတော့ မှန်ပါတယ်။ သညာက အကြောင်းတရားပါ။ မှတ်ထားတဲ့ဟာကို နောက်တစ်ခါ ပြန်ကြည့်တော့ သတိရတယ်။ သတိနဲ့ သညာကွဲအောင် မှတ်ထားရပါမယ်။

## သဒ္ဓါ မဂ္ဂင်မထိုက်

သတိဟာ ကုသိုလ်စေတသိက်ထဲမှာ ဗိုလ်ရွေးတဲ့အခါမှာလဲ သတိဗိုလ် ဆိုပြီးတော့ ပါတယ်။ ကုသိုလ်လုပ်တဲ့အခါ သဒ္ဓါမရှိရင် လုပ်လို့မရသလို သတိမရှိတဲ့လူဟာလဲ ကုသိုလ်လုပ်လို့မရဘူး။ ကုသိုလ်ကောင်းမှုလုပ်တဲ့အခါ သဒ္ဓါ အရေးကြီးသလိုပဲ သတိဟာလဲ အရေးကြီးတဲ့ ခေါင်းဆောင်စေတသိက်ပဲ။ နောက်ပြီးတော့ အစိုးရအဖွဲ့ ဖွဲ့တဲ့အခါကျတော့လဲ သတိန္ဒြေဆိုပြီးတော့ ပါပြန်တယ်။ ဣန္ဒြေဆိုတာက အစိုးရတယ်။ အစိုးရတာကို ဣန္ဒြေလို့ခေါ်တယ်။ ကုသိုလ်စေတသိက်ထဲမှာ အစိုးရဖြစ်နိုင်တဲ့ စေတသိက်တွေကို ရွေးလိုက်တဲ့ အခါ သတိဟာ အစိုးရတဲ့ စေတသိက်ထဲမှာ ပါတယ်။ ကုသိုလ်ကောင်းမှု လုပ်တဲ့အခါမှာ သတိစေတသိက် မပါဘဲနဲ့ လုပ်လို့မရဘူး။ အဓိပ္ပါယ်တစ်ခု- တရားထိုင်တဲ့အခါကျတော့ သတိကောင်းဖို့လိုတယ်။ ကုသိုလ်စေတသိက်တွေမှာ သဒ္ဓါက ဒါနပြုတဲ့အခါ ခေါင်းဆောင်ပဲ။ စေတသိက်တွေ အစိုးရဖွဲ့တဲ့အခါမှာ သဒ္ဓါက သဒ္ဓါနဲ့ဆိုင်တဲ့ဘက်မှာ အစိုးရတယ်။ သတိက သတိနဲ့ဆိုင်တဲ့ဘက်မှာ အစိုးရတယ်။ သတိစေတသိက်က သဒ္ဓါနဲ့မတူဘူး။ သတိဆိုတာက ပိုတယ်လို့ မရှိဘူး။ လိုတာသာ ရှိတယ်။ သဒ္ဓါကျတော့ ဒီလိုမဟုတ်ဘူး။ ပိုလွန်တာ ရှိတယ်။ ဒါကြောင့်သစ္စာလေးပါးကို သိအောင်အားထုတ်တဲ့အခါမှာ သမ္မာသတိ မဂ္ဂင်လို့ပါတယ်။ သဒ္ဓါက မဂ္ဂင်မထိုက်ဘူး။ မဂ္ဂင်ထဲမှာ မပါဘူး။ သတိကတော့ မဂ္ဂင်ထိုက်တယ်။ မဂ္ဂင်ထဲမှာပါတယ်။ မဂ္ဂင်ဆိုတာက မဂ္ဂနဲ့အင်္ဂါကို ပေါင်းပြီး

မဂ္ဂင်လို့ခေါ်တာ။ မဂ္ဂင် (၈)မျိုးထဲမှာ သမ္မာသတိမဂ္ဂင်ဆိုတာ တစ်ခုအပါအဝင် ဖြစ်တယ်။ သတိစေတသိက်ဆိုတာကတော့ တော်လောက်ပါပြီ။

## ဟိရီစေတသိက်

နံပါတ် (၃)က ဟိရီစေတသိက်။ ဟိရီစေတသိက်က ရိုးရိုးကတော့ ရှက်မှုပါပဲ၊ ဘာမှ ရှက်သလဲဆိုတော့ ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှက်တာ။ ကာယဒုစရိုက် (၃)ပါးဆိုတာက ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ။ ဝစီဒုစရိုက် (၄)ပါးက မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ။ အဲဒီတော့ ကာယဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါးမှ ရှက်တာဟာ ဟိရီပဲ။ ဟိရီစေတသိက်က ဘယ်သူနဲ့ ဆန့်ကျင်ဘက်လဲဆိုတော့ အဟိရိကစေတသိက်နဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ ဟိရီက ရှက်တာ၊ ကုသိုလ် စေတသိက်ပါ။ အဟိရိကက မရှက်တာ။ အကုသိုလ်စေတသိက်ပါ။ အဲဒီလို ကုသိုလ်နဲ့ အကုသိုလ် ဆန့်ကျင်တယ်။ ကာယဒုစရိုက် ဝစီဒုစရိုက်မှ ရှက်တာက ကုသိုလ်၊ ကာယဒုစရိုက်၊ ဝစီဒုစရိုက်မှ မရှက်တာက အကုသိုလ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဟိရီစေတသိက်မပါပဲ ကုသိုလ်လုပ်လို့ မဖြစ်ဘူး။

ဟိရီစေတသိက်ဟာ မကောင်းမှုလုပ်ရမှာကို ရှက်တာ။ မကောင်းမှုလုပ် ရမှာ ရှက်တဲ့လူတစ်ယောက်ဟာ မကောင်းမှုကို မလုပ်တော့ဘူးပေါ့။ နောက်ပြီး တော့ ဟိရီစေတသိက် ရှက်တယ်ဆိုတာက မိမိကိုယ်ကို မိမိရှက်တာ။ ကိုယ့်ကိုယ်ကို ရှက်ခြင်းအကြောင်းများကို ရှေးက အဘိဓမ္မာဆရာကြီးတွေက (၄)မျိုးပြောကြပါတယ်။ မျိုးရိုးဇာတိ, အသက်အရွယ်, ဗာဟုသစ္စ, သူရသတ္တိ ဆိုတဲ့ အကြောင်း(၄)မျိုးကြောင့် ဟိရီ ဖြစ်ပါတယ်။

(၁) ငါဟာ မိကောင်းဖခင် သားသမီးဖြစ်ရက်သားနဲ့ ဒီလိုမကောင်းမှု ဒုစရိုက်တွေလုပ်ရမှာ ရှက်စရာကြီးပဲ၊ ဒီလိုလဲ ဟိရီဖြစ်တယ်။

(၂) အသက်အရွယ်ကြောင့် ရှက်ပုံက–ဒီလို မကောင်းမှုဒုစရိုက်တွေဟာ လူငယ်တွေလုပ်တဲ့ အလုပ်ဖြစ်တယ်။ ငါလို အသက်အရွယ်ကြီးတဲ့ လူကြီး

တစ်ယောက်အနေနဲ့ လုပ်ရမှာ ရှက်စရာကြီးပဲ။ ဒီလိုလဲ ဟိရီဖြစ်ပါတယ်။

(၃) ဗာဟုသစ္စကြောင့် ရှက်ပုံကတော့–ဒီလိုဒုစရိုက်မျိုးတွေဟာ ပညာမရှိဘာမှမသိတဲ့ နလပိန်းတုံးတွေလုပ်တဲ့ အလုပ်ပဲ။ ငါလို ပညာတတ်တစ်ယောက်က လုပ်ရမှာ ရှက်စရာကြီးပဲ။ ဒီလိုလဲ ဟိရီဖြစ်ပါတယ်။

(၄) သူရသတ္တိကြောင့် ရှက်ပုံက ဒီလိုမကောင်းမှုဒုစရိုက်တွေ လုပ်တာက သတ္တိမရှိတဲ့ လူတွေရဲ့ အလုပ်ဖြစ်တယ်။ ငါလို သတ္တိရှိတဲ့ လူတစ်ယောက်က ဒါမျိုးလုပ်မယ်ဆိုရင် ရှက်စရာကြီးပဲ။ ဒီလိုလဲ ဟိရီဖြစ်ပါတယ်။

## ဩတ္တပ္ပစေတသိက်

အကုသိုလ် အနောတ္တပ္ပစေတသိက်က မကောင်းဘူး။ ကုသိုလ်ဩတ္တပ္ပစေတသိက်က ကောင်းတယ်။ အဲဒီတော့ ကုသိုလ် စေတသိက်နဲ့ အကုသိုလ်စေတသိက်နှစ်ပါးဟာ တွဲလို့ရတာမဟုတ်ဘူး။ ဩတ္တပ္ပက သူတစ်ပါး မြင်မှာကိုကြောက်တာ။ ဘေးလူမြင်မှာကို ကြောက်တာ။ ဩတ္တပ္ပက ဟိရီလောက် အဆင့်အတန်း မမြင့်ဘူး။ ဩတ္တပ္ပထက် ဟိရီက အဆင့်အတန်း မြင့်တယ်။ ဟိရီက မိမိကိုယ်ကို မိမိရှက်တယ်။ ရှေးကမြန်မာလူမျိုးတွေဟာ အရှက်အကြောက်ရှိတယ်ဆိုတာ ကာယဒုစရိုက် ဝစီဒုစရိုက်မှာ ရှက်ကြောက်တာပါ။ ဥပမာ–လိမ်တာဆိုလို့ရှိရင် ဝစီဒုစရိုက်ပဲ။ အဲဒါကြောင့် မြန်မာ့သွေးဆိုတာ လူတစ်ယောက်ကိုဒေါသအလျောက် သတ်မိလို့ ရုံးရောက်တဲ့အခါ တရားသူကြီးက သတ်မိတာမှန်သလားလို့ မေးရင်လိမ်တော့မပြောဘူး။ သတ်မိတာ မှန်ကြောင်းဝန်ခံတယ်။ ဒီနေရာမှာ ဟိရီ, ဩတ္တပ္ပ အရှက်အကြောက်ရှိတာကို ပြောတာပဲ။ ဒါကြောင့်မို့လို့ ဟိရီနဲ့ ဩတ္တပ္ပကို "လောကပါလတရား"လို့ ဆိုတယ်။ လောကပါလဆိုတာ လောကကို ထိန်းထားတဲ့တရားလို့ပြောတာ။ လူတွေကို တိရစ္ဆာန်နဲ့ ကွဲပြားခြားနားသွားအောင် ဘယ်တရားက ထိန်းထားသလဲဆိုရင် ဟိရီနဲ့ ဩတ္တပ္ပက ထိန်းထားတယ်။ အရှက်အကြောက်ဆိုတာက ကိုယ့်ကိုယ်ကိုလဲ ရှက်တယ်။

သူတစ်ပါးမြင်မှာလဲ ကြောက်တယ်။ အဲဒီတော့ တိရစ္ဆာန်နဲ့ လူနဲ့ကွဲသွားတာက လူ့လောကကြီးမှာ ဟိရီ၊ ဩတ္တပ္ပတရားရှိနေလို့ပဲ။ ဟိရီ၊ ဩတ္တပ္ပမရှိဘူးဆိုရင် လူတွေဟာ တိရစ္ဆာန်တွေလို ဖြစ်ကုန်မှာပေါ့။ ဒါကြောင့်မို့ ဟိရီ ဩတ္တပ္ပဆိုတာ လူ့လောကကြီးကို ထိန်းထားတဲ့တရားလို့ ဆိုတာပါပဲ။ မြတ်စွာဘုရားကလဲ ဟိရီနဲ့ ဩတ္တပ္ပကို အများဆုံး ဟောခဲ့ပါတယ်။ လူတွေဟာ ဟိရီ ဩတ္တပ္ပရှိရင် မကောင်းမှု မလုပ်ဘူး။ ဒါကြောင့် ကုသိုလ်စေတသိက်ထဲမှာ ဟိရီဩတ္တပ္ပက ပါရတယ်။

## အလောဘစေတသိက်

နံပါတ် (၅)က အလောဘစေတသိက်။ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်ထဲမှာ အလောဘစေတသိက်လဲ ပါတယ်။ အလောဘ စေတသိက် ဆိုတာ လောဘစေတသိက်ကို ပြောင်းပြန်ပြန်လိုက်ရင် အလောဘ စေတသိက် ဖြစ်တယ်။ လောဘစေတသိက်တုန်းက လောဘဟာ လိုချင်မှုဆိုရင် အလောဘ စေတသိက်ကျတော့ မလိုချင်မှု။ လောဘစေတသိက်က တွယ်တာမှုဆိုရင် အလောဘကျတော့ မတွယ်တာမှု။ လောဘစေတသိက်က မစွန့်လွှတ်နိုင်မှုဆိုရင် အလောဘကျတော့ စွန့်လွှတ်နိုင်မှုပေါ့။ အဲဒီတော့ အလောဘစေတသိက်ကို အဓိပ္ပါယ်ပြန်ရင် အလောဘ=မလိုချင်မှု၊ အလောဘ=မတွယ်တာမှု၊ အလောဘ =စွန့်လွှတ်နိုင်မှုလို့ ပြန်ရမယ်။ အဓိပ္ပါယ်တစ်ခု ဒါနပြုတယ်ဆိုပါတော့။ ဒါနပြုတဲ့ လူတစ်ယောက်ဟာ ငွေတစ်ထောင်လှူတယ်ဆိုရင် ငွေတစ်ထောင်ကို တွယ်တာမှု မရှိတော့ပါဘူး။ တွယ်တာမှုမရှိတော့ အလောဘပေါ့။ တစ်နေ့ ငွေတစ်ထောင် ဝင်တဲ့သူဟာ အဲဒီနေ့မှာ လောဘကိုသတ်ပြီး သီလစောင့်ထိန်းတယ်ဆိုရင် အဲဒီသီလဆောက်တည်တာ အလောဘပဲ။ ဒီအတိုင်းပဲ တရားအားထုတ်တာလဲ အလောဘပဲ။ ဒါကြောင့် ကုသိုလ်လုပ်တဲ့အခါမှာ ဘယ်ကုသိုလ်ပဲလုပ်လုပ် အလောဘစေတသိက် ပါရပါတယ်။

## အဒေါသစေတသိက်

ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်တွေထဲမှာ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘစေတသိက်တွေ ကုန်သွားပါပြီ။ နံပါတ် (၆)က အဒေါသ စေတသိက်ပါပဲ။

အဒေါသဆိုတာ မြန်မာလိုရှင်းရှင်းကတော့ မေတ္တာပဲ။ မေတ္တာဆိုတော့ မြန်မာက နားလည်တယ်။ အဒေါသကို ဒေါသနဲ့ ပြောင်းပြန်ပြန်ပြီးတော့ မှတ်ထားလဲရပါတယ်။ လောဘရဲ့ပြောင်းပြန် အဓိပ္ပါယ်ဟာ အလောဘ စေတသိက်ပဲ။ ဒေါသရဲ့ပြောင်းပြန်အဓိပ္ပါယ်ဟာ အဒေါသစေတသိက်ပဲ။ အကုသိုလ်ပြုတိုင်း လောဘ, ဒေါသတို့ဟာ မူလဖြစ်သလို ကုသိုလ်ပြုတိုင်းမှာလဲ အလောဘနဲ့ အဒေါသတို့က မူလပါပဲ။

ဒါနပဲ လုပ်လုပ်၊ သီလပဲ လုပ်လုပ်၊ သမထပဲ လုပ်လုပ်၊ ဝိပဿနာပဲ လုပ်လုပ် ဘယ်ကုသိုလ်ကိုမဆို ကုသိုလ်လုပ်တိုင်းလုပ်တိုင်းမှာ အလောဘနဲ့ အဒေါသက ပါရတာပဲ။

## မေတ္တာပို့ရင် ရောက်သလားတဲ့

မေတ္တာစေတသိက်ရယ်လို့ စေတသိက်ထဲမှာ သီးခြားနာမည် မပါဘူး။ အဒေါသစေတသိက်ကိုပဲ မေတ္တာစေတသိက်လို့ ခေါ်တာပဲ။ မြန်မာက မေတ္တာ ဆိုရင် ပိုနားလည်တယ်။ တချို့တလေက မေတ္တာပို့လို့ရှိရင် ရောက်သလားလို့ မေးကြတယ်။ မေတ္တာဟာ တကယ်ပို့ရင် တကယ်ရောက်ပါတယ်။ မေတ္တာပို့တာ ပထမဆုံး ဘယ်သူ့ဆီ အလျှင်စပို့ရသလဲဆိုတော့ ကိုယ်ချစ်တဲ့လူဆီ အလျှင်စ–ပို့ ရတယ်။ တဏှာနဲ့တော့ မရောရဘူး။ ကိုယ်ချစ်တဲ့လူတွေဆီ ပို့တယ်ဆိုလို့ရှိရင် ရိုးရိုးချစ်တဲ့လူကို ပြောတာ။ တဏှာနဲ့ရောပြီးတော့နေရင် မေတ္တာဟာ တကယ် မရောက်ဘူး။ ကိုယ်ချစ်ခင်တဲ့လူတွေကို ကောင်းစားစေချင်တယ်။ ချမ်းသာစေချင် တယ်။ သူတို့ကောင်းစားတာ ချမ်းသာတာကို ကိုယ်က မြင်ချင်တယ်။ ဒီလို

ကိုယ်ကချစ်တဲ့ ပုဂ္ဂိုလ်မျိုးတွေဆီကို ပထမဦးဆုံးမေတ္တာပို့ရတယ်။ ဥပမာအားဖြင့် ညီအစ်ကို မောင်နှမ ဆွေမျိုးတွေနဲ့ ရိုးရိုးမိတ်ဆွေတွေကို သူတို့ကောင်းစားတာကို ကိုယ်က မြင်ချင်သလိုပါပဲ။ ကမ္မဋ္ဌာန်းအားထုတ်တဲ့အခါမှာတော့ မေတ္တာကမ္မဋ္ဌာန်း ဆိုတာရှိတယ်။ မေတ္တာကမ္မဋ္ဌာန်းပေါက်တဲ့လူဟာ ပိယသိဒ္ဓိပေါက်တာပဲ။ မေတ္တာ ကမ္မဋ္ဌာန်းပေါက်နေတဲ့ ပုဂ္ဂိုလ်တွေမှာ ကြည်ညိုတဲ့လူတွေပေါတယ်။ ချစ်ခင်တဲ့ လူတွေပေါတယ်။ အဲဒါကြောင့်မို့လို့ မေတ္တာပို့ရင် တကယ်ရောက်ပါတယ်။

ဒုတိယပို့ရမှာက ရိုးရိုးသာမညသိတဲ့ပုဂ္ဂိုလ်တွေဆီကို ရောက်အောင် ပို့ရတယ်။ ရိုးရိုးသာမညသိတဲ့ ပုဂ္ဂိုလ်တွေကို ပို့ပြီးတော့ ဘယ်သူ့ဆီကို ပို့ရမလဲ ဆိုတော့ တတိယအနေနဲ့ ကိုယ့်အကျိုးစီးပွားပျက်စီးအောင် လုပ်နေတဲ့ပုဂ္ဂိုလ်တွေ ရန်သူဖြစ်တဲ့ပုဂ္ဂိုလ်တွေဆီကို ပို့ရတယ်။ ပို့တယ်ဆိုတာက ကိုယ့်အကျိုးစီးပွား ပျက်စီးအောင်လုပ်နေတဲ့ပုဂ္ဂိုလ်တွေကိုလဲ ကိုယ်က စိတ်ချမ်းသာစေချင်တယ်။ သူတို့ကို ကြီးပွားစေချင်တယ်။ အဲဒီလိုစိတ်မျိုး ပေါ်လာလို့ရှိရင် မေတ္တာဟာ စွမ်းလာတာပဲ။ ကိုယ့်အကျိုးစီးပွားပျက်စီးအောင်, ကိုယ့်ကိုဒုက္ခရောက်အောင် လုပ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေ၊ အခုလုပ်ဆဲ ပုဂ္ဂိုလ်တွေ၊ နောင်ကိုလဲ လုပ်ရန်အကြံ ရှိတဲ့ပုဂ္ဂိုလ်တွေ အဲဒီလို ပုဂ္ဂိုလ်တွေဆီကို ရောက်အောင် မေတ္တာပို့ရတယ်။ ရောက်အောင်ပို့တယ်ဆိုတာက သူတို့ကောင်းစားတာ ကြီးပွားချမ်းသာတာကို ကိုယ်က လိုလားတဲ့စိတ်မျိုးပေါ်လာအောင် ပို့ရတယ်။ ရန်သူထိအောင် မေတ္တာ ရောက်လာလို့ရှိရင် အဲဒီမေတ္တာဟာ အတော်စွမ်းတော့တာပါပဲ။

## ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ

(၅၂၈)သွယ် မေတ္တာပို့နည်းက ရှေးတုန်းကလူငယ်တွေတော့ ရကြတာ များပါတယ်။ မေတ္တာဟာ ဩဓိသမေတ္တာ, အနောဓိသမေတ္တာရယ်လို့ နှစ်မျိုး ရှိတယ်။

အနောဓိသမေတ္တာဆိုတာက–မရည်မှတ်ဘဲနဲ့ ပို့တဲ့မေတ္တာပါပဲ။

"သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ။

ဒါဟာ မရည်ရွယ်ဘဲနဲ့ပို့တဲ့ ပုဂ္ဂိုလ်ငါးမျိုးပါ။ သဗ္ဗေသတ္တာဆိုတာ သတ္တဝါအားလုံးပဲ။ သဗ္ဗေပါဏာ–ဆိုတာလဲ အသက်ရှိတဲ့ သတ္တဝါအားလုံးပဲ။ ပါဠိက အဓိပ္ပါယ်နည်းနည်းကွဲသွားတာပဲရှိတယ်။ သဗ္ဗေဘူတာလဲ ထင်ရှားရှိတဲ့ သတ္တဝါပဲ။ သဗ္ဗေပုဂ္ဂလာ–ဆိုတာလဲ ပုဂ္ဂိုလ်အားလုံးပဲ။ သဗ္ဗေအတ္တဘာဝပရိယာပန္နာ–ဆိုတာလဲ ခန္ဓာကိုယ် အတ္တဘောရှိတဲ့ ပုဂ္ဂိုလ်အားလုံးပဲ။ အကုန်လုံးပေါင်းလိုက်တဲ့အခါကျတော့ ကမ္ဘာပေါ်မှာ ရှိသမျှ ရွေ့လျားသွားလာတတ်တဲ့ သတ္တဝါလို့အသိအမှတ်ပြုထားတဲ့ လူရော၊ နတ်ရော၊ ဗြဟ္မာရော၊ တိရစ္ဆာန်ရော သက်ရှိသတ္တဝါမှန်သမျှ အကုန်ပါသွားတာပဲ။ ဒါကြောင့်မို့လို့ ဒီငါးမျိုးက မရည်ရွယ်ဘဲနဲ့ ပို့တဲ့မေတ္တာပဲ။ ဘယ်ပုဂ္ဂိုလ်ရယ်, ဘယ်သူရယ်, ယောကျ်ားရယ်, မိန်းမရယ်, လူရယ်, နတ်ရယ်, ဒီလိုမခွဲဘဲနဲ့ ကမ္ဘာပေါ်မှာ ရှိရှိသမျှ သက်ရှိသတ္တဝါတွေအားလုံး ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ပို့ရင် ဒါမရည်ရွယ်ဘဲပို့တဲ့မေတ္တာပဲ။

ဩဓိသမေတ္တာဆိုတာက–ရည်မှတ်ပိုင်းခြားပြီးပို့တဲ့ မေတ္တာပါ။ သဗ္ဗာ ဣတ္ထိယော၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှ မိန်းမတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ မိန်းမတွေကို ခွဲပို့တယ်။

နောက် သဗ္ဗေ ပုရိသာ–ကမ္ဘာပေါ်မှာ ရှိရှိသမျှ ယောကျ်ားအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ဒီလို ယောကျ်ားတွေကို ခွဲပို့တယ်။

သဗ္ဗေ အရိယာ–ကမ္ဘာပေါ်မှာရှိတဲ့ အရိယာအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ဒီလိုလဲ ပုထုဇဉ်နဲ့အရိယာကိုလဲ ခွဲပို့တယ်။

သဗ္ဗေ အနရိယာ–ပုထုဇဉ်ပုဂ္ဂိုလ်တွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ အရိယာနဲ့ ပုထုဇဉ်ကို ခွဲပြီးပို့တယ်။

သဗ္ဗေ ဒေဝါ–နတ်ဗြဟ္မာတွေအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ နတ်ဗြဟ္မာတွေကို ခွဲပို့တယ်။

သဗ္ဗေမနုဿာ–လူတွေအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ဒီလို လူတွေကိုလဲ ခွဲပို့တယ်။

သဗ္ဗေဝိနိပါတိကာမှာ ဝိနိပါတိကာဆိုတာက တစ္ဆေ, သရဲ, ဖုတ်, ပြိတ္တာတို့ကို ဝိနိပါတိကာလို့ ခေါ်တယ်။ တချို့တလေက တစ္ဆေသရဲဆိုတာ မရှိဘူးလို့ အောက်မေ့နေကြတယ်။ အမှန်ကတော့ တကယ်ရှိပါတယ်။ လူတွေက သိပ်ဆိုးလွန်းလို့ တစ္ဆေ, သရဲတွေက လူတွေကို ကြောက်ကြတယ်။ အခုတော့ မြို့ရွာရပ်ကွက်ထဲမှာ တစ္ဆေသရဲ မရှိတော့ပါဘူး။ လူတွေက သိပ်ဆိုးနေကြတော့ တစ္ဆေသရဲတွေက လူတွေကို ကြောက်ပြီးမနေရဲကြတော့ပါဘူး။ ဒါကြောင့်မို့လို့ ဝိနိပါတိကာဆိုတာ တစ္ဆေ သရဲ ဖုတ် ပြိတ္တာတို့ကို ခေါ်တာပဲ။ အဲဒီ တစ္ဆေ သရဲ ဖုတ် ပြိတ္တာအားလုံးကိုလဲ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ခွဲပို့ရတယ်။

"သဗ္ဗာ ဣတ္ထိယော, သဗ္ဗေ ပုရိသာ, သဗ္ဗေ အရိယာ, သဗ္ဗေ အနရိယာ, သဗ္ဗေ ဒေဝါ, သဗ္ဗေ မနုဿာ, သဗ္ဗေ ဝိနိပါတိကာ" ဒါက ရည်ရွယ်ပြီးပို့ရတဲ့ ပုဂ္ဂိုလ် (၇)မျိုးပါ။ အဲဒီတော့ မရည်ရွယ်ဘဲနဲ့ ပုဂ္ဂိုလ်မခွဲခြားဘဲနဲ့ ပို့တဲ့မေတ္တာက (၅)မျိုး၊ ခွဲခြားပြီးပို့တဲ့ မေတ္တာက (၇)မျိုး၊ ပေါင်းတော့ (၁၂)မျိုးဖြစ်ပါတယ်။

အဲဒီ(၁၂)မျိုးမှာ သဗ္ဗေ သတ္တာလို့ ဆိုပြီး ပို့ရင် အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု ဆိုပြီးတော့ တစ်မျိုး တစ်မျိုးကို (၄)ခါ ပို့ရပါတယ်။

သဗ္ဗေ ပါဏာလို့ ပို့တဲ့အခါမှာလဲ သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု လို့ ဆိုပြီး (၄)ခါပို့။

သဗ္ဗေ ဘူတာ–မှာလဲ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တုလို့ ဆိုပြီး (၄)ခါပို့။

သဗ္ဗေ ပုဂ္ဂလာ–မှာလဲ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု လို့ဆိုပြီး (၄)ခါပို့။

သဗ္ဗေ အတ္တဘာဝပရိယာပန္နာ–မှာလဲ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု လို့ဆိုပြီး (၄)ခါပို့ရပါတယ်။ ဒီ (၄)ခုက ပုဂ္ဂိုလ် (၁၂)မျိုးလုံးမှာ လိုက်ထည့်ရတယ်။

အဲဒီတော့ အဝေရာဆိုတာက ရန်မရှိကြပါစေကုန်လင့်၊ အဗျာပဇ္ဈာ ဆိုတာက စိုးရိမ်ကြောင့်ကြ မရှိကြပါစေကုန်လင့်၊ အနီဃာဆိုတာက ဆင်းရဲခြင်း ကင်းကြပါစေ။ သုခီ အတ္တာနံ ပရိဟရန္တုဆိုတာက မြန်မာလို တိုတိုကတော့ မွေးမြူလွယ်ကြပါစေ၊ မိမိခန္ဓာကိုယ်ကို လွယ်လွယ်ကူကူနဲ့ အသက်မွေးနိုင် ကြပါစေ။

အခုခေတ် တချို့ဆိုရင် အသက်မွေးဝမ်းကျောင်းမှုမှာ တော်တော်လေး ခဲခဲယဉ်းယဉ်း မွေးကြရတယ်။ လုပ်ကိုင်ရှာဖွေကြရတယ်။ သားသမီးတွေကလဲ ခပ်များများဆိုတော့ အမေ အဖေတွေသာမက သားသမီးတွေပါ ဝိုင်းဝန်းလုပ်ကိုင် ရှာဖွေနေကြရတယ်။ ဒီလို မနက်မိုးလင်းကနေ ညနေနေဝင်မိုးချုပ်ထိအောင် မနားမနေ လုပ်တာတောင်မှ ကောင်းကောင်း မစားရ၊ မဝတ်ရတဲ့လူတွေ အများကြီးရှိတယ်။ အသက်မွေးရတဲ့ နေရာမှာ ဒီလို ဆင်းဆင်းရဲရဲအသက်မွေး ကြရတယ်။ တချို့တလေကျတော့လဲ ချမ်းချမ်းသာသာ အသက်မွေးကြရတယ် ပေါ့လေ။ အဲဒီလို ဆင်းဆင်းရဲရဲ အသက်မွေးရတဲ့ ပုဂ္ဂိုလ်တွေ မရှိကြပါစေနဲ့။ လူတစ်ယောက် တစ်နာရီလောက် ထွက်လုပ်လို့ရှိရင် ဝတ်ချင်တိုင်းဝတ်နိုင်၊ စားချင်တိုင်းစားနိုင်ပြီး လွယ်လွယ်ကူကူ အသက်မွေးမြူနိုင်ကြပါစေလို့ ပို့တဲ့ မေတ္တာပါပဲ။ ဒါကို သုခီ အတ္တာနံ ပရိဟရန္တုလို့ ဆိုရပါတယ်။

သုခီ အတ္တာနံ ပရိဟရန္တုက မြန်မာလို ပြန်ရတာ မလွယ်ဘူး။ ရှင်းရှင်း ကတော့ အသက်မွေးမှု ခဲခဲယဉ်းယဉ်းမွေးရတဲ့ လူတွေရှိတယ်။ အဲဒီ ပုဂ္ဂိုလ်တွေကို လွယ်လွယ်ကူကူ အသက်မွေးမှုပြုနိုင်ကြပါစေလို့ မေတ္တာပို့တာဟာ သုခီ အတ္တာနံ ပရိဟရန္တုပဲ။

''အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု'' လေးခုကို သဗ္ဗေ သတ္တာနဲ့ ယှဉ်တွဲလိုက်ရင်–

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တုလို့ ဖြစ်ပါတယ်။ ဒီလိုပဲ–

သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ အတ္တဘာဝပရိယာပန္နာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု လို့ ဖြစ်သွားပါတယ်။

ဒါက သတ္တဝါအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဆိုတဲ့ အဓိပ္ပါယ်နဲ့ ပုဂ္ဂိုလ်ကို မရည်မှတ် မပိုင်းခြားဘဲနဲ့ ပို့တာပါ။

ရည်မှတ်ပြီးတော့ပို့တာက–

သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တုလို့ဆိုပြီး အဲဒီလို ရည်မှတ်ပိုင်းခြားထားတဲ့ ပုဂ္ဂိုလ် (၇)မျိုးလုံးမှာ အဝေရာ ဟောန္တု စတဲ့ (၄)ခုနဲ့ တွဲပို့ရတယ်။

**မေတ္တာစာတ်စွမ်းရည်**

အဲဒီတော့ မရည်မှတ်ဘဲနဲ့ပို့တာက (၅)ခုနဲ့ ရည်မှတ်ပြီးတော့ပို့တာက (၇)ခုကို ပေါင်းလိုက်ရင် (၁၂)ခု ဖြစ်တာပေါ့။ မေတ္တာပို့နည်း နားလည်ပြီဆိုရင်

မိမိနေရာမှ နေပြီးတော့ တစ်ကမ္ဘာလုံးကို ဒီလိုမေတ္တာပို့လိုက်တဲ့အခါမှာ မေတ္တာစာတ်ဟာ အထက်ဖြပ္ပာလွှာပြည့်တိုင်အောင် အကုန်လုံးကြားသွားမှာပေါ့။ ထိရောက်သွားမှာပေါ့။ မေတ္တာစာတ်ရဲ့အစွမ်းသတ္တိဟာ မိုးရွာအောင်လဲ လုပ်လို့ရတယ်။ မိုးတိတ်အောင်လဲ လုပ်လို့ရတယ်။ မေတ္တာပို့တဲ့လူကို နတ်တွေက ချစ်ခင်နေပြီး ချမ်းသာစေချင်တော့ အကူအညီပေးကြတာပေါ့။ ကိုယ်စိတ်နှစ်ပါး ချမ်းသာအောင် ဆောင်ရွက်ပေးတာဟာ မေတ္တာရဲ့ အစွမ်းတန်ခိုးပါပဲ။

"မရည်ပဉ္စ၊ ရည်သတ္တ၊ တည်ထ ဆယ့်နှစ်ပါး"။ မရည်ပဉ္စဆိုတာက မရည်မှတ်ဘဲနဲ့ ပို့တဲ့မေတ္တာက သဗ္ဗေသတ္တာ အစရှိတဲ့ (၅)မျိုးပါ။ ပဉ္စဆိုတာ (၅)ပါး။ သတ္တဆိုတာက (၇)ပါးပေါ့။ အဲဒီတော့ "မရည်ပဉ္စ"ဆိုတာ သဗ္ဗေ သတ္တာ, သဗ္ဗေ ပါဏာ, သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ, သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ အဲဒီ (၅)ခုကို "မရည်ပဉ္စ"လို့ ခေါ်တယ်။

ရည်သတ္တ-ဆိုတာက သဗ္ဗာဣတ္ထိယော, သဗ္ဗေ ပုရိသာ, သဗ္ဗေ အရိယာ, သဗ္ဗေ အနရိယာ, သဗ္ဗေ ဒေဝါ, သဗ္ဗေ မနုဿာ, သဗ္ဗေ ဝိနိပါတိကာ၊ အဲဒီ (၇)ခုက ရည်မှတ်ပြီးတော့ ပို့တဲ့မေတ္တာ (၇)ပါးပါ။ ပေါင်းလိုက်ရင် (၁၂)ပါး ဖြစ်ပါတယ်။

"မရည်ပဉ္စ၊ ရည်သတ္တ၊ တည်ထ ဆယ့်နှစ်ပါး" အဲဒီ ၁၂-ခု တည်ထားပါတဲ့။(၁၂)ပါးကို တည်ပြီးတော့"အဝေရာမှု၊တုလေးခု၊သွန်းဆုမေတ္တာပွား"။ အဝေရာမှု၊ တုလေးခု-ဆိုတာက အဝေရာ ဟောန္တု-တစ်ခု၊ အဗျာပဇ္ဇာဟောန္တု-တစ်ခု၊ အနီဃာဟောန္တု-တစ်ခု၊ သုခီအတ္တာနံ ပရိဟရန္တု-တစ်ခု အားလုံး(၄)ခု။ အခုနက ပုဂ္ဂိုလ်(၁၂)မျိုးနဲ့ ယှဉ်တွဲပို့တဲ့အခါကျတော့ (၄၈)ကြိမ် ဖြစ်သွားတယ်။

(၄၈)ကြိမ်ဖြစ်သွားတော့ "ရပ်ဆယ်မျက်နှာ၊ ထပ်၍သာ၊ မြွောက်ပါ ဆင့်မနား"၊ အဓိပ္ပါယ်က အရှေ့အရပ်ကို မေတ္တာပို့တော့မယ်ဆိုယင် အရှေ့ အရပ်ကို (၄၈)ကြိမ်၊ အရှေ့တောင်အရပ်ကို (၄၈)ကြိမ်၊ တောင်အရပ်ကို (၄၈) ကြိမ်၊ အနောက်တောင်ထောင့်အရပ်ကို (၄၈)ကြိမ်၊ အနောက်အရပ်ကို (၄၈) ကြိမ်၊ အနောက်မြောက်အရပ်ကို (၄၈)ကြိမ်၊ မြောက်အရပ်ကို (၄၈)

ကြိမ်၊ အရှေ့မြောက်ထောင့်အရပ်ကို (၄၈)ကြိမ်၊ အထက်အရပ်ကို (၄၈) ကြိမ်၊ အောက် အရပ်ကို (၄၈)ကြိမ်ဆိုတော့ အရပ်ဆယ်မျက်နှာမှာ အရပ်မျက်နှာ တစ်ခုတစ်ခုကို (၄၈)ကြိမ် မေတ္တာပို့တဲ့အခါကျတော့ (၄၈)ကြိမ်ကို အရပ် **ဆယ်မျက်နှာနဲ့** မြှောက်ရင် (၄၈၀)ရတယ်။

**အဲဒီ**တော့ သက်သက်က (၄၈)ကြိမ် ပို့ရတယ်။ အရပ်ဆယ်မျက်နှာနဲ့ ရောတာက အကြိမ် (၄၈၀)ပို့ရတယ်။ နှစ်ခုပေါင်းလိုက်တော့ (၅၂၈)သွယ် မေတ္တာလို့ ခေါ်တယ်။

"မရည်ပဥ္စ၊ ရည်သတ္တ၊ ဘည်ထ ဆယ့်နှစ်ပါး။

အဝေရာမှ၊ တုလေးခု၊ သွန်းဆု မေတ္တာပွား။

ရပ်ဆယ်မျက်နှာ၊ ထပ်၍သာ၊ မြှောက်ပါ ဆင့်မနား။

ငါးရာ့နှစ်ဆယ်၊ ရှစ်ခုကယ်၊ ဘုန်းကြွယ် ဟော၍ထား"

ဆိုတဲ့ လင်္ကာလေးကို နှုတ်တက် ကျက်မှတ်ထားသင့်တယ်။

ကယ်-ဆိုတာက (၅၂၀)ထက် ပိုသွားတာပေါ့။ မြန်မာစကားမှာ ဗိုက် ကြီးကယ်တယ်ဆိုလို့ရှိရင် ကယ်တယ်ဆိုတာက ပိုလာတာ။ အဲဒီတော့ (၅၂၀) (၈)ခုကယ်ဆိုတာ ရှစ်ခုပိုလာတာပေါ့။ (၅၂၈)သွယ် မေတ္တာပို့နည်းကိုတော့ နားလည်နိုင်လောက်ပါပြီ။ မေတ္တာပို့တာလဲ ကမ္မဋ္ဌာန်းပါပဲ။ ပိယသိဒ္ဓိ ပေါက်ချင် တယ်ဆိုရင် မေတ္တာပို့ကြပါ။

မေတ္တာပို့တဲ့လူဟာ ပါဠိနဲ့ပို့နေပေမဲ့ စိတ်က သိနေရမယ်။ သဗ္ဗေသတ္တာ အဝေရာဟောန္တုဆိုတာက သတ္တဝါအားလုံး ရန်မရှိကြပါစေနဲ့၊ အဗျာပဇ္ဇာ ဟောန္တု ဆိုတာက စိုးရိမ်ကြောင့်ကြ မရှိကြပါစေနဲ့။ အနီဃာဟောန္တုဆိုတာက ဆင်းရဲခြင်း မရှိကြပါစေနဲ့၊ သုခီ အတ္တာနံ ပရိဟရန္တု ဆိုတာက သတ္တဝါအားလုံး အသက်မွေးမှု လွယ်ကူကြပါစေ၊ ဒီလို သဗ္ဗေသတ္တာမှာ (၄)ကြိမ်၊ သဗ္ဗေပါဏာမှာ (၄)ကြိမ်၊ အဲဒီလို (၄)ကြိမ် မေတ္တာပို့နေတော့ အာရုံတစ်ခြားကို မရောက်တော့ ဘူး၊ သတ္တဝါအာရုံတစ်ခုထဲမှာ စိတ်က ရောက်နေတယ်။

ရည်မှတ်ပြီးတော့ ပို့တော့လဲ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တုဆိုတာက ကမ္ဘာပေါ်ရှိတဲ့ မိန်းမတွေ အပျိုရော၊ အအိုရော၊ အဖွားကြီးရော ကလေးမလေးတွေရော ဘယ်မိန်းမမှမကျန် အားလုံးဘေးရန်မရှိကြပါစေနဲ့လို့ စိတ်ထဲက တကယ်ပါအောင်ပို့ပါ။

မိန်းမတွေကို အာရုံပြုပြီး အဗျာပဇ္ဈာ ဟောန္တု စိုးရိမ်ကြောင့်ကြ မရှိကြပါစေနဲ့၊ မိန်းမတွေဆိုတာ ပူဆွေးနေတဲ့ မိန်းမတွေလဲ ရှိမှာပေါ့။ ကိုယ့်ယောကျ်ား နောက်မိန်းမယူမှာ စိုးရိမ်တဲ့မိန်းမတွေလဲ ရှိမှာပေါ့။ ဒီတော့ မိန်းမမှန်သမျှ စိုးရိမ်ကြောင့်ကြ ဘယ်သူမှ မရှိကြပါစေနဲ့လို့ ပို့ပါ။ အနီဃာ ဟောန္တုဆိုတာက ဆင်းရဲတဲ့ မိန်းမတွေ မရှိကြပါစေနဲ့လို့ ပို့ပါ။

သုခီ အတ္တာနံ ပရိဟရန္တုဆိုတာက မိန်းမတွေ လွယ်လွယ်နဲ့ အသက်မွေးမြူနိုင်ကြပါစေလို့ပို့ပါ။ အခုခေတ် မိန်းမတွေ လုပ်လိုက်ကြရတာ။ မနက်မိုးလင်းကတည်းက အိမ်မှာ ထမင်းလဲ ချက်ရသေးတယ်။ အလုပ်လဲ သွားလုပ်လိုက်ရသေးတယ်။ ပြန်လာတော့လဲ အဝတ်လျှော်ရ၊ ထမင်းချက်ရနဲ့ ယောကျ်ားတွေထက် နှစ်ဆ ပင်ပန်းတာပေါ့။ ဟိုတုန်းက မိန်းမတွေဆို ကြော့လို့။ အိမ်မှာ သနပ်ခါးဖုံအောင် ခြေဆုံး ခေါင်းဆုံးလိမ်းပြီးတော့ အဆင့်သင့် ချက်စရာရှိမှ ချက်တယ်။ ချက်စရာမရှိရင် မချက်ဘူး၊ အိမ်မှာ ထိုင်စားရုံပဲ။ တစ်နေ့လုံး မနက်လဲ ချက်စားနေတာပဲ။ နေ့လယ်ကျလဲ စားနေတာပဲ။ ညလဲ မအိပ်ခင် စားနေကြတာပဲ။ အလျှင်တုန်းက မိန်းကလေးတွေ အင်မတန် ချမ်းသာတယ်။ အခုဘာဖြစ်လို့ ဒုက္ခရောက်ကြရသလဲဆိုတော့ မသိဘူး။ ဒီလို မိန်းမတွေပေါ်မှာ တကယ်စိတ်ထဲက ချမ်းသာစေချင်ရတယ်၊ အဲဒီလို ပို့တဲ့မေတ္တာဓာတ်ဟာ တကယ်ရောက်တာပေါ့၊ မေတ္တာပို့တယ်ဆိုတာက ကိုယ်ပို့တဲ့ လူတွေဆီကို ရောက်တာ မရောက်တာထက် လက်တွေ့ အကျိုးကတော့ ကိုယ့်စိတ်မှာ သိပ်ပြီးတော့ ချမ်းသာတယ်။ ကိုယ့်စိတ်မှာ သိပ်ပြီးတော့ ဖြူစင်အေးမြနေတယ်။ တရားဆိုတာက ကိုယ့်စိတ်ကို ဖြူစင်အေးမြအောင် လုပ်ရတာကိုး။ အဝတ်လျှော်သလိုပေါ့၊ အထပ်ထပ်လျှော်လေ ဖြူလေပဲ။

အဲဒီတော့ သဗ္ဗေပုရိသာ ဆိုလဲ ဒီလိုပါပဲ။ ကမ္ဘာပေါ်မှာ ရှိတဲ့ ယောကျ်ား အားလုံး လူပျိုရော၊ လူအိုရော၊ အဖိုးကြီးရော၊ ကာလသားရော၊ ကလေးရော အားလုံးချမ်းသာကြပါစေလို့ ပုဂ္ဂိုလ်(၇)မျိုးထိအောင် မေတ္တာပို့လိုက်လို့ရှိရင် ရည်မှတ်ပြီးတော့ (၇)ခါပို့လိုက်တာပဲ။ ထပ်ခါထပ်ခါ ပို့တဲ့နည်းကို ဘာဝနာ တရားလို့ ပြောတာ။ ဘာဝနာဆိုတာက အထပ်ထပ်ပွားတာ။ လေ့လာတာ။ အလုပ်တစ်ခုကို အထပ်ထပ် လေ့လာလို့ရှိရင် သိပ်ပြီးတော့ ကျွမ်းကျင်လာတယ်။ ဥပမာတစ်ခု တန်းခုန်တယ်ဆိုလို့ရှိရင်လဲ တန်းခုန်တဲ့ အလုပ်ချည်းပဲ လုပ်နေတဲ့ သူဟာ သူများတကာနဲ့မတူဘူး။ သိပ်ပြီးတော့ ကျွမ်းကျင်လာတယ်။ ကြက်တောင် ရိုက်တယ်ဆိုလို့ ရှိရင်လဲ ကြက်တောင်ရိုက်တာကိုချည်းပဲ လုပ်နေတယ်၊ လေ့ကျင့် ဖန်များလာတယ်ဆိုရင် သိပ်ပြီးတော့ ကျွမ်းကျင်လာတာပါပဲ။

**မိဘအချစ်နဲ့ လင်မယားချစ်**

မေတ္တာဘာဝနာဆိုတာ အထပ်ထပ် လေ့ကျင့်တာပါပဲ။ လေ့ကျင့်တော့ (၅၂၈)ကြိမ်ဆိုရင် ဒီမေတ္တာဓာတ်ဟာ တော်တော် အစွမ်းထက်လာတယ်။ ခုအရပ်ထဲမှာ ပြောကြတယ်။ မိဘမေတ္တာက (၅၂၈)သွယ်မေတ္တာတဲ့၊ မင်းနဲ့ ငါနဲ့ ချစ်တာက (၁၅၀၀)မို့လို့ ငါတို့အချစ်က ပိုလွန်ပါတယ်လို့ လိမ်တတ် ကြတယ်။ ဂဏန်းများတာနဲ့ (၁၅၀၀)က (၅၂၈)ထက် သာသလိုလို ပြောနေ ကြတာ။ ဒါသက်သက် လိမ်ကြတာ။ (၅၂၈)သွယ် မေတ္တာက မေတ္တာအစစ်၊ (၁၅၀၀)က မေတ္တာအတုပါ။ မေတ္တာမှ မဟုတ်ဘဲနဲ့။ အမှန်က တဏှာပဲ။ အဲဒီတော့ မိဘနဲ့သားသမီးဆိုတာ ဘယ်တော့မှ မပြတ်ဘူး၊ တကယ့်မေတ္တာကိုး။ မိဘကလဲ သားသမီးကို ဘယ်တော့မှ မပြတ်ဘူး။ သားဆိုးအမေ တပေပေလို့ တောင် ဆိုထားတာပဲ။ သားသမီးကလဲ ဒီအတိုင်းပါပဲ။ မိဘကို ဘယ်တော့မှ မပြတ်နိုင်ပါဘူး။ အဲဒါ တကယ့်မေတ္တာစစ် မေတ္တာမှန် ဖြစ်လို့ပေါ့။

လင်မယားချင်းကတော့ ဘယ်လောက်ချစ်ပါတယ်၊ ပါးစပ်ထဲ ငုံထား မတတ် ချစ်ပါတယ်နဲ့ ပြောချင်ရာပြောပြီး တော်တော်ကြာ ကွဲနိုင်တာပဲ။

ခုတစ်ယောက်နဲ့တစ်ယောက် ဘုကျရင် အဆင်မပြေဖြစ်ရင် ခုချက်ချင်း ကွဲလို့ ရတယ်။ နောက်တစ်ယောက်ယူဖို့လဲ ဝန်မလေးပါဘူး။ အဲဒီတော့ (၁၅၀၁) ဆိုတာက အဆင့်ဆင့်မြှောက်ပွားထားပြီး ဂဏန်းများလို့သာ (၁၅၀၀)ဖြစ်နေ တာပါ၊ မိဘမေတ္တာက တကယ့်ကုသိုလ် အဒေါသ စေတသိက်ပဲ။ လင်မယား ချစ်က အကုသိုလ်လောဘစေတသိက်ပဲ။ (၁၅၀၀)က ကိလေသာ ဆယ်ပါးကနေ ပွားယူတာ။ အကုသိုလ်စေတသိက်ကနေ ပွားယူတာပါ။ ဒီမေတ္တာက တကယ့် အဒေါသစေတသိက်ကနေ ပွားယူတာ။ ကုသိုလ်နဲ့ အကုသိုလ်ပြိုင်ရင် ကုသိုလ်က ပိုမို အားကောင်းလို့ ကုသိုလ်က နိုင်ပါတယ်။ ကုသိုလ်စေတသိက်က (၂၅)လုံးတောင် ရှိတယ်။

ဒါကြောင့်မို့လို့ (၅၂၈)သွယ် မေတ္တာလို့ခေါ်တဲ့ မေတ္တာစိတ်ကတော့ တကယ်လုပ်ရင် တကယ်စွမ်းပါတယ်။ မေတ္တာကမ္မဋ္ဌာန်းဆိုတာဟာ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ၊ ရဟန်းသာမဏေ၊ သူတော်၊ သီလရှင် ဘယ်သူမဆို ပွားများသင့်ပါတယ်။ တချို့ဆိုရင် မေတ္တာကမ္မဋ္ဌာန်းကို ညတိုင်းညတိုင်း ပွားများ ပါတယ်။ အကြိမ်ကတော့ လနဲ့ နှစ်နဲ့ ချီပြီးတော့ ဒီလို ပို့ရပွားများရတာပါ။ ကောင်းတဲ့ အလုပ်ဆိုတာက ချက်ချင်း (၇)ရက်လုပ်လို့ ဖြစ်တယ်၊ တစ်လလုပ်လို့ ဖြစ်တယ်၊ ဒီလိုတော့ မဟုတ်ဘူးပေါ့။ ကြာကြာလုပ်မှ အကျိုးရတယ်။

ဥပမာတစ်ခု ဆယ်တန်းအောင်အောင် ကျောင်းတက်နေတယ် ဆိုပါတော့။ သူငယ်တန်းက စမယ်ဆိုရင် ဆယ်နှစ်မက နေရတယ်။ ဒီလိုနှစ်ပေါင်းများစွာ ကျောင်းနေမှ စာသင်မှ အောင်သွားသလိုပေါ့။

**စိတ်ချမ်းသာအောင်တွက်နည်း**

လူဆိုတာ ဖြစ်လာလို့ရှိရင် ဖြစ်လာသည့်အတိုင်း ကိုယ့်စိတ်ချမ်းသာမှု ရအောင် တွက်တတ်ရတယ်။ ဘယ်ဘဝမျိုးရောက်ရောက် ရောက်တဲ့ဘဝမှာ ကိုယ့်စိတ်ချမ်းသာအောင် တွက်တတ်ရတယ်။ တွက်တတ်ဖို့သာ အရေးကြီးတာ။

တချို့တလေဆင်းရဲတယ်ဆိုတာက ဂဏန်းမတွက်တတ်လို့ပါ။ သင်္ချာပါရဂူကြီး ဖြစ်ပါစေ ဂဏန်းတွေကတော့ ရေးတတ်တယ်။ အတွက်ကျတော့ သူက မတွက်တတ်ဘူး။ အတွက်တတ်တယ်ဆိုတာက ဘယ်နည်းနဲ့ဖြစ်ဖြစ် ကိုယ့်စိတ်ကို ချမ်းသာအောင် တွက်တတ်ရင် အတွက် တွက်တတ်တယ်လို့ ခေါ်တာပဲ။ စာမေးပွဲကျတယ်။ ကျတဲ့ဘက်ကနေ ကောင်းအောင် တွက်လိုက်။ အောင်ရင်လဲ အောင်တဲ့ဘက်ကနေ ကောင်းအောင်တွက်လိုက်။ ကိုယ်က သူဌေးဖြစ်လာလို့ ချမ်းသာရင်လဲ ချမ်းသာတဲ့ ဘက်ကနေ ကောင်းအောင်တွက်လိုက်။ ဆင်းရဲတယ် ဆိုရင်လဲ ဆင်းရဲတဲ့ ဘက်ကနေ ကောင်းအောင် တွက်လိုက်ပါ။ ဆင်းရဲတဲ့ ဘက်ကနေ ကောင်းအောင် တွက်မယ်ဆိုရင် တွက်လို့ အများကြီးရတာပဲ။ ချမ်းသာတဲ့ လူဟာ အမြဲတမ်း စိုးရိမ်နေရတယ်။ ပစ္စည်းတွေ ပျောက်ပျက် မသွားအောင် ပစ္စည်းတွေ ထိန်းသိမ်းဖို့ ပစ္စည်းတွေ လုမယူနိုင်ဖို့ ပစ္စည်းတွေ တိုးပွားအောင် လုပ်ဖို့ တွေးတောကြံစည်လုပ်ကိုင်နေရတယ်။ ပစ္စည်းရှိလေ ဒုက္ခများလေပဲလို့ ဒီလို တွက်ရပါတယ်။ မရှိတဲ့လူဟာ ဘာမှ ပူစရာ မရှိဘူး။ မြန်မာပြည်မှာ ဝတ်တော့ မဝတ်ဘူး။ အဲဒါကြောင့်မို့လို့ အတွက်တတ်တယ် ဆိုလို့ရှိရင် စိတ်ချမ်းသာတာပဲ။ အဲဒီတော့ အဒေါသစေတသိက်က တော်လောက် ပါပြီ။

## တကြိမ်မစ္ဆတ္တတော စေတသိက်

အလောဘ စေတသိက်နဲ့ အဒေါသ စေတသိက်ပြီးရင် ဒီနေရာမှာ အမောဟ စေတသိက်ကို သင်္ဂြိုဟ်ဆရာ ထည့်မပြဘူး။ အလောဘ၊ အဒေါသ၊ အမောဟဆိုတာ မူလသုံးပါး၊ ဒီနေရာမှာ စုံအောင် မပြဘူး။ အကုသိုလ် စေတသိက်မှာတုန်းက လောဘ၊ ဒေါသ၊ မောဟဆိုပြီး သုံးပါးစုံအောင် ပါတယ်။ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက် (၁၉)လုံးကို ပြတဲ့အခါကျတော့ အမောဟ မပါဘူး။ အမောဟ ဘာလို့ မပါသလဲဆိုတော့ အမောဟဆိုတာက ပညာပဲ။

အမောဟရဲ့ အမိပ္ပာယ်ကို နားလည်ချင်ရင် မောဟနဲ့ ဆန့်ကျင်ဘက် ကြည့်လိုက်ရုံပဲ။ မောဟဆိုတာ ပညာရဲ့ဆန့်ကျင်ဘက်ပဲ။ အမောဟဆိုတာ ပညာ။ ပညာဆိုတာက အကောင်းအဆိုးကို ခွဲခြားပြီးတော့ သိတာ။ မောဟဆိုတာက ကောင်းတာ ဆိုးတာ ခွဲခြားပြီးတော့ မသိတာပါပဲ။

အဲဒီတော့ အမောဟကို ဒီနေရာမှာ ဘာလို့ မပြသလဲဆိုတော့ ကုသိုလ် ပြုတိုင်း အမောဟစေတသိက်ဆိုတဲ့ ပညာက မပါလို့ပေါ့။

ဒါကြောင့်မို့လို့ ကာမာဝစရစိတ်ကို ပြတဲ့အခါမှာ ဉာဏဝိပ္ပယုတ်စိတ် ဆိုတဲ့ ပညာနဲ့မယှဉ်တဲ့ စိတ်လဲရှိတယ်။ လူတွေမှာ ကုသိုလ်လုပ်တဲ့အခါ ပညာက ပါချင်မှပါတာ။ ဒါနပြုတဲ့အခါ ဆိုပါတော့၊ တချို့တလေက သူများ ရှင်ပြုတယ် ဆိုလို့ ပြုလိုက်တာပဲ။ ဘယ်ရယ်ညာရယ် သိပ်သိလှလို့ မဟုတ်ဘူး။ ဒါဉာဏ ဝိပ္ပယုတ်၊ ပညာမပါတဲ့ ကုသိုလ်ပေါ့။ သီလဆောက်တည်တယ်ဆိုရာမှာလဲ သူများ ဥပုသ် စောင့်တယ်ဆိုရင် စောင့်လိုက်တာပဲ။ ဘာရယ်ညာရယ် ဘာမှ မသိဘူး။ အဲသလို ပညာမပါတဲ့ ဒါနတို့ သီလတို့ဟာ ကုသိုလ်တော့ ကုသိုလ် ပါပဲ။ ဒါပေမဲ့ ဉာဏဝိပ္ပယုတ်ကုသိုလ်လို့ ခေါ်တယ်။ အဲဒီလို ပညာက ကုသိုလ် ပြုတိုင်း မပါဘူး။ ဒါကြောင့်မို့လို့ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်ကို ပြချင်လို့ ဒီနေရာမှာ အမောဟကို မထည့်တာပါ။ နောက်ဆုံးကျမှ ပညိန္ဒြေ စေတသိက်ဆိုပြီးတော့ အမောဟစေတသိက်ကို သီးခြားပြတယ်။ အလောဘ အဒေါသ ပြီးတော့ ဒီနေရာမှာ တတြမဇ္ဈတ္တတာစေတသိက်ကို ပြတယ်။ သူက နံပါတ်(၇)ရောက်နေပြီ။

ဒီစေတသိက်က နည်းနည်း အခေါ်ရခက်တယ်။ တတြမဇ္ဈတ္တတာ စေတသိက်ဆိုတာက စိတ်စေတသိက်တွေကို ညီမျှအောင်ထားတာ။ သဒ္ဓါက လွန်ချင်ရင် လွန်သွားမှာပဲ။ သတိကတော့ လွန်တယ်မရှိဘူး။ ဟိရီ၊ ဩတ္တပ္ပတို့က လွန်ချင် လွန်သွားမယ်။ အဒေါသကလဲ လွန်ချင် လွန်သွားမယ်။ လိုချင်လဲ လိုနေလိမ့်မယ်။ တတြမဇ္ဈတ္တတာဆိုတာက စေတသိက်တွေကို ညီမျှအောင် လုပ်ပေးတာ။ ထိန်းပေးတာ။

ဒါကြောင့်မို့လို့ ရှေးအဘိဓမ္မာဆရာများက တတြမဇ္ဈတ္တတာစေတသိက်ကို ရထားထိန်းနဲ့တူတယ်လို့ ဥပမာပေးကြတယ်။ ရထားထိန်းဆိုတာ မြင်းနှစ်ကောင်ကတဲ့ မြင်းရထားဆိုတာ ရှိတယ်။ မြင်းနှစ်ကောင်ကို ညီညီပြေးနေအောင် ရထားမောင်းသူက ထိန်းပြီး မောင်းပေးရတာကိုး။ အဲဒီလိုပဲ တတြမဇ္ဈတ္တတာက ကုသိုလ်လုပ်တဲ့အခါမှာ စိတ် စေတသိက်တွေ အညီအမျှဖြစ်အောင် ထိန်းပေးတယ်။ ဒါကြောင့်မို့လို့ ရထားထိန်းဆိုတာက ခုခေတ် ရထားမောင်းသမားပါပဲ။ လှည်းမောင်းသမားဟာ နွားနှစ်ကောင်ကို ညီအောင်မောင်းရသလိုပေါ့။

ဒါကြောင့်မို့လို့ "တတြမဇ္ဈတ္တတာ" စေတသိက်ဟာ ဗြဟ္မဝိဟာရတရားမှာကျတော့ ဥပေက္ခာနဲ့အတူတူပဲ။ အဒေါသစေတသိက်ကို မေတ္တာလို့ ခေါ်သလို တတြမဇ္ဈတ္တတာစေတသိက်ကို ဥပေက္ခာလို့ ခေါ်တယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မဝိဟာရတရားလေးပါးထဲက ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်က မေတ္တာနဲ့ ဥပေက္ခာပါပဲ။ ဥပေက္ခာကလဲ သိပ်များတယ်။ ခု မြန်မာမှာဆိုရင် တစ်မျိုးနားလည်နေကြတယ်။ "ငါတော့ ဒီလူ့ကို ဥပေက္ခာပြုလိုက်ပြီ"ဆိုလို့ရှိရင် ပစ်ထားလိုက်တယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်နေတယ်။ ဒီတော့ ဥပေက္ခာကို နားလည်ထားကြတာက အရေးမလုပ်ဘဲ ပစ်ထားလိုက်တာလို့ အဓိပ္ပာယ်တစ်မျိုးနဲ့ နားလည်နေကြပါတယ်။

## ဥပေက္ခာအမျိုးမျိုး

အဘိဓမ္မာမှာ ဥပေက္ခာ(၁၀)မျိုးတောင်ရှိတယ်။ စိတ်ပိုင်းမှာပါတဲ့ သောမနဿတို့ ဥပေက္ခာတို့ဆိုတဲ့ ဥပေက္ခာက တစ်မျိုးပါ။ အဲဒီ သောမနဿတို့ ဥပေက္ခာတို့က ဝေဒနာစေတသိက်။ သောမနဿဝေဒနာဆိုတာက ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတာပါ။ ဝမ်းမမြောက်ဘဲနေတဲ့အခါ ဥပေက္ခာဝေဒနာလို့ ခေါ်တာပဲ။ လျစ်လျူပြုတာ မဟုတ်ဘူး။ လူဟာ အလုပ်တစ်ခုခု လုပ်မယ်ဆိုလို့ရှိရင် ဝမ်းမြောက်တဲ့အခါ ရှိတယ်။ အဲဒါကို သောမနဿလို့ခေါ်တယ်။ ဝေဒနာ

စေတသိက်ပဲ။ ဝမ်းမမြောက်ဘဲ နေတဲ့အခါကို ဥပေက္ခာလို့ခေါ်တာပဲ။ ဥပေက္ခာ ပြုတာမဟုတ်ဘူး။ ဝမ်းမမြောက်ဘဲနဲ့ နေလိုက်တာပါပဲ။

ဒီတတြမဇ္ဈတ္တတာ ဥပေက္ခာဆိုတာက ကရုဏာနဲ့ မုဒိတာကြားထဲမှာ နေတာပါ။ တည်တံ့တဲ့ သဘောပါပဲ။ ဥပမာ–ဒုက္ခရောက်နေတဲ့လူတွေ ဆင်းရဲသားတွေကို မြင်တဲ့အခါ ငါဒီလူတွေကို ဘယ်လိုကယ်တင်ရပါ့မလဲလို့ သနားမှုဖြစ်တာက ကရုဏာ၊ ချမ်းသာတဲ့လူတွေကို မြင်လို့ရှိရင် စိတ်ထဲမှာ သိပ်ပမ်းသာနေတယ်၊ ဒါမုဒိတာ။ ဒါမျိုးက တကယ့်တိုင်းပြည်ခေါင်းဆောင် အာဇာနည်တွေမှ ဖြစ်တာပါ။ သာမည အနုညာတလူတွေမှာတော့ ဒါမျိုး မဖြစ်ပါဘူး။ ဣဿာမစ္ဆရိယပဲ ဖြစ်မှာပါ။ ဒုက္ခရောက်တဲ့လူကို မြင်လို့ရှိရင် တကယ့်တိုင်းပြည်ခေါင်းဆောင်တွေရဲ့ စိတ်ထဲမှာ ငါဘယ်နည်းနဲ့ ကယ်တင် ရမလဲလို့ ကရုဏာဖြစ်တယ်။

တချို့က ဒုက္ခရောက်တဲ့လူတွေ မြင်ရင် စိတ်ဆင်းရဲကြတယ်။ ဒါကရုဏာ မဟုတ်ဘူး။ အကုသိုလ်စေတသိက်ပဲ။ ဒုက္ခရောက်တဲ့လူကို တွေ့မြင်ရတယ်ဆိုလို့ ရှိရင် ဘယ်နည်းနဲ့ ကယ်တင်ရမတုံးလို့ ကယ်တင်ချင်တဲ့ စိတ်ဖြစ်မှ ကရုဏာ ဖြစ်တယ်။ ချမ်းသာတဲ့ လူတွေကို တွေ့မြင်ရတယ်ဆိုလို့ရှိရင် ဝမ်းသာတဲ့ စိတ်ဖြစ်မှ မုဒိတာဖြစ်ပါတယ်။

ဥပေက္ခာဆိုတာက ဒုက္ခရောက်တဲ့လူတွေကို တွေ့မြင်ရတယ်ဆိုလို့ရှိရင်လဲ ကရုဏာမဖြစ်ဘူး။ ချမ်းသာတဲ့ လူတွေကို တွေ့မြင်တယ်ဆိုလို့ရှိရင်လဲ မုဒိတာ မဖြစ်ဘူး။ အင်မတန် စိတ်ဓာတ်တည်တံ့တဲ့ သဘောမျိုးပဲ။ နှစ်မျိုးလုံးအပေါ် အညီအမျှဖြစ်အောင် စိတ်ကို လေ့ကျင့်ထားတာ။ ကရုဏာဆိုတာကလဲ ဒုက္ခ ရောက်တဲ့လူကို ကယ်တင်ဖို့အတွက် ဆက်လက်ပြီး အလုပ်လုပ်ရအုံးမှာကိုး။ မုဒိတာကလဲ ဝမ်းမြောက်ပြီးတော့ အလုပ် ဆက်လုပ်ရအုံးမှာကိုး။ ကရုဏာ၊ မုဒိတာတို့က ဟိုဘက်ဒီဘက် ဆင်းရဲတဲ့လူ ချမ်းသာတဲ့လူတွေအပေါ်မှာ အာရုံ ရောက်နေတာ။ ဥပေက္ခာကတော့ ဟိုဘက်ဒီဘက် ဆင်းရဲတဲ့လူရော ချမ်းသာတဲ့ လူရော နှစ်ဦးနှစ်ဘက်အပေါ် အညီအမျှ တည်တည်တံ့တံ့ ထားနိုင်တယ်။

ဥပေက္ခာက ဘယ်ဘက်မှ မလိုက်ဘဲနဲ့ စိတ်တွေ စေတသိက်တွေကို ညီမျှအောင် ထားတယ်။

ဒါကြောင့်မို့လို့ ဒီ"တတြမဇ္ဈတ္တုပေက္ခာက"တစ်မျိုး။ သင်္ခါရုပ်စိတ်ပိုင်းမှာ ပါတာက ဝေဒနုပေက္ခာဆိုပြီးတော့ တစ်မျိုးပါတာပါ။ ဥပေက္ခာအမျိုးမျိုးရှိတယ်။

တတြမဇ္ဈတ္တတာ စေတသိက်ကို အလယ်အလတ်၌ စိတ်စေတသိက်ကို ထားမှုလို့ အဓိပ္ပါယ်ပြန်ဆိုခဲ့ပါတယ်။ အလယ်အလတ်၌ စိတ်, စေတသိက်ကို ထားမှုဆိုတာနဲ့ စိတ်, စေတသိက်တို့ကို ညီမျှအောင် ထိန်းပေးနိုင်မှုဆိုတာဟာ နည်းနည်းတော့ ကွာခြားတာပေါ့လေ။ ဒါပေမဲ့ အဓိပ္ပါယ်ကတော့ အတူတူပါပဲ။ စိတ်စေတသိက်တို့ကို ဟိုဘက် ဒီဘက် မရောက်အောင် အလယ်အလတ်၌ ထားတာလဲ စိတ်စေတသိက်ကို ထိန်းပေးတာပါပဲ။ ကုသိုလ်ပြုတိုင်း စိတ် စေတသိက်က အနည်းဆုံး(၁၉)လုံးတောင် ပါမှာဆိုတော့ ဒီ(၁၉)လုံး တစ်ပြိုင်ထဲ အတူတူဖြစ်တဲ့အခါမှာတော့ တတြမဇ္ဈတ္တတာက သဒ္ဓါကိုလဲ လွန်မသွားအောင် ထိန်းပေးတယ်။ အလောဘကလဲ ရှိတာတွေအကုန်လုံးစွန့်နေမယ်ဆိုရင် မဖြစ်ဘူး။ အဒေါသဆိုတဲ့ မေတ္တာကိုလဲ ထိန်းပေးတယ်။ မေတ္တာဆိုတာကလဲ လူတွေရဲ့ ကောင်းကျိုးကို လိုလားတာ။ လူတွေရဲ့ကောင်းကျိုးချည်းပဲ လိုလားနေလို့ မဖြစ်ဘူး။ အဲဒီလို အလောဘနဲ့ အဒေါသကိုလဲ လွန်မသွားအောင် တတြမဇ္ဈတ္တတာ စေတသိက်က ထိန်းပေးတာ။

ဒါကြောင့်မို့လို့ တတြမဇ္ဈတ္တတာစေတသိက်ကို အဘိဓမ္မာအဖွင့်ရေးတဲ့ ဆရာကြီးတွေက ရထားထိန်းဥပမာပေးကြတယ်။ အမှန်ကတော့ အဘိဓမ္မာမှာ အခုခေတ်ဥပမာလေးတွေလဲ ပေးရင် ပိုပြီးနားလည်လွယ်တာပေါ့။ အခုခေတ် ဥပမာဆိုလို့ရှိရင် တတြမဇ္ဈတ္တတာဟာ သဘာပတိနဲ့တူတယ်လို့ ဆိုရမှာပဲ။ အသင်းအဖွဲ့တစ်ခုလုပ်တယ်ဆိုပါတော့၊ အသင်းသူ အသင်းသား(၁၀၀) ရှိတယ် ဆိုရင် ဒီ(၁၀၀)ကို အစည်းအဝေးတက်ရင်လဲ ညီညီညွတ်ညွတ် တက်အောင် ဆုံးဖြတ်ချက်ချရင်လဲ ညီညီညွတ်ညွတ် သဘောတူညီမှုဖြစ်အောင် ထိန်းပေးတဲ့ သဘာပတိတော့ ပါရတာပေါ့။ တစ်ယောက်တစ်ပေါက် ပြောချင်ရာတွေ

ပြောနေမယ်ဆိုလို့ရှိရင် ဒီအစည်းအဝေးဘယ်တော့မှ မပြီးနိုင်တော့ဘူး။ အဲဒီလိုပဲ အစည်းအဝေးမှာ သဘာပတိက အားလုံးညီညီညွတ်ညွတ် မျှမျှတတ ဖြစ်အောင် ထိန်းပေးသလို တတြမဇ္ဈတ္တတာစေတသိက်ကလဲ စိတ်, စေတသိက်တွေကို ထိန်းပေးတာပါပဲ။

ဒီထက်ထင်ရှားတဲ့ ဥပမာဆိုရင် သမဝါယမအသင်းတွေ ဂျီအီးစိတွေဆိုပြီး ဖွဲ့ကြတယ်။ ဒါတွေ ဘာဖြစ်လို့ ဖွဲ့သလဲဆိုရင် ညီညီမျှမျှ လုပ်ကိုင်ပြီး ပစ္စည်းတွေကို မျှမျှတတ ခံစားကြရဖို့ အမှုဆောင်တွေက ညီညီမျှမျှ ဖြစ်အောင် ထိန်းပေးတာပဲ။

## ပဿဒ္ဓိစေတသိက်

ပဿဒ္ဓိစေတသိက်ဆိုတာ မြန်မာလိုကတော့ ငြိမ်းအေးမှုပါ။ ပဿဒ္ဓိစေတသိက်ဟာ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိဆိုပြီး နှစ်မျိုးရှိတယ်။ ကာယပဿဒ္ဓိဆိုတာက စေတသိက်တို့ရဲ့ငြိမ်းအေးမှု။ စိတ္တပဿဒ္ဓိဆိုတာက စိတ်ရဲ့ ငြိမ်းအေးမှု။ ဒါကြောင့်မို့လို့ ပဿဒ္ဓိစေတသိက်ဟာ ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်ဖြစ်တယ်။ ကုသိုလ်လုပ်တဲ့အခါမှာ ကုသိုလ်ဖြစ်သလား မဖြစ်သလားလို့ လေ့လာကြည့်ရင် စိတ်တွေ စေတသိက်တွေ ပူပူလောင်လောင် မဟုတ်ဘဲနဲ့ ငြိမ်းအေးပြီးတော့နေရင် ကုသိုလ်စိတ်တွေ ဖြစ်နေတာပဲ။

## ကုသိုလ်ဆိုတာ ဘယ်မှာဖြစ်တာလဲ

အမိပွါယ်တစ်ခု အလှူဒါနလုပ်တယ်။ အလှူဒါနလုပ်တဲ့သူမှာ စိတ်တွေရော စေတသိက်တွေပါ အကုန်လုံး ငြိမ်းအေးပြီးတော့ နေရတယ်။ စိတ်တွေ စေတသိက်တွေ ငြိမ်းအေးပြီးတော့ နေမှ ကုသိုလ်ရတာကိုး။ ပရိသတ်တွေကျွေးဖို့ မွေးဖို့ လှူဖို့ ဘုန်းကြီးတွေပင့်ဖို့ ပူပူလောင်လောင် ဖြစ်နေရင် သူ့စိတ်ထဲမှာ ကုသိုလ်မရပါဘူး။ ကုသိုလ်ရတယ်ဆိုတာက ခန္ဓာကိုယ်ထဲမှာမှ ကုသိုလ်ဖြစ်တာ။

သံဃာတွေပေါ်မှာလဲ ကုသိုလ်မဖြစ်ဘူး။ အလှူဝတ္ထုပေါ်မှာလဲ ကုသိုလ်ဖြစ်တာ မဟုတ်ဘူး။ ကုသိုလ်ဖြစ်တာက မိမိခန္ဓာကိုယ်စိတ်ထဲမှာ ဖြစ်တာ။ ဘာကုသိုလ်ပဲ ဖြစ်ဖြစ် ခန္ဓာကိုယ်ထဲမှာ ငြိမ်းအေးနေတယ်။ စိတ်လဲ ငြိမ်းအေးနေတယ်။ အဲဒါကြောင့်မို့လို့ စိတ်ရဲ့ ငြိမ်းအေးမှုကို စိတ္တပဿဒ္ဓိ၊ စေတသိက်တွေရဲ့ ငြိမ်းအေးမှုကို ကာယပဿဒ္ဓိ စေတသိက်လို့ ဆိုတယ်။ ကာယလို့ ဘာကြောင့်ခေါ်သလဲ ဆိုတော့ စိတ်ရော၊ စေတသိက်ရော၊ ငြိမ်းအေးတယ်ဆိုလို့ရှိရင် ကိုယ်ကလဲ ငြိမ်းအေးသွားတယ်။ ဒါကြောင့်မို့လို့ ကာယပဿဒ္ဓိလို့ ခေါ်တယ်။ ဒီနာမကာယ တွေ အေးတယ်ဆိုရင် ရူပကာယကလဲ အေးတဲ့အမိပ္ပါယ်ရောက်လို့ ကာယ ပဿဒ္ဓိလို့ ခေါ်တာပါ။

အဲဒီတော့ ပဿဒ္ဓိစေတသိက်ဆိုတာ "ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ"ဆိုပြီး နှစ်မျိုးရှိတယ်။ ကာယပဿဒ္ဓိဆိုတာ "စေတသိက်တို့ရဲ့ ငြိမ်းအေးမှု"၊ စိတ္တပဿဒ္ဓိ ဆိုတာ "စိတ်တို့ရဲ့ ငြိမ်းအေးမှု"ဖြစ်ပါတယ်။

အဲဒီတော့ ကုသိုလ်လုပ်လို့ရှိရင် စိတ်ရော စေတသိက်ရော ငြိမ်းအေး နေပါတယ်။

## ကုသိုလ်ရတော့ ဘယ်လိုနေသလဲ

စိတ်စေတသိက်ကို နာမကာယလို့ ခေါ်တယ်။ နာမကာယတွေ ငြိမ်းအေး နေရင် အပြင်မှာရှိတဲ့ ရူပကာယကြီးကလဲ ငြိမ်းအေးနေတာပဲ။ ကုသိုလ်ရတယ် ဆိုတာက ပူပူလောင်လောင် ဖြစ်နေတဲ့ စိတ်တွေ၊ စေတသိက်တွေကို အေးသွားအောင် လုပ်လိုက်တာပဲ။ အမိပ္ပါယ်တစ်ခု အပူထဲသွားပြီးတော့ ချွေးတွေ သံတွေ အညစ်အကြေးတွေနဲ့ ညစ်ပတ်နေတဲ့ ရုပ်ကြီးကို မနက်စောစောထပြီး ရေချိုးလိုက်တဲ့အခါကျတော့ သန့်ပြန့်သွားတယ်။ ရေချိုးပြီး အမွှေးနံ့သာတွေ သနပ်ခါး ပေါင်ဒါတွေ လိမ်းလိုက်တော့ အေးပြီး ရှင်းသန့်သွားတယ်။ အဲဒီလိုပဲ ညစ်ပတ်နေတဲ့ စိတ်တွေ စေတသိက်တွေဟာ ကုသိုလ်လုပ်လိုက်တဲ့အခါကျတော့

စိတ်တွေ စေတသိက်တွေ အကုန်လုံးအေးပြီး ရှင်းပြီးတော့ သွားတယ်။ အဲဒီတော့ ကုသိုလ်လုပ်တယ် ကုသိုလ်လုပ်တယ်ဆိုတာဟာ စိတ်တွေ စေတသိက်တွေ အေးမြသွားအောင် လုပ်တာပဲ။ စိတ်တွေ စေတသိက်တွေ မအေးမြဘဲနဲ့ ပူလောင်တယ်ဆိုလို့ရှိရင်တော့ ဒီကုသိုလ်ကြီးဟာ အဘိဓမ္မာနဲ့ ဆန်းစစ်ကြည့်မယ်ဆိုရင် ပူပူလောင်လောင် ကုသိုလ်ကြီးပဲ ဖြစ်နေမှာပေါ့။

## လဟုတာ စေတသိက်

ပဿဒ္ဓိစေတသိက်ပြီးတော့ လဟုတာ စေတသိက်။ လဟုတာ=ပေါ့ပါးမှု၊ လျင်မြန်မှု၊ ဖျတ်လတ်မှု၊ ဒါကို လဟုတာစေတသိက်လို့ ခေါ်တယ်။ လဟုတာ စေတသိက်ကလဲ နှစ်လုံးရှိတာကိုး။ ကာယလဟုတာဆိုတာက စေတသိက်တွေရဲ့ ပေါ့ပါးမှု၊ ဖျတ်လတ်မှု၊ လျင်မြန်မှု၊ အဲဒီတော့ ဒီလဟုတာစေတသိက်ဆိုရာမှာလဲ ကာယလဟုတာရော၊ စိတ္တလဟုတာရော **ဒီစေတသိက်နှစ်မျိုးလုံးဟာ** ကုသိုလ် ပြုတိုင်း ပါဝင်တဲ့ စေတသိက်တွေ ဖြစ်ပါတယ်။

ခန္ဓာကိုယ်ထဲမှာ ကုသိုလ်စေတသိက်တွေ ဖြစ်နေတဲ့အခါ စိတ်တွေ၊ စေတသိက်တွေဟာ ပေါ့ပါးပြီးတော့နေတယ်။ အကုသိုလ်စိတ်၊ စေတသိက်တွေ ဖြစ်နေတဲ့အခါမှာ လေးပြီးတော့နေတယ်။ လူရဲ့ခန္ဓာကိုယ်ကို မယုံရင် ချိန်ဆကြည့်။ တကယ်ကုသိုလ်တွေ ဖြစ်နေတဲ့အခါမှာ စိတ်တွေ၊ စေတသိက်တွေရော ရုပ်ကြီးပါ ပေါ့ပြီးနေတယ်။ အကုသိုလ်တွေ သိပ်ပြီးတော့ များနေတဲ့ လူဟာ လူပိန်ပေမဲ့ လေးရမယ်။ သို့ပေမဲ့ အမြဲတမ်းအကုသိုလ်ဖြစ်နေတာ၊ အမြဲတမ်း ကုသိုလ်ဖြစ်နေတာမရှိတော့ အလေးချိန်ဟာ မှန်ချင်မှလဲ မှန်မှာပေါ့။

ဒါကြောင့်မို့လို့ တချို့က သဒ္ဓါတရားကောင်းတဲ့ မိန်းမတွေဟာ အလှူကြီးတွေ အကြီးအကျယ်လုပ်တဲ့အခါမှာ ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ မောတယ် ပန်းတယ်ရယ်လို့ ဘာမှမရှိဘူး။ ညတုန်းကလဲ တစ်ညလုံးချက်တယ်၊ ပြုတ်တယ်၊ ဆေးတယ် ကြောတယ်နဲ့ မမောတမ်း လုပ်နေကြတာပဲ။ ဒါပေမဲ့ မနက်မိုးလင်းတော့ သူတို့ရုပ်ဟာ ပွဲကြည့်တဲ့ ရုပ်မျိုးမဟုတ်ဘူး။ သဒ္ဓါထက်ထက်နဲ့ ကုသိုလ်

လုပ်နေတဲ့ ရုပ်တွေဖြစ်တော့ ကြည်လင်ပြီးတော့ လျှင်မြန်ပြီးတော့ ဖျတ်လတ်ပြီးတော့နေတယ်။ ပွဲကြည့်ပြီးတော့ ပြန်လာတဲ့ ရုပ်နဲ့မတူပါဘူး။ ဒါကြောင့်မို့လို့ ကုသိုလ်ပြုတဲ့အခါတိုင်းမှာ လဟုတာစေတသိက်ဟာ အမြဲတမ်း ပါဝင်တာပါ။ ဘယ်ကုသိုလ်တွေမှာ ပိုထင်ရှားသလဲဆိုတော့ ဒါနကုသိုလ်တို့ လုပ်တဲ့အခါမှာ ပဿဒ္ဓိစေတသိက်တို့ လဟုတာစေတသိက်တို့ဟာ သိပ်မထင်ရှားပေမဲ့ တရားထိုင်တဲ့အခါကျတော့ ထင်ရှားတယ်။ တရားအားထုတ်တဲ့အခါမှာ ပဿဒ္ဓိစေတသိက်တို့ လဟုတာစေတသိက်တို့က ပိုပြီးထင်ရှားပါတယ်။ တရားထိုင်တယ်ဆိုရင် စိတ်တွေ စေတသိက်တွေ အေးငြိမ်းလာတယ်။ ချမ်းသာပြီးတော့လာတယ်။ ငြိမ်းအေးတယ်ဆိုတာက ချမ်းသာလာတာပေါ့၊ အေးမြလာတာပေါ့။

အဲဒီလို စိတ်တွေ စေတသိက်တွေ အေးမြလာတော့ ရုပ်ကြီးကလဲ ကြည်လင်ပြီးတော့ အေးမြလာတာပဲ။ နောက်ပြီးတော့ တရားမထိုင်ခင်တုန်းက နေရ၊ ထိုင်ရ၊ သွားရ၊ လာရတာ နည်းနည်းလေးလံနေတယ်။ သိပ်ပြီးတော့ ဖျတ်ဖျတ်လတ်လတ် မရှိဘူး။ တရားထိုင်တဲ့သူဟာ နည်းနည်း ဖျတ်လတ်လာတယ်။ ပေါ့ပါးလာတယ်။ လျင်မြန်လာတယ်။ ဒါကြောင့်မို့လို့ တရားထိုင်တာဟာ ကျန်းမာရေးအတွက်လဲ အလွန်ကောင်းပါတယ်။ တချို့တလေ အသက်အရွယ်ကြီးတဲ့လူတွေ နေမကောင်းတဲ့လူတွေဟာ နည်းနည်းလေးတယ်။ ဒီလိုလူတွေမှာ တရားထိုင်လိုက်တယ်ဆိုရင်ပဲ လက်တွေ့ကောင်းကျိုး တွေ့လာတယ်။ ဘာလို့လဲဆိုတော့ အလျင်တုန်းက လေးတာတွေဟာ နည်းနည်းပေါ့သွားတယ်။ သွားရ၊ လာရတာ ဖျတ်ဖျတ်လတ်လတ်ရှိလာတယ်။

## ကောင်းကင်ပျံနိုင်တာဟာ ဘယ်စေတသိက်လဲ

တရားထိုင်တဲ့အခါကျတော့ ဒီပဿဒ္ဓိစေတသိက်တို့ လဟုတာစေတသိက်တို့က ပိုထင်ရှားတယ်။ ဒီ့ထက် ပိုထင်ရှားတာကတော့ လဟုတာစေတသိက်မုဒုတာစေတသိက်တို့ဟာ ဈာန်ရတဲ့အခါကျတော့ သိပ်ပြီးထင်ရှားတယ်။ လူတွေမှာ အတောင်မပါဘဲနဲ့ စက်လဲမပါဘဲနဲ့ ကောင်းကင်ပျံနိုင်တယ်ဆိုတာ

မယုံနိုင်စရာပါ။ ဒါပေမဲ့ တကယ့်ကိုပျံနိုင်ပါတယ်။ ဘယ်စေတသိက်ကြောင့် ပျံနိုင်တာလဲဆိုရင် လဟုတာစေတသိက်ကြောင့် ပျံနိုင်တာပါ။ လဟုတာစေတသိက်က ဈာန်ရတဲ့အခါကျတော့ သိပ်ပြီးထက်မြက်သွားတယ်။ ဈာန်သမာဓိတရားကို အလေ့အကျင့်သိပ်ပြီးများလာတဲ့အခါကျတော့ စိတ်တွေ စေတသိက်တွေဟာ ပေါ့ပြီးလာတယ်။ စိတ်တွေ, စေတသိက်တွေ သိပ်ပြီးပေါ့လာတဲ့အခါကျတော့ စိတ်, စေတသိက်နောက်ကို ရုပ်ခန္ဓာလဲ ပါသွားတာပါပဲ။

နတ်ပြည်ရောက်ချင်တယ်ဆိုလို့ရှိရင် ဘယ်လောက်မြန်တဲ့ လေယာဉ်ပျံဆိုပေမဲ့ အကြာကြီးပျံသန်းရမှာပဲ။ ဈာန်ရတဲ့လူဟာ နတ်ပြည်ရောက်ချင်တယ်ဆိုရင် ဘာမှမကြာပါဘူး။ အတော့်ကို မြန်တယ်။ စိတ်မြန်သလောက် မြန်တာပဲ။ ကျန်းမာရေးကောင်းတဲ့လူ လက်ကွေးလက်ဆန့်လုပ်လိုက်သလောက်ပဲ ကြာတယ်။ စိတ်က နတ်ပြည်သွားချင်တယ်ဆိုရင် ချက်ချင်းရောက်သွားတာပဲ။ မန္တလေးရောက်ချင်တယ်ဆိုရင်လဲ ဒါလောက်ပဲကြာတာပဲ။ အတူတူပဲ။

ဘာဖြစ်လို့လဲဆိုတော့ စိတ်မြန်သလောက်မြန်တာကိုး။ လူတစ်ယောက်ဟာ မိမိသွားချင်တဲ့အရပ်ကို စိတ်နဲ့သွားလိုက်လို့ရှိရင် ချက်ချင်းရောက်သွားတာပဲ။ မိမိအိမ်ကို အာရုံပြုလိုက်လို့ရှိရင်လဲ ချက်ချင်းအိမ်ရောက်သွားတာပဲ။ အိမ်ခန်းထဲ ပစ္စည်းတွေ ဘာတွေ ထားတာကအစ ဉာဏ်ထဲမှာ အကုန်မြင်တာပဲ။ အဲဒီတော့ ဈာန်ရတဲ့ပုဂ္ဂိုလ် နတ်ပြည်ရောက်တယ်ဆိုတာလဲ အဲဒီလိုကို လျင်မြန်တာပါ။

လဟုတာစေတသိက်က အဲဒီလိုဈာန်တို့ အဘိညာဉ်တို့ရတဲ့ ပုဂ္ဂိုလ်တွေကျတော့ ပိုပြီးထင်ရှားတယ်။ အဲဒီတော့ လဟုတာစေတသိက်ဆိုတာ "ကာယလဟုတာ၊ စိတ္တလဟုတာ"ဆိုပြီး နှစ်မျိုးရှိပါတယ်။

ကာယလဟုတာဆိုတာ "စေတသိက်တွေရဲ့ လျင်မြန်မှု၊ ပေါ့ပါးမှု၊ ဖျတ်လတ်မှု"ပါပဲ။ စိတ္တလဟုတာဆိုတာက "စိတ်တွေရဲ့ လျင်မြန်မှု၊ ပေါ့ပါးမှု၊ ဖျတ်လတ်မှု" ဖြစ်ပါတယ်။

## မုဒုတာစေတသိက်

မုဒုတာစေတသိက်ဆိုတာက နူးညံ့တယ်။ နူးညံ့တယ်ဆိုတဲ့ မြန်မာ စကားက ခုလူတွေနားလည်နေတဲ့ နူးညံ့တာနဲ့တော့ မတူဘူး။ နူးတာရယ် ညံ့တာရယ် တွဲလိုက်တဲ့အခါကျတော့ မြန်မာက နူးတယ်ဆိုတာကို အသားဟင်းချက်တဲ့ နေရာမှာ သုံးတယ်။ ဝက်သားဟင်းချက်တဲ့အခါ နူးပြီနပ်ပြီဆိုရင် မြန်မာကလေး တွေ နားလည်တယ်။ ညံ့တယ်ဆိုတဲ့ စကားကတော့ သူ့လက်ရေး ညံ့တယ်၊ သူ့လက်ရေးကောင်းတယ်ဆိုတဲ့ ညံ့တယ် ကောင်းတယ်ဆိုတဲ့ ဝေါဟာရက လာတာ။ နူးတာနဲ့ ညံ့တာ နှစ်ခုပေါင်းလိုက်တဲ့အခါကျတော့ နူးညံ့တယ်ဆိုတာ ဖြစ်သွားတယ်။ ဒီနေရာမှာ နူးညံ့တယ်ဆိုတာက နုတာကို ခေါ်တာ။ အဓိပ္ပါယ် နားမလည်ပေမဲ့ သုံးတော့သုံးနေကြတာပဲ။ အဓိပ္ပါယ်တစ်ခု အသားလေးတွေ နူးညံ့နေတာပဲလို့ဆိုရင် နုတာပါပဲ။ ညံ့တာက ပစ္စည်းကိုပြောတာပါ။ အဘိဓာန်မှာ ပစ္စည်း, ပစ္စည်းဆိုပြီးတော့ တွေ့ရမယ်။ နူးတာက ပုဒ်ရင်းကိုး။ ညံ့တာလေး ထည့်တာက ပထမကြမ်းတာက လျော့ပြီးတော့ ပျော့ပျောင်းသွားတာကိုး။ ပျော့ပြောင်းသွားတယ်၊ နုသွားတယ်၊ အဲဒီတော့ ညံ့တာလေးထည့်လိုက်တဲ့ အခါကျတော့ ဒီညံ့တာ ပိုပြီးတော့နုတယ်၊ ပိုပြီးတော့ ပျော့တယ်ဆိုတဲ့ အဓိပ္ပါယ် မျိုးရအောင် ထည့်ပေးလိုက်တာပါ။ ဒီညံ့တာက လက်ရေးညံ့တာရယ် ကောင်းတာ ရယ် ဒီလိုညံ့တာမျိုးမဟုတ်ဘူး။ ပိုပြီးတော့ နုတယ်ဆိုတဲ့ အဓိပ္ပါယ်သိအောင် ပစ္စည်းလေးဆက်ပေးလိုက်တာပေါ့။

ဒါကြောင့်မို့လို့ နူးညံ့တာကို နားမလည်မှာစိုးလို့ သိမ်မွေ့တယ်လို့ ထပ်ဖွင့်ဆိုတယ်။ ခက်တာက သိမ်မွေ့တယ်ဆိုတဲ့ စကားကလဲ စိတ်တွေ ဘာတွေ သိမ်မွေ့တဲ့နေရာမှာလဲ သုံးတယ်။ ဒီလူဟာ နေတာ ထိုင်တာ တော်တော်သိမ်မွေ့ တယ်။ အဲဒီလိုလဲ သုံးပါတယ်။ သွားတာလာတာ သိမ်သိမ်မွေ့မွေ့ ရှိတယ်။ မြန်မာအမျိုးသမီးတွေဟာ ရှေးတုန်းက သွားတာ လာတာ အင်မတန် သိမ်မွေ့ တယ်တဲ့။

အဲဒီတော့ သိမ်မွေ့တယ်ဆိုတာက သွားတာ လာတာ နေတာ ထိုင်တာ သိမ်မွေ့တဲ့နေရာမှာ ရှေးတုန်းက သိမ်မွေ့တယ်လို့သုံးတယ်။ အဲဒီတော့ နူးညံ့တာနဲ့ သိမ်မွေ့တာဟာ တကယ်ကတော့ ပရိယာယ်ချင်း သိပ်မတူဘူး။ ဒါပေမဲ့ ပိုပြီး နာလည်းအောင် ထည့်ပေးထားတာပါ။ သိမ်မွေ့တယ်ဆိုတဲ့ စကားကို အသား အရေတို့ ဘာတို့ကို သိမ်မွေ့တယ်လို့ မသုံးဘူး။ ဒါပေမဲ့ သိမ်မွေ့ဆိုတဲ့စကားကို နူးညံ့တာကို မသိမှာစိုးလို့ ဆင်တူရိုးမှားထပ်ပြောတာပဲ။ အဲဒီတော့ နူးညံ့တယ် ဆိုတာ ဒီလောက်ဆိုရင် တော်တော်လေးသိနိုင်ပါပြီ။

## ကုသိုလ်ဆိုတာ မာသလား ပျော့သလား

ကာယမုဒုတာဆိုတာ စေတသိက်တွေရဲ့ နူးညံ့မှု။ ပျော့ပျော့ပျောင်းပျောင်း ရှိမှု။ စိတ်၊ စေတသိက်တွေ သိမ်မွေ့နူးညံ့လာတယ်ဆိုတာ စိတ်၊ စေတသိက် တွေဟာ ထားသလိုနေတယ်။ ပျော့ပျောင်းလာတယ်။ အကုသိုလ် စိတ်စေတသိက် တွေ ဝင်လာတဲ့ လူဟာ မာလာတယ်။ ပြောလို့ ဆုံးမလို့ကို မရဘူး။ မိဘက ပြောလဲ နားမထောင်ဘူး။ ခင်ဗျားက ဘာပြောတာတုံး၊ ကျုပ်လုပ်ချင်ရာ လုပ်မှာပေါ့ ဆိုပြီး မာလာတယ်။ အကုသိုလ်စိတ်မာနတို့ ဒေါသတို့ဝင်နေတာကိုး။ ကုသိုလ်စိတ်၊ စေတသိက်ဆိုတာက ပျော့ပျောင်းတယ်။ ဟော့-မင်းသွားလိုက် ဆိုလို့ရှိရင် ကောင်းပါပြီခင်ဗျ၊ သွားပါမယ်ဆိုပြီး တကယ်သွားတယ်။ ဟော့-မင်း ထိုင်နေဆိုရင် ကောင်းပါပြီခင်ဗျာဆိုပြီး ပြန်ထိုင်နေတယ်။ ဒီလို ပျော့ပျောင်းတယ်။

အဲဒီတော့ ကုသိုလ်စိတ်စေတသိက်တွေ ဝင်နေတဲ့လူဟာ ပျော့ပျောင်း တယ်။ ဒီလို ကျောင်းသူကျောင်းသားအချို့တွေကို နူးညံ့တယ်၊ သိမ်မွေ့တယ်လို့ ခေါ်တာပေါ့။ ဒါကြောင့်မို့လို့ ကုသိုလ်လုပ်တဲ့အခါကျတော့ စိတ်တွေရော စေတသိက်တွေရော နူးညံ့သွားအောင် ဒီမုဒုတာစေတသိက်က လုပ်ပေးတာ။ ကုသိုလ်တစ်နေ့လုံးလုပ်မယ်ဆိုလို့ရှိရင်လဲ လုပ်လို့ရတာပဲ။ နူးညံ့လာတာကိုး။ ဆရာပြောတဲ့အတိုင်း အကုန်နားထောင်တာပဲ။ မင်းစာကျက်ဆိုရင် တစ်ခါထဲ

ကျက်တာပဲ။ မင်း-စာမကျက်နဲ့တော့ အိပ်တော့ဆိုရင် တစ်ခါထဲ အိပ်တာပဲ။ သူက နူးညံ့လာတာကိုး။ မုဒုတာစေတသိက်က ပြုလုပ်ပေးထားတဲ့အခါကျတော့ စိတ်တွေ စေတသိက်တွေက အကုန်လုံးနူးညံ့လာတယ်။ ပျော့ပျောင်းလာတယ်။ ကိုယ်ခိုင်းသလိုရတယ်။ ဒါကြောင့်မို့လို့ ကာယမုဒုတာ=စေတသိက်ရဲ့ နူးညံ့မှု။ စိတ္တမုဒုတာ=စိတ်တို့ရဲ့ နူးညံ့မှုလို့ ဆိုတာပါ။ အဲဒီတော့ မုဒုတာစေတသိက်ဟာ "ကာယမုဒုတာ၊ စိတ္တမုဒုတာ"ဆိုပြီး နှစ်မျိုးရှိပါတယ်။ ကာယမုဒုတာဆိုတာ "စေတသိက်တွေရဲ့ နူးညံ့မှု၊ ပျော့ပျောင်းမှု"။ စိတ္တမုဒုတာဆိုတာက "စိတ်တွေရဲ့ နူးညံ့မှု၊ ပျော့ပျောင်းမှု" ဖြစ်ပါတယ်။

## ကမ္မညတာစေတသိက်

ကမ္မညတာ စေတသိက်ဟာလဲ ဘာသာပြန်ရခက်တာပဲ။ ကမ္မဆိုတာ အမှုကိစ္စအလုပ်ပါပဲ။ ရှေးတုန်းကတော့ ကမ္မညတာ-အမှု၌ ခံ့မှုဆိုပြီး ဘာသာပြန်ပါတယ်။ မြန်မာက အမှု၌ခံ့မှုဆိုတာကို နားမလည်ဘူး။ အဲဒီတော့ ကမ္မညတာကို "အမှုကိစ္စ၌ ပျော်ပိုက်မှု"လို့ ဘာသာပြန်လိုက်တယ်။ အမှုကိစ္စ၌ ပျော်ပိုက်မှုဆိုတာက အလုပ်လုပ်လို့ ပျော်လာတယ်။ ဒီနေ့ ဒါနလုပ်တယ်။ ဒါန လုပ်နေရတာကိုပဲ ပျော်တယ်။ သီလဆောက်တည်တယ်။ သီလဆောက်တည် ရတာကိုပဲ ပျော်တယ်။ ဒါကမ္မညတာပေါ့။

တရားထိုင်နေတယ်။ တရားထိုင်နေရတာကိုပဲ ပျော်တယ်။ ဒါကို ရှေးတုန်းက ခံ့တယ်လို့ဆိုတာ။ တရားထိုင်လို့ ကောင်းလိုက်တာလို့ ပြောတဲ့ လူဟာ တရားထိုင်ရတာ ပျော်တာပေါ့။ ဒါနလုပ်ရတာ သိပ်ကောင်းတာပဲလို့ ဒီလိုပြောခဲတယ်။ သီလဆောက်တည်ရတာ သိပ်ကောင်းတာလို့လဲ ပြောဖြစ်ခဲတယ်။ ထမင်းစားရတာ သိပ်ကောင်းတာပဲလို့ ဒီလိုပြောတတ်ကြတယ်။ အဲဒီလို ရှေးတုန်းကတော့ အမှု၌ ခံ့မှုဆိုတာက ဟာ ဒီနေ့တော့ အလုပ်လုပ်လို့ သိပ်ကောင်းတာပဲဆိုတာ ဒီအလုပ်ထဲမှာ စိတ်ဝင်စားပြီးတော့ စိတ်ကို အလုပ်ထဲမှာ ထားလို့ရတယ်။ တချို့တလေကတော့ ရုံးအလုပ်ပဲ ဖြစ်ဖြစ် ကုသိုလ်ကောင်းမှု

အလုပ်ပဲဖြစ်ဖြစ် အလုပ်သာလုပ်နေရတယ်။ စိတ်မပါဘူး။ စိတ်မပျော်ပိုက်ဘူး။ ဒါဟာ ကမ္မညတာ စေတသိက်မပါဘူး၊ အကုသိုလ်စေတသိက်တွေ ဖြစ်နေတာပဲ။

သင်တန်းတစ်ခုတက်နေတယ်။ သင်တန်းတက်ရာမှာ ဆရာပြောတာ နားထောင်ပြီး စိတ်ထဲမှာ ပျော်နေတယ်။ ရေးရတာ မှတ်ရတာလဲ ပျော်နေတယ်။ သင်တန်းတက်နေရတာကိုက အရသာလေးတစ်မျိုးပဲ။ ဘာမှ မကျွေးပေမဲ့ အရသာလေးကို ရှိနေတယ်။ အဲဒါကမ္မညတာစေတသိက်ပါ။ ဒီသင်တန်းမှာ ထိုင်နေရတာကိုပဲ တော်တော်ပျော်တယ်။ ရုပ်ရှင်ရုံထဲမှာ ထိုင်ရတာထက် ဒီက ပိုကောင်းတယ်။ အဲဒီအဓိပ္ပါယ်မျိုးဖြစ်နေတာက ကမ္မညတာစေတသိက်ပေါ့။

စေတသိက်တွေကို အလုပ်ထဲမှာ ပျော်ပိုက်အောင် လုပ်ပေးတာက ကာယကမ္မညတာစေတသိက်။ စိတ်ကို အလုပ်ထဲမှာ ပျော်ပိုက်အောင် လုပ်ပေးတာက စိတ္တကမ္မညတာစေတသိက်ပဲ။ ဒီတော့ ကမ္မညတာစေတသိက်ကလဲ ကာယကမ္မညတာ၊ စိတ္တကမ္မညတာဆိုပြီး နှစ်မျိုးရှိတယ်။ ကာယကမ္မညတာက စေတသိက်တွေရဲ့ အလုပ်ထဲမှာ ပျော်ပိုက်မှု ဖြစ်တယ်။ စိတ္တကမ္မညတာဆိုတာက စိတ်တွေရဲ့ အလုပ်ထဲမှာ ပျော်ပိုက်မှုဖြစ်ပါတယ်။

## ပါဂုညတာစေတသိက်

ပါဂုညတာစေတသိက်ဆိုတာ ရှေးတုန်းကတော့ ဘာသာအမျိုးမျိုး ပြန်ကြတာ။ ဒီစာအုပ်မှာတော့ ပါဂုညတာကို လွယ်အောင်လို့ ကျန်းမာမှုလို့ ဘာသာပြန်လိုက်တယ်။ ကျန်းမာတယ်ဆိုတာက ပါဂုညတာစေတသိက်ပါ။

ကာယပါဂုညတာဆိုတာက စေတသိက်တွေ ကျန်းမာတာကို ပြောတာ။ အကုသိုလ်စေတသိက်တွေ ဝင်နေတယ်ဆိုလို့ရှိရင် နေမကောင်းဖြစ်တာပဲ။ မကျန်းမာဘူး။ ကုသိုလ်စေတသိက်တွေ ဖြစ်နေတယ်ဆိုရင် ကျန်းမာတာပဲ။ ပါဂုညတာစေတသိက်က သူနဲ့အတူဖြစ်တဲ့စိတ်စေတသိက်တွေကို ကျန်းမာအောင် လုပ်ပေးတယ်။ အကုသိုလ်စေတသိက်ဆိုတာက ဘယ်အကုသိုလ်မှ ကောင်းတဲ့

စေတသိက်မရှိဘူး။ ဆိုးတာချည်းပဲ။ အကုသိုလ်စေတသိက်တစ်လုံးဝင်လာတဲ့ သူဟာ ရောဂါတစ်ခု ဝင်လာတာပဲ။ အင်မတန်ကူးစက်လွယ်တဲ့ ရောဂါသဘော မျိုးပါပဲ။

ဒါကြောင့်မို့လို့ အကုသိုလ်စေတသိက်ဆိုတဲ့ ရောဂါတွေကို မောင်းထုတ် လိုက်ပြီး စိတ်တွေ စေတသိက်တွေ ကျန်းမာအောင် လုပ်ပေးတာက ပါဂုညတာ စေတသိက်ပါ။

အဲဒီတော့ လူတွေကို ကြည့်တဲ့အခါကျတော့ ခန္ဓာကိုယ်ကြီးကတော့ နေကောင်းနေတာပဲ။ သွားလာလုပ်ကိုင်နေတာပဲ။ သို့ပေမဲ့ အကုသိုလ်စိတ်တွေ စေတသိက်တွေ ဖြစ်နေတဲ့အခါကျတော့ ခန္ဓာကိုယ်ကနေကောင်းနေပေမဲ့ စိတ်တွေ စေတသိက်တွေက နေမကောင်းဘူး။ စိတ်တွေ စေတသိက်တွေ နေမကောင်းတာ ကြာလို့ရှိရင် ခန္ဓာကိုယ်ပါ နေမကောင်းဖြစ်လာတာပဲ။

## ကျန်းမာရေးကောင်းတာ ဘယ်စေတသိက်လဲ

ဒါကြောင့်မို့လို့ အကုသိုလ်တွေများတဲ့လူဟာ ရောဂါဘယများတယ်။ ခဏခဏနေမကောင်းဖြစ်တယ်။ ဥတုလေးနည်းနည်းဖောက်ပြန်ရင် နေမကောင်း ဖြစ်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အကုသိုလ်စေတသိက်တွေကို ခဏခဏ လက်ခံတာကိုး။ အကုသိုလ်စေတသိက်တွေဟာ ခန္ဓာကိုယ်ထဲ ဝင်လိုက်-ထွက်လိုက် ဝင်လိုက်-ထွက်လိုက်ဖြစ်အောင် လက်ခံထားတဲ့အခါကျတော့ ခန္ဓာ ကိုယ်ကြီးဟာ အကုသိုလ်တို့ရဲ့ ပျော်ပိုက်ရာ ပျော်ပွဲစားရာ တည်းခိုအိမ်ကြီး သဖွယ် ဖြစ်နေတယ်။ ဒီတော့ ခဏ ခဏ ရောဂါဖြစ်တာပေါ့။

ကုသိုလ်စေတသိက်တွေ အဖြစ်များတဲ့ ခန္ဓာကိုယ်ကျတော့ ကုသိုလ် စေတသိက်တို့ရဲ့ တည်းခိုရာ ရိပ်သာကြီးသဖွယ် ဖြစ်နေတယ်။ ဒီလို ကုသိုလ် စေတသိက်တွေချည်းပဲ လက်ခံထားတဲ့သူကျတော့ ဖျားတယ်၊ နာတယ် သိပ်မရှိ လှဘူး။ တချို့တလေက အတိတ်ဘဝ ကုသိုလ်ကံကောင်းလို့ ရောဂါကင်း တယ်လို့ ဆိုကြပါတယ်။ အတိတ်ဘဝကုသိုလ်ကံဆိုတာလဲ ရှိတော့ ရှိတာပေါ့။

ဒါပေမဲ့ ဒီဘဝမှာ အကုသိုလ်စေတသိက်တွေကို လက်မခံဘဲနဲ့ ကိုယ့်ခန္ဓာကိုယ်ထဲမှာ ကုသိုလ်စေတသိက်တွေ တည်းချင်တိုင်းတည်း, ခိုချင်တိုင်း ခို, ပျော်ချင်တိုင်း ပျော်အောင်လုပ်၊ ကုသိုလ်စေတသိက်တွေ အနေများအောင် လုပ်ပေးလို့ရှိရင် ဒီရုပ်ခန္ဓာကြီးဟာ သာမညရောဂါဆိုလို့ရှိရင် မဖြစ်နိုင်ပါဘူး။ ကိုယ်ပူဖျားတို့ ဘာဖျားတို့ ညာဖျားတို့ဆိုတဲ့ အဖျားတွေကိုတော့ ကုသိုလ်စေတသိက်တွေ လက်ခံထားတဲ့လူဟာ ဂရုစိုက်စရာ မလိုပါဘူး။

ငါ့ရဲ့ခန္ဓာကြီးက ဖျားနေပေမဲ့ ငါ့စိတ်, စေတသိက်တွေက ကျန်းမာတာပဲ ဆိုပြီးတော့ ကျောင်းသွားတာပဲ အလုပ်သွားတာပဲ။ အပူချိန် ၁၀၂ ၁၀၃ ဒီဂရီရှိနေပေမဲ့လဲ ကျောင်းကိုသွားလို့ရတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကုသိုလ်စေတသိက် နာမ်တရားတွေက သိပ်များနေတဲ့အခါကျတော့ ရုပ်တရားက အပူဒီဂရီဘယ်လောက်များနေပေမဲ့ ရုံးသွားအလုပ်လုပ်လို့လဲရတာပဲ။ ကျောင်းတက်လို့လဲ ရတာပဲ။ ဒါကြောင့်မို့ ဒီလိုပုဂ္ဂိုလ်မျိုးတွေကို စိတ်ဓာတ်ခိုင်မာတယ်လို့ ခေါ်ကြတာပေါ့။ တချို့တလေကတော့ ပုဂ္ဂိုလ်ထူးလို့ ခေါ်ကြတယ်။ ပုဂ္ဂိုလ်ထူးဆိုတာက အကုသိုလ်စေတသိက်တွေ လက်မခံဘဲနဲ့ ကုသိုလ်စေတသိက်တွေ ချည်းလက်ခံထားရာမှာ ဒီ ပါဂုညတာစေတသိက်က ခေါင်းဆောင်ထားတာကိုး။ ဒီတော့ ပါဂုညတာစေတသိက်က “ကာယပါဂုညတာ၊ စိတ္တပါဂုညတာ”ဆိုပြီး နှစ်မျိုးရှိပါတယ်။

ကာယပါဂုညတာဆိုတာက “စေတသိက်တို့ရဲ့ ကျန်းမာမှု”၊ စိတ္တပါဂုညတာ ဆိုတာက “စိတ်တို့ရဲ့ ကျန်းမာမှု”ဖြစ်ပါတယ်။

## ဥဇုကတာစေတသိက်

ဥဇုကတာစေတသိက်ဆိုတာက ဖြောင့်မတ်မှု၊ ဖြောင့်မတ်တယ်ဆိုတာ မကောက်တာကိုပြောတာ။ မာယာများတယ်။ မာယာသာဌေယျလို့လဲ သုံးတယ်။ နောက်ပြီး မိန်းမမာယာ သဲကိုးဖြာလို့လဲသုံးပြန်တယ်။ မာယာဆိုတာက လိမ်လည်

လှည့်ဖြားတယ်၊ ကောက်ကျစ်စဉ်းလဲတယ်ဆိုတဲ့ အဓိပ္ပါယ်ပါ။ ဒါတွေဟာ မကောင်းတဲ့ အကုသိုလ်စေတသိက်တွေပဲ။

ဒါကြောင့်မို့လို့ မိန်းမမာယာသဲကိုးဖြာလို့ ပြောကြတာပါ။ ယောကျ်ားတွေ မာယာကျတော့ **အသချေ်အနန္တ**လို့ ပြန်ပြောကြတယ်။ ဟုတ်တယ် တချို့တလေ မိန်းမမာယာသာ ပြောတယ်။ ယောကျ်ားမာယာက ရေတွက်လို့ကို မရဘူး။ အဲဒီတော့ မာယာဆိုတဲ့နေရာမှာ မိန်းမတွေက ယောကျ်ားတွေကို လှည့်ဖြားတာကို မိန်းမမာယာလို့ ခေါ်တယ်။ ယောကျ်ားတွေက မိန်းမတွေကို လိမ်ညာလှည့်ဖြား တာကိုကျတော့ ယောကျ်ားမာယာလို့ ခေါ်တာပေါ့။

အဲဒါတွေက အကုသိုလ်စေတသိက်တွေဆိုတော့ လှည့်ပတ်တာရှိတယ်။ ဖြားယောင်းတာရှိတယ်။ လိမ်တာ ညာတာရှိတယ်။ ကောက်ကျစ်တာရှိတယ်။

ကုသိုလ်စေတသိက်ကတော့ ကုသိုလ်ပြုတိုင်း ဘယ်ကုသိုလ်စိတ်ဖြစ်ဖြစ် ဖြောင့်မတ်တယ်။ မကောက်ကျစ်ဘူး။ ကုသိုလ်စိတ်တွေ ဖြစ်နေတဲ့အခါမှာ အင်မတန်ဖြောင့်မတ်တာပဲ။ အဲဒါ ဉဇုကတာပေါ့။ ဒါကြောင့်မို့ ကာယနဲ့ ဉဇုကတာကို ပေါင်းလိုက်တော့ ကာယုဇုကတာ=စေတသိက်တို့ရဲ့ ဖြောင့်မတ်မှုလို့ ဖြစ်သွားတယ်။ အဲဒီ ကုသိုလ်စေတသိက်တွေဟာ ဉဇုကတာစေတသိက်ရဲ့ အမိန့်အရ အကုန်လုံး ဖြောင့်မတ်တယ်။ သဒ္ဓါစေတသိက်ပဲ ကြည့်ကြည့်။ သတိစေတသိက်ပဲ ကြည့်ကြည့်။ ဖြောင့်မတ်တဲ့သဘောရှိတာ ထင်ရှားတယ်။

စိတ္တုဇုကတာဆိုတာက စိတ္တနဲ့ ဉဇုကတာကို ပေါင်းလိုက်တော့ စိတ္တုဇုကတာ=စိတ်တွေရဲ့ ဖြောင့်မတ်မှုလို့ ဖြစ်သွားတယ်။ အဘိဓမ္မာက စိတ်နဲ့ စေတသိက်ကို ခွဲပြီး ပြောနေပေမဲ့ လူများစုကတော့ စိတ်နဲ့ စေတသိက်ကို ခွဲပြီးတော့ မသိပါဘူး။ အဘိဓမ္မာကို သေသေချာချာ လေ့လာမထားဖူးရင် စိတ်နဲ့ စေတသိက်ကို ခွဲပြီးမသိနိုင်ပါဘူး။ သေသေချာချာ တကယ်လေ့လာထား မှသာ ခွဲပြီးသိနိုင်တာပါ။ အဲဒီတော့ စိတ်တွေဖြောင့်မတ်အောင် စေတသိက်တွေ ဖြောင့်မတ်အောင် ဉဇုကတာစေတသိက်က လုပ်ပေးတာ။ ဒါကြောင့်မို့လို့ ကုသိုလ် စိတ်တွေ ဖြစ်နေတဲ့လူဟာ ဘယ်တော့မှ မလိမ်ဘူး။ မညစ်ပတ်ဘူး။ သူက

အမြဲတမ်း ဖြောင့်မတ်တာ ပြောတယ်။ ဖြောင့်မတ်တာ လုပ်တယ်။ ဥဇုကတာ စေတသိက်က ဖြောင့်ဖြောင့်မတ်မတ်လုပ်အောင် တွန်းအားပေးတာပဲ။ တွန်းအား ပေးတော့ အကုန်ဖြောင့်မတ်လာတာပေါ့။

အဲဒီတော့ ဥဇုကတာစေတသိက်ဟာ "ကာယုဇုကတာ၊ စိတ္တုဇုကတာ" ဆိုပြီးနှစ်မျိုးရှိတယ်။ ကာယုဇုကတာဆိုတာ "စေတသိက်တို့ရဲ့ ဖြောင့်မတ်မှု" စိတ္တုဇုကတာဆိုတာက "စိတ်တို့ရဲ့ ဖြောင့်မတ်မှု"ဖြစ်ပါတယ်။

## စုံတွဲစေတသိက်

အဲဒီတော့ ကာယပဿဒ္ဓိအစ စိတ္တုဇုကတာအဆုံးရှိတဲ့ စေတသိက်(၁၂) လုံးဟာ စုံတွဲ(၆)တွဲပါပဲ။ ပါဠိလိုတော့ "ယုဂဠစေတသိက်"လို့ ခေါ်တယ်။ ယုဂဠဆိုတာ စုံတွဲပေါ့။

အဲဒီတော့ ပဿဒ္ဓိစေတသိက်, လဟုတာစေတသိက်, မုဒုတာစေတသိက်, ကမ္မညတာစေတသိက်, ပါဂုညတာစေတသိက်, ဥဇုကတာစေတသိက်ဆိုပြီး စုံတွဲ စေတသိက်(၆)တွဲ ရှိပါတယ်။ ကုသိုလ်ထဲမှာလဲ သူတို့နေတာက စုံတွဲလေးတွေ အနေနဲ့ နေတယ်။

သဒ္ဓါနဲ့သတိကို စုံတွဲလို့ ပြောလို့မရဘူး။ ဟိရီနဲ့ ဩတ္တပ္ပကိုလဲ စုံတွဲလို့ ပြောလို့မရဘူး။ သဘောချင်းတော့ ပေါင်းလို့ရတာပေါ့။

ဒီလိုပဲ အလောဘနဲ့ အဒေါသကို စုံတွဲလို့ ပြောလို့မရဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အလောဘက အလောဘတစ်ခြားပဲ၊ အဒေါသက အဒေါသတစ်ခြားပဲ။ ဒါပေမဲ့ မူလတရားချင်းတော့ တူတယ်။ ဟိတ်တရားချင်းလဲတူတယ်။ အလောဘ က ဟိတ်အမည်ရသလို အဒေါသကလဲ ဟိတ်အမည်ရတာပဲ။ ဟိရီနဲ့ ဩတ္တပ္ပ မှာလဲ ဟိရီက တစ်ခြား။ ဩတ္တပ္ပက-တစ်ခြားပဲ။ သို့ပေမဲ့ လောကပါလတရား ဖြစ်တာချင်းတော့ တူတယ်။

သဒ္ဓါတို့ သတိတို့ကလဲ ဣန္ဒြေထိုက်တာတို့ ဗိုလ်ထိုက်တာတို့ချင်း တူတယ်။ ဒါကြောင့်မို့လို့ သဒ္ဓါနဲ့သတိ စတာတွေဟာ နှစ်ခုချင်း၊ နှစ်ခုချင်း ထားပေမဲ့ သဘောလေးတွေကတော့ နည်းနည်းကွဲလွဲပါတယ်။

ယုဂဠစေတသိက်တွေကတော့ ဒီလိုမဟုတ်ဘူး။ သူတို့က စုံတွဲ စုံတွဲ လာတာ။ ဘယ်လိုလာသလဲဆိုတော့-

၁။ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ

၂။ ကာယလဟုတာ, စိတ္တလဟုတာ

၃။ ကာယမုဒုတာ, စိတ္တမုဒုတာ

၄။ ကာယကမ္မညတာ, စိတ္တကမ္မညတာ

၅။ ကာယပါဂုညတာ, စိတ္တပါဂုညတာ

၆။ ကာယုဇုကတာ, စိတ္တုဇုကတာ ဆိုပြီး လာပါတယ်။

စုံတွဲက (၆)တွဲဆိုတော့ စေတသိက်အလုံးရေ(၁၂)လုံးဖြစ်ပါတယ်။ သဒ္ဓါအစရှိတဲ့ စေတသိက်တွေက (၇)လုံးဆိုတော့ (၁၉)လုံးဖြစ်ရော။ အဲဒီတော့ ကုသိုလ်ပြတိုင်းမှာ အနည်းဆုံး ဒီစေတသိက် (၁၉)လုံးက ပါရတယ်။

စေတသိက်(၁၉)လုံးကို ''ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာလို့ ဒီလို မှတ်သားထားရင် မှတ်သားရတာ ခက်တယ်။ စွဲလဲ မစွဲပါဘူး။ အဲဒီတော့ မှတ်သားရတာလဲ လွယ်ကူအောင် စွဲလဲ စွဲနေအောင် လင်္ကာလေးနဲ့ မှတ်သားထားရင် ကောင်းပါတယ်။

လယ်တီဆရာတော်က လင်္ကာရေးထားတယ်။ ပါဠိလို ရအောင်လဲ ပထမ (၁၉)လုံးကို ကျက်မှတ်ထားရတယ်။ လင်္ကာကို အလွတ်ရအောင် ကျက်မှတ်ထားလိုက်တဲ့အခါကျတော့ ဒီလင်္ကာလေးရနေသမျှ ဘယ်တော့မှ မမေ့တော့ဘူး ပေါ့။ လင်္ကာလေးက-

(က) သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တာ။

(ခ) ပဿဒ္ဓိ, လဟု၊ မုဒု, ကမ္မဉ်၊ ပါဂုညင်နှင့်၊ ထို့ပြင် ဥဇုက၊
ခြောက်ဝမ္မ၊ ကာယ, စိတ်နှင့် နှော။

သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ်–သဒ္ဓါ, သတိဆိုတာက သဒ္ဓါစေတသိက်၊ သတိစေတသိက်ပဲ။ ဟိရီ, ဩတ္တပ်ဆိုတာက ဟိရီစေတသိက်, ဩတ္တပ္ပစေတသိက်ပဲ။

ဟိတ်နှစ်ရပ်ဆိုတာက ဟိတ်နာမည်ဒီမှာမပါဘူး။ ဟိတ်က အလောဘ, အဒေါသ, အမောဟဆိုပြီး ကုသိုလ်ဟိတ် သုံးပါးရှိတယ်။ ဒီမှာ အလောဘ, အဒေါသဆိုပြီး ဟိတ်နှစ်ခုပဲပါတယ်။ အမောဟဟိတ်မပါသေးဘူး။ ဒါကြောင့် ဟိတ်နှစ်ရပ်ဆိုတာ အလောဘနဲ့ အဒေါသနှစ်ပါးဖြစ်ပါတယ်။

တတြမဇ္ဈတ္တာ ဆိုတာက တတြမဇ္ဈတ္တတာ စေတသိက်ပဲ။ ရှေးကဆရာတော်ကြီးတွေက စာသင်သားတွေ မှတ်ရလွယ်အောင်တော့ ကြံကြံဖန်ဖန် စိတ်ကူးရေးကြတာပဲ။ သို့ပေမဲ့ တတြမဇ္ဈတ္တတာကိုတော့ ဘယ်လိုမှ ပြောင်းလဲပြီးရေးလို့မရဘူး။ ဒီအတိုင်းပဲ ထားရတယ်။

သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တာ။

ပဿဒ္ဓိ, လဟု = ပဿဒ္ဓိဆိုတာ ပဿဒ္ဓိစေတသိက်၊ လဟုက လဟုတာ စေတသိက်။

မုဒု, ကမ္မဉ် = မုဒုက မုဒုတာစေတသိက်၊ ကမ္မဉ်က ကမ္မညတာ စေတသိက်။

ပါဂုညင်နှင့်– ဆိုတာက ပါဂုညတာစေတသိက်။

ထို့ပြင် ဥဇုက–ဆိုတာက ဥဇုကတာစေတသိက်ပေါ့။

ခြောက်ဝမ္မ၊ ကာယ, စိတ်နှင့်နှော– ဆိုတာက ပဿဒ္ဓိ၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ပါဂုညတာ၊ ဥဇုကတာဆိုတဲ့ စေတသိက်(၆)ပါးကို ကာယနဲ့စိတ်နဲ့ နှောလိုက်ပါ၊ ရောလိုက်ပါ၊ ယှဉ်တွဲလိုက်ပါတဲ့။ ဒီခြောက်ခုမှာ ရောနှောယှဉ်တွဲပုံက–

| | | |
|---|---|---|
| ပဿဒ္ဓိ–က | ကာယပဿဒ္ဓိ | စိတ္တပဿဒ္ဓိ၊ |
| လဟု–ကလဲ | ကာယလဟုတာ | စိတ္တလဟုတာ၊ |
| မုဒု–ကလဲ | ကာယမုဒုတာ | စိတ္တမုဒုတာ၊ |
| ကမ္မဉ်–ကလဲ | ကာယကမ္မညတာ | စိတ္တကမ္မညတာ၊ |
| ပါဂုညင်–ကလဲ | ကာယပါဂုညတာ | စိတ္တပါဂုညတာ၊ |
| ဥဇုက–ကလဲ | ကာယုဇုကတာ | စိတ္တုဇုကတာဆိုပြီး ယှဉ်တွဲ |

လိုက်ရပါတယ်။ အဲဒီလို ကာယနှင့် စိတ် ယှဉ်တွဲလိုက်လို့ရှိရင် (၆)တွဲကနေ (၁၂)လုံးဖြစ်သွားတယ်ဆိုတော့ ကျက်ရလွယ်သွားတာပေါ့။

## ကုသိုလ်မှာ စုံတွဲစေတသိက်ထားရပုံ

ဒီလင်္ကာလေးကို ကျက်မှတ်ထားလိုက်ရင် ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက် (၁၉)လုံးကို စွဲစွဲမြဲမြဲ မှတ်ထားနိုင်ပြီပေါ့။ အဲဒီတော့ အကုသိုလ်စေတသိက်တုန်းက အကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်က (၄)လုံးပဲ ရှိပါတယ်။ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့စေတသိက်က (၁၉)လုံးတောင်ရှိတယ်။ ကုသိုလ်တပ်မတော်ကြီးက အင်အားအများကြီးပဲ။ ဒွယံ ဒွယံ စုံတွဲ စုံတွဲတွေနဲ့ ရန်သူအကုသိုလ်တပ်မတော်ကြီးကို တိုက်ခိုက်ဖို့ ကင်းလှည့်နေကြတာ။

ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိအတွဲက ဘယ်အကုသိုလ် ရန်သူတွေကို တိုက်ခိုက်သလဲဆိုရင် ပဿဒ္ဓိဆိုတာ အေးတယ်။ ပူတာက ဒေါသတို့ ဣဿာတို့ပဲပေါ့။ ဒီတော့ အေးတဲ့ ပဿဒ္ဓိအတွဲက ပူတဲ့ ရန်သူအကုသိုလ်စေတသိက်တွေကို တိုက်ခိုက်တာပေါ့။ ကာယလဟုတာ စိတ္တလဟုတာအတွဲက ဘယ်အကုသိုလ်ကို တိုက်ခိုက်သလဲဆိုရင် လဟုတာက ပေါ့ပါးတာ။ ထိန မိဒ္ဓတို့က လေးလံတာပေါ့။ ပေါ့ပါးတဲ့ လဟုတာအတွဲက လေးလံတဲ့ ရန်သူထိနနဲ့ မိဒ္ဓကို တိုက်ခိုက်တာပေါ့။ အကုသိုလ်စေတသိက်တွေနဲ့ တပ်ချင်း ထိပ်တိုက်ပေးထားတာ။ စုံတွဲ စုံတွဲ ချပေးထားတော့ ရန်သူအကုသိုလ်တွေ အကုန်ပြေးတော့တာပဲ။

မုဒုတာစေတသိက်က နူးညံ့တယ်ဆိုတော့ မာေကျာမာတာက မာန, ဒိဋ္ဌိတို့ပဲ ပေါ့။ မာနနဲ့ ဒိဋ္ဌိတို့ဟာ အမြဲတမ်းမာေကျာမာနေတာပဲ။ အဲဒီတော့ မာေကျာမာ နေတဲ့ ရန်သူအကုသိုလ်စေတသိက်မာနနဲ့ ဒိဋ္ဌိတို့ကို မုဒုတာစုံတွဲက တိုက်ထုတ် ပစ်လိုက်တယ်။ ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်တွေက အကုသိုလ်စိတ်၊ စေတသိက်တွေ အနားမကပ်နိုင်အောင် စုံတွဲ စုံတွဲ အမြဲတမ်းကင်းလှည့်နေတယ်။ တိုက်ထုတ်ပစ်နေတယ်။ အဲဒီတော့ ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်(၁၉)လုံး ပြီးသွားပြီ။

## ဝိရတီစေတသိက် (၃)ပါး

### ဝိရတီစေတသိက်

ဝိရတီစေတသိက်က သုံးလုံးရှိတယ်။ ဝိရတီဆိုတာက ရှောင်ကြဉ်မှု။ ဘာနဲ့တူသလဲဆိုတော့ ဝေရမဏီနဲ့ ခပ်ဆင်ဆင်တူတယ်။ သီလယူတဲ့အခါမှာ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိက ဝေရမဏီဆိုတဲ့ပုဒ်မှာ ဝိရတီပုဒ်နဲ့ ခပ်ဆင်ဆင်တူပါတယ်။ ဝေရမဏီ ဆိုတာ ရှောင်ကြဉ်ပါ၏။ ဝေရမဏီက ရှောင်ကြဉ်တယ်ဆိုတော့ လူငယ်တွေ စကားအဆန်းထွင်ကြတယ်။ မင်းကို ငါ ဒီနေ့ကစပြီး မပေါင်းတော့ဘူးဆိုတာကို "မင်းကို ငါဒီနေ့ကစပြီး ဝေရမဏီပဲဟေ့"တဲ့။ အဲဒီတော့ ဝိရတီလုပ်လိုက်ပြီလို့ပြောလဲ အတူတူပဲပေါ့။

ဝိရတီစေတသိက်ဟာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုပြီး သုံးလုံး ရှိတယ်။

### ကောင်းသောစကားကို ပြောဆိုတာ သမ္မာဝါစာလား

သမ္မာဝါစာစေတသိက်ကို ပါဠိရိုးရိုးက သမ္မာ=ကောင်းသော။ ဝါစာ= စကား။ သမ္မာဝါစာ=ကောင်းသောစကားကို ပြောဆိုခြင်းလို့ ဘာသာပြန်ရင် မှားသွားရော။ ဒါကြောင့်မို့ တချို့တလေက မဂ္ဂင်ရှစ်ပါးကို ဘာသာပြန်ရာမှာ

အဘိဓမ္မာမကျွမ်းကျင်ဘဲနဲ့ ပါဠိတတ်ရုံနဲ့ သမ္မာဝါစာ=ကောင်းသောစကားကို ပြောဆိုခြင်းလို့ ဘာသာပြန်ကြတယ်။ အဲဒါ အဘိဓမ္မာနဲ့ဆိုတော့ လွဲသွားရော။ သမ္မာဝါစာဝိရတိ စေတသိက်ဆိုတာက ကောင်းသောစကားကိုပြောမှ ဝိရတိ မဟုတ်ဘူး။ ရှောင်ကြဉ်ထားလို့ရှိရင် ပြီးတာပဲ။ ဒါကြောင့်မို့ အဘိဓမ္မာမှာကျတော့ သမ္မာဝါစာကို ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်မှုလို့ ဘာသာပြန်ရပါတယ်။ ဒီလိုရှောင်ကြဉ်မှုဆိုတာပါအောင် ပြန်ရပါ့မယ်။ ပါဠိမှာ မပါပေမဲ့ ဒီလို အပို ထည့်ပြီး ဘာသာပြန်မှ အဘိဓမ္မာနဲ့ကိုက်ညီတယ်။ သမ္မာဝါစာ စေတသိက်ဆိုတာ ကောင်းသော စကားလဲ မဟုတ်ဘူး။ ကောင်းသောစကားကို ပြောဆိုခြင်းလဲပဲ မဟုတ်ဘူး။ ဝစီဒုစရိုက်လေးပါးကို ရှောင်ကြဉ်နေရင် ဘာမှ မပြောဘဲနေလဲ သမ္မာဝါစာစေတသိက် ဖြစ်နေတာပဲ။

အဲဒီတော့ ဝစီဒုစရိုက်လေးပါးဆိုတာ–

(က) မုသာဝါဒါ–လိမ်မှု၊ ညာမှု။

(ခ) ဖရုသဝါစာ– ဆဲရေးတိုင်းထွာမှု၊ ကြမ်းကြမ်းတမ်းတမ်းပြောဆိုမှု။

(ဂ) ပိသုဏာဝါစာ– ကုန်းတိုက်မှု၊ ကုန်းချောမှု။

(ဃ) သမ္ဖပ္ပလာပ– အတင်းပြောမှု၊ အဖျင်းပြောမှု။

အဲဒီတော့ မုသာဝါဒါ ဝေရမဏီ။ ဖရုသဝါစာ ဝေရမဏီ၊ ပိသုဏာဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပါဝေရမဏီ–လို့ဆိုပြီး ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ထားမယ်ဆိုရင် သမ္မာဝါစာဖြစ်နေတာပဲ။ ကောင်းတဲ့စကားလဲ မပြောဘူး။ မကောင်းတဲ့စကားလဲ မပြောဘူး။ ငြိမ်ငြိမ်လေးနေတယ်ဆိုရင်လဲ သမ္မာဝါစာ စေတသိက်ဖြစ်နေတာပါပဲ။ ကောင်းသော စကားတွေ ပြောနေမှ သမ္မာဝါစာ စေတသိက်ဖြစ်တာမဟုတ်ဘူး။ ဒီ မုသာဝါဒ၊ ဖရုသဝါစာ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပဆိုတဲ့ ဝစီဒုစရိုက်(၄)ပါးကို ဥပုသ်နေ့မှာ ဥပုသ်စောင့်ပြီး ရှောင်ကြဉ်ထားတယ်။ ရှောင်ကြဉ်ထားပြီးတော့ ဘာစကားမှ မပြောဘဲ ပုတီးစိပ်နေတယ်ဆိုရင် သမ္မာဝါစာဖြစ်နေတာပဲပေါ့။ဒီဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ် ပုံကလဲ နှစ်မျိုးရှိတယ်။

(က) အသက်မွေးမှုနဲ့ ဆိုင်တဲ့ ရှောင်ကြဉ်မှုက တစ်မျိုး၊
(ခ) အသက်မွေးမှုနဲ့ မဆိုင်တဲ့ ရှောင်ကြဉ်မှုက တစ်မျိုး။

ဥပမာတစ်ခု - လူတစ်ယောက်ဟာ ရှေ့နေလိုက်စားတယ်ဆိုပါတော့။ တရားခံရှေ့နေဟာ ကိုယ်တရားခံက လူသတ်ထားတာမှန်ပေမဲ့ မသတ်တဲ့သဘော ရောက်အောင်, အမှုပေါ့အောင် လိမ်ပြောရမဲ့အလုပ်ကို လုပ်ရမှာဖြစ်တယ်။ ရှေ့နေက ကိုယ့်တရားခံကို သတ်ရာရောက်အောင် လူသတ်တရားခံဖြစ်အောင် ပြောမိရင် ဘယ်အလုပ်ဖြစ်တော့မှာလဲ။

နောက်ဥပမာတစ်ခု–ဈေးရောင်းတယ်။ ဈေးရောင်းတဲ့အခါမှာ ၁၀/–နဲ့ ဝယ်ထားတဲ့အထည်ကို ၂၀/–နဲ့ ရောင်းတယ်။ (၁၉)ကျပ်တောင်ပေးထား ရပါတယ်လို့ ဈေးသည်က လိမ်ပြောတယ်။ ဝယ်သူက ဆစ်တော့ အရင်းကိုက (၁၉)ကျပ်ကျပါတယ်၊ တစ်ကျပ်လောက်ပဲမြတ်ပါတယ်လို့ လိမ်ပြောရတဲ့အလုပ်။ ဈေးသည်တွေကတော့ အများအားဖြင့်–မုသာဝါဒနဲ့မကင်းဘူး။ မုသာဝါဒနဲ့ မကင်းပေမဲ့ ဒီနေ့တော့ ဈေးထွက်ရင် ပိုက်ဆံတစ်ပြားမှ မရချင်နေပါစေ။ မုသာဝါဒတော့ မပြောဘူး၊ မုသာဝါဒါဝေရမဏီဆိုပြီးတော့ ထွက်ရောင်းတယ်။ အဲဒီလို အသက်မွေးမှုနဲ့ ဆိုင်ပြီးတော့ ရှောင်ကြဉ်တာက တစ်မျိုး။

တစ်ချို့တလေကတော့ အသက်မွေးမှုနဲ့ ဘာမှမဆိုင်ဘူး။ ရုံးမှာလုပ်တဲ့ လူတစ်ယောက်ဟာ လိမ်စရာပြဿနာဘာမှမရှိဘူး။ မှန်တာပြော၊ မှန်တာလုပ်ဖို့ပဲ ရှိတာပဲ။ အဲဒီတော့ ရုံးဝန်ထမ်းတွေဟာ မုသာဝါဒနဲ့ ကင်းရင် ရပါတယ်။ အဲဒီလို အသက်မွေးမှုနဲ့မဆိုင်တဲ့ ပုဂ္ဂိုလ်တွေက ရှောင်ကြဉ်တာက တစ်မျိုး ဆိုပြီး နှစ်မျိုးရှိတယ်။ အဲဒီတော့ မုသာဝါဒဆိုတာ အသက်မွေးမှုနဲ့ဆိုင်တဲ့ မုသာဝါဒလဲ ရှိတယ်။ အသက်မွေးမှုနဲ့ မဆိုင်တဲ့ မုသာဝါဒလဲ ရှိတယ်။

ဝစီဒုစရိုက်(၄)ပါးမှ ရှောင်ကြဉ်မှုဆိုရာမှာ အသက်မွေးမှုနဲ့ မဆိုင်တဲ့ ရှောင်ကြဉ်တာကို သမ္မာဝါစာ စေတသိက်လို့ ခေါ်တယ်။

အသက်မွေးမှုအတွက် ရှောင်ကြဉ်တာကတော့ နောက်သမ္မာအာဇီဝ စေတသိက်မှာ တင်ပြပါ့မယ်။ အသက်မွေးမှုအတွက် လိမ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ

ဒီနေ့တော့ မလိမ်ဘူးဆိုပြီး ရှောင်ကြဉ်တာမျိုးက သမ္မာဝါစာ မဟုတ်ဘူး။ သမ္မာအာဇီဝ ဖြစ်သွားတယ်။ အသက်မွေးမှုနဲ့ ဘာမှမဆိုင်ဘဲနဲ့ ရိုးရိုးပုဂ္ဂိုလ်တွေက ဒီနေ့တော့ ငါမလိမ်ဘူးဆိုပြီး သီလဆောက်တည်တယ်ဆိုရင် သမ္မာဝါစာလို့ ခေါ်တယ်။

## သမ္မာကမ္မန္တစေတသိက်

သမ္မာကမ္မန္တစေတသိက်ဆိုတာက ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှု၊ ဒီမှာလဲ သမ္မာဝါစာလိုပဲ သမ္မာ–က ကောင်းသော။ ကမ္မန္တ–က အလုပ်လုပ်တာ။

## ကောင်းသောအလုပ်ကို လုပ်တာ သမ္မာကမ္မန္တလား

သမ္မာကမ္မန္တကို မဂ္ဂင်ရှစ်ပါးမှာ ဘာသာပြန်ကြတာက ကောင်းသောအလုပ်လုပ်ခြင်းလို့ ပြန်ကြတယ်။ ဝိရတိစေတသိက်မှာ ဒီလို ဘာသာပြန်လို့ မရဘူး။ ပါဠိကိုကြည့်ပြီးတော့ ပြန်လို့မရဘူး။ အဘိဓမ္မာကို ပါဠိတတ်တိုင်း လျှောက်ပြန်ကြည့်ရင် အဘိဓမ္မာတွေ မှားကုန်မယ်။ ကောင်းသောအလုပ် လုပ်ခြင်းဆိုလို့ရှိရင် ဝိရတိစေတသိက်ကို မရတော့ဘူး။ ကောင်းသောအလုပ်လုပ်တဲ့ ကာယဝိညတ်ဆိုတဲ့ ရုပ်ကို ရသွားမယ်။ ဒါကြောင့်မို့လို့ အဘိဓမ္မာဆရာကြီးတွေက သမ္မာကမ္မန္တကို ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှုလို့ ပြန်တယ်။

ဝိရတိဆိုတာ ရှောင်ကြဉ်ရင် ပြီးတာပဲ။ ကောင်းသောအလုပ်ကို လုပ်သည်ဖြစ်စေ မလုပ်သည်ဖြစ်စေ ငြိမ်ငြိမ်လေး ပုတီးစိပ်ပြီး ကာယဒုစရိုက်တွေ မလုပ်ဘဲနေလို့ရှိရင် သမ္မာကမ္မန္တ စေတသိက်က ဖြစ်တာပဲ။ ဒါကြောင့်မို့ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှုလို့ ဆိုတယ်။ ကာယဒုစရိုက်သုံးပါးက–

(၁) ပါဏာတိပါတ = သူတစ်ပါးအသက်သတ်မှု
(၂) အဒိန္နာဒါန = သူတစ်ပါးဥစ္စာ ခိုးယူမှု
(၃) ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်တို့၌ မှားယွင်းမှုတို့ ဖြစ်တယ်။ အဲဒီ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်လို့ရှိရင် သမ္မာကမ္မန္တစေတသိက်

ဖြစ်တာပဲ။ ဥပုသ်စောင့်ထားတယ်။ ပါဏာတိပါတာ ဝေရမဏီ ဆိုပြီးတော့ သူတစ်ပါးအသက်ကို မသတ်ပါဘူးလို့ ဒီလို သီလယူထားတယ်ဆိုလို့ရှိရင် သမ္မာကမ္မန္တစေတသိက် ဖြစ်တာပဲ။ ကောင်းတဲ့အလုပ်ကို လုပ်နေမှ မဟုတ်ဘူး။ မလုပ်ဘဲ ငြိမ်ငြိမ်လေးနေပြီးတော့ သီလဆောက်တည်နေလဲ သမ္မာကမ္မန္တစေတသိက်က ဖြစ်နေတာပဲ။

ဒါကြောင့်မို့လို့ ဒီသမ္မာကမ္မန္တကို ပါဠိကြည့်ပြီးတော့ သမ္မာ=ကောင်းသော၊ ကမ္မန္တ=အလုပ်။ သမ္မာကမ္မန္တ=ကောင်းသောအလုပ်ကို လုပ်ခြင်းလို့ ဘာသာပြန်လို့ရှိရင် ဝိရတိစေတသိက် မဟုတ်ဘူး။ ပါဠိအနေက မှန်တော့မှန်တယ်။ ဝိရတိစေတသိက်က ရှောင်ကြဉ်နေရင် ပြီးတာပါပဲ။ အမှန်က သီလစောင့်ထိန်းနေတာပါပဲ။ အဒိန္နာဒါနာ ဝေရမဏီ၊ သူတစ်ပါးပစ္စည်းကို မခိုးပါဘူးလို့ ဒီလို သီလဆောက်တည်ပြီးတော့ ငြိမ်ငြိမ်လေးနေတာပဲ။ ပုတီးစိပ်နေလို့ရှိရင် ဒါဟာ သမ္မာကမ္မန္တစေတသိက် ဖြစ်နေတာပဲ။ အဲဒီတော့ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ ဆိုပြီးတော့ ကာမေသုမိစ္ဆာစာရာ=ကာမဂုဏ်တို့မှ မှားယွင်းမှုကို ရှောင်ကြဉ်ပါ၏လို့ သီလစောင့်ထိန်းထားလို့ရှိရင် ငြိမ်ငြိမ်လေးနေပေမဲ့ သမ္မာကမ္မန္တစေတသိက်က ဖြစ်နေတာပဲ။ ဒါကြောင့်မို့လို့ သမ္မာကမ္မန္တကို ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှုလို့ ပြန်တာပါ။ ဒီကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်တာလဲ နှစ်မျိုးရှိတာပဲ။

သမ္မာဝါစာတုန်းကလိုပဲ (၁) အသက်မွေးမှုနဲ့ဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်မှု။ (၂)အသက်မွေးမှုနဲ့ မဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်မှုဆိုပြီး နှစ်မျိုးရှိတယ်။ သူက ကာယဒုစရိုက်နဲ့ အသက်မွေးနေရသူဖြစ်တယ်။ အဲဒီ ကာယဒုစရိုက်ကို မပြုလုပ်ပါဘူးလို့ ဒီလိုရှောင်ကြဉ်တော့ ဒါအသက်မွေးမှုနဲ့ဆိုင်တဲ့ ရှောင်ကြဉ်မှုပဲ။ အဲဒါ ဘယ်လိုပုဂ္ဂိုလ်တွေလဲဆိုတော့ ဥပမာအားဖြင့် မုဆိုးတို့ တံငါတို့ဟာ နေ့စဉ်နေ့တိုင်း ပါဏာတိပါတ သူတစ်ပါးအသက်သတ်နေရတဲ့အလုပ်နဲ့ အသက်မွေးနေရတယ်။ အဲသလို အသက်မွေးနေရတဲ့ ပုဂ္ဂိုလ်က ဒီနေ့တော့ ငါသူတစ်ပါးအသက် မသတ်ဘူးလို့ ရှောင်ကြဉ်မှုမျိုးပေါ့။

မုဆိုး၊ တံငါတွေဟာ အသက်မွေးတာကိုက သူများအသက်တွေသတ်ပြီး အသက်မွေးနေရတာဆိုပေမဲ့ သီလစောင့်ထိန်းလို့ မရတာမှ မဟုတ်ဘဲ။ မုဆိုး၊ တံငါတွေလဲ သီလစောင့်ထိန်းရင် ရတာပဲ။ ဒါ သမ္မာကမ္မန္တစေတသိက်မဟုတ်ဘူး။ သမ္မာအာဇီဝစေတသိက်လို့ ခေါ်တယ်။ သူခိုး၊ ဓားပြတွေဟာလဲ သူများပစ္စည်းကို ခိုးယူတိုက်ခိုက်ပြီးမှ အသက်မွေးကြရတာပဲ။ အဲဒီလိုပုဂ္ဂိုလ်မျိုးက ဒီနေ့တော့ ငါ သူတစ်ပါးပစ္စည်းကို မခိုးဘူး။ မတိုက်ခိုက်ဘူးဆိုပြီးတော့ သီလစောင့်ထိန်းတယ် ဆိုလို့ရှိရင် အသက်မွေးမှုနဲ့ဆိုင်တဲ့ သမ္မာအာဇီဝ စေတသိက်လို့ ခေါ်တယ်။

ဒီသမ္မာကမ္မန္တစေတသိက်က အသက်မွေးမှုနဲ့ မဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်မှုမျိုးကို ခေါ်တာ။ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတော့ ကျောင်းဆရာတို့လို၊ ကျောင်းသားကျောင်းသူတို့လို၊ လခစားလုပ်တဲ့ ပုဂ္ဂိုလ်တို့လိုပေါ့။ ဒီပုဂ္ဂိုလ်တွေဟာ ပါဏာတိပါတ၊ အဒိန္နာဒါနတွေနဲ့ အသက်မွေးနေကြတာမဟုတ်ဘူး။ ကောင်းသော အသက်မွေးမှုနဲ့ အသက်မွေးနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီလို့ဆိုပြီး ကာယဒုစရိုက်တွေမှ ရှောင်ကြဉ်ကြပါတယ်။ ဒီလို ရှောင်ကြဉ်တော့ သမ္မာကမ္မန္တစေတသိက် ဖြစ်ပါတယ်။

အဲဒီတော့ ဝိရတိရဲ့ အဓိပ္ပါယ်ကို စာကြီးပေကြီးတွေမှာ သိပ်ခက်ခဲအောင် ရေးထားတယ်။ လွယ်လွယ်အဓိပ္ပါယ်ကတော့ ရှောင်ကြဉ်မှုပါပဲ။ သမ္မာကမ္မန္တဆိုတာက အသက်မွေးမှုနဲ့ မဆိုင်တဲ့ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်တာလို့ မှတ်သားရပါ့မယ်။

### သမ္မာအာဇီဝစေတသိက်

သမ္မာအာဇီဝကို ဘာသာပြန်ရင် သမ္မာ=ကောင်းသော၊ အာဇီဝ=အသက်မွေးမှု၊ သမ္မာအာဇီဝ=ကောင်းသော အသက်မွေးမှု၊ ဒီလိုပြန်ရင် ပါဠိကနေ တိုက်ရိုက်ရတဲ့ အဓိပ္ပါယ်ဖြစ်ပါတယ်။ ဝိရတိစေတသိက်မှာ သမ္မာအာဇီဝကို ကောင်းသောအသက်မွေးမှုလို့ ဘာသာပြန်ရင် မှားသွားမယ်။ အဲဒီတော့ သမ္မာအာဇီဝကို အသက်မွေးမှုနဲ့ ဆိုင်တဲ့ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက် လေးပါးမှ

ရှောင်ကြဉ်မှုလို့ ရှောင်ကြဉ်မှုထိအောင် ပြန်ရတယ်။ ဒီလိုပြန်တာက ဝိရတိစေတသိက်ဖြစ်နေလို့ပါပဲ။ သမ္မာအာဇီဝစေတသိက်ဆိုတာ ကောင်းသော အသက်မွေးမှုကို ခေါ်တာမဟုတ်ဘူး။ အရပ်ထဲမှာတော့ သမ္မာအာဇီဝဟာ ကောင်းသော အသက်မွေးမှုလို့ သုံးနေကြတယ်။ သမ္မာအာဇီဝအလုပ်နဲ့ အသက်မွေးနေတယ်လို့ ဒီလိုပါဠိစကားပြောရင်တော့ ဟုတ်တယ်။ ဒီ သမ္မာအာဇီဝဆိုတဲ့ စေတသိက်က ကောင်းသော အသက်မွေးမှုကို သမ္မာအာဇီဝခေါ်တာ မဟုတ်ဘူး။ ကာယဒုစရိုက်၊ ဝစီဒုဂရိုက်တွေနဲ့ အသက်မွေးနေရတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီဒုစရိုက်တွေမှ ရှောင်ကြဉ်တယ်ဆိုရင် သမ္မာအာဇီဝစေတသိက်လို့ ခေါ်တယ်။

## ကောင်းသော အသက်မွေးမှုနှင့် သမ္မာအာဇီဝ

သမ္မာဝါစာတုန်းကလဲ နှစ်မျိုးတင်ပြခဲ့တယ်။ သမ္မာကမ္မန္တတုန်းကလဲ နှစ်မျိုးတင်ပြခဲ့တယ်။ အဲဒီတော့ အသက်မွေးမှုက ဒီကာယဒုစရိုက် ဝစီဒုစရိုက်နဲ့ အသက်မွေးနေရတယ်။ တံငါတို့ မုဆိုးတို့ဟာ ပါဏာတိပါတ ဝေရမဏီ ဆိုပြီးတော့ ဒီနေ့ သီလစောင့်ထိန်းတယ်။ သူတို့ရဲ့ စောင့်ထိန်းမှုဟာ အသက်မွေးမှုနဲ့ ဆိုင်နေတယ်။ သူက အဲဒါနဲ့ အသက်မွေးနေရတာကိုး။ ဒီနေ့တော့ ပိုက်ဆံတစ်ပြားမှ မရချင်နေပါစေ အသက်မွေးမှုကို စွန့်လွှတ်ပြီးတော့ ဒီနေ့ သီလစောင့်ထိန်းတယ်။ အဲဒီလို သီလစောင့်ထိန်းတဲ့အခါကျတော့ သမ္မာအာဇီဝ စေတသိက်လို့ ခေါ်တယ်။ သူ့မျှားပစ္စည်းခိုးပြီးတော့ အသက်မွေးနေတဲ့လူလဲ ဒီအတိုင်းပဲ။ နေ့တိုင်းညတိုင်း သူက သူ့မျှားဥစ္စာကို ခိုးပြီးတော့ အဲဒါနဲ့ အသက်မွေးနေတာ။ သူက ဒီပြင်အလုပ်လုပ်တာမဟုတ်ဘူး။ အဲဒီတော့ ဥပုသ် နေ့ကျတဲ့အခါကျတော့ သူ့မျှားပစ္စည်းဒီနေ့မခိုးပါဘူး။ အဒိန္နာဒါနာ ဝေရမဏီ ဆိုပြီးတော့ သီလစောင့်ထိန်းတယ်။ ဒီပုဂ္ဂိုလ်ရဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်တာကို သမ္မာအာဇီဝစေတသိက်လို့ ခေါ်တာပေါ့။

အဲဒီတော့ ကာယဒုစရိုက်မှ ရှောင်ကြဉ်ပေမဲ့ အသက်မွေးမှုနဲ့ဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်တော့ သမ္မာအာဇီဝစေတသိက်လို့ ခေါ်တယ်။

သမ္မာကမ္မန္တစေတသိက်မဟုတ်ဘူး။ ဒါကို သေသေချာချာလေ့လာမှ သမ္မာကမ္မန္တနဲ့ သမ္မာအာဇီဝကွဲသွားမယ်။ အရှင်းဆုံးကတော့ အသက်မွေးမှုနဲ့ဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်ရင် သမ္မာအာဇီဝ စေတသိက်။ အသက်မွေးမှုနဲ့ မဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်ရင် သမ္မာကမ္မန္တစေတသိက်ပဲ။ ဒါရှင်းပါတယ်။

ဝစီဒုစရိုက်ကျတော့လဲ ဒီအတိုင်းပဲ။ သမ္မာအာဇီဝစေတသိက်ဆိုတာက အသက်မွေးမှုနဲ့ဆိုင်တဲ့ ဝစီဒုစရိုက်မှရှောင်ကြဉ်တာ။ သူ့လုပ်ငန်းကိုက လိမ်ပြောရပြီးတော့ အသက်မွေးနေတာ။ လူလိမ်ဆိုပါတော့။ သူက • အိမ်တကာ့အိမ်လျှောက်ပြီးတော့ ဝါကြွားပြီးတော့ ကျုပ်က သူဌေးပါပဲ၊ ပွဲစားကြီးပါပဲ၊ ဘာပဲညာပဲ ဆိုပြီးတော့ ဟိုအိမ်လျှောက်လိမ်၊ ဒီအိမ်လျှောက်လိမ်။ အဲဒီလို လျှောက်လိမ်ပြီးတော့ အသက်မွေးနေတဲ့ သူတစ်ယောက်ဖြစ်တယ်။ အဲဒီလိုလိမ်ပြီးတော့ အသက်မွေးနေတဲ့ လူတစ်ယောက်ဟာ ငါဒီနေ့တော့ မလိမ်ဘူး။ မုသာဝါဒါ ဝေရမဏီဆိုပြီး ဒီလိုရှောင်ကြဉ်လိုက်တာကို သမ္မာအာဇီဝစေတသိက်လို့ ခေါ်တယ်။ သူ့အသက်မွေးမှုကိုက လိမ်ပြီးတော့မှ အသက်မွေးနေရတယ်။ လိမ်ပြီးတော့ အသက်မွေးနေရတဲ့ လူတစ်ယောက်က ဒီနေ့ မလိမ်တော့ပါဘူး ဆိုပြီးတော့ မုသာဝါဒ သိက္ခာပုဒ်ကို စောင့်ထိန်းတဲ့အခါကျတော့ သမ္မာအာဇီဝ စေတသိက်ဖြစ်တာပေါ့။

## ကုန်းချောသည့်အလုပ်နှင့် အသက်မွေးမှု ရှိနိုင်သလား

ရှောင်ကြဉ်တာကတော့ ဝစီဒုစရိုက်မှ ရှောင်ကြဉ်တယ်။ ဘယ်နဲ့လုပ် သမ္မာအာဇီဝဖြစ်သလဲဆိုတော့ ပထမသိထားတာက အသိမှားနေတာကိုး။ ဘယ်လို အသိမှားလဲဆိုရင် သမ္မာအာဇီဝဆိုတာ ကောင်းသောအသက်မွေးမှုလို့ သိထားတာကိုး။ ဒါ အရပ်ထဲ ပြောတဲ့ စကားပဲ။ စေတသိက်ကျတော့ သမ္မာအာဇီဝဆိုတာလဲ အသက်မွေးမှုနဲ့ဆိုင်တဲ့ ဝစီဒုစရိုက်မှရှောင်ကြဉ်တာကို ပြောတာ။ အတူတူပဲ။ ပိသုဏဝါစာဆိုတာလဲ ကုန်းချောတာကို ပြောတာ။ အိမ်တကာ့အိမ် လျှောက်လည်ပြီးတော့ လင်မယားချင်း ကုန်းတိုက်ပြီးတော့

အသက်မွေးနေတဲ့ မိန်းမတစ်ယောက်ရှိတယ်။ ဒီမိန်းမရဲ့ အသက်မွေးမှုက ဟိုအိမ် ဒီအိမ်သွားပြီး လင်မယားချင်း ရန်တိုက်ပေးတာပဲ။ တချို့တလေက ယောကျ်ား အပေါ် စိတ်ဆိုးနေတော့ စားစရာသောက်စရာ ကျွေးလိုက်၊ ပေးစရာရှိတာလေး ပေးလိုက်တော့ စားသောက်စရာ ရသွားတယ်၊ ဒါနဲ့ပဲ စားနေတာပေါ့။ နောက် တစ်နေ့ကျတော့ အခြားတစ်အိမ်သွားပြီး ဒီလိုပဲ လုပ်ပြန်တယ်။ အဲသလို လျှောက်လည်ပြီး ကုန်းတိုက်ပြီးတော့ စားနေတဲ့ မိန်းမမျိုးလဲ ရှိတာပါပဲ။ အဲဒီလို လူကပော့ ကုန်းတိုက်ပြီးတော့ စားနေတယ်လို့ ဆိုရမှာပဲ။ ဒီနေ့တော့ ဥပုသ် စောင့်အုံးမှပဲ။ သူတစ်ပါးတို့ရဲ့အချစ်ကို ဖြိုခွဲပြီးတော့မှ စားသောက်ရတဲ့ လူမျိုး ဆိုတော့ တခါတလေလဲ ပိသုဏဝါစာ ဝေရမဏီဆိုပြီး ဥပုသ်စောင့်တာပေါ့။ အဲဒီလို ဥပုသ်စောင့်တော့ သမ္မာအာဇီဝစေတသိက်ပဲပေါ့။ ဝစီဒုစရိုက်ပေမဲ့ သမ္မာဝါစာ မဟုတ်ဘူး။

ဖရုသဝါစာနဲ့ အသက်မွေးနေတဲ့ လူတွေလဲ ရှိတာပဲ။ သမ္ဖပ္ပလာပ ဆိုတာ အတင်းပြောတာတို့ အဖျင်းပြောတာတို့ကို ခေါ်တယ်။ အဖျင်းပြောတာလဲ သမ္ဖပ္ပလာပပဲ၊ အဖျင်းပြောတယ်ဆိုရာမှာ လူပြက်တို့ ဘာတို့ဟာ အဖျင်းပြောတဲ့ အထဲမှာ ပါတာပေါ့။ အဲသလို အသက်မွေးတဲ့ လူတွေကလဲ ဒီနေ့ သမ္ဖပ္ပလာပ အဖျင်းပြောတာတွေက ရှောင်ကြဉ်ပါ့မယ်ဆိုပြီးတော့ ဒီလို အသက်မွေးတဲ့ အလုပ်ကို ရှောင်ကြဉ်တာကလဲ သမ္မာအာဇီဝစေတသိက်ပဲ။

အဲဒီတော့ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်တာက နှစ်မျိုးရှိတာကိုး-

(၁) ဝစီဒုစရိုက်လေးပါးမှ ရိုးရိုးရှောင်ကြဉ်တာ သမ္မာဝါစာစေတသိက်။

(၂) အသက်မွေးမှုနဲ့ဆိုင်တဲ့ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်တာက သမ္မာအာဇီဝစေတသိက်။

(၃) ကာယဒုစရိုက်မှ ရိုးရိုးရှောင်ကြဉ်တာက သမ္မာကမ္မန္တစေတသိက်။

(၄) အသက်မွေးမှုနဲ့ဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်တာက သမ္မာ အာဇီဝစေတသိက်။

သမ္မာဝါစာစေတသိက်နဲ့ သမ္မာအာဇီဝ စေတသိက်၊ သမ္မာကမ္မန္တ စေတသိက်နဲ့ သမ္မာအာဇီဝစေတသိက်တို့ဟာ အဲဒီလိုကွဲသွားတယ်။ရှောင်ကြဉ်တာကတော့ ကာယဒုစရိုက်သုံးပါးနဲ့ ဝစီဒုစရိုက်လေးပါးပဲ။ ဝိရတိဆိုတာကတော့ သီလပဲ၊ ကာယဒုစရိုက်သုံးပါးနဲ့ ဝစီဒုစရိုက်လေးပါးကို ပေါင်းလိုက်တယ်ဆိုလို့ရှိရင် သီလပဲ။ ငါးပါးသီလထဲက ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ ဆိုပြီးတော့ လေးပါးပါလာတာပဲ။ သီလဆိုတာက ကာယကံ ဝစီကံ နှစ်ခုကို စောင့်ထိန်းတာပဲ။ ဝိရတိစေတသိက် သုံးလုံးက ကုန်ပြီပဲထားပါတော့။

ဝိရတိစေတသိက်သုံးပါးဆိုတာ-

(၁) သမ္မာဝါစာ

(၂) သမ္မာကမ္မန္တ

(၃) သမ္မာအာဇီဝ-တို့ ဖြစ်ပါတယ်လို့ မှတ်ရပါ့မယ်။

လင်္ကာက "ဝါစာကမ္မံ၊ အာဇီဝံ၊ သုံးတန်ဝိရတီ"၊ ဝါစာ ဆိုတာ သမ္မာဝါစာ၊ ကမ္မံ ကတော့ သမ္မာကမ္မန္တ၊ အာဇီဝံ က သမ္မာအာဇီဝ စေတသိက်ပါ။

အဲဒီတော့ ဝိရတိစေတသိက်သုံးလုံး အဘိဓမ္မာမှာ အဓိပ္ပာယ်ကျယ်ဝန်းပါတယ်။ ဝိရတိစေတသိက် သုံးလုံးကတော့ ဒါလောက်နဲ့ပဲ တော်လောက်ပါပြီ။

## အပ္ပမညာစေတသိက်

ပါဠိလိုတော့ အပ္ပမညာစေတသိက်လို့ ခေါ်တာပဲ။ အပ္ပမညာဆိုတဲ့ ပါဠိက အခေါ်ရခက်တယ်။ အမှန်ကတော့ အ ရယ်၊ ပမာဏရယ်။ ပမာဏ ဆိုတာက အတိုင်းအတာ။ အ ကတော့ မရှိ။ ပါဠိမှာတော့ အ ဟာ၊ မ နဲ့ တူတာပဲ။ ပြောင်းပြန် ဘာသာပြန်ရင် ပမာဏ က အတိုင်းအတာရှိတာ။ ပမာဏ-က နေပြီးတော့ ပမည လို့ ဒီလိုဖြစ်သွားတာကိုး။ (န) နဲ့ (ည)ဟာ ပါဠိမှာ အပြောင်းအလဲ ရပါတယ်။ ပမာဏ=ပမည=အတိုင်းအတာ။ အပ္ပမည ဆိုတော့ အတိုင်းအတာ မရှိတာပါပဲ။

အပ္ပမညာစေတသိက်ဆိုတာက အတိုင်းအတာ မရှိသော သတ္တဝါကို အာရုံပြုသည့် စေတသိက်။ အာရုံပြုတာက ဘယ်သတ္တဝါတွေ ကျန်းမာပါစေလို့ သတ်မှတ်ပြီး အာရုံပြုတာ မဟုတ်ဘူး။ တကမ္ဘာလုံးအတိုင်းအတာ မရှိ၊ အရေအတွက် သချာ မရှိဘူး။ အားလုံးသတ္တဝါတွေ ကျန်းမာပါစေလို့ မေတ္တာပို့တာဟာ အပ္ပမညာစေတသိက်ပဲ။ မေတ္တာက အဒေါသစေတသိက်ပါ။ အဒေါသစေတသိက်နဲ့ မေတ္တာဟာ အတူတူပဲ။ ကုသိုလ်ပြုတိုင်း ပါဝင်လို့ (၁၉)လုံးထဲမှာ မေတ္တာကို ထည့်လိုက်တာ။

## အပ္ပမညာစေတသိက်ဟာ နှစ်လုံးပဲရှိသလား

တကယ်တော့ အပ္ပမညာစေတသိက်ဟာ လေးလုံးရှိတယ်။ ဒီနေရာမှာ သင်္ဂြိုဟ်ဆရာက အပ္ပမညာစေတသိက်ကို နှစ်လုံးပဲပြတယ်။ ဘာဖြစ်လို့ နှစ်လုံးတည်း ပြရသလဲဆိုတော့ မေတ္တာဟာ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်ထဲမှာ ပါသွားတယ်။ ဘယ်ကုသိုလ်ပြုပြု မေတ္တာပါမှ ကုသိုလ်ပြုလို့ ရပါတယ်။

အဓိပ္ပာယ်တစ်ခု မေတ္တာပို့တယ်ဆိုလို့ရှိရင် အသင်းတိုက်ထဲမှာ ရှိတဲ့ ပုဂ္ဂိုလ်တွေ ကျန်းမာပါစေလို့ မေတ္တာပို့ရင် အတိုင်းအတာရှိတယ်။ ဒီအသင်းတိုက်ထဲမှာ ရှိတဲ့လူကို တိုင်းတာလိုက်တာပဲ။ ရန်ကုန်မြို့ထဲက လူတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုရင် အတိုင်းအတာ ရှိပြန်တယ်။ မေတ္တာဆိုတာ ဒီလို အတိုင်းအတာ မရှိဘူး။ မေတ္တာရဲ့အာရုံက အတိုင်းအတာ မရှိဘူး။ ဒါကြောင့်မို့လို့ မေတ္တာကို အပ္ပမညာစေတသိက်လို့ခေါ်တာ။ နောက်ပြီးတော့ ဥပေက္ခာ။

## ဥပေက္ခာ

ဗြဟ္မဝိဟာရတရားက လေးပါးရှိတာကိုး။ ဗြဟ္မစိုရ်တရားလေးပါးလို့ မြန်မာမှာ ရှိပြီးသားပဲ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ လေးပါးပေါ့။ ဥပေက္ခာက တတြမဇ္ဈတ္တတာ စေတသိက်ပါ။ တတြမဇ္ဈတ္တတာဆိုတာက ဒုက္ခိတ

သတ္တဝါတွေဘက်လဲ မပါဘူး၊ သုခိတသတ္တဝါတွေဘက်လဲ မပါဘူး။ အားလုံး ဒုက္ခရောက်တဲ့လူကိုရော ချမ်းသာတဲ့လူကိုရော ညီမျှအောင် ထိန်းပေးထားတာပါ။ ညီညီမျှမျှ ဖြစ်ကြပါစေဆိုပြီးတော့ ရှိရှိသမျှ သတ္တဝါတွေ အားလုံးအပေါ်မှာ ဥပေက္ခာထားတာပါ။ ဥပေက္ခာဆိုတာ ရှိရှိသမျှ သတ္တဝါတွေကို လျစ်လျူရှုတာ မဟုတ်ဘူး။

ဆင်းရဲတဲ့လူအပေါ်မှာ (ကရုဏာ)ပိုနေရင်လဲ ဥပေက္ခာမဟုတ်ဘူး။ ချမ်းသာတဲ့ လူအပေါ်မှာ (မုဒိတာ)ပိုနေရင်လဲ ဥပေက္ခာမဟုတ်ဘူး။ အားလုံး အပေါ်မှာ ညီညီမျှမျှ ထားတာကို ဥပေက္ခာလို့ခေါ်တာပဲ။ အဲဒီတော့ မေတ္တာက အဒေါသစေတသိက်ထဲမှာ ပါသွားတယ်။ ဥပေက္ခာကလဲ တတြမဇ္ဈတ္တတာ စေတသိက်ထဲမှာ ပါသွားတယ်။ ဒါကြောင့်မို့ ဒီအပ္ပမညာစေတသိက်ကျတော့ နှစ်ခုပဲရှိတော့တယ်။

## ကရုဏာစေတသိက်

ကရုဏာကို ရှေးတုန်းက ဘာသာပြန်ကြတာကတော့ သနားတာတဲ့။ လူတစ်ယောက်ကို သနားတယ်ဆိုရင် ကိုယ့်စိတ်ထဲမှာ နည်းနည်းစိတ်ဆင်းရဲ သွားတယ်။ ဆင်းရဲသွားရင် ကရုဏာမဟုတ်ဘူး။ ကရုဏာဟာ ကုသိုလ် စေတသိက်ပါ။ ကုသိုလ်ဆိုတာ စိတ်ကို ချမ်းသာစေရမယ်။ စိတ်ဆင်းရဲမသွား စေရဘူး၊ စိတ်ဆင်းရဲသွားရင် ကရုဏာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ သနားတယ် ဆိုတဲ့ မြန်မာစကားနဲ့ ကရုဏာနဲ့ဟာ သိပ်မဟပ်မိဘူး။ ဒုက္ခရောက်တဲ့ လူတွေကို မြင်လို့ရှိရင် သနားတယ်။ စိတ်မဆင်းရဲရင်တော့ သနားတာလို့ ပြန်လို့ရပါတယ်။

နောက်ပြီး ကရုဏာကို ကြင်နာမှုလို့ ဘာသာပြန်ကြပြန်တယ်။ ကြင်နာ တယ်ဆိုတာက သူတို့နှစ်ယောက်တော့ သိပ်ကြင်နာတာပဲဆိုတဲ့ သဘောသက် ရောက်ပြန်တယ်။ သူတို့လင်မယားသိပ်ကြင်နာတာပဲဆိုတာမျိုးပေါ့။ သိပ်ကြင် နာတဲ့အတွက် နည်းနည်းလေး မယားဘာဖြစ်တယ်ဆိုရင် ယောကျ်ားက စိတ်ပူ တယ်။ ပူသွားတော့ ကြင်နာတယ်ဆိုတဲ့ ဘာသာပြန်ကလဲ ကရုဏာနဲ့တော့

မဟာပ်မိဘူး။ မြန်မာစကားမှာ သနားတာတို့ ကြင်နာတာတို့နဲ့ ကရုဏာနဲ့တော့ သိပ်ကြီးတော့ မဟပ်မိတာ အမှန်ပဲ။

ဒါကြောင့်မို့လို့ နောက်တစ်ခု ဆက်ပြီးတော့ ကရုဏာ ကယ်တင်လိုမှုလို့ ဘာသာပြန်လိုက်တယ်၊ ဒီဘာသာပြန်ကတော့ နည်းနည်းတော့ ကြီးကျယ်သွားတာပေါ့။

**ကရုဏာ=ကယ်တင်လိုမှု**

ဒုက္ခရောက်တဲ့လူတွေ မြင်တဲ့အခါကျတော့ ဒီလူတွေ ချမ်းသာအောင် ငါဘယ်လို ကယ်တင်ရမလဲဆိုပြီး ကယ်တင်ချင်တဲ့စိတ်ဖြစ်တော့ စိတ်ထဲမှာ မပူပါဘူး။ သူက ကယ်တင်ချင်တယ်။ ဒီစိတ်က အင်မတန် မြင့်မြတ်တဲ့စိတ်ပဲ။ ဒုက္ခရောက်နေတဲ့လူတွေကို ငါဘယ်လိုလုပ်ပြီးတော့ ကယ်ရမလဲဆိုတာ ပူပန်တာမဟုတ်ဘူး။ ကယ်တင်ဖို့ ကရုဏာဖြစ်တာ။

**ကရုဏာနှင့် ကယ်တင်ရှင်**

ဒါကြောင့်မို့လို့ မြတ်စွာဘုရားတို့ နိုင်ငံ့ခေါင်းဆောင်တို့ကို ကယ်တင်ရှင်ကြီးလို့ဆိုတာက ကရုဏာရဲ့အဓိပ္ပါယ်ပဲ။ သတ္တဝါတွေကို ကယ်တင်လိုတဲ့ မြတ်စွာဘုရားရဲ့ စိတ်ထဲမှာ ဆင်းရဲတာမှ မဟုတ်ဘဲနဲ့။ ဒုက္ခရောက်နေတဲ့သတ္တဝါတွေ အားလုံးကို ချမ်းသာအောင် ကယ်တင်မယ်ဆိုတဲ့အကြံနဲ့ ကယ်တင်လိုတာဟာ ကရုဏာပဲ။

အဓိပ္ပါယ်တစ်ခု–မြန်မာပြည်သူ ပြည်သားတွေ ဆင်းရဲနေတယ်။ ဆင်းရဲနေတော့ ငါကျောင်းကထွက်လို့ရှိရင်တော့ မြန်မာပြည်သူပြည်သားအကုန်လုံးကို ချမ်းသာအောင် ငါဘယ်လိုလုပ်မယ်၊ ငါဘယ်နည်းနဲ့ ကယ်တင်မယ်ဆိုပြီး တိုင်းသူပြည်သားတွေအားလုံး ချမ်းသာအောင် ကယ်တင်ချင်တဲ့စိတ်ပေါက်နေတဲ့ သူရဲ့ စိတ်ဟာ မဆင်းရဲပါဘူး။ အင်မတန်ကြီးကျယ်မြင့်မြတ်တဲ့ စိတ်ပဲ။ (၁၆)နှစ် အရွယ်ထဲက ကိုယ့်တိုင်းပြည်သူပြည်သားတွေ ဆင်းရဲနေတာကို ကယ်တင်ချင်တဲ့စိတ် ပေါက်နေတာကို ကရုဏာစေတသိက်လို့ ခေါ်တယ်။

ဒါကြောင့်မို့လို့ ကရုဏာစေတသိက်ကို ဒုက္ခရောက်နေတဲ့ လူတွေကို မြင်လို့ရှိရင် ကယ်တင်လိုမှုလို့ ဘာသာပြန်တယ်။ ကယ်တင်မှ ကရုဏာစေတသိက်ဖြစ်တာ မဟုတ်ပါဘူး။ ကယ်တင်သည်ဖြစ်စေ၊ မကယ်တင်သည် ဖြစ်စေ ကယ်လိုတဲ့စိတ်ပေါက်နေတယ်ဆိုလို့ရှိရင် ကရုဏာဖြစ်တာပဲ။ ကရုဏာစေတသိက်ဟာ နည်းနည်းတော့ တစ်ဖက်စွန်းရောက်တာပေါ့လေ။ ဒုက္ခရောက်နေတဲ့လူတွေကိုသာလျှင် ကယ်တင်ချင်တဲ့ စေတသိက်ပဲ။ မေတ္တာကတော့ ဆင်းရဲတဲ့ လူတွေရော ချမ်းသာတဲ့လူတွေရော အားလုံးအပေါ်မှာ မေတ္တာထားတာကိုး။

ကရုဏာကတော့ အဲဒီလိုမဟုတ်ဘူး။ ဒုက္ခရောက်နေတဲ့လူတွေ ဒုက္ခတွင်းမှ ကင်းလွတ်ကြပါစေလို့ ပို့တာပဲ။ဒါကြောင့်မို့လို့ မေတ္တာပို့တဲ့အခါကျတော့ "ဒုက္ခာမုစ္စန္တု"လို့ ပို့ပါတယ်။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ၊ မုစ္စန္တု၊ လွတ်ကြပါစေသတည်း။ ဒါက မေတ္တာပို့လို့သာ ဆိုတယ်၊ တကယ်က ကရုဏာပို့လို့ ခေါ်တယ်။

(၅၂၈)သွယ် မေတ္တာတုန်းက "ဒုက္ခာ မုစ္စန္တု" မပါပါဘူး။ ထည့်မထားပါ။ ဒုက္ခာ မုစ္စန္တု က ကရုဏာပို့ပဲ၊ မေတ္တာပို့တာ မဟုတ်ဘူး။ ကရုဏာဆိုတာက ဒုက္ခရောက်တဲ့လူတွေ ဒုက္ခမှ လွတ်ကြပါစေလို့ ဆိုပြီးပို့တာပါ။

## ကရုဏာစေတသိက်နဲ့ ကြက်ခြေနီ

ခေတ်ဆန်ဆန် တင်ပြရမယ်ဆိုလို့ရှိရင် ကြက်ခြေနီအသင်းတို့၊ ကယ်ဆယ်ရေးအသင်းတို့ဆိုတာတွေဟာ ကရုဏာစေတသိက်ပါ။ ကရုဏာအသင်းလို့တောင် ခေါ်ဖို့ကောင်းတယ်။ ကြက်ခြေနီအသင်းဆိုတော့ (က–ကြီး)ချင်းတော့ နည်းနည်းတူသားပဲ။ ကြက်ခြေနီဆိုတာကလဲ ဒုက္ခရောက်တဲ့လူတွေကို ကယ်တင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေတာပဲပေါ့။ အဲဒီတော့ ဒုက္ခရောက်တဲ့လူတွေ ကယ်တင်ဖို့လို့ ဆောင်ရွက်နေတဲ့ ကြက်ခြေနီအသင်း ကယ်ဆယ်ရေးအသင်း ဆိုတာတွေဟာ ကရုဏာအသင်းပါပဲ။ ဒုက္ခရောက်တဲ့လူတွေမြင်ရင် ကြည့်မနေဘူး၊ ကူညီတယ်၊ ကယ်တင်တယ်။ တချို့တလေကတော့ ဒုက္ခရောက်နေတာ

မြင်ပေမဲ့ ကားတိုက်တာမြင်ပေမဲ့ ရှောင်သွားတာပဲ။ လူတစ်ယောက် ဘာဖြစ်နေဖြစ်နေ ရှောင်သွားတာပဲ။ ကြက်ခြေနီကတော့ ဒီလိုမဟုတ်ဘူး။ လမ်းထဲမှာ ဒုက္ခရောက်နေတဲ့လူတွေကို တွေ့တယ်ဆိုရင် ကိုယ်နဲ့သိသိ၊ မသိသိ တစ်ခါတည်း ဝိုင်းဝန်းကူညီလိုက်တာပဲ။

ကရုဏာစေတသိက်ဆိုတာက အင်မတန် ကြီးကျယ်မြင့်မြတ်တဲ့ ကုသိုလ်စေတသိက်ပါ။ စိတ်တိုင်းမှာလဲ အမြဲမယှဉ်ဘူး။ ဒုက္ခရောက်တဲ့ လူကို တွေ့တဲ့အခါမှာ ကရုဏာက ယှဉ်တယ်။ ဒါကြောင့်မို့လို့ ကရုဏာ စေတသိက်ဟာ အင်မတန် ကြီးကျယ် မြင့်မြတ်ပါတယ်။

## မြန်မာ့သွေးဖြစ်နေတာ ဘယ်စေတသိက်တွေလဲ

မြန်မာလူမျိုးက နဂိုက ဒီစေတသိက်တွေ သင်ယူလေ့လာကျင့်သုံးလာကြတော့ လူတိုင်း လူတိုင်း ကူညီရိုင်းပင်းတတ်ကြတယ်။ ရှေးတုန်းကဆိုရင် လမ်းမှာ မိန်းကလေးတစ်ယောက် ဖြစ်ဖြစ်၊ ယောကျ်ားလေးတစ်ယောက် ဖြစ်ဖြစ် တစ်စုံတစ်ခု အခက်အခဲ ဖြစ်နေတာ တွေ့လို့ရှိရင် ကိုယ်လုပ်နေတဲ့ အလုပ်ကိစ္စကို ရှေ့ဆက်မလုပ်ဘဲ ဝင်ပြီး ရိုင်းပင်းကူညီပြီးမှ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်တယ်။ ဘယ်လောက်ပဲ အရေးကြီးကြီး ရှေ့ဆက်မသွားဘူး။ ခရီးသွားတဲ့အခါမှာတောင် ကိုယ်နဲ့သိသည်ဖြစ်စေ မသိသည်ဖြစ်စေ မိန်းကလေး ဖြစ်စေ ယောကျ်ားလေး ဖြစ်စေ တစ်စုံတစ်ခု အခက်အခဲဖြစ်နေရင် ကိုယ့်အလုပ်ကို ပစ်ပြီးတော့ ရိုင်းပင်းကူညီပြီးမှ သွားကြတာပဲ။ ကရုဏာစေတသိက်ဆိုတာ နဂိုက မြန်မာရဲ့ သွေးထဲမှာ ရောက်နေတယ်။ အခုခေတ်တော့ ကရုဏာတွေ နည်းနည်းခေါင်းပါးလာတော့ မသိရင် ရှောင်သွားတာက များပါတယ်။

ဒါကြောင့်မို့ အခုခေတ်မှာ ကြက်ခြေနီအသင်းတို့ ကယ်ဆယ်ရေးအသင်းတို့ဆိုတဲ့ အသင်းတွေ ဖွဲ့ပြီး လုပ်ကြရတာ။ ဒါဟာ ကရုဏာစေတသိက်လုပ်ငန်းပါပဲ။

## မုဒိတာစေတသိက်

မုဒိတာစေတသိက်ဆိုတာက ဝမ်းမြောက်တာပါပဲ။ ဝမ်းမြောက်တယ်ဆိုတာ ဘယ်လိုအခါမှာ ဝမ်းမြောက်သလဲဆိုရင် ချမ်းသာတဲ့လူတွေကို မြင်ရတဲ့အခါမှာ ဝမ်းမြောက်တာ။ ဒီမုဒိတာစေတသိက်ဆိုတာ ကိုယ့်မှာ ဘာမှ ပင်ပန်းတာ မဟုတ်ဘူး။ ပိုက်ဆံလဲ ကုန်သွားတာ မဟုတ်ဘူး။ ခုနက ကရုဏာလိုပါပဲ။

မုဒိတာဆိုတာက ချမ်းသာတဲ့ လူတွေ မြင်ရင် ဝမ်းမြောက်ဝမ်းသာရှိတာကို ခေါ်တယ်။ အဲဒီတော့ မုဒိတာဟာ အကုသိုလ်စေတသိက်ထဲက ဣဿာနဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ ဣဿာက သူတစ်ပါးချမ်းသာတာမြင်လို့ ရှိရင် မနာလိုဘူး။ မကြည့်ချင်ဘူး။ မုဒိတာက သူတစ်ပါး ချမ်းသာတာ မြင်ရင် ဝမ်းမြောက်တယ်။ ဒီလို ဆန့်ကျင်တာ။ အဲဒီတော့ မုဒိတာ ဆိုတာက မြန်မာလူမျိုးတို့ရဲ့ သွေးထဲမှာ ဖြစ်တာ ထင်ရှားတယ်။

ဘယ်သူတော့ဖြင့် ရာထူးကြီးကြီး ရသွားပြီဆိုရင် ဝမ်းသာတယ်။ ဘယ်သူတွေ ချမ်းသာသွားပြီဆိုရင် ဝမ်းသာတယ်။ နောက်ပိတ်ဆုံး ကိုယ်နဲ့ ဆန့်ကျင်ဘက် ကိုယ့်ကို ရန်လုပ်နေတဲ့လူတွေဖြစ်ပါစေ၊ ကိုယ်နဲ့မတည့်တဲ့လူ ဖြစ်ပါစေ ရန်သူက ရန်သူပဲ၊ မတည့်တာဟာ မတည့်တာပဲ၊ သို့ပေမဲ့ ဒီလူတွေ ရာထူးရသွားတယ် ချမ်းသာသွားတယ်ဆိုရင် ဝမ်းသာတာပဲ။ ကိုယ့်ကို ဖျက်လိုဖျက်ဆီးလုပ်တဲ့လူတွေ မော်တော်ကားစီးနိုင်တယ်ဆိုရင် ဝမ်းသာတယ်။ အဲဒီလို သူတစ်ပါးချမ်းသာတာကို မြင်ရင် မုဒိတာ စေတသိက်က ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ်။

သူတစ်ပါး ချမ်းသာတာကို ကိုယ်က မကြည့်ချင်ဘူးဆိုလို့ရှိရင် ကိုယ်ချမ်းသာတာကိုလဲ သူတို့က မကြည့်ချင်ဘူး။ အဲဒီလို တစ်ယောက်ချမ်းသာတာ တစ်ယောက် မကြည့်ချင်လို့ရှိရင် လူ့လောကကြီးဟာ ပျက်စီးသွားမှာပဲ။

ဒါကြောင့်မို့လို့ မုဒိတာစေတသိက်က ချမ်းသာတဲ့လူတွေကို မြင်ရင် ဝမ်းမြောက်တယ်။ ကရုဏာစေတသိက်က ဒုက္ခရောက်တဲ့လူကို မြင်ရင် ကယ်တင်ချင်တယ်။ ဒီစေတသိက်နှစ်လုံးရှိလို့ရှိရင် လောကကြီးဟာ တစ်ခါတည်း အေးချမ်းသာယာသွားပြီပေါ့။

ဒါကြောင့်မို့လို့ ဗြဟ္မစိုရ်တရားလေးပါးဆိုပြီးတော့ မြန်မာမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတာတွေဟာ မြန်မာ့သွေးလို ဖြစ်နေတယ်။ မြန်မာရဲ့ နဂိုမူရင်းသွေးက ဒုက္ခရောက်တဲ့ လူကို မြင်ရင် ကယ်တင်ချင်တယ်။ ဒါကရုဏာ။ ချမ်းသာတဲ့ လူကို မြင်ရင် ဝမ်းသာတယ်။ ဒါမုဒိတာ။ အားလုံးသော လူတွေရဲ့ ကောင်းကျိုးကို လိုလားတယ်၊ ဒါမေတ္တာ၊ တစ်ဘက်စွန်းမရောက်အောင် ထိန်းပေးတယ်၊ ဒါဥပေက္ခာ။ အဲဒါကြောင့်မို့လို့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုပြီးတော့ ဗြဟ္မစိုရ်တရားလေးပါးရှိတယ်။ အပ္ပမညာတရားလေးပါး ဆိုတာလဲ ဒါတွေပါပဲ။

သို့ပေမဲ့ အပ္ပမညာစေတသိက် နှစ်လုံးထားတာက သင်္ဂြိုဟ်ဆရာက စိတ်ယှဉ်စေတသိက်ယှဉ်ကို ခွဲချင်တာကိုး။ ကရုဏာစေတသိက်က ဒုက္ခရောက်တဲ့ လူတွေကို မြင်တဲ့အခါမှာ ကရုဏာပါတယ်။ ချမ်းသာတဲ့ လူတွေကို မြင်တဲ့အခါ မပါဘူး။ မုဒိတာက ချမ်းသာတဲ့လူတွေကို တွေ့တဲ့အခါမှာ ပါတယ်၊ ဆင်းရဲတဲ့ လူတွေကို တွေ့တဲ့အခါမှာ မပါဘူး။ အဲဒါကြောင့်မို့လို့ ကရုဏာနဲ့ မုဒိတာက ကုသိုလ်လုပ်တိုင်းမှာ မပါဝင်နိုင်လို့ ဒီနှစ်ခုကို ခွဲထားတာ။ မေတ္တာနဲ့ ဥပေက္ခာ ကတော့ ကုသိုလ်လုပ်တိုင်း ပါဝင်နိုင်လို့ (၁၉)လုံးထဲမှာ ထည့်ထားတာပါ။

အပ္ပမညာ–စေတသိက် ၂–လုံးပြောခဲ့တယ်။ အပ္ပမညာ စေတသိက်က အမှန်ကတော့ ၄–လုံးရှိပါတယ်။

(၁) အဒေါသစေတသိက်က မေတ္တာ

(၂) တတြမဇ္ဈတ္တတာ စေတသိက်က ဥပေက္ခာဖြစ်ပါတယ်။ သူတို့က ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်တွေထဲမှာ ပါသွားတော့ အပ္ပမညာ စေတသိက်ကို ကရုဏာ၊ မုဒိတာ ၂–လုံးပဲ သင်္ဂြိုဟ်ဆရာက ပြတယ်၊ အပ္ပမညာ စေတသိက်ပြီးတော့ ပညိန္ဒြေစေတသိက် ဖြစ်ပါတယ်။ ဒါဆို ၂၅–လုံး ရောက် လာပြီ။

## ပညိန္ဒြေစေတသိက် (ပညာစေတသိက်)

ပညိန္ဒြေဆိုတာ ပညာနဲ့ ဣန္ဒြေပေါင်းပြီး ခေါ်တာ၊ အမှန်တော့ ပညာစေတသိက်လို့လဲ ခေါ်တာပါပဲ။ ဣန္ဒြေကိစ္စတပ်လို့ ပညိန္ဒြေလို့ ခေါ်တာ။ သဒ္ဓါစေတသိက်လဲ ဣန္ဒြေကိစ္စတပ်ရင် သဒ္ဓိန္ဒြေပဲ။ ဒါပေမဲ့ သဒ္ဓါစေတသိက်ကျတော့ သာမညပဲ ပြတယ်။ ပညာစေတသိက်ကျမှ သင်္ဂြိုဟ်ဆရာက ပညိန္ဒြေဆိုပြီး ဣန္ဒြေထည့်တဲ့ အဓိပ္ပာယ်ကတော့ ပညာက ကုသိုလ်စေတသိက်အားလုံးထဲမှာ အရေးကြီးတဲ့ စေတသိက်လို့ သိစေချင်လို့ပါပဲ။

## ပညာကို ဘယ်လိုဘာသာပြန်မလဲ

ပညာကို မြန်မာဘာသာပြန်မယ်ဆိုရင် ပြဿနာတွေ တက်နေသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာဆိုတဲ့ စကားဟာ မြန်မာစကားဖြစ်နေတာကိုး။ ပညာဆိုရင် မြန်မာက ဆယ်တန်းတို့၊ ဘီအေတို့၊ ဘီအက်စီတို့၊ အင်မ်အက်စီတို့၊ ပီအိပ်ချ်ဒီတို့၊ ဒီလိုအောင်တဲ့လူတွေကို ပညာတတ်လူတန်းစားတွေလို့ ခေါ်နေတယ်။ ဒါတင်လားဆိုတော့ အခုလက်မှုပညာတွေကိုလဲ ပညာလို့ မခေါ်ဘူးလား။ သူက လက်သမားပညာတတ်တယ်၊ သူက မော်တော်ကားပြင် ပညာတတ်တယ်၊ အဲဒီလို မြန်မာမှာကျတော့ ပညာတွေဟာ ဝိဇ္ဇာပညာပဲ ဖြစ်ဖြစ် သိပ္ပံပညာပဲ ဖြစ်ဖြစ် နှစ်ခုလုံးကို ပညာလို့ ဒီလို ခေါ်တာပဲ။ အဲဒီတော့ မြန်မာစကားက ပညာနဲ့ အဘိဓမ္မာပညာဟာ တော်တော်ကွာနေတယ်။

အဘိဓမ္မာက ပညာဆိုတာ ထိုးထွင်းသိမှုကို ခေါ်တယ်။ ဒါပေမဲ့ မြန်မာစကားမှာ ပြောနေတဲ့ပညာတွေကိုလဲ ဝိဘင်းပါဠိတော်ကျတော့ သုတမယပညာလို့ ခေါ်ပါသေးတယ်။ သုတမယပညာဆိုတာက ကြားလို့သင်ပေးလို့ တတ်လာတဲ့ ပညာကို ခေါ်တယ်။ ဆရာတွေက သင်ပေးလို့ ကြားပါများတဲ့ အခါကျတော့ တတ်လာတဲ့ပညာတွေကို သုတမယပညာခေါ်တယ်။ ကိုယ့်ဘာသာကို မသိဘူး၊ မွေးလာတုန်းက မြန်မာစာ မဖတ်တတ်ဘူး။ ဒါပေမဲ့ အဖေ အမေ ပြောသံကြားလာတဲ့အခါကျတော့ တတ်လာတာပဲ။ မြန်မာက မွေးလို့ရှိရင် ဘယ်ကျောင်း

မှ မနေဘဲနဲ့ မြန်မာစကား တတ်လာတာပဲ။ အင်္ဂလိပ်က မွေးတဲ့ကလေးက အင်္ဂလိပ်စကား သူ့ဟာသူ တတ်လာတာပဲ။

ကျောင်းမှာသင်သလို ဖအေ မအေကသင်ပေးတော့ စကားတွေ တတ်လာတယ်၊ သုတမယပညာဆိုတာ ကိုယ့်ဘာသာကိုယ် ထိုးထွင်းပြီး သိတဲ့ ပညာမျိုး မဟုတ်ဘူး၊ လက်သမားပညာတို့, မော်တော်ကားပညာတို့, စက်မှုလက်မှုပညာတို့ ဆိုတာတွေကလဲ အဲဒီလိုပဲ၊ သူများတကာ လုပ်တာကြည့်ပြီးတော့ တတ်တယ်။ မျက်စိနဲ့ကြည့်တတ်တာရှိတယ်၊ စာဖတ်လို့, ကြားဖူးလို့, ပြောလို့, သင်ပေးလို့, သင်တန်းတက်လို့ တတ်တာရှိတယ်။ ထိုးထွင်းပြီးတော့တတ်တဲ့ ပညာတွေ မဟုတ်ဘူး။

## ဉာဏ်ရှိတာနှင့် ပညာရှိတာ တူသလား

ဒွိဟိတ်ပုဂ္ဂိုလ် တိဟိတ်ပုဂ္ဂိုလ် ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် အဲဒီပညာမျိုးကတော့ သင်ရင်တတ်တာပဲ။ ပိဋကတ်သုံးပုံလဲ သင်ပေးမယ့်လူရှိရင် တတ်တာပဲ။ ပိဋကတ်သုံးပုံကလဲ ပိဋကတ်ပညာပေါ့။ အဘိဓမ္မာကလဲ အဘိဓမ္မာပညာပေါ့။ ဒီလို သင်ပေးလို့ တတ်လာတဲ့ပညာတွေကို မြန်မာစကားမှာ ပညာလို့ခေါ်တာပဲ။ အခု အဘိဓမ္မာမှာပါတဲ့ ပညာစေတသိက်ဟာ ကိုယ့်ဘာသာကိုယ် ထိုးထွင်းပြီးတော့ သိလာတဲ့ပညာမျိုး ဖြစ်တယ်။ ပါဠိမှာ ဉာဏ်နဲ့ပညာဟာ အတူတူပဲ။ ဉာဏဆိုတာလဲ ထိုးထွင်း သိတယ်။ ပညာကလဲ ထိုးထွင်း သိတယ်။ ဒါပေမဲ့ မြန်မာစကား ပြောတဲ့အခါကျတော့ ဉာဏ်ရှိတာနဲ့ ပညာရှိတာ တစ်မျိုးစီ ကွာသွားတယ်။

တစ်ခုခု သူ့ဘာသာသူ တီထွင်ပြီး လုပ်တတ်လို့ရှိရင် ဒီကောင်မခေဘူး။ ဉာဏ်ရှိတယ်လို့ ဆိုတယ်။ ပညာရှိကျတော့ ကိုယ့်ဘာသာကိုယ် တီထွင်တတ်ရုံလေးနဲ့ ပညာရှိလို့ မခေါ်ဘူး။ မြန်မာမှာ ဘွဲ့ထူးဂုဏ်ထူးတွေ တသီတတန်းကြီးရှိတဲ့ ပုဂ္ဂိုလ်တွေကို ပညာရှိလို့ ခေါ်တာ၊ ဘုန်းကြီးတွေဆိုလို့ရှိရင် အဂ္ဂ

မဟာ ပဏ္ဍိတ၊ ဓမ္မာစရိယ၊ ပထမကျော် ဒီလိုဘွဲ့ကြီးတွေ တပ်တာကို ပညာရှိလို့ ခေါ်နေကြတယ်။

## အဘိဓမ္မာပညာရှိ

အဘိဓမ္မာက ပညာရှိဆိုတာ စာတစ်လုံးမှ မဖတ်တတ်ပေမဲ့ ပညာရှိလို့ ခေါ်နိုင်တယ်။ ဘာစာမှ သူမတတ်ပေမဲ့ သူက ပညာရှိ ဖြစ်နိုင်တယ်။ ဘာဖြစ်လို့ လဲဆိုတော့ ထိုးထွင်းပြီးသိတဲ့လူကို ပညာရှိလို့ခေါ်တာကိုး။ ထိုးထွင်းပြီး သိတဲ့ ဉာဏ်ဆိုတာက ပဋိသန္ဓေက ပါလာတဲ့ပညာ။ ပဋိသန္ဓေနေကတည်းက ပဋိသန္ဓေ စိတ်မှာ ပါလာတဲ့ပညာ။ စိတ်ပိုင်းသင်တဲ့အခါကျတော့ ပဋိသန္ဓေစိတ်ဆိုတာ ဉာဏဝိပ္ပယုတ်စိတ်၊ ဉာဏသမ္ပယုတ်စိတ်ဆိုတာ ရှိတယ်။

ဉာဏသမ္ပယုတ်ဝိပါက်ဆိုတာ ပညာနဲ့ ယှဉ်ပြီးတော့ သူနေတဲ့ ပဋိသန္ဓေမှာ ပညာပါလာတယ်။ ဝိပ္ပယုတ်ဆိုတာက သူနေတဲ့ ပဋိသန္ဓေစိတ်မှာ ပညာမပါဘူး။ ဒါဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်လို့ခေါ်တယ်။ အဲဒီတော့ ပဋိသန္ဓေနေကတည်း က ပဋိသန္ဓေစိတ်မှာ ပညာပါလို့ တိဟိတ်ပုဂ္ဂိုလ်ခေါ်တာ။ အလောဘရယ်, အဒေါသရယ်, အမောဟရယ် ဟိတ်သုံးပါး ပါတယ်။ ပညာကို အမောဟလို့ ခေါ်တာကို။ ပဋိသန္ဓေနေတုန်းက အမောဟ ပညာမပါဘဲ အလောဘရယ်, အဒေါသရယ်–ဟိတ်နှစ်ပါးနဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်ကို ဒွိဟိတ်ပုဂ္ဂိုလ်လို့ ခေါ်တယ်။

ပဋိသန္ဓေက ပညာပါလာတဲ့ပုဂ္ဂိုလ်မျိုးဟာ သူ့ဘာသာသူ တီထွင်ပြီးတော့ လုပ်နိုင်တယ်။ အဓိပ္ပာယ်တစ်ခု သိပ္ပံပညာတွေ ဘယ်သူ့ထံမှ ကြားဖူးတာလဲ မဟုတ်ဘူး၊ ဘယ်ကမှ မြင်ဖူးတာလဲ မဟုတ်ဘူး၊ သူ့ဘာသာသူ ထွင်ပြီးတော့ လုပ်နိုင်တယ်။ အဲသလို လုပ်နိုင်တဲ့ပုဂ္ဂိုလ်မျိုးဟာ ထိုးထွင်းပြီးသိတဲ့ ပညာရှိပဲ။ တိဟိတ်ပုဂ္ဂိုလ်မျိုးလို့ ခေါ်တယ်။

နောက်ပြီး စာတွေဘာတွေလဲ ဘယ်ပုဂ္ဂိုလ်ဆီကမှ သင်တာမဟုတ်ဘူး။ သဘောတရားရေးရာတွေ ဘာတွေလဲ ဘယ်သူ့ထံမှ မသင်ဖူးဘူး၊ မသင်ပေမဲ့

ဆရာတွေ သင်တန်းပြနေတယ်၊ သူသင်တန်းလာတက်တယ်၊ ဆရာပြောတာတွေ နားထောင်တယ်၊ သေသေချာချာမှတ်တယ်၊ ဒါတွေကတော့ မဟုတ်ဘူး၊ ဒါတွေကတော့ ဟုတ်တယ်လို့ သူက ဆုံးဖြတ်နိုင်တယ်။ ပဋိသန္ဓေက ပါလာတဲ့ ဉာဏ်က မှားတယ် မှန်တယ်ဆိုတာကို ဆုံးဖြတ်နိုင်တယ်၊ ဒီပညာကိုပဲ အမောဟ လို့လဲ ခေါ်တယ်။

ဒီဟိတ်သုံးပါးထဲက အလောဘရယ်၊ အဒေါသရယ် ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်ထဲမှာ နှစ်ခုပါသွားတယ်။ အကုသိုလ်မှာ လောဘရှိသလို ကုသိုလ်မှာ အလောဘ။ အကုသိုလ်မှာ ဒေါသရှိသလို ကုသိုလ်ကျတော့ အဒေါသ၊ လောဘနဲ့ အလောဘဟာ ဆန့်ကျင်ဘက်ပဲ၊ ဒေါသနဲ့ အဒေါသဟာ ကုသိုလ်နဲ့ အကုသိုလ်ဖြစ်လို့ ဆန့်ကျင်ဘက်ပဲ။ အကုသိုလ်မှာ မောဟရှိသလို ကုသိုလ်မှာ အမောဟရှိတယ်။

## ဘယ်အမှောင် အမိုက်ဆုံးလဲ

အဲဒီတော့ မောဟတုန်းက ဘယ်လိုအဓိပ္ပာယ်ပေးတုံး။ မောဟကို ပေးတာတွေ အများကြီး၊ ဒါပေမဲ့ ပင်ရင်းက မောဟဆိုတာ အမိုက်မှောင်ပဲ။ အဲဒီတော့ "မှောင်တကာ့မှောင်ထဲမှာ မောဟမှောင်ဟာ အမိုက်ဆုံးပဲ။ မောဟက အမိုက်မှောင်ဆိုလို့ရှိရင် အမောဟက အလင်းရောင်ဖြစ်ရမယ်။ မောဟနဲ့ အမောဟဟာ ဆန့်ကျင်ဘက်ပဲ၊ (မောဟက အမိုက်မှောင်ဆိုလို့ရှိရင် ပညာက အလင်းရောင်။) အဲဒီတော့ အမောဟက ပညာအလင်းရောင်ဆိုတာ ဘယ်နေရာမှာ လင်းသလဲ ဆိုတော့ ဒီခန္ဓာကိုယ်တွင်းမှာ လင်းသွားတာ။ မောဟဝင်လာရင် ခန္ဓာကိုယ်ထဲမှာ မှောင်သွားတယ်။ ဒါကြောင့်မို့ "ပညာအာလောကော" ပညာဟာ အလင်းရောင်နဲ့ တူတယ်လို့ ဆိုကြတယ်။

ဓမ္မစကြာမှာတော့ စက္ခုံ ဥဒပါဒိ၊ မျက်စိပွင့်သွားပြီ။ ဉာဏံ ဥဒပါဒိ၊ ဉာဏ်ပေါက်သွားပြီ။ အာလောကော ဥဒပါဒိ၊ အလင်းရောင်ရသွားပြီ။ ဝိဇ္ဇာ ဥဒပါဒိ၊ ဝိဇ္ဇာပေါက်သွားပြီ။ ဒါအတူတူပညာချည်းပဲ။ စက္ခုံ ဥဒပါဒိ၊ မျက်စိပွင့်

သွားပြီဆိုတာက ပညာစက္ခု ပွင့်သွားတာ ပြောတာ။ ပကတိမျက်စိပွင့်သွားတာ ပြောတာ မဟုတ်ဘူး။ ဒီမျက်စိက နဂိုထဲက ပွင့်နေတာပဲ။ အဲဒီတော့ စက္ခုံ ဥဒပါဒိ၊ မျက်စိပွင့်သွားပြီဆိုတာက ပညာမျက်စိပွင့်သွားတာပါ။ ဉာဏံ ဥဒပါဒိ၊ ဉာဏ်ပေါက်သွားပြီဆိုတာက နဂိုက မသိတာဟာ ခု သိသွားပြီ ပြောတာ။ အာလောကော ဥဒပါဒိဆိုတာ နဂိုက ဒီနေရာမှာ မှောင်နေတာ အခုလင်းသွားပြီ ပြောတာ။ ဝိဇ္ဇာ ဥဒပါဒိဆိုတာ နဂိုက ဒီနေရာမှာ အဝိဇ္ဇာ ဖြစ်နေတာဟာ ခု ဝိဇ္ဇာဖြစ်သွားတယ်။

အဲဒီတော့ မောဟက အမိုက်မှောင်၊ အမောဟက အလင်းရောင် ဖြစ်ပါတယ်။ မောဟကို ဘယ်လိုခေါ်သလဲ၊ အဝိဇ္ဇာလို့လဲ ခေါ်တယ်။ မောဟကို အဝိဇ္ဇာဆိုလို့ရှိရင် ပညာကို ဝိဇ္ဇာလို့ခေါ်မယ်။ အ–ဖြုတ်ပြီတော့ ဝိဇ္ဇာပေါ့။ အဲဒီတော့ ဒီနေရာမှာ ဝိဇ္ဇာဆိုတာ ကောင်းကင်ပျံတဲ့ ဝိဇ္ဇာမဟုတ်ဘူး။ ထိုးထွင်းသိတဲ့ ပညာဟာ ဝိဇ္ဇာပါပဲ။ ထိုးထွင်းပြီးသိတဲ့ပညာကို ဝိဇ္ဇာလို့ ခေါ်တာ။ သူများတကာပြောလို့ သင်လို့ ကြားလို့ သိတဲ့အသိမျိုးကို ဝိဇ္ဇာ မခေါ်ဘူး။

အဲဒါကြောင့် အဘိဓမ္မာမှာ ပညာစေတသိက်ဆိုတာက အလုပ်တစ်ခု လုပ်တဲ့အခါမှာ ကုသိုလ်လား၊ အကုသိုလ်လား၊ ဒီလိုခွဲပြီးတော့သိတယ်။ တိဟိတ်ပုဂ္ဂိုလ်ဆိုတာ မသင်ဘဲနဲ့ ကုသိုလ် အကုသိုလ်ခွဲပြီးတော့ သိတယ်။ ဒီတရားတွေဟာ အယုတ်တရားတွေပဲ၊ ဒီတရားတွေဟာ အမြတ်တရားတွေပဲလို့ ဒီလိုခွဲပြီးတော့လဲ သူက သိတယ်။ ဒီတရားတွေဟာ ဖြူစင်တဲ့တရားတွေပဲ။ ဒီတရားတွေဟာ ညစ်ပေတတ်တဲ့ တရားတွေပဲလို့လဲ ခွဲပြီးတော့ သိတယ်။

## လူကဲခတ်ရတာ လွယ်သလား

တရားတွေကို ခွဲပြီးတော့ သိတယ်ဆိုရင် လူကိုလဲ ခွဲပြီးတော့ သိတာပေါ့။ "စိန်ကဲ ရွှေကဲ၊ ဤနှစ်ကဲထက်၊ မိန်းမကဲခတ်၊ လွန်ခဲကတ်၏" လို့ မန်လည်ဆရာတော်က ဆိုတယ်။ စိန်ကို မြင်ရုံနဲ့ ဒီစိန်ဟာ ဘယ်လောက်တန်တယ်ဆိုတာ အကဲခတ်ရ အင်မတန်ခက်တာပဲ။ ဒီရွှေဟာ ၁၄–ပဲရည်ရှိတယ်၊

၁၆-ပဲရည် ရှိတယ်၊ ၁၀-ပဲရည် ရှိတယ်လို့ ရွှေကိုမြင်တာနဲ့ ရွှေကဲကို သိဖို့ဟာလဲ မလွယ်ဘူး။ စိန်ကဲတို့ ရွှေကဲတို့ အကဲခတ်ရတာထက် လူကဲခတ်ရတာ သိပ်ခက်တယ်၊ လောကမှာ လူလုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ပါရဂူဘွဲ့ကြီးတွေ တသီတတန်းကြီး ရပေမဲ့ လူကဲကျတော့ သိချင်မှ သိတာ။ လူကဲဆိုလို့ရှိရင် တချို့က မိန်းမတွေသာ အကဲခတ်ရတာ ခက်တယ်လို့ ဆိုတယ်၊ အတူတူပါပဲ၊ ယောကျ်ားတွေလဲ အကဲခတ်ရတာ ခက်တာပါပဲ။

တချို့ တကယ့်သူတော်ကောင်းလိုလို ဘာလိုလို ထင်ရပေမဲ့ တကယ်ကျတော့ သူတော်ကောင်းမဟုတ်ဘူး၊ တချို့ ပညာရှိလိုလို ဘာလိုလို ထင်ရပေမဲ့ တကယ်ကျတော့ ပညာမရှိဘူး။ တချို့ သိပ်သတ္တိရှိမယ်လို့ ထင်ရပေမဲ့ တကယ်ကျတော့ သတ္တိမရှိဘူး။ အဲဒါကြောင့် လူကဲခတ်ရတာလဲ အင်မတန်ခက်ပါတယ်။ ပဋိသန္ဓေပညာပါလာတဲ့ လူတွေကတော့ လူကိုမြင်ရုံနဲ့ အကဲခတ်တတ်တယ်၊ အရာရှိကြီးတွေ ဘာတွေ လုပ်တယ်ဆိုလို့ရှိရင် ကိုယ့်အောက်ငယ်သားတွေကို ခန့်တဲ့အခါမှာ အခုခေတ်အင်တာဗျူးဆိုတာက လူကို ခေါ်ကြည့်တာပဲ။ ဒီလူဟာ ဘယ်လောက် အရည်အချင်းရှိတဲ့လူဆိုတာ စာမေးပွဲအောင်ခဲ့တဲ့ လက်မှတ်တွေ ဘာတွေက ရှိပြီးသားပဲ။ လူခေါ်ကြည့်တယ်ဆိုတာက လူကဲခတ် ကြည့်တာပဲ။ လူအကဲခတ်တယ်ဆိုတာက လွယ်တာ မဟုတ်ဘူး။

အဲဒီပဋိသန္ဓေပညာနဲ့ မွေးလာတဲ့ပုဂ္ဂိုလ်က စာတွေ ဘာတွေတတ်ဖို့ သိပ်မလိုဘူး။ ဘွဲ့တွေ ဘာတွေ မရပေမဲ့ သူက လူတစ်ယောက်ကို ကြည့်မယ်ဆိုရင် ဒီလူဟာ ဘယ်လောက်ထိအောင် အထက်တန်းရောက်နိုင်တဲ့လူတစ်ယောက်၊ ခုနေခါ ဆင်းဆင်းရဲရဲ စုတ်စုတ်ပြတ်ပြတ်နဲ့ တွေ့ချင်တွေ့မယ်။ တွေ့ပေမဲ့ ဒီလူရဲ့ ပြောပုံ ဆိုပုံ လုပ်ပုံ ကိုင်ပုံ သွားပုံ လာပုံကို တွေ့ရတော့ ဒီလူဟာ တကယ်ထိပ်တန်းရောက်နိုင်တယ်ဆိုတာ သိတယ်၊ ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ ဒီလူဟာ အောက်တန်းစားဖြစ်နိုင်တဲ့လူပဲ။ အထက်တန်းစား ဖြစ်နိုင်တဲ့လူပဲ။ အယုတ် အလတ် အမြတ် ခွဲခြားပြီးတော့ သူက သိတယ်။ ဒါ ပဋိသန္ဓေ ပညာပါပဲ။

## အသိသုံးမျိုး ခွဲတာ ဟုတ်ရဲ့လား

အဘိဓမ္မာမှာ ပညာရယ်၊ ဝိညာဉ်ရယ်၊ သညာရယ် သုံးခုရှိတယ်၊ အဲဒီသုံးခုက သိတော့ သိတာချည်းပဲ၊ သညာသိရယ်၊ ဝိညာဉ်သိရယ်၊ ပညာသိရယ် ဘယ်လိုထူးသလဲတဲ့၊ အဘိဓမ္မာမှာ ပြဿနာလုပ်ကြတယ်။

သညာဆိုတာ မှတ်တယ်၊ မှတ်တယ်ဆိုပေမဲ့ သူလဲသိတာပဲ၊ မှတ်ပြီးတော့ သိတယ်။ ဝိညာဉ်ကလဲ သိတာပဲ။ ဝိညာဉ်ဆိုတာ စိတ်ကိုပြောတာ၊ စိတ်က အာရုံကိုသိတာပဲ၊ သညာကလဲ အာရုံကို မှတ်တာပဲ။ ပညာကလဲ သိတာပဲ။ အဲဒီတော့ သညာသိ၊ ဝိညာဉ်သိနဲ့ ပညာသိ၊ ဒီသုံးမျိုး ဘယ်လို ထူးသလဲတဲ့။ အရပ်ထဲမှာတော့ ဝိညာဉ်သိ သညာသိ ပညာသိလို့ မခွဲပါဘူး။

အဘိဓမ္မာဆရာတွေက ရွှေနဲ့ ဥပမာပေးကြတယ်။ ဘယ်လို ဥပမာပေးလဲဆိုတော့ ကလေးဟာ ရွှေကို မြင်တယ်ဆိုလို့ရှိယင် ဝါဝါလေး လှလှလေးလို့ ဒါလောက်ပဲသိတယ်။ ရွှေမှန်းတော့ မသိဘူး၊ အဲဒီတော့ ဝါဝါလေးကိုပဲ သူမှတ်လိုက်တယ်။ ဝိညာဉ်သိကတော့ အရပ်ထဲက အရပ်သူ အရပ်သားတွေဟာ ရွှေကို တွေ့လိုက်လို့ရှိရင် ရွှေလို့ သိတယ်၊ ဒါပေမဲ့ ဒီရွှေဟာ ၁၄–ပဲရည် ရှိသလား၊ ၁၅–ပဲရည် ရှိသလား၊ ၁၆–ပဲရည် ရှိသလားလို့တော့ မသိဘူး၊ ဒါ ဝိညာဉ်သိပါပဲ။

ပန်းထိမ်သွားပြတဲ့ အခါကျတော့ ပန်းထိမ်သည်က ကြည့်လိုက်တယ်ဆိုယင် ဒီရွှေကတော့ ၁၄–ပဲရည် ရှိတာပဲ။ ၁၅–ပဲရည် ရှိတာပဲ၊ အဲဒီလို သိတယ်။ ဒါက ပညာသိပါပဲ။ အဲသလို သညာသိ၊ ဝိညာဉ်သိ၊ ပညာသိကို ဥပမာပေးကြတယ်။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာစေတသိက်တွေ ပြတဲ့ အခါကျတော့ သဘောပေါက်လာမှာပါ။ ဒါကတော့ အကြမ်းဖျင်းသဘောပါ။ ရှေးက အဘိဓမ္မာဆရာတော်ကြီးတွေ ပြတဲ့နည်းတွေပဲ၊ အခု ဒါလောက်ပဲ မှတ်ထားပါ။ ဒီတော့ ကုသိုလ်စေတသိက် ၂၅–လုံး ကုန်ပြီထားပါတော့။

လူဆိုတာ ပခုံးနှစ်ဘက်ကြား ခေါင်းပေါက်တိုင်း လူ မဟုတ်ဘူး။ ရှေးလူကြီးတွေက လူဆိုတာ ကုသိုလ်နဲ့ အကုသိုလ် ခွဲပြီးတော့သိမှ လူလို့ခေါ်တယ်တဲ့။ ပခုံးနှစ်ဘက်ကြား ခေါင်းပေါက်တိုင်း လူလို့ ခေါ်မယ်ဆိုလို့ရှိရင်တော့ တစ်ကမ္ဘာလုံးက ပုဂ္ဂိုလ်အားလုံးကို လူခေါ်နိုင်တယ်။ ဒါကြောင့်မို့လို့ ဒီတရားတွေက အကုသိုလ်တွေပဲ၊ ဒီတရားတွေက ကုသိုလ်တွေပဲလို့ ကုသိုလ်နဲ့ အကုသိုလ် ခွဲခြားပြီးတော့ သိအောင် ရှင်းလင်းပေးဖို့ပါပဲ။

ပိဋကတ်သုံးပုံမှ အကုန်ထုတ်လိုက်တော့ အကုသိုလ်တရားက တဆယ့်လေးခုပဲ ရှိတယ်၊ ကုသိုလ်တရားက နှစ်ဆယ့်ငါးခုပဲ ရှိတယ်။ အဘိဓမ္မာက ကျယ်ချင်သလောက်ကျယ်၊ စာအုပ်ပေါင်း သိန်းသန်းချီပြီးတော့ ထုတ်ချင်တိုင်းထုတ်၊ ရေးချင်တိုင်း ရေး၊ ကုသိုလ်နဲ့ အကုသိုလ်ကို ခွဲသိသွားရင်တော့ ဒါလူစင်စစ် ဖြစ်သွားတာပဲ။

■ ■ ■ ■ ■

# အခန်း (၃)

## ကုသိုလ် အကုသိုလ် နှစ်ဘက်ရ စေတသိက်များ (အညသမာန်းစေတသိက်)

### နှစ်ဘက်ရစေတသိက်

နှစ်ဘက်ရစေတသိက်ကို ရှေးက သင်္ဂြိုဟ်ဆရာတွေကတော့ ပါဠိလို အညသမာန်းစေတသိက်လို့ခေါ်တယ်။ ကုသိုလ်စေတသိက်ကို သောဘန စေတသိက်လို့ ခေါ်တယ်။ နှစ်ဘက်ရဆိုတာ ဒီစေတသိက်တွေက ကုသိုလ်လုပ်တဲ့အခါမှာလဲ ပါတယ်။ အကုသိုလ်လုပ်တဲ့အခါမှာလဲ သူတို့က ပါတယ်၊ ကုသိုလ်လုပ်တဲ့အခါမှာ သူတို့က ကုသိုလ်စေတသိက်ဖြစ်သွားတာပဲ၊ အကုသိုလ်လုပ်တဲ့အခါမှာ အကုသိုလ်စေတသိက် ဖြစ်သွားတာပဲ။

ဘာနဲ့တူသလဲဆိုတော့ တချို့လူတွေဟာ ရှင်ပြုဖို့ ရဟန်းခံဖို့ ကုသိုလ်လုပ်တဲ့အခါလဲ ဒီလူစုပါတာပဲ၊ သူတို့ပဲ ချက်ပြုတ်၊ သူတို့ပဲ စားသောက်ကြတာပဲ။ အရက်ဝိုင်းတွေ ဖဲဝိုင်းတွေမှာလဲ ဒီလူစုကပါတာပဲ။ သူတို့က ကောင်းတဲ့ဘက်ကိုရော မကောင်းတဲ့ဘက်ကိုရော ပါတဲ့လူတွေပဲ။ နှစ်ဘက်ရ စေတသိက်ကလဲ ဒီအတိုင်းပဲ။ သူတို့က ကုသိုလ်စေတသိက်တွေနဲ့လဲ ပေါင်းလို့ရတယ်။ အကုသိုလ်စေတသိက်တွေနဲ့လဲ ပေါင်းလို့ရတယ်။

အကုသိုလ်စေတသိက်ကတော့ သူတို့က ကုသိုလ်လုပ်တဲ့အခါ ဘယ်တော့မှ မပါဘူး၊ ကုသိုလ်စေတသိက်တွေကလဲ အကုသိုလ်စေတသိက်တွေ ဖြစ်နေတဲ့ အခါ သူတို့က ပါကို မပါဘူး။ သူတို့က ရှင်းတယ်။ ဒီစေတသိက်တွေကတော့ နှစ်ဘက်ရ။ ဘာဖြစ်လို့ နှစ်ဘက်ရသလဲဆိုတော့ နောက်ကျတော့ ရှင်းလာမှာပါ။ အဲဒီတော့ နှစ်ဘက်ရစေတသိက်တစ်ဆယ့်သုံးလုံးမှာ ဒီလိုရှိသေးတယ်။ စိတ်အားလုံးမှာ ပါဝင်တဲ့ စေတသိက်က ခုနစ်လုံးရှိတယ်။ ဘယ်စိတ်ဖြစ်ဖြစ် စိတ်ဖြစ်တယ်ဆိုရင် ဒီစေတသိက်ခုနစ်လုံးက ပါရတယ်။ စိတ်က အားလုံး (၈၉) ခု ရှိတယ်။ အဲဒီတော့ ကုသိုလ်စိတ်ပဲဖြစ်ဖြစ်၊ အကုသိုလ်စိတ်ပဲ ဖြစ်ဖြစ် ဝိပါက်စိတ် ကြိယာစိတ် လောကီစိတ် လောကုတ္တရာစိတ် ဖြစ်ချင်တဲ့စိတ်ဖြစ်ပါစေ ဒီစေတသိက်ခုနစ်လုံးမပါဘဲနဲ့ ဘယ်စိတ်မှ မဖြစ်နိုင်ဘူး။

အဲဒီစေတသိက်ခုနစ်လုံးကို သင်္ဂြိုဟ်ဆရာက "သဗ္ဗစိတ္တသာဓာရဏ" စေတသိက်လို့ နာမည်ပေးထားတယ်။ သဗ္ဗ=အားလုံး၊ စိတ္တ=စိတ်။ သာဓာရဏ= ဆက်ဆံတယ်။ စိတ်အားလုံးနဲ့ ဆက်ဆံတဲ့ စေတသိက်(စိတ်အားလုံးနဲ့ ပေါင်းသင်း နိုင်တဲ့ စေတသိက်)ကို သဗ္ဗစိတ္တသာဓာရဏစေတသိက်ဆိုပြီးတော့ ပါဠိလို ခေါ်တယ်။ စိတ်အားလုံးနဲ့ ဆက်ဆံတယ်၊ စိတ်အားလုံးမှာ ပါဝင်တယ်၊ ဘယ်စိတ်ပဲဖြစ်ဖြစ် ဒီစေတသိက် ခုနစ်ခုမပါဘဲနဲ့ လောကုတ္တရာစိတ်ပဲဖြစ်ဖြစ်၊ လောကီစိတ်ပဲဖြစ်ဖြစ် ဘယ်စိတ်မှ မဖြစ်နိုင်ဘူး။

နောက်ပြီး စိတ်အချို့အဝက်၌သာ ပါဝင်တဲ့ စေတသိက်များလဲ ရှိသေးတယ်။ ဒီစေတသိက်တွေကတော့ စိတ်အားလုံးတော့မဟုတ်ဘူး။ စိတ်အချို့ အဝက်မှာသာ ပါဝင်တဲ့ စေတသိက်တွေပဲဖြစ်ပါတယ်။ စိတ်အချို့အဝက်ဆိုတာက စိတ် (၈၉) ခုထိအောင် မရောက်ဘူးပေါ့၊ (၇၀) ဖြစ်ချင်လဲ ဖြစ်မယ်၊ (၆၀) ဖြစ်ချင်လဲ ဖြစ်မယ်၊ (၈၀) ဖြစ်ချင်လဲ ဖြစ်မယ်။ သို့ပေမဲ့ ကုသိုလ်အကုသိုလ်တော့ ရောတယ်။ စိတ်အချို့အဝက်ဆိုပေမဲ့ ကုသိုလ်စိတ်အချို့အဝက် အကုသိုလ်စိတ် အချို့အဝက် အဲဒီလိုတော့ မဟုတ်ဘူး။ ကုသိုလ်အကုသိုလ်ရောပြီးတော့

ကုသိုလ်မှာလဲ သူပါတာပဲ။ အကုသိုလ်မှာလဲ သူပါတာပဲ။ ကုသိုလ် အကုသိုလ် ရောပြီးတော့ သူက ယှဉ်တာ။

အဲဒီ စေတသိက်ကို "ပကိဏ်းစေတသိက်လို့" ခေါ်တယ်။ ပကိဏ္ဏက ပါဠိကလာလို့ ပကိဏ်းစေတသိက်လို့ မြန်မာပြန်တယ်။ ပကိဏ္ဏက ဆိုတာက ကုသိုလ် အကုသိုလ် ရောပြီးတော့ နေတာ။ ရှေးတုန်းကတော့ ရောပွမ်းတယ်တဲ့။ ပွမ်းတယ်ဆိုတဲ့ စကားကို အခုခေတ်က သိပ်မသုံးဘူး။ ဒါကြောင့်မို့လို့ ရောတယ်လို့ သုံးလိုက်တယ်။ ရောတာနဲ့ ပွမ်းတာ အတူတူပဲ။ ရှေးတုန်းက ဒံပေါက်ထမင်းကို သားပွမ်းထမင်းလို့ ခေါ်တယ်။ အခုခေတ်မှာ ဒံပေါက်ထမင်းလို့ပဲ ခေါ်တယ်။ အသားတွေနဲ့ရောပြီးတော့ ချက်ထားလို့ သားပွမ်းထမင်း၊ အသားတွေနဲ့ရောထားတဲ့ ထမင်းပါပဲ။

ကုသိုလ်သက်သက် အကုသိုလ်သက်သက် ဒီလိုယှဉ်တာမဟုတ်ဘူး။ ကုသိုလ်ရော အကုသိုလ်ရော ရောပြီးယှဉ်တယ်၊ ဒါကြောင့်မို့လို့ သူ့ကို ပကိဏ်းစေတသိက်လို့ ခေါ်တယ်။ အဲဒီတော့ ပကိဏ်းစေတသိက်က (၆) လုံး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက်က (၇)လုံး၊ ပေါင်း (၁၃)လုံး ဖြစ်ပါတယ်။ အဲဒီ ဆယ့်သုံးလုံးက နှစ်ဘက်ရစေတသိက်။ ကုသိုလ်နဲ့ အကုသိုလ် နှစ်ဘက်မှာ ပါဝင်လို့ နှစ်ဘက်ရစေတသိက်။

## စိတ်အားလုံးမှာ ပါဝင်တဲ့ စေတသိက်

### ဖဿစေတသိက်

သင်္ဂြိုဟ်မှာဆိုရင် စိတ်အားလုံးမှာ ပါဝင်တဲ့ စေတသိက် (၇)လုံးမှာ ဖဿစေတသိက်ကို နံပါတ် (၁) ပြတယ်။ ဘာဖြစ်လို့ ဖဿကို ပထမဆုံး ပြရသလဲဆိုတော့ ဘယ်စိတ်ဖြစ်ဖြစ် ဖဿမရှိဘဲနဲ့ ဖြစ်လို့မရဘူး၊ မြန်မာလို ရိုးရိုးကလေးဘာသာပြန်ကြတာကတော့ ဖဿကို တွေ့ထိမှုလို့ ပြန်တယ်။ နည်းနည်းတိုးပြီးတော့ တိုက်ဆိုင်မှုလို့ ပြန်လိုက်တယ်။ ဘယ်လိုပဲပြန်ပြန်

ဖဿစေတသိက်ရဲ့ အဓိပ္ပါယ်ဟာ တကယ်ကတော့ တွေ့ထိတာလဲမဟုတ်ဘူး၊ ဖဿက နာမ်တရား၊ နာမ်တရားဟာ ထိလို့ရပါမလား၊ နာမ်တရားဟာ တွေ့ထိလို့ မရပါဘူး။ တွေ့ထိတယ်ဆိုတာက ဖောဋ္ဌဗ္ဗ၊ တွေ့ထိတာဟာ ဖောဋ္ဌဗ္ဗပဲ၊ ဖဿမဟုတ်ဘူး၊ အဲဒီတော့ တွေ့ထိတယ်လို့ ဘာသာပြန်လဲ ဖဿထိအောင်တော့ မရောက်ဘူး။ တိုက်ဆိုင်တယ်ဆိုလို့ရှိရင်တော့ တစ်ယောက်နဲ့ တစ်ယောက် မထိဘဲနဲ့ မျက်နှာချင်းဆိုင်နေရင်တော့ ရတယ်။ တိုက်ဆိုင်မှုကတော့ နည်းနည်း အဓိပ္ပါယ်ထိရောက်တယ်။

ဖဿသဘောကို နားလည်အောင် ပထမ ရုပ်တွေနဲ့ ပြမယ်၊ စက္ခုပသာဒ ဆိုတာ မျက်စိထဲက အကြည်ဓာတ်ပါပဲ၊ ပသာဒလို့ ခေါ်တယ်၊ (သို့သော် မျက်စိပဲ ဆိုပါတော့)။ သောတပသာဒက နားထဲက အကြည်။ ဒီနားကြီးကို ခေါ်တာမဟုတ်ဘူး။ ဒီနားထဲမှာ ကြားနိုင်တဲ့ အကြည်ဓာတ်လေးရှိတယ်။ ဃာန ပသာဒဆိုတာက နှာခေါင်းပဲဆိုပါတော့။ တကယ်ကတော့ ဒီနှာခေါင်းကြီး ကတော့ အနံ့ မရနိုင်ဘူး။ သို့ပေမဲ့ အနံ့ရနိုင်တဲ့ ပသာဒလေးကတော့ နှာခေါင်းထဲမှာ ရှိတယ်။ ဇိဝှါကတော့ လျှာ၊ လျှာထဲမှာ အချိုအချဉ်အရသာကို သိတဲ့ ပသာဒလေးရှိတယ်။ ကာယပသာဒ ဆိုတာကတော့ ကိုယ်ကာယပဲ။ ကိုယ်ကာယဆိုပေမဲ့ ထိလို့ သိတာက ပသာဒကသိတာ၊ နူနေလို့ အကွက်ရှိတဲ့ နေရာမှာ ပသာဒမရှိရင် ထိလို့ မသိနိုင်ပါဘူး။ ခြေသဲလက်သဲတို့လဲ ထိတာကို မသိနိုင်ပါဘူး။

အဲဒီတော့ စက္ခုပသာဒနဲ့ ရူပါရုံ၊ ဒါတွေဟာ ရုပ်တွေချည်းပါပဲ။ မျက်စိနဲ့ မြင်ရတာတွေဟာ ရူပါရုံချည်းပဲ၊ သဒ္ဒါရုံဆိုတာက ကြားရတဲ့ အသံတွေပဲ။ ဂန္ဓာရုံဆိုတာက အနံ့တွေပဲ။ ရသာရုံဆိုတာက အရသာတွေပဲ။ တွေ့ထိစရာတွေဟာ ဖောဋ္ဌဗ္ဗာရုံတွေပဲ။

**မြင်အောင်လုပ်ပေးတာ ဖဿပဲ**

ဖဿရဲ့အဓိပ္ပါယ်ကို ဒီလိုရုပ်တွေကို မလေ့လာလို့ရှိရင် ပြောလို့နားမလည်ဘူး။ အဲဒီတော့ စက္ခုပသာဒနဲ့ ရူပါရုံတိုက်ဆိုင်တယ်၊ စက္ခုပသာဒနဲ့ ကြည့်လို့ မြင်ရတယ်။ ဘာဖြစ်လို့ မြင်ရတာလဲ၊ တကယ်ထိရဲ့လားဆိုတော့ မထိပါဘူး။ စက္ခုပသာဒနဲ့ ရှေးတည့်တည့်မှာ ရှိတဲ့ ရူပါရုံဆိုတဲ့ အဆင်းတွေ တိုက်ဆိုင်တော့ ဘယ်ဟာ ဖဿခေါ်မလဲ၊ ဖဿက ဘယ်နေရာမှာ ဖြစ်မှာလဲ။ စက္ခုပသာဒမျက်စိထဲမှာ လာပြီးတော့ ဖဿဖြစ်မှာလား၊ ရူပါရုံတွေထဲမှာ ဖဿဖြစ်မှာလား။ တကယ့် သဘောတရားအရ ဖဿဟာ ဘယ်လိုဟာတုံးဆိုရင် စက္ခုပသာဒနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့အခါ မြင်နိုင်အောင် လုပ်ပေးတာ ဖဿပဲ ဖြစ်တယ်။

ဖဿက နာမ်တရား နာမ်ဓာတ်ဖြစ်တယ်၊ ဒီမှာ ရူပါရုံတွေရှိနေတယ်၊ စက္ခုပသာဒရှိနေတယ်၊ စက္ခုပသာဒက ရုပ်ဖြစ်တယ်၊ ရူပါရုံကလဲ ရုပ်ပဲဖြစ်တယ်။ ရုပ်ဆိုတဲ့ သဘောတရားဟာ ဘာမှသိတတ်တဲ့ သဘောမရှိဘူး။ ဒီရုပ်နှစ်ခု ပေါင်းဆုံတဲ့အခါ မြင်တာက ဘယ်သူ့ကြောင့် မြင်တာလဲ၊ ဖဿကြောင့်ပဲ။ ဖဿက အောင်သွယ်ပဲ။ အမှန်က စက္ခုပသာဒနဲ့ ရူပါရုံပေါင်းဆုံတဲ့အခါ စက္ခုဝိညာဉ်စိတ်က မြင်နိုင်အောင် ဖဿက အောင်သွယ်လုပ်ပေးတာ။ ဖဿက အောင်သွယ်လုပ်ပေးတဲ့အခါကျမှ သူတို့ ပေါင်းဆုံလို့ မြင်တာက ဘယ်သူ မြင်တာလဲ၊ စက္ခုက မြင်မှာလား၊ ရူပါရုံက မြင်မှာလား၊ ဖဿက မြင်မှာလားလို့ မေးရင် သူတို့သုံးခုက မမြင်နိုင်ဘူး၊ စက္ခုဝိညာဉ်ကသာ မြင်တာဖြစ်တယ်။

စက္ခုဝိညာဉ်က စိတ်၊ ဖဿက စေတသိက်ဖြစ်ပါတယ်။ စက္ခုပသာဒက မြင်နိုင်တဲ့ သဘောတရားမရှိဘူး။ ရုပ်ကြီးဖြစ်တယ်။ ရူပါရုံကလဲ မြင်နိုင်တဲ့ သဘောတရားမရှိဘူး။ ဖဿကလဲ မြင်နိုင်သလားဆိုတော့ စက္ခုပသာဒနဲ့ ရူပါရုံ ဓာတ်နှစ်ပါးတိုက်ဆိုင်တဲ့အခါ စက္ခုဝိညာဉ်စိတ်ကို မြင်အောင် သူက တွန်းပေးတာပဲရှိတယ်။ ဒါကြောင့်မို့လို့ စက္ခုဝိညာဉ်စိတ်ဖြစ်တယ်ဆိုရင် ဖဿပါရတယ်။

ဖဿဟာ စိတ်မှန်သမျှ အကုန်လုံးယှဉ်တယ်ဆိုတဲ့ သဘောတရားဟာ အင်မတန် နက်နဲတယ်နော်။ ဒါက အဘိဓမ္မာကျမ်းတွေ လျှောက်ဖတ်လို့ မရဘူး။

ဒီလိုသိတဲ့အခါကျတော့ တရားယှုလို့ရတယ်။ ဝိပဿနာရှုလို့ရတယ်၊ ဝိပဿနာ ရှုတယ်ဆိုတာက နာမ်ရုပ်ကိုသိအောင် လုပ်တာပါပဲ။ ဒီလိုဝိပဿနာ မရှုနိုင်ဘဲနဲ့ဆိုရင် ရုပ်တွေ နာမ်တွေဖြစ်ပျက်မှုကို မသိနိုင်ဘူး။ စက္ခုပသာဒက ရုပ်၊ ရူပါရုံက ရုပ်၊ ရုပ်နှစ်ခု ထိခိုက်တဲ့အခါ စက္ခုဝိညာဉ်စိတ်ကို မြင်အောင် ဖဿက တွန်းပေးလိုက်တာ။ ဖဿက တွန်းပေးလိုက်တဲ့အခါမှ စက္ခုဝိညာဉ်က မြင်နိုင်တာ။ အဲဒီတော့ စက္ခုဝိညာဉ်နဲ့ ဖဿက နာမ်တရား၊ သူတို့နှစ်ခုကလဲ တစ်ပြိုင်ထဲဖြစ်တယ်။

ပဋ္ဌာန်းကျတော့ စက္ခုဝိညာဉ်စိတ်နဲ့ ဖဿဟာ အညမညပစ္စည်း၊ ဖဿ ကြောင့် စက္ခုဝိညာဉ်စိတ်ဖြစ်တယ်။ စက္ခုဝိညာဉ်က နောက်ကျမှ ဖြစ်တာ မဟုတ်ဘူး။ စက္ခုဝိညာဉ်နဲ့ ဖဿ တစ်ပြိုင်နက်ထဲ ဖြစ်တာ။ တစ်ပြိုင်နက်ထဲ ဖြစ်ပေမဲ့ အကြောင်းအကျိုး ပြန်ရှုတဲ့အခါကျတော့ ဖဿကြောင့် စက္ခု ဝိညာဉ်ဖြစ်တယ်။ စက္ခုဝိညာဉ်ကြောင့် ဖဿဖြစ်တယ်လို့ အကြောင်းအကျိုး ဒီလိုရတယ်။ အဲဒီတော့ စက္ခုဝိညာဉ်စိတ်ဟာ ဖဿမပါဘဲနဲ့ သူက ဖြစ်လို့မရဘူး။ ဒါကြောင့်မို့လို့ ဘယ်စိတ်ဖြစ်ဖြစ် ဖဿပါရတယ်လို့ဆိုခြင်း ဖြစ်ပါတယ်။

သောတပသာဒနဲ့ သဒ္ဒါရုံ တိုက်ဆိုင်လို့ရှိရင် သောတဝိညာဉ်ကို ကြားအောင်လဲ ဖဿက အောင်သွယ်လုပ်ပေးတာပဲ။ ဖဿက အောင်သွယ် လုပ်တော့ ကြားတာ ဖဿလားဆိုတော့ မဟုတ်ဘူး။ ဘယ်သူကကြားမလဲဆိုရင် သောတဝိညာဉ်စိတ်ကသာ ကြားမယ်။ အဘိဓမ္မာမှာ လှည့်စားလို့ မရဘူး။ ဖဿက ကြားအောင် အောင်သွယ်လုပ်ပေးရုံပဲ ရှိတယ်။ တကယ် ကြားတာ သောတဝိညာဉ်က ကြားတာတဲ့။

အဲဒီတော့ ဃာနပသာဒနဲ့ ဂန္ဓာရုံနှစ်ခု ထိခိုက်တော့ အနံ့ကို ဂန္ဓာရုံက နံတာလားဆိုရင် ဂန္ဓာရုံက မနံဘူး၊ အနံ့က ရုပ်ကြီးပဲ၊ လူတွေကတော့ ဃာနပသာဒ (နှာခေါင်းက) နံတယ်လို့ ပြောတာပဲ။ အဲဒီတော့ (နှာခေါင်းက)

ဃာနပသာဒကလဲ နာမ်တရားမဟုတ်ဘူး။ ဂန္ဓာရုံကလဲ နာမ်တရားမဟုတ်ဘူး၊ နံတာက ဘယ်သူက နံတာတုံး၊ ဃာနဝိညာဉ်စိတ်ကမှ နံတာဖြစ်ပါတယ်။ ဒီဃာနပသာဒတို့ ဂန္ဓာရုံတို့ဟာ ရုပ်တွေဆိုတော့ နံတဲ့သဘောတရားမရှိဘူး။ အရုပ်ထဲမှာတော့ နာခေါင်းကနံတယ်တဲ့။ ဒါကတော့ ဥပစာတင်ပြောတာပါ။

## ဖဿရဲ့ ဥပမာများ

တချို့က လျှာပေါ်ကို ထိတာ ဖဿလို့ ထင်တယ်၊ ဖဿ မဟုတ်ဘူး။ ဖဿက ထိကို မထိရဘူး။ ဖဿက နာမ်တရား၊ နာမ်တရားဆိုတာက ဇိဝှါဝိညာဉ်စိတ် ဖြစ်အောင် သူက အောင်သွယ်ပေးတဲ့တရားပဲ။ ဒါကြောင့်မို့ ဖဿကို ဘာနဲ့ ဥပမာပေးကြသလဲဆိုတော့ ခပ်ကြမ်းကြမ်းတွေပဲ။ တစ်ယောက်က ချဉ်းသီးစားနေတယ်တဲ့၊ စားတာကတော့ ဟိုလူ၊ သွားရည်ကျတော့ ကိုယ်ကလာပြီး သွားရည်ကျတယ်။ ကိုယ့်ပါးစပ်ထဲမှာ ချဉ်သီးနဲ့ ထိရဲ့လားဆိုတော့ မထိပါဘူး။ မထိပေမဲ့ ကြည့်ပြီးတော့ သွားရည်ကျနေတယ်။ အဲဒါဖဿပဲတဲ့၊ တကယ်ကတော့ စောဒကတက်စရာတွေ အများကြီးပဲ။ သွားရည်ကျတိုင်း ဖဿတော့ မဟုတ်ဘူး။

တချို့က ဒီဥပမာ သိပ်မကြိုက်ကြဘူး။ ဒါကြောင့် ဘာနဲ့ ဥပမာပေးလဲ ဆိုတော့ ကိုယ်နဲ့ရင်းနှီးတဲ့ လူက ဟိုအမြင့်ကြီးတက်နေတယ်။ သိပ်မြင့်တော့ အောက်ကလူက ဒူးတုန်နေတယ်။ အောက်ကလူက ကြောက်တတ်တဲ့ လူဆိုတော့ ဒူးတုန်နေတယ်။ ဒါဘာလဲ ဆိုတော့ ဖဿကို ဥပမာပေးကြတာပဲ။ အဘိဓမ္မာ သဘောအစစ်က အရသာကို သိတဲ့ ဇိဝှါဝိညာဉ်ဖြစ်ဖို့ရာက အနည်းဆုံး အကြောင်းပေါင်း ရှစ်ခုရှိမှ ဖြစ်တာကိုး။ အဲဒီတော့ ဖဿကလဲအကြောင်းတစ်ခုပဲ။ ဖဿက ရသာရုံနဲ့ လျှာနဲ့ထိအောင် ရုပ်တွေချင်း ထိအောင်လဲ လုပ်မပေးနိုင်တော့ ပါဘူး။ တကယ်ကတော့ ဇိဝှါဝိညာဉ်စိတ် အရသာသိတဲ့စိတ် ဖြစ်ပေါ်လာအောင် ဖဿက တွန်းအားတစ်ခုပါပဲ။ ရသာရုံ သိတာကတော့ ဇိဝှါဝိညာဉ်က သိတာပါ။

**ဖောဋ္ဌဗ္ဗနဲ့ ဖဿ တူသလား**

ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံ အကြောင်းရှင်းပြမယ်။ ဖောဋ္ဌဗ္ဗာရုံဆိုတာက ပထဝီရယ်၊ တေဇောရယ် ဝါယောရယ် (ပေါင်း) သုံးခုဖြစ်ပါတယ်။ အာပေါ မပါဘူး။ အဲဒီရုပ်တွေက သူတို့ကို ထိလို့ရတယ်။ တကယ်ထိလို့ ရတယ်။ ဖောဋ္ဌဗ္ဗာရုံဆိုတာ ဖဿမဟုတ်ဘူး။ ထိလို့ရတယ်။ တချို့က ဖောဋ္ဌဗ္ဗနဲ့ ဖဿ မကွဲဘူး။ ပထဝီ တေဇော ဝါယောဆိုတာ ရုပ်တွေဆိုတော့ ထိလို့ ရတယ်။ အဲဒီတော့ ကာယပသာဒဆိုတာက ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ ရှိနေတဲ့ ပသာဒ ဖြစ်တယ်၊ ထိရင် သိတယ်။ သိတာက ကာယဝိညာဉ် ဖြစ်တယ်။

အဲဒီတော့ ကာယဝိညာဉ်ဖြစ်ပေါ်လာအောင် ဖဿက အောင်သွယ်လုပ်ပေးတယ်။ တွန်အားပေးတယ်။ ကာယဝိညာဉ်စိတ်လေးဖြစ်လာအောင် သူက တွန်းပေးတာပဲ။ ဥပမာပေးရရင် နည်းနည်းတော့ ကြမ်းတာပေါ့၊ လူငယ်တွေ နားလည်အောင်ဆိုလို့ရှိရင် သူငယ်ချင်းတစ်ယောက်က မိန်းမလိုချင်နေတယ်၊ လိုချင်ပေမဲ့ သူတစ်ယောက်ထဲ မစွံဘူး၊ တခြားတစ်ယောက်က ကူညီပေးရတယ်၊ ဒီလိုပဲ ဖဿက အတွေ့အထိသိတဲ့ ကာယဝိညာဉ်စိတ်ဖြစ်အောင် အကူအညီ ပေးတာပါပဲ၊ အဲဒါက ဖဿ စေတသိက်ကို အာရုံတို့ ပသာဒတို့နဲ့ တွဲပြီး ရှင်းပြတာဖြစ်တယ်။ တွဲပြောတော့ နဲနဲတော့ အဓိပ္ပါယ်ပေါ်ပါတယ်။

**ဖဿ (၆) မျိုး**

စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနော ဒွါရဆိုပြီး ဒွါရခြောက်ပါးရှိတယ်။ ဖဿကို ဒွါရဘက်လိုက်ပြီးတော့ စက္ခုသမ္ဖဿ လို့ ဆိုတယ်။ သံ တစ်လုံးပိုလာတာပါပဲ။ အမှန်ကတော့ စက္ခုဖဿပဲ ဖြစ်ပါတယ်။ ဒွါရ ခြောက်ပါးရှိတော့ ဖဿကလဲ ခြောက်မျိုးဖြစ်သွားတာပေါ့။ စက္ခုဒွါရနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့အခါ ဖဿဖြစ်တာကိုး။ ဖဿကို တွေ့ထိမှုလို့ ဘာသာပြန်ပြန်၊ တိုက်ဆိုင်မှုလို့ပဲ ပြန်ပြန် ကြိုက်သလို ဘာသာပြန်နိုင်ပါတယ်။

စက္ခုဒွါရနဲ့ ရူပါရုံတိုက်ဆိုင်တဲ့အခါမှာ ဖဿကို နာမည်ပေးတော့ ရူပါရုံဘက်ကို လိုက်ပြီး နာမည်မပေးဘူး။ ရူပသမ္ဖဿလို့ နာမည်မပေးဘဲ စက္ခုသမ္ဖဿလို့ နာမည်ပေးတယ်။ အဲဒီတော့ စက္ခုပသာဒကို ရူပါရုံက တိုက်ဆိုင်တဲ့အခါမှာ စက္ခုဝိညာဉ်လို့ခေါ်တဲ့ မြင်စိတ်က စက္ခုပသာဒကနေ ဖြစ်နေတယ်။ စက္ခုပသာဒကနေ ဖြစ်တဲ့အခါကျတော့ မြင်စိတ်ကို မြင်အောင် ဖဿက အောင်သွယ်လုပ်ပေးရတာပေါ့။ တွန်းပေးရတာပေါ့။ ဒါကြောင့် ဖဿက ရူပါရုံဘက်ကို အားမများဘဲနဲ့ စက္ခုပသာဒခေါ်တဲ့ မျက်စိဘက်မှာ အားများနေတယ်၊ ဒါကြောင့် စက္ခုသမ္ဖဿလို့ မျက်စိဘက်ကို လိုက်ပြီးတော့ ဖဿကို နာမည်ပေးလိုက်တယ်။

ဒီအတိုင်းပဲ သောတပသာဒနဲ့ သဒ္ဒါရုံ တိုက်ဆိုင်တဲ့အခါမှာ အသံကို နားက ကြားတော့ ဖဿက သောတဝိညာဉ်စိတ်မှာ အကူဖြစ်ရတာ၊ ဒီတော့ သောတဝိညာဉ်ခေါ်တဲ့ ကြားစိတ်က သဒ္ဒါရုံကို ကြားအောင် နားထောင်အောင် ကြိုးစားအားထုတ်ပေးတယ်၊ အောင်သွယ်ပေးတယ်။ ဒါကြောင့်မို့ သူ့ကို သောတသမ္ဖဿလို့ ခေါ်တယ်။

ဃာနပသာဒနဲ့ ဂန္ဓာရုံ၊ ဇိဝှါပသာဒနဲ့ ရသာရုံ၊ ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံတို့မှာလဲ ဒီအတိုင်းပါပဲ။ မနောဆိုတာ မနောဒွါရပဲဖြစ်တယ်။ မနောက ဘဝင်ပဲ။ ဒွိပြင် စိတ်တွေမဖြစ်ခင်မှာ မနောဆိုတဲ့ ဘဝင်စိတ်က ခန္ဓာကိုယ်ထဲမှာ အမြဲရှိနေတာတော့ မဟုတ်ဘူး၊ ဖြစ်ပျက်ပါပဲ၊ ဒါပေမဲ့ ဒွိပြင် စိတ်တွေ မဖြစ်ရင် အိမ်သားလို အမြဲဖြစ်နေတာများတယ်။ မနောဆိုတဲ့ ဘဝင်နဲ့ ဟိုကမ္မာရုံ တိုက်ဆိုင်တဲ့အခါကျတော့ မနောမှာ လာပြီးတိုက်ဆိုင်တယ်။ ဒါကြောင့် ဒီဖဿကို မနောသမ္ဖဿလို့ ခေါ်ခြင်းဖြစ်ပါတယ်။

## ဖဿရှိမှ စိတ်ရှိတယ်၊ ဖဿမရှိရင် စိတ်မရှိဘူး

ဖဿဟာ ခြောက်မျိုးပဲ ရှိသလားဆိုတော့ ဖဿရှိမှ စိတ်ဖြစ်လို့ရတယ်။ တချို့က "အာရုံရှိမှ စိတ်ရှိတယ်၊ အာရုံမရှိရင် စိတ်မရှိဘူး" ဆိုသလို ဖဿရှိမှ

စိတ်ဖြစ်တယ်၊ ဖဿမရှိရင် ဘယ်စိတ်မှ ဖြစ်လို့ မရဘူး။ ဒါကြောင့်မို့ စိတ် (၈၉) ခုရှိတယ်ဆိုရင် ဖဿကလဲ (၈၉) ခု ရှိလာတာပဲ။ စိတ်က အကျယ် (၁၂၁)ပါးရှိရင် ဖဿကလဲ (၁၂၁)ပါးရှိရတာပဲ။ စိတ်က တစ်ထောင်ရှိတယ်ဆိုရင် ဖဿကလဲ တစ်ထောင်ရှိရမှာပဲ။ အမှန်ကတော့ အကျဉ်းချုံး သဘောတူရာ ပေါင်းပြီး စိတ် (၈၉) ခု၊ (၁၂၁) ခုလို့ ပြောတာ။ အမှန်ကတော့ စိတ်က မရေမတွက်နိုင်အောင် များတာပဲ။

လူတစ်ယောက်မှာ တစ်နာရီကို စိတ်ပေါင်းအများကြီးဖြစ်နေမှာပဲ။ ဒီမှာ တစ်လုံးမှတ်တယ်ဆိုရင်လဲ စိတ်တစ်ခု ဖြစ်တာကိုး။ ဆယ်လုံးမှတ်ရင် စိတ်က ဆယ်ခုဖြစ်နေတာကိုး။ အိမ်ရောက်သွားတဲ့ စိတ်တို့ ရုပ်ရှင်ရုံရောက်သွားတဲ့ စိတ်တို့ ဘေးရောက်သွားတဲ့စိတ်တို့ ဖယ်ထားအုံး၊ ဒီမှာ မှတ်တဲ့စိတ်တွေကိုပဲ ရေတွက်လို့ ရပါ့မလား။ ဒါကြောင့်မို့ ဒွါရဘက်ကို လိုက်ပြီးတော့ ဖဿခြောက်မျိုး ခေါ်တာ။ ဖဿကတော့ ဒါလောက်ဆို တော်ပါပြီ။

**ဝေဒနာစေတသိက်**

ဝေဒနာဆိုတဲ့ စကားလဲ မြန်မာစကားထဲ ရောက်နေတယ်၊ မြန်မာစကားထဲ ရောက်နေတော့ မြန်မာမှာ ဝေဒနာဖြစ်တယ်ဆိုရင် ဘယ်လို နားလည်တုံးဆိုတော့ ရောဂါတစ်ခုခုဖြစ်တာကို ဝေဒနာဖြစ်တယ်လို့ ခေါ်တယ်။ မြန်မာစကားထဲမှာ အဘိဓမ္မာစကားလုံးတွေ အများကြီးရောက်နေတယ်။ အများကြီးရောက်နေပေမဲ့ မှန်သလားလို့ ဆိုတော့ တစ်ဝက်မှန်တယ်၊ တစ်ဝက် မမှန်ဘူး၊ တချို့တလေ စကားလုံးတွေကျတော့ သုံးပုံတစ်ပုံပဲ မှန်တယ်၊ အဲဒါ ကြောင့်မို့လို့ မြန်မာစာသင်တဲ့ အခါကျတော့ အဘိဓမ္မာကို မတတ်ထားရင် မြန်မာစာဟာ မတတ်သေးဘူး။ မြန်မာစာ ဘယ်လောက်အဆင့် ရောက်နေ ရောက်နေ အဘိဓမ္မာမသင်ဘဲနဲ့ မြန်မာစာတတ်တယ်ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူး။

မြန်မာစကားမှာ ဝေဒနာဆိုတာက ရောဂါဝေဒနာတစ်ခုခု ဖြစ်နေတာကို ပြောတာ။ ပါဠိကတော့ ဝေဒနာဆိုတာ ခံစားမှုပေါ့။ ခံစားမှုဆိုတာ အာရုံကို ခံစားတာ။ ရူပါရုံတွေ့လို့ရှိရင် ရူပါရုံကို ခံစားလိုက်တာပဲ၊ သဒ္ဒါရုံတွေ့လို့ ရှိရင်လဲ အသံလေး ကောင်းတယ် မကောင်းဘူး၊ သူက ခံစားတာပဲ။ အနံ့ ဂန္ဓာရုံနဲ့ တိုက်ဆိုင်တဲ့ အခါကျတော့လဲ အနံ့လေး ကောင်းသလား၊ မကောင်းဘူးလား သူက ခံစားလိုက်တာပဲ။ ရသာရုံတွေ့တဲ့အခါကျတော့လဲ အရသာလေးက ချိုသလား ချဉ်သလား ငန်သလားဆိုပြီး သူက ခံစားလိုက်တာပဲ။ အဲဒီ ခံစားတဲ့ သဘောလေးကို ဝေဒနာခေါ်တာပဲ။ ဖောဋ္ဌဗ္ဗာရုံနဲ့ တွေ့တဲ့ အခါကျတော့လဲ ထိကြည့်လိုက်တော့ ကြမ်းသလား နူးသလား၊ အဲဒီသဘောတရား လေးကို သူက ခံစားလိုက်တာပဲ။ စိတ်ထဲမှာလဲ ဒီလိုပဲ ဓမ္မာရုံနဲ့ တွေ့ထိလိုက်တဲ့ အခါမှာ ဒီဓမ္မာရုံဟာ ကောင်းသလား ဆိုးသလား ဒီလိုခံစားတဲ့ သဘောတရားပဲ။

အဲဒီတော့ ''အာရုံကို ခံစားမှု''ဆိုတဲ့ မြန်မာစကားကျတော့ နည်းနည်း များသွားတာပေါ့။ တကယ်က ဝေဒနာစေတသိက်ဟာ စိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်ပဲ။ ဘယ်စိတ်ဖြစ်ဖြစ် ဝေဒနာစေတသိက်မပါဘဲနဲ့ ဖြစ်လို့မရဘူး။ ဝေဒနာစေတသိက်ရှိမှ စိတ်က ဖြစ်လို့ရတယ်။ အဲဒီလို ဖြစ်ရတဲ့အခါကျတော့ ဝေဒနာစေတသိက်ကို ''ခံစားမှု''လို့ ဘာသာပြန်တော့ နည်းနည်းများသွားတာပေါ့။ ''အာရုံခံယူမှု''လို့ ဘာသာပြန်ရင် တော်သေးတယ်။

စက္ခုဝိညာဉ်က အာရုံကိုမြင်အောင် ဖဿက တွန်းပေးတယ်။ စက္ခု ဝိညာဉ်စိတ်မြင်လိုက်ပါလို့ အာရုံနဲ့ စက္ခုဝိညာဉ်နဲ့ တစ်ခါထဲ တိုက်ဆိုင် မိအောင် သူက လုပ်ပေးတယ်။ ဒါ ဖဿက လုပ်ပေးတာ။ ဖဿက လုပ်ပေး ရုံတင်မပြီးသေးဘူး၊ ဝေဒနာကလဲ စက္ခုဝိညာဉ်စိတ်ကို ''ဒီအာရုံလေးကို လက်ခံလိုက်ပါ''လို့ ဆိုတယ်။ ဝေဒနာက လက်မခံဘူးဆိုရင် မြင်တယ်ဆိုတဲ့ သဘောတရားတစ်ခု ဖြစ်လာဖို့ဟာ ဖြစ်ကို မဖြစ်နိုင်ဘူး။

အဲဒါကြောင့်မို့ အဘိဓမ္မာမှာ အသေးစိတ်တဲ့အခါကျတော့ "အာရုံကိုခံယူမှု" လောက်ပဲ ဝေဒနာစေတသိက်ကို ဘာသာပြန်ရတယ်။ အကြမ်းစားအဘိဓမ္မာတွေ ကျတော့ "ခံစားမှု"လို့ ဝေဒနာကို ပြန်လို့ရတယ်။ ရူပါရုံက လှတာလေးဆိုရင် သုခဝေဒနာ ဖြစ်မယ်။ ချမ်းသာတယ်၊ ကောင်းတယ်ပေါ့။ သုခဝေဒနာဆိုတော့ သဘောကျသွားတာပေါ့။ လှလှလေး ကောင်းကောင်းလေး မြင်တဲ့အခါကျတော့ သုခ ဝေဒနာဆိုတဲ့ ချမ်းသာမှု သဘောတရား ဖြစ်တယ်။ အဲဒီကျတော့ "ခံစား" ထိအောင် ဝေဒနာကို ဘာသာပြန်လို့ရတယ်။ သိပ်ဆိုးတဲ့ အာရုံနဲ့တွေ့တော့ ဒုက္ခဝေဒနာဖြစ်မယ်။ ဒုက္ခဝေဒနာဆိုတာ တကယ်ဆင်းရဲမှ ခေါ်တာမဟုတ်ဘူး။ စိတ်ထဲမှာ သဘောမကျရုံလဲ ခေါ်တာပဲ။ သိပ်ဆိုးတဲ့ အာရုံကြီးကို သူမကြည့် ချင်ဘူး၊ ဒုက္ခဝေဒနာကို မကြိုက်ဘူးပေါ့။

**ဥပေက္ခာဝေဒနာ**

တစ်ခါ သိပ်ဆိုးတဲ့ အာရုံလဲ မဟုတ်ဘူး။ ကောင်းတဲ့အာရုံလဲ မဟုတ်ဘူး ဆိုရင် ဥပေက္ခာဝေဒနာဖြစ်တယ်။ ဥပေက္ခာဝေဒနာဆိုတာက လျစ်လျူရှုတာ မဟုတ်ဘူး၊ ဒီအာရုံကို ကြည့်တော့ ကြည့်တာပဲ၊ ကြည့်ပေမဲ့ စိတ်ထဲမှာ သဘောကျတာလဲမဟုတ်ဘူး။ မကျတာလဲ မဟုတ်ဘူး၊ သာမညပေါ့။ ဥပမာ လမ်းလျှောက်သွားတယ်၊ ရိုးရိုးလူတွေ တွေ့တဲ့အခါ ဘာမှ သိပ်ဂရုမစိုက်ဘူး၊ ခပ်ထူးထူးဆန်းဆန်း ဗရုတ်သုတ်ခလုပ်လာတဲ့ လူကျတော့ သူ့ကြည့်ပြီး သုခ ဝေဒနာ ဒုက္ခဝေဒနာ ဖြစ်တာ၊ ဒီပြင်လူတွေ တွေ့တဲ့အခါကျတော့ အဲဒါ ဥပေက္ခာဝေဒနာပဲ။ ကြည့်တော့ ကြည့်တာပဲ။ မြင်တော့ မြင်တာပဲ။ အဲဒီလို သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာလို့ဆိုတဲ့ အခါကျတော့ ခံစားမှု ထိအောင် ဘာသာပြန်လို့ရတယ်။

စိတ်အားလုံးမှာ ပါဝင်တဲ့ ဝေဒနာစေတသိက်ကျတော့ မြန်မာစကားမှာ ခံစားမှုလို့ဆိုရင် နည်းနည်းများသွားတာပေါ့။ အာရုံကို ခံယူမှုလောက်ဆိုရင်

နည်းနည်းတော်သေးတာပေါ့။ အဲဒါကြောင့် ဘယ်စိတ်ဖြစ်ဖြစ် ဝေဒနာ စေတသိက် မပါဘဲနဲ့ စိတ်ဖြစ်လို့ မရဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ ဝေဒနာ စေတသိက်ကမှ အာရုံကို လက်ခံတာကိုး။ ရူပါရုံပဲ တွေ့တွေ့ သဒ္ဒါရုံပဲ တွေ့တွေ့၊ ဂန္ဓာရုံပဲ တွေ့တွေ့၊ ရသာရုံပဲ တွေ့တွေ့၊ ဖောဋ္ဌဗ္ဗာရုံပဲ တွေ့တွေ့၊ ဖဿကတော့ တိုက်ဆိုင်အောင်လုပ်ပေးမှာပဲ။ ဒီဖဿက အာရုံနဲ့စိတ် နှစ်ခုကို တိုက်ဆိုင်အောင် ဘယ်လိုကြီး လုပ်ပေးပေး ဝေဒနာက လက်မခံဘူးဆိုရင် စိတ်မဖြစ်နိုင်ဘူး။

**ဝေဒနာနှင့် လောကဥပမာ**

ခပ်ကြမ်းကြမ်းဥပမာပေးရမယ်ဆိုရင် ယောကျ်ားလေးနဲ့ မိန်းကလေးတို့ နှစ်ယောက် အိမ်ထောင်ဖက် ဖြစ်အောင် ဘယ်လောက်ကြီး အောင်သွယ် ပေးပေး၊ ယောကျ်ားလေးကသော် လည်းကောင်း မိန်းကလေးကသော် လည်းကောင်း လက်မခံရင် သူတို့နှစ်ယောက် ထိမ်းမြားတဲ့ဘဝကို ရောက်ပါ့ မလား၊ မရောက်နိုင်ဘူး။ နှစ်ယောက်စလုံးက လက်ခံမှ သဘောတူမှ ထိမ်းမြားတဲ့ဆီ ရောက်တာ၊ ဒီလိုပါပဲ ဖဿက ဘယ်လောက်ကြီး အောင်သွယ် အောင်သွယ်၊ ဘယ်လောက်ကြီး တိုက်ဆိုင်အောင် လုပ်လုပ်၊ ဝေဒနာမရှိဘူးဆိုရင် အာရုံကို မမြင်နိုင်ဘူး။

**ဝေဒနာ (၆) မျိုး**

ဒါကြောင့်မို့ ဝေဒနာစေတသိက်ကျတော့ အာရုံကို ခံယူမှု၊ အာရုံကို လက်ခံမှုလောက်ပဲ ရှိတယ်။ အဲဒီတော့ ဝေဒနာကလဲ ဖဿလိုပဲ အာရုံက ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံလို့ ခြောက်ပါးရှိတော့ ဝေဒနာကို အာရုံဘက်ကို လိုက်ပြီး နာမည်ပေးမလား၊ ဒွါရဘက်လိုက်ပြီး နာမည်ပေးမလား ဆိုတော့ ဒွါရဘက်ကို လိုက်ပြီး နာမည်ပေးတယ်။ အဲဒါ ကြောင့်မို့ ဝေဒနာကလဲ ခြောက်မျိုးပဲ ပြားသွားတာပဲ။ ဝေဒနာခြောက်မျိုးကို

ခုနက ဖဿခြောက်မျိုးရရင် ဝေဒနာခြောက်မျိုးက လွယ်သွားပါပြီ။ ဖဿခြောက်မျိုးရမယ်ဆိုရင် ဝေဒနာ ခြောက်မျိုးလဲ ရတာပဲ။

ဝေဒနာခြောက်မျိုးက စက္ခုသမ္ဖဿဇာဝေဒနာ၊ စက္ခုသမ္ဖဿထက် "ဇာဝေဒနာ"ပဲ ပိုလာတယ်၊ စက္ခုသမ္ဖဿဇာဝေဒနာဆိုတာ ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားမှုပဲ၊ စက္ခုဒွါရနဲ့ ရူပါရုံ တိုက်ဆိုင်အောင် ဖဿက လုပ်ပေးလိုက်တော့ ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားမှုကို စက္ခုသမ္ဖဿဇာ ဝေဒနာလို့ ခေါ်တယ်။ နားနဲ့ သဒ္ဒါရုံ တိုက်ဆိုင်အောင် လုပ်ပေးတာကို ဖဿခေါ်တာပဲ၊ အဲဒီဖဿကြောင့် ဖြစ်ပေါ်လာတဲ့ အသံကို ခံစားမှုဟာ သောတသမ္ဖဿဇာဝေဒနာလို့ ခေါ်တာပဲ။

ဃာနသမ္ဖဿဇာဝေဒနာကလဲ ဃာနဒွါရနဲ့ ဂန္ဓာရုံ တိုက်ဆိုင်တဲ့အခါမှာ ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားမှု၊ ဂန္ဓာရုံကို ခံယူမှုပေါ့။ ဇိဝှါသမ္ဖဿဇာ ဝေဒနာကလဲ လျှာနဲ့ ရသာရုံတိုက်ဆိုင်တဲ့အခါမှာ ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ရသာရုံကို ခံယူတဲ့ စေတသိက်ကို ခေါ်တာပေါ့။ ကာယသမ္ဖဿဇာဝေဒနာ ဆိုတာကလဲ ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံ တိုက်ဆိုင်တဲ့အခါမှာ ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ဖောဋ္ဌဗ္ဗာရုံကို ခံစားတဲ့ စေတသိက်ကို ခေါ်တာပဲ။ မနော သမ္ဖဿဇာဝေဒနာဆိုတာကလဲ မနောဒွါရနဲ့ ဓမ္မာရုံ တိုက်ဆိုင်တဲ့ အခါမှာ ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ဓမ္မာရုံကို ခံယူတဲ့ ခံစားတဲ့ ဝေဒနာစေတသိက်ကို ခေါ်တာပဲ။

အဘိဓမ္မာပါဠိတွေကတော့ ကျက်ရတာလွယ်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ စက္ခုဆိုတာကလဲ ပသာဒရုပ်တို့ ဒွါရတို့မှာ ရခဲ့ပြီးသား၊ နောက်ဖဿ ဆိုတာလဲ သိခဲ့ပြီးသား။ စက္ခုနဲ့ဖဿပေါင်းပြီးတော့ ဖဿခြောက်မျိုးကို စက္ခု သမ္ဖဿလို့ ဒီလို တစ်ခါခေါ်လိုက်တော့ ရသွားတာပေါ့။ ဝေဒနာလေးတိုးလာတဲ့ အတွက် စက္ခုသမ္ဖဿဇာဝေဒနာဆိုတော့ ဒွါရခြောက်ပါးကို မှတ်မိနေတယ် ဆိုလို့ရှိရင် ဖဿခြောက်မျိုး ဆိုနိုင်းလဲ ရတာပဲ၊ ဝေဒနာ ခြောက်မျိုးကို နိုင်းလဲ ရတာပဲ၊ အခု အဲဒီ ဝေဒနာ (၆) မျိုးကို ဖော်ပြပေးလိုက်ပါတယ်။

(၁) စက္ခုသမ္ဖဿဇာဝေဒနာ
(၂) သောတသမ္ဖဿဇာဝေဒနာ
(၃) ဃာနသမ္ဖဿဇာဝေဒနာ
(၄) ဇိဝှါသမ္ဖဿဇာဝေဒနာ
(၅) ကာယသမ္ဖဿဇာဝေဒနာ
(၆) မနောသမ္ဖဿဇာဝေဒနာ

**ဝေဒနာစေတသိက်မပါဘဲ ဘယ်စိတ်မှ မဖြစ်နိုင်**

ဖဿလိုပဲ ဝေဒနာစေတသိက်မရှိဘဲနဲ့ ဘယ်စိတ်မှ ဖြစ်လို့ မရဘူး။ အာရုံ စိတ်စေတသိက်ဆိုတဲ့ အဘိဓမ္မာသဘောတရားဆိုတာ တီထွင်ပြီး စိတ်ကူးနဲ့ ပြောပြနေတဲ့ သဘောတရားမဟုတ်ဘူး။ လူတိုင်းလူတိုင်း နားလည်နိုင်တဲ့ သဘောတရားပဲ။ ရူပါရုံဆိုတာလဲ လူတိုင်းတွေ့နေတာပဲ။ စက္ခုပသာဒဆိုတာလဲ လူတိုင်းတွေ့နေတာပဲ၊ စက္ခုပသာဒနဲ့ ရူပါရုံတိုက်ဆိုင်တာလဲ လူတိုင်းသိတာပဲ၊ တိုက်ဆိုင်အောင် လုပ်ပေးတာကို ဖဿခေါ်တယ်။ ဒီအာရုံကို လက်ခံတယ် ဆိုတာကို ဝေဒနာခေါ်တယ်။ ဒီစေတသိက်လေးတွေ ဒီသဘောတရားလေးတွေက လူတွေ နေ့ရှိသမျှ တွေ့မြင်နေရတဲ့ သဘောပဲ။ မြတ်စွာဘုရားက နာမည်တပ်ပေးတာပဲ။ အဲဒီလို ပါဠိလို နာမည်လေးတွေကို အဘိဓမ္မာဆရာတွေက နားမလည်လည်အောင် မြန်မာလို ပြန်ပြီးတော့ ဘာသာပြန်နေရတာပါပဲ။

သိတာကတော့ လူတွေ အကုန်သိပြီးသားပဲ။ ဒါကြောင့်မို့ စာအုပ်ထဲမှာ ကြည့်တာထက် နေ့ရှိသမျှ ကိုယ်လုပ်ကိုင်နေတဲ့ ပြောဆိုနေတဲ့ သဘောတရားတွေကို ပြန်ကြည့်ရင် အဘိဓမ္မာဟာ တကယ်တတ်သွားတာပဲ။ စာအုပ်ကြီးတွေ လျှောက်ဖတ်နေရုံနဲ့တော့ တကယ်မသိပါဘူး။ ဒါကြောင့်မို့ ဝေဒနာစေတသိက်ဟာ ဒွါရခြောက်ပါးလိုက်ပြီးတော့ ဝေဒနာခြောက်ပါးဖြစ်သွားတာပဲ။ ဘာမှ ခက်တာ မဟုတ်ဘူး။

အဲဒီတော့ စိတ် (၈၉) ခုလုံးဟာ ဝေဒနာမပါဘဲနဲ့ ဘယ်စိတ်မှ မဖြစ်ဘူး ဆိုရင် ဝေဒနာဘယ်လောက်ရှိသွားမတုံး၊ ဝေဒနာ (၈၉) ခု ရှိမယ်။ စိတ် (၁၂၁) ပါးရှိရင် ဝေဒနာ (၁၂၁) ပါး ရှိသွားမှာပေါ့။ စိတ်တစ်ထောင်ရှိလို့ရှိရင် ဝေဒနာ တစ်ထောင်ရှိမှာပဲ။ စိတ်တစ်သိန်းရှိလို့ရှိရင် ဝေဒနာလဲ တစ်သိန်းရှိမှာပဲ။

လူတစ်ယောက်ချင်း တစ်ယောက်ချင်း ဖြစ်တဲ့ ဝေဒနာကို လျှောက်ရေတွက် မယ် ဆိုလို့ရှိရင် တစ်ယောက်မှာပဲ တစ်မိနစ်အတွင်း တစ်ရာလောက် ဖြစ်မှာပဲ၊ အဲဒီကော့ လူအများကြီးဆိုတော့ အဘိဓမ္မာခုနစ်ကျမ်းမှာ တစ်ကျမ်း အပါအဝင် ဖြစ်တဲ့ ဝိဘင်းကျတော့ ဝေဒနာပေါင်းရေတွက်ပြထားတာ တစ်သိန်း ကျော်တယ်၊ ဒါအကုန်လုံးမဟုတ်ဘူး၊ နည်းရအောင် ရေတွက်ပြထားတာ။

အဲဒီတော့ ဝေဒနာစေတသိက်ဟာ အကျဉ်းချုံးလိုက်လို့ရှိရင် တစ်လုံး တည်းပဲ။ ဝေဒနာစေတသိက်ကို အဘိဓမ္မာနည်းနဲ့ အကျယ်ချဲ့ပြပါဆိုရင် ဝေဒနာ စေတသိက်ဟာအဆုံးအစမရှိဘူး။ ဒါကြောင့်မို့လို့ အဘိဓမ္မာဟာ သိပ်ကျယ်တယ် ဆိုတာ နည်းတွေများလို့ပေါ့။

## ဝေဒနာသုံးမျိုးခွဲနည်း

အဲဒီတော့ ဝေဒနာကို အကျဉ်းချုပ်ခွဲတဲ့ ခွဲနည်းတွေနဲ့ ခွဲတော့ ဝေဒနာက သုံးမျိုးရှိလာတယ်။ ဒီဝေဒနာသုံးမျိုးခွဲနည်းက ခုနပြောသလို ခံစားမှုဆိုတဲ့ သဘောမျိုးနဲ့ခွဲတာ။ ခုနစေတသိက်တုန်းကလို အာရုံကို ခံယူမှုနဲ့သာ ခွဲမယ်ဆိုရင် ဝေဒနာသိန်းသန်းထိအောင် ရှိနေတာပဲ။ အာရုံကို ခံစားတဲ့ သဘောတရားနဲ့ ခွဲမယ်ဆိုရင် လူတွေမှာ ကောင်းတဲ့ အာရုံနဲ့ တွေ့လို့ရှိရင် သဘောကျတယ်၊ သုခဝေဒနာဖြစ်တယ်။

အမှန်ဇာတော့ သဘောကျရင် သုခဝေဒနာပဲ။ နှစ်သက်တယ်ဆိုရင် သုခဝေဒနာပဲ။ ကြိုက်တယ်ဆိုရင် သုခဝေဒနာပဲ။ မြန်မာစကားနဲ့ ချမ်းသာတယ် ဆိုတာ တော်တော်ဝေးတယ်။ မြန်မာက သုခကို ချမ်းသာတယ်လို့ နားလည်

ကြတာကိုး။ အဘိဓမ္မာကျတော့ သုခ ချမ်းသာတာက တစ်ခုတည်း မဟုတ်ဘူး။ သဘောကျတာရော နှစ်သက်တာရော ကျေနပ်တာရော ကြိုက်တာရော အားလုံး ပါတယ်။ အာရုံတွေ့လို့ ဒီအာရုံကို စိတ်က ကြိုက်လို့ရှိရင် ဒါကို သုခဝေဒနာ ခေါ်လိုက်တာပဲ။ ဒါခံစားတဲ့ သဘောရောက်သွားတယ်။

ရုပ်ါရုံကို တွေ့တယ်ဆိုရင် သူ့စိတ်က မကြိုက်ဘူး၊ မကြိုက်တဲ့ အာရုံနဲ့ တွေ့မယ်ဆိုရင် ဒုက္ခဝေဒနာခေါ်လိုက်တာပဲ၊ ဆင်းရဲမှ မဟုတ်ဘူး။ မြန်မာက ဆင်းရဲတယ်ဆိုလို့ရှိရင် တစ်မျိုးနားလည်တယ်။ အာရုံတွေ့လို့ အလွန့်အလွန် မချမ်းသာမှ ဒုက္ခဝေဒနာလို့ ခေါ်တာ မဟုတ်ဘူး။ ကိုယ်မကြိုက်တဲ့ အာရုံနဲ့ တွေ့တယ်ဆိုလို့ရှိရင် ဒါဒုက္ခဝေဒနာပါ။

ဘယ်လောက်လှတဲ့ မိန်းကလေးပဲ ဖြစ်ဖြစ်၊ အဲဒီ မိန်းကလေးနဲ့ ကိုယ်နဲ့ မတည့်ဘူးဆိုရင် လမ်းမှာ တွေ့ရင် သုခဝေဒနာဖြစ်မလား၊ ဒုက္ခဝေဒနာ ဖြစ်မလား ဆိုတော့ ဒုက္ခဝေဒနာဖြစ်မယ်။ သူ့ဘာသာသူ လာပေမယ့် ကိုယ်က သူ့မှ မကြည်ချင်ဘဲ။ မကြည့်ချင်တဲ့လူ သွားတွေ့တော့ ဒုက္ခဝေဒနာဖြစ်တာပေါ့။ ဘယ်လောက်အရုပ်ဆိုးတဲ့ မိန်းကလေးပဲဖြစ်ဖြစ် ကိုယ်နဲ့သိပ်ပြီးတော့ တည့်တယ်၊ သဘောကျတယ်၊ လမ်းမှာတွေ့လို့ရှိရင် ဘယ်နဲ့နေမတုံးဆိုရင် သုခဝေဒနာ ဖြစ်မယ်။ ကိုယ်နဲ့တည့်နေတာကိုး။ တည့်တဲ့လူချင်း တွေ့လိုက်လို့ရှိရင် သုခဝေဒနာ ဖြစ်တာပဲ။

ဒါကြောင့်မို့လို့ "ဝိပါက်အမှန်၊ ဇောအပြန်"တဲ့။ ဇောဆိုတာက အပြောင်း အလွဲရှိတယ်။ ပင်ကိုရင်း အာရုံကတော့ သူ့ဘာသာသူ လှချင်လှမယ်၊ အရုပ်ဆိုးချင် ဆိုးမယ်၊ အာရုံလက်ခံတဲ့ ပုဂ္ဂိုလ်မှာက သူ့စိတ်ထဲက ဣဋ္ဌာရုံ လုပ်ချင် လုပ်ပစ်လိုက်မယ်။ အနိဋ္ဌာရုံပေမဲ့ ဣဋ္ဌာရုံသူလုပ်ချင် လုပ်ပစ်မယ်။

ရွှေတိဂုံဘုရားသွားဖူးတဲ့အခါကျတော့ သုခဝေဒနာဖြစ်မယ်။ ဘုရားတွေ ဘာတွေကို ရှုပ်တယ်ဆိုတဲ့ ပိုက်ဆံကုန်တယ်ဆိုတဲ့ လူမျိုးတွေ သွားတဲ့အခါကျတော့ ဘယ်နဲ့နေမတုံး၊ ဒုက္ခဝေဒနာဖြစ်မယ်၊ ဒီဘုရားတွေက အုတ်ပုံကြီးတွေ

တည်ထားတာ၊ အလကားပဲ၊ ရွှေတွေ ဘာတွေချတာ ပိုက်ဆံတွေ အကုန်ခံတာ အလကားပဲ၊ ဒါလောက်ငွေတွေနဲ့ စက်ရုံကြီးတွေ အလုပ်ရုံကြီးတွေ တည်ရှိလို့ရင် ဘယ်လောက် တို့တိုင်းပြည် ချမ်းသာမတုံး ကောင်းမတုံးဆိုပြီး သူတို့ကျတော့ တစ်မျိုးဖြစ်သွားမယ်။

ဒါကြောင့်မို့လို့ ပကတိအာရုံက ဣဋ္ဌာရုံပဲဖြစ်စေ လက်ခံတဲ့ပုဂ္ဂိုလ်က အနိဋ္ဌာရုံလဲ လုပ်လို့ရတယ်။ လူတွေ မစင်ကို တွေ့တဲ့အခါကျရင် ဒုက္ခဝေဒနာ ဖြစ်မယ်၊ အနိဋ္ဌာရုံမဟုတ်လား၊ ခွေးက မစင်တွေ့တဲ့ အခါကျတော့ သူကြိုက် တာကိုး၊ သုခဝေဒနာ ဖြစ်တာပေါ့။

ငါးပိစားတဲ့ မြန်မာတွေကျတော့ ငါးပိချက်ကောင်းကောင်းလေး ထမင်းပွဲထဲ ပါလာတော့ ဘာဝေဒနာဖြစ်မတုံး၊ သုခဝေဒနာဖြစ်မယ်၊ ငါးပိမစားတဲ့ လူမျိုးကျတော့ ဘယ်လိုလုပ်မတုံး၊ ဒုက္ခဝေဒနာပဲ။ သူမကြိုက်ရင် ဒုက္ခဝေဒနာပေါ့၊ ကြိုက်ရင် သုခဝေဒနာပေါ့။ ဥပေက္ခာဝေဒနာကတော့ ပြောပြီးသားပဲ။ အဲဒီတော့ ဝေဒနာက ခံစားတဲ့ သဘောနဲ့ သုံးမျိုးဖြစ်သွားတယ်။

## ဝေဒနာငါးမျိုးခွဲနည်း

တစ်ခါ ဝေဒနာငါးမျိုးဖြစ်တဲ့ အခါကျတော့ သောမနဿဝေဒနာ ဒေါမနဿဝေဒနာဆိုပြီး ဒီနှစ်ခုတိုးတော့ ဝေဒနာငါးမျိုးဖြစ်သွားတယ်။ ဝေဒနာ ငါးမျိုးက ဘယ်လိုဖြစ်သွားသလဲဆိုတော့ သုခဝေဒနာကို သုခဝေဒနာ သောမနဿဝေဒနာဆိုပြီး နှစ်ခု ခွဲလိုက်တယ်။ ဒုက္ခဝေဒနာကိုလဲ ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာဆိုပြီး နှစ်ခု ခွဲလိုက်တယ်။

## ကောက်စိုက်သမနဲ့ စိတ်ချမ်းသာမှု

သုခဝေဒနာဆိုတာ ကိုယ်ချမ်းသာတာ ဖြစ်ပြီး၊ သောမနဿဝေဒနာ ဆိုတာက စိတ်ချမ်းသာတာဖြစ်ပါတယ်။ လူမှာ ချမ်းသာတာက တစ်မျိုးတည်း

မဟုတ်ဘူး၊နှစ်မျိုးရှိတာကိုး။ ကိုယ်ချမ်းသာတယ်ဆိုတာက **ခန္ဓာကိုယ်ချမ်းသာတာ**။ အဲဒီတော့ ဝေဒနာငါးမျိုးခွဲတဲ့အခါ သုခဝေဒနာဆိုလို့ ရှိရင် **ခန္ဓာကိုယ်ချမ်းသာ** တာပေါ့။ ကိုယ်ချမ်းသာတာကို ပြောတာ။ သောမနဿဝေဒနာဆိုလို့ရှိရင် စိတ်ချမ်းသာတာကိုပြောတာ။ တချို့တလေလူတွေ ခန္ဓာကိုယ်က သိပ်ဆင်းရဲတယ်၊ လုပ်လိုက်ရတာ နေပူမရှောင် မိုးရွာမရှောင်။ ဥပမာ– ကောက်စိုက်သမတွေ ဆိုပါတော့ တစ်ခါထဲ ထဘီ(ထမိန်)ဒူးလောက်ပတ်ပြီးတော့ အောက်ကလဲ ရေတွေ ရွှံ့တွေ ဗွက်တွေ၊ အပေါ်ကလဲ မိုးကရွာနေတယ်၊ ကောက်စိုက်**နေတယ်**၊ **သူ့ကြည့်**လို့ရှိရင် ကိုယ်ကတော့ မဆင်းရဲဘူးလား၊ ကိုယ်ဆင်းရဲတော့ **ဒုက္ခ ဝေဒနာပဲ**။ ကိုယ်တော့ဆင်းရဲနေတာပဲ၊ သို့ပေမယ့် သီချင်းလေးက တအေးအေးနဲ့၊ **သူ့စိတ်**ထဲမှာ သီချင်းဆိုတော့ ပျော်မနေဘူးလား၊ ကိုယ်ဆင်းရဲနေပေမဲ့ စိတ်က "သောမနဿ" ချမ်းသာနေတယ်၊ အဲဒီတော့ လူဟာ ကိုယ်ဆင်းရဲနေပေမဲ့ စိတ်က ချမ်းသာချင် ချမ်းသာနေတာ။

## ဘုရင့်သမီးတော်နှင့် စိတ်ဆင်းရဲမှု

တချို့တလေဘုရင့်သမီး ရွှေနန်းပြာသာဒ်သုံးဆောင်ပေါ်မှာ တင်ထားတယ်။ သူဘယ်မှ မသွားရဘူး။ ပြာသာဒ်ပေါ်က မဆင်းရဘူး။ သူက သိပ်သွားချင်တာ၊ ဘာလုပ်ချင် ညာလုပ်ချင်၊ ကိုယ်ကတော့ သိပ်ချမ်းသာတာပဲ၊ သို့ပေမဲ့ စိတ်ထဲကတော့ နည်းနည်းမှ မချမ်းသာဘူး၊ လေးထပ်တိုက်ပေါ်က ခုန်ချချင်တဲ့ သဘောမျိုးပေါ့၊ ရွှေနန်းပြာသာဒ်ပေါ်က ခုန်ချချင်နေတာ၊ ပြေးပေါက်ပဲ သူရှာနေတာပဲ။ စိတ်ကတော့ ဆင်းရဲနေတာပဲ။

ဒါကြောင့်မို့လို့ ကိုယ်ကချမ်းသာပေမဲ့ စိတ်က ဆင်းရဲချင်ဆင်းရဲနေတယ်။ စိတ်က ချမ်းသာပေမဲ့ ကိုယ်က ဆင်းရဲချင် ဆင်းရဲနေတယ်။ ဝေဒနာငါးမျိုးခွဲတဲ့ အခါကျတော့ သုခဝေဒနာက ကိုယ်ချမ်းသာမှု၊ သောမနဿဝေဒနာက စိတ်ချမ်းသာမှု၊ ဒုက္ခဝေဒနာက ကိုယ်ဆင်းရဲမှု၊ ဒေါမနဿဝေဒနာက စိတ်ဆင်းရဲမှု၊ ဥပေက္ခာဝေဒနာကျတော့ အတူတူပဲပေါ့။

ဝေဒနာသုံးမျိုးနည်းပြောစမ်းပါဆိုရင် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ပြောရမယ်။ ဝေဒနာငါးမျိုးနည်းဆိုရင် သုခဝေဒနာ၊ သောမနဿဝေဒနာ ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာလို့ ပြောရမယ်။ အဲဒီတော့ ဝေဒနာသုံးမျိုးနည်းထဲမှာ သောမနဿဝေဒနာက သုခဝေဒနာထဲ ဝင်သွားတယ်။ ဒေါမနဿဝေဒနာက ဒုက္ခဝေဒနာထဲ ဝင်သွားတယ်။ ငါးမျိုးနည်းကျတော့ သောမနဿဝေဒနာက သုခဝေဒနာထဲက ထွက်လာတယ်။ ဒေါမနဿဝေဒနာက ဒုက္ခဝေဒနာထဲက ထွက်လာတာ။ အဲဒီတော့ ဝေဒနာကို အကျဉ်းချုပ်ဆိုရင် ဝေဒနာစေတသိက်တစ်လုံးတည်း ရှိတာကိုး။

## ဝေဒနာစေတသိက် ဘယ်လောက်ရှိသလဲ

တစ်လုံးကနေပြီးတော့ အခုလူတွေ ခံစားမှု သဘောတရားကို ကြည့်ပြီး ဝေဒနာကို ခွဲပြစမ်းပါဆိုရင် သုံးမျိုးခွဲလို့ ရတယ်။ ဒီထက် နဲနဲချဲ့ပြီးတော့ ခွဲပြစမ်းပါဆိုတော့ ငါးမျိုး ရတယ်၊ ဒီဝေဒနာကို ကျယ်ကျယ်ဆိုလို့ရှိရင် စိတ် (၈၉)ခုက ဝေဒနာ (၈၉)ခု ရတယ်။ ဒီထက် ကျယ်ချင်သေးတယ်ဆိုလို့ရှိရင် စိတ် (၁၂၁)ပါးက ဝေဒနာ (၁၂၁)ပါး ရတယ်၊ ဒီထက် ကျယ်ချင်ရင် ချဲ့ချင်သလောက် ချဲ့လို့ရတယ်။

လူ့ပြည်ကရှိတဲ့ ဝေဒနာ နဲသေးတယ်ဆိုလို့ရှိရင် နတ်ပြည်မှာရှိတဲ့ ဝေဒနာ၊ နတ်ပြည်ကရှိတဲ့ ဝေဒနာ နဲသေးရင် ဗြဟ္မာ့ပြည်က ဝေဒနာတွေလဲ ရှိသေးတယ်။ သုံးဆယ့်တစ်ဘုံမှာရှိတဲ့ သတ္တဝါအားလုံးမှာ ဖြစ်နေတဲ့ ဝေဒနာတွေဆိုရင် ရေတွက်လို့ ရပါ့မလား၊ မရပါဘူးတဲ့၊ အဘိဓမ္မာက ကျယ်တယ်ဆိုတာ အဲသလို ကျယ်သွားတာပဲ။ အဘိဓမ္မာမှာပါတဲ့ ဝေဒနာအကြောင်း ဖဿအကြောင်း အတော်လေးစုံသွားပါပြီ။ ဒါပေမဲ့ အများကြီး ကျန်ရှိပါသေးတယ်။ အဘိဓမ္မာဆိုတာက ဘယ်လိုမှ ပြောလို့ ကုန်နိုင်တာ မဟုတ်ပဲ။ အဲဒါကြောင့် အခြေခံရရုံလောက်ပဲ ကောင်းပါတယ်။ အဲဒီတော့ ဖဿရယ် ဝေဒနာရယ် ပြီးပြီဆိုပါတော့။

## သညာစေတသိက်

သညာစေတသိက်ကို "မှတ်သားမှု"လို့ ဘာသာပြန်ကြတယ်။ ဒီသညာစေတသိက်ကို ဘာသာပြန်ဖို့တောင် မလိုပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ဒီသညာဆိုတဲ့ အဘိဓမ္မာစကားလုံးကလဲ မြန်မာစကားထဲ ရောက်နေတာပဲ။ ဖဿကတော့ ဒါလောက် မရောက်သေးဘူး။ ခုနောက်ပိုင်းမှာတော့ ဖဿလို့ နဲနဲပြောလာကြတယ်။ ဝေဒနာဆိုတဲ့ စကားလုံးကတော့ မြန်မာစကား ဖြစ်နေပါပြီ။ အကုန်လုံးတော့ မမှန်ဘူး။ သညာဆိုတဲ့ စေတသိက်ကလဲ မြန်မာလို ပြန်မဲ့သာ ပြန်ရတာ၊ မြန်မာစကားကို ဖြစ်နေတာပဲ။ သူသညာကောင်းတယ်၊ သညာမကောင်းဘူးလို့ ပြောနေတာပဲ။ အဲဒီတော့ သညာဆိုတာ "မှတ်သားမှု" ဆိုပြီးတော့ မြန်မာက ဒီလိုနားလည်တာ။

အဘိဓမ္မာမှာ သညာကို "မှတ်သားမှု"လို့ ဘာသာပြန်တာက မြန်မာတိုင်း နားလည်အောင် ပြောတာ။ သညာဆိုတာလဲ သိတာပဲ။ ရှေးက သညာကို "အမှတ်ပြုပြီးတော့ သိတယ်"လို့ ဘာသာပြန်တယ်။ သညာသိ ပညာသိနဲ့ ဝိညာဉ်သိသုံးမျိုးရေးပြီးပြီ။ ဘာဖြစ်လို့တုံးဆိုတော့ ပါဠိမှာ သညာဆိုတာလဲ ဒီညအက္ခရာနဲ့လာတာပဲ၊ ဝိညာဉ်ဆိုတာလဲ ညအက္ခရာနဲ့လာတာပဲ။ ပညာဆိုလဲ ညနဲ့ လာတာပဲ။ ရှေးက (သ)တို့ (ဝိ)တို့ (ပ)တို့ ဒါလေးတွေ ကွဲသွားတာပဲ။ (ည)က သိတာ၊ ဒါကြောင့်မို့ သညာဟာ တကယ်တော့ သိပေမဲ့ မှတ်ပြီးတော့ သိတာ။

## စာကျက်လို့ ရလွယ်တာ သညာလား၊ ပညာလား

အဲဒါကြောင့်မို့လို့ သညာကောင်းတယ်ဆိုတာက အခုကျောင်းသားတွေ စာကျက်လို့ ရလွယ်တယ်ဆိုရင် သူတို့ သညာကောင်းတယ်လို့ ပြောသလား၊ ဉာဏ်ကောင်းတယ်လို့ ပြောသလားဆိုတော့ ဉာဏ်ကောင်းတယ်လို့ ပြောတယ်၊ အဲဒီတော့ ပြောင်းပြန်ဖြစ်နေတယ်။ အမှန်က စာကျက်လို့ ခပ်မြန်မြန်ရတာ

ဉာဏ်တော့ ပါချင်ပါမှာပေါ့လေ၊ တကယ်ကတော့ သညာကောင်းတာပဲ။ သူက စာအုပ်ကြည့်ပြီးတော့ တစ်ခေါက်ကြည့်လိုက်တယ်ဆိုရင် စာလုံးတွေကို အကုန်လုံး မှတ်မိတာပဲ။ အကုန်လုံး မှတ်မိတယ်ဆိုလို့ရှိရင် ပြန်ဆိုရင် ရတာပဲ။

ဗလာစာအုပ်မျက်နှာကို ကြည့်လိုက်တယ်၊ တစ်ခေါက် နှစ်ခေါက် သူကြည့်လိုက်တယ်၊ စာလုံးတွေ အကုန်မှတ်မိတယ်၊ အလွတ်ဆိုရင် သူဆိုလို့ ရတယ်။ အမှန်က အထဲက သဘောတရားတွေကို ထိုးထွင်းပြီး တကယ်သိလာတဲ့ ပညာမျိုး မဟုတ်ဘူး။ သူအမှတ်ကောင်းတာပဲ၊ သူသိတဲ့နည်းက **သညာနဲ့** မှတ်ပြီးတော့ သိတာ။ အဲဒါကြောင့်မို့လို့ **စာကျက်လို့** ရလွယ်တာ သညာ ကောင်းတာပဲ။ တချို့ သင်တန်းတွေမှာ ဆရာတွေပြောသွားတာ အစအဆုံး ထိအောင် လိုက်ပြီးတော့ လက်ချာရေးသလို မရေးဘဲနဲ့ အိမ်ကျ ပြန်ပြောစမ်း ဆိုရင် တစ်လုံးမကျန် အကုန်ပြန်ပြောတတ်တယ်၊ အဲသလို သညာကောင်းတဲ့ လူတွေ ရှိတယ်။ အဲဒီတော့ သညာကောင်းတဲ့လူဟာ စာကျက်လို့ ရလွယ်တယ်၊ သူမေ့ချင်တော့ မေ့သွားမှာပေါ့၊ ချက်ချင်းတော့ သူမှတ်ထားမယ်ဆိုရင် အမှတ် ကောင်းတယ်။

## မှတ်ထားတာတွေ မမေ့တာ သညာလား၊ သတိလား

ဒါကြောင့်မို့ သတိကောင်းတာနဲ့ သညာကောင်းတာ တစ်မျိုးစီ ဖြစ်ပါတယ်။ ခုနပြောသွားတဲ့ စကားလုံးတွေကို တစ်လုံးမကျန် အကုန်ပြန်ပြော နိုင်တယ်ဆိုရင် သညာကောင်းတာပဲ။ တစ်ခါကြားဖူးတဲ့ဟာကို နောက် (၁) နှစ်၊ (၂) နှစ်ကြာမှ ပြန်ပြောနိုင်တယ်ဆိုရင်တော့ သတိကောင်းတယ် ခေါ်ပါတယ်။ သတိကောင်းတာက ပထမမှတ်ထားတဲ့ဟာတွေကို မမေ့ဘူး၊ ဒါက သတိကောင်းတာ။

ဉာဏ်ကောင်းတယ်ဆိုတာက ဆရာလုပ်သူက လေးငါးလုံးပဲ ပြောတယ်၊ ဆရာလုပ်သူ ပြောတဲ့ လေးငါးလုံးကို အကျယ်ချဲ့ ထိုးထွင်းပြီး သူက ရေးတတ်

ပြောတတ်တယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကျတော့ ဉာဏ်ကောင်းတယ်လို့ ပြောရတယ်။ ဉာဏ်ကောင်းတယ်ဆိုတာက သူက ဆရာပြောသလောက်ကလေးကိုသာ မှတ်မိတာ မဟုတ်ဘူး၊ ဆရာတစ်လုံး ပြောရင် သူက လေးငါးလုံးချဲ့ပြီးတော့ ပြောတတ်တယ်။ ပိုပြီးတော့ သူနားလည်သွားတာပေါ့။ သညာကောင်းတာရယ် ဉာဏ်ကောင်းတာရယ် သတိကောင်းတာရယ် မြန်မာမှာ နဲနဲရောနေတယ်။ အဲဒီတော့ သညာဆိုတာကတော့ မှတ်သားမှုပါပဲ။

လူတစ်ယောက်တွေ့တယ်ဆိုလို့ရှိရင် သူက မှတ်လိုက်တာပဲ။ မှတ်လိုက်တဲ့ အခါကျတော့ နောက်တစ်ခါ ဒီလူနဲ့ တွေ့တော့ သူဘယ်သူတုံးဆိုတာ မသိဘူးလား၊ သိတာပဲ၊ နောက်တစ်ခါ ဘယ်သူလို့ သိတာက သတိကောင်းတာ။ တစ်ခါထပ်ပြီးတော့ မှတ်လိုက်တာက သညာပဲ။ ပြီးတော့ တစ်ခါတွေ့ရင် ပထမတစ်ခါ မှတ်လိုက်တာလဲ သညာပဲ၊ အဲဒီသညာက မှတ်ပြီးတော့ နောက်တစ်ခါ တစ်လ နှစ်လနေတော့ သူပြန်တွေ့တယ်၊ ပြန်တွေ့လို့ သူ့ကို မှတ်မိတာကျတော့ သညာမဟုတ်ဘူး၊ သတိကောင်းတယ်လို့ ဆိုရတယ်။ သူမှတ်ထားတဲ့ဟာကို ပြန်မမေ့တာက သတိ၊ တွေ့တွေ့ချင်း မှတ်တာက သညာ၊ အဲဒီ သညာမှတ်ထားတဲ့ စာတွေကို မမေ့တာက သတိ။ အဲဒီမမေ့တဲ့ဟာတွေကို ကိုယ်က ထွင်ပြီးတော့ ထိုးထွင်းပြီးတော့ သိတာက ဉာဏ်။ အဲဒီတော့ သညာရယ် သတိရယ် ဉာဏ်ရယ်က သဘောတရားမှာ သူ့ဟာသူ ရှင်းနေတယ်။ မြန်မာမှာ ကတော့ ရောနေတာပဲ။

အဘိဓမ္မာမှာပဲ တချို့တလေ အဘိဓမ္မာဆရာတွေ ဥပမာတွေ ပေးတာက သိပ်မကွဲဘူး။ တတ်နိုင်သမျှ ပေးကြတာပဲ။ ဖဿမပါဘဲ ဘယ်စိတ်မှ မဖြစ်သလို ဝေဒနာမပါဘဲ ဘယ်စိတ်မှ မဖြစ်သလို၊ သညာမပါဘဲလဲ စိတ်ဖြစ်နိုင်ပါ့မလား၊ သညာမပါဘဲ ဘာစိတ်မှ မဖြစ်နိုင်ဘူး။ အဲဒီတော့ ရူပါရုံကို မြင်လိုက်တယ်၊ ဒီရူပါရုံကို စက္ခုဝိညာဉ်က မြင်တယ် ဆိုတာဟာ သညာက မမှတ်ဘဲနဲ့ မြင်ပါ့မလား၊ မမြင်နိုင်ဘူး။ ဝေဒနာက ဒီအာရုံကို ခံယူတာပဲရှိတယ်။ မှတ်တာက သညာက မှတ်တာ၊ သညာက မှတ်လိုက်လို့သာ စက္ခုဝိညာဉ်က ဒါအဖြူပဲ

အမဲပဲ အညိုပဲလို့ ဒီလိုသိတာကိုး။ အဲဒါကြောင့်မို့လို့ သညာမပါဘဲလဲ ဘယ်စိတ်မှ မဖြစ်နိုင်ဘူး။

## သညာခြောက်မျိုး ဘယ်လိုခွဲသလဲ

စက္ခုပသာဒနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့အခါမှာ ဖဿကို စက္ခုသမ္ဖဿလို့ ဒီလိုနာမည်ပေးတယ်၊ ဝေဒနာကျတော့လဲ စက္ခုသမ္ဖဿဇာဝေဒနာလို့ နာမည်ပေးတယ်၊ ရူပါရုံနဲ့ စက္ခုပသာဒ တိုက်ဆိုင်တဲ့အခါမှာ သညာကို စက္ခုသညာလို့ နာမည်ပေးမလား၊ ဘယ်လို ပေးမလဲ၊ ဥပမာပေးကြတာကတော့ စက္ခုပသာဒကို အခံဓာတ်တဲ့၊ ရူပါရုံကို အတိုက်ဓာတ်တဲ့၊ အတိုက်ဓာတ်နဲ့ အခံဓာတ်လို့ ဥပမာပေးကြတယ်။ ရူပါရုံက လာတိုက်တာတဲ့၊ စက္ခုပသာဒ ကတော့ သွားတိုက်တာ မဟုတ်ဘူးတဲ့။

အဲဒီတော့ ဘယ်ဘက်ကို လိုက်ပြီး နာမည်ပေးမလဲဆိုတော့ အဘိဓမ္မာမှာ နာမည်ပေးနည်းက သညာကျတော့ စက္ခုသညာလို့ ဒီလိုမပေးဘူး။ ရူပါရုံကို မှတ်တဲ့သညာကို ရူပသညာ၊ သဒ္ဒါရုံကို မှတ်တဲ့သညာကို သဒ္ဒသညာ၊ ဂန္ဓာရုံကို မှတ်တဲ့သညာကို ဂန္ဓသညာ၊ ရသာရုံကို မှတ်တဲ့သညာကို ရသသညာ၊ ဖောဋ္ဌဗ္ဗာရုံကို မှတ်တဲ့သညာကို ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မာရုံကို မှတ်တဲ့သညာကို ဓမ္မသညာလို့ ခေါ်ပါတယ်။

အဲဒီတော့ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗ သညာ၊ ဓမ္မသညာဆိုပြီး အာရုံဘက်ကို လိုက်ပြီးတော့ သညာ ခြောက်မျိုးခွဲတယ်။ အဘိဓမ္မာမှာ စာတွေကို လျှောက်ပြီးကျက်နေရင် အဘိဓမ္မာ တကယ် မတတ် ပါဘူး။ လောကမှာ လူတွေ နာမည်ပေးတာက သိပ်အရုပ်ဆိုးတဲ့ မိန်းမကိုလဲ မချောလို့ မပေးဘူးလား၊ ပေးချင်ပေးတာပဲ။ သိပ်လှတဲ့ မိန်းကလေးကိုလဲ မကျည်းတန်လို့ ပေးချင် ပေးတာပဲ။

**အဘိဓမ္မာမှာ အမည်ပေးနည်း**

အဘိဓမ္မာနာမည်တွေဟာ အဲဒီလို မဟုတ်ဘူး။ သူ့နာမည်နဲ့သူ သဘော တရား လိုက်အောင်ပေးတာပဲ။ ပါဠိလိုတော့ အန္ဝတ္ထသညာခေါ်တာပဲ၊ သူ့နာမည်ရဲ့ အဓိပ္ပါယ်ကို သိလို့ရှိရင် အဓိပ္ပါယ်က ပါပြီးသား ဖြစ်တယ်။ အဲဒီတော့ ရူပါရုံနဲ့ စက္ခုပသာဒ တိုက်ဆိုင်တဲ့အခါမှာ ဖဿကတော့ သူတို့ စက္ခုပသာဒကို တိုက်ဆိုင်အောင် လုပ်ပေးလို့ စက္ခုသမ္ဖဿဆိုပြီး ဒွါရဘက်ကို လိုက်ပြီး နာမည် ပေးတယ်။

ဝေဒနာကျတော့လဲ စက္ခုဒွါရဘက်က ခံစားချက်ရှိလို့ ဒွါရဘက်လိုက် ပြီးတော့ စက္ခုသမ္ဖဿဇာဝေဒနာလို့ နာမည်ပေးတယ်။ သညာကျတော့ စက္ခု သညာလို့ နာမည်မပေးဘဲနဲ့ ရူပသညာလို့ နာမည်ပေးတယ်။ အဲဒီတော့ မှတ်တယ် ဆိုတဲ့ သဘောတရားက ရူပါရုံဟာ အနီလား၊ အဖြူလား၊ အဝါလားဆိုပြီးတော့ သညာရဲ့ သဘောတရားက စက္ခုပသာဒဘက်ထက် ရူပါရုံဘက်မှာ ပိုပြီးတော့ အားများနေတယ်၊ သူက ရူပါရုံကို အဖြူ အနီ၊ အဝါ၊ အကြောင် မှတ်ရတာကိုး။ မှတ်ရတော့ အားက အာရုံဘက်ကို များနေတော့ မြတ်စွာဘုရားက သညာကို နာမည်ပေးတဲ့အခါကျတော့ ရူပသညာ "ရူပါရုံကို မှတ်တဲ့သညာ"ဆိုပြီးတော့ အာရုံဘက်ကို လိုက်ပေးတယ်။ ဒွါရဘက်ကို မလိုက်ဘူး။

အဲဒီတော့ ဒီခြောက်မျိုးဆိုတာက အာရုံဘက်ကို လိုက်ပြီးတော့ ခြောက်မျိုး ခွဲလိုက်တာပဲ။ အမှန်ကတော့ သညာဟာ ခြောက်မျိုးမကပါဘူးတဲ့။ စိတ် (၈၉) ခုမှာ သညာမပါဘဲနဲ့ ဘယ်စိတ်မှ ဖြစ်လို့မရဘူး၊ "အာရုံရှိမှ စိတ်ရှိတယ်၊ အာရုံမရှိရင် စိတ်မရှိဘူး" ဆိုသလို ဖဿရှိမှ စိတ်ရှိတယ်၊ ဖဿမရှိရင် စိတ်မရှိဘူး။ ဝေဒနာရှိမှ စိတ်ရှိတယ်၊ ဝေဒနာမရှိရင် စိတ်မရှိဘူး၊ သညာရှိမှ စိတ်ရှိတယ်၊ သညာမရှိရင် စိတ်မရှိဘူး။ စိတ်ဆိုတာက ဖဿ၊ ဝေဒနာ၊ သညာဆိုတဲ့ စေတသိက်တွေနဲ့ ကင်းပြီး စိတ်ချည်းပဲသက်သက် ဖြစ်လို့မှမရဘဲ။ စေတသိက်တွေက လှုံ့ဆော်လို့သာ ဝိုင်းပြီးတော့ အားပေးလို့သာ စေတသိက် တွေရဲ့ အားပေးမှုကြောင့် စိတ်ဆိုတဲ့ သဘောတရားလေးက ဖြစ်လာတာပဲ။

ဒါကြောင့်မို့လို့ ပဋ္ဌာန်းကျတော့ စိတ်နဲ့ စေတသိက်ဆိုတာ ဖြစ်လဲအတူ၊ ပျက်လဲအတူပဲ၊ သူတစ်ခုတည်းဖြစ်နိုင်တဲ့ သဘောတရားမရှိဘူး။ အနည်းဆုံး စေတသိက်ခုနစ်ခုတော့ ပါရမှာပဲ။ သညာမရှိဘဲနဲ့ စိတ်မရှိနိုင်တော့ သညာ (၁၂၁) ပါးပဲ။ စိတ်တစ်ထောင်ဆိုရင် သညာတစ်ထောင်ပဲ။ လူတစ်ရာရှိတယ် ဆိုလို့ရှိရင် သညာပေါင်း တစ်ရာဖြစ်သွားမှာပေါ့။ လူသုံးရာဆိုလို့ရှိရင် သညာ သုံးရာ ဖြစ်သွားမှာပေါ့။

သညာဟာ လူတစ်ယောက်ထဲမှာတောင်မှ ခေါင်းက မဲနေတယ်၊ အင်္ကျီက နီနေတယ်၊ ထဘီ(ထမိန်)က ဝါနေတယ်ဆိုရင် သညာဘယ်နှစ်မျိုး ဖြစ်သွားမတုံး၊ တစ်ယောက်မှာပဲ သုံးမျိုးဖြစ်သွားမယ်။ မျက်မှန်တို့ ဘာတို့ တပ်ထားမယ်ဆိုလို့ရှိရင် မျက်မှန်တစ်ခုထဲကိုပဲ ဝါတာက တစ်ခုမှတ်ရတယ်၊ ညိုတာက တစ်ခုမှတ်ရတယ်၊ ဖြူတာက တစ်ခုမှတ်ရတယ်။ လူတစ်ယောက်ထဲကို ကြည့်လိုက်လို့ရှိရင် သညာ စေတသိက်တွေ အများကြီးဖြစ်သွားတာပဲ။ သညာတစ်လုံးတည်းနဲ့အများကြီးကို မမှတ်နိုင်ဘူးတဲ့။ အနီကို အနီသတ်သတ် မှတ်တယ်၊ သညာက များလို့ လူတစ်ယောက်ကို ကြည့်လိုက်လို့ရှိရင် နီတယ်၊ ဝါတယ်၊ ဖြူတယ်၊ အများကြီး သိလာတယ်။ အဲဒီတော့ သညာတွေဟာ မရေမတွက်နိုင်အောင် များသွားတာပေါ့။ သညာကတော့ ဒီလောက်နဲ့ပဲ တော်ကြစို့။

## စေတနာစေတသိက်

စေတနာဆိုတာလဲ မြန်မာစကားဖြစ်နေတာပဲ။ စေတနာကို မြန်မာလို ပြန်တဲ့အခါကျတော့ အဓိပ္ပါယ်နားမလည်တော့ဘူး။ လူတွေက စေတနာရှိတယ်၊ စေတနာမရှိဘူး။ ဆရာလုပ်ရင် "နာ"သုံးနာတဲ့။ စေတနာရယ်၊ ဝါသနာရယ်၊ အနစ်နာရယ်တဲ့။ အနစ်နာလဲ ခံရမယ်တဲ့။ ဆရာဆရာမ လုပ်ရတာ အနစ်နာလဲ ခံရအုံးမယ်တဲ့၊ စေတနာလဲ ရှိရအုံးမယ်တဲ့၊ ဝါသနာလဲ ပါရအုံးမယ်တဲ့။

ဒီနှာသုံးနှာတောင် မလိုဘူး၊ တစ်နှာတည်းဆိုပြီးတာပဲ၊ ဝါသနာပါရင် အနစ်နာခံလုပ်တာပဲ။ ဝါသနာက အရေးကြီးတာပါ။ ဝါသနာပါတယ်ဆိုလို့ ရှိရင် စေတနာလဲ ပါတာပဲ။ အနစ်နာလဲ ခံတော့တာပဲ၊ ဝါသနာမပါတာ ခိုင်းရင်တော့ စေတနာလဲ သိပ်မရှိဘူး၊ အနစ်နာခံလဲ မခံနိုင်ဘူး၊ အဲဒီတော့ အဲဒီစေတနာဟာ မြန်မာစကားဖြစ်တယ်။ မြန်မာစကားဖြစ်နေတဲ့ စေတနာကို "စေ့ဆော်မှု"လို့ ဘာသာပြန်တယ်။ စေ့ဆော်တယ်ဆိုတဲ့ စကားကို မြန်မာတွေ ဘယ်လိုလုပ်နားလည်မလဲ၊ အခုခေတ်လူတွေက စေ့စပ်ဆိုရင် နားလည်တယ်၊ စေ့ဆော်တယ်ဆိုရင် နားမလည်ဘူး။

နှိုးဆော်မှုဆိုရင် နားလည်တယ်၊ နှိုးဆော်တယ်ဆိုတာက အခုအရပ်ထဲမှာ တရားနာကြွကြပါဗျို့၊ သင်တန်းသွားကြပါဗျို့၊ ဒီလိုလိုက်ပြီးတော့ နှိုးဆော်တာ ကျတော့ နားလည်တယ်။ ရှေး မြန်မာစကားက "နှိုးဆော်တယ်"ဆိုတာ စေ့ဆော်တာပဲ။ ဒါကြောင့်မို့လို့ မြန်မာစကားပေမယ့် မြန်မာအကုန်နားလည်ဖို့ဟာ သိပ်မလွယ်ဘူး။ အဲဒီတော့ "စေ့ဆော်တယ်"ဆိုတာ နှိုးဆော်တာပါပဲ။

စေတနာကို ဥပမာပေးကြတာက စစ်တပ်မှာ စစ်ဗိုလ်ဆိုတာ သူကိုယ်တိုင်လဲ သူ့တာဝန် သူလုပ်တယ်၊ တပ်သားတွေကိုလည်း စစ်တိုက်ဖို့ရာ သူက တိုက်တွန်းတယ်။ အဲဒီတော့ စစ်ဗိုလ်များဟာ ကိုယ်လုပ်ရမည့် ကိစ္စ၊ ငယ်သား တပည့်တွေ လုပ်ရမယ့်ကိစ္စ နှစ်ခု လုပ်ရသလို စေတနာဆိုတာလည်း ဒီလိုပဲ၊ သူလုပ်ရမဲ့ အလုပ်ကိုလည်း စေတနာက လုပ်တယ်၊ ဒွိပြင်စိတ်စေတသိက် တွေကိုလည်း သူက နှိုးဆော်တာပါပဲ။

ဒါကြောင့်မို့လို့ စေတနာကို "နှိုးဆော်မှု"ဆိုတာ နားလည်တယ် မဟုတ်လား။ နှိုးဆော်မှုဆိုရင်ကောင်းတယ်၊ စေ့ဆော်မှုဆိုရင် နားမလည်ဘူး။

တိုက်တွန်းမှုကိုကော နားမလည်ဘူးလား၊ တိုက်တွန်းတယ်ဆိုတာက မလုပ်ချင်တဲ့ လူကို လုပ်အောင် သူက တိုက်တွန်းပေးတယ်။ အားပေးတယ်ဆိုရင် တိုက်တွန်းတယ်ဆိုတာကိုလည်း မြန်မာက နားလည်တယ်။ အားထုတ်မှု

ဆိုတာကော နားမလည်ဘူးလား၊ အားထုတ်တယ်ဆိုတာ ကြိုးစားတာပဲ။ အဲဒီတော့ စေတနာကို "အားထုတ်တယ်" ထိအောင် ပြန်တဲ့အခါကျတော့ နည်းနည်းတောင် သဘောတစ်မျိုးဖြစ်သွားတယ်၊ နှိုးဆော်တို့ တိုက်တွန်းတို့ ကျတော့ စေတနာက ကိုယ့်ကိစ္စလည်း ကိုယ်လုပ်တယ်၊ သူများတကာကိုလဲ နှိုးဆော်တယ်၊ တိုက်တွန်းတယ်။ အားထုတ်တယ် ဆိုတာကတော့ ကိုယ့်ကိစ္စကို ကိုယ်ပြီးအောင် လုပ်တာကို အားထုတ်တယ်ဆိုတဲ့ သဘောရတယ်။ ဒီလိုလဲ ဘာသာပြန်ရင် ရပါတယ်။ ဒါပေမဲ့ နည်းနည်းကျန်သေးတယ်၊ အဘိဓမ္မာမှာ စေတနာရယ် ကံရယ် သင်္ခါရရယ်ဆိုပြီး စေတနာရဲ့အမည်တွေက တော်တော် များတယ်။

စေတနာကို ကံလို့လဲ ခေါ်တယ်၊ သင်္ခါရလို့လဲ ခေါ်တယ်။ စေတနာ ရှိတယ်ဆိုရင် မြန်မာက နားလည်နေတယ်၊ စေတနာရှိတယ် ဆိုတဲ့ စကားလုံးနဲ့ ကံကောင်းတယ်ဆိုတဲ့ စကားလုံးဟာ မြန်မာမှာ နားလည်တာက တစ်မျိုးစီ၊ ခင်ဗျား စေတနာရှိသလောက် လှူပါ ဆိုတော့ စေတနာရှိသလောက်ဆိုရင် လှူချင်သလောက် လှူခိုင်းတာပဲ။ ဒီလူ ကံကောင်းတယ်ဆိုလို့ရှိရင် ကံကောင်း တာက ထီပေါက်တယ်၊ ရာထူးကြီးကြီး ရသွားတယ်၊ အဲဒီတော့ အဘိဓမ္မာ စကားလုံးတွေက မြန်မာစကားထဲမှာ ရောက်နေတယ်၊ ရောက်နေတော့ အဘိဓမ္မာ စကားလုံးတွေကို မြန်မာအဘိဓာန်မှာ ပါဠိတတ်တဲ့လူတွေနဲ့ အဘိဓာန် ရေးလို့ မရဘူး။ မြန်မာကတော့ မြန်မာနားလည်သလိုပဲ ရေးရတယ်။ အဘိဓမ္မာကျတော့လဲ မြန်မာတွေ နားလည်တဲ့အတိုင်း ပြောရင် မှားကုန်ပြန်ရော၊ အဲဒါကြောင့်မို့လို့ မြန်မာမှာ စေတနာရှိတယ်ဆိုတဲ့ စကားနဲ့ ကံကောင်းတယ်ဆိုတဲ့ စကားဟာ တစ်မျိုးစီပဲ။

**စေတနာ၊ ကံ၊ သင်္ခါရ ထူးသလား**

သင်္ခါရဆိုတဲ့ စကားကလဲ မြန်မာနားလည်တာက တစ်မျိုးဘဲ၊ သြော် လူတွေဟာ အကုန်လုံး သင်္ခါရချည်းပဲလို့ ပြောတော့ ပြောကြတယ်၊ အဲဒီ

သင်္ခါရက စေတနာသင်္ခါရနဲ့ မတူဘူး၊ အားလုံး ရှိရှိသမျှ လူတွေဟာ သင်္ခါရပဲလို့ ဒီလိုသုံးလိုက်တော့ ဒီသင်္ခါရက တစ်မျိုးဖြစ်သွားတယ်၊ အခု စေတနာရယ်၊ ကံရယ်၊ သင်္ခါရရယ် အတူတူပဲဆိုတဲ့ အဘိဓမ္မာသင်္ခါရက တစ်မျိုးပဲ၊ ဒါကြောင့်မို့လို့ စေတနာကို နှိုးဆော်မှုလို့ ဘာသာပြန်တယ်၊ နှိုးဆော်မှုလို့ ဘာသာပြန်တော့ မြန်မာစကားမှာ ရှိတဲ့ စေတနာရှိမှ လှူမယ်ဆိုတဲ့ စကားနဲ့ အဓိပ္ပာယ်မတူဘူး။ စေတနာဆိုတာ နှိုးဆော်တဲ့ သဘောတရားပဲ၊ ဘာနဲ့တူသလဲဆိုတော့ စစ်ဗိုလ်တို့ ခေါင်းဆောင်တို့နဲ့တူတယ်၊ ခေါင်းဆောင်လုပ်တဲ့ သူဟာ သူများကိုလဲ လုပ်ဖို့ နှိုးဆော်တယ်၊ သူကိုယ်တိုင်လဲ လုပ်တယ်၊ အဲသလို ကိစ္စ နှစ်ခုကို လုပ်တယ်၊ ဒါနလုပ်မယ်ဆိုလို့ရှိရင်လဲ စေတနာက သူခေါင်းဆောင်တယ်၊ သူ့ကိုယ်သူလဲ လုပ်အောင် နှိုးဆော်တယ်။

ရှေးစိတ်ကို နောက်စိတ်က နှိုးဆော်တာပေါ့၊ လှူလိုက်ပါ၊ လှူမှ ချမ်းသာတာပဲ၊ အဲဒီတော့ မင်းချေးနဲ့စာ ခဲခဲယဉ်းယဉ်း ရှာရတာတွေကို မစားပါနဲ့၊ သားသမီးတွေ ဘာတွေကိုလဲ ဘဝသံသရာမှာ ဒီလိုပဲ ကြုံတွေ့ခဲ့ရတာပဲ၊ အဲဒီတော့ လှူလိုက်ပါ၊ ဘယ်သူ့မှ ငဲ့မနေပါနဲ့၊ ဒီလို ကိုယ့်စိတ်ကို ကိုယ်က နှိုးဆော်ပေးတာ။ အဲဒီလို နှိုးဆော်ပေးတဲ့သဘောကို စေတနာလို့ ခေါ်တယ်၊ တိုက်တွန်းတယ်ဆိုတဲ့ စကားနဲ့လဲ ရပါတယ်၊ တိုက်တွန်းတယ်ဆိုတာကလဲ ကိုယ်စိတ်ကို ကိုယ်တိုက်တွန်းတာပဲ၊ ဘာနဲ့သွားဆင်သလဲဆိုတော့ စေတနာဟာ စိတ်ပိုင်းမှာ သသင်္ခါရိကနဲ့တူတယ်၊ သသင်္ခါရိကမှာ သင်္ခါရမပါဘူးလား၊ အဲဒီ သင်္ခါရနဲ့ ဒီက စေတနာကို သင်္ခါရခေါ်တာ နည်းနည်းတူတယ်၊ တိုက်တွန်းတယ်၊ ကိုယ့်စိတ်ကို ကိုယ်နှိုးဆော်ပေးတယ်၊ ကိုယ့်စိတ်ကို ကိုယ်ကုသိုလ်ကောင်းမှု လုပ်အောင် တိုက်တွန်းပေးတယ်၊ ကုသိုလ်မှ မဟုတ်ပါဘူး၊ အကုသိုလ် အလုပ်လဲ တိုက်တွန်းခံရတာပါပဲ။

မြန်မာမှာတော့ လူဆိုတာက စေတနာရှိမှလို့ ကုသိုလ်မှာသာ ပြောတယ်၊ အကုသိုလ်မှာလဲ စေတနာ စေတသိက်က ယှဉ်တာပဲ၊ ကုသိုလ်မှာလဲ ယှဉ်တယ်၊ အကုသိုလ်မှာလဲ ယှဉ်တယ်၊ အကုသိုလ်လုပ်တဲ့ အခါမှာလဲ ဒီစေတနာရှိမှ

စေတနာက တိုက်တွန်းလို့ လုပ်တာကိုး၊ မင်းလုပ်သာ လုပ်ပါကွာ၊ ဗုဒ္ဓဘာသာမှာ ပါဏာတိပါတာ ဝေရမဏီတွေ ဘာတွေ ညာတွေဟာ အလကားသက်သက် ပြောတာပါစသဖြင့် ကိုယ့်စိတ်ကို ကိုယ်တိုက်တွန်းပေးတာပဲ၊ တိုက်တွန်းပေးမှ လူဟာ သတ်တာပဲ၊ သူများပစ္စည်းခိုးတာလဲ အဒိန္နာဒါနာ ဝေရမဏီတွေ ဘာတွေ လုပ်မနေပါနဲ့ကွာ၊ ခိုးသာခိုးပါဆိုတာ ကိုယ့်စိတ်ကို ကိုယ်တိုက်တွန်းပေးတာပဲ၊ ဘယ်သူက တိုက်တွန်းပေးတာလဲဆိုတော့ စေတနာက တိုက်တွန်းပေးတာ။ စေတနာက တိုက်တွန်းပေးတော့ စေတနာတစ်ခုတည်းဖြစ်တာ မဟုတ်ဘူး။ ကျန်တဲ့ စိတ်တွေ စေတသိက်တွေကိုလည်း သူက တိုက်တွန်းပေးတာပဲ။ အဲဒါကြောင့်မို့လို့ ဒီစေတနာကို တိုက်တွန်းတယ်လို့ ဒီလို ဘာသာပြန်ပေးလို့လဲ ရတယ်၊ ဒါ အဘိဓမ္မာနည်း ဖြစ်ပါတယ်။

မြန်မာ့နားနဲ့ကြည့်ရင်တော့ နှိုးဆော်တာတို့ တိုက်တွန်းတာတို့က မြန်မာမှာ သုံးနေတဲ့ စေတနာနဲ့တော့ မကိုက်ဘူး၊ တစ်ခါ စေတနာကို အားထုတ်မှုလို့ ဒီလို ဘာသာပြန်မယ်ဆိုလို့ရှိရင် ဒါ သသင်္ခါရိကကို ကြည့်ပြီးတော့ စေတနာကို အားထုတ်မှုလို့ ပြန်တာကိုး၊ စေတနာကို နောက်ထပ်ပြီးတော့ ဘာသာပြန်ချင်သေးရင် အားထုတ်မှုအပြင် စီမံမှု၊ ဖန်တီးမှုလို့ ပြန်နိုင်တယ်၊ စီမံတယ်ဆိုတာက နှိုးဆော်သလိုပါပဲ။ ဒါနပဲ လုပ် လုပ်၊ အကုသိုလ် တစ်ခုခုပဲ လုပ် လုပ်၊ စေတနာက စီမံတာကိုး။ စေတနာ စီမံလို့ ဒီကုသိုလ်၊ အကုသိုလ်တွေ လုပ်တော့ စီမံမှုလို့လဲ ပြန်နိုင်တာပါပဲ၊ ဖန်တီးတယ်ဆိုတာကတော့ နောက်ထပ် မြန်မာစကားတစ်ခုပဲ၊ အလုပ်တစ်ခုခုကို ဖြစ်အောင် ဖန်တီးလိုက်တယ်ဆိုရင် စေတနာက ခေါင်းဆောင်ပြီးတော့ ဖန်တီးလိုက်တာပဲ၊ ဒါကြောင့်မို့လို့ အဘိဓမ္မာမှာ စေတနာဟာ သိပ်ပြီးတော့ အသုံးများတယ်၊ ဒါကြောင့်မို့လို့ သင်္ခါရကို စီမံတယ်၊ ဖန်တီးတယ်၊ ပြုပြင်တယ်၊ အားထုတ်တယ်လို့ ပြန်ကြတယ်၊ ဒါက စေတနာရယ်၊ ကံရယ်၊ သင်္ခါရရယ် တူတဲ့ နေရာမှာ သုံးပုံတွေပဲ၊ တစ်ခါ ဘုရားက ဘယ်လိုဟောပြန်သလဲဆိုတော့ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"တဲ့။ ဒီပါဠိကို ဘာသာပြန်လိုက်တဲ့အခါကျတော့ " စေတနာကို ကံ လို့ ငါဘုရား

ဟောတော်မူတယ်''လို့ အဓိပ္ပာယ်ရတယ်။ စေတနာနဲ့ ကံနဲ့ အတူတူပဲဆိုတဲ့ အဓိပ္ပာယ်ရောက်သွားတယ်။ တစ်ခါ စေတနာနဲ့ ကံနဲ့တူတယ် ဆိုပေမဲ့ မတူတဲ့နေရာကျတော့ မတူဘူး။ ဘာဖြစ်လို့ မတူသလဲဆိုတော့ စေတနာ ဆိုတာက အရင်ဖြစ်တာ၊ ကံ ဆိုတာက နောက်မှဖြစ်တာ။ ဒီလိုလဲ ရှိတယ်။

ရှင်ပြုမယ် ဆိုပါတော့ ရှင်ပြုတော့မယ်ဆိုလို့ရှိရင် (၁) လ၊ (၂) လ၊ (၆) လလောက်က စပြီးတော့ ငါတို့ သားသမီးတွေကို ရှင်ပြုတော့မယ်လို့ စေတနာက ပထမ အစောကြီးထဲက မဖြစ်ဘူးလား၊ စေတနာက အစောကြီး ထဲက ဖြစ်တယ်၊ အဲဒီစေတနာကို ဘာစေတနာလို့ ခေါ်သလဲ၊ ပုဗ္ဗစေတနာလို့ ခေါ်တယ်၊ ပုဗ္ဗစေတနာဆိုတာ မလှူမီ ရှေ့အဖို့ထဲကနေပြီးတော့ ဖြစ်နေတဲ့ စေတနာကို ခေါ်တယ်၊ လှူမယ်၊ လှူမယ်၊ လှူမယ်လို့ ဖြစ်နေတဲ့ စေတနာကလဲ ပဋိသန္ဓေအကျိုး မပေးပေမဲ့ မလှူရသေးပေမဲ့ လှူမယ်လို့ စေတနာဖြစ်တယ် ဆိုရင် ပဝတ္တိအကျိုးကိုတော့ ပေးတယ်။

တစ်ခါ အဲသလို ဖြစ်လာပြီး ရက်စေ့လာတဲ့အခါကျတော့ မဏ္ဍပ်ကြီး ထိုးပြီး သားတွေ၊ သမီးတွေကို ရှင်ပြုတယ်။ အဲဒီ ရှင်ပြုတဲ့အခါမှာ အလှူနေ့ မှာဖြစ်တဲ့ စေတနာကျတော့ မုဉ္စစေတနာလို့ခေါ်တယ်။ မုဉ္စစေတနာဆိုတာက လှူဆဲအခါမှာ အလှူနေ့မှာ တစ်ခါထဲ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ သောမ နဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာကုသိုလ်စိတ်ဖြစ်နေတာပါပဲ။ အဲဒီ မုဉ္စစေတနာကတော့ ပဋိသန္ဓေအကျိုးကို ပေးတယ်၊ သူက တကယ်လှူ တာကိုး။ ပုဗ္ဗစေတနာကတော့ တကယ် မလှူသေးလို့ ပဋိသန္ဓေအကျိုးတော့ မပေးနိုင်ဘူး။ တကယ် လူချမ်းသာ နတ်ချမ်းသာ အကျိုးပေးနိုင်တာကတော့ မုဉ္စစေတနာ ဖြစ်တယ်။ တကယ် လှူတဲ့ စေတနာမှ အကျိုးပေးတာကိုး။

အဲဒီ မုဉ္စစေတနာနဲ့ လှူပြီးတဲ့ အခါကျတော့ ရှင်သာမဏေတွေ ရဟန်း တော်တွေကို တွေ့ရတဲ့အခါတို့၊ ဒီ ရှင်ပြုတဲ့ ကုသိုလ်ကို လူတွေတိုင်း လူတွေတိုင်း ပြောရတာတို့၊ ပရိသတ်တွေက ကြွလာကယ်၊ အဲဒီ အလှူနေ့မှာ ဘာတွေ

ကျွေးတယ်ဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာ လူလာတိုင်း လာတိုင်း ပြောပြီးတော့ ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ စေတနာကိုတော့ အပရစေတနာလို့ ခေါ်ပါတယ်။

အဲဒီတော့ အလှူ လှူတဲ့အခါမှာ စေတနာ သုံးတန် ပြဋ္ဌာန်းရမယ်ဆိုပေမဲ့ အပရစေတနာ ဆိုတာကတော့ လှူပြီးတဲ့နောက်မှ မသေမချင်းဖြစ်လို့ ရတာကိုး။ ဒါကြောင့်မို့လို့ စေတနာသုံးတန် ပြဋ္ဌာန်းပြီးတော့ လှူတယ်၊ စေတနာသုံးတန် ပြဋ္ဌာန်းပြီးတော့ လှူကြပါလို့ ဆိုတာက တချို့တလေက လှူတော့ လှူတယ်၊ ပုဗ္ဗစေတနာ မရှိတဲ့ အလှူမျိုးလဲ ရှိတယ်။ မုဥ္စစေတနာသာ ဖြစ်တယ်။ တချို့ တလေက မုဥ္စစေတနာနဲ့ လှူတုန်းတော့ ကုသိုလ်ဖြစ်လိုက်တာပဲ။ လှူပြီးတဲ့ နောက် ဒီအလှူကို အကြောင်းပြုပြီးတော့ ဘုန်းကြီး လှူမိတယ် ဆိုလို့ရှိရင်လဲ ဒီဘုန်းကြီးက ဇရုတ်သုတ်ခ ဖြစ်လို့ စိတ်မကောင်းခြင်း ဖြစ်ရတာတို့၊ ကျောင်းဆောက်မိလို့ ရှိရင်လဲ ဒီကျောင်းမှာ ဘုန်းကြီးတွေ မတည့်လို့ဆိုရင် အပရစေတနာ ပျက်ချင် ပျက်တော့တာပဲ။ သို့သော် မုဥ္စစေတနာကတော့ ကုသိုလ်ရတာပဲ။

## စေတနာမရှိဘဲ ကံမြောက်နိုင်သလား

အဲဒီတော့ ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ အပရစေတနာလို့ စေတနာ သုံးတန်ဖြစ်တဲ့အခါမှာ မုဥ္စစေတနာနဲ့ အလှူလုပ်တဲ့ လှူဆဲအခါမှာသာ တကယ် ဒါနမြောက်တယ်၊ ကံဆိုတာက တကယ် လုပ်လိုက်မှ ကံမြောက်တယ်၊ စေတနာရှိပေမဲ့ ကံမြောက်မှ ကုသိုလ်ဖြစ်တယ်၊ စေတနာတော့ ဖြစ်နေတယ်၊ ပုဗ္ဗစေတနာက လှူချင်တယ်၊ လှူချင်တယ်၊ ငါ လှူချင်လိုက်တာ၊ လှူချင် လိုက်တာ၊ လှူချင်လိုက်တာ ဆိုပြီးတော့ တစ်ခါမှလဲ လှူလဲ မလှူဖြစ်ဘူး၊ အဲဒီလူ ဒါနကုသိုလ်မြောက်ပါ့မလား၊ လှူချင်တယ်လို့ စိတ်ထဲမှာ စေတနာ ဖြစ်နေရုံနဲ့ ဒါနကုသိုလ်မြောက်ပါ့မလား၊ တကယ် လှူမှပဲ ကံမြောက်မှာပေါ့။ အဲဒီတော့ စေတနာနဲ့ ကံထူးပုံက တကယ်လှူမှ ကံမြောက်တယ်၊ တကယ် မလှူဘဲနဲ့ စေတနာ ဖြစ်နေရုံနဲ့တော့ ကုသိုလ်ကံ မမြောက်ဘူး။

အကုသိုလ်ကံမှာလဲ ဒီအတိုင်းပါပဲ၊ ဒီကောင်ကို ငါသတ်ချင်တယ်၊ သတ်ချင်တယ်လို့ ပုဗ္ဗစေတနာကတော့ သတ်ချင်တဲ့ စေတနာတွေ ဖြစ်နေတယ်၊ အဲဒီလို လူတစ်ယောက်ကို သတ်ချင်တာနဲ့ပဲ အကုသိုလ်ကံမြောက် သွားသလား၊ မမြောက်သေးဘူး၊ ဘယ်ကျမှ အကုသိုလ်ကံက မြောက်သလဲ ဆိုတော့ သတ်မှပဲ အကုသိုလ်ကံ မြောက်တယ်၊ အဲဒါကြောင့်မို့လို့ သတ်ချင်တယ် ဆိုတဲ့ ပုဗ္ဗစေတနာမျိုးဟာ စေတနာလို့ပဲ ခေါ်နိုင်တယ်၊ ကံလို့ မခေါ်နိုင်ဘူး၊ တကယ်သတ်တဲ့ အခါကျမှ ကံမြောက်တယ်လို့ ခေါ်နိုင်တယ်၊ မလုပ်မီ ပထမ ဖြစ်နေတဲ့ ပုဗ္ဗစေတနာမျိုးဟာ စေတနာလို့ပဲ ခေါ်နိုင်တယ်၊ ကံလို့ မခေါ်နိုင်ဘူး၊ တကယ်သတ်တဲ့ အခါကျမှ ကံမြောက်တယ်လို့ ခေါ်နိုင်တယ်၊ မလုပ်မီ ပထမ ဖြစ်နေတဲ့ ပုဗ္ဗစေတနာက စေတနာပဲ၊ တကယ်လုပ်မှ ကံလို့ ခေါ်နိုင်တယ်၊ အဲဒီတော့ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"ဆိုတဲ့ ပါဠိမှာ စေတနာကိုပဲ ကံလို့ ငါဘုရားဟောတယ်လို့ ရိုးရိုးဘာသာပြန်ကြတယ်။ တစ်နည်း ဘာသာပြန် ရမယ်ဆိုရင် "စေတနာရှိမှ ကံမြောက်တယ်လို့ ငါဘုရားဟောတော်မူတယ်"လို့ ပြန်ရမယ်၊ ဒါမှ စေတနာရှိမှ ကံမြောက်တယ်၊ စေတနာ မရှိရင် ကံမမြောက်ဘူးဆိုတာနဲ့ ညီမယ်။

## စေတနာရှိမှ ကံမြောက်ပုံ နောက်ခံသမိုင်း

နောက်ခံသမိုင်းကြောင်းကိုပြောရရင် သင်္ဂါယနာတင်တာ ခြောက်ကြိမ် ရှိသွားပါပြီ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတော့ အနှစ်သုံးရာလောက်ပဲ ရှိသေးတဲ့ တတိယသင်္ဂါယနာမှာ ရဟန္တာတွေ ရှိသေးတယ်၊ အဲဒီခေတ်မှာ သာသနာက သိပ်ပြီးတော့ ထွန်းကားတယ်။ သာသနာက သိပ်ပြီးတော့ ထွန်းကားတဲ့ အခါကျတော့ ဗုဒ္ဓဘာသာ သာသနာ့ဘောင်မှာ ဂိုဏ်းအမျိုးမျိုးမှ လူအမျိုးမျိုးတွေ ရဟန်းပြုကြတယ်။

အဲဒီတော့ ဘုရားသာသနာကို တကယ် မကြည်ညိုဘဲနဲ့ တကယ် ယုံကြည်ချက် သဒ္ဓါမရှိဘဲနဲ့ သဒ္ဓါပဗ္ဗဇိတ မဟုတ်ဘဲနဲ့ သာသနာမှာ လျှုဒါန်းတဲ့

ကျေးမွေးတဲ့ လူတွေ ပေါတာနဲ့ သင်္ကန်းဝင် ဝတ်ကြတယ်၊ သင်္ကန်းဝင် ဝတ်တဲ့ အခါကျတော့ ရဟန်းတော်တွေ သိပ်များပြီး ဂိုဏ်းတွေ ပွေရှုပ်ပြီးနေတော့ ရဟန်းကောင်း ရဟန်းမြတ်တွေက ရဟန်း မဟုတ်ဘဲနဲ့ သင်္ကန်းဝတ်ပြီးတော့ နေတဲ့ ရဟန်းတု ရဟန်းယောင်တွေနဲ့ ဥပုသ် မပြုနိုင်ဘူး၊ သံဃာဆိုတာက အကုန်လုံး စည်းဝေးပြီးတော့ ဥပုသ်ပြုရတယ်၊ ဥပုသ်ပြုတယ်ဆိုတာက ဘုရားရဲ့ ပညတ်ချက်ဥပဒေ ရွတ်ဖတ်ကြတာပါပဲ၊ ဘာမလုပ်ရဘူး၊ ဘာလုပ်ရမယ် ဆိုတဲ့ အဲဒီလို (၂၂၇) သွယ်သော ဥပဒေတွေကို ရွတ်ဖတ်ကြတာကို ဥပုသ်ပြုတယ်လို့ ဆိုတယ်၊ အဲဒီလို ဥပုသ်ပြုရမယ်ဆိုတဲ့ မြတ်စွာဘုရားရဲ့ပညတ်ချက်ကတော့ ဥပုသ်ပြုတဲ့အခါမှာ သိမ်တစ်သိမ်ထဲမှာ ဆိုလို့ရှိရင် ရဟန်း မဟုတ်တဲ့ ရဟန်း ယောင်ဆောင်နေတဲ့ ရဟန်းအတုအယောင်တွေ ပါနေတယ်ဆိုလို့ရှိရင် ရဟန်း ကောင်းတွေက အတူတူ ကံမဆောင်ကောင်းဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ ရဟန်း မဟုတ်ဘဲနဲ့ ရဟန်းတု ရဟန်းယောင်တွေ ပါနေရင် ကံ မဆောင်ရဘူးလို့ ပညတ်ချက်က ရှိတာကိုး၊ ကံမဆောင်ကောင်းတော့ ဝိနည်းကို လေးစားတဲ့ ရဟန်းကောင်းရဟန်းမြတ်တွေက ရဟန်းတုတွေနဲ့ အတူတူ ဥပုသ်မပြုကြဘူး။

ဥပုသ်မပြုဘူးဆိုတဲ့ အဓိပ္ပာယ်က သံဃာတွေ မတည့်ဘူးပေါ့၊ သံဃာတွေ မညီမညွတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ရောက်နေတာပေါ့။ သံဃာတွေ အချင်းချင်း ဂိုဏ်းတွေ အမျိုးမျိုးဖြစ်နေကြတယ်။ မတည့်ကြဘူးဆိုတော့ တိုင်းပြည် အုပ်ချုပ် မင်းလုပ်တဲ့ အဲဒီခေတ်က မင်းကလဲ သာသနာရဲ့ အကြောင်း ဝိနည်းတွေ ဘာတွေအကြောင်း မသိဘူး၊ သူသိတာကတော့ သံဃာတွေ ညီညီညွတ်ညွတ် နေစေချင်တယ်၊ ဥပုသ်ပြုတယ်ဆိုရင် သံဃာတွေ ညီညွတ်တာပဲ၊ ဥပုသ် မပြု ကြဘူးဆိုရင် မညီညွတ်ဘူး၊ မညီညွတ်တာကို မင်းက မလိုချင်ဘူး၊ ညီညီ ညွတ်ညွတ်ပဲ သံဃာတွေ နေစေချင်တယ်၊ အဲဒါကြောင့်မို့ သာသနာရေး ဘက်က မင်းမှုထမ်းတစ်ယောက်ကို ဒီသံဃာတွေကို ညီညီညွတ်ညွတ် ဥပုသ်ပြုပါလို့ ရှင်ဘုရင်အမိန့်နဲ့ ဥပုသ်ပြုခိုင်းတယ်၊ အဲဒီခေတ် ဥပဒေက မင်းအမိန့်ကို

မနာခံရင် ဘာမှ အယူးတလည် စစ်ဆေးနေစရာမလိုဘူး။ မင်းအမိန့် မနာခံတဲ့ လူကို သန်လျက်နဲ့ ခေါင်းကို ဖြတ်တာပဲ။

## ရဟန်းကောင်းအရှင်မြတ်တွေ ခေါင်းဖြတ်ခံရတာ ဘယ်ခေတ်ကလဲ

အဲဒီတော့ မင်းမှူထမ်း အရာရှိက အကုန်လုံး သံဃာတော်တွေ အစည်းအဝေးကြီးခေါ်ပြီး "အရှင်ဘုရားတို့ အားလုံး ညီညီညွတ်ညွတ် ဥပုသ် ပြုကြပါ၊ ဘုရင့် အမိန့်တော် ရှိလိုက်တယ်"ဆိုတော့ ရဟန်းကောင်းပုဂ္ဂိုလ်တွေက တို့ မပြုနိုင်ဘူးတဲ့၊ ကဲ မပြုနိုင်ဘူးဆိုလို့ရှိရင်တော့ ဒါ မင်းရဲ့အမိန့်ပဲ၊ တပည့်တော် တို့ရဲ့ ဝတ္တရားကတော့ ဥပုသ့်မပြုဘူးလား၊ မပြုတဲ့ကိုယ်တော့ခေါင်း ဖြတ်ရုံပဲ။ အဲဒီလို ပြောပြီး ထိပ်တန်းကိုယ်တော်ကြီးတွေက စပြီး ခေါင်းတွေဖြတ်တော့ ရဟန်းကောင်းအရှင်မြတ်တွေဟာ အကုန်လုံး ဇက်စင်းပြီး ခံကြတာပဲ။ အဲဒီ အထဲမှာ ရဟန္တာတွေလဲ ပါတာပဲ၊ ရဟန္တာပုဂ္ဂိုလ်တွေကျတော့ သေရမှာ ကြောက်ဝဘမှ မဟုတ်ဘဲ၊ သေတာတွေ ခေါင်းဖြတ်တာတွေ ဘာမှကြောက်တဲ့ ပုဂ္ဂိုလ်တွေမှ မဟုတ်ဘဲ၊ ရဟန္တာတွေကသာ မကုန်လှုပ်ဘူးလားဆိုတော့ အဲဒီ အထဲမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ဒီပြင် ပုထုဇဉ်ရဟန်းတွေလဲ ပါတာပဲ၊ ဒါပေမဲ့ အကုန်လုံး ဇက်စင်းခံကြတာပဲ။

## ရှေးက မြန်မာကြီးတွေ ဘာကြောင့် သေရဲတာလဲ

ဒါကြောင့်မို့လို့ "ရဲသော် မသေ၊ သေသော် ငရဲမလား" ဆိုတာဟာ အခုခေတ်ကျတော့ "ရဲဘော် မသေ၊ သေသော် ငရဲမလား" ဖြစ်နေတယ်၊ အဓိပ္ပာယ်ကတော့ "ရဲသော် မသေ၊ သေသော် ငရဲမလား" ဆိုတာ ရဲတဲ့ လူဟာ ဘယ်တော့မှ မသေဘူးတဲ့၊ ရဲတဲ့လူဟာ သူက တုန်မှ မတုန်လှုပ်ဘဲနဲ့၊ ရဲတော့ ဘာဖြစ်သလဲ၊ ဟော့ ဆိုရင် သူက သတ္တိရှိတော့ ရဲတယ်၊ ရဲတော့ သူက လုပ်စရာရှိတာ အကုန်လုံး အဆင်သင့် လုပ်ထားတာ။ ကြောက်တဲ့လူ

တွေသာ သေတယ်၊ သူက မသေဘူး၊ ရဲတော့ မသေဘူး၊ ရဲတဲ့ လူဟာ သေသွားလို့ရှိရင်လဲ ငရဲ မလားဘူးတဲ့၊ ဘာဖြစ်လို့ သူက သေရဲတာတုံး၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ ရှေးခေတ်တုန်းက အင်မတန် သတ္တိကောင်းတယ်၊ ဘာဖြစ်လို့ သေရဲတာတုံး။

ရှေးက ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ မကောင်းဘူးဆိုတဲ့ အလုပ်ကို ဘာမှ မလုပ်ဘူး၊ မကောင်းတာ မလုပ်ဘဲနဲ့ ကောင်းတာချည်းပဲ လုပ်တဲ့လူဟာ သေရင် ဘယ်ရောက်မတုံး၊ နတ်ပြည်ရောက်ရင် ရောက်မယ်၊ လူ့ပြည်ရောက်ရင် အထက်တန်းစားလူ ဖြစ်မယ်။

အဲဒီတော့ သူဟာ ရာထူးတက်သွားတာပဲ မဟုတ်လား၊ သူ့အတွက် သေတယ်ဆိုတာ ရာထူးတက်သွားတာပဲ၊ လက်ရှိဘဝထက် တစ်ဆင့် တက်သွားတာပဲ၊ အထက်နတ်ပြည် တက်သွားလို့ ရှိရင်လဲ နတ်သမီးတွေနဲ့ နေရမှာကိုး၊ လူ့ပြည်ဆိုလို့ရှိရင်လဲ တကယ်ချမ်းသာတဲ့လူ ဖြစ်မှာကိုး။ အဲဒီတော့ ဗုဒ္ဓဘာသာက နဂိုက သိပ်သေရဲတာ၊ အဲဒီခေတ်က လူတွေတောင်မှ သေရဲတော့ ရဟန်းတော် အရှင်မြတ်တွေဆိုတော့ သိပ်သေရဲတာပေါ့၊ တစ်ခါထဲ ခေါင်းတွေ ဖြတ်လိုက်တာ အကုန်လုံး ဇက်စင်းခံကြတာပဲ၊ ဘာမှ ပြန်မလုပ်ဘူး။

## ရဟန်းကောင်းတွေ သတ်မိတာ များကုန်ပါပြီ

ဒီလို အစဉ်အတိုင်း ခေါင်းတွေ ဖြတ်လာလိုက်တာ ဘယ်ရောက်လာလဲဆိုတော့ ရဟန်းကောင်း အရှင်မြတ်တွေထဲမှာ အိမ်ရှေ့မင်းသားဘဝနဲ့ ရဟန်းပြုတဲ့ ရဟန်းတစ်ပါး ပါတယ်၊ အဲဒီတော့ အိမ်ရှေ့မင်းသား ရဟန်းအလှည့်ကျတော့ ခေါင်းဖြတ်ရမှာ သူတို့ ဝန်လေးနေတယ်၊ ဘာဖြစ်လို့တုန်း ဆိုတော့ အဲဒီခေတ်က မင်းညီမင်းသားဆိုရင် လက်နက်နဲ့ သတ်ဖို့လို့ ဥပဒေမရှိဘူး၊ ဘယ်လောက်အပြစ်ရှိရှိ မင်းညီမင်းသားကို လက်နက်နဲ့သတ်ဖို့ ထုံးစံ မရှိဘူး၊ ထုံးစံမရှိတော့ ဘာမှ မလုပ်တတ်ဘူး၊ အိမ်ရှေ့မင်း ရဟန်းတော်ကလဲ ဇက်စင်း

ပေးတာပဲ၊ ဇက်စင်းပေးပေမဲ့ သူကိုတော့ မဖြတ်ရဲဘူး၊ ဘယ့်နဲ့ လုပ်မလဲ ဆိုပြီးတော့ ဘုရင့်ဆီ အမိန့်ခံတဲ့ အခါကျတော့ "ဟ-ဒုက္ခတော့ ရောက်ကုန်ပါပြီ၊ မှားတော့ ကုန်ပါပြီ၊ ငါ ရဟန်းတွေကို ဥပုသ်အပြုခိုင်းတာ၊ ဒီလိုလုပ်ခိုင်းတာမှ မဟုတ်ဘဲ"ဆိုပြီး ရှင်ဘုရင်က တော်တော်လေးတုန်လှုပ်ပြီး စိတ်မချမ်းမသာ ဖြစ်သွားရှာတယ်။

## သတ်မိတာ ဘယ်သူ့အပြစ်လဲ

စိတ်မချမ်းသာမှု ပြေပျောက်ရန် ရဟန်းကောင်း အရှင်မြတ်တွေထံ ဒီရဟန်းတော်တွေ သတ်တဲ့ အပြစ်ဟာ ရှင်ဘုရင်မှာ အပြစ်ရှိသလား မရှိဘူး လားလို့ ဘုရင်က လျှောက်ထားတယ်။ ဒီလိုရဟန်းပညာရှိတွေကို လျှောက်ထားတဲ့ အခါကျတော့ တချို့တလေ ရဟန်းတွေက ရှင်ဘုရင်မှာ အပြစ်မရှိပါဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်ဘုရင်က သတ်ခိုင်းတာမှ မဟုတ်ဘဲနဲ့၊ ဥပုသ်ပြုခိုင်း တာပဲတဲ့။ တချို့တလေ ရဟန်းတွေကျတော့ မင်းမှုထမ်းဆိုတာက အမိန့်တော် အတိုင်းလုပ်ရတာ၊ သူ့မှာ ဘာမှအပြစ်မရှိဘူး၊ အမိန့်တော်နာခံပြီးတော့ ဝတ္တရား အတိုင်းလုပ်တာ၊ အပြစ်က ရှင်ဘုရင်မှာသာ ရှိတာတဲ့။ အဲဒီလို ဆုံးဖြတ်တဲ့ အခါကျတော့ ပြဿနာက မပြေလည်ဘဲ ဖြစ်သွားတယ်။

အဲဒီအခါမှာ ရှင်မဟာမောဂ္ဂလိပုတ္တတိဿဆိုတဲ့ ရဟန္တာအရှင်မြတ်ဟာ တောထဲတောင်ထဲမှာ ရှိတယ်၊ အဲဒီ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ဒီပြဿနာကို ဖြေရှင်းနိုင်တော့ တချို့ပညာရှိ ရဟန်းတွေက အကြံပေးတာနဲ့ ရှင်ဘုရင်ဟာ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကို ပင့်တယ်။ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ပင့်လာပြီးတော့ ပထမဦးဆုံး ရှင်မဟာမောဂ္ဂလိပုတ္တတိဿက ဒီပြဿနာကို မဖြေခင် ရှင်ဘုရင်ကို နန်းတော်ထဲမှာပဲ ဗုဒ္ဓဘာသာတရားကို (၇)ရက် သင်ပေးတယ်။ ၇-ရက်သင်ပေးပြီးတော့ ဒီပြဿနာကို ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿက ဘုရားဟောဖြစ်တဲ့ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"ဒါကို ကြည့်ပြီးတော့ ဆုံးဖြတ်တာပဲ။

လူတစ်ယောက်ကို သတ်တယ်ဆိုလို့ရှိရင် သေစေလိုတဲ့ စေတနာရှိမှသာ ပါဏာတိပါတကံမြောက်တယ်၊ စေတနာမရှိရင် ကံမမြောက်ဘူးဆိုပြီးတော့ စေတနာနဲ့ ကံနဲ့ မတူတဲ့အကြောင်း၊ စေတနာရှိမှ ကံမြောက်တယ်၊ စေတနာ မရှိရင် ကံမမြောက်ဘူးဆိုပြီး တတိယသင်္ဂါယနာမှာ ဒီလို ဆုံးဖြတ်တယ်။ ဒါကြောင့်မို့လို့ စေတနာနဲ့ ကံနဲ့ဟာ တူတယ်ဆိုတာ အဘိဓမ္မာအရတူတာ ပြောတာ။ အရတူပေမဲ့ စေတနာနဲ့ကံနဲ့ဟာ နည်းနည်းကွဲပါတယ်။ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ စေကသိက်တွေထဲက စေတနာအရကောက်တာပဲ။ ပုညာဘိ သင်္ခါရဆိုတာလဲ စေတနာကို အရကောက်တာပဲ။ အရတူလို့ စေတနာရယ် ကံရယ် သင်္ခါရရယ် တူတယ်လို့ ပြောတာ၊ နဲနဲတော့ ကွဲတယ်ဆိုတဲ့ အကြောင်းသိအောင် သမိုင်းကြောင်းကို အကျဉ်းချုပ်ထုတ်ပြောတာပါပဲ။

**စေတနာသင်္ခါရ**

ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဆိုတော့ အဲဒီ သင်္ခါရဟာ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ လို့ သုံးမျိုးလာတယ်။ အဲဒီတော့ ပုညာဘိသင်္ခါရက လောကီကုသိုလ်စေတနာပဲ၊ ကာမာဝစရကုသိုလ်နဲ့ ရူပကုသိုလ်ပေါ့၊ အဲဒီ ကုသိုလ်စေတနာကိုပဲ ပုညာဘိသင်္ခါရလို့ ခေါ်တယ်၊ အပုညာဘိသင်္ခါရကတော့ အကုသိုလ်စိတ် (၁၂)ခုမှာရှိတဲ့ စေတနာကို ခေါ်တယ်။

အာနေဉ္ဇာဘိသင်္ခါရ ဆိုတာက အရူပကုသိုလ်လေးခုမှာ ယှဉ်တဲ့ စေတနာကို ခေါ်တယ်။ အဲဒီ သင်္ခါရကျတော့လဲ စေတနာပဲ၊ သဗ္ဗေ သင်္ခါရာ အနိစ္စာက သင်္ခါရ မဟုတ်ဘူး၊ အဲဒီတော့ ဒီသင်္ခါရနဲ့ ကံက တူဖို့ တော်တော်များတယ်၊ စေတနာကတော့ ဘယ်စိတ်ဖြစ်ဖြစ် အကုန်လုံးမှာ ပါရတာပဲ။

အဲဒီတော့ ကံက သိပ်များတယ်၊ ဘုံပိုင်းမှာကျတော့ ကမ္မစတုက္ကဆိုပြီး ကံတွေ ကန့်သတ်ပြီး ပြတာရှိတယ်။ အဲဒီတော့ ကံဟာ အကုသိုလ်ကံ ရှိတယ်၊ ကာမာဝစရ ကုသိုလ်ကံ ရှိတယ်၊ ရူပါဝစရ ကုသိုလ်ကံ ရှိတယ်၊ အရူပါဝစရ

ကုသိုလ်ကံ ရှိတယ်။ အကုသိုလ်ကံ ဆိုတာက အကုသိုလ်စိတ် (၁၂) ခုမှာရှိတဲ့ စေတနာကို ခေါ်တာပဲ။ အခု မြန်မာတွေ သုံးနေတဲ့ အကုသိုလ်ကံ ဆိုတာ အဲဒါပဲ၊ မကောင်းမှု ဒုစရိုက် (၁၀) ပါးလုပ်တဲ့အခါ အကုသိုလ်ကံတွေ ဖြစ်တာပဲ။ ကံမြောက်မှ ကံလို့ ခေါ်တယ်၊ စေတနာ ရှိရုံနဲ့တော့ ကံလို့ မခေါ်ဘူး၊ စေတနာရှိပြီးတော့ မကောင်းတဲ့ အလုပ်ကို လုပ်တဲ့အခါကျမှ ဒုစရိုက် (၁၀)ပါးကို လုပ်တဲ့ အခါကျမှ အကုသိုလ်ကမ္မပထမြောက်တယ်လို့ ခေါ်တယ်။

ကာမာဝစရကုသိုလ်ကံဆိုတာက အခုလူတွေ ဒါနပြုတယ်၊ သီလ ဆောက်တည်တယ်၊ အဲဒီတော့ ဒါနပြုတဲ့ ကုသိုလ်ကံတို့၊ သီလဆောက်တည်တဲ့ ကုသိုလ်ကံတို့ဟာ ကာမာဝစရ ကုသိုလ်ကံတွေပဲ၊ ဟာ– အလှူ လှူချင်ပါတယ်လို့ စေတနာရှိရုံနဲ့ ကမ္မပထ မမြောက်ဘူး၊ တကယ်လှူမှ မြောက်မှာ၊ ဟာ– ဒီနေ့ ဥပုသ်နေ့ သီလဆောက်တည်ချင်လိုက်တာ၊ ငါတော့ မအားပါဘူး၊ ဆောက်တည်ချင်ရုံနဲ့တော့ ကုသိုလ်နုနဲ့လေးလောက် ဖြစ်တာပေါ့။ ကံကတော့ မမြောက်ဘူး။

ရူပါဝစရကုသိုလ်ကံဆိုတာကတော့ သမထထိုင်တဲ့အခါ ဈာန်တွေ ဘာတွေ ရမှ ဖြစ်မှာပါ၊ အရူပါဝစရကုသိုလ်ကံဆိုတာလဲ အရူပဈာန်တွေ အားထုတ်လို့ ရတဲ့အခါကျမှ ဖြစ်မှာပါ၊ အဲဒီလို ကံက ဘုံနဲ့ လိုက်ပြီး ခွဲမယ် ဆိုရင် ကံက လေးမျိုး ပြားသွားတယ်၊ နောက် ကံအမျိုးအစားတွေ အများကြီး ရှိတာပဲ၊ ဒီနေရာမှာ ပြောနေရင် ဘယ်တော့မှ မဆုံးနိုင်ဘူး၊ ကံ (၄) မျိုးကို အောက်ပါ အတိုင်း မှတ်ထားပါ–

"အကုသိုလ်ကံ၊ ကာမာဝစရကုသိုလ်ကံ၊ ရူပါဝစရကုသိုလ်ကံ၊ အရူပါ ဝစရကုသိုလ်ကံ"တို့ပေါ့။

စေတနာရယ်၊ ကံရယ်၊ သင်္ခါရရယ် တူတယ်ဆိုတာ အရတူတာပဲ။ သဘောကို ကြည့်မယ်ဆိုလို့ရှိရင် တကယ်အလုပ်ဖြစ်ပြီးမှ ကံမြောက်ပြီးမှ ကမ္မလို့ သင်္ခါရလို့ ဒီလိုသုံးတယ်။ စေတနာကတော့ ကံမြောက်နေတဲ့အခါမှာလဲ

မှဋ္ဌစေတနာလို့ သုံးချင်သုံးတာပဲ။ ကံမမြောက်တဲ့ အခါမှာလဲ စေတနာလို့ သုံးတာပဲ။ သို့ပေမဲ့ သုတ္တန်နည်းနဲ့ ကြည့်မယ်ဆိုရင် စေတနာရှိမှ ကံမြောက်တယ်၊ စေတနာမရှိရင် ကံမမြောက်ဘူးဆိုတော့ စေတနာနဲ့ ကံက နည်းနည်းကွဲတယ်၊ ကွဲအောင် သုံးတဲ့နေရာမှာတော့ စေတနာနဲ့ ကံ ကွဲသွားတယ်။

## စေတနာက ဘယ်လို ၆–မျိုး ပြားသလဲ

ကံနဲ့ သင်္ခါရကတော့ တူသွားတယ်။ တစ်ခါ စေတနာကလည်း ဖဿတို့ ဝေဒနာတို့ ပြားသလို စေတနာခြောက်မျိုးပြားတယ်။ ဒီစေတနာခြောက်မျိုး ပြားပုံက သညာ ခြောက်မျိုး ပြားပုံနဲ့ တူတယ်။ ဖဿတို့ ဝေဒနာတို့ ကျတော့ ဒွါရဘက်လိုက်ပြီးတော့ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ ဒီလိုသွားတယ်။

ဝေဒနာကလဲ စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာဆိုပြီး ဒွါရဘက်ကို လိုက်သွားတယ်။ သညာကတော့ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာ ဆိုပြီး အာရုံဘက်ကို လိုက်သွားတယ်။ အခု စေတနာကျတော့ ရူပသဉ္စေတနာ၊ သဒ္ဒသဉ္စေတနာ၊ ဂန္ဓသဉ္စေတရာ၊ ရသသဉ္စေတနာ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ ဓမ္မသဉ္စေတနာဆိုပြီး အာရုံဘက် လိုက်ပြီးတော့ ခြောက်မျိုးဖြစ်တယ်။

အဲဒီတော့ စေတနာနဲ့ သညာဟာ ဘာဖြစ်လို့ အာရုံဘက်ကို လိုက်ရသလဲ ဆိုတော့ စက္ခုပသာဒနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့အခါ စက္ခုဝိညာဉ်က ရူပါရုံကို မြင်တယ်ဆိုတာက သညာက မှတ်လိုက်ရတာကိုး။ သညာက မှတ်လို့သာလျှင် ရူပါရုံကို စက္ခုဝိညာဉ်က မြင်တာ။ ရူပါရုံကို ကြည့်ပါလို့ တိုက်တွန်းတာက စေတနာက တိုက်တွန်းတာ။ စက္ခုဝိညာဉ်အလိုအားဖြင့် သူ့မှာ ကြည့်မယ်–မကြည့်ဘူးဆိုတဲ့သဘောတရား ဘာမှမရှိဘူး၊ စက္ခုဝိညာဉ်က မြင်နိုင်တဲ့သဘော

ဘာရှားပဲရှိတယ်၊ အဲဒီတော့ မြင်အောင် ဘယ်သူက တိုက်တွန်းပေးတာလဲဆိုတော့ စေတနာက ဒါလေးကို ကြည့်လိုက်ပါ၊ ကြည့်လိုက်ပါလို့ ဒီလို တိုက်တွန်းပေးမှ ရူပါရုံကို မြင်နိုင်တာ။ စေတနာက ကြည့်လိုက်ပါလို့ မတိုက်တွန်းဘဲနဲ့ဆိုရင် စက္ခုဝိညာဉ်က လူတွေ လျှောက်သွားနေပေမဲ့ မမြင်ဘူး။

ဒါကြောင့်မို့လို့ ဖဿတို့၊ ဝေဒနာတို့၊ သညာတို့၊ စေတနာတို့ ဆိုတာက အာရုံတစ်ခုကို စိတ်တစ်ခုက မြင်တယ်၊ ကြားတယ်ဆိုရင် ဖဿမပါဘဲလဲ မဖြစ်ဘူး၊ ဝေဒနာမပါဘဲလဲ မဖြစ်ဘူး၊ သညာမပါဘဲလဲ မဖြစ်ဘူး၊ စေတနာ မပါဘဲလဲ မဖြစ်ဘူး၊ စေတနာဟာ အခုခြောက်မျိုး ပြောသော်လည်း တကယ်က စိတ်ရှိသလောက် စေတနာက အကုန်ပါတာပဲ။ စိတ် ၈၉–ခု ရှိရင် စေတနာက ၈၉–ခု ရှိတာပဲ။ စိတ် ၁၂၁–ပါး ရှိရင် စေတနာ ၁၂၁–ပါးပဲ။ ဒါကြောင့်မို့ စိတ်အားလုံးမှာ ပါဝင်တဲ့ စေတသိက်ဖြစ်လို့ ပါဠိလို သဗ္ဗစိတ္တသာဓာရဏ=စိတ်အားလုံးမှာ သူတို့မပါဘဲနဲ့ ဘယ်စိတ်မှ ဖြစ်လို့မရဘူးလို့ ဆိုလိုပါတယ်။

ဒါကြောင့်မို့ စေတနာခြောက်မျိုးပြားတာက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ အာရုံခြောက်ပါးရှိလို့ ခြောက်မျိုးပြားတယ်။ အခု ပါဠိလို ရေးပြမယ်။

"ရူပသဉ္စေတနာ၊ သဒ္ဒသဉ္စေတနာ၊ ဂန္ဓသဉ္စေတနာ၊ ရသသဉ္စေတနာ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ ဓမ္မသဉ္စေတနာ"

ဒီစေတနာစေတသိက်က အဘိဓမ္မာမှာ သိပ်အသုံးများတာပဲ။ အဲဒီတော့ စေတနာကျယ်သလောက် လေ့လာနေမယ်ဆိုရင် အခြားလေ့လာစရာတွေ အချိန်နည်းသွားမယ်။ ဒါပေမယ့် အခြေခံအဘိဓမ္မာမှာ စေတနာဆိုတဲ့ စေတသိက်တစ်လုံးဟာ သိပ်အရေးကြီးတာပဲ။ ဘာဖြစ်လို့တုံးဆိုရင် ပဋ္ဌာန်းမှာ ကမ္မပစ္စည်းဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံဟာ ဗုဒ္ဓဘာသာမှာ သိပ်အရေးကြီးတာပဲ။ ဒီကုသိုလ်ကံ အကုသိုလ်ကံရဲ့ အကျိုးပေးပုံကို ပဋ္ဌာန်းမှာ "ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"လို့

ကမ္မံနဲ့ပဲ လာတာပဲ။ ကုသလာကုသလံ ကမ္မံ၊ ကုသိုလ် အကုသိုလ်ကံသည်။ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ၊ ဝိပါက်ခန္ဓာနဲ့ ကမ္မဇရုပ်တို့အား။ ကမ္မ ပစ္စယေန ပစ္စယော၊ ကမ္မပစ္စည်းဖြင့် ကျေးဇူးပြုသတဲ့။

အဲဒီတော့ ဝိပါက်ခန္ဓာ ကမ္မဇရုပ်ဆိုတာက အခုလူဆိုတဲ့ နာမ်နဲ့ရုပ်ကို ဆိုတာပဲ။ အဲဒီ လူဆိုတဲ့ ခန္ဓာကိုယ်ကြီးကို အဘိဓမ္မာလို ခေါ်လို့ရှိရင် ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်လို့ ခေါ်တယ်။ လူဆိုတာ ဝိပါက်နာမက္ခန္ဓာနဲ့ ကမ္မဇရုပ်ပဲ။ အခု လူတွေထိုင်နေတယ်လို့ ပြောမယ့်အစား ဒီနာမက္ခန္ဓာလေးပါးနဲ့ ကမ္မဇရုပ် ထိုင်နေတယ်လို့ ပြောနိုင်တယ်။ နောက် ခန္ဓာတွေလေ့လာတဲ့အခါကျတော့လဲ ခန္ဓာငါးပါးအကြောင်း သိလာမှာပါ။

## လူလာဖြစ်ရတာ ဘာကြောင့်ဖြစ်ရတာလဲ

အဲဒီတော့ ဝိပါက်နာမက္ခန္ဓာလေးပါးနဲ့ ကမ္မဇရုပ်ကို လူလို့ခေါ်ထားတာကိုး။ လူလာဖြစ်တာ ဘာကြောင့်ဖြစ်ရတာတုံးဆိုရင် ကုသိုလ်ကံကြောင့် လာဖြစ်တာလို့ ဖြေရမယ်။ အတိတ်ကုသိုလ်ကံကြောင့် ဒီဘဝမှာ လူလာဖြစ်တယ်၊ ဝိပါက် နာမက္ခန္ဓာနဲ့ ကမ္မဇရုပ်လာဖြစ်တယ်၊ အဲဒီ လူလာဖြစ်ရခြင်းရဲ့ အကြောင်းကို "အတိတ်ကုသိုလ်ကံဆိုတဲ့ ကမ္မပစ္စည်း"လို့ ပဋ္ဌာန်းမှာ လာတယ်။

ဗုဒ္ဓဘာသာမှာ "ကမ္မဿ၊ ကံကိုလည်းကောင်း။ ကမ္မဖလဿ၊ ကံ၏အကျိုးကို လည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍ ဆိုတာရှိတယ်။ ကံကို ယုံတယ်ဆိုတာက ဗုဒ္ဓဘာသာမှာ အခြေခံဖြစ်တယ်။ လူလာဖြစ်တာဟာ အကြောင်းမဲ့ ဖြစ်တာလားဆိုရင် အကြောင်းမဲ့ ဖြစ်တာလဲ မဟုတ်ဘူး။ ထာဝရဘုရား ဖန်ဆင်းလို့ ဖြစ်တာလားဆိုတော့ ဖန်ဆင်းရှင်ကြောင့် ဖြစ်တာလဲ မဟုတ်ဘူး။ အတိတ်အကြောင်းမရှိဘဲနဲ့ ဒီဘဝမှာ အဖေနဲ့ အမေ မင်္ဂလာဆောင် လို့ပဲ ဖြစ်တာလား၊ အတိတ်အကြောင်းမပါဘဲနဲ့ ပစ္စုပ္ပန်အကြောင်းသက်သက်နဲ့ ဖြစ်တာလား၊ ဒီလိုမေးတဲ့အခါ အတိတ်က ကုသိုလ်ကံကြောင့်လို့ ယုံတာဟာ

ကံကို ယုံတာပဲ။ အကုသိုလ်ကံဆိုလို့ရှိရင် အခု တိရစ္ဆာန်တွေ ဖြစ်လာတာဟာ အကုသိုလ်ကံကြောင့် လာဖြစ်တာပဲ။ တိရစ္ဆာန်ဆိုတာလဲ ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်ပဲ။

## လူနှင့် တိရစ္ဆာန် ရုပ်နာမ်ချင်း တူသလား

အဘိဓမ္မာကျတော့ ခန္ဓာငါးပါးအတူတူပဲ။ တိရစ္ဆာန်က လေးဘက်ထောက်သွားပြီး လူက မတ်တပ်ရပ်သွားတော့ ပုံသဏ္ဍာန်ချင်း ကွဲသွားတာပဲ။ သို့ပေမဲ့ ရုပ်နာမ်ချင်း တူသလားဆိုတော့ တိရစ္ဆာန်က အကုသိုလ်နာမက္ခန္ဓာ အကုသိုလ် ကမ္မဇရုပ်၊ အကုသိုလ်ကံကြောင့်ဖြစ်တဲ့ ခန္ဓာငါးပါးဖြစ်ပြီး လူတွေက ကုသိုလ်ကံကြောင့် ဖြစ်တဲ့ ခန္ဓာငါးပါးဖြစ်ပါတယ်။ အဲဒီတော့ တိရစ္ဆာန်ဖြစ်ရတာဟာလဲ အကြောင်းမဲ့ဖြစ်တာမဟုတ်ဘူး၊ အတိတ်အကုသိုလ်ကံကြောင့် တိရစ္ဆာန်ဖြစ်ရတယ်။ အဲဒီလို ကံကို ယုံတာဟာ ဗုဒ္ဓဘာသာမှာ အခြေခံပဲ။

အဲဒါကြောင့်မို့လို့ ဒီဘဝမှာ ဒါနပြုတယ်၊ သီလဆောက်တည်တယ်၊ ဘာဝနာပွားတယ်ဆိုတာက နောင်အနာဂတ်ဘဝမှာ ကောင်းတဲ့ခန္ဓာငါးပါး ဖြစ်အောင် ဆိုပြီးတော့ မကောင်းတာတွေ မလုပ်ဘဲနဲ့ ကောင်းတာတွေလုပ်ကြတာ မဟုတ်လား။ ဒါကြောင့်မို့လို့ ကံခန်းဟာ ဗုဒ္ဓဘာသာမှာ အင်မတန်ကျယ်ဝန်းပါတယ်၊ ကံခန်းကို ရေးရရင် ကုန်မှာမဟုတ်ဘူး။ နောင်လဲ ဆိုင်ရာဆိုင်ရာကျတော့ နည်းနည်းရေးသွားမှာပါ။ စေတနာစေတသိက်ကတော့ ဒီလောက်ဆို တော်လောက်ပါပြီ။

## ဧကဂ္ဂတာစေတသိက်

တချို့တလေကတော့ ဧကဂ္ဂတာကျနေတယ်၊ ဒီလို ပြောချင် ပြောမယ်။ ဧကဂ္ဂတာဆိုတာက မြန်မာမှာ အသုံးနည်းတယ်၊ သိပ်မသုံးဘူး။ ဧကဂ္ဂတာစေတသိက်ဆိုတာက စိတ်အားလုံးမှာ ယှဉ်တဲ့စေတသိက် ဖြစ်ပါတယ်။ အာရုံ

တစ်ခုပေါ်မှာ စိတ်ကို တည်တံ့အောင် တစ်ခုတည်းသောအာရုံမှာ ထားတာကို ဧကဂ္ဂတာ ခေါ်တယ်။

ဒါကြောင့် ဧကဂ္ဂတာစေတသိက်ရှိလို့ အာရုံနှစ်ခုသုံးခုကို တစ်ပြိုင်နက်ထဲ စိတ်က အာရုံပြုလို့ မဖြစ်ဘူး။ ရူပါရုံကို မြင်တယ်ဆိုရင် ရူပါရုံပေါ်မှာပဲ စိတ်ကို ဥပါဒ် ဌီ ဘင်–ဆိုပြီးတော့ ခေတ္တခဏ တည်တံ့အောင် လုပ်ပေးတာ ဟာ ဧကဂ္ဂတာက လုပ်ပေးတာပဲ။ ဧကဂ္ဂတာစေတသိက် မရှိဘူးဆိုရင် စက္ခုဝိညာဉ်ကလဲ မမြင်ဘူး၊ သောတဝိညာဉ်ကလဲ မကြားဘူး၊ ဧကဂ္ဂတာမရှိရင် ဘာစိတ်မှ ဖြစ်လို့ မရဘူး။ ဧကဂ္ဂတာစေတသိက်က စိတ်ကို အာရုံပေါ်မှာ ခဏလောက် တည်နေအောင် လုပ်ပေးတာကိုး၊ တည်တယ်ဆိုပေမဲ့ ခဏလေး တည်တာကိုး။ ဥပါဒ် ဌီ ဘင် ဆိုတော့ ခဏလောက် တည်တာပဲ။ ဒါက ဧကဂ္ဂတာပဲ။

အဘိဓမ္မာစစ်စစ်ကျတော့ အကုသိုလ်မှာလဲ ဧကဂ္ဂတာရှိတာပဲ။ ကုသိုလ်မှာလဲ ဧကဂ္ဂတာရှိတာပဲ။ သမာဓိကိုတော့ အရပ်ထဲမှာ အသုံးများတယ်။ အရပ်ထဲမှာ ဧကဂ္ဂတာစေတသိက်လို့တော့ မသုံးဘူး။ သမာဓိကောင်းအောင် အားထုတ်တယ်လို့ပဲ သုံးတယ်။ သမာဓိကောင်းတယ်ဆိုလို့ရှိရင် မြန်မာစကားမှာက ကုသိုလ်ဘက်ကိုပဲ အသုံးများတယ်။ အမှန်က သမာဓိဆိုတဲ့ ဧကဂ္ဂတာစေတသိက် အကုသိုလ်မှာလဲ ပါတာပဲ။ ဘယ်စိတ်ဖြစ်ဖြစ် ဧကဂ္ဂတာစေတသိက်က စိတ် အားလုံးမှာ ပါဝင်တဲ့ စေတသိက်ဆိုတော့ အကုန်လုံး ယှဉ်တာပဲ၊ အဲဒီတော့ အကုသိုလ်လုပ်တဲ့အခါမှာလဲ သမာဓိပါတာပဲ။

မြန်မာကတော့ သမာဓိဆိုယင် တည်ကြည်မှုလို့ နားလည်တယ်။ အဲဒီ ထိအောင် မြန်မာက ပြန်လိုက်တာ။ သမာဓိကောင်းတယ်ဆိုလို့ရှိရင် အာရုံ တစ်ခုထဲမှာ အကြာကြီးတည်နေမှ တည်တည်တံ့တံ့ အာရုံတစ်ခုထဲမှာ အကြာကြီးနေနိုင်မှ သမာဓိကောင်းတယ်လို့ မြန်မာက နားလည်တယ်။ အဲဒီ သမာဓိမျိုးက ဈာန်တို့ သမထတို့ အားထုတ်တဲ့အခါမှာ ရတဲ့ သမာဓိမျိုးပဲ။ ဒီ အကုသိုလ်စိတ်တို့ ကာမာဝစရကုသိုလ်စိတ်တို့မှာတော့ ဒါနလုပ်တဲ့အခါမှာ

ဒါနကို အာရုံပြုတဲ့အခါမှာ ဧကဂ္ဂတာက ပါတာပဲ။ အကုသိုလ်လုပ်တဲ့အခါလဲ ဧကဂ္ဂတာပါတာပဲ။ အကုသိုလ်လုပ်တဲ့အခါမှာလဲ သမာဓိကောင်းတဲ့ အလုပ်တွေ ရှိပါတယ်။ ပိုကာတို့ ကက်တို့ ဆွဲတယ်ဆိုလို့ရှိရင် အဲဒီလူတွေရဲ့ သမာဓိဟာ အာရုံတစ်ခုထဲမှာ နေတာပဲမဟုတ်လား။ တချို့တလေကတော့ သမာဓိကောင်း အောင် လုပ်တိုင်း ကုသိုလ်လို့ အောက်မေ့တယ်၊ မဟုတ်တဲ့ နည်းနဲ့ သမာဓိ ကောင်းတာကတော့ ကုသိုလ် မဟုတ်ဘူး။

## ပိုကာဆွဲတာ သမာဓိလုပ်ငန်းလား

တချို့တလေက ပြောကြတယ်၊ ပိုကာဆွဲတာ ဘာအပြစ်ရှိတာမှတ်လို့တဲ့၊ ဘယ်သူ့ထိခိုက်လို့တုံးတဲ့၊ သမာဓိအင်မတန်ရတာပဲတဲ့၊ မကောင်းတဲ့စိတ် ဘာစိတ်မှ မဝင်ဘူးတဲ့၊ သူတို့လဲ သမထတစ်မျိုးပဲတဲ့။ သူတို့ပြောတော့ ဟုတ် သလိုလို ဘာလိုလိုနဲ့ အပြောကောင်းတဲ့လူက ပြောရင် အရှုံးပေးရမလိုလိုပဲ။ ဘာအပြစ်မှ စွပ်စွဲလို့လဲ မရဘူး၊ ဘာအပြစ်ရှိလို့လဲတဲ့၊ ပိုကာဆွဲတာ စက္ကူလေး တွေ ကြည့်နေရတာ ကျွန်တော်တို့ စိတ်သိပ်ငြိမ်တာပဲတဲ့၊ ဘယ်မှ စိတ်မသွား ဘူးတဲ့၊ အဲဒီတော့ ပိုကာတို့ ကက်ဆွဲတာတို့ဟာ ရှေးကအဖိုးကြီးတွေလဲ ကက် ဆွဲတယ်တဲ့၊ ဂျောက်ဂျောက် ဂျောက်ဂျောက်နဲ့ ဘာရယ်လို့ မဟုတ်ဘူးတဲ့၊ အလကားတမ်း ထုံးခွေတမ်းဆွဲတာပဲတဲ့။ သမာဓိလုပ်ငန်းတဲ့၊ ကက်ဆွဲတယ်လို့ မပြောဘူး၊ စိတ်ငြိမ်အောင် သမာဓိလုပ်ငန်း လုပ်လိုက်အုံးမယ်တဲ့။

အောင်မယ် သူတို့လဲ နိမိတ်တွေ ဘာတွေ ထင်တယ်တဲ့။ သမထထိုင်လို့ နိမိတ်ထင်သလို ဒီပိုကာဆွဲတယ်ဆိုတာကလဲ နိမိတ်ထင်တာပဲတဲ့။ သူတို့ပြော တယ်။ တစ်ခါထဲ အိပ်ရာထဲ ဝင်လိုက်လို့ရှိရင် ဖဲချပ်လေးတွေကို မျက်စိထဲမှာ မြင်နေတာပဲတဲ့။ အောင်မယ် သူတို့က ဒါ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်တို့ ထင်နေတာပဲတဲ့၊ နိမိတ်တွေ ထင်နေတယ်မဟုတ်လား။ ဒါကြောင့်မို့လို့ သူတို့က သမထလုပ်ငန်းလို့ ပြောတာ။ ဒီကက်ဆွဲတဲ့လူကလဲ ထင်တို့၊ ယင်းတို့၊ ဝေါတို့

တစ်ခါတည်း မြင်နေတယ်တဲ့။ အဲသလို ကြာကြာကြီး အာရုံတစ်ခုတည်းမှာ စိတ်တည်နေတယ်ဆိုလို့ရှိရင် ဒါ သမာဓိလုပ်ငန်းပဲတဲ့။

သမာဓိလုပ်ငန်းဆိုပေမဲ့ သမာဓိက အကုသိုလ်စိတ်မှာလဲ သမာဓိရှိတယ်၊ ကုသိုလ်စိတ်မှာလဲ သမာဓိရှိတယ်။ နည်းမှန် လမ်းမှန်နဲ့ ဈာန်တို့ မဂ်တို့ ဖိုလ်တို့ရအောင် အားထုတ်တဲ့ သမာဓိမျိုးကိုသာ ကုသိုလ်သမာဓိခေါ်တာ။ ဒါကြောင့်မို့လို့ သမာဓိကို မဂ္ဂင်ရှစ်ပါးကျတော့ သမ္မာသမာဓိမဂ္ဂင်ဆိုပြီး သမ္မာထည့်ပြီး ဒီလိုနာမည်ပေးရတယ်။ သူက မဂ္ဂင်လဲ ထိုက်တယ်၊ ဝိပဿနာအလုပ်၊ မဂ်ဖိုလ် နိဗ္ဗာန်ရအောင် လုပ်တဲ့အလုပ်မှာ ဧကဂ္ဂတာစေတသိက်ဟာ မဂ္ဂင်တစ်ပါးပဲတဲ့။ သမ္မာသမာဓိမဂ္ဂင်ဆိုပြီးတော့ သူက ပါတယ်။ ဧကဂ္ဂတာစေတသိက်ဟာ သေးတဲ့ စေတသိက်မဟုတ်ဘူး။ တစ်ခါ ဣန္ဒြေဖွဲ့တဲ့ အခါကျတော့လဲ သမာဓိန္ဒြေဆိုပြီး အစိုးရဖွဲ့တဲ့အထဲမှာလဲ ပါတယ်။ တစ်ခါ ဗိုလ်ရွေးပွဲကျတော့လဲ သမာဓိဗိုလ်ဆိုပြီးတော့ ပါတယ်။ ဒါကြောင့်မို့လို့ သမာဓိစေတသိက်ဟာ မဂ္ဂင်ထဲမှာလဲ ပါတယ်၊ ဣန္ဒြေထဲမှာလဲပါတယ်၊ ဗိုလ်ထဲမှာလဲ ပါတယ်။ သမာဓိနဲ့ ပတ်သက်ပြီး အောက်ပါသုံးမျိုးကို မှတ်ထားပါ–

(၁) သမ္မာသမာဓိမဂ္ဂင်

(၂) သမာဓိန္ဒြေ

(၃) သမာဓိဗိုလ်တို့ ဖြစ်ပါတယ်။

ဧကဂ္ဂတာစေတသိက်က စိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်ထဲမှာလဲ ပါတယ်။ တစ်ခုတည်းသော အာရုံ၌ တည်တံ့မှုဆိုတော့ စိတ်ရယ်လို့ ဖြစ်လာလို့ရှိရင် အာရုံက ရှိရမှာပေါ့။ အဲဒီ အာရုံပေါ်မှာ ခဏလောက်ကတော့ တည်တံ့မှ အာရုံကို သိနိုင်တာကိုး။ ဒါကြောင့်မို့လို့ ဧကဂ္ဂတာစေတသိက် မပါဘဲလဲ ဘယ်စိတ်မှ ဖြစ်လို့မရဘူး။ အာရုံပေါ်မှာ စိတ်ကို တည်အောင် သူက လုပ်ပေးရတဲ့ စေတသိက်ဖြစ်တယ်။ ပင်ကိုရင်းကတော့ ဥပါဒ် ဌီ ဘင်–ဆိုတဲ့ အင်မတန်မြန်တဲ့ ဌီခဏလောက်ကို တည်တံ့အောင် လုပ်ပေးတာပဲ။ နောက်တော့ တဖြည်း

ဖြည်း စိတ်ကို အာရုံပေါ်မှာ အကြာကြီးတည်နေအောင် အကြာကြီးငြိမ်နေအောင် လုပ်တဲ့လုပ်ငန်းတွေကိုလဲ သမာဓိလုပ်ငန်းလို့ ခေါ်တာပဲ။ မြန်မာ့နားမှာတော့ သမာဓိလို့ ခေါ်လို့ရှိရင် တည်ကြည်မှုတို့ တည်တံ့မှုတို့ကို နားလည်ကြတယ်။

ဧကဂ္ဂတာစေတသိက်ကို တည်ကြည်မှု၊ တည်တံ့မှုလို့ပဲ ဘာသာပြန်ကြတယ်။ သူ့ပင်ကိုရင်း အဓိပ္ပာယ်ကတော့ "တစ်ခုတည်းသော အာရုံ၌ တည်တံ့မှု"ပါပဲ။ ဧကဂ္ဂတာစေတသိက်က စိတ်အားလုံးမှာ ယှဉ်တဲ့အပြင် ဈာန်တရား အားထုတ်မယ်ဆိုတော့ ဈာန်အင်္ဂါငါးပါးထဲမှာလဲ ပါရတာပါပဲ။ ဈာန်အင်္ဂါငါးပါးမှာ–

(၁) ဝိတက်

(၂) ဝိစာရ

(၃) ပီတိ

(၄) သုခ

(၅) ဧကဂ္ဂတာ တို့ဖြစ်ပါတယ်။

အဲဒီ ဈာန်အင်္ဂါ ငါးပါးရှိတဲ့အထဲမှာ ဧကဂ္ဂတာဆိုတဲ့ သမာဓိစေတသိက်က အရေးကြီးဆုံး စေတသိက် ဖြစ်ပါတယ်။

ပထမဈာန်ရအောင် အားထုတ်တဲ့အခါမှာလဲ ဧကဂ္ဂတာဆိုတဲ့ သမာဓိစေတသိက်ပါတာပဲ။ ဒုတိယဈာန်အားထုတ်တဲ့အခါကျတော့လဲ ဧကဂ္ဂတာဆိုတဲ့ သမာဓိစေတသိက်က ပါတာပဲ။ တတိယဈာန်အားထုတ်တဲ့အခါမှာလဲ ဧကဂ္ဂတာဆိုတဲ့ သမာဓိစေတသိက်က ပါရတာပဲ။ စတုတ္ထဈာန်မှာလဲ ဧကဂ္ဂတာဆိုတဲ့ သမာဓိစေတသိက်က ပါရတာပဲ။ ပဉ္စမဈာန်ကျတော့လဲ ဒီဧကဂ္ဂတာကတော့ ပါရတာပဲ။ ဒီပြင်ဈာန်တွေမှာသာ ဝိတက်၊ ဝိစာရ၊ ပီတိတို့က တဖြည်းဖြည်း ကျန်ကျန်နေခဲ့တယ်။ သမာဓိကတော့ ဈာန်တိုင်းအကုန်ပါရတယ်။ ဒါကြောင့် မို့လို့ အာရုံတစ်ခုမှာ စိတ်ကို ကြာကြာတည်အောင်လုပ်တဲ့ လုပ်ငန်းကို သမာဓိ

လုပ်ငန်းလို့ ခေါ်တာပေါ့၊ သိပ်ပြီးတော့ စိတ်တည်တံ့ တည်ငြိမ်လာတဲ့အခါ ကျတော့ ဒါ ဈာန်ရတယ်လို့ ခေါ်တာပါပဲ။

ဈာန်ရတယ်ဆိုတိုင်း ကောင်းကင်ပျံနိုင်သလားဆိုတော့ ရထားတဲ့ သမာဓိကို ငြိမ်သထက် ငြိမ်အောင် တည်တံ့သထက် တည်တံ့အောင် အထပ်ထပ်လေ့လာပြီး၊ အဘိညာဉ်ရတဲ့အခါမှ ကောင်းကင်ပျံနိုင်တာပါ။ ရိုးရိုးဈာန်က မပျံနိုင်ပါဘူး။ အခုခေတ်ကတော့ တရားသွားထိုင်လို့ရှိရင် အကြားအမြင်ရတယ်တဲ့။ အကြား အမြင်ရတယ်လို့ ခုခေတ်ပြောနေတာက ဗေဒင်ဟောစားဖို့လောက် ရနေတာပါ။ ဥပမာ–စာမေးပွဲအောင်ပါ့မလားလို့ ဗေဒင်လာမေးတယ် ဆိုရင် သူက သမာဓိ လုပ်ငန်းကို တော်တော်တည်ငြိမ်အောင် လုပ်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်တော့ စာမေးပွဲ အောင်ပါ့မလားဆိုတဲ့ အသံကို သူက နားထောင်ကြည့်တယ် ဆိုလို့ ရှိရင် စိတ်ထဲက ကြားလာတာပေါ့လေ။ သူ့စိတ်ထဲမှာ အောင်တယ်လို့ ကြားတယ် ဆိုလို့ ရှိရင် သူက ဒီပြင် ဗေဒင်ဆရာတွေလို တွက်နေတာ မဟုတ်ဘူး။ ဟာ–အောင်ရမယ်လို့ ပြောလိုက်တာပဲ။ ဒါပေမဲ့ ငွေတစ်ဆယ် ပေးခဲ့ရတယ် မဟုတ်လား။ မှန်တာကတော့ သူ့ရဲ့ သမာဓိအရှိန်ပေါ်မှာ တည်တာပေါ့။

အဲဒီတော့ ဒါအကြားရတာပေါ့လေ။ အမြင်ရတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကလဲ ဘယ်လိုလုပ်ဟောသလဲဆိုတော့ ပစ္စည်းပျောက်သွားတယ်။ ပစ္စည်းပျောက်သွား တယ်ဆိုလို့ရှိရင် သွားပြီးတော့ မေးတယ်။ ဒီပစ္စည်းပြန်ရပါ့မလား၊ မရတော့ ဘူးလားလို့ သွားမေးတော့ သူက မျက်စိနဲ့ ကောင်းကင် မော့ကြည့်လိုက်တာပဲ။ မော့ကြည့်လိုက်လို့ရှိရင် လက်ကောက်ဆိုလို့ရှိရင် လက်ကောက်မြင်လာတာပေါ့။ ဆွဲကြိုးဆိုလို့ရှိရင် ဆွဲကြိုးမြင်တာပေါ့၊ အဲဒီအခါမှာ ပြန်ရမယ်လို့ ဟောလိုက် တာပဲ။ ဒါနဲ့ပဲ ငွေတစ်ဆယ် ပေးခဲ့ရတာပဲ မဟုတ်လား။ သမာဓိလုပ်ငန်းကို လုပ်ပြီး၊ သမထနဲ့ အကြားအမြင်ရတယ်ဆိုပြီး ဗေဒင်ဟောစားနေကြတာပါ။ တကယ့် ဒိဗ္ဗသောတအဘိညာဉ်တို့ ဒိဗ္ဗစက္ခုအဘိညာဉ်တို့ကို ရတာ မဟုတ်ပါ ဘူး။ သမာဓိစွမ်းအားအရှိန်ရတဲ့အခါမှာ ကိုယ်ပြောတာ တစ်ခါတစ်လေ မှန်သွားတာပါပဲ။

**ဗေဒင်ဟောနိုင်တဲ့ သမာဓိလုပ်ငန်း**

ဒီလို ‑ အကြားအမြင်မျိုးရအောင် ပထမ ဘယ်လိုစပြီး လေ့ကျင့်ရသလဲ ဆိုတော့ ပထမ သမာဓိလုပ်ငန်းမှာ အာနာပါနဖြစ်စေ၊ ကမ္မဋ္ဌာန်းတစ်ခုခု ဖြစ်စေ စိတ်ကို တည်ငြိမ်အောင်တရားထိုင်ရတယ်။ တော်တော်ငြိမ်လာတဲ့အခါ ကျတော့ ကိုယ်တရားထိုင်နေရင်းက သမာဓိအရှိန်ရကဲ့အခါမှာ မျက်စိနဲ့ မှန်းပြီး နာရီကို ကြည့်လိုက်၊ ကြည့်လိုက်တဲ့အခါကျတော့ တစ်နာရီထိုးနေပြီလို့ မျက်စိထဲမှာ မြင်တယ်ဆိုလို့ရှိရင် ထပြီးတော့ နာရီကို သွားကြည့်၊ ကိုယ်မြင်တဲ့ အတိုင်း တစ်နာရီထိုးနေတယ်ဆိုလို့ရှိရင် ဒီသမာဓိဟာ ဗေဒင်ဟောစားလို့ နည်းနည်းရပြီ နည်းနည်းမှန်လာပြီပေါ့။ ဒါအမြင်ရတယ် ခေါ်တာပေါ့။

အဲဒီတော့ ဒီဧကဂ္ဂတာစေတသိက်ဟာ ဈာန်လုပ်ငန်းထဲမှာ ဈာန်အင်္ဂါ ငါးပါးထဲမှာ ဈာန်အင်္ဂါထိုက်တဲ့အထဲမှာလည်း ပါတယ်၊ နောက်ပြီးတော့ ဗိုလ်ရွေး တဲ့အခါကျတော့လဲ သမာဓိဗိုလ်ဆိုပြီးတော့ ဗိုလ်ထဲမှာလဲ ပါတယ်။ တစ်ခါ စေတသိက်တွေထဲက အစိုးရဖြစ်နိုင်တဲ့ စေတသိက်များကို ရွေးလိုက်တဲ့အခါကျ တော့လဲ သမာဓိန္ဒြေဆိုပြီးတော့ ပါတယ်။ တစ်ခါ ဝိပဿနာအားထုတ်တဲ့ အခါကျတော့ မဂ္ဂင်ရှစ်ပါးထဲမှာလဲ သမ္မာသမာဓိမဂ္ဂင်ဆိုပြီး မဂ္ဂင်တစ်ပါးအနေနဲ့ ပါတယ်။ သမ္မာသမာဓိဆိုတာက ကောင်းတဲ့ လုပ်ငန်းမှာ ယှဉ်တဲ့ ဧကဂ္ဂတာ စေတသိက်ကိုး။ ဒါ သမ္မာသမာဓိမဂ္ဂင်ခေါ်တာပေါ့၊ ဒီသမာဓိက မကောင်းတဲ့ လုပ်ငန်းမှာလဲ ရှိတာကိုး။ အဲဒါကိုတော့ မိစ္ဆာသမာဓိလို့ ခေါ်တယ်။

ပိုက်ဆွဲတဲ့အခါမှာလဲ စိတ်မငြိမ်ဘူးလား၊ ကက်ဆွဲတဲ့အခါကော ငြိမ်ပါ တယ်၊ ငါးမျှားတဲ့အခါကော ငြိမ်ပါတယ်။ ဒီ့ပြင် မကောင်းတဲ့လုပ်ငန်းတွေမှာလဲ စိတ်ငြိမ်တာတွေဟာ သမာဓိပါပဲ။ ဒါကြောင့်မို့လို့ ဧကဂ္ဂတာစေတသိက်က စိတ်အားလုံးမှာ ယှဉ်တဲ့စေတသိက်။ သူမပါဘဲနဲ့ ဘယ်စိတ်မှ မဖြစ်ဘူး။ မကောင်းတဲ့စိတ်ထဲမှာ ယှဉ်တဲ့အခါကျတော့ မိစ္ဆာသမာဓိလို့ ခေါ်တယ်။ ကောင်းတဲ့ စိတ်ကျတော့ သမ္မာသမာဓိလို့ ခေါ်တယ်။

ဗောဇ္ဈင်တရားကျတော့လဲ သမာဓိသမ္ဗောဇ္ဈင်လို့ ဒီလိုပါတယ်။ ဗောဇ္ဈင် ခုနစ်ပါးဆိုတာက ဝိပဿနာတရား အားထုတ်တဲ့အခါမှာ သူက အရေးကြီးတာ ကိုး။ အဲဒီတော့ သဒ္ဓါတို့ သတိတို့ထက် သူက ဘာပိုလာသလဲဆိုတော့ ဈာန်တရားအားထုတ်တဲ့အခါမှာ ဈာန်အင်္ဂါငါးပါးထဲမှာ တစ်ပါးပါဝင်တယ်။ သဒ္ဓါတို့ သတိတို့ ပညာတို့က ဈာန်အင်္ဂါအနေနဲ့ မပါဘူး။ အဲဒီတော့ သမာဓိကို သမာဓိဈာန်၊ သမာဓိဗိုလ်၊ သမာဓိန္ဒြေ၊ သမ္မာသမာဓိမဂ္ဂင်၊ သမာဓိသမ္ဗောဇ္ဈင် ဆိုပြီး ကောင်းတဲ့တရားတွေမှာ သူက တော်တော်အသုံးဝင်တယ်။ သမာဓိကို–

(က) သမာဓိဈာန်

(ခ) သမာဓိဗိုလ်

(ဂ) သမာဓိန္ဒြေ

(ဃ) သမ္မာသမာဓိမဂ္ဂင်

(င) သမာဓိသမ္ဗောဇ္ဈင် ထိုက်တယ်လို့ သတိပြုပါ။

ဧကဂ္ဂတာ စေတသိက်က ဈာန်ခန်းမှာ ပဓာန ခေါင်းဆောင်အဖြစ်နဲ့ ပါနေတော့ သူကလဲ တော်တော်ကျယ်ဝန်းတာပဲ။ ပိဋကတ်သုံးပုံမှာ ဈာန်ခန်းက အင်မတန်ကျယ်တယ်။ ဒီမှာကတော့ နေရာ တကာမှာ ဧကဂ္ဂတာစေတသိက်ရဲ့ အသုံးဝင်ပုံ သိရုံပါပဲ။

## ဝီရိယိန္ဒြေစေတသိက်

အမှန်ကတော့ ဝီရိယစေတသိက်ပါပဲ၊ သို့ပေမဲ့ ဝီရိယိန္ဒြေဆိုပြီးတော့ ဣန္ဒြေထိုက်လို့ ဣန္ဒြေထပ်ထည့်ထားတာပဲ။ ဧကဂ္ဂတာကလဲ ဣန္ဒြေထိုက်တာပဲ။ ဣန္ဒြေမထည့်ပါဘူး။ သတိတုန်းကလဲ ဣန္ဒြေထိုက်တာပဲ၊ ဣန္ဒြေမထည့်ဘူး။ သဒ္ဓါလဲ ဣန္ဒြေထိုက်သားပဲ၊ ဣန္ဒြေမထည့်ဘူး။ ပညာစေတသိက်တုန်းကတော့ သင်္ဂြိုဟ်ဆရာက ပညိန္ဒြေဆိုပြီးတော့ ဣန္ဒြေထည့်ခဲ့တယ်။ ကုသိုလ်စေတသိက်

၂၅–လုံးထဲမှာ ပညာစေတသိက်တစ်လုံးပဲ တ္တန္ဒြေထည့်တယ်။ ထည့်ရတဲ့ အဓိပ္ပာယ်ကတော့ နည်းနည်းလေးတော့ ထူးတယ်။ ဒီပြင် စေတသိက်တွေလဲ တ္တန္ဒြေထိုက်ပါလျက်နဲ့ သင်္ဂြိုဟ်ဆရာဟာ တ္တန္ဒြေကို ထည့်မသုံးဘူး။ ပညာကျမှ ဘာဖြစ်လို့ ထည့်သုံးသလဲဆိုတော့ ကုသိုလ်လုပ်ငန်းမှာ ပညာပါရင် အင်မတန် တန်ဖိုးကြီးတယ်ဆိုတဲ့ အဓိပ္ပာယ်သိအောင် အရေးကြီးတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး သိအောင် ပညာကို ပညိန္ဒြေလို့ သီးသန့်သုံးသွားတာ။

ဒီမှာလဲ စိတ်အားလုံးမှာ ပါဝင်တဲ့ စေတသိက်ထဲမှာ ဇကဂ္ဂတာ စေတသိက်လဲ တ္တန္ဒြေထိုက်သားပဲ၊ သို့သော် သူ့ကို တ္တန္ဒြေမတပ်ဘူး။ ဇီဝိတ စေတသိက်ကျမှ တ္တန္ဒြေတပ်တယ်။ အဲဒီတော့ ဇီဝိတဟာ အမှန်ကတော့ အသက် ပဲ။ ဇီဝိတကို မြန်မာလို နားလည်အောင် ပြန်မယ်ဆိုရင် အသက်ပဲ။ အသက် ဆိုတာက လူ့ခန္ဓာကိုယ်မှာ အသက်နှစ်မျိုးရှိတယ်၊ ခန္ဓာကိုယ်မှာ ရုပ်တရားရော, နာမ်တရားရော နှစ်မျိုးရှိတော့ ရုပ်တရားကို မသေအောင် စောင့်ရှောက်ထား တာကို ရုပ်သက်လို့ခေါ်တယ်။ ရုပ်ပိုင်းမှာ ဇီဝိတရုပ်လို့ ရှိတယ်မဟုတ်လား၊ ရုပ်ဇီဝိတပေါ့၊ နာမ်တရားတွေ အသက်ရှင်အောင် မသေအောင် စောင့်ရှောက် ထားတာက နာမ်ဇီဝိတခေါ်တယ်။

ဒီစိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေကို မသေအောင် စောင့်ရှောက်မှုကို ဇီဝိတစေတသိက်လို့ခေါ်တယ်။ ဒါကြောင့်မို့ တချို့တလေက ဇီဝိတစေတသိက်ကို စောင့်ရှောက်မှုဆိုပြီးတော့ ဒီလို ဘာသာပြန်ကြတာ။ စောင့်ရှောက်မှုဆိုတာက အဓိပ္ပာယ်ပဲ။ တကယ်တော့ ဇီဝိတဟာ အသက်ပဲ။ နာမ်ရဲ့အသက်ပဲ။

အသက်ဆိုတာက နာမ်တရားတွေ ထပ်ထပ်ပြီးတော့ ဖြစ်နေအောင် စောင့်ရှောက်ထားတယ်။ပဋိသန္ဓေဝိညာဉ်ဆိုတာ ပဋိသန္ဓေက စဖြစ်တာ။ ပဋိသန္ဓေ အခါက စပြီးတော့ နာမ်တရားတွေဟာ ဉပါဒ် ဌီ ဘင်၊ ဉပါဒ် ဌီ ဘင်–နဲ့ ဖြစ်နေတာဟာ ရဟန္တာဘဝ စုတိစိတ်ကျအောင် ဖြစ်နေတာပဲ။ နာမ်တရားလေး တွေ မသေအောင် ဘယ်သူက စောင့်ရှောက်ထားသလဲဆိုတော့ ဇီဝိတ စေတသိက်က စောင့်ရှောက်ထားတယ်။

**ဇီဝိတစေတသိက် အစိုးရ ဖြစ်နိုင်သလား**

ဒီနာမ်တရားတွေထဲမှာ ဇီဝိတ စေတသိက်ဟာ အရေးကြီးဆုံး စေတသိက်မို့လို့ သင်္ဂြိုဟ်ဆရာက ဣန္ဒြေနဲ့ တွဲသုံးတယ်။ နာမ်တရားတွေကို သူက အကုန်လုံး အစိုးရထားတာကိုး။ သူက သိပ်အရေးကြီးတာကိုး။ ကုသိုလ်စေတသိက်တွေမှာ ပညာအရေးကြီးသလို ဒီစိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်ထဲမှာ ဇီဝိတစေတသိက်ဟာ စိတ်တွေ စေတသိက်တွေကို သူက အကုန်လုံး အုပ်စိုးထားလို့ စောင့်ရှောက်ထားလို့ လူတွေဟာ အသက်မသေဘဲနဲ့ ရှင်နေတာ။ အဲဒီတော့ ရုပ်သက်နဲ့ နာမ်သက် ၂–မျိုးအနက် ရုပ်သက်က ဒီရုပ်ကြီးကို စောင့်ရှောက်ရတာက ပဋိသန္ဓေက နေပြီးတော့ စုတိ အထိပဲ။ မွေးသည့်နေ့က စပြီး သေသည့်ထိအောင် ရုပ်ဇီဝိတက ဒီခန္ဓာကိုယ်ကို စောင့်ရှောက်တယ်။ နောက်တစ်ဘဝ ပြောင်းသွားတဲ့အခါကျတော့ နောက်ထပ် ရုပ်ဇီဝိတ အသစ် ဖြစ်တာပဲ။ ဒီဘဝက လူ့ခန္ဓာဆိုရင် ဟိုဘဝကျ နတ်ခန္ဓာ အသစ် သွားဖြစ်ချင် ဖြစ်တာပဲ။

နာမ်ဇီဝိတက ရုပ်ဇီဝိတထက် အရေးကြီးတာက နာမ်တရားဟာ သေတယ်လို့ မရှိဘူး။ မသာချလိုက်တာက ရုပ်ကြီးကိုသာ မသာချတာကိုး။ နာမ်တရားကတော့ ဒီဘဝမှာ အသက်ရှင်နေစဉ်မှာလဲ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်–နဲ့ ဆက်ကာဆက်ကာ ဖြစ်နေတာပဲ၊ သေတယ်လို့ လူတွေပြောနေတာက ရုပ်ခန္ဓာကိုယ်ကြီး သေသွားလို့ သင်္ချိုင်းကုန်းပစ်လိုက်ရတာကို ပြောတာပါ။ ဒီရုပ်ကြီးသာ ပစ်လိုက်ရတာပဲ။ နာမ်တရားတွေကတော့ ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်–နဲ့ ဆက်ဖြစ်နေတာပဲ။

အဲဒီလို ဥပါဒ် ဌီ ဘင်၊ ဥပါဒ် ဌီ ဘင်နဲ့ ဘဝတိုင်း ဆက်ဖြစ်နေတာဟာ ဘယ်သူ့ရဲ့ အစွမ်းသတ္တိလဲ ဆိုရင် နာမ်ဇီဝိတရဲ့ အစွမ်းသတ္တိပဲ။ ဒါကတော့ ပဋ္ဌာန်းအဓိပ္ပာယ်တွေ ပါလာတော့ နက်နဲ သွားတာပေါ့။ လူငယ်တွေကတော့ သဘောပေါက်ချင်မှ ပေါက်မယ်။ ဒါကြောင့်မို့လို့ လူတွေဟာ တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းနေတယ်၊ လူသေတယ်ဆိုတာ ရုပ်ကြီးသာ သေသွားတယ်၊

နာမ်တရားက မသေဘူးဆိုပြီး တချို့ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေမှာ သဿတဒိဋ္ဌိ ဖြစ်တယ်။ သူတို့က ဥပါဒ် ဋ္ဌီ ဘင်-ဖြစ်ပျက်ကို မမြင်နိုင်ဘူး။ ဒီလူ ဒီဘဝက သေသွားပြီး နတ်ပြည်မှာ နတ်သားဖြစ်တာပဲလို့ သူမြင်တယ်။ ဒီဝိညာဉ်ဟာ နတ်ဘဝကို ပြောင်းသွားတယ်၊ ဒီလိုမြင်တာကိုး။ ဝိညာဉ်ရဲ့ ဖြစ်ပျက်ကို သူတို့က မမြင်ဘူး။ ဒါကြောင့်မို့လို့ သဿတဒိဋ္ဌိ ဖြစ်တာ။

အဲဒီတော့ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေတောင်မမြင်ရင် အခုလူတွေလဲ အဘိဓမ္မာသင်နေလို့သာ ဒီနာမ်တရားလေးတွေဟာ ဖြစ်ပျက် ဖြစ်ပျက်နဲ့ နေတယ်လို့ သိရတယ်။ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေတောင်မှ နာမ်တရားတို့ရဲ့ ဖြစ်ပျက်ကို မမြင်ကြဘူး။ မြင်တာက ဝိညာဉ်ပြောင်းသွားတယ်လို့ပဲ မြင်ကြတယ်။ အဲဒီတော့ မြတ်စွာဘုရား ပွင့်လာတဲ့ အခါကျတော့မှ ဒီနာမ်တရားတွေဟာ အင်မတန် မြန်လွန်းအားကြီးလွန်းလို့ ဖြစ်ပြီး ပျက် ဖြစ်ပြီး ပျက်နဲ့ အမြဲတမ်း ဖြစ်ပျက်နေတာပဲလို့ မြတ်စွာဘုရားက ဝီထိတွေ ဘာတွေနဲ့ ဖြစ်ပျက်ပုံကို ဟောမှ သိကြရတာကိုး။

အဲဒါကြောင့်မို့လို့ ဒီနာမ်တရားလေးတွေ ဆက်ကာဆက်ကာ ဖြစ်နေရတာဟာ နာမ်ဇီဝိတစေတသိက်ရဲ့ သတ္တိပဲ။ ဒါကြောင့်မို့လို့ ဒီနာမ်ဇီဝိတဟာ အင်မတန် အင်အားလဲကြီးတယ်၊ တန်ခိုးလဲကြီးတယ်။ ဒီဇီဝိတစေတသိက်ဟာ သံသရာအစက စပြီးတော့ နိဗ္ဗာန်ရတဲ့ ဘဝတိုင်အောင် နာမ်တရားလေးတွေ ဆက်ကာ ဆက်ကာ မပြတ်ဖြစ်နေအောင် လုပ်ပေးတာ။ အဲဒါကြောင့်မို့လို့ နာမ်ဇီဝိတ စေတသိက်ဟာ အင်မတန် တန်ခိုးကြီးလို့ သူ့ကို ဣန္ဒြေဆိုပြီး သင်္ဂြိုဟ်ဆရာက သိအောင် ထပ်ပြီးထည့်ထားတာ။ အဲဒီတော့ ဇီဝိတစေတသိက် တော့ ဒါလောက်ဆိုရင် တော်ပါစို့။

## မနသိကာရ

မနသိကာရ စေတသိက်ဆိုတာက မြန်မာတွေကတော့ ယောနိသော မနသိကာရ၊ အယောနိသော မနသိကာရလို့ သုံးနေကြတာပဲ။ မနသိကာရ

စေတသိက်ကို ဘာသာအပြန်များကြတာကတော့ နှလုံးသွင်းမှုလို့ ပြန်ကြတယ်။ မနသိကာရတွေက အမျိုးမျိုးရှိတယ်။ "ယောနိသော မနသိကာရ=အသင့်အတင့် နှလုံးသွင်းတယ်" ဆိုတာက မနသိကာရစေတသိက်မဟုတ်ဘူး။ ပညာကို ခေါ်တာ။ တချို့က မနောဒွါရာဝဇ္ဇန်းတဲ့။ ဒီမနသိကာရစေတသိက်က စိတ်အားလုံးမှာ ယှဉ်တဲ့စေတသိက်ဖြစ်လို့ မနသိကာရ စေတသိက်မပါဘဲနဲ့ ဘယ်စိတ်မှ ဖြစ်လို့ မရဘူး။

ဥပမာတစ်ခု–လမ်းလျှောက်သွားတယ်ဆိုကြပါစို့၊ ဒီလမ်းလျှောက်သွားတဲ့ လူတွေယကို ကိုယ်ကြည့်တော့ ကြည့်သွားတာပဲ။ ဒါပေမဲ့ ဘယ်သူနဲ့ တွေ့တယ် မတွေ့ဘူးဆိုတာက ကိုယ်က သူ့ကိုတွေ့အောင် နှလုံးသွင်းရှိမှကိုး။ ဒီရူပါရုံကို တွေ့အောင် နှလုံးမသွင်းဘဲနဲ့ အမှတ်တမဲ့ လျှောက်သွားရင် ဟိုနားလေးကျတော့ မေးတယ်၊ မင်းဘယ်သူ့ကို တွေ့ခဲ့သလဲ ဆိုရင် မတွေ့ဘူးပြောတာပဲ။ ဘာဖြစ်လို့လဲဆိုရင် သူက နှလုံးမှ မသွင်းဘဲနဲ့။ သူ့ဘာသာသူ အာရုံတစ်ခုစိုက်ပြီးတော့ သွားနေတာကိုး။

ဒါကြောင့်မို့လို့ ဒီရူပါရုံကို မြင်တယ်ဆိုတာလဲ နှလုံးသွင်းမှု ရှိရမယ်၊ သဒ္ဒါရုံကို ကြားတယ်ဆိုတာလဲ နှလုံးသွင်းမှုရှိရမယ်။ ဂန္ဓာရုံကို နံတယ် ဆိုတာလဲ နှလုံးသွင်းမှု ရှိရမယ်၊ နှလုံးသွင်းမှု မရှိလို့ရှိရင် ကိုယ်က မြင်လဲ မမြင်ပါဘူး၊ ကြားလဲ မကြားပါဘူး။ ဒါကြောင့်မို့လို့ ဘယ်စိတ်ဖြစ်ဖြစ် မနသိကာရ စေတသိက်ပါမှ စိတ်ဖြစ်လို့ရတယ်။ မနသိကာရမပါလို့ရှိရင် ဖြစ်လို့ မရဘူး။

## သဗ္ဗစိတ္တသာဓာရဏ စေတသိက်

သဗ္ဗစိတ္တသာဓာရဏစေတသိက်လို့ ခေါ်တဲ့ စိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်က–

ဖဿ၊

ဝေဒနာ၊

သညာ၊

စေတနာ၊

ဧကဂ္ဂတာ၊

ဇီဝိတိန္ဒြေ၊

မနသိကာရတို့ ဖြစ်ကြတယ်။ အဲဒါကို အတိုချုပ်မှတ်ချင်ရင်– "ဖဿ၊ ဝေ၊ သင်၊ စေ၊ ဧ၊ ဇီ၊ မန၊ ဤသတ္တ၊ သဗ္ဗ စိတ်တိုင်းဖြစ်"လို့ မှတ်ထားပါ။

ဖဿ–ဆိုတာက ဖဿ၊

ဝေ–ဆိုတာက ဝေဒနာ၊

သင်–ဆိုတာက သညာ၊

စေ–ဆိုတာက စေတနာ၊

ဧ–ဆိုတာက ဧကဂ္ဂတာ၊

ဇီ–ဆိုတာက ဇီဝိတိန္ဒြေ၊

မန–ဆိုတာက မနသိကာရ ဖြစ်ပါတယ်။

အဲဒီတော့ စိတ်အားလုံးမှာ ပါဝင်တဲ့ စေတသိက်ခုနစ်လုံးကတော့ ပြီးသွားပါပြီ။ ပါဠိလို ဒီစေတသိက်တွေကို သဗ္ဗစိတ္တသာဓာရဏစေတသိက်လို့ ခေါ်တယ်။

သဗ္ဗစိတ္တ–ဆိုတာက စိတ်အားလုံး။ သာဓာရဏ–ဆိုတာက ဆက်ဆံတာ။ စိတ်အားလုံးနဲ့ ဆက်ဆံတဲ့ စေတသိက်။ ဒါသဂြိုဟ်ပါဠိအတိုင်း ပြောတာ။ အဲဒီတော့ စိတ်အားလုံးမှာပါဝင်တဲ့ စေတသိက်က ခုနစ်ခု၊ စိတ်က တစ်ခု ပေါင်းတော့ ရှစ်ခု၊ စိတ်ရယ်လို့ ဖြစ်လာလို့ရှိရင် ဘယ်လောက် စေတသိက်နဲ့တဲ့ စိတ်ပဲ ဖြစ်ဖြစ် ဒီ ခုနစ်ခုရှိမှ စိတ်တစ်ခု ဖြစ်လို့ ရတယ်။ ဒီဖဿရယ် ဝေဒနာရယ် သညာရယ် စေတနာရယ် ဧကဂ္ဂတာရယ် ဇီဝိတိန္ဒြေရယ် မနသိကာရရယ် ဆိုတာက စိတ်တစ်ခု ဖြစ်ဖို့ရာ အင်္ဂါခုနစ်ပါးပဲ၊ ဒီအင်္ဂါ

(၇)ပါးနဲ့ ပြည့်စုံမှ စိတ်တစ်ခု ဖြစ်လို့ ရတယ်။ စိတ်ဖြစ်တယ် ဆိုလို့ရှိရင် ဒီခုနစ်ခုတော့ ပါရတယ်။ ဥပမာ–မြင်တယ် ဆိုပါတော့– မြင်ရတဲ့စိတ်မှာ အနည်းဆုံး ဒီစေတသိက် ခုနစ်လုံးက ပါရတာပဲ။ ဒီစေတသိက် ခုနစ်လုံးနဲ့ ဒီစိတ်တစ်ခုဟာ အညမညပဲ။

ပဋ္ဌာန်းကျတော့ အညမညပစ္စည်း၊ သဟဇာတပစ္စည်းလို့ ခေါ်တယ်။ အညမည အပြန်အလှန် ကျေးဇူးပြုတယ်လို့ ဆိုတာက ဒီစေတသိက်ခုနစ်လုံးပါမှ စိတ်ဖြစ်လို့ရတယ်။ ဒီစိတ်ကြောင့် ဒီစေတသိက် ခုနစ်လုံးဖြစ်တယ်။ သူတို့ ရှစ်ခုက ခွဲလို့မရဘူးလို့ ဆိုပါတယ်။ ရုပ်ပိုင်းမှာ ကလာပ်ဖွဲ့တဲ့အခါကျတော့ အဋ္ဌကလာပ်လို့ ခေါ်တယ်။ အဋ္ဌ=ရှစ်၊ ကလာပ်က အဖွဲ့လေးတစ်ခု။ ရုပ် ဘယ်လောက်သေးငယ်သည်ဖြစ်စေ၊ ကောင်းကင်နေရောင်ထဲမှာ ရှိနေတဲ့ မျက်စိနဲ့ မမြင်နိုင်တဲ့ အလွန်သေးငယ်တဲ့ ရုပ်ကလေးမှာပဲဖြစ်ဖြစ် အဋ္ဌကလာပ်ရုပ်က ရှိတယ်၊ ရုပ်ဆိုရင် ဘယ်လောက်သေးသေးငယ်ငယ် ရှစ်ခုတော့ ရှိရတယ်။ သူတို့က ခွဲလို့မရလို့ ရုပ်ပိုင်းမှာ အဲဒါကို အဝိနိဗ္ဘောဂရုပ်=ခွဲလို့မရတဲ့ ရုပ်လို့ ခေါ်တယ်။

အဲဒီတော့ ရုပ်ပိုင်းမှာ အဋ္ဌကလာပ်ခေါ်သလို နာမ်တရားမှာလဲ စိတ်နဲ့ စေတသိက် ရှစ်ခုက ဘယ်လိုမှ ခွဲလို့မရဘူး။ နာမ်တရားကို အသေးဆုံးထိအောင် ခွဲရင် အနည်းဆုံး ဒီရှစ်ခုတော့ ရှိတယ်၊ စိတ်ယှဉ် စေတသိက်ယှဉ်ဆိုတာ ဒါ ပြောတာပဲ။ အနဲဆုံး စိတ်မှာ စေတသိက် ခုနစ်လုံးတော့ ပါတယ်။ ဒီ ခုနစ်လုံးမပါဘဲနဲ့ မြင်တဲ့စိတ်က ဖြစ်လို့မရဘူး။ မြင်တဲ့စိတ်မရှိဘဲနဲ့လဲ ဒီခုနစ်လုံးက မဖြစ်ဘူး။ ဒါပဋ္ဌာန်းကျတော့ အညမညပစ္စည်း၊ သဟဇာတပစ္စည်းလို့ ခေါ်တယ်။ သို့ပေမဲ့ ဒီမှာ ဘာဖြစ်လို့ ကလာပ်လို့ မခေါ်သလဲဆိုတော့ နာမ်တရားက ဖြစ်ပြီးပျက်သွားတာကိုး။ ဖြစ်ပြီး ပျက်သွားတော့ သူက အမှုန်အမွှား၊ သူက အစိုင်အခဲ ဒီလို မပြောနိုင်ဘူး။ ဖြစ်ပြီးပျက်သွားတာပဲ။ နောက်ထပ်လဲ ဖြစ်၊ ဖြစ်ပြီးရင် ပျက်သွားတာပဲ။ ပဋ္ဌာန်းကျတော့ ဒါအနန္တရပစ္စည်းလို့ ခေါ်တယ်။

ရုပ်တွေက ဒီလိုမဟုတ်ဘူး။ ရုပ်ကတော့ ဖြစ်တဲ့ရုပ်တွေက ဖြစ်နေတယ်၊ ပျက်တဲ့ရုပ်တွေက ပျက်နေတယ်။ ဖြစ်တဲ့ ရုပ်တွေ မပျက်ခင် နောက်ထပ်ဖြစ်နေတဲ့ ရုပ်တွေက ခဏခဏ ထပ်ဖြစ်နေတော့ အထပ်ပေါင်းများလာတဲ့အခါ အမှုန် အမွှား ရုပ်တွေက တဖြည်းဖြည်း ကြီးလာတယ်။ တောတို့ တောင်တို့ တိုက်တာတို့ အကြီးအကျယ်တွေ ဖြစ်လာတယ်။ နာမ်တရားတွေကတော့ အဲဒီလို မဟုတ်ဘူး၊ အကုန်လုံး ပျက်သွားလိုက် အသစ်ထပ်ဖြစ်လိုက်၊ အကုန်လုံး ပျက်သွားလိုက် အသစ်ထပ်ဖြစ်လိုက်ဆိုတော့ သူက ပြိုင်တူ မဖြစ်နိုင်ဘူး။ မဖြစ်နိုင်တော့ နာမ်တရားက မျက်စိနဲ့ မမြင်နိုင်ဘူး။ အနဲဆုံး နာမ်တရားက ရှစ်ခုတော့ ပါရတယ်။ အဲဒီတော့ စိတ်အားလုံးမှာ ပါဝင်တဲ့ စေတသိက်ကတော့ ကုန်သွားပြီ။

## စိတ်အချို့အဝက်မှာ ပါဝင်တဲ့ စေတသိက်(ပကိဏ်းစေတသိက်)

သင်္ဂြိုဟ်ဆရာကတော့ ပကိဏ်း စေတသိက်လို့ ခေါ်တယ်။ ပကိဏ်း စေတသိက်ဆိုတာက ပါဠိ ပကိဏ္ဏကကို ဖျက်ခေါ်လိုက်တာပဲ။ အဲဒီတော့ ပကိဏ်းဆိုတဲ့ အဓိပ္ပာယ်က ရောပြွမ်းတယ်။ ကုသိုလ် အကုသိုလ် ရောပြီးတော့ နေတယ်။ သူက ကုသိုလ်သက်သက်မှာလဲ ယှဉ်တာမဟုတ်ဘူး။ အကုသိုလ် သက်သက်မှာလဲ ယှဉ်တာမဟုတ်ဘူး။ ကုသိုလ်အကုသိုလ်စေတသိက်တုန်းကတော့ အကုသိုလ်စေတသိက်က အကုသိုလ်စိတ်မှာပဲ ယှဉ်တယ်၊ ကုသိုလ် စေတသိက်က ကုသိုလ်စိတ်မှာပဲ ယှဉ်တယ်။

ဒီ ပကိဏ်းစေတသိက်ဆိုတာက ကုသိုလ်မှာလဲ ယှဉ်တယ်၊ အကုသိုလ်မှာလဲ ယှဉ်တယ်။ စိတ်အားလုံးမှာ ယှဉ်သလားဆိုတော့ စိတ်အားလုံးမှာတော့ သူက မယှဉ်ဘူး။ အချို့အဝက်ပဲ။ သို့သော် စိတ် ၈၉-ခုထဲက ၅၀-မှာ ယှဉ်ချင် ယှဉ်မယ်၊ ၆၀-မှာ ယှဉ်ချင်ယှဉ်မယ်၊ ၇၀-မှာ ယှဉ်ချင် ယှဉ်မယ်၊ ၈၀-မှာ ယှဉ်ချင် ယှဉ်မယ်။ ဒီလို ကုသိုလ် အကုသိုလ် ရောပြီး ယှဉ်ပါတယ်။ အဲဒီ ပကိဏ်း စေတသိက်က ခြောက်လုံးရှိတယ်။

**ဝိတက်စေတသိက်**

ဝိတက်ဆိုတဲ့စကားဟာ မြန်မာက သုံးနေတာပါပဲ၊ ဒီလူ သိပ်ပြီးတော့ ဝိတက်များတယ်၊ ဝိတက်များတဲ့လူဟာ အိပ်လို့မပျော်ဘူးမဟုတ်လား။ ဒီတော့ ဝိတက်ကို မြန်မာလို ဘယ်လိုပြန်မတုံး။ ဝိတက်ကို မြန်မာက ကြံစည်မှုဆိုပြီး ပြန်တယ်။ ကြံစည်မှုဆိုတော့ ဝိတက်များတဲ့လူဟာ အိပ်လို့မပျော်ဘူးဆိုတာ အကြံတွေ များနေတာပဲ။ အကြံတွေများနေတော့ ဟိုကြံ ဒီကြံ လျှောက်ပြီး ကြံနေတဲ့ အခါကျတော့ အိပ်မပျော်ဘူး။ ဝိတက်များတယ်ပေါ့။ နောက် တစ်နည်းကတော့ ဝိတက်ကို စိတ်ကူးမှုလို့ ပြန်သေးတယ်။ စိတ်ကူးတယ်ဆိုတာ ဘယ်လိုကူးတာတုံး။

ရေကူးတယ်ဆိုရင် ရေထဲမှာ အဝေးကို ရောက်အောင် ယက်သွားတာပဲ။ ကူးသွားတာပဲ။ ဒီဘက်အိမ်က ဟိုဘက်အိမ်ကို ကူးတယ်ဆိုရင် ဟိုဘက်အိမ် ရောက်အောင် ကူးသွားတာပဲ။ စိတ်ကူးတယ်ဆိုတာ အာရုံတစ်ခုက တစ်ခုကို ကူးသွားတာပဲ။ ပထမအာရုံကနေပြီးတော့ ဒုတိယအာရုံကို ကူးသွားတယ်၊ ဒုတိယ အာရုံကနေပြီးတော့ တတိယအာရုံကို ကူးသွားတယ်။ စိတ်ကလေးက အာရုံ တစ်ခုက တစ်ခုသို့ ကူးကူးသွားတာကိုး၊ ဒါကို ဝိတက်လို့ခေါ်တယ်၊ ဒါကို မြန်မာက ကြံစည်မှုလို့ ခေါ်တယ်၊ အဘိဓမ္မာနဲ့ ကိုက်တာက ဝိတက်ကို စိတ်ကူးတယ်ဆိုရင် ပိုပြီးတော့ ကိုက်တယ်။

မျက်စိထဲမှာ အာရုံတစ်ခု ပထမပေါ်လာတယ်၊ ပေါ်လာပြီးတော့ ဒီအာရုံ လေးက နေပြီးတော့ နောက်တစ်ခါ အာရုံလေးတစ်ခု ပေါ်လာတယ်။ အဲဒီ အာရုံလေးကို ကူးသွားတယ်၊ နောက်အာရုံလေးတစ်ခုသို့ ကူးသွားတယ်။ စိတ်ဟာ အာရုံတစ်ခုက အာရုံတစ်ခုကို ကူးကူးပြီးတော့ နေတာကိုး။ ဒါ ဝိတက်များတယ်၊ အကြံများတယ်လို့ ဆိုတယ်။ အဲဒီတော့ စိတ်ကူးဆိုတာ အဘိဓမ္မာနဲ့ အင်မတန် ကိုက်တယ်။

ဒါကြောင့်မို့လို့ ရှေးက အဘိဓမ္မာဆရာကြီးတွေက ဝိတက်ကို ကြံစည်မှုလို့ မပြန်ဘူး။ စိတ်ကူးမှုလို့လည်း မပြန်ဘူး။ ''အာရုံသို့ တင်ပေးမှု''လို့

ပြန်ကြတယ်။ ဒါ အဋ္ဌကထာတွေ ဋီကာတွေ ဖွင့်တဲ့အတိုင်း ပြန်တာပဲ၊ ဒီလို ဘာသာပြန်ရင် ခုခေတ်လူငယ်တွေ တော်တော်နဲ့ နားမလည်နိုင်ဘူး။ လူကြီးတွေလဲ နားမလည်ပါဘူး။ မြန်မာစကားကို မတတ်တာက တစ်မျိုး၊ ဘာသာပြန်ရခက်တာက တစ်မျိုး၊ အဘိဓမ္မာသဘောတရားက ခက်တာက တစ်မျိုး၊ အဲဒီလို အခက်တွေပေါင်းဆုံနေလို့ အဘိဓမ္မာကို ခက်တယ်လို့ ပြောကြတာပေါ့။ တကယ်ရှင်းအောင် ပြောတတ်ရင် ဒီစိတ် စေတသိက်, ရုပ်ဆိုတဲ့တရားတွေဟာ ခန္ဓာကိုယ်မှာ ရှိနေတာပဲ၊ စိတ်တွေဟာလဲ ခန္ဓာကိုယ်ထဲမှာ ရှိနေတာပဲ။ စေတသိက်တွေဟာလဲ ခန္ဓာကိုယ်ထဲမှာ ရှိနေတာပဲ။ ဒါကို နားလည်အောင် ပြောဖို့ပဲ အရေးကြီးတယ်။

## တရားကို စာအုပ်ကြီးတွေက ကွယ်ထားသတဲ့

နားလည်အောင်ပြောဖို့ အရေးကြီးတယ်ဆိုတော့ ကြဲကြဲဖန်ဖန်ပြောတဲ့ လူတွေ ရှိသေးတယ်။ အဲဒီလူတွေက ဘုရားကို မမြင်ရအောင် စေတီက ကွယ်ထားသတဲ့။ အခုစေတီတွေကို ဘုရားလို့ ထင်နေကြတာကိုး။ ထင်တော့ သူတို့က ဘယ်လိုပြောသလဲဆိုတော့ ဘုရားအစစ်ကို လူတွေက မမြင်ဘူး၊ ဘုရားကို ဖူးတော့ ဖူးနေကြတယ်။ ဘုရားကို စေတီက ကွယ်ထားသတဲ့။ တရားကိုလဲ စာအုပ်ကြီးတွေက ကွယ်ထားသတဲ့၊ ကွယ်ထားတယ်ဆိုတာက စာအုပ်တွေက သိပ်များနေတော့ တရားအစစ်ကို ဒီစာအုပ်တွေပေါ်မှာပဲ လျှောက်ဖတ်နေကြတော့ တရားအစစ်ကို လူတွေက မသိတော့ဘူးတဲ့၊ ဒီတော့ တရားကို စာအုပ်တွေက ကွယ်ထားတယ်တဲ့။

တစ်ခါ သံဃာကို ဘုန်းကြီးတွေက ကွယ်ထားတယ်တဲ့။ ဒီဘုန်းကြီးတွေက တကယ် ပရမတ္ထသံဃာမှ မဟုတ်ဘဲ၊ သမ္မုတိသံဃာကိုး။ သံဃာအစစ်ကို မသိကြတော့ ဘုန်းကြီးကိုပဲ သံဃာထင်နေကြတယ်တဲ့။ သူတို့ပြောတာ ဟုတ်သလိုလိုနဲ့ ဘုန်းကြီးတွေ ကြားလို့ရှိရင် အဲဒီတရားပွဲ ခဲနဲ့ အပစ်ခံရမယ်။

အဲဒီတော့ အဲဒီလို ကြဲကြဲဖန်ဖန် ပြောတဲ့လူတွေလည်း ရှိသေးတယ်။ အမှန်ကတော့ စေတီဟာ ဘုရားပဲ။ တကယ်ဘုရားအစစ်ကို ယုံကြည်လို့ စေတီတွေတည်ထားပြီး ကိုးကွယ်ကြတာ၊ ဘုရားကို ရည်စူးပြီးတော့ ကိုးကွယ်တာပဲ။ စာအုပ်တွေ ဖတ်တယ်ဆိုတာလဲ တရားသဘောအစစ်ကို သိအောင် လေ့လာတာပဲ။ ဘယ်ကလာ ကွယ်ထားရမှာလဲ၊ အဲဒီလို လူနောက်တွေကလဲ ရှိသေးတယ်။ စာလဲ မကျက်ချင်ဘူး၊ ဘုရားလဲ ရှိမခိုးချင်ဘူး၊ ရှိမခိုးချင်တော့ ကြံကြံဖန်ဖန် စာလေး ဘာလေး အနည်းအကျဉ်း တတ်တာနဲ့ တောက်တီးတောက်တဲ့ လျှောက်ပြောကြတယ်။ ဘုန်းကြီးက ကွယ်တာမှ မဟုတ်ဘဲနဲ့၊ ဒီဘုန်းကြီးတွေက တရားကို အားထုတ် နေတယ်၊ အဲဒီလို သံဃာတော်အမှတ်နဲ့ ရည်စူးပြီးတော့ ကိုးကွယ်တာပဲ။ အဲဒါ ကွယ်ထားတာ မဟုတ်ပါဘူး။ သံဃာပေါ်အောင် ဘုန်းကြီးက လုပ်ပေးရတာပါ။ သံဃာအစစ်ကို သိအောင် ဘုန်းကြီးက လုပ်ပေးရတာပါ။ ဘုရားအစစ်ကို သိအောင် စေတီတွေက လုပ်ပေးရတယ်၊ တရားအစစ်ကို သိအောင် စာအုပ်တွေက လုပ်ပေးရတယ်။ ဒီလို အဓိပ္ပါယ်မရှင်းဘဲနဲ့ တစ်မျိုးလျှောက်ပြောနေတဲ့ လူတွေကလဲ ရှိသေးတယ်။

အဲဒီတော့ စိတ်ကို အာရုံသို့ တင်ပေးမှုလို့ ဝိတက်ကို ဘာသာပြန်တဲ့ အဓိပ္ပါယ်က တရားထိုင်ဖူးတဲ့ လူကြီးတွေရှိပါတယ်၊ လူငယ်တွေလည်း ထိုင်ဖူးပါတယ်။ အာနာပါန ထွက်သက်ဝင်သက် ရှုမှတ်တယ်ဆိုပါတော့၊ ထွက်သက်ဝင်သက် ရှုမှတ်တဲ့အခါကျတော့ စိတ်က တခြားကို ရောက်ရောက်သွားတယ်။ စိတ်က အိမ်ကိုရောက်သွားလိုက်၊ သားဆီရောက်သွားလိုက်၊ သမီးဆီရောက်သွားလိုက်၊ ကျောင်းကိုရောက်သွားလိုက်၊ သူငယ်ချင်းတွေဆီရောက်သွားလိုက်နဲ့ စိတ်က ပြေးနေတာ။ သူ့ကို တည်ငြိမ်အောင် လုပ်တဲ့အခါကျမှ သြော်-စိတ် ဆိုတာက သိပ်ပြေးပါလားဆိုတာ သိတာကိုး၊ အမှတ်တမဲ့ အများနဲ့ နေတဲ့ အခါမှာ စိတ်ပြေးမှန်း မသိဘူး။ အဲသလို ထွက်သက်ဝင်သက်ကို မှတ်လို့ ဆိုတော့ ထွက်သက် ဝင်သက်အာရုံမှာ စိတ်က မနေဘဲ ပြေးတယ်။ ပြေးတော့ ဝိတက်က အာရုံပေါ် ပြန်တင်ပေးလိုက်တယ်။ ထွက်သက်ဝင်သက်ဆိုတဲ့ အာရုံကို

မှတ်နေတဲ့အခါမှာ စိတ်က ထွက်ထွက်ပြေးတယ်၊ ထွက်ထွက်ပြေးတော့ ဝိတက်က ဒီစိတ်ကို အာရုံသို့ တင်ပေးလိုက်ပြန်တယ်။ စိတ်က ထွက်ပြေးလိုက်၊ ဝိတက်က တင်ပေးလိုက်၊ စိတ်က ထွက်ပြေးလိုက်ပဲ။ တရားထိုင်တယ်ဆိုတာ နပန်းလုံးနေတာပဲ။

တချို့ကတော့ မသိဘူး။ ပြေးတဲ့အတိုင်း မှိန်းပြီး ထိုင်နေတာပဲ။ အိမ်လဲရောက်၊ ကျောင်းလဲရောက်၊ ဟိုရောက် ဒီရောက် ပြေးနေတာပဲ။ ဘေးက လူတွေကတော့ သူ တရားမှတ်နေတယ် ထင်တယ်။ သူက စိတ်ရောက်တဲ့ဆီ အကုန်လျှောက်လိုက်နေတယ်။ ထွက်သက်ဝင်သက်ဆီ တစ်ခါ တစ်ခါမှ လာတယ်။ အဲဒီတော့ တကယ် တရားထိုင်တာက ပထမ စိတ်ပင်ပန်းတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ထွက်သက် ဝင်သက် မှတ်လိုက်တယ်ဆိုရင် သတိထားမှ စိတ်ပြေးမှန်း သိတာကိုး။ စိတ်က ထွက်ပြေးလိုက်၊ ပြန်တင်လိုက်၊ တစ်ခါ ထွက်ပြေးလိုက်၊ ပြန်တင်လိုက်၊ ထွက်ပြေးလိုက် ပြန်တင်လိုက်၊ အဲသလို နပန်းလုံးနေရတာ။ ပထမတော့ သိပ်ပင်ပန်းတာပေါ့၊ တရားထိုင်ရတာ လွယ်တာ မှတ်လို့။

ဒါကြောင့်မို့လို့ ဝိတက်ကို ရှေးက အဘိဓမ္မာဆရာတွေက "စိတ်ကို အာရုံသို့တင်ပေးမှု"ဆိုပြီး ဘာသာပြန်ကြတယ်။ ဒါမှ ဝိတက်ရဲ့သဘောနဲ့ ကိုက်တယ်၊ အဲဒီတော့ စိတ်ကို အာရုံသို့ တင်ပေးမှု ဆိုတာနဲ့ စိတ်ကူးမှု ဆိုတာ သဘောချင်းက နဲနဲကွဲတယ်၊ ကွဲပေမဲ့ ဝိတက်ကို မြန်မာက စိတ်ကူးတယ်၊ ကြံစည်တယ်၊ ဒီလိုပဲ နားလည်နေကြတယ်။

ဒါကြောင့်မို့လို့ တရားအားထုတ်တဲ့အခါမှာ ဝိတက်စေတသိက် သိပ် အရေးကြီးတယ်။ ဗုဒ္ဓဘာသာမှာ တရားအားထုတ်တယ် ဆိုတာဟာ လမ်းနှစ်သွယ်ရှိတယ်–

(၁) သမထ လမ်းရယ်

(၂) ဝိပဿနာလမ်းရယ်။

သမထလမ်း ဆိုတာက သမာဓိလုပ်ငန်းပေါ့။ ဒီစိတ်ကို အာရုံတစ်ခုပေါ်မှာ တည်ငြိမ်ပြီးတော့ နေအောင် တခြားကို မပြေးအောင် လုပ်တဲ့အလုပ်ပဲ။ အဲဒီ သမထလမ်းဆိုတာကျတော့ ဝီတက်က ခေါင်းဆောင်ပဲ။ ဈာန်အင်္ဂါငါးပါးထဲမှာ နံပါတ်-၁ ဈာန်အင်္ဂါဟာ ဝိတက်ပဲ။ သဒ္ဓါကိုလဲ ခေါင်းဆောင်မတင်ဘူး။ ပညာကိုလဲ ခေါင်းဆောင်မတင်ဘူး။ သတိကိုလဲ ခေါင်းဆောင်မတင်ဘူး။

## ဈာန်လမ်းမှာ ပညာကို ခေါင်းဆောင်မတင်

သမထလမ်းမှာ ဝိတက်က အရေးကြီးတယ်။ ဝိတက်က ဒီမှာ ဘာဖြစ်လို့ အရေးကြီးဆုံးလဲဆိုတော့ သမထလမ်းလုပ်တဲ့ ပုဂ္ဂိုလ်မှာ သဒ္ဓါတို့ ပညာတို့ သတိတို့ ပါရပါတယ်။ သို့ပေမဲ့ ကိုယ်လုပ်တဲ့ လုပ်ငန်းက အာရုံတစ်ခုပေါ်မှာ စိတ်ကို ငြိမ်အောင် လုပ်ရမှာကိုး၊ ဒီ အာရုံပေါ်က စိတ်မပြေးအောင် လုပ်ရမှာကိုး။ အဲဒီပြေးတဲ့စိတ်ကို အာရုံပေါ် ရောက်အောင် ပြန်ပြီးတော့ တင်ပေးနေရတယ်။ အဲဒီတော့ စိတ်ကို အာရုံပေါ်သို့ ဆောင်ပေးတဲ့ အလုပ်ဟာ သမထလမ်းမှာ အရေးအကြီးဆုံးမို့လို့ သမထလမ်းကျတော့ ဝိတက်ကို ခေါင်းဆောင် တင်ရတယ်။ ဝိပဿနာလမ်းကျမှ ပညာကို ခေါင်းဆောင်တင်တာကိုး။

ဒါကြောင့်မို့လို့ ဝိတက် စေတသိက်ဟာ သမထအားထုတ်တဲ့ အခါကျတော့ ဈာန်အင်္ဂါ ငါးပါးမှာ သူက နံပါတ်(၁) အရေးကြီးတာပဲ။ ပြေးနေတဲ့ စိတ်ကို အာရုံပေါ်သို့ တင်မပေးဘဲနဲ့ စိတ်ကို သူ့အတိုင်းချည်း လျှောက်ပြီးတော့ လွှတ်ထားတယ်ဆိုလို့ရှိရင် ဘယ်လို အားထုတ်နေ အားထုတ်နေ တစ်လပဲ ထိုင်ထိုင်၊ တစ်နှစ်ပဲ ထိုင်ထိုင်၊ တစ်သက်လုံးပဲ ထိုင်ထိုင် ဘာ သမာဓိမှ မရနိုင်ဘူး။ ဝိတက်ဟာ ဒါကြောင့်မို့လို့ သမထလမ်းမှာ သိပ်အရေးကြီးတာပေါ့။ ပြေးတဲ့စိတ်ကို သူက ပြန်ပြီးတော့ အာရုံပေါ်သို့ တင်ပေးရတယ်။ ကိုယ်ထားချင်တဲ့ တစ်နေရာရာမှာ စိတ်ကို မပြေးအောင် လုပ်တာဟာ ဝိတက်ပါပဲ။

ဒါကြောင့်မို့လို့ ဝိတက်ရဲ့ လုပ်ငန်းကို ရှေးက အဘိဓမ္မာဆရာကြီးတွေ ဥပမာပေးတာက နို့စို့နွားလေးနဲ့ ဥပမာပေးတယ်။ နို့ညှစ်တယ်ဆိုတာ တွေ့ဖူးကြမှာပေါ့။ နွားမကို နို့ညှစ်ချင်တဲ့အခါကျတော့ နွားကလေးကို လွှတ်ပေးလိုက်တယ်။ နို့စို့နွားငယ်ကလေးကို လွှတ်ပေးလိုက်တဲ့အခါကျတော့ နွားကလေးက စို့တယ်။ နွားကလေးစို့လို့ နို့သက်လာတဲ့အခါကျတော့ နွားကလေးကို တစ်ခါထဲ ကြိုးနဲ့ ဆွဲပြီး တိုင်တစ်တိုင်မှာ သွားပြီး ချည်ထား လိုက်တယ်။ အဲဒီ နွားလေးဟာ ကြိုးရှည်သလောက်တော့ တိုင်မှာ ပတ်ပြေးနေတာပဲ။ ကြိုးက ချည်ထားတာကိုး။ သူက နို့တော့ မစို့ရတော့ဘူး။ အမေ့ဆီသွားလို့ မရတော့ဘူး။ မပြေးနိုင်လို့ မောတဲ့အခါကျတော့ သူ ဒီတိုင်နားမှာပဲ အိပ်ရတော့တာပဲ။

ဝိတက်ကလဲ အဲဒီလိုပဲ၊ စိတ်ကပြေးတယ်။ ပြေးတဲ့စိတ်ကို တင်လိုက်၊ ပြေးလိုက်၊ တင်လိုက်၊ ပြေးလိုက်၊ တင်လိုက် ကြာတော့ သူမပြေးနိုင်တော့ဘူး။ ဒီ အာနာပါန ထွက်သက် ဝင်သက်ပေါ်မှာ စိတ်က ငြိမ်လာတာပဲ။ ထွက်သက်ဝင်သက်ပေါ် ငြိမ်လာတာနဲ့တစ်ပြိုင်နက် နိမိတ်တွေဟာ မီးခိုးလုံးကြီး တွေလို ပုလဲလုံးလေးတွေလို ထင်လာတာပဲ။ ဒီ နိမိတ်တွေ ရလို့ရှိရင်တော့ ဗေဒင်ဟောစားချင်ရင် ဟောစားလို့ ရတယ်။ အဲသလို ဝိတက်ရဲ့ လုပ်ငန်းဟာ သမထလမ်းမှာ သိပ်အရေးကြီးပါတယ်။

ဒါကြောင့်မို့လို့ ဈာန်အင်္ဂါငါးပါးမှာ သူက နံပါတ်တစ်ပဲ။ အဲဒီတော့ ဈာန်အင်္ဂါငါးပါးမှာသာ သူက ပါသလားဆိုတော့ မဂ္ဂင်ရှစ်ပါးမှာလဲ ပါတယ်။ မဂ္ဂင်ကျတော့ သူ့ကို ဘယ်လိုခေါ်တုံး၊ သမ္မာသင်္ကပ္ပမဂ္ဂင်တဲ့။ သင်္ကပ္ပဆိုတဲ့ ပါဠိနဲ့ ဝိတက်ဆိုတဲ့ ပါဠိက အတူတူပဲ။ သူတို့က ပရိယာယ်ပဲ။ မြန်မာက စိတ်ကူးတယ်၊ ကြံစည်တယ် ဒီလိုခေါ်သလိုပဲ။ ပါဠိမှာလဲ ဝိတက္ကလို့လဲ ခေါ်တယ်။ သင်္ကပ္ပလို့လဲ ခေါ်တယ်။ သင်္ကပ္ပလဲ အကြံအစည်ပဲ၊ ဝိတက္ကလဲ အကြံအစည်ပဲ။ ဒါကြောင့်မို့ မဂ္ဂင်ရှစ်ပါးကျတော့ ဝိတက်ကို သမ္မာသင်္ကပ္ပ

မဂ္ဂင်လို့ ခေါ်တယ်။ မဂ် ဖိုလ် နိဗ္ဗာန်ရရန် လမ်းကျတော့လဲ ဝိတက်ဟာ သမ္မာသင်္ကပ္ပမဂ္ဂင်ဆိုပြီးတော့ ပါသေးတယ်။

**တွေးခေါ်မြော်မြင်ရေးတရား ၂–ပါး**

ဝိပဿနာလုပ်ငန်း လုပ်တဲ့အခါကျတော့လဲ ဝိတက်ဟာ ပညာရဲ့ရှေ့ပြေး ပထမ အတွေးအခေါ်ပဲ၊ ဒါကြောင့်မို့လို့ ဝိတက်ကို ခုခေတ်လူငယ်တွေ သိအောင်လို့ ''တွေးခေါ်မှု''ဆိုပြီး တစ်နည်း ဘာသာပြန်လိုက်တယ်။ ခုခေတ်လူတွေက တွေးခေါ်မြော်မြင်မှုလို့ ဒီလို သုံးလာကြတယ်။ တွေးခေါ်တယ် ဆိုတာက ဝိတက်ပဲ။ မြော်မြင်တယ်ဆိုတာက ပညာပဲ။ အဲဒီတော့ သမ္မာသင်္ကပ္ပ ဆိုတဲ့ မဂ္ဂင်က ဒီရုပ်နာမ်တရားတွေကို ပထမ တွေးခေါ်ပေးရတာကိုး။ ဝိတက က တွေးခေါ် ပေးတဲ့အခါကျမှ အမှန်တရားကို ပညာက သိလာ မြင်လာတာကိုး။ အဲဒီတော့ ဝိတက်ဟာ ပညာရဲ့ ရှေ့ပြေးပဲ။ ဒါကြောင့်မို့လို့ ပညာပါတဲ့ တချို့ နေရာမှာ ဝိတက်ကို ပညာလို့ ထင်ရတယ်။

ကြွေတစ်လက် ကြက်တစ်ခုန်ဆိုသလို လောကမှာလဲ အကြံကောင်းရင် တစ်ချက်ပါပဲလို့ ဆိုကြတယ် မဟုတ်လား။ ဉာဏ်ကောင်းတာကို အကြံကောင်း တယ်လို့ ဝိတက်ကို ဉာဏ်နေရာမှာလဲ သုံးကြပါတယ်။ အဲဒါကြောင့်မို့လို့ ဝိပဿနာ လမ်းမှာလဲ မဂ် ဖိုလ် နိဗ္ဗာန် ရရန် အားထုတ်တဲ့ အခါမှာ ဝိတက်စေတသိက်ဟာ သမ္မာသင်္ကပ္ပဆိုပြီး သူက ပါရသေးတာပဲ။ ဝိတက်က ဖိုလ်တို့ ဣန္ဒြေတို့တော့ မထိုက်ဘူး။ ဖိုလ်ငါးပါးထဲမှာလဲ ဝိတက်မပါဘူး။ ဣန္ဒြေ=အစိုးရအဖွဲ့မှာလဲ ဝိတက်မပါဘူး။ ဒါကြောင့်မို့လို့ မြတ်စွာဘုရားဟောတဲ့ တရားတွေက သူ့နေရာနဲ့ သူ မဂ္ဂင်ရှစ်ပါးထဲမှာလဲ သမ္မာသင်္ကပ္ပမဂ္ဂင်ဆိုပြီး ပါရတယ်။ ဈာန်တရားအားထုတ်တဲ့အခါမှာလဲ ဝိတက်ဟာ အရေးကြီးဆုံး နံပါတ်တစ် နေရာက ပါရတယ်။ ဝိတက်ကိုတော့ ဒါလောက်ဆိုလို့ ရှိရင် တော်ကြပါစို့။

**ဝိစာရစေတသိက်**

ဝိစာရစေတသိက်ကို ရှေးက ဘာသာပြန်တာကတော့ သုံးသပ်မှုလို့ ပြန်တယ်။ ရှေးလူကြီးတွေကတော့ ဝိတက်နဲ့ဝိစာရကို ရောသုံးတယ်။ ဒီကောင်ဟာ သိပ်ဝိတက်ဝိစာရ များတာပဲတဲ့။ ရှေးလူကြီးတွေက အဘိဓမ္မာတွေ သင်လာတော့ သူတို့ပါးစပ်က စကားလုံးတွေက ဝိတက်တင်မကဘဲ ဝိစာရပါ ပါသွားတယ်။ အမှန်ကတော့ ဝိတက်စေတသိက်က တခြား၊ ဝိစာရစေတသိက်က တခြားပါ။ ဝိစာရကလဲ ဈာန်ကိုအားထုတ်တဲ့ သမထလမ်းကျတော့ သူက ဒုတိယ နံပါတ် (၂)က နေတယ်။ အာနာပါန=ထွက်သက် ဝင်သက် မှတ်နေတဲ့ အခါမှာ ပြေးနေတဲ့ စိတ်ကို ဝိတက်က ဆွဲတင်လိုက် ပြေးလိုက်၊ ဆွဲတင်လိုက် ပြေးလိုက်နဲ့ စိတ်ဟာ အာရုံပေါ်သို့ ရောက်လာတဲ့အခါကျတော့ မပြေးတော့ဘူး။ ဒီထွက်သက် ဝင်သက်အာရုံပေါ်သို့ ရောက်လာတဲ့အခါကျတော့ မပြေးတော့ဘူး။ ဒီထွက်သက်ဝင်သက်ပေါ်မှာပဲ စိတ်က ရောက်နေတဲ့အခါကျတော့ ဝိတက်ရဲ့ လုပ်ငန်း မလိုတော့ပါဘူး။ စိတ်က ပြေးမှ မပြေးတော့ပဲ။ မပြေးတော့ စိတ်က ငြိမ်သက်လာတယ်။ ဒီအာရုံပေါ်မှာပဲ စိတ်က ငြိမ်နေတဲ့အခါကျတော့ ဝိတက် လုပ်ငန်း မလိုတော့ပါဘူး။ ဒီဝိတက်လုပ်ငန်း မလိုတော့ ဝိစာရလိုလာတယ်။

ဝိစာရက အာရုံကို သုံးသပ်နေရတယ်။ ဒီထွက်သက်ဝင်သက်လေကိုပဲ သူက သုံးသပ်ပြီးတော့ နေရတယ်။ ဒီစိတ်ဟာ ငြိမ်သထက်ငြိမ်အောင် ဒီအာရုံ တစ်ခုထဲကိုပဲ ထပ်တလဲလဲ သူက သုံးသပ်နေရတယ်။ အဲဒီအဆင့်ကို ဒုတိယ ဈာန်လို့ ခေါ်တာပဲ။ ဝိတက်လုပ်ငန်းရဲ့ အဆင့်ကို ပထမဈာန်ခေါ်တာ။ ဒုတိယဈာန်မှာ ဝိတက်က မယှဉ်ချင်လို့ မယှဉ်တာ မဟုတ်ဘူး။ ဘယ်သူကမှ ပယ်လိုက်တာလဲမဟုတ်ဘူး။ ဒီ သမထလုပ်ငန်း လုပ်တဲ့နေရာမှာ အာရုံပေါ်ကို စိတ်က ရောက်နေပြီဆိုရင် မပြေးတော့ဘူးဆိုရင် ဝိတက်လုပ်ငန်း မလိုတော့ဘူး။ ရှင်းရှင်းကတော့ သူ့အလုပ် မရှိလို့ အလုပ်ပြုတ်သွားတာပဲ၊ မင်းအလုပ်မရှိတော့ဘူး၊ သွားတော့ဆိုတဲ့ သဘောမျိုးပါပဲ။ ဝိတက်လုပ်ငန်းမရှိတဲ့ ဒုတိယဈာန်ကျတော့ ဘယ်သူ ကျန်သလဲ၊ ဝိစာရပဲ ကျန်တယ်။ ဝိစာရက မင်း သုံးသပ်နေ၊

မင်း ထပ်ကာ ထပ်ကာ သုံးသပ်နေလို့ အဓိပ္ပါယ်ရှိတယ်။ ဒါကိုပဲ ဒုတိယဈာန်လို့ ခေါ်တယ်။

ပကိဏ်းစေတသိက်က ၆–လုံးရှိရာမှာ ဝိတက်နှင့် ဝိစာရ ပြီးသွားပါပြီ။

## ဝီရိယ

ဝီရိယကို မြန်မာလို ပြန်တာကမှ ရှုပ်သေးတယ်။ "ဝီရိယ ကောင်းတယ်၊ ဝီရိယမကောင်းဘူး"လို့ မြန်မာစကားဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ရှေးတုန်းက တစ်နိုင်ငံလုံး အဘိဓမ္မာတတ်တယ်ဆိုတာ မြန်မာစကားတွေကို သင်ကြည့် နားထောင်ကြည့်တဲ့အခါကျတော့ ပိုပြီး ထင်ရှားတယ်။ ဒီစေတသိက်တွေဟာ များသောအားဖြင့် မြန်မာစကားတွေ ဖြစ်နေတာ များတယ်။ မြန်မာလို စစ်စစ်ကတော့ ဝီရိယဆိုတာ အားထုတ်တာပဲ။ အားကို အပြင်ဘက်ထုတ်ရတဲ့ အတွက် ဝီရိယကို "အားထုတ်မှု"လို့ ဘာသာပြန်တယ်။ ကြိုးစားတယ်ဆိုတာလဲ ဝီရိယပဲ။ လုံ့လပြုတယ်၊ လုံ့လထုတ်တယ် ဆိုတာလဲ မြန်မာစကားစစ်စစ်ပဲ။ အဲဒီတော့ မြန်မာစကားမှာ လုံ့လထုတ်တယ်၊ အားထုတ်တယ်၊ ကြိုးစားတယ် ဆိုတဲ့ ဒီစကားတွေဟာ ဝီရိယရဲ့ ပရိယာယ်တွေပဲ။

ဝီရိယစေတသိက်ဟာ အကုသိုလ်မှာလဲ ပါတယ်၊ ကုသိုလ်မှာလဲ ပါတယ်။ ဒါကြောင့်မို့လို့ ကုသိုလ်အကုသိုလ်ရောပြွမ်းပြီးတော့ ပါဝင်တဲ့ စေတသိက်လို့ ဆိုတယ်။ ဒါကြောင့် သူ့ကို ပကိဏ်းစေတသိက်လို့ ခေါ်တယ်။ အကုသိုလ်လုပ်တဲ့ နေရာမှာ ဝီရိယပါမှ လုပ်တာကိုး၊ တံငါပဲလုပ်လုပ်၊ မုဆိုးပဲလုပ်လုပ် အကြီး အကျယ် မကောင်းမှုတွေ လုပ်တဲ့အခါမှာလဲ ကြိုးစားမှုဆိုတဲ့ ဝီရိယကတော့ ပါရတာပဲ။ ကုသိုလ်တွေ လုပ်တဲ့နေရာမှာလဲ ကြိုးစားမှုမရှိဘဲနဲ့ ကုသိုလ်က မဖြစ်ဘူး။

## ပညာရေးနှင့် ဝီရိယ

ပညာသင်တဲ့နေရာတွေမှာ ပိုထင်ရှားတာပေါ့။ ကျောင်းသားဟာ စာကြိုးစားတဲ့လူနဲ့ စာမကြိုးစားတဲ့လူ ယှဉ်ကြည့်ရင် စာကြိုးစားတဲ့လူက ပိုပြီးတော့ တက်လာတာပဲ။ ပညာသင်တဲ့ နေရာမှာလဲ ဝီရိယက ပါတာပဲ။ စီးပွားရေး လုပ်တဲ့အခါမှာလဲ ဝီရိယက ပါရတာပဲ။ နိုင်ငံရေးလုပ်တဲ့အခါမှာလဲ ဝီရိယရှိတဲ့လူမှ ခေါင်းဆောင်ဖြစ်လာတာကိုး။ ဝီရိယမရှိတဲ့ လူဆိုလို့ရှိရင် နောက်လိုက်ပဲ ဖြစ်တာပဲ။ အဲဒီတော့ တရားအားထုတ်မယ် ဆိုလို့ရှိရင်လဲ ဝီရိယက အရေးကြီးတာပဲ။ ဒါကြောင့်မို့လို့ ဝီရိယစေတသိက်ဟာ ကောင်းတဲ့ နေရာမှာလဲ အဓိပတိတပ်တာပဲ။ မကောင်းတဲ့နေရာမှာလဲ အဓိပတိတပ်တာပဲ။ အဲဒါကြောင့် မို့လို့ အဓိပတိကျတော့ ဝီရိယာဓိပတိဆိုပြီး သီးခြားရှိတယ်။

အဓိပတိဆိုတဲ့စကားလုံးကို မြန်မာက ဒီအတိုင်းပဲ သုံးနေတယ်။ ဘာသာတောင် မပြန်ဘူး၊ ဝီရိယက အဓိပတိတပ်တဲ့ ဝီရိယနဲ့ အဓိပတိမတပ်တဲ့ ဝီရိယရယ်လို့ နှစ်မျိုးရှိတယ်။ အဓိပတိတပ်တယ်ဆိုတဲ့လူလဲ စာကြိုးစားတာပဲ၊ အဓိပတိမတပ်တဲ့ လူလဲ စာကြိုးစားတာပဲ၊ သို့ပေမဲ့ အဓိပတိတပ်တဲ့ ဝီရိယနဲ့ အဓိပတိမတပ်တဲ့ ဝီရိယက ဘယ်လို ကွာသလဲဆိုရင် ကျောင်းသားချင်း ယှဉ်တဲ့အခါ ကွာသွားတယ်၊ အဓိပတိတပ်ပြီး ဝီရိယရှိတဲ့သူက အတန်းတိုင်း အတန်းတိုင်းပဲ ဘယ်အတန်းမဆို ပထမ၊ ဒုတိယချည်းပဲ ရသွားတာကိုး။ တကယ့် လူတော်လူကောင်းတစ်ယောက် လူရည်ချွန်တစ်ယောက် ဖြစ်သွားတာပဲ။ အဓိပတိ မတပ်ဘဲနဲ့လဲ ကြိုးတော့ကြိုးစားတာပဲ၊ အဓိပတိမတပ်ဘဲ ကြိုးစားတဲ့ လူက အောင်ရင်လဲ သာမညအောင်တာပဲ၊ ထိပ်တန်းကို မရောက်ဘူး။

## ဝီရိယကောင်းတာ ဘယ်လိုလူလဲ

ကြိုးစားနည်းက ဘယ်လို ကွာသလဲဆိုတော့ ဒါပညာသင်တဲ့လူငယ်တွေလဲ ရှိလို့ စာကြိုးစားနည်းကို ပြောရဦးမယ်၊ ဝီရိယကောင်းတယ် ဝီရိယကောင်းတယ်

ဆိုတဲ့ လူဟာ ဘယ်လိုလူက ဝီရိယကောင်းတာတုံး၊ ဘယ်လို ဝီရိယက အဓိပတိ တပ်တာတုံးလို့ မေးစရာရှိတယ်။ တချို့တလေက စာမေးပွဲမရှိခင်တော့ ကျောင်းတက်ရုံပဲ တက်တာပဲ၊ ပြန်လာရင် စာအုပ်ကို ပစ်ထားပြီးတော့ လျှောက်လည်နေတယ်။ သူငယ်ချင်းတွေနဲ့ အချိန်တွေ ဖြုန်းနေတယ်၊ အထူးတလည်မကြိုးစားဘူး၊ ကျောင်းတော့ မှန်မှန်တက်တယ်၊ စာမေးပွဲနီးတဲ့ တစ်လ၊ နှစ်လကျတော့ တစ်ခါတည်း နေ့ရော ညရော ညလဲနာရီပြန်တစ်ချက် နှစ်ချက်ထိအောင် ဖုတ်ပူမီးတိုက် နင်းကန် ကျက်တော့တာပဲ၊ နေ့မအိပ် ညမအိပ်ဘဲနဲ့ အဲဒီလိုလုပ်တဲ့ ဝီရိယမျိုးဟာ အဓိပတိတပ်တဲ့ ဝီရိယမဟုတ်ဘူး။ အဲဒါ "လူပျင်းလုံ့လ တစ်ခဏတည်း"ဆိုတဲ့ လူပျင်းတို့ လုပ်ကြတဲ့ ဝီရိယမျိုးပဲ၊ အဓိပတိတပ်တဲ့ ဝီရိယမျိုး မဟုတ်ဘူး။

စာတော်တဲ့ လူဆိုတာ စာမေးပွဲက နောက်နှစ်မှာ ရှိတယ်။ နောက်နှစ် တပေါင်းလမှာ စာမေးပွဲရှိတယ်၊ ဒီနှစ် ကဆုန်နယုန်လက စပြီးတော့ နေ့တိုင်း စာမှန်မှန်ကြည့်တယ်၊ ကျောင်းပိတ်သည်ဖြစ်စေ၊ မပိတ်သည်ဖြစ်စေ ကြည့်တာပဲ။ ကျောင်းပိတ်လဲ သူ့မှာ "တိုင်မ်တေဘဲလ်" ရှိတာပဲ။ ဘယ်အချိန်မှာ စာကြည့်မယ်၊ ဘယ်အချိန်မှာ ထွက်လည်မယ်၊ ဘယ်အချိန်မှာ အိပ်မယ်ပေါ့။ သူက နေ့စဉ် နေ့တိုင်းမှာ ကြိုးစားမှု ရှိတယ်၊ စာမေးပွဲနီးလာတော့လဲ သူက သူများ တကာလို ပိုပြီးတော့ မကြိုးစားဘူး၊ ခါတိုင်းခါတိုင်းလဲ ၁၀–နာရီ၊ ၁၁–နာရီ၊ ၁၂–နာရီထိအောင် စာကြည့်တာပဲ၊ စာမေးပွဲနီးလာလို့လဲ သူက ပိုပြီးတော့ အားမထုတ်ဘူး။ စာမေးပွဲတွေဘာတွေ မရှိတော့လဲ သူ စာမကျက်ဘဲ မနေဘူး။ သူ ကြည့်စရာရှိတဲ့ စာတွေ စာမေးပွဲဖြေဖို့ အဆင့်သင့် ဖြစ်အောင် နေ့ရှိသမျှ သူ ဘာပြီး ဘာလုပ်မယ်၊ ဘာပြီး ဘာလုပ်မယ်ဆိုပြီး အဆင်သင့် အကုန်လုံး လုပ်တာပဲ။ စာမေးပွဲနီးမှ စာတွေကို ဖုတ်ပူမီးတိုက် သူ့မှာ လုပ်စရာ မလိုတော့ဘူး။

နေ့တိုင်း မှန်မှန်လုပ်တဲ့ ဝီရိယကို ဇွဲခေါ်တာပေါ့။ အဓိပတိတပ်တဲ့ ဝီရိယလို့ ခေါ်တာပေါ့။ နေ့တိုင်း မှန်မှန် ကြိုးစားသွားတယ်၊ စားတဲ့အချိန်မှာ

စားတယ်၊ ကစားတဲ့အချိန်မှာ ကစားတယ်၊ စာမေးပွဲရှိတဲ့ နေ့လဲ သူကစားချိန် ကစားမှာပဲ။ ဒီနေ့ စာမေးပွဲရှိလို့ မကစားတော့ဘူးလို့တော့ မဟုတ်ဘူး၊ သူ့မှာ အချိန်ရှိတာပဲ။ စာမေးပွဲရှိလဲ အိပ်ချိန်ကျရင် အိပ်တာပဲ။ ဒီနေ့ ကျောင်းတွေ ပိတ်ထားတယ်၊ လျှောက်လည်မယ်၊ ဒီလိုမရှိဘူး၊ လျှောက်လည်တဲ့အချိန် လည်တာပဲ၊ သူစာကြည့်တဲ့ အချိန်ကျတော့ အချိန်မှန်မှန် ကြည့်တယ်။

ဆိုလိုရင်းကတော့ ပညာသင်မယ်ဆိုလို့ရှိရင် ပညာတစ်ခုဆုံးခန်းတိုင်အောင် မရောက်မချင်း နေ့စဉ် မှန်မှန် ကြိုးစားတာဟာ အဓိပတိတပ်တဲ့ ဝီရိယပဲ၊ အဲဒီလို မှန်မှန် ကြိုးစားတဲ့ ဝီရိယမျိုးက ကိုယ်ရည်ရွယ်တဲ့ ပန်းတိုင်ကို ရောက်စေတယ်။ ဖုတ်ပူမီးတိုက် ဝီရိယမျိုးက စာမေးပွဲရှိတဲ့ အခါကျတော့ တစ်ခါတည်း ညလဲ မအိပ်ဘူး၊ နေ့လဲ မအိပ်ဘူး၊ နင်းကန်ကျက်ရော၊ လူက တစ်ခါထဲ အအိပ်ပျက်ပြီး စာမေးပွဲရောက်တော့ အကုန်လုံးမေ့ကုန်ရော၊ သူက စောစောစီးစီးကတော့ ကြိုးစားတာမှ မဟုတ်ဘဲနဲ့။ ဖုတ်ပူမီးတိုက် ကျက်ထားတယ်၊ စာမေးပွဲထဲကျတော့ ဘယ်မှတ်မိမှာတုံး၊ အကုန်လုံးရောကုန်ရော။ အဲဒါမျိုးဟာ အဓိပတိတပ်တဲ့ ဝီရိယမျိုး မဟုတ်ဘူးပေါ့၊ ဒါမမှန်တဲ့ ကြိုးစားမှုလို့ ခေါ်တယ်။ ဉာဏ်နဲ့မယှဉ်တဲ့ ဝီရိယမျိုးပဲ။

ဒါကြောင့်မို့လို့ အခုခေတ် ကျောင်းသူ ကျောင်းသားတွေ တချို့တလေ သိပ်ပင်ပန်းကြတယ်၊ စာတွေကျက်လိုက်ရတာ၊ စာမေးပွဲနီးမှ စာတွေ နင်းကန်ကျက်တဲ့ အလေ့အကျင့်ဟာ ကောင်းကိုမကောင်းဘူး။ ဒါကြောင့်မို့လို့ အချို့ အိမ်တွေမှာဆိုရင် စာကျက်တဲ့ကလေးတွေကို စာမေးပွဲနီးလဲ (၁၂) နာရီထိုးရင်တော့ အကုန်လုံး အိပ်လို့ ပြောနေရတယ်။ စာမေးပွဲနီးတော့ သူတို့က စာကျက်မပြီးသေးပဲကိုး။ မတော်ချင်သေးဘူး။ ကျချင် ကျပါစေ၊ မကျက်နဲ့ သွားအိပ်ချေလို့ မိဘများက ပြောနေရတယ်။ သူတို့က အရှိန်သတ်လို့ မရဘူး၊ စာမေးပွဲနီးမှ စာတွေက များနေဟာကိုး။ စောစောစီးစီးတုန်းကတော့ မကျက်ခဲ့ဘူး။ စာမေးပွဲနီးမှ တစ်ခါထဲ ကြည့်လို့ ဘယ်ကုန်မှာတုံး။

အဲဒီ ဝိရိယမျိုးဟာ အကျိုးမဖြစ်တဲ့အပြင် လူပါ နေမကောင်း ဖြစ်တတ်တယ်၊ ကျန်းမာရေးချို့တဲ့တတ်တယ်၊ ကျန်းမာရေးချို့တဲ့တော့ တာရှည် စာတွေ မကျက်နိုင်ဘူး။ ပိုပြီးတော့ တဖြည်းဖြည်း လူဟာ ညံ့တောင်သွားနိုင်သေး တယ်။ ဒါကြောင့်မို့လို့ ဝီရိယဟာ လွန်သွားတယ် ဆိုလို့ရှိရင် အဓိပတိတပ်တာ မဟုတ်ဘူး။ အဓိပတိတပ်တဲ့ ဝီရိယဆိုတာက အချိန်မှန်မှန် ကြိုးစားတာ၊ နေ့စဉ် မှန်မှန် ကြိုးစားတာ။ ရှေးတုန်းက တကယ် ပညာချွန်သွားတဲ့လူတွေ၊ တကယ် ထိပ်တန်းရောက်သွားတဲ့ လူတွေဟာ ပညာတစ်ခုကို သင်မယ်ဆိုလို့ ရှိရင် ကိုယ်သင်ချင်တဲ့ ပညာကို အဓိပတိတပ်ပြီးတော့ သင်တာပဲ။ အဓိပတိ တပ်တယ်ဆိုတာက အလုပ်တစ်ခုကို စွဲနေတာပဲ။ နေ့ရှိသမျှ သူလုပ်နေတယ်။

**အဓိပတိတပ်တဲ့ ဝီရိယ**

ဥပမာတစ်ခုပြောပြမယ်၊ ဆေးလိပ်ကို စွဲလို့ ဆေးလိပ်မှာ အဓိပတိတပ်တဲ့ လူတစ်ယောက်ဟာ ဆေးလိပ်မသောက်တဲ့ နေ့ သူ့မှာ ရှိရဲ့လား၊ နေ့တိုင်း သောက်တာပဲ။ သောက်ချိန်ကျရင် သောက်ကို သောက်ရမှ၊ ဒါ သူစွဲနေတယ်။ အဓိပတိ တပ်တာပေါ့။ ပညာတစ်ခုကို စွဲတဲ့ လူဟာလဲ ကျောင်းပိတ်လို့ရှိရင် သူက စာကို ကြည့်ကို ကြည့်ရမှ၊ ကျက်ကို ကျက်ရမှ၊ သူ စာမကျက်တဲ့ နေ့ရယ်လို့ မရှိဘူး။ သူများတကာ ကျောင်းပိတ်လဲ သူ စာကျက်ချိန်တော့ မလိုက်ဘူး။ ဘယ်အချိန်တော့ လာခဲ့၊ အဲဒီအချိန်ကျတော့ ငါလိုက်မယ်၊ သူ့မှာ ထွက်လည်တဲ့ အချိန်ရှိတယ်၊ သူ့အချိန်နဲ့သူ၊ စာကျက်တဲ့အချိန်မှာ စာကျက်တယ်၊ စာမေးပွဲ ရှိရှိ မရှိရှိ သူစာကျက်တယ်။ အဲဒီလူမျိုးကျတော့ မှန်မှန် အဓိပတိတပ်တော့ တကယ် တော်တဲ့ လူတစ်ယောက်ဖြစ်လာတယ်။ တချို့ ဉာဏ်ကောင်းပြီး ပါရမီ ထူးချွန်လို့ တော်တဲ့ ပုဂ္ဂိုလ်မျိုးလဲ ရှိတာပေါ့။ သို့သော်လဲ ဉာဏ်ကောင်းပြီး ပါရမီ ထူးချွန်ပေမဲ့ အဓိပတိတပ်တာနဲ့ အဓိပတိ မတပ် တာကတော့ ကွာတယ်။ ဒါက လူငယ်တွေ ပညာသင်တဲ့နေရာမှာ သတိပြုဖို့ပါ။

### စီးပွားရေးနှင့် ဝီရိယ

လောကမှာ စီးပွားရှာတဲ့ လူတွေ တချို့က ငါ ဒီဘဝမှာ ချမ်းကို ချမ်းသာရမယ်ဆိုပြီး ပိုက်ဆံချမ်းသာမယ့် အလုပ်ဆိုလို့ရှိရင် အဓိပတိတပ်တဲ့လူက ဘာဖြစ်ဖြစ် သူလုပ်တယ်။ နောက်ပိတ်ဆုံး ပိုက်ဆံသာရမယ်ဆိုရင် အမှိုက်ကျုံး ဆိုရင် ကျုံးမှာပဲ၊ ညတစ်ညလုံး မအိပ်နဲ့ဆိုလဲ မအိပ်ဘဲနေမှာပဲ။ သူကြီးပွားမယ် ဆိုရင် ဘာပဲ လုပ်ရလုပ်ရ တစ်ည မဟုတ်ဘူး၊ ခုနစ်ရက် မအိပ်ဘဲ နေရနေရ သူစီးပွားဖြစ်မယ်ဆိုရင် လုပ်တာပဲ။

အဲဒီလို အဓိပတိတပ်ပြီးတော့ စီးပွားရှာတဲ့လူဟာ ဒီဘဝမှာ သူချမ်းသာ တာပါပဲ။ ဘဝက ကံအကြီးအကျယ် ပါမလာပေမဲ့ ကံဆိုတာဟာ ဒီဘဝမှာ လုပ်တဲ့ ကံက ရှိသေးတာကိုး။ ဝီရိယကလုပ်သမျှ ကံတွေချည်း ဖြစ်ဖြစ် သွားတာပဲ၊ ဒီဘဝက ပစ္စုပ္ပန်ကံတွေလဲ အကျိုးပေးတာကိုး။ တချို့က ပြောကြတယ်၊ မြန်မာတွေ ပစ္စည်းချမ်းသာတဲ့လူ မရှိနိုင်ဘူးတဲ့၊ မြန်မာတွေ ဘာလို့ မချမ်းသာနိုင်သလဲဆိုတော့ စီးပွားရှာတဲ့ အခါမှာ အဓိပတိတပ်တဲ့ လူဟာ ခပ်ရှားရှားပဲ။ တရားရသလိုလို ဘာလိုလိုနဲ့ "တော်တော်ကြာ သေမှာပဲ၊ မြဲတာတွေမှ မဟုတ်ဘဲနဲ့၊ သေတော့ ပစ္စည်းတွေ ထားပြီးတော့ သွားရမှာ"တဲ့၊ ပျင်းရင် ပျင်းတယ်လို့ ရှင်းရှင်းမပြောဘူး။ တရားလိုလို ဘာလိုလို လုပ်နေ တတ်တယ်။ ဒီလို စဘိုင်လေးနဲ့ပဲ ပေါ်ကြော့လေး နေချင်တယ်။ တကယ်အဓိပတိ တပ်ပြီးတော့မှ စီးပွားရေးလုပ်မှ မလုပ်ဘဲနဲ့။ အဓိပတိတပ်ပြီးတော့ စီးပွားရှာလို့ ရှိရင် မြန်မာတွေလဲ ချမ်းသာနိုင်ပါတယ်၊ ဒါကြောင့်မို့လို့ စီးပွားရေးမှာလဲ အဓိပတိတပ်ပြီးတော့ စီးပွားရှာလို့ရှိရင် စီးပွားဟာ ဖြစ်တာပါပဲ။ ဝီရိယဟာ လောကရေးရာတွေမှာလဲ အင်မတန် အသုံးကျတာပဲ။

### ဝီရိယစေတသိက်နှင့် ပါရမီ

ဒါကြောင့်မို့လို့ ဘုရားအလောင်းဇာတ်တော်တွေထဲမှာ ဘုရားအလောင်းဘဝ တုန်းက ဘုရားဖြစ်ဖို့လို့ စဉ်းစားတဲ့အခါ ပါရမီဆယ်ပါးထဲမှာ ဝီရိယပါရမီ

ဆိုပြီးတော့ ပါတယ်။ ပါရမီဆယ်ပါးကို ဗုဒ္ဓဘာသာ မြန်မာ လူသာမန်တွေဟာ နဂိုကတော့ လေ့လာတယ်။ အတုယူ လုပ်ကြတယ်၊ ဝိပဿနာတွေ ဘာတွေ ထိအောင် မလုပ်ကြပါဘူး။ ပါရမီဆယ်ပါးတော့ လူတိုင်း လုပ်အောင် နှိုးဆော်တယ်။ ဒါနပါရမီ=ဒါန အလှူ လုပ်တယ်၊ သီလပါရမီ= သီလ စောင့်ထိန်းတယ်။ အဲဒီတော့ စီးပွားရှာတဲ့အခါမှာလဲ ပါရမီထိုက်တဲ့ ဝီရိယက အဓိပတိနဲ့ အတူတူပါပဲ။ ဒီပြင် လူတွေ စီးပွားရှာသလို မဟုတ်ဘူး။ ညလဲ စီးပွားရှာတယ်၊ သိပ်မအိပ်ဘူး။ နေ့လဲ တုံးလုံးလှဲတယ်ဆိုတာ မရှိဘူး။ စီးပွားရှာတယ်ဆိုလို့ရှိရင် ဘာပဲ လုပ်ရလုပ်ရ လုပ်တာပဲ။ အဲဒီလို ဝီရိယမျိုးက ပါရမီထိုက်တာပေါ့။

အဲဒီတော့ ရှေးက ပညာသင်ရတာကလဲ ဒီပါရမီ (၁၀) ပါးအတွက် ဇာတ်ကြီးဆယ်ဖွဲ့ကို သင်ရတယ်၊ ဇာတ်ကြီးဆယ်ဖွဲ့မှာ ဇနကဇာတ်ဆိုတာ ကြားဖူးကြမှာပေါ့။ ဟိုတုန်းက အတန်းတိုင်း အတန်းတိုင်းမှာ ဇာတ်တွေကို ဇနကဇာတ်တို့ တေမိဇာတ်လို့ မဟောသဓာဇာတ်တို့ ပြဋ္ဌာန်းပေးထားတယ်။ ငါးရာ့ငါးဆယ်တို့ ဇာတ်ကြီးဆယ်ဖွဲ့တို့ဆိုတာက မြန်မာစာ ဖတ်တတ်ရုံတင် မဟုတ်ဘူး။ ဒီအထဲမှာ လောကရေးရာ စီးပွားရေးဖြစ်ဖြစ်၊ ပညာရေးဖြစ်ဖြစ် နည်းမိုစရာ အတုယူစရာတွေပါလို့ ရှေးက ဇာတ်ကြီးဆယ်ဖွဲ့ဆိုတာ ကျောင်းတွေမှာ ပြဋ္ဌာန်းပေးတာပေါ့။

ဇနကဇာတ်ကို ဘုရားလောင်း ဇနကမင်းဖြစ်စဉ်က ဝီရိယပါရမီအတွက် ဟောထားခဲ့တာ။ ဒီဝီရိယဆိုတာဟာ ယောကျ်ားတို့ရဲ့ လုံ့လပဲ။ မြန်မာတွေ ပြောကြတယ် မဟုတ်လား။ ''ယောကျ်ားတို့လုံ့လ သေခါမှ လျှော့ရမယ်''တဲ့၊ မိန်းမတို့လုံ့လတော့ ရှေးတုန်းက သိပ်မရေးဘူး။ ရှေးတုန်းကတော့ မိန်းမတွေဟာ စီးပွားမှ မရှာရဘဲ။ အခုခေတ် မိန်းမတွေက ယောကျ်ားတွေထက် နှစ်ဆ ပိုပင်ပန်းတယ်၊ ရုံးလဲ သွားရသေးတယ်၊ မနက်စောစော ဈေးလဲသွားရသေးတယ်၊ ထမင်းလဲ ချက်ရသေးတယ်၊ ပြန်လာလို့ရှိရင်လဲ ထမင်းတွေ ဘာတွေ ချက်ရသေးတယ်။ ယောကျ်ားတွေကမှ နည်းနည်း ပေါ့ကြော့ ဖြစ်နေသေးတယ်၊ အခုခေတ် မိန်းကလေးတွေက ပိုတောင် ပင်ပန်းပါတယ်။

**ဝီရိယစေတသိက်နှင့် ဘုရားအလောင်းဇနက**

ဇနကဇာတ်ဆိုတာက ဝီရိယအတွက် ဟောတာပဲ။ ပင်လယ်ထဲမှာ ငါးသင်္ဘောပျက်တဲ့အခါ ဒီပြင်လူတွေက ကမ်းမမြင်လမ်းမမြင် ပင်လယ်ကြီးထဲ သင်္ဘောပျက်တယ်ဆိုတော့ "ဟာ ဒါလောက်ကျယ်တဲ့ ပင်လယ်ကြီး"ဆိုပြီး ဘယ်သူမှ မကူးဘဲ နေကြလို့ အကုန် သေကုန်ကြရော။ ဘုရားအလောင်းဇနက ကတော့ သေရင်တော့ သေမှာပဲ၊ ပင်လယ်ကြီးဒီလောက်ကျယ်ပေမဲ့ ငါ့စွမ်းအား ရှိသမျှတော့ ကူးမယ်ဆိုပြီး တစ်ခါထဲ ပင်လယ်ထဲမှာ သူ့ရဲ့လုံ့လ ဝီရိယကို လျှော့မပစ်လိုက်ဘူး။ လုံ့လ ဝီရိယရှိသမျှတော့ ကူးတာပဲ။ ဝီရိယကို မလျှော့ဘဲနဲ့ ခုနစ်ရက်လုံးလုံး ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးထဲမှာ ယောကျ်ားတို့ရဲ့ လုံ့လ မလျှော့ဘဲနဲ့ ကူးနေတယ်၊ နောက် ဘာဖြစ်သတုံး နတ်သမီးလာကယ် ရတယ် မဟုတ်လား။ လုံ့လကို ဘယ်တော့မှ မလျှော့တဲ့ လူဟာ နတ်သမီးက လာကို ကယ်ရတယ်။ "လူ မလုံ့လ၊ နတ် မ မဘူး"တဲ့။

ကိုယ်ဖြစ်ချင်တဲ့ အလုပ်တစ်ခုကို မဖြစ် ဖြစ်အောင် လုပ်တယ်၊ ဘယ်လို အခက်အခဲနဲ့ တွေ့တွေ့ ဘယ်လို ရန်သူနဲ့တွေ့တွေ့ ဘယ်လို အဖျက်အဆီးနဲ့ တွေ့တွေ့ ကိုယ်လုပ်နေတဲ့ အလုပ်ကို မလျှော့ဘဲနဲ့ လုပ်တာဟာ ဝီရိယပါရမီပဲ၊ ဝီရိယ အဓိပတိပဲ။ ဘုရားအလောင်းဟာ သူ့စွမ်းအားရှိသမျှတော့ ကူးနေတာပဲ။ ကူးနေတော့ ဝီရိယအကျိုးဟာ လက်ငင်းခံစားရတာပဲ၊ နတ်သမီးက လာပြီးတော့ ကယ်တယ်မဟုတ်လား။ နတ်သမီးနဲ့တွေ့ရရုံလား၊ နောက် ဘာဖြစ်သွားတုံး၊ ရှင်ဘုရင်တောင် ဖြစ်သွားသေးတယ်။ အဲဒီတော့ လုံ့လ ဝီရိယရဲ့ အကျိုးဟာ အင်မတန်ကြီးကျယ်ပါတယ်။ တချို့ဗုဒ္ဓဘာသာဝင်တွေက ကမ္မဝါဒီတွေဆိုတော့ ကံကို ပစ်ချတယ်။ ဟာ ပိုက်ဆံချမ်းသာတာလဲ ကံရှိမှ ချမ်းသာမှာပါ။ ပညာတတ် တော့လဲ သူတို့ကတော့ တိဟိတ်ပုဂ္ဂိုလ်တွေပဲပေါ့။ ဘဝက ကံပါလာလို့ တတ်တာပါ ဆိုပြီး ကံကို ပစ်ချတတ်တယ်။

## ကံသက်သက် ယုံတာ ဗုဒ္ဓဘာသာမဟုတ်

ဗုဒ္ဓဘာသာမှာ ကံချည်းပဲယုံတဲ့ ဝါဒကို ဒိဋ္ဌိခေါ်တယ်။ ပုဗ္ဗေကတဟေတု ဒိဋ္ဌိလို့ခေါ်တယ်။ ကံသက်သက် ပစ်ချတာက ဗုဒ္ဓဘာသာဟာ ကံယုံတဲ့ အယူဝါဒပဲ။ ချမ်းသာတာလဲ ကံ၊ ဆင်းရဲတာလဲ ကံ၊ ပညာတတ်တာလဲ ကံဆိုပြီး အကုန်လုံး ကံချည်းပဲ ပစ်ချတတ်တယ်။ ဒါ ဗုဒ္ဓဘာသာ မဟုတ်ဘူး။ "ပုဗ္ဗေကတဟေတုဒိဋ္ဌိ"လို့ ခေါ်တယ်။ (ပုဗ္ဗေ၊ ရှေး၊ ကတ၊ ပြုတာ၊ ဟေတု၊ အကြောင်း) "ရှေးဘဝက ပြုခဲ့တဲ့ အကြောင်း"ပဲ။ ရှေးဘဝက ကောင်းမှုရှိတဲ့ လူတွေ ချမ်းသာတာပဲ၊ ရှေးဘဝက ကောင်းမှုမရှိရင် မချမ်းသာဘူးဆိုပြီးတော့ ရှေးဘဝက ပြုခဲ့တဲ့ ကံ သက်သက်ကို ယူလို့ ရှိရင် ဒါ ဗုဒ္ဓဘာသာ မဟုတ်ဘူး။ ဒိဋ္ဌိလို့ ခေါ်တယ်။ ပုဗ္ဗေကတဟေတုဒိဋ္ဌိလို့ ခေါ်တယ်။

ဗုဒ္ဓဘာသာက ကံကိုလဲ မပစ်ပယ်ရဘူး၊ အတိတ်ကံဆိုတာ ရှိပါတယ်။ မကောင်းတဲ့အကုသိုလ်တွေ လုပ်ခဲ့တယ်။ အကုသိုလ်ကံတွေလဲ ရှိတာပဲ။ ကုသိုလ် ကောင်းမှုတွေ လုပ်ခဲ့တယ်၊ ကုသိုလ်ကံတွေလဲ ရှိတာပဲ။ ကံကိုလဲ ဗုဒ္ဓဘာသာက ယုံကြည်ပါတယ်၊ ရှေးဘဝက ကံပါလာတာလဲ ယုံကြည်ပါတယ်တဲ့။ ဒီတော့ ကံချည်းသက်သက် ယုံရင်တော့ ဗုဒ္ဓဘာသာမဟုတ်ဘူး။ ဒီဘဝမှာ ရှေးဘဝက ကံရှိတာ မရှိတာကို တိတိကျကျ မသိနိုင်ဘူး။ ကိုယ်က ဒီဘဝမှာ လူရယ်လို့ ဖြစ်လာလို့ရှိရင် လူ့အလျောက် ပညာတတ်အောင် ကြိုးစားရမယ်၊ ပစ္စည်းချမ်းသာ အောင် ကြိုးစားရမယ်ဆိုတဲ့ ဝီရိယကိုလဲ ဗုဒ္ဓဘာသာက ယုံကြည်တယ်၊ ဝီရိယလဲ ရှိရမယ်၊ ဒီဘဝမှာ ကိုယ် တွေ့ရတာက ဝီရိယကို တွေ့နေရတာကိုး၊ ဝီရိယ ကြိုးစားသမျှ ကြိုးစားတဲ့ အလုပ်တွေဟာ ဘာဖြစ်သွားတုံး၊ ကံဖြစ်သွားတာပဲ။

ဥပမာတစ်ခုပြောပြမယ်၊ ဆယ်တန်းရောက်နေတဲ့လူဟာ သူငယ်တန်းနဲ့ တစ်တန်းတုန်းက သူကြိုးစားခဲ့တာတွေ မရှိဘူးလား၊ တစ်တန်းတုန်းက ကြိုးစားလာခဲ့တာဟာ (၂) တန်းကျတော့ ကံဖြစ်သွားတာပဲ။ (၃) တန်းက ကြိုးစားလာခဲ့တာ (၄) တန်းကျတော့ ကံဖြစ်သွားတာပဲ။ (၁) တန်းကစပြီး

အတန်းတိုင်း အတန်းတိုင်း ကြိုးစားလာလို့ ဒီဆယ်တန်း ရောက်လာတာ မဟုတ်လား။ တစ်နှစ်တည်းနဲ့ဆယ်တန်းရောက်လာတာလား၊ အဲဒီလို အဆင့်ဆင့် ကြိုးစား လာလို့ ဆယ်တန်းရောက်လာတာ၊ ဒါတွေက အကုန်လုံး ပစ္စုပ္ပန် ကံချည်းပဲ။ ဒီကံဟာ ဝီရိယက ကြိုးစားလုပ်လို့ ကံဖြစ်လာတာ၊ ဒါ ပစ္စုပ္ပန်ကံလို့ ခေါ်တယ်။ ဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာက လူဖြစ်လာတယ်ဆိုလို့ရှိရင် ပညာတတ်အောင် သင်ရမယ်၊ မတတ်တတ်အောင် လုံ့လ ဝီရိယနဲ့ ဆရာကောင်း သမားကောင်း ရှာပြီး ကြိုးစားပြီး သင်ရမယ်။ ဝီရိယနဲ့ လုပ်လို့ ရှိရင် ကံတွေက ဖြစ်လာတာပဲ။

သို့သော် ကြိုးစားတဲ့အခါမှာ ရှေ့မှာ တင်ပြခဲ့သလို စာမေးပွဲနီးခါမှ ဖုတ်ပူ မီးတိုက် အတင်းအဓမ္မ တစ်ညလုံး မအိပ်ဘဲနဲ့ ကြည့်တဲ့ စာဖတ်တဲ့ ဒီလို ဝီရိယမျိုးတော့ ဘာဝီရိယ ခေါ်မတုံး၊ ဉာဏဝိပ္ပယုတ်ပေါ့။ အလုပ်တစ်ခု လုပ်တဲ့အခါ အချိန်မှန်မှန် ကြိုးစားတဲ့ ဝီရိယမျိုးဟာ ဉာဏ်နဲ့ယှဉ်တာပဲ။ လူဟာ လူ့ကျန်းမာရေးအတွက် ကစားတဲ့အချိန် ကစားရမယ်၊ပျော်ပွဲရွှင်ပွဲ ကြည့်ရမယ်၊ စားချိန်တန် စားရမယ်၊ အိပ်ချိန်တန် အိပ်ရမယ်။ ဒီလို ကျန်းမာမှသာလျှင် ကြိုးစားလို့ ရမှာကိုး။ အဲသလို ဉာဏ်နဲ့ယှဉ်တဲ့ ကြိုးစားမှု ဖြစ်ရမယ်၊ ဒါကြောင့်မို့ ဉာဏ်နဲ့ယှဉ်တဲ့ ဝီရိယလို့ ဆိုတာပဲ။

## အတိတ်ကံနှင့် ဓာတ်အား တူပုံ

အဲဒီတော့ ဉာဏ်နဲ့ယှဉ်ပြီး ကြိုးစားတယ်ဆိုလို့ရှိရင် အတိတ်ကံဟာ ပေါ်လာတာပဲ၊ ကုသိုလ်ကံ အကုသိုလ်ကံတွေဆိုတာ ဥပမာ အားဖြင့် ခလုတ်နှစ်ခု ရှိတာပဲ။ အတိတ်ကံဆိုတာက ဓာတ်အားနဲ့ တူတာပဲ၊ မီးဖွင့်ဖို့ ခလုတ်ဟာ အကုသိုလ်ခလုတ်ရယ် ကုသိုလ်ခလုတ်ရယ်ဆိုပြီး နှစ်ခု ရှိနေတာပဲ။ အဲဒီတော့ အတိတ်ကုသိုလ်ကံတွေကလဲ နောက်က ရှိနေတာပဲ။ အကုသိုလ်ကံတွေကလဲ ရှိနေတာပဲ။ ဓာတ်ကြိုးတွေမှာ ဓာတ်အားတွေ လွှတ်ထားသလိုပဲ၊ ကံတွေကတော့ ရှိနေတယ်၊ ရှိနေတော့ ကိုယ်က ဒီဘဝက အကုသိုလ်ခလုတ်ကို ဖွင့်ပေးရင်

အကုသိုလ်မီးပဲ လင်းမှာပဲ။ ကုသိုလ်ခလုတ်ကို ဖွင့်ပေးရင်လဲ ကုသိုလ်မီးပဲ လင်းမှာပဲ။

အဲဒီတော့ ဒီဘဝမှာ ကိုယ်က ချမ်းသာချင်တယ်ဆိုလို့ရှိရင် အတိတ်ကုသိုလ်ကံကို ဖွင့်ချင်တယ်ဆိုလို့ရှိရင် ဉာဏ်ကတော့ မကောင်းတဲ့ဉာဏ် မရှိဘူး။ ဉာဏ်နဲ့ယှဉ်တဲ့ ဝီရိယဆိုရင် ကောင်းတဲ့ ဝီရိယဖြစ်လာမယ်။ အဲဒီတော့ ဉာဏ်နဲ့ယှဉ်တဲ့ ဝီရိယမျိုးနဲ့ ကြိုးစားပေးရင် ဘာမီးတွေ ပွင့်မတုံး၊ ကုသိုလ်ကံမီးပဲ ပွင့်မှာပေါ့။ အဲဒီတော့ ကုသိုလ်ကံမီးပွင့်အောင် အတိတ်ကံ ဆိုတာကတော့ ကိုယ်က ဖွင့်ပေးမှ လင်းတာပေါ့။ မကောင်းတာတွေလုပ်နေတဲ့ လူဟာ မကောင်းတဲ့မီးတွေ လင်းလာမယ်၊ ကောင်းတာလုပ်နေတဲ့လူဟာ ကောင်းတဲ့မီးတွေ လင်းလာမယ်၊ အတိတ်ကံဆိုတာ ကိုယ်က ဒီခလုတ်ကို ဖွင့်ပေးမှ လင်းမှာပေါ့။ ကျောင်းတက်ပြီးတော့ ပညာသင်တာဟာ ကုသိုလ်လား အကုသိုလ်လားဆိုတော့ ကုသိုလ်ပဲ။

တချို့တလေကတော့ ဒါနလုပ်မှ သီလဆောက်တည်မှ ကုသိုလ်လို့ ထင်တယ်၊ အပြစ်မရှိတဲ့ ပညာတွေသင်နေတာ ကုသိုလ်ပဲ။ အဘိဓမ္မာ လေ့လာမှ ကုသိုလ် မဟုတ်ပါဘူး၊ အင်္ဂလိပ်စာဖတ်နေတယ်၊ ဘာအပြစ်ရှိတုံး၊ ဘာမှ အပြစ်မရှိဘူး၊ အင်္ဂလိပ်စာတတ်ဖို့ သင်နေတာဟာ အကုသိုလ်မဟုတ်ဘူး၊ ကုသိုလ်ဖြစ်နေတာပဲ။ အကုသိုလ်မဖြစ်ရင် ကုသိုလ်ဖြစ်နေတာပဲ။ ဂဏန်းတွက်နေတာကော ကျောင်းတက်ပြီး ဂဏန်းတွက်နေတာလဲ အကုသိုလ်မှ မဟုတ်ဘဲနဲ့၊ ဒါတိုင်းပြည် တည်ထောင်ဖို့လို့ တိုင်းပြည်မှာ အကျိုးပြုမယ့် လုပ်ငန်းတွေအတွက် လုပ်နေတာ၊ အများကောင်းစားရေးအတွက် လုပ်နေတာ။ ကျောင်းမှာ ပညာသင်နေတာလဲ ကုသိုလ်တွေပါပဲ။ ကောင်းတဲ့ အလုပ်တွေကို ဉာဏ်နဲ့ယှဉ်တဲ့ ဝီရိယနဲ့ လုပ်လို့ရှိရင် ကောင်းတဲ့ကုသိုလ်ကံတွေ ပွင့်လာမှာပဲ။ ဒါကြောင့်မို့လို့ ကံရော ဉာဏ်ရော ဝီရိယရော သုံးပါးလုံးကို လက်ခံတဲ့ ဝါဒဟာ ဗုဒ္ဓဘာသာပဲ၊ ကံသက်သက်ဝါဒမဟုတ်ဘူး။ ဒါကြောင့်မို့လို့-

''လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး''တဲ့။

အဲဒီကဗျာကို မန်လည်ဆရာတော်က ရေးခဲ့တယ်၊ လုံ့လမထူဆိုတာက မကြိုးစားဘဲနဲ့လို့ ဆိုပါတယ်။ ဉာဏ်မကူဆိုတာက ဉာဏ်နဲ့လဲ မယှဉ်ဘဲနဲ့လို့ ဆိုတာပဲ။ ဉာဏ်နှင့် ဝီရိယကို ဖယ်လိုက်ပြီးတော့ အယူတစ်ချောင်း ကံတစ်ကြောင်းမျှဆိုတာက ကံရှိရင် ချမ်းသာမှာပဲ၊ ကံမရှိရင် မချမ်းသာဘူး၊ ကံရှိရင်တော့ စာတတ်မှာပဲ၊ ကံမရှိရင်တော့ စာမတတ်ဘူး။ အဲဒီလို ကံတစ်ခုထဲကိုပဲ အားကိုးတယ်လို့ ဆိုတာပါပဲ။ စာမသင်ဘဲနဲ့ စာတတ်တဲ့လူတွေ တွေ့ဖူးလို့လား။ စားတစ်လုံးမှ မကျက်ဘဲနဲ့တော့ အတိတ်ကံကြောင့် သူ့ဘာသာသူ တတ်လာတဲ့ကလေးရယ်လို့ တွေ့ဖူးကြသလား၊ သူ့ဘာသာသူ ဘီအေ အောင်လာတဲ့၊ သူ့ဘာသာသူ ပါရဂူဘွဲ့ရတဲ့ လူတွေ မရှိပါဘူး။

အဲဒီတော့ ''အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံ''လို့ ဆင်းရဲရင်လဲ ကံကြောင့်ဆင်းရဲတာပါပဲ။ တို့ဟာ ဘဝကိုက ကုသိုလ်ကံ နဲခဲ့ကြလို့ ဆင်းရဲရတယ်ဆိုပြီးတော့ တချို့တလေ ပြောလေ့ရှိတယ်။ ချမ်းသာတဲ့လူတွေ ရှိရင်လဲ သူတို့က နောက်ဘဝက ကံကြောင့် ချမ်းသာတယ်တဲ့၊ ဒီချမ်းသာတဲ့ လူက ဘယ်လောက်ထိအောင် ကြိုးစားခဲ့ရတယ်ဆိုတာ သူတို့ မသိဘူး။ သားသမီးတွေက မကြိုးစားပေမဲ့ ဒီသားသမီးတွေရဲ့ မိဘ ဘိုးဘွားက ဘယ်လောက်ထိအောင် ကြိုးစားပြီးတော့ ပစ္စည်းတွေ စုလာရတယ်၊ ဘယ်လောက်ထိအောင် နေ့မအိပ် ညမအိပ် ကြိုးစားခဲ့ရတယ်။ ဒါတွေ သူတို့မမြင်ဘူး၊ သားသမီးတွေ လက်ထက်ကျတော့ ကြိုးစားချင်မှလဲ ကြိုးစားမှာပေါ့လေ။ မကြိုးစားရင်လဲ အကုန်လုံး ပျက်စီးကုန်တာပါပဲ။ မြန်မာလူမျိုးတွေ ဆင်းရဲကုန်တာလဲ ဒါပါပဲ။ ရှေးက ဘိုးဘွား မိဘတွေက စုဆောင်းပြီးတော့ ကြိုးစားတာတွေကို သားသမီးတွေ လက်ထက်ကျ ဖြုန်းတီးပစ်လိုက်ကြတော့ အကုန်လုံး ဆင်းရဲကုန်ရော။ အဲဒါ ကံချည်းပဲ သွားအားကိုးလို့ပဲ။ ကံဆိုတာ စေတနာစေတသိက်ပဲ၊ စေတနာဆိုတာက စိတ်အားလုံးမှာ ယှဉ်တယ်။

ကောင်းတဲ့ အလုပ်မှာ ပညာပါတယ်၊ မကောင်းတဲ့ အလုပ်မှာ ပညာ မပါဘူး၊ ဒိဋ္ဌိပဲပါတယ်။ ဝီရိယက ပကိဏ်းစေတသိက်ဆိုတော့ ကုသိုလ်မှာလဲ ပါတယ်။ အကုသိုလ်မှာလဲ ဝီရိယရှိပါတယ်။ ဒါကြောင့်မို့လို့ ဝီရိယကို ဉာဏ်ကူပေးရမယ်တဲ့။ ကြိုးစားတာက ဉာဏ်နဲ့ ယှဉ်ပြီးတော့ ကြိုးစားမှုရှိမှ အတိတ်ကံတွေက ပေါ်လာတာကိုး။ အဲဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာက ကံသက်သက်ဝါဒ မဟုတ်ဘူး။ ကံ ဉာဏ် ဝီရိယ သုံးခုစလုံး စုံအောင် လုပ်ရမယ်ဆိုတဲ့ ဝါဒကို မန်လည်ဆရာတော်က ရေးထားခဲ့တာ။

အဲဒီတော့ ဝီရိယ စေတသိက်က အဓိပတိမှာတင် မကဘူး၊ စေတသိက် ထဲက ဗိုလ်ရွေးတဲ့အခါမှာလဲ သူက ခေါင်းဆောင် ဝီရိယဗိုလ်ဆိုပြီးတော့ ဗိုလ်ထဲမှာလဲ ပါတယ်။ အစိုးရဖွဲ့တဲ့အခါမှာလဲ ဝီရိယိန္ဒြေဆိုပြီးတော့ ဣန္ဒြေ မှာလဲ ပါတယ်။ တစ်ခါ မဂ္ဂင်ရှစ်ပါးကျတော့လဲ သမ္မာဝါယာမ မဂ္ဂင်ဆိုပြီး ပါတာပဲ။ ဝီရိယကို ဝါယာမလို့လဲ ခေါ်တယ်။ ဒါကြောင့်မို့လို့ ရှေးလူကြီးတွေက "ဝါယာမ စိုက်ထုတ်ပြီးတော့လုပ်ပါ"လို့ ပြောကြတယ်။ ဝီရိယသမ္ဗောဇ္ဈင်ဆိုပြီး သစ္စာလေးပါးတရားကို သိအောင် ကြိုးစားတဲ့ ဗောဇ္ဈင် တရားထဲမှာလဲ ဝီရိယက ပါတာပဲ။

ဒါကြောင့်မို့ အခုခေတ် လောကရေးရာမှာလဲ "လုပ်အားတန်ဖိုး ချစ်မြတ်နိုးပါ၊ အလုပ်ကို တန်ဖိုးထားပါ၊ လုံ့လဝီရိယကို တန်ဖိုးထားပါ၊ လူဆိုတာ လုံ့လဝီရိယ ရှိရမယ်၊ လုံ့လဝီရိယဟာ လူရဲ့ တန်ဖိုးပဲ" ဆိုပြီး ဝီရိယကိုပဲ သွန်သင်နေကြတာပဲ မဟုတ်လား။ ဝီရိယစေတသိက်ဟာ အဓိပတိလေးပါးထဲ ကျတော့လဲ ဝီရိယာ ဓိပတိ၊ ဗိုလ်ငါးပါးကျတော့လဲ ဝီရိယဗိုလ်၊ ဣန္ဒြေကျတော့လဲ ဝီရိယိန္ဒြေ၊ မဂ္ဂင်ရှစ်ပါးကျတော့လဲ သမ္မာဝါယာမ မဂ္ဂင်၊ ဗောဇ္ဈင် ခုနစ်ပါးကျတော့လဲ ဝီရိယသမ္ဗောဇ္ဈင်ဆိုပြီး ဝီရိယမပါတဲ့ နေရာကို မရှိဘူး။

## မင်းကုသနှင့် ဝီရိယာဓိပတိ

အဓိပတိကျတော့ ကောင်းတဲ့နေရာမှာလဲ ဝီရိယာဓိပတိတပ်တယ်၊ မကောင်းတဲ့နေရာမှာလဲ ဝီရိယာဓိပတိတပ်တယ်။ မကောင်းတဲ့နေရာမှာ အဓိပတိတပ်တာ ဘုရားအလောင်း ကုသဇာတ်ပါပဲ။

ရှင်ဘုရင်ဘဝက ထီးနန်းစည်းစိမ်ကို စွန့်ပြီး နောက်ဖေးချောင်မှာ ပန်းကန်တို့ ခွက်တို့ဆေးတဲ့ အလုပ်ကို လုပ်နေတာ မင်းကုသပဲ။ ပဘာဝတီ လိုချင်တဲ့အတွက် ထီးနန်းစွန့်ရဲ့ မကဘူး။ ပဘာဝတီတို့အိမ်မှာ အခိုင်းအစေနဲ့ ပေါင်းပြီး မီးဖိုချောင်ထဲမှာ ပဘာဝတီကို မြင်ရုံတင်လေးမြင်ရရင် တော်ပြီ ဆိုပြီး ပန်းကန်ခွက်ဆေးတဲ့ ဘဝထိအောင် မကောင်းတဲ့နေရာမှာ ဝီရိယာဓိပတိ တပ်တာ၊ ကုသဇာတ်ဆိုတာ ရှေးက လူကြီးတွေကတော့ ကြားဖူးကြပါတယ်။ ဒီဇာတ်တော်ကို ပွဲတွေ ဘာတွေမှာ ပြတာကိုး။ အခုခေတ်ကလေးတွေကတော့ ကုသဇာတ်ကို မသိတော့ဘူး။ အဲဒီလို မကောင်းတဲ့နေရာမှာလဲ နန်းစည်းစိမ်ကို စွန့်ပြီးတော့ မိန်းကလေးတစ်ယောက်ကို မြင်ဖို့ရာအတွက် ကြိုးစားတာ၊ ရဖို့ရန် မဟုတ်ဘူးနော်၊ သူစိတ်ကူးတာက ထီးနန်းစည်းစိမ်ကိုစွန့်ပြီး ပဘာဝတီအိမ်မှာ သွားပြီးတော့ ပန်းကန်တို့ ခွက်တို့ ဆေးနေရရင် ကျေနပ်တယ်။ တစ်ခါ တလေတော့ လှမ်းမြင်ရမှာပေါ့၊ အဲသလောက်ကလေး မြင်ရဖို့ဟာ ဒီလောက် ထိအောင် ကြိုးစားတာ။ ဝီရိယာဓိပတိဆိုတာ မကောင်းတဲ့ နေရာမှာလဲ ဝီရိယက အဓိပတိတပ်တယ်။ ဒါကြောင့်မို့လို့ ကုသိုလ် အကုသိုလ် ရောပြွမ်းယှဉ်တဲ့ စေတသိက်ထဲမှာ ဝီရိယက ပါတယ်။

ရှေးပညာရှိတွေက ဝီရိယပါရမီ၊ ဝီရိယာဓိပတိ၊ ဝီရိယဗိုလ်၊ ဝီရိယိန္ဒြေ၊ သမ္မာဝါယာမမဂ္ဂင်၊ ဝီရိယသမ္ဗောဇ္ဈင်ဆိုပြီး ဝီရိယအမျိုးမျိုး ခွဲထားကြတယ်။ အဲဒီတော့ ပိဋကတ်သုံးပုံမှာ ဝီရိယစေတသိက်တစ်လုံးထဲနဲ့ ဘယ်လောက် ထိအောင် တန်ဖိုးကြီးတယ်ဆိုတာ သိနိုင်တယ်။ ကုသိုလ်ဘက်မှာလဲ ဝီရိယ

မပါရင် မဖြစ်ဘူး။ လောကီရေးရာမှာလဲ ဝီရိယမပါရင် ဘာမှ မဖြစ်ဘူး။ အခု ကမ္ဘာပေါ်မှာ အဆောက်အအုံကြီးတွေ၊ စက်မှုလက်မှုတွေ မြင်တွေ့နေရတဲ့ အရာဝတ္ထုမှန်သမျှ အားလုံးဟာ ဝီရိယစေတသိက်ကြောင့် ဖြစ်နေကြတာပဲ မဟုတ်လား။

ဘာသာရေးနဲ့ ကြည့်မယ်ဆိုလို့ရှိရင် မဂ်ဖိုလ် ရသွားတယ်၊ တရား ရသွားတယ်၊ ဈာန်ရသွားတယ်ဆိုတာဟာ ဝီရိယမပါဘဲ မရဘူး၊ ဝီရိယဟာ လောကီရေးမှာရော လောကုတ္တရာရေးမှာပါ အင်မတန် တန်ဖိုးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဘုရားကလဲ ဝီရိယနဲ့ စပ်ဆိုင်တဲ့ သုတ်ပေါင်းများစွာ ဟောခဲ့ တယ်၊ ဝီရိယစေတသိက်ကို လျှော့ပြောနေရင် မကုန်ဘူး၊ အဲဒီတော့ ဝီရိယကတော့ ဒီမျှနဲ့ပဲ တော်ကြပါစို့။

**ပီတိစေတသိက်**

ပီတိကို တချို့တလေကတော့ နှစ်သက်မှုလို့ ပြန်တယ်၊ နှစ်သိမ့်မှုဆိုတာက ပိုကောင်းတယ်။ နှစ်သိမ့်တယ်၊ ကျေနပ်တယ်၊ ပီတိဖြစ်တယ်ဆိုတာ မြန်မာစကားမှာလဲ သုံးတော့သုံးနေတာပဲ။ အလှူလှူတဲ့အခါမှာ ဝမ်းသာတာက တစ်မျိုး၊ ပီတိဖြစ်တာက တစ်မျိုးပဲ။ ဝမ်းသာတာက သိသာတယ်၊ ပီတိဖြစ်တယ် ဆိုတာကတော့ သိပ်မသိသာဘူး။ ပီတိက တစ်ကိုယ်လုံးစိမ့်ပြီးတော့ စိတ်ထဲမှာ သိပ်ပြီးကျေနပ်တာ။ ကိုယ်လုပ်ချင်တဲ့ အလုပ်ကလေးတစ်ခု လုပ်နေရလို့ရှိရင်လဲ ဒီအလုပ်ထဲမှာ စိတ်ဝင်စားပြီး တစ်ကိုယ်လုံးအေးမြပြီး စိမ့်ပြီးတော့ စိတ်ထဲမှာ ချမ်းသာနေတယ်။ ဒါကြောင့်မို့လို့ ပီတိနဲ့ ဝမ်းမြောက်တာနဲ့ မတူဘူး။

ဥပမာတစ်ခုပြောပြမယ်၊ စာမေးပွဲအောင်လို့ ဝမ်းမြောက်တာက ပထမဆုံး ဝမ်းမြောက်လိုက်တာပဲ။ စိတ်ကူးပြီးတော့ စာမေးပွဲအောင်ရင် ဘာတွေ ဖြစ်မှာပဲ၊ ဘာတွေ လုပ်လိုက်မယ်ဆိုပြီး စိတ်ထဲမှာ သူ့ဟာသူ စိတ်ကူးနဲ့ ကျေနပ်နေတာ ပီတိပဲ။ ဒါပီတိဖြစ်တာ၊ ဒီပီတိမျိုးက ဘာပီတိလဲဆိုတော့ ပီတိက ငါးမျိုးတောင်

ရှိတယ်။ ငါးမျိုးထဲမှာ ''ဖရဏာပီတိ''လို့ ခေါ်တယ်။ ဖရဏာဆိုတာက တစ်ကိုယ်လုံး ပျံ့နှံ့ပြီးတော့ သွားတယ်။ ဒါကြောင့်မို့လို့ ''ဖရဏာပီတိ ဝမ်းဆီထိပမာ''လို့ ရှေးက ကဗျာတွေ စပ်ကြတယ်။ ဖရဏာပီတိ ဝမ်းဆီထိ ပမာဆိုတော့ အဓိပ္ပာယ်လဲ ကိုက်တယ်၊ ကာရန်လဲ ကိုက်တယ်၊ ဝမ်းထဲမှာ ဆီထဲ့လို့ရှိရင် ဘယ်လိုနေသတုံး၊ ဝမ်းရှိသမျှ အကုန်လုံး နှံ့ပြီးတော့ သွားတာပဲ။ အဲဒီတော့ ခန္ဓာကိုယ်ထဲမှာ ပီတိဖြစ်တယ်ဆိုလို့ရှိရင် ဖရဏာပီတိက အကုန် ပျံ့နှံ့ပြီးတော့ နေတယ်၊ ပီတိက ပကိဏ်းစေတသိက်ဆိုတော့ အကုသိုလ်မှာလဲ ဖြစ်တယ်။ ကုသိုလ်မှာလဲ ဖြစ်တယ်။

## ပီတိဖြစ်နေရင် ထမင်းမစားဘူး

ဒါကြောင့်မို့လို့ ကိုယ်တွေ့ချင်တဲ့လူနဲ့ တွေ့ပြီးတော့ စကားပြောရလို့ရှိရင် ဘယ်လောက်ကြာအောင် ပြောနိုင်သတုံး၊ မနက်ကစပြီး ထမင်းမစားဘဲနဲ့ ပြောနိုင်တယ်။ ကိုယ်က အင်မတန်ခင်တဲ့ လူတစ်ယောက်နဲ့ ထိုင်ပြီး စကားပြော ရလို့ရှိရင် လေးငါးနာရီ ကြာချင်ကြာ ပြောနိုင်တယ်မဟုတ်လား။ ပြောနိုင်တယ်။ ပြောနေရတာကိုက ပီတိဖြစ်နေတာ။ ပီတိဖြစ်နေတော့ ထမင်းဆာရဲ့လား၊ ထမင်းလဲ မဆာဘူး။ သူနဲ့ တွေ့ရတာ ပြောနေရတာကိုက ပီတိဖြစ်နေတာ။ အဲဒါ ဖရဏာပီတိခေါ်တယ်။ ဗြဟ္မာကြီးတွေကျတော့ ပီတိပဲ အစာရှိတယ်။ ထမင်းတွေ ဘာတွေ စားတာ မဟုတ်ဘူး။ သူတို့က ပီတိနဲ့ ဝ–နေတာပဲ။

ဒီလိုပဲ အကုသိုလ်ဘက်မှာလဲ ကိုယ်လုပ်ချင်တဲ့ အလုပ်တစ်ခုကို လုပ်နေရတဲ့အခါမှာ ပီတိပါနေလို့ရှိရင် ထမင်းလဲ မဆာဘူး။ ဒါ အကုသိုလ် ဘက်မှာပေါ့။ ကုသိုလ်ဘက်ကျတော့ တချို့ ပရိသတ်တွေကို ကျွေးတယ်၊ မွေးတယ်၊ ချက်ပြုတ်တယ်။ သူဘာမှ မစားဘူး၊ ပရိသတ်တွေသာ ကျွေးနေကာပဲ၊ သူဆာလဲ မဆာဘူး၊ စားလဲ မစားချင်ဘူး၊ ပီတိဖြစ်နေတာကိုး။ ကိုယ်ကျွေးချင်တဲ့ လူတွေနဲ့ သံဃာတွေ ကျွေးနေရတော့ ဘူ့မှာ ပီတိဖြစ်နေတာ။ ပီတိဖြစ်နေတဲ့

အခါကျတော့ သူမဆာဘူး။ ဒီပြင်လူတွေ စားတာသာ ပီတိဖြစ်နေတယ်။ အဲဒီတော့ ဖရဏာပီတိဆိုတာက ကောင်းတဲ့ဘက်မှာလဲ ဖြစ်တယ်၊ မကောင်းတဲ့ ဘက်မှာလဲ ဖြစ်တယ်၊ ဒါက ရိုးရိုးကုသိုလ် အကုသိုလ် ပီတိမျိုးကို ပြောတာ။

တစ်ခါ ဈာန်ကိုရအောင် အားထုတ်မယ်ဆိုပြီး ထွက်သက်ဝင်သက်-အာနာပါနကို ရှုမှတ်နေတဲ့အခါမှာ ပဌမ ဝိတက်က အာရုံပေါ် ရောက်အောင် တင်ပေးဘယ်။ တင်ပေးတာက ဝိတက်အလုပ်၊ အာနာပါန ထွက်သက် ဝင်သက် ပေါ်မှာ ကိုယ့်စိတ် ရောက်လာပြီဆိုလို့ရှိရင် ဝိတက်မလိုတော့ဘူး။ ဝိစာရက သုံးသပ်နေပြီ။ ဝိစာရကျတော့ ပဌမဈာန်မဟုတ်တော့ဘူး၊ ဒုတိယဈာန်ရောက် သွားပြီ။ ဒုတိယဈာန်ဆိုတာက ဝိတက်မရှိတော့ဘူး။ ဒီစိတ်က မပြေးတော့ဘဲကိုး။ မပြေးတော့ ဒီအာရုံကလေးကို သုံးသပ်နေတာက ဝိစာရက သုံးသပ်နေတာ၊ ထွက်သက်ဝင်သက်ကလေး ရှိတယ်လို့ မှတ်နေတာက ဝိစာရပဲ။ ဝိစာရက မှတ်နေတဲ့အခါကျတော့ အာရုံကလေးကို သူက သိပ်ပြီးတော့ ကျေနပ်လာတယ်။ အာရုံကလေးကို သိပ်ပြီးတော့ ကျေနပ်လာတဲ့အခါကျတော့ ဝိစာရက သုံးသပ်စရာမလိုတော့ဘူး၊ သူက ပီတိဖြစ်လာတယ်။ ဝိစာရ မရှိပြန်တော့ဘူး။ အခုန ဝိစာရက သုံးသပ်နေရသေးတယ်၊ အခု ဒီအာရုံလေးကို သိပ်ပြီးတော့ နှစ်သက်လာတယ်၊ သိပ်ပြီးတော့ ကျေနပ်လာတယ်ဆိုတော့ သူ့ကို သုံးသပ်စရာလဲ မလိုတော့ဘူး၊ အဲဒီမှာ ပီတိဖြစ်လာတယ်။

ဒါကြောင့်မို့လို့ တတိယဈာန်ကျတော့ ဝိတက် ဝိစာရ မရှိတော့ဘူး၊ တတိယဈာန် ပီတိကျတော့ စိတ်ထဲမှာ သိပ်ပြီးတော့ ကျေနပ်လာတယ်။ ဒီအလုပ်ကို ထိုင်ပြီး လုပ်နေရလို့ရှိရင် ထွက်သက် ဝင်သက်ကို မှတ်နေရလို့ရှိရင် ၂-နာရီလဲ မှတ်နိုင်တယ်၊ ၃-နာရီလဲ မှတ်နိုင်တယ်၊ ၄-နာရီလဲ မှတ်နိုင်တယ်။ သူက ဒီအလုပ်မှာ မပျင်းတော့ဘူး၊ အခုန ထိုင်စကားပြောရသလိုပဲ၊ ဒီအာရုံကို သူက သိပ်ပြီးတော့ သဘောကျတယ်၊ သိပ်ကျေနပ်တယ်၊ ပီတိဖြစ်နေတယ်။ ပီတိဖြစ်လာပြီဆိုရင် တရားထိုင်တဲ့ လူတွေဟာ မထိုင်ပဲ မနေနိုင်တော့ဘူး။

ဒီအာရုံလေးနဲ့ နေရတာကိုပဲ သူ့မှာ သိပ်ပြီးတော့ ကျေနပ်နေတာ။ အဲဒီလိုဆိုရင် တတိယဈာန် ရောက်သွားပြီ။ ဒီပီတိဟာ ဈာန်အင်္ဂါ ငါးပါးထဲမှာ တစ်ခု ပါဝင်တယ်၊ ပီတိကတော့ ဒါလောက်နဲ့ပဲ တော်ကြပါစို့။

## ဆန္ဒစေတသိက်

ဒီဆန္ဒကလဲ အတော် ပြဿနာရှုပ်တယ်။ ဆန္ဒက မြန်မာစကားထဲမှာ ရောက်နေတာကိုး။ တချို့တလေ အခုခေတ် စာရေးကြတယ်၊ ကျနော် ဆန္ဒပြု လိုက်ပါတယ်တဲ့၊ ဘာမှန်းလဲ မသိဘူး၊ သူတို့က ဆန္ဒပြုလိုက်ပါတယ်လို့ သုံးတယ်၊ တစ်ခါ မဲဆန္ဒပေးတယ်ဆိုတော့ မဲပေးတာက ကိုယ်ကြိုက်တဲ့ လူတွေထဲကို မဲထည့်တာပဲ။ မဲဆန္ဒကောက်နေတယ်၊ ဆန္ဒက အဲဒီမှာလဲ သုံးနေကြတယ်။ ရှေးက အဘိဓမ္မာဆရာတွေက ဆန္ဒကို "လိုလားမှု၊ လိုချင်မှု"ဆိုပြီး ဘာသာပြန်ကြတယ်။

"လိုလားမှု၊ လိုချင်မှု"လို့ ဘာသာပြန်တဲ့အခါကျတော့ လောဘနဲ့ ရောပြီး သွားတယ်။ လောဘဟာ အကုသိုလ်စေတသိက် သက်သက်ပဲ။ ဆန္ဒက အကုသိုလ်မှာလဲ ယှဉ်တယ်။ ကုသိုလ်မှာလဲ ယှဉ်တယ်။ အဲဒီတော့ လိုချင်တာနဲ့ လိုလားတာ မြန်မာစကားမှာ သိပ်မကွဲဘူး၊ ဆန္ဒပြုတယ်ဆိုတဲ့ ဆန္ဒက တောင့်တမှု မဟုတ်ဘူး။ တစ်ခုခုကို တောင့်တနေတာဟာ ပတ္ထနာလို့ ခေါ်တယ်၊ ဆုတောင်း ပတ္ထနာလို့ ခေါ်တယ်။ တောင့်တမှုဟာလဲ တကယ်တော့ လောဘပဲ။ တစ်ခုခုကို လိုချင်နေကယ်ဆိုလို့ရှိရင် အဲဒီ လိုချင်တဲ့ ဝတ္ထုပစ္စည်းလေး ရအောင် တောင့်တ–နေတာဟာ လောဘပဲ။ ဆန္ဒဟာ မြန်မာလို ပြောမယ်ဆိုရင် လိုချင်တာပါပဲ။ လောဘနဲ့ ထူးအောင် ပြောချင်ပြော လိုလားမှုဆိုတာလဲ လိုချင်တာပါပဲ။

ဥပမာတစ်ခု–ဆန္ဒက ကုသိုလ် မလိုချင်ဘူးလား၊ လိုချင်တာပဲ။ ကုသိုလ် လိုချင်တယ်ဆိုရင် ဒါ လောဘလို့ ပြောမလား၊ ဆန္ဒလို့ပဲ ပြောမယ်။ ဆန္ဒကို

လောဘနဲ့ ကွဲအောင်ကတော့ ကုသိုလ် လိုချင်တယ်ဆိုတာ ဆန္ဒပဲ။ အဲဒီတော့ ဒါနပြုချင်တယ်၊ သီလဆောက်တည်ချင်တယ်၊ တရားအားထုတ်ချင်တယ်ဆိုတဲ့ အဲဒီ လိုချင်မှုတွေဟာလဲ လောဘ မဟုတ်ဘူး။

ပစ္စည်းလိုချင်တယ်၊ ငွေလိုချင်တယ်၊ ကားလိုချင်တယ်၊ ဒီလို ကိုယ့်အတွက် လိုချင်တဲ့အခါကျတော့ လောဘလို့ ခေါ်ရတယ်။ ဥပမာ–ပစ္စည်းရှာတယ်ဆိုပါစို့။ လောဘနဲ့ ပစ္စည်းရှာတာနဲ့ ဆန္ဒနဲ့ ပစ္စည်းရှာတာ မတူဘူး။ လူတစ်ယောက် ငွေတစ်သိန်း လိုချင်တယ်။ ဒီငွေတစ်သိန်း ရအောင် ရှာနေတယ်။ အဲဒီ ငွေတစ်သိန်း လိုချင်တာ ဘာဖြစ်လို့ လိုချင်တာတုံးဆိုတော့ လှူချင်လို့ ဖြစ်တယ်။ ငွေလိုချင်တိုင်းလဲ လောဘ မဟုတ်ဘူးနော်၊ အဲဒီလို လှူချင်လို့ ငွေတစ်သိန်း လိုချင်တဲ့ အခါကျတော့ ဒါ ဆန္ဒလို့ ခေါ်တယ်။ သူသုံးစွဲဖို့ သူ့အတွက် လိုချင်တာ မဟုတ်ဘူး။ သူပစ္စည်းရှာနေတာဟာ လှူဖို့လို့ သူရှာတာပဲ၊ အဲဒီကျတော့ လိုချင်တာတော့ လိုချင်တာပဲ၊ လိုချင်တာပေမဲ့ လောဘလို့ မခေါ်ဘူး။ ဆန္ဒလို့ ခေါ်တယ်တဲ့။

အဘိဓမ္မာမှာ မြားသမားနဲ့ ဥပမာပေးကြတယ်။ ဒီဥပမာက သိပ်မရှင်းဘူး။ ဒီမြားသမားဟာ ပစ်ဖို့လို့ မြားကို မလိုချင်ဘူးလား၊ မြားတွေများများ လိုချင်တာပေါ့၊ လိုချင်တာက ဘာလုပ်ဖို့ လိုချင်တာတုံးဆိုရင် ပစ်ခတ်ဖို့ပဲ။ သူ ဒီမြားတွေကို စားဖို့လဲ မဟုတ်ဘူး။ ပစ်ခတ်လိုက်ဖို့ သူက လိုချင်တာ။ ဆန္ဒ လိုချင်မှုမျိုးက အဲဒီလို လိုချင်မှုမျိုးတဲ့။ သူ ပစ္စည်းဥစ္စာတွေ ရှာဖွေနေတာက သူစားဖို့ သူကောင်းဖို့ သူကြွားဖို့ ဝါဖို့ ဒီလို မဟုတ်ဘူး။ အလှူ လှူဖို့လို့ လိုချင်တာ၊ အဲဒီလို လှူချင်တဲ့ အခါကျတော့ ဆန္ဒပဲ။ ကိုယ်သုံးဖို့ စွဲဖို့ ကိုယ့်အတွက် လိုချင်တာကတော့ လောဘတဲ့။ အဲဒီလို ဆန္ဒနဲ့ လောဘကို ဥပမာပြောကြတယ်။

## ဆန္ဒနှင့် လောဘ ဘယ်သူ အားကောင်းသလဲ

တချို့တလေ အဘိဓမ္မာဆရာတွေကတော့ ဘယ်လိုထိအောင် ပြောလဲ ဆိုရင် ဆန္ဒက လိုချင်ကာမျှပဲတဲ့။ လောဘက သိပ်ပြီးတော့ လိုချင်တာတဲ့။ အဲဒါကတော့ ဟုတ်ကို မဟုတ်ဘူး။ ဆန္ဒဆိုတာ လိုချင်ကာမျှမဟုတ်ဘူး၊ ဆန္ဒက လောဘထက် ကြီးကျယ်တယ်။ ဆန္ဒက ဘယ်လောက် ကြီးကျယ်တဲ့ စေတသိက်လဲဆိုတော့ အဓိပတိတရားလေးပါးထဲမှာ ဆန္ဒက ပါတယ်။ လောဘက အဓိပတိထဲမှာ ပါရဲ့လား၊ အဓိပတိထဲမှာ လောဘမပါဘူး။ လောဘက ဆန္ဒလောက် အားမကောင်းဘူး၊ ဆန္ဒက ကုသိုလ်မှာလဲယှဉ်တယ်။ အကုသိုလ်မှာလဲ ယှဉ်တယ်။ ကုသိုလ်မှာယှဉ်တဲ့ ဆန္ဒက သိပ်အားကောင်း တယ်။

## ဘုရားဖြစ်ချင်တာ လောဘလား

ဥပမာတစ်ခု–ဘုရားလောင်းများဟာ ဘုရားဖြစ်ချင်တာက လောဘလား၊ ဆန္ဒလားဆိုရင် ဘုရားဖြစ်ချင်တာ ဆန္ဒပဲ။ ဘုရားဖြစ်ချင်တဲ့ဆန္ဒ သိပ်ပြင်းပြတဲ့ အခါကျတော့ သူ့သွေးတွေလဲ ဖောက်လှူတာပဲ။ မျက်လုံးတွေကော ဖောက်လှူ တာပဲ၊ သားမယားတွေကော အကုန်လုံး လှူတာပဲ။ ပစ္စည်းဥစ္စာကတော့ မပြောနဲ့တော့။ ဘုရားအလောင်းဘဝမှာ လှူခဲ့တဲ့ပစ္စည်းဥစ္စာကတော့ ရှင်ဘုရင် ဖြစ်လို့ ရှိရင်လဲ တစ်တိုင်းပြည်လုံး စွန့်ပစ်လိုက်တာပဲ။ သားတွေ မယားတွေလဲ အကုန်လုံး စွန့်ပစ်လိုက်တာပဲ။ အဲဒီလောက်ကို စွန့်ပြီး ဘယ်အတွက် လှူတာတုံးဆိုတော့ ဘုရားဖြစ်ချင်တဲ့ ဆန္ဒကြောင့် လှူတာပဲ။ ဘုရားသာဖြစ်မယ် ဆိုရင် မီးပုံထဲ ခုန်ချဆိုလို့ရှိရင်လဲ ခုန်ချတာပဲ။ အဲဒီဆန္ဒဟာ အဓိပတိတပ်တယ်။ ဆန္ဒာဓိပတိတပ်တဲ့လူဟာ သူဖြစ်ချင်တာ ဖြစ်ကိုဖြစ်ရမယ်၊ ဒီဘဝ မဖြစ်ရင် နောက်တစ်ဘဝ၊ တစ်ဘဝ ဘဝမှာတော့ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ဆန္ဒရှိတယ်။

အဲဒီတော့ ဝီရိယဆိုတာကလဲ အဓိပတိတပ်တယ်၊ သူတို့က ပြိုင်တော့ မတပ်ဘူး။ ဒါကြောင့်မို့ အဓိပတိကလဲ အဓိပတိလေးပါးထဲက ဝီရိယာဓိပတိ ဖြစ်နေတဲ့အခါမှာ ဆန္ဒက နောက်လိုက်ပဲ။ ဆန္ဒက ခေါင်းဆောင် ဖြစ်နေတဲ့ အခါမှာ ဝီရိယက နောက်လိုက်ပဲ။ အဓိပတိက ပြိုင်လို့ မဖြစ်ဘူး။ ဆန္ဒ အဓိပတိတပ်နေတဲ့ အခါကျတော့ သူ့မှာ ဘာဖြစ်ဖြစ် မဖြစ်ရဘူးဆိုတာ မရှိဘူး။ မြန်မာပြည်က လူတွေကို လူတိုင်းလူတိုင်း အကုန်လုံး ချမ်းသာစေရမယ် ဆိုရင်လဲ သူက ဖြစ်နိုင်တယ်။ သူဖြစ်အောင် လုပ်မယ်။ နောက်ပိတ်ဆုံး သူ့အသက်ကို လှူလို့ ချမ်းသာမယ်ဆိုရင် သူ့အသက်ကို အသေခံလိုက်မယ်။ သူ့သားတွေ မယားတွေ အကုန်လုံး စွန့်လိုက်ဆိုရင်လဲ သူအကုန်စွန့်လိုက်မယ်။ မြန်မာ ပြည်သူပြည်သားတွေ ချမ်းသာမယ်ဆိုရင် သူ့ဆန္ဒက အကုန်လုံး သူလုပ်နိုင်တယ်။

အဲဒါကြောင့်မို့လို့ ဆန္ဒက လိုချင်တယ်၊ လိုချင်တယ်ဆိုတာဟာ သူ့အတွက် မဟုတ်ဘူး။ မြန်မာပြည်သူပြည်သားတွေကို ချမ်းသာစေချင်တယ်၊ ဒီတိုင်း ပြည်ကြီးကို ချမ်းသာစေချင်တယ်၊ ဒီလို ချမ်းသာစေချင်တာဟာ ဆန္ဒပဲ၊ လောဘ မဟုတ်ဘူး။ သူ ပစ္စည်းတွေ ရှာတယ်။ ပစ္စည်းကို ဆယ်သိန်း၊ သိန်းတစ်ရာ၊ သိန်းတစ်ထောင်လဲ ရှာတယ်။ ဒီပစ္စည်းတွေ လိုချင်တာလဲ သူသုံးဖို့ မဟုတ်ဘူး၊ လူတွေအားလုံး ချမ်းသာဖို့ လူတွေအားလုံးကို ပေးဖို့လို့ ကမ်းဖို့လို့ လှူဖို့လို့။ ဒီလို လိုချင်တာဟာလဲ လောဘ မဟုတ်ဘူး၊ ဆန္ဒပဲ။

ဒါကြောင့်မို့လို့ လောဘနဲ့ ဆန္ဒ ဘယ်သူက အားကောင်းသလဲဆိုရင် ဆန္ဒက အားကောင်းတယ်။ ဆန္ဒက အဓိပတိတပ်တယ်၊ လောဘက အဓိပတိ မတပ်ဘူး။ ဒီတော့ ဆန္ဒက ကုသိုလ်မှာသာ အဓိပတိတပ်တာ မဟုတ်ဘူးနော်။ အကုသိုလ်မှာလဲ အဓိပတိတပ်တယ်။ အကုသိုလ်အဓိပတိတပ်တဲ့ လူကလဲ အကုသိုလ်ကို မဖြစ်ဖြစ်အောင် လုပ်တော့တာပဲ။ အဲဒီတော့ ပကိဏ်းစေတသိက် ခြောက်လုံးအနက် အဓိမောက္ခစေတသိက်တစ်လုံး ကျန်နေသေးတယ်၊ နောက်အခန်းတွေကျမှ ဆက်လေ့လာကြမယ်။

ပကိဏ်းစေတသိက်ခြောက်လုံးရှိတဲ့အနက် အခုဆန္ဒထိအောင် ရောက်နေပြီ။ ဆန္ဒစေတသိက်က အကုသိုလ်မှာလဲ ပါတယ်၊ ကုသိုလ်မှာလဲ ပါတယ်။ ကုသိုလ်မှာ ပါတဲ့အခါကျတော့ ဆန္ဒက ဆန္ဒာဓိပတိဆိုပြီး အဓိပတိတပ်တယ်။ အကုသိုလ်မှာ ပါတဲ့အခါကျတော့ အကုသိုလ်မှာလဲ ဆန္ဒာဓိပတိလို့ အဓိပတိ တပ်တာပဲ။ ဒါကြောင့်မို့လို့ စေတသိက်ထဲမှာ အဓိပတိတပ်တဲ့စေတသိက်က သိပ်များတာ မဟုတ်ဘူး။

ရှေးအဘိဓမ္မာဆရာတွေက ဆန္ဒနဲ့ လောဘ အထူးကို ရေးကြတာမှာ ဆန္ဒက လိုချင်ကာမတ္တပဲ။ လောဘက ပြင်းပြင်းထန်ထန် လိုချင်တယ်တဲ့။ အဲဒီလို ရေးကြ၊ ပြောကြတယ်။ အမှန်ကတော့ ဆန္ဒဟာ အဓိပတိတပ်တဲ့ စေတသိက်ပဲ၊ လောဘက အဓိပတိတပ်တဲ့ စေတသိက်မဟုတ်ဘူး။ အားကောင်းတယ်ဆိုရင် ရှေ့မှာတင်ပြခဲ့သလို ဆန္ဒက လောဘထက် အားကောင်းတာပဲ။ ကုသိုလ်လုပ်ငန်းမှာဆိုလို့ရှိရင်လဲ ဆန္ဒက အဓိပတိတပ်ရင် သူလုပ်ချင်တဲ့ ကုသိုလ်တွေ အကုန်လုံး လုပ်လို့ ဖြစ်တာပဲ။

အဓိပ္ပာယ်တစ်ခုနဲ့ ရှင်းပြမယ်။ ပညာရှိကြီး ဖြစ်ချင်တယ်ဆိုတာ ဆန္ဒပဲ၊ ပညာရှင်တစ်ယောက်ဖြစ်ချင်တဲ့ ဆန္ဒက အဓိပတိတပ်တဲ့ဆန္ဒရယ်၊ အဓိပတိမတပ်တဲ့ ဆန္ဒရယ် နှစ်မျိုးရှိတယ်။ တချို့တလေကတော့ ပညာရှင်ဖြစ်ချင်တာပဲ ရှိတယ်။ ပညာရှင်ဖြစ်ဖို့ရာ စာပေလိုက်စားမှုတို့ သင်ကြားမှုတို့ ပညာရှိကို ဆည်းကပ်မှုတို့ အင်မတန် လုံ့လဝီရိယနည်းတာပဲ။ ဒါအဓိပတိတပ်တဲ့ဆန္ဒ မဟုတ်ဘူး။ အဓိပတိတပ်တဲ့ ဆန္ဒဆိုလို့ရှိရင် ပညာရှင်ဖြစ်ဖို့အလုပ်ဆိုရင် ဘယ်အလုပ်မဆို ညလဲ သူလုပ်တာပဲ၊ နေ့လဲ သူလုပ်တာပဲ။ သူ့မှာ အားလပ်တဲ့ အချိန်ရယ်လို့ မရှိဘူး။ ပညာရှင်ဖြစ်ဖို့ဆိုရင် ဘယ်နေရာမဆို သူရောက်တာပဲ။ အဲဒါ အဓိပတိတပ်တဲ့ ဆန္ဒပဲ။ .

အဓိပ္ပာယ်တစ်ခု ထပ်ပြောအုံးမယ်။ သူဌေးဖြစ်ချင်တယ်ဆိုပါစို့၊ သူဌေး ဖြစ်ချင်တဲ့ဆန္ဒက သူဌေးဖြစ်ရာဖြစ်ကြောင်း ဘာမဆို အကုန်လုပ်တာပဲ၊ ဒါ

အဓိပတိတပ်တဲ့ ဆန္ဒပဲ။ အဓိပတိမတပ်တဲ့ ဆန္ဒကတော့ သာမည ဖြစ်ချင်တာပဲ ရှိတယ်။ အတူတူပဲ မင်းဖြစ်ချင်တဲ့ ဆန္ဒရှိတဲ့ ပုဂ္ဂိုလ်ဟာ အဓိပတိတပ် ဖြစ်တယ် ဆိုလို့ရှိရင် တစ်နေ့နေ့တော့ မင်းဖြစ်တာပဲ။ စစ်ဗိုလ်ချုပ်ကြီးဖြစ်ချင်တဲ့ ဆန္ဒ ရှိတဲ့ပုဂ္ဂိုလ်ဟာလဲ ဆန္ဒဟာ အဓိပတိတပ်လာလို့ရှိရင် တစ်နေ့နေ့တော့ စစ်ဗိုလ်ချုပ်ကြီးတက်ဖြစ်တာပဲ။ ဒါကြောင့်မို့လို့ ဆန္ဒဟာ အဓိပတိတပ်တဲ့ဆန္ဒ၊ အဓိပတိမတပ်တဲ့ ဆန္ဒလို့ နှစ်မျိုးရှိတယ်၊ လူတွေဟာ များသောအားဖြင့် ဖြစ်ချင် တဲ့ ဆန္ဒတော့ ရှိကြတာပဲ။ သို့ပေမဲ့ ဆန္ဒက အဓိပတိမတပ်ဘူး။ အဓိပတိ တပ်တဲ့ ဆန္ဒက လောဘထက် အားကောင်းတာပဲ။ လိုချင်ကာမတ္တမဟုတ်ဘူး။ အဓိပတိတပ်တဲ့ဆန္ဒဆိုတာ သူမှန်းထားတဲ့ပန်းတိုင် မရောက်မချင်း သူ့အသက် စွန့်ရမှာလဲ သိပ်ဝန်မလေးဘူး။ နောက်ပိတ်ဆုံး သမုဒ္ဒရာထဲက ရေတွေ ကုန်အောင် လုပ်ပစ်ဆိုလဲ ပက်ထုတ်ပစ်မှာပဲ။ မကုန်ဘူး၊ မဖြစ်နိုင်ဘူးဆိုတဲ့ စိတ်မျိုး သူ့မှာ ရှိကိုမရှိဘူး။ ဒါကြောင့်မို့လို့ အဓိပတိတပ်တဲ့ ဆန္ဒဟာ လောဘထက် အားကောင်းတယ်။

## အဓိမောက္ခစေတသိက်

အဓိမောက္ခစေတသိက်ကို “ဆုံးဖြတ်မှုဆိုပြီး” ဘာသာပြန်ကြတာပဲ။ အဓိမောက္ခစေတသိက်က ပကိဏ်းစေတသိက်ဆိုတော့ အကုသိုလ်မှာလဲ သူပါ တယ်။ ကုသိုလ်မှာလဲ သူပါတယ်။ ပြဿနာတစ်ခုကို မှန်တယ်၊ မှားတယ်လို့ ဆုံးဖြတ်တဲ့အခါ အဓိမောက္ခစေတသိက်က ဆုံးဖြတ်တာပဲ။ ကုသိုလ်မှာ ယှဉ်တဲ့ အခါကျတော့ အဓိမောက္ခက ဒီလောက်အားမကောင်းဘူး။ ကုသိုလ်မှာကျတော့ မှန်တယ် မှားတယ်ဆိုပြီး ဆုံးဖြတ်မှုမှာ သဒ္ဓါစေတသိက်က ရှိနေတာကိုး။ သဒ္ဓါစေတသိက်တုန်းက ရေးခဲ့ပြီးသားပဲ။ ဘုရားအစစ်၊ တရားစစ်၊ သံဃာစစ်ပဲလို့ ယုံကြည်တဲ့ သဒ္ဓါကို ကုသိုလ်မှာတော့ ရတာပေါ့။ ကုသိုလ်စေတသိက်မှာ သဒ္ဓါက ယှဉ်တာကိုး။ ဒါပေမဲ့ အကုသိုလ်စေတသိက်ကျတော့ ဘုရားစစ်

တရားစစ် သံဃာစစ် မဟုတ်ဘဲ ဘုရားမှန် တရားမှန် သံဃာမှန်လို့ ကြည်ညိုတာလဲ ရှိတာပဲ။ ဒါလဲ ယုံကြည်တာပဲ။

**အဓိမောက္ခစေတသိက်နှင့် ဘုရားအတု**

သဒ္ဓါနဲ့ပတ်သက်ပြီးတော့ ဘာသာတွေ အမျိုးမျိုးရှိတာပဲ၊ ဘာသာအမျိုးမျိုး ရှိပေမဲ့ ဘုရားက တစ်ဆူတည်းရှိတာပဲ၊ အမှန်တရားကတော့ တစ်ခုတည်းပဲရှိတာပဲ။ ဒီနေရာမှာ ဘယ်ဘာသာက မှန်တယ်၊ ဘယ်ဘုရားက မှားတယ်လို့ ပြောနေတာ မဟုတ်ဘူး။ ဘာသာ ဘယ်လောက်ပဲ များနေ များနေ အမှန်တရားဆိုတာ တစ်ခုတည်းပဲရှိတာပဲ။ တကယ့်ဘုရားအစစ်ဆိုတာလဲ တစ်ဆူတည်းပဲ ရှိတာပဲ။ ဘုရားအစစ် ဘုရားအမှန်၊ တရားစစ် တရားမှန်ႇ မဟုတ်တာကို ယုံကြည်တာကျတော့ သဒ္ဓါလို့မခေါ်ဘူး။ အဓိမောက္ခစေတသိက်လို့ ခေါ်တယ်။ ဒီမှာ အဓိမောက္ခက အသုံးကျတယ်။ နို့မို့ရင် ပြဿနာမရှင်းဘူး။ ဘာသာတွေ အမျိုးမျိုး ရှိတာပဲ။ ကိုယ့်ဘုရားတော့ ကိုယ်မှန်တယ်လို့ ယုံကြည်တာပဲ။ အဲဒီတော့ ဘုရားတိုင်း ယုံကြည်တာကို ဘာသာတိုင်း ယုံကြည်တာကို သဒ္ဓါစေတသိက်လားဆိုတော့ မဟုတ်ပါဘူး။ ဘုရားမှန်၊ တရားမှန်၊ သံဃာမှန်ကို ယုံကြည်မှ သဒ္ဓါ စေတသိက်လို့ ခေါ်ပါတယ်။

ဒါဖြင့် ဒီပြင် ဘုရားစစ်မဟုတ်၊ တရားစစ်မဟုတ်၊ သံဃာစစ်မဟုတ်တဲ့ ကိုယ့်ဘာသာကို ယုံကြည်တယ်၊ ကိုယ့်ဘုရားကို ယုံကြည်တယ်ဆိုလို့ရှိရင် ဘာစေတသိက်လို့ ပြောမလဲဆိုတော့ အဓိမောက္ခစေတသိက်တဲ့။ အဓိမောက္ခက ဆုံးဖြတ်တာပဲ။ အဓိမောက္ခက ဘုရားအစစ်ပဲလို့ ဆုံးဖြတ်တာပဲ။ အဲဒီလို ဘုရားအစစ် တရားအစစ် မဟုတ်တဲ့ နေရာတွေမှာ ဆုံးဖြတ်တဲ့အခါကျတော့ အဓိမောက္ခစေတသိက်ပါ။ အကုသိုလ်မှာလဲပါတော့ ဒီနေရာမှာ ရတယ်။ ဒါကြောင့် ဘုရားအစစ် တရားအစစ်မဟုတ်တဲ့ နေရာတွေ ယုံကြည်ရင် သဒ္ဓါ စေတသိက် မဖြစ်နိုင်ဘူး။

အဲဒီတော့ ပကိဏ်းစေတသိက်က ၆–လုံးရယ် နောက်ပြီး သဗ္ဗစိတ္တ သာဓာရဏ စေတသိက်ဆိုတဲ့ စိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်က ၇–လုံးရယ် နှစ်ခုပေါင်းတော့ ၁၃–လုံးပေါ့။ အဲဒီ ၁၃–လုံးကို ပါဠိလိုလဲ ခေါ်တတ်မှ ကောင်းတာ၊ ပါဠိလိုက အညသမာန်း စေတသိက်လို့ ခေါ်တယ်။ အဘိဓမ္မာကို မြန်မာလိုချည်းပဲ ဒီကျမ်းမှာရေးတာကိုး၊ အညသမာန်း စေတသိက်ကို နှစ်ဘက်ရ စေတသိက်ဆိုတော့ နှစ်ဘက်ရ စေတသိက် ၁၃–လုံးကို အညသမာန်း စေတသိက်လို့ ခေါ်တယ်လို့ မှတ်ပါ။ အညသမာန်းစေတသိက်လို့ အသံထွက် ဆိုကြည့်ပြီး မှတ်ထားပါ။

အညသမာနဆိုတဲ့ ပါဠိကို မြန်မာလို ပြန်ဖို့ဟာ တော်တော်ခက်တာပဲ၊ ပါဠိမှာလဲ အသုံးအနှုန်းက အင်မတန်နည်းတာပဲ။ ဒီကျမ်းမှာတော့ အညသမာန်း စေတသိက်ဆိုတာ နှစ်ဘက်ရ စေတသိက်ပဲ။ စိတ်အားလုံးမှာ ပါဝင်တဲ့ စေတသိက် ခုနစ်လုံးရယ်၊ စိတ်အချို့ အဝက်မှာ ယှဉ်တဲ့ ပကိဏ်းစေတသိက် ခြောက်လုံးရယ်၊ ဒီတစ်ဆယ့်သုံးလုံးဟာ ကုသိုလ်ဖြစ်တဲ့အခါမှာလဲ သူတို့ပါတယ်၊ အကုသိုလ်ဖြစ်တဲ့အခါမှာလဲ သူတို့ ပါတယ်။ ဒီ ၁၃–လုံးကို ကုသိုလ်နဲ့ယှဉ်တဲ့ အခါကျတော့ ကုသိုလ်စေတသိက်လို့ ခေါ်နိုင်တာပဲ။ အကုသိုလ်နဲ့ ယှဉ်တဲ့ အခါကျတော့ အကုသိုလ်စေတသိက်လို့ ခေါ်နိုင်တာပဲ၊ ဒါကြောင့်မို့လို့ သူတို့ကို နှစ်ဘက်ရစေတသိက်လို့ ခေါ်တယ်။

အဲဒီတော့ ဒီစေတသိက် ၅၂–လုံးထဲမှာ အကုသိုလ်စေတသိက်က "၁၄–လုံး"ရှိတယ်လို့ မှတ်ပါ၊ ကုသိုလ်စေတသိက်က "၂၅–လုံး" ရှိတယ်လို့ မှတ်ပါ၊ အညသမာန်းစေတသိက်က "၁၃–လုံး" ရှိတယ်လို့ မှတ်ပါ။ ပေါင်းလိုက်တော့ စေတသိက် ၅၂–လုံးပါပဲ။ ယခု စေတသိက် ၅၂–လုံးတော့ ကုန်သွားပြီ။

အဲဒီလို စေတသိက် ၅၂-လုံးရှိပေမဲ့ အဓိပတိထိုက်တဲ့ စေတသိက်က ၃-လုံးပဲ ရှိပါတယ်။ ဆန္ဒရယ် ဝီရိယရယ် ဝီမံသရယ်ပါပဲ၊ ဝီမံသဆိုတာက ပညာပဲ။ ပညာစေတသိက်ကို ဝီမံသလို့ ခေါ်တယ်။ အမောဟလို့လဲ ခေါ်တယ်။ အမောဟစေတသိက်ဆိုတာလဲ ပညာစေတသိက်ပါပဲ။ ဝီမံသစေတသိက်လို့လဲ ခေါ်လို့ရတယ်။ ဝီမံသဆိုတာ မြန်မာလို စူးစမ်းတဲ့ပညာပေါ့။ စူးစမ်းဆင်ခြင်တာကို ဝီမံသလို့ ခေါ်တယ်။ ပညာကတော့ ခွဲခြမ်းစိတ်ဖြာပြီး သိတဲ့ပညာပဲ။ ပါဠိကို ဝစ်ခုစီ ပြန်ရင် အဓိပ္ပာယ်က တစ်မျိုးစီရှိတယ်၊ ပညာကတော့ ပညာချည်းပဲ။ ဝီမံသ-က စူးစမ်းဆင်ခြင်ပြီး သိတယ်။ ပညာကတော့ ခွဲခြမ်းစိတ်ဖြာပြီး သိတယ်။ ဒီလို ဘာသာပြန်ကြတာပဲ။ အဲဒါကြောင့်မို့လို့ အဓိပတိထိုက်တဲ့ စေတသိက်က ဆန္ဒရယ်၊ ဝီရိယရယ်၊ ဝီမံသရယ် သုံးခုပဲ ရှိတယ်။ အကုသိုလ်စေတသိက်ထဲမှာ အဓိပတိထိုက်တဲ့စေတသိက် ပါရဲ့လား၊ မပါဘူးနော်။ ဆန္ဒရယ် ဝီရိယရယ်ဆိုတာက ပကိဏ်းစေတသိက်ထဲက ဖြစ်ပြီး စိတ်အချို့အဝက်မှာ ယှဉ်တဲ့ စေတသိက်ဖြစ်တယ်။

ကုသိုလ်စေတသိက် ၂၅-လုံးထဲမှာ အဓိပတိထိုက်တဲ့ စေတသိက်က ပညိန္ဒြေ စေတသိက်တစ်ခုပဲ ပါတယ်။ ဒါကြောင့် ပဋ္ဌာန်းကျတော့-

(၁) ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

(၂) ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

(၃) ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော-လို့ ဟောပါတယ်။

အဓိပတိဆိုတာ အမှန်က လေးပါးရှိတယ်။ လေးပါးပေမဲ့ စေတသိက်က သုံးလုံးပဲရှိတယ်။ စိတ်ကလဲ အဓိပတိ တပ်တယ်၊ ဘာပဲ လုပ်လုပ် စိတ်က

အဓိပတိတပ်တယ်။ ကုသိုလ်စိတ် အကုသိုလ်စိတ် ရှိတဲ့အထဲမှာ စိတ်ကလဲ စိတ်အကုန်လုံးတော့ မဟုတ်ဘူးပေါ့။ အဓိပတိတပ်တဲ့ ကုသိုလ်စိတ်လဲ ရှိတယ်၊ အဓိပတိတပ်တဲ့ အကုသိုလ်စိတ်လဲ ရှိတယ်။ အဲဒီတော့ စိတ်အဓိပတိတပ်တဲ့ အခါမှာ ဆန္ဒတို့ ဝီရိယတို့ ပညာတို့က နောက်လိုက်ဖြစ်ရတာပဲ။ ဆန္ဒ အဓိပတိ တပ်တဲ့အခါမှာလဲ ဒီပြင်တရားသုံးပါးက နောက်လိုက်ဖြစ်ရတာပဲ။ အဲဒါ ကြောင့်မို့လို့ အခုခေတ်မှာ တချို့တလေက ပြောကြပါတယ်။ မင်းဆန္ဒ စောလွန်းတယ်တဲ့၊ ဆန္ဒစောလွန်းတယ်ဆိုတာ ဆန္ဒ အဓိပတိတပ်နေတယ်၊ သူလုပ်ချင်တာတွေ အကုန်လျှောက်လုပ်တယ်။ အဲဒီတော့ ဆန္ဒဟာ အဓိပတိ တပ်တိုင်း ကောင်းသလားဆိုတော့ မကောင်းပါဘူး၊ ဆန္ဒသိပ်စောတော့ မလုပ်သင့်တာတွေ လုပ်မိတယ်၊ လုပ်တဲ့အခါ ပညာနောက်က မပါဘဲ အဲဒီဆန္ဒ အဓိပတိတပ်ရင် ပိုဆိုးသွားတာပဲ။

## ဆန္ဒစောတိုင်း ကောင်းသလား

ဒါကြောင့်မို့လို့ ဆန္ဒစောပြီးလုပ်လို့ မှားတတ်တယ်ဆိုတာက ဆန္ဒစောတိုင်း မှားတာ မဟုတ်ဘူး၊ ဝီမံသပညာမပါတဲ့ ဆန္ဒကသာ မှားတတ်ပါတယ်။ ဆန္ဒက ပညာနဲ့လဲ ပြိုင်တူ ဖြစ်တာပဲ။ အဲဒီတော့ သူ့အဖွဲ့ထဲမှာ ပညာပါလာမယ်ဆိုလို့ ရှိရင် ဆန္ဒစောပေမဲ့ ဒီအလုပ်တွေက မမှားဘူး။ ပညာမပါဘဲနဲ့ ဆန္ဒချည်းပဲ သက်သက် ဆိုလို့ရှိရင်သာ မှားချင် မှားကုန်မယ်။

ဒီလိုပဲ ဝီရိယလွန်တယ်ဆိုတာ သိပ်ကြိုးစားတယ်၊ အလုပ်တွေ သိပ်လုပ်တယ်၊ အဓိပတိတပ်ပြီးတော့ အလုပ်တွေ နင်းကန်လုပ်တယ်၊ နေ့မအိပ် ညမအိပ် လုပ်တယ်၊ အရင်အခန်းတွေက ရေးခဲ့သလိုပေါ့၊ စာမေးပွဲနီးခါမှ မနက်လဲကျက်၊ နေ့လဲကျက်၊ ညလဲကျက်၊ မစားနိုင် မသောက်နိုင် ဖုတ်ပူမီးတိုက် အတင်းအဓမ္မကျက်ပြီး စာမေးပွဲဖြေတော့ ရောကုန်ရော။ အဲဒီ ဝီရိယမျိုးက

ပညာနဲ့ မယှဉ်တဲ့ ဝီရိယဖြစ်ပါတယ်၊ ကြိုးစားပေမဲ့ ကြိုးစားတဲ့ ဝီရိယအကျိုး မခံစားရတဲ့အပြင် အပြစ်ဖြစ်သွားတယ်။

ဒါကြောင့်မို့ ဘယ်အလုပ်ဖြစ်ဖြစ် ဝီရိယကောင်းတယ်၊ ဇွဲကောင်းတယ် ဆိုတာက မှန်မှန် လုပ်တာ။ မှန်မှန်ဆိုတာက ဘယ်လောက် မှန်ရမှာတုံး၊ တစ်သက်လုံးကို မှန်ရမှာ။ ဒါမှ ဝီရိယကောင်းတယ်ခေါ်တယ်။ ၂–နှစ်၊ ၃–နှစ်တော့ ဒီလူ ကြိုးစားတယ်၊ နောက်ကျ မကြိုးစားဘူးဆိုရင် ပျက်စီးသွားတာပဲ။ ဘယ်လုပ်ငန်းမဆို ရေရှည်ကြာရှည် ကျန်းမာရေးလဲ မထိခိုက်စေဘဲ မှန်မှန် ကြိုးစားတဲ့လူကို ဝီရိယာဓိပတိတပ်တဲ့ လူလို့ ခေါ်တယ်။

ဒါကြောင့်မို့ ပညာနဲ့ယှဉ်တဲ့ဝီရိယ အဓိပတိတပ်ရင် အကုန်လုံး အောင်မြင်တာပဲ၊ ပညာမပါဘဲနဲ့ ကြိုးစားတဲ့ ဝီရိယမျိုးကတော့ ဝီရိယလွန်ကဲရင် ပိုဆိုးသွားတာပေါ့။ ဒါကြောင့်မို့လို့ လုပ်တော့ လုပ်ပါတယ်၊ လုပ်တိုင်းမဖြစ်ဘူးဆိုရင် ပညာနဲ့ မယှဉ်လို့ပဲ။ ကြိုးစားတိုင်း မဖြစ်ဘူးဆိုတာက ပညာမပါလို့ပဲ။ ပညာပါတဲ့ ကြိုးစားမှုမျိုးကို အဓိပ္ပာယ်ပေါ်အောင် ပြောရရင် ပညာဆိုတာက အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုလို့ရှိရင် ကိုယ့်ထက် နားလည်တဲ့ လူတွေ ပြောတာ၊ ဆိုတာ၊ ဆုံးမတာကို လိုက်နာတာဟာ ပညာနဲ့ ယှဉ်တာပဲ။ ပြီးတော့ စာကျက်တယ်ဆိုရင် ဘယ်လို ကျက်ရတယ်၊ စီးပွားရှာတယ်ဆိုရင် ဘယ်လို ရှာရတယ်၊ အဲသလို နည်းနာနယတွေကို လိုက်နာတာဟာလဲ ပညာနဲ့ ယှဉ်တယ်ခေါ်တာပေါ့။

အဲဒါကြောင့်မို့လို့ "ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာ"ဆိုတာက စီးပွားရေးမှာ စီးပွားရေးနားလည်တဲ့ ပုဂ္ဂိုလ်တွေကို ဆည်းကပ်ရတယ်။ ပညာရေးမှာလဲ ပညာရေး နားလည်တဲ့ပုဂ္ဂိုလ်တွေကို ဆည်းကပ်ရတယ်။ နိုင်ငံရေးကျတော့လဲ နိုင်ငံရေးကို နည်းလည်တဲ့ ပုဂ္ဂိုလ်တွေကို ဆည်းကပ်ရတယ်။ အဲဒီ ပုဂ္ဂိုလ်ထံ ဆည်းကပ်ပြီး သူတို့နဲ့ ဆွေးနွေးမေးမြန်းပြီး ကြိုးစားတဲ့ဝီရိယမျိုးကို ပညာနဲ့ယှဉ်တဲ့ ဝီရိယ

လို့ခေါ်တာပေါ့။ ကိုယ့်စိတ်ထင်တိုင်း လျှောက်ပြီးတော့ လုပ်ရင် မှားကုန်တာပေါ့။ ဒါကြောင့်မို့လို့ စေတသိက် ၅၂-လုံးထဲမှာ အဓိပတိတပ်တဲ့ စေတသိက်တွေ ဘယ်နှစ်လုံးပါသလဲဆိုရင် ဆန္ဒရယ်၊ ဝီရိယရယ်၊ ဝီမံသရယ် သုံးလုံးပဲ ပါပါတယ်။

# အခန်း (၄)

## ခန္ဓာငါးပါးတရားတော်

### ပုထုဇဉ် ၂-မျိုး

ပုထုဇဉ်မှာက ကလျာဏပုထုဇဉ်ရယ်၊ အန္ဓပုထုဇဉ်ရယ်လို့ နှစ်မျိုးရှိတယ်။ ကလျာဏပုထုဇဉ်ဆိုတာက ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတွေသိတဲ့ ပုဂ္ဂိုလ်ကို ခေါ်တယ်။ လူရယ်လို့ဖြစ်လာပြီးတော့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားတွေမှ မသိရင် အန္ဓပုထုဇဉ်လို့ခေါ်တယ်။ အန္ဓပုထုဇဉ်ဆိုတာ မျက်စိကန်းတဲ့ ပုထုဇဉ်လို့ ခေါ်တာပဲ။ အကန်းတွေလို့ ပြောတာပဲ။ ကလျာဏပုထုဇဉ်ကတော့ မျက်စိကောင်းတဲ့ မျက်စိအမြင်ရှိတဲ့ ပုထုဇဉ်ကို ခေါ်တာပေါ့။

ဒါကြောင့် အခြားတရားတွေကို မလေ့လာနိုင်တောင်မှ ခန္ဓာငါးပါးရယ်, အာယတနတစ်ဆယ့်နှစ်ပါးရယ်, ဓာတ်တစ်ဆယ့်ရှစ်ပါးရယ်, သစ္စာလေးပါးရယ်, ဒါကတော့ လေ့လာကို လေ့လာရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကလျာဏပုထုဇဉ်ဖြစ်သွားအောင်လို့ပါပဲ။ အဲဒီတော့ မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံမှာ တရားတွေ ဘယ်လောက်များများ ပရမတ္ထတရားလေးပါးထဲမှာ အကျုံးဝင်တာပဲ။ အဲဒီ ပရမတ္ထတရားလေးပါးဆိုတဲ့ တရားတွေကို ခန္ဓာဖွဲ့ရင် ခန္ဓာငါးပါးပဲရှိတာ။ ပရမတ္ထတရား လေးပါးပဲခေါ်ခေါ်၊ ခန္ဓာငါးပါးပဲခေါ်ခေါ် အတူတူပါပဲ။

အဘိဓမ္မာဟာ သဘောပေါက်လာရင် နာမည်တွေ၊ စကားလုံးတွေကို တစ်ခုတတ်လို့ရှိရင် ဒီ့ပြင် တရားတွေလဲ အကုန် တတ်သွားတာပဲ။ တစ်ခုမတတ်သေးရင် အကုန်လုံး မတတ်ဘူး။ အဲဒီတော့ ပရမတ္ထတရားလေးပါး ဆိုလဲ ဟုတ်တာပဲ။ အာယတန တစ်ဆယ့်နှစ်ပါးဆိုလဲ ဟုတ်တာပဲ။ ဒီပရမတ္ထ တရားလေးပါးကိုပဲ ဓာတ်တစ်ဆယ့်ရှစ်ပါးဆိုလဲ ဟုတ်တာပဲ။ ဒီပရမတ္ထတရားကိုပဲ သစ္စာလေးပါးလို့ခေါ်ရင်လဲ ရတာပဲ။ ဒါကြောင့်မို့လို့ အခုလေ့လာပြီးတဲ့ အထဲက စိတ် ၈၉-ခု လေ့လာပြီးပြီ၊ နိဗ္ဗာန်လဲ လေ့လာပြီးပြီပဲထားပါတော့။ အဲဒီတော့ ပရမတ္ထတရား လေးပါးကို လေ့လာပြီးတဲ့နောက် ပရမတ္ထတရား လေးပါးကို ခန္ဓာငါးပါး ဖွဲ့ပြပါလို့ဆိုတော့ လွယ်လွယ်လေး ဖြစ်သွားတယ်။

## ခန္ဓာငါးပါးဖွဲ့နည်း

### ၁။ ရူပက္ခန္ဓာ

အဲဒီတော့ ခန္ဓာငါးပါးက ရူပက္ခန္ဓာရယ်၊ ဝေဒနာက္ခန္ဓာရယ်၊ သညာ က္ခန္ဓာရယ်၊ သင်္ခါရက္ခန္ဓာရယ်၊ ဝိညာဏက္ခန္ဓာရယ်လို့ ငါးပါးရှိတယ်။ ရူပက္ခန္ဓာဆိုတာက ရူပပုဒ်နဲ့ ခန္ဓပုဒ် တွဲစပ်ထားတာပဲ။ ရူပက ရုပ်ပဲ။ ခန္ဓဆိုတာက အစုအပုံကို ခေါ်တာ။ ရုပ်တွေ အကုန်လုံး ပုံထားတာကို ရုပ်ရှိသမျှ အကုန်လုံး စုထားတာကို ရူပက္ခန္ဓာခေါ်တယ်။ ခန္ဓာဆိုတဲ့ ပါဠိက အစုအပုံတို့၊ အတုံးအခဲတို့ကိုခေါ်တာ။ အဲဒီတော့ ရူပက္ခန္ဓာဆိုတာ ရုပ် (၂၈)ခု အကုန်လုံး စုထားတာကို ခေါ်တာပဲ။ အဲဒီတော့ ခန္ဓာဖွဲ့ပါဆိုရင် ပရမတ္ထတရားလေးပါးထဲက ရုပ် (၂၈)ခုကို ရူပက္ခန္ဓာ ဖွဲ့ရတယ်။

## ၂။ ဝေဒနာက္ခန္ဓာ

စေတသိက် (၅၂) လုံးထဲကဆိုရင် ဝေဒနာစေတသိက်တစ်လုံးက ဝေဒနာက္ခန္ဓာဖြစ်တယ်။ အဲဒီတော့ **ဝေဒနာက္ခန္ဓာ** ရေးတော့ (ရေးချ)နဲ့ ရေးတယ်။ ဝေဒနာဆိုတဲ့ ပင်ရင်းပါဠိပုဒ် **မပြောင်း**အောင်ဆိုပြီး နောက်က နှစ်လုံးဆင့်နဲ့ က္ခန္ဓာလို့ဆိုပေတဲ့ ဝေဒနာမှာ (ရေးချ)နဲ့ ထားတယ်။ အဲဒီတော့ ဝေဒနာက ဝေဒနာစေတသိက်ပဲ၊ **ခန္ဓာက** အစုအပုံပေါ့၊ ဝေဒနာတွေ အများကြီးလို့ အဓိပ္ပါယ်ရတယ်။ **သောမနဿဝေဒနာ**၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ အဲဒီလို **ရှိရှိသမျှ ဝေဒနာ**တွေ အကုန်လုံးစုလိုက်ရင် ဝေဒနာစေတသိက်တစ်လုံးတည်းက **ခန္ဓာတစ်ပါး**ရတယ်။ စေတသိက် (၅၂) လုံးကို ခန္ဓာငါးပါး ဖွဲ့တဲ့အခါကျတော့ မြတ်စွာဘုရားက ဝေဒနာစေတသိက် တစ်လုံးထဲကို ခန္ဓာတစ်ပါး ဖွဲ့တယ်။

## ၃။ သညာက္ခန္ဓာ

ပြီးတော့ သညာစေတသိက်တစ်လုံးထဲကို သညာက္ခန္ဓာ ဖွဲ့တယ်။ သညာမှာလဲ ဒီလိုပဲ၊ ပင်ရင်းက သညာစေတသိက်ဆိုတော့ သညာဆိုတဲ့ ပါဠိရင်းကို မပျောက်အောင် (ရေးချ)နဲ့ သညာက္ခန္ဓာလို့ ရေးရတယ်။ သညာကလဲ ဟိုတုန်းက လေ့လာခဲ့တဲ့ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာဆိုပြီး သညာတွေ အများကြီးရှိတာပဲ။ အဲဒီလို ရှိရှိသမျှ သညာတွေ စုပေါင်းပြီးတော့ ခန္ဓာလို့ဆိုတယ်၊ ခန္ဓာဆိုတာက အစုအပုံပဲ၊ အဲဒီတော့ သညာစေတသိက်တစ်လုံးထဲကို သညာက္ခန္ဓာဖွဲ့တယ်။

## ၄။ သင်္ခါရက္ခန္ဓာ

စေတသိက် (၅၂) လုံးထဲက ဝေဒနာနဲ့ သညာမှ ကျန်စေတသိက် (၅၀)ကိုတော့ သင်္ခါရက္ခန္ဓာဖွဲ့တယ်၊ အမှန်က သင်္ခါရဆိုတာ စေတနာက ပင်ရင်းပါပဲ။ ဒီ့ပြင် စေတသိက်တွေက စေတနာစေတသိက်ရဲ့ နောက်လိုက်

ဖြစ်သွားတယ်။ သင်္ခါရဆိုတာက ပြုပြင်မှု၊ စီမံမှု၊ ဖန်တီးမှုပဲ။ အဲဒီတော့ ပြုပြင်တယ်၊ စီမံတယ်၊ ဖန်တီးတယ်ဆိုတဲ့ အဓိပ္ပါယ်ကို စေတနာစေတသိက် တုန်းက လေ့လာခဲ့တယ်၊ စေတနာဆိုတာ စေ့ဆော်တယ်၊ စီမံတယ်၊ ဖန်တီးတယ်လို့ သဘောရတယ်။ အဲဒီတော့ ဒီမှာ သင်္ခါရဆိုတာနဲ့ စေတနာဆိုတာ အဓိပ္ပါယ်ချင်း အတူတူပဲ။ ဒီပြင် စေတသိက် (၄၉) လုံးက စေတနာနောက် လိုက်သွားပြီးတော့ သင်္ခါရက္ခန္ဓာဖွဲ့ရတယ်။

## ၅။ ဝိညာဏက္ခန္ဓာ

ခန္ဓာ (၅) ပါးအနက် ဝိညာဏက္ခန္ဓာဆိုတာ ဝိညာဏရယ် ခန္ဓရယ် ပေါင်းထားတာပဲ။ အဲဒီတော့ ဝိညာဏဆိုတာက ဝိညာဉ်ပဲ၊ ဝိညာဉ်ရယ်, စိတ်ရယ်, မနောရယ် ဒါတွေက အဓိပ္ပါယ်တူ ပါဠိစကားတွေပဲ။ မနောလို့လဲ ပြောတယ်၊ စိတ်လို့လဲ ပြောတယ်၊ ဝိညာဉ်လို့လဲ ပြောတယ်။ အဲဒီတော့ ဝိညာဏက္ခန္ဓာမှာ ဝိညာဏက သိတာပဲ၊ အာရုံကို သိတဲ့ သဘောကို ခေါ်တာပဲ။ စိတ်ကလဲ အာရုံကို သိလို့ စိတ်လို့ခေါ်တာပဲ။ မနောဆိုတာလဲ အာရုံကို သိလို့ မနောလို့ခေါ်တာပဲ။ ဒီနေရာမှာ ခန္ဓာငါးပါး ဖွဲ့တဲ့အခါကျတော့ စိတ္တက္ခန္ဓာလို့ စိတ္တပါဠိနဲ့ မလာဘဲ စိတ် (၈၉) ခုလုံးကို ဝိညာဏက္ခန္ဓာလို့ လာတယ်။ စိတ် (၁၂၁) ပါးပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲဖြစ်ဖြစ် အကုန်လုံး စိတ်ဟူသမျှကို ဝိညာဏက္ခန္ဓာတစ်ခုထဲ ဖွဲ့တယ်။

အဲဒီတော့ ရူပက္ခန္ဓာဆိုတာ ရုပ် (၂၈)ခုကို ရူပက္ခန္ဓာခေါ်တယ်။ ဝေဒနာက္ခန္ဓာဆိုတာက ဝေဒနာစေတသိက်ကို ခေါ်တယ်၊ သညာက္ခန္ဓာဆိုတာက သညာစေတသိက်ကိုခေါ်တယ်။ သင်္ခါရက္ခန္ဓာဆိုတာက ဝေဒနာသညာမှ ကြွင်းတဲ့ စေတသိက် (၅၀)ကို ခေါ်တာ။ ဝိညာဏက္ခန္ဓာဆိုတာက စိတ် (၈၉)ခုကို ခေါ်တယ်။ ''ရုပ် (၂၈)ခုသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် (၅၀)သည် သင်္ခါရက္ခန္ဓာမည်၏။ စိတ် (၈၉)ခုသည် ဝိညာဏက္ခန္ဓာမည်၏''လို့ အဲသလိုဆိုရင်လဲ ရတာပဲ။

အဲဒီတော့ ခန္ဓာငါးပါးဟာ ဘာကို ခန္ဓာငါးပါးဖွဲ့တာလဲလို့ မေးရင် စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ်ပဲ၊ နိဗ္ဗာန်ပါသလားဆိုတော့ မပါပါဘူး။ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏တဲ့။ အဲဒီတော့ ပရမတ္ထတရား လေးပါးကို ခန္ဓာဖွဲ့ခိုင်းလို့ရှိရင် ဘယ်လိုပြောမတုံး၊ ခန္ဓာငါးပါးဖွဲ့တဲ့ အထဲမှာ နိဗ္ဗာန်ဟာ ဒီခန္ဓာကိုယ်ထဲမှာ မရှိဘူးပေါ့။

တချို့ပါဠိတော်တွေမှာ ဥပစာတင် ဟောတာတော့ ရှိတယ်။ နိဗ္ဗာန်ဆိုတာ တစ်ခြားမှာ လျှောက်ရှာနေစရာ မလိုဘူး။ ဤတစ်လံမျှလောက်သော ခန္ဓာကိုယ်အတွင်းမှာပဲ နိဗ္ဗာန်ဟာ ရှိပါတယ်ဆိုပြီးတော့ ဒီလို ဟောတဲ့ သုတ်တွေ ရှိတယ်။ တချို့တလေက အဘိဓမ္မာမတတ်တော့ နိဗ္ဗာန်ဟာ ဒီခန္ဓာကိုယ်ထဲမှာ ရှိတယ်တဲ့။ ခန္ဓာငါးပါးဆိုတာ စာအုပ်ထဲမှာ ကြည့်လို့ သဘောမပေါက်ဘူး။ ကိုယ့်ခန္ဓာမှာ ရုပ်တွေ မရှိဘူးလားဆိုတော့ ရှိပါတယ်။ အဲဒီရုပ်ဟာ ရူပက္ခန္ဓာပေါ့။ ဘုရားက အရှိကို အရှိအတိုင်း နာမည်ပြောပြတာပဲ။

ဒီရုပ်ကြီးက ဘာခန္ဓာတုံးဆိုရင် ရူပက္ခန္ဓာဖြစ်တယ်။ ဒီခန္ဓာကိုယ်ထဲမှာ ဆင်းရဲခံစားတာရယ်၊ ချမ်းသာကို ခံစားတာရယ်ဆိုပြီး ခံစားတယ်ဆိုတဲ့ သဘော မရှိဘူးလား၊ ခံစားတယ်ဆိုတဲ့ ခန္ဓာဟာ ဝေဒနာက္ခန္ဓာ ဖြစ်တယ်။ ဝိပဿနာတရား အားထုတ်တဲ့ အခါကျတော့ လူတွေမှာ သိလွယ်တဲ့ တရားကို ဘုရားက ဟောတာ။ လူတွေမှာ ခန္ဓာကိုယ်ကြီး၊ ဒီရုပ်ကြီးရှိတယ်ဆိုတာ မသိကြဘူးလား ဆိုရင် သိပါတယ်။ သိတော့ ဒီရုပ်ကြီးရဲ့ အဓိပ္ပါယ်ကို ဒီရုပ်ကြီးအကြောင်းကို ဘုရားက ဝိပဿနာဟောပြလို့ရှိရင် လူတွေ နားလည်တယ်။

### ၁။ ရူပက္ခန္ဓာ

ဒါကြောင့်မို့လို့ ရုပ်ရှိရှိသမျှ ရူပက္ခန္ဓာ ဖြစ်တယ်။ ရုပ်တွေ ဘယ်လောက်ပဲ ရှိနေရှိနေ၊ ခန္ဓာတစ်ခုထဲ ဟောတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်အကုန်လုံး စုပြီးတော့ ပြောရင် သိလွယ်တယ်။ ဒါကြောင့်မို့ သူ့ကို ခန္ဓာတစ်ခုတည်း ဟောတယ်။

## ၂။ ဝေဒနာက္ခန္ဓာ

## လူတွေ ဘယ်အတွက် အလုပ်လုပ်ကြတာလဲ

ဝေဒနာကျတော့ စေတသိက် (၅၂)လုံးထဲက ဝေဒနာစေတသိက် တစ်လုံးထဲကို ဘာဖြစ်လို့ ခန္ဓာဖွဲ့ရသလဲဆိုရင် လူတွေဟာ ခု ဘယ်အတွက်လုပ်နေကြတာတုံး၊ ခံစားမှုအတွက် လုပ်နေကြတာပဲ။ တစ်နိုင်ငံလုံး, တစ်ကမ္ဘာလုံးက လူတွေဟာ ဘာအတွက် လုပ်နေကြတာလဲဆိုရင် ခံစားမှုအတွက် လုပ်နေကြတာပဲ။ ခံစားချင်တာတော့ အမျိုးမျိုး ရှိမှာပေါ့၊ ကောင်းတဲ့ နည်းနဲ့ ခံစားချင်တာလဲ ရှိမှာပေါ့၊ မကောင်းတဲ့ နည်းနဲ့ ခံစားချင်တာလဲ ရှိမှာပေါ့၊ ဘာခံစားမှုဖြစ်ဖြစ် ဝေဒနာစေတသိက်ပဲ။ တရားကိုယ် ကောက်လိုက်တော့ ခံစားမှုမှန်သမျှဟာ ချမ်းသာခံစားချင်တာပဲဖြစ်စေ၊ ဆင်းရဲခံစားချင်တာပဲဖြစ်စေ၊ ဥပေက္ခာဝေဒနာဆိုတဲ့ အလယ်အလတ် ခံစားချင်တာပဲဖြစ်စေ ဘယ်လို ခံစားမှုမျိုးမဆို ဝေဒနာစေတသိက်တစ်လုံးထဲ ရမှာပဲ။

အဲဒီ ဝေဒနာစေတသိက် ခံစားမှုအတွက် တစ်ကမ္ဘာလုံးမှာ လူတွေဟာ လှုပ်ရှားနေကြရတယ်။ လှုပ်လှုပ် လှုပ်လှုပ်နဲ့ အလုပ်သမားလဲ ဘာအတွက်တုံးဆိုရင် ခံစားမှုအတွက်ပဲ၊ အရာရှိကရော ခံစားမှုအတွက်ပဲ၊ သမ္မတတို့ ဝန်ကြီးတို့ကရော ခံစားမှုအတွက်ပဲ။ ရှိရှိသမျှ လူတွေဟာ နိုင်ငံရေးသမားဖြစ်စေ၊ စီးပွားရေးသမားဖြစ်စေ၊ စာပေသမားဖြစ်စေ၊ ဗေဒင်ဆရာပဲဖြစ်ဖြစ် ခံစားမှုအတွက်ပဲ။

အဲဒီတော့ အကုန်လုံး ခံစားမှုအတွက်ချည်းပါပဲတဲ့။ နိဗ္ဗာန်ကိုတော့ ခံစားချင်လို့ မရဘူး။ အဲဒီတော့ ဝေဒနာစေတသိက်ကလေး တစ်လုံးအတွက် လုပ်လိုက်ရတာ၊ စစ်လဲ တိုက်ရတာပဲ၊ စစ်တိုက်ကြတာလဲ ခံစားမှုအတွက်ပဲ၊ ဘာပဲလုပ်ကြလုပ်ကြ၊ ဒီလောက် အပင်ပန်းခံပြီး လုပ်နေကြတာဟာ ကိုယ်လိုချင်တဲ့ ခံစားမှုလေး တစ်ခုအတွက် ဖြစ်တယ်။ ပညာရှာတဲ့ လူတွေကလဲ ပညာတတ်ရင် ဘာဖြစ်တော့မယ်၊ ဘာဖြစ်ရင် ဘယ်လို ဆိုပြီးတော့ ဒီခံစားမှုအတွက်ပဲ၊ ပညာရှင်တွေလဲ လှုပ်ရှားနေကြရတာပဲ။ အဲဒါကြောင့်မို့လို့ တစ်လောကလုံးက

လူတွေမှာ ဝေဒနာက ဘယ်လောက် ကြီးစိုးသလဲ၊ ဝေဒနာဟာ လူတွေကို ဘယ်လောက်ထိအောင် ဒုက္ခပေးနေသလဲ၊ ကမ္ဘာပေါ်မှာ ဘယ်သူမှ ဝေဒနာ ခံစားမှုအတွက် တော်ပြီဆိုတဲ့လူ၊ ဒီလို ခံစားမှုအတွက် အာလယပြတ်တဲ့ လူရယ်လို့ မရှိဘူး၊ တစ်ဆင့်ထက် တစ်ဆင့် လိုက်ရှာနေကြတာပဲ။

အဲသလောက်ဆိုးတဲ့ ဝေဒနာကို သဘောပေါက်ရင် တရားရှာတဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာစေတသိက်တစ်လုံးထဲနဲ့ နိဗ္ဗာန်ရောက်နိုင်တာပဲ။ အဘိဓမ္မာ လေ့လာသလို အများကြီး လေ့လာနေရတာ မဟုတ်ဘူး။ မြတ်စွာဘုရားက ဝေဒနာစေတသိက် တစ်လုံးထဲကိုပဲ သဘောပေါက်အောင် တရားပွဲပေါင်း မြောက်မြားစွာ ဟောထားခဲ့တာပဲ။ လူငယ်တွေ မဂ် ဖိုလ် နိဗ္ဗာန် တစ်ခါထဲ ရောက်အောင် ရေးသား တင်ပြနေတာ မဟုတ်ပါဘူး။ လူစင်စစ်ဖြစ်ပြီး ကုသိုလ် အကုသိုလ် ခွဲသိပြီးတော့ တကယ့် နိုင်ငံရေးတို့, စီးပွားရေးတို့ လောကီရေးရာ တွေမှာလဲ လိမ္မာမှု၊ ကျွမ်းကျင်မှုရှိအောင်, ဝါဒရေးရာနဲ့ ပတ်သက်ပြီး အလိမ် မခံရအောင်, အကယ်၍ ကြီးသွားလို့ မဂ်ဖိုလ်နိဗ္ဗာန်ရချင်တယ်ဆိုရင်လဲ တရား မှန်တွေကို အားထုတ်တတ်အောင်ဆိုပြီးတော့ ဒီလိုရည်ရွယ်ချက်တွေနဲ့ ဒီကျမ်းကို ပြုစုရေးသားရတာကိုး။ ဒါကြောင့်မို့လို့ ဒီမှာ သိပ်အကျယ်ကြီး မရေးပါဘူး။

အဲဒီတော့ ဝေဒနာစေတသိက်တစ်ခုထဲကိုပဲ မြတ်စွာဘုရားက သံယုတ် ပါဠိတော်မှာ ဝေဒနာသံယုတ်ဆိုပြီးတော့ သုတ်ပေါင်းများစွာ ဟောခဲ့ပါတယ်။ ဒီ ဝေဒနာစေတသိက်တစ်ခုကို စာအုပ်တွေ ရေးပြီးတော့ ရောင်းရင် စာရေးကောင်းပါက သူဌေးဖြစ်နိုင်တာပဲ။ ဝေဒနာကို သဘောပေါက်အောင်တော့ စာအုပ်တွေက ရှိပြီးသားပါ။ ဒါကို လူတွေ ဖတ်ချင်အောင် ဝတ္ထုရေးသလို ရေးနိုင်ဖို့ပဲ လိုတယ်။ ဝတ္ထုစာအုပ်ဆိုတာ ဘာမှ အဓိပ္ပါယ်ရှိတာ မဟုတ်ဘူး။ ဘာမှလဲ မဟုတ်ဘူး။ မဟုတ်မှန်းလဲ သိတာပဲ။ သိပေမဲ့ ကောက်ဖတ်လိုက်ရင် ဖတ်တဲ့လူ လက်က မချဘဲနဲ့ ဘာကိစ္စ ရှိနေရှိနေ သူ့ကို ဆုံးအောင် ဖတ်ချင်အောင် ဒီလို ဆွဲဆောင်တဲ့ ပညာပဲ လိုတာပါ။ အဲဒီတော့ စာရေးကောင်းမယ်ဆိုရင် ဝေဒနာစေတသိက်တစ်လုံးထဲနဲ့ စာရေးဆရာလုပ်စားလို့ ရပါတယ်။ စာရေးတဲ့ ပညာကတော့ မလွယ်ဘူးပေါ့။

အဲဒါကြောင့်မို့လို့ ဝေဒနာက္ခန္ဓာဆိုတာ ဝေဒနာစေတသိက်တစ်လုံးထဲကို ဖွဲ့တာ။ လူတွေမှာ ဝေဒနာခံစားမှုအတွက်က သိပ်ထင်ရှားတယ်။ ဝေဒနာလို့ ပြောတော့ မြန်မာက တစ်မျိုးနားလည်တယ်။ မြန်မာလို ခံစားမှုအတွက်ပဲ၊ ဘယ်ပုဂ္ဂိုလ်မျိုးမဆို ခံစားမှုအတွက် လုပ်နေကြတာပဲတဲ့။ အဲဒီတော့ ခံစားမှုဟာ သိပ်ပြီး အရေးကြီးလို့ ဝေဒနာကျတော့ စေတသိက်တစ်လုံးထဲကို ဝေဒနာက္ခန္ဓာလို့ ဟောခဲ့တယ်။

## ၃။ သညာက္ခန္ဓာ

စေတသိက် (၅၂)ခုထဲက သညာကလဲ လူတွေကို သိပ်ဒုက္ခပေးတာပဲ။ သညာဆိုတာက မှတ်သားတာပဲ။ လူတွေဟာ အမေဗွေးကထဲက သိတဲ့အချိန်ကစပြီးတော့ မှတ်လာတာပဲ။ ဒါအဖေပဲ၊ ဒါအမေပဲ၊ ဒါအစ်ကိုပဲ၊ ဒါအစ်မပဲ၊ ဒါတွေကို မှတ်လာတာ၊ နောက် ကျောင်းနေတဲ့အခါကျတော့ ဒီလိုရေးရင် အင်္ဂလိပ်စာ၊ ဒါက မြန်မာစာ၊ ဒါက ကုလားစာ၊ ဒါက တရုတ်စာဆိုပြီး မှတ်လိုက်တာ၊ ဒီသညာက မှတ်တာပဲ။ နောက် ဘာသာတွေ အမျိုးမျိုးယူတဲ့အခါကျတော့ ဒါ ရူပဗေဒ၊ ဒါ ဓာတုဗေဒ၊ ဒါက အဘိဓမ္မာလို့ မှတ်ရတယ်။ သညာနဲ့ မှတ်လာလိုက်တဲ့ လူတွေမှာ သညာစေတသိက် အဓိပ္ပါယ်မထင်ရှားဘူးလား ထင်ရှားပါတယ်။

အဲဒီတော့ သညာမှတ်တာတွေက အမှန်ကို အမှန်အတိုင်း မှတ်ရင်တော့ ဒါလောက် ဒုက္ခမပေးဘူး။ မှတ်တာက အမှားတွေကို မှတ်လာတော့ ဒုက္ခပေးတယ်။ လူတွေကို ဒုက္ခပေးနေတာက သညာက ဒုက္ခပေးနေတာပဲ။ ကိုယ်ငယ်ငယ်ကထဲက မှတ်လာတဲ့ အမှားတွေကို အမှန်လို့ မှတ်လာလို့ရှိရင် အဲဒီ သညာအတွက်နဲ့ပဲ ဒုက္ခရောက်တာပဲ။ ဒါကြောင့်မို့လို့ စာသင်တယ် စာသင်တယ်ဆိုပေမဲ့ စာတွေကို လျှောက်လျှောက်ပြီးတော့ မှတ်လိုက်ရတာ၊ ဒီမှတ်တာတွေက ကောင်းကျိုးမပေးတဲ့ အမှတ်မှားတွေဆိုလို့ရှိရင် ဒီသညာက ဒုက္ခပေးတော့တာပဲ။

## ဝိပဿနာမှ သညာကို ဖြိုခွဲနိုင်

ဒါကြောင့်မို့လို့ ဝိပဿနာအားထုတ်တဲ့အခါ ဝိပဿနာဟာ ဘယ်လောက်နက်နဲသလဲဆိုတော့ အခု လူရိုးရိုးတွေ မှတ်သားတဲ့ အမှတ်တွေကို တစ်ထစ်စီ တစ်ထစ်စီ အကုန်လုံး ပြန်ပြီးတော့ ဖြိုတာပဲ။ မွေးကထဲက လူကို လူလို့ မှတ်တယ်။ တစ်ခါ လူလို့မှတ်တဲ့အထဲက ဒီလို အဝတ်အစားနဲ့ ဒီလိုနေတာကို ယောကျ်ားလို့ မှတ်တယ်၊ ဒီလို အဝတ်အစားနဲ့ ဒီလို နေတာကို မိန်းမလို့ မှတ်တယ်။ တစ်ခါ ဒီဟာကို အဖေလို့ မှတ်တယ်၊ ဒါ အမေလို့ မှတ်တယ်၊ ဒါကို ဆွေမျိုးလို့ မှတ်တယ်၊ မှတ်လိုက်တာတွေ အဲဒီမှတ်တဲ့ အမှတ်တွေဟာ ငယ်ငယ်ကထဲက မှတ်လာတာ။

လူရယ်လို့ဖြစ်လာလို့ရှိရင် တစ်ကမ္ဘာလုံးက မှတ်တဲ့ ဒီသညာတွေကို ဝိပဿနာ အားထုတ်တဲ့အခါကျတော့ ဆရာတော်ကြီးက ဒါယောကျ်ားဟုတ်ရဲ့လားလို့ မေးနေတော့ မဟုတ်ပါဘူးလို့ဖြေတာ ညာတာ၊ ကိုယ့်စိတ်ထဲကတော့ ဘယ်လို ထင်တုံး၊ ယောကျ်ားပဲလို့ ထင်နေတာပဲ။

မိန်းမကျတော့လဲ ဝိပဿနာပြတဲ့ ဆရာတော်ကြီးက မိန်းမဆိုတာ မရှိဘူး။ ဒါ မိန်းမ မဟုတ်ဘူး၊ မိန်းမဆိုတာ ရှိရဲ့လားဆိုတော့ မရှိပါဘူး ဘုရားလို့ ဖြေတယ်။ တကယ်တော့ စိတ်ထဲက ဘယ်လို ထင်တုံး၊ မိန်းမပဲ ထင်နေတာပဲ။ ကိုယ်က မိန်းမလို့ ငယ်ငယ်ကထဲ က မှတ်လာတာ၊ အမှတ်ဟာ စွဲလမ်းနေတာကိုး။ တရားတစ်ပွဲထဲနဲ့ ဒါ ယောကျ်ားမဟုတ်ဘူး၊ ဒါ မိန်းမ မဟုတ်ဘူးလို့ ဖျောက်လိုက်ဖို့ဟာ လွယ်ရဲ့လား၊ ကိုယ်က မွေးထားတဲ့ သားတွေ သမီးတွေကို ငယ်ငယ်ကထဲက ဒါ ငါ့သား၊ ငါ့သမီးလို့ ဒီလို မှတ်ထားတာ။ ဝိပဿနာ အားထုတ်တဲ့ အခါကျတော့ ငါ့သားဆိုတာလဲ မရှိဘူး။ ငါ့သမီးဆိုတာလဲ မရှိဘူး။ ငါ့သားဆိုတာ ရှိရဲ့လား ဆိုတော့ မရှိပါဘူးဘုရားဆိုတာ ဟုတ်ရဲ့လား။

အိမ်ပြန်ရောက်တော့ သားလေးရေ လာပါအုံးတဲ့၊ သမီးရေ လာပါအုံးတဲ့။ ရှင်းရှင်းက တရားရဖို့ တရားရဖို့ဆိုတာက သညာက အထပ်ထပ် လိမ်ပြီးတော့ မှတ်ထားတဲ့ အမှားသညာတွေကို တစ်ထပ်စီ တစ်ထပ်စီ ပြန်ပြီးတော့ ဖြိုနေတာပဲ၊

မြတ်စွာဘုရားက အဲဒီလို ဖြုပြစ်လိုက်တဲ့အတွက် သညာတစ်လုံး ပျောက်သွားတဲ့ အခါကျတော့ အသေ-လူဆိုတာဟာ ရုပ်, နာမ် နှစ်ခုပဲရှိတာပဲ။ ဒါ အဘိဓမ္မာ လေ့လာတဲ့အခါကျတော့ ရုပ်, နာမ် နှစ်ခုပဲ ရှိတယ်ဆိုတာ မသိဘူးလား၊ ဒီ စိတ် (၈၉)ခု၊ စေတသိက် (၅၂)ခု၊ ရုပ် (၂၈)ခုရယ်ပဲ ရှိတယ်။

အဲဒီတော့ နာမ်နဲ့ ရုပ်ရှိတာပဲ၊ အကျဉ်းဆုံး ဘုရားဟောတဲ့အခါကျ တော့ ပရမတ္ထတရား လေးပါးကို နာမ်နဲ့ ရုပ်ပဲလို့ ဟောတယ်။ ဒီထက် နဲနဲ ချဲ့ဟောတဲ့ အခါကျတော့ ခန္ဓာငါးပါးလို့ ဟောတယ်။ ခန္ဓာငါးပါးထဲမှာ ရုပ်ကို ခန္ဓာတစ်ပါးထဲ ဟောတယ်။ နာမ်ကျတော့ ဝေဒနာကို ခန္ဓာတစ်ပါး ဟောတယ်၊ သညာကို ခန္ဓာတစ်ပါး ဟောတယ်။

## ၄။ သင်္ခါရက္ခန္ဓာ

သင်္ခါရက္ခန္ဓာဟာ စေတသိက် (၅၀) ဆိုပေမဲ့ စေတနာနဲ့ အတူတူပဲ။ ကံရယ်, စေတနာရယ်, သင်္ခါရ ရယ်ဆိုပြီး စကားလုံးတွေက အဲဒီလို ရှိသေးတယ်။ ဒီ စေတနာစေတသိက်ကိုပဲ အဘိဓမ္မာမှာ တချို့တလေနေရာကျတော့ ကံလို့ ဟောတယ်။ ကုသိုလ်ကံ, အကုသိုလ်ကံဆိုတာ ကုသိုလ်စေတနာ အကုသိုလ် စေတနာကို ဟောတာ။ တချို့တလေကျတော့ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ ဆိုပြီး ကုသိုလ်, အကုသိုလ်စေတနာကိုပဲ သင်္ခါရလို့ ခေါ်တယ်။

အခု သင်္ခါရကတော့ စေတနာနဲ့တကွ စေတသိက် (၅၀)ကို သင်္ခါရက္ခန္ဓာ ခေါ်တယ်။ ဒီသင်္ခါရဆိုတာ ပြုပြင်မှုတွေ, စီမံမှုတွေ, ဖန်တီးမှုတွေ ဆိုပြီး ဒါတွေ ဘာသာပြန်နေရင် ရှုပ်နေတယ်။ ရိုးရိုး လူတွေ နားလည်တာက သင်္ခါရက္ခန္ဓာဆိုတာ ပြုလုပ်မှုပဲ။ ပြုလုပ်မှုကို သင်္ခါရက္ခန္ဓာခေါ်တယ်။ လုပ်တယ် လုပ်တယ်ဆိုတာက စေတနာက လုပ်တာ။ ငါ ထမင်းချက်အုံးမှပဲလို့ စေတနာက ဖြစ်လိုက်ရင် ထမင်း ထချက်တယ်၊ ငါ ကျောင်းသွားအုံးမှပဲလို့ စေတနာက လှုံ့ဆော်ရင် ကျောင်းထသွားတယ်။ ငါ အဘိဓမ္မာ လေ့လာမယ်လို့ စေတနာက လှုံ့ဆော်တော့ အဘိဓမ္မာစာအုပ် ဖတ်ဖြစ်တယ်။ ဘာပဲလုပ်လုပ် စေတနာက

နှိုးဆော်ပြီးမှ လုပ်ဟာ လှုပ်ရှားမှု ဖြစ်လာတာ။ အဲဒါကြောင့်မို့လို့ သင်္ခါရက္ခန္ဓာဆိုတာက ပြုလုပ်မှုပဲ။ အလုပ်လုပ်တာပဲ။

ဝေဒနာက ဘာလုပ်သတုံး၊ ခံစားချင်တယ်၊ ဝေဒနာက ဘာဖြစ်လို့ ခံစားချင်တာတုံး၊ သညာက ကောင်းတယ်လို့မှတ်ထားလို့၊ သညာက မိန်းကလေးဆိုလို့ရှိရင် ယောကျ်ားယူရမယ်လို့ မှတ်ထားတော့ သူ ယောကျ်ားယူချင်တဲ့စိတ် ပေါက်လာတယ်၊ ဘာဖြစ်လို့ ယောကျ်ားယူချင်တဲ့စိတ် ပေါက်တာတုံး၊ သညာက ယောကျ်ားယူရင် ကောင်းမယ်လို့ မှတ်ထားတာကိုး။ ယောကျ်ားလေးကလဲ မိန်းမယူရင် ကောင်းမယ်လို့ မှတ်လိုက်ရော၊ မှတ်လိုက်တော့ မိန်းမယူချင်တဲ့ စိတ်ပေါက်လာတာဟာ ဘာဖြစ်လို့ ပေါက်တာတုံးဆိုတော့ သညာက ကောင်းတယ် မှတ်ထားလို့။

သညာက ကောင်းတယ်လို့ မှတ်လိုက်တဲ့အခါကျတော့ သင်္ခါရက ယူလိုက်တယ်၊ သင်္ခါရက လုပ်တာပဲ၊ အလုပ်လုပ်တာပဲ။ ဒီအချိန် ဒီအရွယ်ဆိုတာ ကျောင်းနေမှ ကောင်းမယ်ဆိုတာ ဘယ်သူက မှတ်တာတုံး။ သညာက မှတ်တာ။ သညာက မှတ်လို့ ကျောင်းသွားနေတော့ ဘာဖြစ်သွားတုံး၊ သင်္ခါရက္ခန္ဓာ ဖြစ်သွားတယ်။ သညာက မှတ်တယ်ဆိုရင် ကျောင်းနေမှ ကောင်းမယ်လို့ သညာက မှတ်လိုက်တော့ ကျောင်းကို အကုန်လုံး နေကြတာပဲ။ အကယ်၍သာ သညာက ကျောင်းနေတဲ့ကောင် မှန်သမျှ လူဆိုးချည်းပဲ။ ကျောင်းနေတဲ့ကောင် တစ်ကောင်မှ မကောင်းဘူးလို့ မှတ်လို့ရှိရင် ကျောင်းနေကြပါ့မလား၊ မနေပါဘူးတဲ့။ သညာက မကောင်းဘူးလို့သာ မှတ်လိုက်လို့ရှိရင် ဘယ်သူမှ ကျောင်းနေမှာမဟုတ်ဘူး၊ မိန်းမယူတာလဲ မကောင်းဘူးလို့ မှတ်လိုက်လို့ရှိရင် ဘယ်သူမှ ယူကြမှာ မဟုတ်ဘူး။ ယောကျ်ားယူတာ မကောင်းဘူးလို့ မှတ်လိုက်လို့ရှိရင်လဲ ဘယ်သူမှ ယူမှာ မဟုတ်ဘူး။

တရားခံကို ရှာတော့ လူတွေ ရုတ်ရုတ်၊ ရုတ်ရုတ်နဲ့ လုပ်နေတာဟာ သညာက မှတ်တာပဲ။ သညာက တရားခံအစစ်ပဲ။ ဘယ်သူမှ တရားခံမဟုတ်ဘူး။ အဘိဓမ္မာတတ်တဲ့ အခါကျတော့ စိတ်က သိပ်ပြီးတော့ သိမ်မွေ့လာတယ်။

ဘယ်သူ့ကိုမှ စိတ်မဆိုးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူမှ အပြစ်မရှိဘူး။ ဒီသညာ ဒီကောင်ပဲ အပြစ်ရှိတယ်။ ဆိုးတဲ့ကောင် တွေ့လို့ရှိရင်လဲ ဒီကောင် သညာ အမှတ်လွဲသွားတာပဲ။ အရက်သောက်, စီးကရက်သောက်၊ အရက်ဆိုင် ထိုင်၊ လဖက်ရည်ဆိုင်ထိုင်၊ ဆောင့်ကြွားဆောင့်ကြွားနဲ့ ဒီလိုနေတာ ကောင်းတယ် လို့ မှတ်လိုက်လို့ရှိရင် ဒီကောင် ဂျပိုးဖြစ်သွားတယ်၊ တစ်ခါ ယူနီဗာစီတီတို့ ဘာတို့ တက်ပြီးတော့ အရာရှိကြီး ဘာကြီး ညာကြီး ဒီလိုလုပ်တဲ့ လူဟာ ကောင်းတယ်လို့ မှတ်လိုက်ရင် ဒီကောင် အရာရှိကြီး ဖြစ်သွားတာပဲ။ တစ်ခါ ရပ်ကွက်ကိစ္စ, မြို့ရွာကိစ္စ, တိုင်းပြည်ကိစ္စ, အများကောင်းစားရေးကိစ္စ လုပ်တဲ့ လူဟာ ကောင်းတယ်လို့ ထင်မှတ်လိုက်ရင် ဒီကောင် နိုင်ငံရေးသမား ဖြစ်သွား တာပဲ။

အဲဒီတော့ သညာက္ခန္ဓာဟာ တစ်တရားခံပဲ၊ သညာက္ခန္ဓာက ခိုင်းတော့ ဘယ်သူက လုပ်တုံး၊ သင်္ခါရက္ခန္ဓာက လုပ်တယ်။ သင်္ခါရက္ခန္ဓာက လှုပ်လှုပ် လှုပ်လှုပ်နဲ့ လိုက်လုပ်၊ သူလုပ်တော့ ကောင်းတာပဲ ဖြစ်ဖြစ် မကောင်းတာပဲ ဖြစ်ဖြစ် ခံစားတဲ့အခါ ဘယ်သူက ခံစားတာတုံး၊ ဝေဒနာက္ခန္ဓာက ခံစားတာ၊ ခံစားတယ်ဆိုတာ ငါက ခံစားတယ်လို့ ဒီလိုထင်နေကြတာ။ တကယ် ခံစားတာက ဘယ်သူက ခံစားတာတုံး၊ ဝေဒနာက ခံစားတာ။ အဲဒါကြောင့်မို့လို့ သညာက ကောင်းတယ်လို့ မှတ်တယ်၊ သင်္ခါရက လိုက်လုပ်တယ်၊ လုပ်ပြီးတော့ ဒီအလုပ်ရဲ့ အကျိုးအမြတ်ကို ဘယ်သူက ခံစားတာတုံး၊ ဝေဒနာက ခံစားတယ်။ ဒီအထဲမှာ ငါခံစားတာလို့ ပါရဲ့လား၊ မပါဘူး။

**ခန္ဓာငါးပါး ဘယ်အတွက် ဟောတာလဲ**

အဲဒီတော့ ငါပြုတ်အောင် ဘုရားက ခန္ဓာငါးပါးကို ဟောတာ။ တရားရှု တယ်ဆိုတာ ဒီခန္ဓာကိုယ်ထဲမှာ ရှုတာ။ တရားရှုတယ်ဆိုတာက ဘေးကို လျှောက်ရှု နေရတာ မဟုတ်ဘူး။ ဘုန်းကြီးက ခိုင်းလို့ စာတွေကို လိုက်မှတ်နေတာ။ ဒါတရားမှက်တာ မဟုတ်ဘူး။ တရားမှတ်တယ်ဆိုတာ ကိုယ့်ခန္ဓာထဲမှာ မှတ်နေ

ရတာ။ ဒီသညာတွေရှိနေလို့ ဒီသင်္ခါရက လုပ်နေတယ်။ လုပ်ပြီးတော့ ဒီဝေဒနာက ခံစားတယ်။ တကယ်လို့ ဒီအထဲမှာ ငါထည့်လိုက်လို့ရှိရင် ခံစရာရှိရင် ဘယ်သူက ခံရမှာလဲ၊ ငါ ခံရမှာ။ ငါမရှိတဲ့ အခါကျတော့ ခံစရာရှိရင် ဘယ်သူက ခံမတုံး၊ ဝေဒနာက ခံရုံရှိတာပဲ။ ခံစားတာလဲ သူခံစားတာပဲ။ ငါ ခံစားတယ်လို့ မမှတ်လို့ရှိရင် ခံရတဲ့အခါကျတော့ ဝေဒနာပဲ ခံရုံရှိတာပဲ။

အဲဒီတော့ ငါလဲ မရှိဘူး၊ သူလဲ မရှိဘူး၊ ပုဂ္ဂိုလ်လဲ မရှိဘူး၊ သတ္တဝါလဲ မရှိဘူး၊ မှတ်တာက ဘယ်သူက မှတ်တာတုံး၊ သညာက မှတ်တာ။ လုပ်တာက ဘယ်သူက လုပ်တာတုံး၊ သင်္ခါရက လုပ်တာ။ ခံစားတာက ဘယ်သူက ခံစားတာတုံး၊ ဝေဒနာက ခံစားတာ။ ငါလဲ မရှိ၊ ပုဂ္ဂိုလ်လဲ မရှိ၊ သတ္တဝါလဲ မရှိတော့ ဒီခန္ဓာကိုယ်တွေ ပျက်သွားလို့ရှိရင် ဘယ်သွားမတုံး၊ သွားစရာ ရှိသေးရဲ့လား၊ မရှိတော့ဘူး။ သူ့သဘောတရားအတိုင်း ဖြစ်ပြီး ပျက်နေတာပဲ။

အဲဒီတော့ တစ်သံသရာလုံး သညာမှတ်တာကို ငါမှတ်တယ်၊ သင်္ခါရ လုပ်တာကို ငါလုပ်တယ်၊ ဝေဒနာခံစားတာကို ငါခံစားတယ်ဆိုပြီးတော့ ဒီမှာ ငါ သွားထည့်လိုက်တဲ့အတွက် ခံရတော့လဲ ငါပဲ ခံရတယ်၊ စံစရာရှိတော့လဲပဲ ငါပဲ စံရတယ်၊ ဒီလို ရောက်နေကြတာကိုး။ အဲဒီတော့ ဒီ ငါနဲ့ ခန္ဓာ ကွဲသွား အောင် သက္ကာယဒိဋ္ဌိ ပြုတ်အောင် ခန္ဓာငါးပါးကို ဘုရားက ဟောတာပဲ။ အဲဒီတော့ ဝေဒနာက္ခန္ဓာရယ်, သညာက္ခန္ဓာရယ်, သင်္ခါရက္ခန္ဓာရယ်၊ ဒီခန္ဓာ သုံးပါးက စေတသိက်ခန္ဓာသုံးပါး ဖြစ်ပါတယ်။

## ၅။ ဝိညာဏက္ခန္ဓာ

ဝိညာဏက္ခန္ဓာမှာ ဝိညာဏဆိုတာ သိတာပါပဲ၊ သညာက မှတ်ရုံမှတ် တာပဲ၊ မသိပါဘူး။ သညာက သိတာ မဟုတ်ဘူး။ သညာက မှတ်ရုံမှတ်တာပဲ။ ဝေဒနာကလဲ ခံစားတာပဲ၊ သူက သိရဲ့လား၊ မသိဘူး။ ဝေဒနာစေတသိက်က သိတာ မဟုတ်ဘူး။ သူက ခံစားတာပဲ။ သင်္ခါရကလဲ သိရဲ့လား မသိပါဘူး၊ သူက လုပ်တာပဲ။ အလုပ်တစ်ခုကို ကောင်းတဲ့ အလုပ်တွေရော မကောင်းတဲ့

အလုပ်တွေရော ကျျောက်လုပ်တာပဲ၊ သင်္ခါရက လျှောက်လုပ်တာပဲ။ ဒီအထဲမှာ ခံစားတာကို သိတာက ဘယ်သူက သိတာတုံး၊ ဝိညာဉ်က သိတာ။ ဒါကို ခံစားတဲ့ အခါကျတော့ ကောင်းတယ် မကောင်းဘူးဆိုတာ ဘယ်သူက သိတာတုံး၊ ဝိညာဉ်က သိတာပဲ။ ဝိညာဏက္ခန္ဓာက သိတာပဲ။

ကောင်းတယ်မှတ်ပေမဲ့ တကယ်ကောင်းချင်မှ ကောင်းမှာပေါ့။ သညာက တိုက်နဲ့ ကားနဲ့နေတဲ့ ကောင်ကို ချမ်းသာတယ်လို့ မှတ်လိုက်တာကိုး။ မှတ်လိုက်တော့ ဝိညာဉ်ကလဲ သညာက မှတ်သလိုပဲ ငါကောင်းတာ ခံစားတယ်လို့ ဒီလို သိလိုက်တာပဲ။ အကယ်၍သာ သညာက တိုက်နဲ့ မော်တော်ကားနဲ့ နေတဲ့ ကောင်တွေဟာ ဒုက္ခပဲ၊ ဒါက အင်မတန် ဆင်းရဲတဲ့ အလုပ်ပဲလို့ မှတ်ထားလို့ရှိရင် ဝိညာဉ်ကလဲ ငါ ဒုက္ခတွေ ခံစားရတာပဲလို့ သိမယ်။ အဲဒီတော့ သိတာက ဝိညာဉ်ကသာ သိတာ။ ဝေဒနာက မသိဘူး။ သညာက မှတ်သလို သင်္ခါရက လုပ်တယ်၊ ဝေဒနာက ခံစားတယ်၊ ကောင်းတယ်- မကောင်းဘူးလို့ သိတာကတော့ ဝိညာဉ်က သိတာ။

ဒါကြောင့်မို့လို့ လူတွေမှာ ဝိညာဉ်ဆိုတဲ့ သိမှုသဘောလေးဟာလဲ ဒုက္ခပေးနေတာပဲ။ အကယ်၍သာ ခံစားတာဟာ ကောင်းတာတွေ ဖြစ်ဖြစ် မကောင်းတာတွေ ဖြစ်ဖြစ် ခန္ဓာကိုယ်ထဲမှာ သိတယ်ဆိုတဲ့ သဘောတရား မရှိရင် ချမ်းသာ ဆင်းရဲ ခွဲလို့ရမလား၊ ဘယ်သူမှ ချမ်းသာ-ဆင်းရဲ ခွဲလို့ မရဘူး။ သူသိမှ မသိဘဲ၊ သညာက မှတ်ပေမဲ့ မှတ်သာ မှတ်တယ်၊ ဝိညာဉ်မပါဘဲနဲ့ သူသိနိုင်ပါ့မလား။ ဝိညာဉ်မပါရင် မသိနိုင်ဘူး။ သင်္ခါရကလဲ လုပ်တယ်၊ ကောင်းတာ လုပ်သလား မကောင်းတာ လုပ်သလား သူ မသိနိုင်ဘူး။ ဝိညာဉ်ပါမှ သူက သိနိုင်တယ်။ ဒါကြောင့်မို့လို့ ဒီခန္ဓာလေးပါးကို နာမ်ခန္ဓာလေးပါးလို့ ခေါ်တယ်။ စေတသိက် ၅၂-ခုနဲ့ စိတ် ၈၉-ခုကို ခန္ဓာဖွဲ့ပြပါဆိုရင် ခန္ဓာဘယ်နှစ်ပါးဖွဲ့မတုံး၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုပြီး ခန္ဓာ ၄-ပါး ဖွဲ့လို့ ရတယ်။ စေတသိက် ၅၂-လုံးကို ခန္ဓာဖွဲ့ပြပါဆိုရင် ခန္ဓာဘယ်နှစ်ပါး ဖွဲ့မတုံး၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဆိုပြီး ခန္ဓာ ၃-ပါး ဖွဲ့လို့ ရတယ်။

စိတ် ၈၉–ခုကို ခန္ဓာဖွဲ့ပြပါဆိုရင် ဝိညာဏက္ခန္ဓာဖွဲ့ရတယ်။ ဒါက သရုပ်တွေ နားလည်အောင် လုပ်တာ။ ရုပ် ၂၈–ခုကို ခန္ဓာဖွဲ့ပြပါဆိုယင် ရူပက္ခန္ဓာပေါ့။ ဒီမြေဖြူခဲကို ခန္ဓာဖွဲ့ပြပါဆိုရင် ရူပက္ခန္ဓာပဲ။ ရွှေတိဂုံဘုရားကြီးကို ခန္ဓာဖွဲ့ပြပါဆိုရင်ကော ရူပက္ခန္ဓာပဲ။ ရုပ်မှန်သမျှ အကုန်လုံး ခန္ဓာဖွဲ့တဲ့အခါကျတော့ ရူပက္ခန္ဓာပဲ။ အင်မတန် လှတဲ့ ကလေးမလေး ရုပ်ကို ခန္ဓာဖွဲ့ပြပါဆိုရင်ကော ရူပက္ခန္ဓာပဲ။ အင်မတန် အရုပ်ဆိုးတဲ့ ကလေးမ ရုပ်ကော ရူပက္ခန္ဓာပဲ။ အဘိဓမ္မာကျတော့ ရူပက္ခန္ဓာချည်းပဲတဲ့၊ လှတာရယ် ဆိုးတာရယ် ရှိရဲ့လား၊ မရှိပါဘူး။ ရူပက္ခန္ဓာ တစ်ခုထဲဖွဲ့လိုက်တာ။ ရုပ်မှန်သမျှကို ခန္ဓာတစ်ခုထဲ ဖွဲ့တာပဲလို့ သိသွားပြီပေါ့။

အဲဒီတော့ ဒီခန္ဓာကိုယ်ကို မြတ်စွာဘုရားက ငါးပိုင်း ပိုင်းပစ်တာကိုး။ ငါးပိုင်း ပိုင်းတဲ့အခါမှာ ရုပ်ပိုင်းကိုတော့ ထင်ရှားလို့ ခန္ဓာတစ်ပါးထဲ ဖွဲ့ပြတယ်။ နာမ်ကျတော့ စေတသိက် ၅၂–ခုနဲ့ စိတ်–၈၉ ခုတောင်ရှိတာ။ ရှိပေမဲ့ ဒါတွေ လျှောက်ဟောနေရင် သူက မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ အရေးကြီးတာကိုး။ ဒီလူ ခန္ဓာငါးပါးနဲ့ တရားရမဲ့ လူဆိုရင် တရားတစ်ပွဲထဲမှာ ခန္ဓာငါးပါးနဲ့ နိဗ္ဗာန်ရသွားမှာ၊ စေတသိက် ၅၂–တို့ စိတ် ၈၉–ခုတို့ဆိုတာက မြတ်စွာဘုရား သဗ္ဗညုတဉာဏ်နဲ့သိတဲ့ တရားတွေပဲ၊ ဒါတွေကို လေ့လာနေတာ။

## ခန္ဓာငါးပါးကို ဘယ်သူတွေအတွက် ဟောတာလဲ

ခန္ဓာငါးပါးကို ဘုရားဟောတော်မူခဲ့တယ်။ ရုပ်ဝါဒီ၊ နာမ်ဝါဒီဆိုပြီး ကမ္ဘာပေါ်မှာ အခုမှ ရှိတာ မဟုတ်ပါဘူး၊ အဲဒီခေတ်ကထဲက တချို့တလေ ရုပ်ဝါဒီတွေရှိတယ်၊ တချို့တလေ နာမ်ဝါဒီတွေ ရှိတယ်။ ရုပ်ကလဲ အရေးကြီးတယ်ဆိုတဲ့ ဂိုဏ်းသမားတွေ, ပညာရှင်တွေ, ပါရဂူတွေကလဲ ဘုရားလက်ထက်ကထဲက ရှိခဲ့တာပဲ။ ဘုရားလက်ထက်ကတော့ ပါရဂူလို့ မခေါ်ဘူး၊ ဘုရားလို့ ခေါ်တာပဲ၊ သူတို့လဲ ဘုရားပဲ။ ရုပ်အရေးကြီးတယ်ဆိုပြီး ရုပ်ကိုပဲ လိုက်ဟောနေတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ နာမ်ဝါဒီသမားတွေကလဲ နာမ်ပဲ အရေးကြီးတယ်ဆိုပြီး ဟောနေတဲ့ ပါရဂူတွေ ဘုရားတွေ ရှိတယ်။

တရားဟောခဲ့တဲ့အခါ မြတ်စွာဘုရားက ပရိသတ်ကို ကြည့်ဟောတာ၊ ခန္ဓာငါးပါးကို ဟောတာက ပရိသတ်ထဲမှာ ရုပ်ဝါဒီတွေ များသလား၊ နာမ်ဝါဒီတွေ များသလား၊ ခန္ဓာငါးပါးမှာ ဘယ်ခန္ဓာတွေက များနေသလဲ။ နာမ်ခန္ဓာတွေက များနေတယ်။ ဘုရားလက်ထက်က နာမ်ဝါဒီသမားတွေက အထက်တန်းစား တော်တော်ကျတယ်။ သူတို့က ဈာန်တွေ၊ အဘိညာဉ်တွေ ဘာတွေ ရချင်ရနေတော့ လူဟာ ဒီဘဝကနေ နောက်ဘဝကို ပြောင်းတယ်လို့ ယူဆရင် ဘာပြောင်းတယ်လို့ ထင်သလဲ။ ရုပ်ပြောင်းတယ်လို့ ယူဆသလား၊ နာမ်ပြောင်းတယ်လို့ ယူဆသလား။ ဝိညာဉ်ဟာ တစ်ဘဝက တစ်ဘဝကို ပြောင်းနေတယ်လို့ အခုခေတ် ဗုဒ္ဓဘာသာတွေလဲ မယူဘူးလား၊ ယူပါတယ်။ အလှူ လှူတဲ့အခါမှာ ဘဝဆက်တိုင်း နိဗ္ဗာန်မရောက်မီ စပ်ကြား ဘာဖြစ်ရပါလို၏လို့ တောင်းလိုက်တဲ့ ဆုတွေက အများကြီးပဲ။ ဆွမ်းတော်တင်တော့ ငှက်ပျောသီးလေး တစ်လုံးထဲ၊ တောင်းလိုက်တာက စကြဝတေးမင်းရော၊ မန္ဓတ်မင်းရော၊ ဘာရော၊ ညာရော စုံနေတာပဲ။ ပါးစပ်က ရထားတာတွေ အကုန် လျှောက်ဆိုတာပဲ။

ဆုတောင်းတယ်ဆိုတာ ကိုယ်လိုချင်တာ တောင်းရတယ်၊ ပါးစပ်က ရထားတာတွေ ဘာလို့ လျှောက်တောင်းရတာလဲ၊ ဒီဘဝမှာ ကိုယ်အရာရှိကြီး ဖြစ်ချင်တယ်ဆိုရင် ဘာအရာရှိကြီး ဖြစ်ပါစေ၊ ဒီလို တောင်းလိုက်ပေါ့။ ဆရာဝန်၊ ဆရာဝန်မကြီး ဖြစ်ချင်တယ်ဆိုရင် ဒီဘဝမှာ ငှက်ပျောသီး လှူရသော ကောင်းမှုကြောင့် မသေခင် စပ်ကြားမှာ ဆရာဝန်ကြီးဖြစ်ပါစေ၊ ဒါမှမဟုတ်လို့ ရှိရင်လဲ စာပေပါရဂူကြီး ဖြစ်ပါစေ၊ ကိုယ်လိုချင်တာ တောင်းပေါ့။ အခုတော့ သူများ ရေးထားတဲ့ ဆုတောင်းတွေ ကျက်ပြီး စကြဝတေးမင်း၊ မန္ဓာတ်မင်း ဘာညာ မင်္ဂ ဖိုလ် နိဗ္ဗာန်မရမီ စပ်ကြား ဘယ်လို ညာလို စုံနေတာပဲ တောင်းလိုက်တာ။ ကိုယ်လိုချင်တာလဲ မဟုတ်ဘဲနဲ့ လျှောက်တောင်းနေတယ်။

ကိုယ့်စိတ်ကို မေးကြည့်၊ မင်း ဘာလိုချင်သတုံး၊ ဒီဘဝမှာ ဘာဖြစ်ချင်သတုံး၊ နောက်ဘဝ ဘာတွေ ဖြစ်ချင်သတုံး၊ ကိုယ်ဖြစ်ချင်တာ ကိုယ်တောင်းပေါ့။

ကိုယ်လိုချင်တာ ဆုတောင်းတာကို မှန်တယ်-မှားတယ်လို့ ဘယ်သူမှ လာပြီးတော့ ပြောနိုင်တာ မဟုတ်ဘူး၊ ကိုယ်လိုချင်တာကို တောင်းတာပဲ။ ကိုယ်လှူတဲ့ ကုသိုလ်စေတနာက အကျိုးပေးတယ်ဆိုတာ ကိုယ်က ယုံကြည်ချက် သဒ္ဓါ ရှိပြီးသား ဖြစ်လို့ ဆုတောင်းတာပဲ။ ဆုတောင်းတိုင်း ရပါတယ်။

အဲဒါကြောင့်မို့လို့ ခန္ဓာငါးပါးကို ဟောရတဲ့ ပရိသတ်က နာမ်ဝါဒသမား တွေ ဖြစ်တယ်၊ နာမ်ဝါဒသမားတွေ များတယ်။ သူတို့က တစ်ဘဝက တစ်ဘဝကို ပြောင်းနေတယ်တဲ့၊ အဲဒီတော့ တစ်ဘဝက တစ်ဘဝကို ပြောင်းပြီးတော့ နေတယ်ဆိုတဲ့ ယုံကြည်ချက် အယူဝါဒရှိတဲ့ ပုဂ္ဂိုလ်တွေက များတော့ ဘုရားက ခန္ဓာငါးပါးထဲမှာ နာမ်ဆိုဘာဟာ ဘယ်မှာရှိသတုံး၊ မင်းတို့ ခန္ဓာထဲမှာ ရှိတယ်၊ ဝေဒနာ=ခံစားမှုဆိုတာ မင်းတို့ ခန္ဓာကိုယ်မှာ ရှိတယ်၊ မှန်ပါ၊ တပည့်တော်တို့ ခန္ဓာကိုယ်ထဲမှာ ရှိပါတယ်၊ တပည့်တော်တို့ ခံစားတယ်။ မင်းတို့ ခန္ဓာထဲမှာ မှတ်တယ်ဆိုတဲ့ သညာရှိတယ်။ မင်းတို့ ခန္ဓာထဲမှာ သင်္ခါရရှိတယ်။ ဘာလုပ်ချင်တယ်, ဘာလုပ်မယ်ဆိုတဲ့ စေတနာ စေ့ဆော်မှု စေတနာသင်္ခါရ ရှိတယ်။ မင်းတို့ ခန္ဓာထဲမှာ သိတာကော မရှိဘူးလား၊ ရှိတယ်၊ အဲဒီလေးခုကို အကုန်လုံး ဝန်ခံတယ်၊ အဘိဓမ္မာ မသင်ဘူးလဲ ဉာဏ်နဲ့ရှိတယ်ဆိုရင် ဒါက သိတယ်။ ခန္ဓာကိုယ်ထဲမှာ ဝေဒနာဆိုတာ ကိုယ်တိုင်ဖြစ်နေတဲ့ ဝေဒနာပဲ၊ အမလေး နာလိုက်တာ၊ အမလေး ကောင်းလိုက် တာ၊ ဒါ နေ့တိုင်း ပြောနေကြတာပဲ။ ဝေဒနာကို ပြောနေကြတာပဲ၊ ဘာက မှတ်သလဲ၊ သညာက မှတ်တယ်၊ သညာတွေရှိတာ လူတိုင်း သိနေတာပဲ။ သင်္ခါရဆိုတာ ဘာလုပ်ချင်တယ်, ညာလုပ် ချင်တယ်ဆိုပြီး လျှောက်လုပ်နေတာပဲ။

### ဒီဘဝက ဝိညာဉ် ဟိုဘဝ ပြောင်းနိုင်သလား

အဲဒီတော့ ဒီနာမ်တရား လေးပါးဟာ တစ်ဘဝက တစ်ဘဝကို ပြောင်းပြီး တော့ နေတယ်လို့ သုတ္တန်နည်းနဲ့ ဟောပြောနိုင်တာပဲ။ ဗုဒ္ဓဘာသာမှာ ပထမ အခြေခံဆိုရင် သုတ္တန်နည်းနဲ့ တစ်ဘဝက တစ်ဘဝ ပြောင်းနေတယ်ဆိုတာဟာ

မိစ္ဆာဒိဋ္ဌိ မဟုတ်ဘူး၊ ဒါ သဿတဒိဋ္ဌိလို့ ခေါ်ပါတယ်၊ အပါယ်ကို တိုက်ရိုက် ရောက်စေတဲ့ ဒိဋ္ဌိမဟုတ်ဘူး၊ ဒီလိုယူတာက ဒိဋ္ဌိတော့ ဒိဋ္ဌိပဲ။ မဂ် ဖိုလ် နိဗ္ဗာန်ရမဲ့ လူတွေအတွက်သာ ဒီအယူက မဂ် ဖိုလ် နိဗ္ဗာန် မရနိုင်တာ။ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာထိအောင် ကုသိုလ်ကောင်းမှုတွေ လုပ်လို့ရှိရင် ဒီလို ခံယူထားပေမဲ့ ရောက်နိုင်တာပဲ။ တစ်ဘဝက တစ်ဘဝ ပြောင်းတယ်၊ ပုဂ္ဂိုလ်, သတ္တဝါ ရှိတယ်၊ ဗုဒ္ဓဘာသာ ပထမအဆင့်မှာ ဒီလိုပဲ ယူရတာပဲ။

အခုခေတ်မှာ တစ်ဘဝက တစ်ဘဝကို ပြောင်းတယ်လို့ မယူတဲ့ လူတွေက များနေတယ် မဟုတ်လား။ အဲဒီလူတွေက အားလုံး ဥစ္ဆေဒဒိဋ္ဌိတွေ၊ သေပြီးရင် ပြတ်တာပဲ၊ တစ်ဘဝစံ၊ နောက်ဘဝ ဘာမှ ဖြစ်တာ မရှိဘူးဆိုတဲ့ အဲဒီလူတွေက များနေတာ။ ဟိုခေတ်ကတော့ သေပြီးရင် လူဟာ မကောင်းတာတွေ လုပ်လို့ ရှိရင် ငရဲကျမယ်၊ ကောင်းတာတွေ လုပ်လို့ရှိရင် ကောင်းရာ သွားမယ်လို့ ယူဆတဲ့ ကမ္မဝါဒီ အယူဝါဒရှိတဲ့ ပုဂ္ဂိုလ်တွေကို ဝိပဿနာတရား ဟောချင်တဲ့ အခါကျတော့ ခန္ဓာငါးပါး ဟောတယ်။

ခန္ဓာငါးပါး ဟောတဲ့အခါကျတော့ ခန္ဓာထဲမှာ ဝေဒနာရယ်, သညာရယ်, သင်္ခါရရယ်, ဝိညာဉ်ရယ်, ဒီလေးခုရှိတာ သူတို့ သိတယ်။ ဒီခံစားတယ်ဆိုတဲ့ ဝေဒနာစေတသိက်ကို ပြန်စဉ်းစားကြည့်စမ်း၊ ဒီချမ်းသာကို ခံစားနေတဲ့ လူဟာ အမြဲ ခံစားနေတာလား။ မနက်တုန်းက ထိုင်ငိုနေတာ၊ အဲဒီအခါမှာ ဘာဝေဒနာ တုံး၊ ဒုက္ခဝေဒနာ ဖြစ်တယ်။ နေ့လယ်ကျတော့ ရုပ်ရှင်ရုံထဲမှာ ပျော်နေတယ်၊ ဒါက သုခဝေဒနာဖြစ်တယ်။ ဝေဒနာဟာ မြဲသလား၊ မမြဲပါဘူး။ ဝေဒနာဟာ ခန္ဓာကိုယ်ထဲမှာ အမြဲ ရှိနေသလားဆိုရင် မရှိဘူးဆိုတာ ထင်ရှားနေတာပဲ။ ဝေဒနာကို ကြည့်ရင်လဲ အမြဲ မရှိပါဘူးတဲ့။ ဒါ အနိစ္စထင်အောင် ပြောလိုက် တာပဲ။

တိုက်နဲ့, မော်တော်ကားနဲ့, ဘာနဲ့ ဟို သုံးထပ်တိုက်ကြီးပေါ်မှာ လင်နဲ့ မယားနဲ့ ရန်ဖြစ်နေတာ မရှိဘူးလား၊ ရှိပါတယ်၊ ဘယ်လောက် ချမ်းသာနေနေ

သူ့မှာ သုခဝေဒနာ ရှိချင်မှ ရှိတာ။ သူ့မှာ ဒုက္ခဝေဒနာ ဖြစ်ချင်ဖြစ်နေတာ၊ အဲဒီတော့ ဝေဒနာဆိုတဲ့ ချမ်းသာတယ် ဆင်းရဲတယ်ဆိုတာဟာ ဒီခန္ဓာကိုယ်ထဲမှာ အမြဲရှိသလား၊ မရှိပါဘူးတဲ့။ အဲဒီတော့ ဝေဒနာဟာ ဒီဘဝမှာမှ အမြဲ မရှိရင် နောက်ဘဝကိုရော ရောက်ပါ့မလား၊ မရောက်ပါဘူး။ မနက်က ဝေဒနာဟာ နေ့လယ်မှာ ရှိသေးရဲ့လား၊ မရှိပါဘူး။ အပြင်ဘက် လမ်းလျှောက်ထွက်ရင် မမောဘူးလား၊ နေကလဲ ပူတယ်၊ မိုးကလဲ ရွာတယ်၊ ဘာဝေဒနာ ဖြစ်လာတုံး၊ ဒုက္ခဝေဒနာ ဖြစ်တာပဲ။ အိမ်မှာ ထိုင်နေပြီး တရားသံတွေ ဘာတွေ နားထောင်နေတော့ ဘာဝေဒနာဖြစ်တုံး၊ သုခဝေဒနာ ဖြစ်တာပဲ။ ဒါ တရားသံတွေ နားထောင်ချင်တဲ့ လူက သုခဝေဒနာပဲ။ ဒီဆရာတော် တော်တော် စကားများတယ်၊ လေရှည်တယ်၊ ညောင်းလာပြီဆိုတဲ့ လူကျတော့ ဘာတွေ ဖြစ်နေမတုံး။ ဒုက္ခဝေဒနာ ဖြစ်မယ်၊ အဲဒီတော့ ထိုင်နေတာချင်း တူပေမဲ့ ဝေဒနာက မတူဘူး။

အဲဒါကြောင့်မို့လို့ မြတ်စွာဘုရားက ဝေဒနာဟာ မမြဲပါဘူးတဲ့။ မင်းတို့ ဝေဒနာကို ခန္ဓာကိုယ်ထဲမှာ နေပါလို့ သုခဝေဒနာလေး အမြဲနေပါလို့ ဆွဲထားလို့ ရမလား၊ မရပါဘူးတဲ့။ မရဘူးဆိုတာက မပိုင်လို့ပေါ့။ ဒီဝေဒနာဆိုတာကို ဘယ်သူဌေးမှလဲ မပိုင်ဘူး၊ ဘယ်ဆင်းရဲသားမှလဲ မပိုင်ဘူး။ သူတောင်းစားမှာလဲ တောင်းလို့ရတော့ သစ်ပင်အောက်မှာ ခွက်ကလေးနှစ်ခွက်ကိုင်ပြီး သူ့သား သမီးတွေ ဘာတွေနဲ့ စိတ်ချမ်းသာတဲ့အခါ မရှိဘူးလား၊ ရှိပါတယ်။ သူတောင်းစားမှာလဲ သုခဝေဒနာ ဖြစ်တာပဲတဲ့။

အဲဒီတော့ ကိုယ့်ခန္ဓာထဲမှာ သုခဝေဒနာလေး အမြဲနေပါလို့ ဆွဲထားလို့ မရတာဟာ ဘာသဘောတုံး၊ ကိုယ်မပိုင်လို့ပဲ၊ အဲဒါ အနတ္တပဲ၊ အတ္တ မဟုတ်ဘူး။ အတ္တဆိုရင် ကိုယ်ပိုင်တယ်၊ ကိုယ်က ချမ်းသာတဲ့အခါရှိတယ်၊ သိပ်ချမ်းသာတဲ့ အခါလေးမှာ သုခဝေဒနာဖြစ်နေတယ်။ အဲဒီဝေဒနာလေးပဲ ငါ့သန္တာန်မှာ အမြဲ နေပါဆိုလဲ နေမလား၊ မနေပါဘူး။ အမိန့်ပေးလို့လဲ မရဘူး၊ ဘယ် ရှင်ဘုရင်က အမိန့်ပေးလို့ ရမလဲ၊ ဘယ်အာဏာရှင်မှ အမိန့်ပေးလို့ မရဘူးတဲ့။ ဘယ်လောက် တန်ခိုးကြီးတဲ့ လူကကော အမိန့်ပေးလို့ ရမလား၊ မရဘူးတဲ့။ ဒီဝေဒနာက ဖြစ်ပြီးရင် ပျက်သွားမှာပဲတဲ့၊ အဲဒီတော့ ဝေဒနာ မမြဲတာလဲ သိပြီနော်။

ကဲ သညာကော မြဲရဲ့လားတဲ့၊ မမြဲပါဘူး။ တစ်ယောက် တစ်မျိုးစီပေါ့လေ။ ကျောင်းသွားတဲ့ လူကလဲ ကျောင်းမှာ ကိုယ့်ဘာသာရပ်နဲ့ကိုယ် မှတ်နေကြတယ်။ လမ်းထဲမှာ တွေ့တာတွေ အကုန်လျှောက် မှတ်သွားမယ်။ ဒီသစ်ပင်က ဘယ်လောက် မြင့်တယ်၊ ဒီမော်တော်ကားကြီးက မကောင်းဘူး၊ တွေ့တာတွေ လျှောက်မှတ်မှာပဲ။ အဲဒီတော့ သညာကလဲ တစ်ခါပြီး တစ်ခါ၊ တစ်ခါပြီးတစ်ခါ ဖြစ်ပျက်-ဖြစ်ပျက်ပြီးနေတော့ မြဲရဲ့လား၊ မမြဲဘူး။ ဆွဲထားလို့ကော ရရဲ့လား၊ မရဘူးတဲ့။ ပိုင်ရဲ့လား မပိုင်ဘူးတဲ့။ အနိစ္စနဲ့ အနတ္တကတော့ ထင်အောင် ပြောရင် လွယ်တယ်။ ဒုက္ခက နဲနဲအပြောရ ခက်တယ်၊ မမြဲတာကို သိတယ် ဆိုလို့ရှိရင် ဒုက္ခကိုလဲ သိလို့ရပါတယ်။

## ဆန္ဒမထေရ်နဲ့ ဝိပဿနာတရား

ဒါကြောင့်မို့လို့ ဘုရားအလောင်းနဲ့ အတူတူ ထွက်တာ ဘယ်သူတုံး၊ မြင်းကို အမြီးဆွဲလိုက်တာ ဘယ်သူတုံး၊ ဆန္နအမတ် မဟုတ်လား၊ သင်္ကန်းဝတ်တဲ့ အခါကျတော့ ဆန္နမထေရ် ဖြစ်ပါတယ်။ ဘုရားလက်ထက်ကတော့ တကယ့် ထိပ်တန်း မင်းညီမင်းသားတွေဟာ ဘုရား ရဟန်းပြုတယ်ဆိုတော့ အတုလိုက်ပြီး အကုန် ရဟန်းပြုကြတယ်။ ဒါကြောင့်မို့လို့ လူငယ်တွေဆိုတာက ရပ်ကွက်ထဲက ခေါင်းဆောင်ပေးဖို့ အရေးကြီးတယ်။ ရပ်ကွက်ထဲက နဲနဲ နာမည်ရှိတဲ့ တော်တဲ့ လူငယ်တွေက ကောင်းတာ လုပ်လို့ရှိရင် ဒီ့ပြင် လူငယ်တွေက အဲဒီလူငယ်တွေ လုပ်တာ လိုက်လုပ်မှာပဲ။

မိန်းကလေးတွေလဲ ဒီအတိုင်းပဲ။ တကယ့် အထက်တန်းစား ဖြစ်တဲ့ မိန်းကလေးတွေက ကောင်းတာ လုပ်တယ်ဆိုလို့ရှိရင် ဒီ့ပြင် မိန်းကလေးတွေက သူတို့ကို အတုယူပြီး အကုန်လုပ်တာပဲ။ အတုလိုက်တယ် ဆိုတာက လူရဲ့ သဘောတရားပဲ။ နိုင်ငံရေးလုပ်တဲ့အခါမှာ ဒါ သိပ်အရေးကြီးတယ်။ ကောင်းတဲ့ လူတစ်စုက ကောင်းတာ လုပ်ပေးလို့ရှိရင် လူငယ်တွေဟာ ကောင်းတာ လိုက် လုပ်တာပဲ။ ကောင်းတဲ့ လူက အယောင်ပြပေးရမယ်။

အဲဒါကြောင့်မို့လို့ ဘုရားလက်ထက်က အတုလိုက်ပြီးတော့ ထိပ်တန်းသားသမီးတွေက ရဟန်းပြုကြတာကို။ အဲဒီတော့ ဆန္နလဲ ရဟန်းပြုတာပဲ။ သူက ဘုရားနဲ့ အတူတူ တောထွက်တုန်းက ပါလာတယ်။ ဘုရားနဲ့ သိပ်ရင်းနှီးတဲ့ လူ ဖြစ်နေတယ်မဟုတ်လား။ တောထွက်တုန်းက အတူတူ ပါတယ်။ ဒါ ငါ့ဘုရား၊ ဒါ တို့ဘုရားတဲ့။ ဘယ်အချိန်မဆို သူ တရားရချင်ရင် အလွယ်လေးပဲ၊ ဘုရားက သူ့ဘုရားကို။ အဲဒီလို ဖြစ်နေတော့ ဘုရားက ဆန္နကို တရားဟောရင် အနိစ္စရယ်, အနတ္တရယ် ပြောလို့တော့ ရတယ်၊ သူ့ကို ဒုက္ခလို့ ဟောလို့ မရဘူး။ မြတ်စွာဘုရားက သူဟောရင် မရဘူးဆိုတာကို သိတယ်။

ဒါကြောင့်မို့လို့ တရားဆိုတာ ဟောဝိုင်းရတာ မဟုတ်ဘူး။ အခုရှိတဲ့ ဘုန်းကြီးတွေ, ဆရာတွေမပြောနဲ့၊ ဝိပဿနာ မဂ်ဖိုလ် နိဗ္ဗာန်တရားဆိုတာက မြတ်စွာဘုရားသော်မှ ဟောလို့ မရတဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိတယ်။ ဒါလောက် ရင်းနှီးတဲ့ ဆန္နကို ဘုရား မဟောပါဘူး။ ရဟန်းလဲ ဝတ်နေတယ်။ မြတ်စွာဘုရား အနားမှာလဲ အမြဲနေတယ်။ သူ့ကို တရား မဟောဘူး၊ ဟောရင် ရမှာမဟုတ်ဘူး၊ သူက ဒီအနတ္တသဘောတရားကို လက်မခံနိုင်ဘူး။ မြတ်စွာဘုရားက ပရိနိဗ္ဗာန် မစံခင် ဆန္နကို ဘာလုပ်ပစ်ခဲ့သလဲဆိုတော့ ဗြဟ္မဒဏ် ပေးခဲ့တယ်တဲ့၊ ဗြဟ္မဒဏ် ပေးခဲ့တယ်ဆိုတာက ဒဏ်ပေးတာပါပဲ။

အခုခေတ်မှာလဲ ကျောင်းတွေမှာ ဒဏ်ပေးတယ်မဟုတ်လား။ ကျောင်းသူကျောင်းသားတွေ ဘယ်လိုဖြစ်ရင် ဒဏ်ပေးမယ်၊ ဘယ်လိုလုပ်ရင် ဒဏ်ပေးမယ်လို့ ရှိတယ်မဟုတ်လား၊ ဗြဟ္မဒဏ် ပေးတယ်ဆိုတာ ဗြဟ္မ က မြတ်တယ်လို့ အဓိပ္ပာယ်ရှိတယ်။ ဆိုးဆိုးရွားရွား ဒဏ်ပေးတဲ့နည်း၊ ကောင်းကောင်းဒဏ်ပေးတဲ့နည်းဆိုပြီး ဒဏ်ပေးနည်းက ၂-မျိုးရှိတယ်။ အဓိပ္ပာယ် တစ်ခု "ရေဘယ်နှစ်ပုံးထမ်းရမယ်၊ မြက်ကို ဘယ်လို ရိတ်ရမယ်"ဆိုတဲ့ ပေးတဲ့ဒဏ်တွေဟာ ဒါနဲ့နဲ နိမ့်ကျတယ်၊ သူဒုက္ခရောက်အောင် ပေးတဲ့ ဒဏ်ပဲ။ "မင်း ဒီနေ့ တစ်နေ့လုံး စာထိုင်ကျက်ရမယ်"ဆိုပြီး ပေးတဲ့ ဒဏ်မျိုးကျတော့ မြတ်တဲ့ ဒဏ်ဖြစ်လို့ ကောင်းတဲ့ ဒဏ်ပဲ။

မြတ်စွာဘုရားက ဆန္နမထေရ်ကို ဗြဟ္မဒဏ် ပေးတယ်ဆိုတာက ငါမရှိတဲ့ နောက်မှာ ဆန္နမထေရ်ကို ဘယ်ရဟန်းမှ မဆုံးမကြနဲ့၊ သူ နေချင်သလို နေပစေ၊ သူ ပြောချင်သလို ပြောပစေ၊ သူ လုပ်ချင်သလို လုပ်ပစေလို့ ဒဏ်ပေးတယ်။ ဒါ ဒဏ်ပေးတာပဲ၊ ခုခေတ် မိဘက ဆိုးတဲ့ သားသမီးတွေကို သူ့ဦးကြီး–ဦးလေး တွေကကော, ရပ်ကွက်ကကော "သူလုပ်ချင်ရာ လုပ်ပစေ၊ ဘယ်သူမှ မဆုံးမနဲ့" ဆိုလို့ရှိရင် ဘယ်နဲ့နေမတုံး။ ခုခေတ် သားသမီးတွေကတော့ သိပ်သဘောကျမယ်နဲ့ တူတယ်၊ အဲဒါ ဒဏ်ပေးတာ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး မရှိတဲ့နောက်ကျတော့ ဆန္နမထေရ်မှာ အားကိုးရာ မရှိတော့ဘူး။ သူ့ကို ဘယ်သူမှ ဆုံးမမယ့်လူ ပြောဟောမယ့်လူ မရှိတော့ဘူး။ မရှိတော့ ဆန္နရဟန်းက တစ်ကျောင်းပြီး တစ်ကျောင်း လျှောက်ပြီးတော့ မေးတယ်၊ မေးတော့ သူ့ကို ဘယ်ရဟန်းမှ သိပ်ပြီးတော့ အဖက်လုပ် မပြောကြဘူး။ မြတ်စွာဘုရားက ပညတ်ခဲ့တာကိုး။ မြတ်စွာဘုရားက ဗြဟ္မဒဏ် ပေးထားတာပဲ။ ဒါကြောင့် သူ့ကို ဘယ်သူကမှ အဖက်လုပ်ပြီးတော့ ဆုံးမမယ့်လူ မရှိဘူး၊ သူမေးလဲ မပြောကြဘူး။ နောက်ပိတ်ဆုံးကျတော့ အရှင်အာနန္ဒာနဲ့ သူက ရင်းနှီးတာကိုး။ အရှင်အာနန္ဒာကို ငါ မေးရင်တော့ ပြောမှာပဲဆိုပြီး ဆန္နက အရှင်အာနန္ဒာကို "အခု တပည့်တော် တရား ရချင်ပါတယ်၊ တပည့်တော် သဘောပေါက်အောင် တရားပေါက်အောင် အရှင်ဘုရား တပည့်တော်ကို တရားဟောပြပါတဲ့"။

အရှင်အာနန္ဒာက စဉ်းစားတယ်၊ သူ့မာနတွေလဲ ကျကုန်ပြီ၊ တစ်ခါမှ မပြောဘူးတဲ့ စကားတွေ သူလာပြီး ဝန်ချပြီးတော့ ပြောနေပြီ၊ အဲဒီတော့ သူ့ကို ဒီအချိန်မှာ တရားဟောရင် တရားရနိုင်တယ်ဆိုပြီး မြတ်စွာဘုရားဟောတဲ့ တရားတွေထဲက ဆန္နနဲ့ ကိုက်ညီမဲ့ တရား စဉ်းစားကြည့်တဲ့အခါမှာ သံယုတ် တရားတွေထဲက ကစ္စာနဂေါတ္တသုတ်ကို သွားတွေ့တယ်။ ကစ္စာနဂေါတ္တသုတ် ဆိုတာ ရှင်ကစ္စည်းမထေရ်ကို မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ဟောခဲ့တဲ့ သုတ်ပဲ။ ဒီသုတ်ကို အရှင်အာနန္ဒာက ဟောပြတော့ ဆန္နမထေရ်ဟာ တရားပေါက်သွားတယ်။

# အာယတန (၁၂) ပါး တရားတော်

အာယတနဆိုတဲ့ ပါဠိကို မြန်မာလို အမျိုးမျိုး ပြန်ကြတယ်။ အမှန်ကတော့ အာယတနဆိုတာ နေရာပါပဲ။ နေရာဆိုတာ အမှန်ကတော့-အိမ်တို့, ကျောင်းတို့, ရွာတို့ ဒါတွေဟာ နေရာတွေပဲ။ အဲဒီတော့ အာယတနကို ရွာလို့လဲ ပြန်လို့ ရတယ်။ အိမ်လို့လဲ ပြန်လို့ ရတယ်။ မြို့လို့လဲ ပြန်လို့ ရတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ နေရာလို့ ပြောတာကိုး။ နေစရာနေရာဆိုတော့ အိမ်မှာလဲ နေလို့ရတာပဲ။ ရွာမှာလဲ နေရတာပဲ။ မြို့မှာလဲ နေကြတာပဲ။

အဲဒါကြောင့်မို့ ရှေးက အဘိဓမ္မာတတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေကတော့ အာယတနကို ရွာလို့ ဘာသာပြန်တယ်။ ပါဠိကျမ်းဂန်တွေမှာကျတော့ အာယတနကို ၄က်တွေနေတဲ့ နေရာလို့လဲ ဘာသာပြန်ကြတယ်။ နောက်ပြီးတော့ နတ်ကွန်းကိုလဲ အာယတနလို့ ခေါ်တာ ရှိပါတယ်။

အာယတန (၁၂) ပါးမှာ ရုပ်တွေက များတယ်။ ခန္ဓာငါးပါးမှာတော့ နာမ်က များတယ်။ တရားနာတဲ့ ပုဂ္ဂိုလ်တွေက ရုပ်ဝါဒသမားတွေလဲ ရှိတယ်၊ နာမ်ဝါဒသမားတွေလဲ ရှိတယ်။ နာမ်ဝါဒသမားတွေကို မဂ် ဖိုလ် ရဖို့အတွက် ခန္ဓာ (၅)ပါးကို ဝိပဿနာ ရှုခိုင်းတယ်။ ခန္ဓာ (၅)ပါးမှာ နာမ်ခန္ဓာ (၄)ပါး တောင် ပါတယ်။ အဲဒီတော့ နာမ်ခန္ဓာ (၄) ပါးမှာ ဝေဒနာကို ရှုခိုင်းတယ်။ သညာကို ရှုခိုင်းတယ်။ သင်္ခါရကို ရှုခိုင်းတယ်။ ဝိညာဉ်ကို ရှုခိုင်းတယ်။ နာမ်မှာ ဝိပဿနာရှုမယ်ဆိုရင် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဒီလေးခုကိုပဲ ရှုရတယ်။ အဲဒီလေးခုကို ရှုလိုက်တဲ့အခါ နာမ်ဝါဒသမားတွေဟာ သဿတဒိဋ္ဌိ ဖြစ်နေတဲ့အတွက် နာမ်ဟာ မြဲတယ်ဆိုတဲ့ အယူကနေ နာမ်တရားတွေ မမြဲဘူးဆိုတာ သိသွားတယ်။ သူတို့လဲ တရားပေါက်သွားကြတာပေါ့။

အဲဒီတော့ နာမ်ဝါဒသမားတွေအတွက် ခန္ဓာငါးပါးကို မြတ်စွာဘုရား ဟောပြီးတော့ တချို့ပရိသတ်ကြတော့ ရုပ်ဝါဒသမားတွေ ရှိတာကိုး။ အဲဒီ ရုပ်ဝါဒသမားတွေ အတွက်ကျတော့ ရုပ်တွေကို အကျယ်ချဲ့ပြီးတော့ ဟောတယ်။

စက္ခာယတနဆိုတာ ရုပ် (၂၈) ခုထဲက စက္ခုပသာဒ ရုပ်ပေါ့။ ပသာဒရုပ် (၅) ခု ရှိတယ်။ ဒွါရ (၆) ပါးနဲ့ အာယတန (၆) ပါးဟာ (၆) ပါးချင်းကတော့ တူတာပဲ။ အဲဒီတော့ စက္ခုဒွါရဆိုတာ စက္ခုပသာဒကိုပဲ ခေါ်တာပါ။ စက္ခာယတနဆိုတာလဲ စက္ခုပသာဒကို ခေါ်တာပဲ။ မြန်မာလိုကတော့ မျက်စိပဲ။ အဘိဓမ္မာ စာတွေ ကျက်မှတ်တယ်ဆိုတာက စာချည်းပဲ ကျက်မှတ်နေလို့ မရဘူး။ ကိုယ့်ခန္ဓာကို မှတ်သားလို့ရှိရင် ပြီးတာပဲ။ စက္ခာယတနဆိုတာ မျက်စိကို ခေါ်တာပဲ။ ဒီမျက်စိထဲမှာ စက္ခုပသာဒ ရှိတာပဲ။ ဒီမျက်စိ တစ်ခုလုံးကို စက္ခာယတနလို့ ခေါ်လို့ရတာပဲ။ ဘာဖြစ်လို့ သူ့ကို စက္ခာယတန ခေါ်သလဲဆိုရင် ပါဠိမှာ စက္ခုက မျက်စိပဲ။ အာယတနက အိမ်ပဲ။ စက္ခုရယ် အာယတနရယ် နှစ်ခုပေါင်းလိုက်တော့ စက္ခာယတနလို့ ဒီလိုဖြစ်တာ။ စက္ခုပသာဒနေတဲ့ နေရာလေးကို စက္ခာယတနလို့ ခေါ်လိုက်တာပဲ။

သောတယတနဆိုတာက သောတပသာဒရုပ်။ အဲဒီတော့ သောတပသာဒ ရုပ်က နားထဲမှာ ရှိတာပဲ။ အဲဒီ သောတပသာဒရုပ်ရဲ့ နေရာကို သောတာယတန လို့ ခေါ်လိုက်တာပဲ။

ဃာနာယတနဆိုတာက ဃာနပသာဒရုပ်။ အဲဒီတော့ ဃာနပသာဒဆိုတာ အနံ့ကို နံနိုင်တဲ့ သဘောတရားရှိတော့ ရုပ်ဟာ ဒီနှာခေါင်းထဲမှာ ရှိတယ်။ ဒီဃာနပသာဒနေတဲ့ နေရာမို့လို့ ဃာနာယတနလို့ ခေါ်တာ။ အဲဒီတော့ ဃာနာယတနနဲ့ ဃာနဒွါရ အတူတူပဲ။

နောက်ပြီးတော့ ဇိဝှါယတနဆိုတာ ဇိဝှါပသာဒ ရုပ်ပဲ။ လျှာအလယ်ခေါင် မှာရှိတဲ့ ပသာဒရုပ်ကလေးဟာ အချို၊ အချဉ်၊ အငန်အစရှိတဲ့ အရသာတွေကို သိတယ်။ အဲဒီပသာဒရုပ်ကလေးရဲ့ နေရာဖြစ်လို့ ဒီလျှာကို ဇိဝှါယတနလို့ ခေါ်တာပဲ။

ကာယာယတနဆိုတာ ကာယပသာဒရုပ်။ ဒီခန္ဓာကိုယ်ထဲမှာ ထိတာကို ကြမ်းတယ် နုတယ်လို့ သိတဲ့ ပသာဒရုပ်ရှိတယ်။ အဲဒီ ပသာဒရုပ်ရဲ့ နေရာမို့လို့ ကာယာယတနလို့ ခေါ်တာ။ အဲဒီတော့ ပသာဒရုပ်ဟာ ရုပ် (၂၈) ပါးထဲမှာ (၅)ခု ရှိတယ်။ ဒီပသာဒရုပ် (၅) ခုကိုပဲ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန ဆိုပြီးတော့ မြတ်စွာဘုရားက ဟောတယ်။ လူမှာ ဒါတွေဟာ အရေးကြီးဆုံးပဲ။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတဲ့ ဒီပသာဒရုပ် (၅) ခုဟာ လူမှာ တန်ဖိုး အကြီးဆုံးပဲ။

ဒီစက္ခုပသာဒဆိုတဲ့ မျက်စိဟာ ဘယ်လောက် တန်ဖိုးရှိသလဲလို့မေးရင် တန်ဖိုး မဖြတ်နိုင်ပါဘူး။ မျက်စိတစ်လုံး ကန်းသွားလို့ရှိရင် ပိုက်ဆံရှိရင် ရှိသလောက် ပေးပြီး ကုမှာပဲ။ ငွေဆယ်သိန်းရှိတဲ့သူ-မျက်စိ တစ်လုံးကန်းသွားတဲ့ အခါ ခင်ဗျားမျက်စိ အကောင်းပြန်တပ်ပေးမယ်။ ငါးသိန်း ပေးပါဆိုရင် ပေးမှာပဲ။ လူမှာ အသုံးချနေတဲ့ အရေးကြီးတဲ့ ရုပ်တွေဟာ ပသာဒရုပ် (၅)ခုပဲ။

ဒါကြောင့်မို့ မြတ်စွာဘုရား တရားဟောလို့ နာကြားရတဲ့အခါမှာ ပသာဒရုပ် (၅) ပါးဟာ အရေးတကြီး အသုံးဝင်ပုံဟာ အင်မတန် ထင်ရှားတယ်။ ကောင်းတာလုပ်လဲ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန ဒီ ပသာဒရုပ် (၅)ခုနဲ့ပဲ လုပ်တာပဲ။ တရားနာတယ်ဆိုရင် သောတာယတနနဲ့ နာတာပဲ။ မြတ်စွာဘုရားဖူးတာကြတော့ စက္ခာယတနနဲ့ ဖူးတာပေါ့။

မျက်စိနဲ့ နားဟာ ကောင်းတဲ့ ဘက်မှာလဲ အသုံးကျတာပဲ။ မကောင်းတဲ့ ဘက်မှာရော သူတို့ရှိမှပဲ မကောင်းတဲ့ ဟာတွေကို ခံစားလို့ ရတာ။ အဲဒါ ကြောင့်မို့လို့ ရုပ်ဝါဒီသမားတွေကို မြတ်စွာဘုရားက ခန္ဓာ (၅) ပါးတုန်းကတော့ ရူပက္ခန္ဓာ တစ်ခုထဲဟောပြီး အာယတန (၁၂) ပါး ဟောတဲ့အခါကျတော့ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန ဆိုပြီး ထင်ရှားတဲ့ ရုပ်တွေကို ထည့်ဆိုပြီး ဟောတယ်။

အဲဒီတော့ ရူပါယတနက ရူပါရုံပဲ။ ရုပ်ပိုင်းမှာ ရူပါရုံကို ဝဏ္ဏလို့ ခေါ်တယ်။ ဝဏ္ဏလို့ခေါ်တဲ့ ရူပါရုံကို ရူပါယတန ခေါ်တာပဲ။ သဒ္ဒါယတန ဆိုတာ သဒ္ဒါရုံပဲ။ သဒ္ဒါရုံလို့ ရုပ်ပိုင်းမှာ မပါတော့ဘူး။ သဒ္ဒရုပ်ပဲ ပါတယ်။ သဒ္ဒရုပ်ဆိုတာ အသံပဲ။ ရူပါယတနဆိုတာ အဆင်းပဲ။ မြန်မာလိုတော့ အသံအမျိုးမျိုးဟာ သဒ္ဒါယတနပဲ။ အဆင်းအမျိုးမျိုးဟာ ရူပါယတနပဲ။ ဂန္ဓာယတနဆိုတာ ဂန္ဓရုပ်ပဲ။ အနံ့အမျိုးမျိုးကို ဂန္ဓာယတနလို့ ခေါ်တာပဲ။ ဖောဋ္ဌဗ္ဗာယတနဆိုတာ ပထဝီ တေဇော ဝါယောဆိုတဲ့ မဟာဘုတ် သုံးပါးကို ဖောဋ္ဌဗ္ဗာရုံလို့ ခေါ်တယ်။ ဒီမဟာဘုတ်သုံးပါးက တွေ့ထိလို့ ရတာကိုး။ အဲဒီ ဖောဋ္ဌဗ္ဗာရုံကိုပဲ ဖောဋ္ဌဗ္ဗာယတနလို့ ခေါ်တယ်။

အဲဒီတော့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဒါက အာရုံရုပ်။ အဲဒီ အာရုံရုပ်ဟာ ရုပ်အရေအတွက်အနေနဲ့ (၇) ပါး ရှိတယ်။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ ဒီအာရုံ (၅)ပါးဟာ ရုပ်က (၇)ခု ရှိတယ်။ ပသာဒရုပ် (၅) ခုနဲ့ အာရုံရုပ် (၇) ပါးကို ပေါင်းလိုက်တော့ ရုပ်ပေါင်း (၁၂)ခု ရှိတယ်။

ရုပ်ပိုင်းကို လေ့လာတဲ့အခါကျတော့ ဒီ (၁၂) ခုကို ဩဠာရိကရုပ်လို့ ခေါ်တယ်။ ဩဠာရိကရုပ်ဆိုတာက ကြမ်းတဲ့ ရုပ်ပါ၊ ကြမ်းတယ်ဆိုတာ သိလွယ် တာကို ပြောတာပါ။ ဒီရုပ် (၁၂) ခုကို လူတိုင်းလူတိုင်း ပြောလိုက်ရင် အလွန် သိလွယ်ပါတယ်။ ဩဠာရိကရုပ်၊ သုခုမရုပ်ဆိုပြီးတော့ ရုပ်ပိုင်းမှာ ခွဲပြ ထားပါတယ်။

အခုခေတ်မှာ "ဩဠာရိဘ–သုခုမ ဆေးပညာသင်တန်းတွေ" ဘာတွေ ရှိတယ်။ ဩဠာရိကဆိုတဲ့ ပါဠိရဲ့ မူရင်းက ကြမ်းတယ်ဆိုပြီးတော့ ပြတယ်။ တကယ်က ကြမ်းတာ မဟုတ်ဘူး။ သိဖို့ လွယ်ကူတာကို ပြောတာပါ။ စက္ခုပသာဒရုပ်ကလေးက ဘယ်နှယ့်လုပ် ကြမ်းမှာတုံး။ ရူပါရုံအဆင်းကလေးက ဘယ်နှယ့်လုပ် ကြမ်းမှာတုံး။ သဘောအားဖြင့် သိလွယ်လို့ ဩဠာရိကလို ပြောတာပါ။ ရုပ် (၂၈) ခုထဲမှာ ဒီရုပ် (၁၂) ခုကတော့ ပြောလိုက် ဟောလိုက်

လို့ရှိရင် သိလွယ်တယ်။ စက္ခုပသာဒရုပ်ကို ပြောရင် သိတယ်။ ရူပါရုံလို့ ပြောရင်လဲ သိတယ်။ သိလွယ်တယ်။

အဲဒီတော့ ပသာဒနဲ့ အာရုံ တွဲရင် စက္ခာယတနနဲ့ ရူပါယတနက တစ်တွဲ၊ သောတာယတနနဲ့ သဒ္ဒါယတနက တစ်တွဲ၊ ဃာနာယတနနဲ့ ဂန္ဓာယတနက တစ်တွဲ၊ ဇိဝှါယတနနဲ့ ရသာယတနက တစ်တွဲ၊ ကာယာယတနနဲ့ ဖောဋ္ဌဗ္ဗာယတနက တစ်တွဲ။

ရှေ့မှာ ဒွါရခြောက်ပါးတုန်းကလဲ စက္ခုဒွါရနဲ့ ရူပါရုံ၊ သောတဒွါရနဲ့ သဒ္ဒါရုံ၊ ဃာနဒွါရနဲ့ ဂန္ဓာရုံ၊ ဇိဝှါဒွါရနဲ့ ရသာရုံ၊ ကာယဒွါရနဲ့ ဖောဋ္ဌဗ္ဗာရုံဆိုပြီး ဒွါရနဲ့ အာရုံကိုလဲ ဒီလိုပဲ ယှဉ်တွဲပြီး တင်ပြခဲ့ပါတယ်။

အဲဒီတော့ ဒွါရ (၅) ပါးနဲ့ အာရုံ (၅) ပါးကို အာယတနဆယ်ပါး ဖွဲ့လိုက်တာပဲ။ အဲဒီတော့ ရုပ်တွေကို မြတ်စွာဘုရားက ဆယ်မျိုး ချဲ့ပြီးတော့ ဟောတာ ဘာဖြစ်လို့ ချဲ့ဟောသလဲဆိုတော့ ရုပ်ဝါဒသမားတွေက ရုပ်ပေါ်မှာ သူတို့က အစွဲအလမ်းကြီးနေတာကိုး။ အဲဒီလို ရုပ်ပေါ်မှာ အစွဲအလမ်း ကြီးနေတဲ့အခါကျတော့ ဒီစက္ခုဆိုတဲ့ ပသာဒလေးဟာ မြဲသလား၊ မမြဲဘူး။ အခု မျက်စိကန်းသွားတဲ့ လူတွေ ဘယ်လောက် ရှိသလဲဆိုရင် အများကြီးပါပဲ။ တစ်စုံတစ်ခုနဲ့ ထိခိုက်မိရင် ဒီမျက်စိဟာ ကွယ်သွားတာပဲ။ နားကရော တစ်စုံတစ်ခုနဲ့ ထိခိုက်မိလို့ရှိရင် ပျက်သွားတာပဲ။ လျှာကရော နဲနဲလေး ရောဂါဖြစ်လို့ရှိရင် ဘာစားစား အရသာမရှိတော့ဘူး။

အဲဒီတော့ ဒီ ပသာဒရုပ်တွေကလဲ မြဲသလား၊ မမြဲပါဘူး၊ ပသာဒရုပ်ဆိုတဲ့ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ ဒီရုပ်တွေလဲ မမြဲပါဘူး။ မျက်စိကို ဘယ်လောက် တန်ဖိုးထားပေမဲ့ ဒီမျက်စိဟာ မြဲမလား၊ မမြဲပါဘူး။ အသက်ကြီးသူတွေမှာ စက္ခာယတနဟာ ငယ်ငယ်တုန်း ကလို သိပ်မကောင်းတော့ဘူး။ အသက်ကြီးလာလို့ရှိရင် နားကလဲ သိပ်ပြီးတော့ မကြားချင်တော့ဘူး။ သေသွားရင်တော့ လုံးလုံး ပျက်သွားတာပေါ့။

အဲဒီတော့ ဒီရုပ်ကြီးထဲက စက္ခာယတနလဲ မမြဲဘူး၊ သောတာယတနကလဲ မမြဲဘူး၊ ဃာနာယတနကလဲ မမြဲဘူး၊ ဇိဝှါယတနဆိုတဲ့ ဇိဝှာ ပသာဒဟာ

နဲနဲကြီးလာလို့ရှိရင် ချိုတယ်၊ ချဉ်တယ်၊ ငန်တယ်ကို လူငယ်တွေလောက် မသိတော့ဘူး။ အဲဒီတော့ ဇိဝှါယတနဆိုတာလဲ မမြဲဘူး၊ ကာယာယတန ကာယပသာဒရုပ်ကလဲ အတွေ့အထိတွေကို ခံစားတဲ့အခါမှာ ငယ်ငယ်တုန်းကလို သိပ်မကောင်းတော့ဘူး။ တော်တော်ကြာ အကုန်ပျက်သွားမှာပဲ။

အဲဒီတော့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဆိုတဲ့ ပသာဒရုပ်တွေ ဟာလဲ မမြဲဘူး။ ဘုရားက ဒါ အနိစ္စတပ်ပြီးတော့ ဟောတယ်။ ရုပ်ဝါဒီသမားတွေ အတွက် သိလွယ်တာတွေကို ရှင်းပြတာပါ။ တစ်ခါ ရူပါယတနဆိုလို့ရှိရင် ကိုယ်ပေါ်မှာ ဝဏ္ဏရုပ်ဆိုတဲ့ အဆင်းဆိုတာ ရှိတယ်။ အရုပ်ဆိုးဆိုး လှလှ ကိုယ်ပေါ်မှာ ဝဏ္ဏ=အဆင်းကတော့ ရှိကြတာပဲ။ အဲဒီအဆင်းကလဲ မမြဲပါဘူး။ အရွယ်နုပျိုစဉ် (၁၆)နှစ်၊ (၁၇) နှစ်၊ (၁၈)နှစ် တုန်းကတော့ တော်တော် လှသားပဲ။ အသက် (၄၀) (၅၀)ကျတော့ တဖြည်းဖြည်း အရွယ်ကျလာပြီ။ (၆၀) (၇၀)ကျတော့ ပါးရေနားရေတွေ တွန့်လို့ မျက်စိက မှုံဝေ သွားကြွေ ဆံဖြူပြီးတော့ နားတွေက ထိုင်းပြီး ခါးတွေကလဲ ကိုင်းလာပြီ။

ဒါကြောင့်မို့လို့ အလှဂုဏ်မောက်ပြီး အလှအတွက်ကြောင့် မာနတက်နေတဲ့ ခေမာမိဖုရားဆိုတာ ရှိတယ်။ မြတ်စွာဘုရားက ရူပါရုံ အဆင်းလှပမှုဆိုတာလဲ မမြဲဘူး။ အနိစ္စ ဒုက္ခ အနတ္တလို့ ဟောတဲ့ အခါကျတော့ ခေမာမိဖုရားဟာ ဘုရားရဲ့ တရားကို ဘယ်တော့မှ မနာဘူး။

သူက လှတာကို သိပ်ပြီးတော့ အရေးပေးနေတဲ့ မိဖုရားတစ်ပါးဆိုတော့ မြတ်စွာဘုရားကျောင်းတော်ကို ခေမာမိဖုရားကြီးသွားချင်လာအောင် စာရေးဆရာ တွေက အမျိုးမျိုးအဖုံဖုံ ချီးကျူးဂုဏ်ပြုပြီးတော့ ရေးတဲ့အခါကျတော့ ဘုရား ကျောင်းကို သွားချင်တဲ့စိတ် ပေါက်လာတယ်။ အဲ ကျောင်းသွားတော့လဲ သူက ဘုရားဆီ သိပ်မသွားချင်သေးဘူး။

နောက်ပိတ်ဆုံး တရားဝင်နာတဲ့အခါကျတော့ မြတ်စွာဘုရားက တရားပွဲမှာ ခေမာမိဖုရားထက် သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကို ဖန်ဆင်းလိုက်တယ်။ ဖန်ဆင်းလိုက်တော့ သိပ်လှတဲ့ သူများဟာ ကိုယ့်ထက် လှတဲ့သူကို တွေ့တော့ သူတို့ သိပ်ကြည့်တယ်၊ ဒီပြင် လူတွေက သိပ်မကြည့်ပေမဲ့ ခေမာမိဖုရားက

သူ့ကိုယ်သူ ယဉ်တကာ့ယဉ် အလှထိပ်တင်လို့ ထင်နေတာကိုး။ တရားပွဲမှာ သူ့ထက် လှတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့တော့ သူ ခဏ ခဏ ကြည့်မိတယ်။ ဒီမိန်းကလေးကိုပဲ ကြည့်တယ်၊ သိပ်လှတာပဲ၊ ငါ့ကိုငါ အလှဆုံး ထင်နေတာ သူနဲ့ စာတော့ ငါဟာ ဘာမှ မဟုတ်ဘူး။ အဲဒီလို ဖြစ်သွားတယ်။

အဲသလို သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကို မြတ်စွာဘုရားက တဖြည်းဖြည်း တဖြည်းဖြည်း (၁၆)နှစ်၊ (၁၇) နှစ်အရွယ်ကနေပြီးတော့ အသက်(၃၀) (၄၀) (၅၀) နောက်ပိတ်ဆုံး အဖွားကြီးသဏ္ဌာန် ဖန်ဆင်းပြတယ်။ ကြည့်နေရင်း ကြည့်နေရင်း ပါးရေတွေ ဘာတွေ တွန့်လိမ်ပြီးနေတာကို တွေ့လာတယ်။ အဲဒီကျမှ ရုပ်ဆိုတာ မမြဲပါလားဆိုတဲ့ အသိ ဖြစ်လာတယ်။ ပါရမီရှိတဲ့ မိန်းမသားဆိုတော့ တစ်ချက် သိလိုက်တယ်ဆိုလို့ရှိရင် တရားရသွားတာပဲ။ မြတ်စွာဘုရားကျတော့ ဒီလို တန်ခိုးရှိတာကိုး။

အဲဒီတော့ ရူပါယတနဆိုတဲ့ ဝဏ္ဏရုပ်ကလဲ မမြဲဘူး။ သဒ္ဒအသံလဲ မမြဲဘူး။ အသံကလဲ ငယ်ငယ်က အသံနဲ့ (၁၆)နှစ် (၁၇)နှစ် အသံ မတူပါဘူး။ အသက် (၃၀) (၄၀)ကျတော့လဲ မတူပါဘူး။ အဲဒါကြောင့်မို့လို့ ဘယ်လောက် အသံကောင်းတဲ့ လူဆိုပေမဲ့ အသံကလဲ မြဲတာ မဟုတ်ပါဘူး။

ဂန္ဓာရုံ ဂန္ဓာယတနဆိုတဲ့ ဒီခန္ဓာကိုယ်မှာ အနံ့ဆိုတာ ရှိတယ်။ လူ့ရဲ့ အနံ့ဟာ ရေမွှေးတို့ပေါင်ဒါတို့ မဆွတ်ဘဲနဲ့ မွှေးတဲ့လူဆိုတာ အလွန်ရှားပါတယ်။ မရှိ သလောက်ပါပဲ။ ဘုရားလက်ထက်တုန်းကတော့ ဆုတောင်းကောင်းတဲ့ ဉပ္ပလဝဏ်ဆိုတာ ရှိတယ်။ ခန္ဓာကိုယ်ဟာ ကြာညိုနံ့လေးလို အမြဲတမ်း သင်းပျံ့နေတယ်တဲ့။ ဒီလို မိန်းကလေးမျိုး ရှိတယ်။

အခုခေတ်မှာတော့ ရေမွှေးတို့ ဘာတို့ မဆောင်ဘဲနဲ့ ခန္ဓာကိုယ်က ကြာညိုနံ့လေးလို သင်းပျံ့နေတဲ့ မိန်းကလေး ရှိရဲ့လား။ မရှိဘူး။ လူတွေ အများကြီးဆိုတော့ တစ်ဦးတစ်လေ ရှိတဲ့လူတော့ ရှိမှာပေါ့။

အဲဒါကြောင့်မို့လို့ လူမှာရှိတဲ့ အနံ့ဆိုတဲ့ ဂန္ဓရုပ်ကလဲ မမြဲပါဘူး။ အနံ့ကောင်းနေပေမယ့် တော်တော်ကြာ ချွေးထွက်လာလို့ရှိရင် အနံ့တွေ ဆိုးသွား

တာပဲ။ ဘယ်လောက်ကြီး သနပ်ခါးတွေ ရေမွှေးတွေ ပေါင်ဒါတွေ လိမ်းကျံထားထား ပျက်စီးသွားတာမို့ အနှံ့ဟာလဲ မမြဲပါဘူး။

အရသာဆိုတာလဲ ဘယ်လောက် ကောင်းတဲ့ အရသာဖြစ်ဖြစ် မနက်က ချက်ထားတဲ့ သိပ်ကောင်းတဲ့ ဟင်းဟာ နောက်တစ်နေ့လောက် ကြာလို့ရှိရင် တစ်ခါထဲ ပုပ်သိုးသွားတာပဲ။ အရသာဟာလဲ မမြဲပါဘူး။ အဲဒီတော့ ခန္ဓာကိုယ်မှာလဲ ရသာရုံ ရှိပါတယ်။ လူရဲ့ ခန္ဓာကိုယ်ကို လျှာနဲ့ လျက်ကြည့်လို့ရှိရင် ငန်ကျိုက်ကျိုက် နေမယ်နဲ့ တူတယ်။ ချွေးတွေ ထွက်နေတာကိုး။ အဲဒီတော့ လူမှာလဲ ရသာရုံဆိုတဲ့ အရသာရှိတာပဲ။ အဲဒီ အရသာကလဲ မမြဲပါဘူး။ ဒီလို ဘုရားက တစ်ခုစီ တစ်ခုစီ ခွဲဟောထားတာပါပဲ။

အာယတန (၁၂)ပါးကို တရားပွဲပေါင်း မြောက်မြားစွာ ဟောထားပါတယ်။ အဲဒီလို ဟောတော့ အာယတနသံယုတ်ကျမ်းကြီးတစ်ကျမ်း ဖြစ်ပေါ်လာတယ်။ ဟိုတရားပွဲမှာ အာယတန(၁၂)ပါး ဟောတယ်၊ ဒီတရားပွဲမှာ အာယတန(၁၂)ပါး ဟောတယ်။ ဒီလို တရားပွဲပေါင်းများစွာ အာယတန (၁၂) ပါးကို ဟောခဲ့ပါတယ်။ ဘုရားက သတ္တဝါတွေ တရားရအောင် အမျိုးမျိုး လှည့်ဟောတာပဲ။

အဲဒီတော့ ဖောဋ္ဌဗ္ဗာယတနဆိုတာ ခန္ဓာကိုယ်မှာ ရှိတဲ့ ဓာတ်လေးပါးထဲက ပထဝီ၊ တေဇော၊ ဝါယော ဆိုတဲ့ ဓာတ်ကြီး (၃)ပါး ပါပဲ။ တချို့တလေ လူက အသားနူးညံ့တယ်၊ တချို့တလေကျတော့ ကြမ်းတယ်။ အဲဒီတော့ အသားမှာ နူးညံ့တယ်၊ ကြမ်းတယ်၊ မာတယ်၊ ပျော့တယ်ဆိုတာလဲ ဒါ ဖောဋ္ဌဗ္ဗာယတနပဲ။ အဲဒီ ဖောဋ္ဌဗ္ဗာရုံကလဲ မြဲသလားဆိုတော့ မမြဲပါဘူးတဲ့။

အဲဒီလို ရုပ်ကို ခန္ဓာတုန်းက ရူပက္ခန္ဓာ တစ်ခုထဲဟောတယ်။ အာယတနကျတော့ ရုပ်အာယတန ဆယ်ပါး ဟောပါတယ်။ အဲဒီ ရုပ်အာယတန ဆယ်ပါးဟာ တစ်စုံတစ်စုံဆိုရင် (၅)တွဲ ဖြစ်တာပေါ့။

စက္ခာယတနနဲ့ ရူပါယတနက တစ်စုံ၊ သောတာယတနနဲ့ သဒ္ဒါယတနက တစ်စုံ၊ ဃာနာယတနနဲ့ ဂန္ဓာယတနက တစ်စုံ၊ ဇိဝှါယတနနဲ့ ရသာယတနက တစ်စုံ၊ ကာယာယတနနဲ့ ဖောဋ္ဌဗ္ဗာယတနက တစ်စုံ၊ ရုပ်ချည်းပဲ ဆယ်မျိုး

ရှိသွားတယ်။ အဲဒီတော့ လူမှာ ဒီရုပ်အာယတန ဆယ်ပါးပဲ ရှိသလား၊ စိတ်တွေ မရှိဘူးလား။ လူမှာ သိတဲ့ စိတ်ဝိညာဉ်ဆိုတာ ရှိပြန်တယ်။ ခန္ဓာ (၅) ပါးတုန်းက စိတ် ၈၉–ခုကို ဝိညာဏက္ခန္ဓာ ဖွဲ့ခဲ့တယ်။ အာယတန(၁၂)ပါးကျတော့ စိတ် (၈၉)ကို မနာယတနလို့ ဒီလို ခေါ်တယ်။ ဒါကြောင့်မို့လို့ မနာယတနဆိုတာလဲ စိတ်အားလုံး ဝိညာဉ်ဆိုတာလဲ စိတ်အားလုံးပဲ။ ခန္ဓာ (၅) ပါး ဟောတဲ့ အခါကျတော့ စိတ် ၈၉–ခုကို ဝိညာဏက္ခန္ဓာလို့ ဟောတယ်။ ဝိညာဉ်လို့ ဟောတယ်။ အာယတန (၁၂) ပါးကျတော့ စိတ် ၈၉–ခုကို မနာယတနလို့ ဟောတယ်။ အာယတနက နေရာပဲ။ စိတ်ရဲ့ နေရာကို မနာယတန၊ အဲဒါ ကြောင့်မို့လို့ မနာယတနဆိုတာ စိတ် ၈၉–ခုကို မနာယတနလို့ ခေါ်တယ်။

နောက်ပြီးတော့ ဓမ္မာယတန၊ ဓမ္မာယတနကျတော့ ပရမတ္ထတရား လေးပါးထဲက ရုပ် (၁၂)ခုကုန်သွားပြီ။ စိတ် ၈၉–ခုလဲ ကုန်သွားပြီ။ ကုန်သွား တော့ ပရမတ္ထတရား လေးပါးရှိတဲ့ အထဲမှာ ကျန်တာက စေတသိက် ၅၂–ခု၊ သုခုမရုပ် ၁၆–ခုနဲ့ နိဗ္ဗာန်ပေါ့။

အဲဒီတော့ ဓမ္မာယတနဆိုတာက **ဓမ္မ ဆို**ပေမဲ့ တရားတွေ အကုန်လုံးလား ဆိုတော့ ကျန်တဲ့ဟာကို ဓမ္မာယ**တနဖွဲ့တာပဲ**။ အာယတန (၁၁)ပါးက ကျန်နေတဲ့ စေတသိက်(၅၂)ခုရယ်၊ ရုပ်က (၁၂)ခုကုန်သွားတော့ ကျန်တဲ့ သုခုမရုပ်(၁၆)ခု ရယ်၊ နိဗ္ဗာန်ရယ် အဲဒီတရားတွေကို ဓမ္မာယတနလို့ ခေါ်တယ်။ အဲဒီတော့ မနာယတနနဲ့ ဓမ္မာယတနက တစ်စုံကိုး။

အဲဒါကြောင့်မို့လို့ နိဗ္ဗာန်ဆိုတာ ဓမ္မာယတနထဲမှာ ပါတယ်။ ခန္ဓာ(၅)ပါး ထဲကျတော့ နိဗ္ဗာန် မပါပါဘူး။ အဲဒီတော့ ပရမတ္ထတရား လေးပါးကို ခန္ဓာဖွဲ့ပါ ဆိုရင် စိတ်၊ စေတသိက်၊ ရုပ် သုံးပါးပဲ ခန္ဓာဖွဲ့လို့ ရတယ်။ နိဗ္ဗာန်ကို ခန္ဓာဖွဲ့လို့ မရဘူး။ ပရမတ္ထတရားလေးပါးကို အာယတနဖွဲ့ပါဆိုရင် နိဗ္ဗာန်ပါ ပါတယ်။ နိဗ္ဗာန်ဟာ ဓမ္မာယတနထဲမှာ ပါတယ်။

အဲဒီတော့ စေတသိက် (၅၂)ခုဟာ ခန္ဓာဖွဲ့တဲ့အခါကျတော့ ခန္ဓာသုံးပါး ရတယ်။ နိဗ္ဗာန်မရဘူး။ အာယတန ဖွဲ့တဲ့အခါကျတော့ နိဗ္ဗာန်က ဓမ္မာယတန တစ်ခုထဲမှာ ပါသွားတယ်။

အဲဒါကြောင့်မို့လို့ အာယတန(၁၂)ပါးကို ဟောတဲ့အခါ နာမ်တရားတွေကတော့ မနာယတန တစ်ခုထဲဖြစ်ပြီး စေတသိက်တွေကျတော့ ဓမ္မာယတနထဲ သွင်းလိုက်တယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ဒီအာယတန(၁၂)ပါးကို ဟောရတာက ရုပ်ဝါဒသမားတွေကို တရားရဖို့ ဟောတော့ ရုပ်တွေကိုပဲ ရှေ့တန်းတင်ပြီးတော့ မြတ်စွာဘုရားက ဟောခဲ့တာပါ။ ရုပ်တွေ မမြဲပုံကို ဟောတဲ့အခါကျတော့ ရုပ်ဝါဒသမားတွေ သန္တာန်မှာ ငါတို့ သိပ်ပြီး အထင်ကြီးနေတဲ့ ရုပ်တွေဟာ မမြဲပါလားလို့ သိသွားတယ်။

များသောအားဖြင့် လူတွေဟာ ရုပ်ဝါဒသမား များပါတယ်။ ကိုယ့်ရုပ်လေးကို ဘယ်လောက် အထင်ကြီးနေသလဲဆိုရင် မနက်မိုးလင်းတာနဲ့ ရေချိုးလိုက်ရတာ၊ သနပ်ခါး လိမ်းလိုက်ရတာ၊ ပြင်လိုက်ရတာ၊ ဒီရုပ်ကလေးကို သိပ် တန်ဖိုး ထားနေကြတာပဲ။ စိတ်ကို ပြင်တဲ့ လူ ရှိတော့ရှိပါတယ်။ ခု အဘိဓမ္မာ လေ့လာသူတွေကျတော့ စိတ်ကို ပြင်ဖို့လို့ လေ့လာနေတာပဲ။ အဲဒီတော့ အဘိဓမ္မာလေ့လာနေတဲ့ လူတွေကတော့ ရုပ်ကိုလဲ သူက တန်ဖိုးထားတယ်။ စိတ်ကိုလဲ တန်ဖိုးထားတယ်။

တချို့ တလေကျတော့ ရုပ်ကိုချည်းပဲ သိပ်ပြီး ပြင်နေတယ်။ စိတ်ကိုကျတော့ ပြင်ကို မပြင်ဘူး။ အမှန်ကတော့ ရုပ်ကို သိပ်ပြင်ပြီးတော့ ရုပ်ကို အလေးထားတဲ့ ရုပ်ဝါဒသမားတွေအတွက် မြတ်စွာဘုရားက အာယတန (၁၂)ပါးကို ဟောတာ။

အဲဒီတော့ အာယတန(၁၂)ပါးဆိုတာ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန၊ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတနတို့ ဖြစ်ပါတယ်။

ဒွါရ(၆)ပါးဆိုတာ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရတို့ ဖြစ်ပါတယ်။ ဒွါရနဲ့ ဆိုင်တဲ့ အာယတန(၆)ပါးဆိုတာက စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊

မနာယတန တို့ပါပဲ။ မနောဒွါရဆိုတာက ဘဝင်စိတ် (၁၉)ခု။ မနာယတနဆို တာက စိတ် ၈၉-ခုလုံး ရပါတယ်။ ဒါပဲ ထူးပါတယ်။

အာရုံ(၆)ပါးဆိုတာက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့ဖြစ်ပါတယ်။ အာရုံနဲ့ ဆိုင်တဲ့ အာယတန(၆)ပါးကတော့ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန တို့ ဖြစ်ပါတယ်။

ဒီမှာလဲ ဓမ္မာရုံနဲ့ ဓမ္မာယတန နဲနဲကွာတယ်။ သတိထားကြည့်လို့ရှိရင် ဓမ္မာရုံတုန်းက ဓမ္မာရုံမည်ထိုက်တဲ့ တရားတွေက ပသာဒရုပ်(၅)ခု၊ သုခုမ ရုပ် (၁၆)ခု၊ စိတ် (၈၉)ခု၊ စေတသိက် (၅၂)ခု၊ နိဗ္ဗာန်၊ ပညတ်တို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဓမ္မာရုံနဲ့ ဓမ္မာယတန မဟူပါဘူး။ အဲဒီတော့ အာယတန (၁၂)ပါးကို အောက်ပါအတိုင်း မှတ်သားထားရပါမယ်-

- စက္ခုပသာဒရုပ်သည် စက္ခာယတနမည်၏။
- သောတပသာဒရုပ်သည် သောတာယတနမည်၏။
- ဃာနပသာဒရုပ်သည် ဃာနာယတနမည်၏။
- ဇိဝှါပသာဒရုပ်သည် ဇိဝှါယတနမည်၏။
- ကာယပသာဒရုပ်သည် ကာယာယတနမည်၏။
- စိတ် ၈၉-ခုသည် မနာယတနမည်၏။
- ရူပါရုံသည် ရူပါယတနမည်၏။
- သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။
- ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။
- ရသာရုံသည် ရသာယတနမည်၏။
- ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။
- စေတသိက်(၅၂)ခု၊ သုခုမရုပ်(၁၆)ခု နိဗ္ဗာန်သည် ဓမ္မာယတနမည်၏။

အဲဒီတော့ အာယတန(၁၂)ပါးကို ဒီလို ဖွဲ့တတ်သွားရင် အဘိဓမ္မာမှာ အခြေခံရသွားပါပြီ။ တကယ့် သဘောတရားကတော့ အာယတန(၁၂)ပါးက ရုပ်ကို တန်ဖိုးထားတဲ့ ရုပ်ကို အရေးပေးတဲ့ ရုပ်ဝါဒသမားတွေကို မဂ် ဖိုလ် နိဗ္ဗာန်ရောက်အောင် ဟောတာ ဖြစ်ပါတယ်။ ဒီ အာယတန(၁၂)ပါးကို အကျယ် ပြောနေမယ်ဆိုရင်လဲ ဆုံးနိုင်တော့မှာ မဟုတ်ဘူး။ အဘိဓမ္မာဟာ အဲဒီလို ကျယ်ဝန်းတာကိုး။ ဒီမှာတော့ အာယတန(၁၂)ပါး အခြေခံသိသွားရင် ပိဋကထဲက သံယုတ်ပါဠိတော်စာအုပ်တွေ ဖတ်တဲ့အခါ အထောက်အကူ ရသွားမှာပါ။ ဒီလောက်ဆိုရင် အာယတန(၁၂)ပါးအတွက် တော်တော် အခြေခံ ရသွားပါပြီ။

# ဓာတ် (၁၈)ပါး တရားတော်

ဓာတ် (၁၈)ပါး တရားတော်ကျတော့ ဓာတုကထာနဲ့ ဟောတယ်။ မြန်မာစကားမှာ မင်းဓာတ်တော့ ငါသိပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် ဓာတ်သိချင်းပါလို့ ပြောနေတဲ့ ဓာတ်ဆိုတဲ့ မြန်မာစကားဟာ ဓာတုကထာက လာတဲ့ မြန်မာစကားပဲ။ ဓာတ်ဆိုတာ ပါဠိဓာတုက နေပြီးတော့ ပြောင်းလာတာ။ မင်းဓာတ် ငါသိပါတယ်ဆိုတာက မင့်သဘောကို ငါ သိပါတယ်။ မင်းရဲ့ စိတ်နေစိတ်ထား သဘောထားကို ငါ သိပါတယ်လို့ ဆိုလိုတာပါပဲ။

အဲဒီတော့ ဓာတုဓာတ်ဆိုတာ သဘောတရားပဲ။ လူရဲ့ ခန္ဓာကိုယ်ကြီးကို သဘောတရား (၁၈)မျိုး ခွဲပြတာပဲ။ ခန္ဓာ(၅)ပါးတုန်းကတော့ မြတ်စွာဘုရားက ခန္ဓာကိုယ်ကြီးကို (၅)မျိုး ခွဲပြပြီး နာမ်ဝါဒသမားတွေကို တရားရအောင် ဟောတာ။

အာယတန (၁၂)ပါးကျတော့ ခန္ဓာကိုယ်ကြီးကို အာယတန(၁၂)ပါးနဲ့ ခွဲပြီး ရုပ်ဝါဒသမားတွေကို တရားရအောင် ဟောပြတာ။ ဓာတ်(၁၈)ပါးကျတော့ ရုပ်ရော နာမ်ရော နှစ်မျိုးစလုံးပေါ်မှာ စွဲလမ်းနေတဲ့ ရုပ်နာမ်နှစ်မျိုးလုံးပေါ်မှာ အထင်ကြီးနေတဲ့ ပုဂ္ဂိုလ်တွေအတွက် ဓာတ်(၁၈)ပါး ဟောပြတာ။ ဓာတ်(၁၈) ပါး ဟောပြလို့မှ ဒီပုဂ္ဂိုလ် တရားမရဘူးဆိုရင် ဒီဘုရားနဲ့တော့ မကျွတ်သေးဘူး။ နောက်ဘုရားနဲ့မှ ကျွတ်ချင်ကျွတ်မယ်။ ဒါကြောင့်မို့လို့ ဓာတ်(၁၈)ပါးဟာ ရုပ်ရောနာမ်ရော နှစ်မျိုးစလုံး ချုံ့ပြီးတော့ ဟောတာ ဖြစ်ပါတယ်။

အဘိဓမ္မာက သဘောပေါက်သွားရင် လွယ်ပါတယ်။ ဆရာလုပ်တဲ့ လူက သာ သဘောပေါက်အောင် စကားလုံးတွေကို ရှင်းလင်းအောင် ပြောတတ်မယ် ဆိုရင် အဘိဓမ္မာဟာ သိပ် လွယ်သွားတာပဲ။ ဘာဖြစ်လို့လဲဆိုရင် ကိုယ့်ခန္ဓာကိုယ်

ထဲမှာ ဖြစ်နေတဲ့ ရုပ်နဲ့နာမ် ဒီ(၂)ခုကိုပဲ နာမည်အမျိုးမျိုး ပေးနေတာကိုး။ နာမည်ပေးနည်းကလဲ နဲနဲ နဲနဲ ပြောင်းသွားတာပါ။

အာယတန(၁၂)ပါး ရလို့ရှိရင် ဓာတ်ထဲက (၁၀)ပါးကို အလိုလို ရပြီးသား ဖြစ်နေတယ်။ စက္ခုဓာတ် သောတဓာတ် ဃာနဓာတ် ဇိဝှါဓာတ် ကာယဓာတ်။ ဒါ ပသာဒရုပ်(၅)ခုပဲ။ စက္ခုပသာဒဆိုတဲ့ မျက်စိကို စက္ခုဓာတ်။ သောတပသာဒ ဆိုတဲ့ နားကို သောတဓာတ်၊ ဃာနပသာဒဆိုတဲ့ နှာခေါင်းကို ဃာနဓာတ်။ ဇိဝှါပသာဒဆိုတဲ့ လျှာကို ဇိဝှါဓာတ်၊ ကာယပသာဒဆိုတဲ့ ကိုယ်ကို ကာယဓာတ် လို့ခေါ်ပါတယ်။ ပသာဒ(၅)ခုမှာ ဓာတ်(၅)ပါး ရှိတယ်။

စက္ခုပသာဒနဲ့ ရူပါရုံ တိုက်လိုက်တော့ ရူပါရုံက ရူပဓာတ်၊ သဒ္ဒါရုံက သဒ္ဒဓာတ်၊ ဂန္ဓာရုံက ဂန္ဓဓာတ်၊ ရသာရုံက ရသဓာတ်၊ ဖောဋ္ဌဗ္ဗာရုံက ဖောဋ္ဌဗ္ဗ ဓာတ်ပဲ။

အာယတနတုန်းက ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာ ယတန၊ ဖောဋ္ဌဗ္ဗာယတနဆိုတဲ့အစား ဒီမှာ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်။ ဖောဋ္ဌဗ္ဗဓာတ် ဒီလို ဆိုလိုက်တာပဲ။ အာယတနတုန်းက စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနလို့ဆိုခဲ့သလို စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်လို့ ဒီလို ပြောင်းဆိုလိုက်တာပဲ။

ပါဠိအပြောင်းအလဲလေး နဲနဲ သိမယ်ဆိုရင် မှတ်လို့ သိပ်ပြီးတော့ လွယ်တာ ပဲ။ ဒီမှာ ပိုလာတာက စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ် ဆိုပြီးတော့ ဓာတ်(၇)ပါး ပိုလာတယ်။ အာယတနတုန်း က မနာယတနကို ဒီမှာ မနောဓာတ်၊ ဓမ္မာယတနကိုလဲ ဓမ္မဓာတ်လို့ မှတ်ရုံပဲ။

စိတ်(၈၉)ခုကို ဘာဓာတ်ဖွဲ့သလဲ။ မြင်တဲ့စိတ်=စက္ခုဝိညာဉ်စိတ်(၂)ခုကို စက္ခုဝိညာဏဓာတ်၊ ကြားတဲ့စိတ်=သောတဝိညာဉ် စိတ်(၂)ခုကို သောတဝိညာဏ ဓာတ်၊ နံတဲ့စိတ်=ဃာနဝိညာဉ်စိတ်(၂)ခုကို ဃာနဝိညာဏဓာတ်၊ အရသာကို

သိတဲ့စိတ်=ဇိဝှာဝိညာဉ်စိတ်(၂)ခုကို ဇိဝှာဝိညာဏဓာတ်၊ အတွေ့အထိသိတဲ့စိတ်= ကာယဝိညာဉ်စိတ် (၂)ခုကို ကာယဝိညာဏဓာတ်။ စိတ်ထဲက ဒွေပဉ္စဝိညာဉ် (၁၀)ကို ဓာတ်(၅)ပါး ဖွဲ့တယ်။ ကျန်တဲ့ ဓမ္မာရုံကို သိတဲ့ စိတ်တွေကို မနောဓာတ်, မနောဝိညာဏဓာတ်လို့ ဖွဲ့လိုက်တာပဲ။

အဲဒီတော့ စိတ်(၈၉)ခုမှာ ဓာတ်ဘယ်နှစ်မျိုး ရသလဲဆိုတော့ စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏ ဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်ဆိုပြီး ဓာတ် (၇)ပါး ရသွားတယ်။

ဒီ မနောဓာတ်ဆိုတာက ဝီထိချတဲ့အခါကျတော့ စက္ခုဝိညာဉ်မဖြစ်ခင် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်ပြီးတော့ သမ္ပဋိစ္ဆန်း၊ အဲဒီ ပဉ္စဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆန်း ကို မနောဓာတ်လို့ ခေါ်တယ်။ ဒီတော့ ဒွေပဉ္စဝိညာဉ်(၁၀)ရယ်, မနောဓာတ်က (၃)ခုရယ်၊ ပေါင်းလိုက်တော့ (၁၃)ခုနုတ်လိုက်ရင် မနောဝိညာဏဓာတ်က (၇၆)ခုရှိတယ်။ အဲဒီတော့ စိတ်(၈၉)ခုကို ဓာတ်ဖွဲ့မယ်ဆိုလို့ရှိရင် စက္ခုဝိညာဏ ဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်ဆိုပြီးတော့ ဓာတ်(၇)ပါး ရပါတယ်။

သုတ္တန်ပါဠိတော်တွေမှာတော့ "စက္ခုံ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ"ဒီလို ဟောလိုက်တာပဲ။ အဲဒီတော့ စက္ခုပသာဒရုပ်နဲ့ ရူပါရုံတို့ တိုက်ဆိုင်တဲ့အခါမှာ ဘာစိတ် ဖြစ်လာသလဲဆိုရင် စက္ခုဝိညာဉ်စိတ်=မြင်တဲ့ စိတ် ဖြစ်လာတယ်။ ဒီက စက္ခုပသာဒနဲ့ ဟိုက ရူပါရုံနဲ့ တိုက်လိုက်တယ်၊ တိုက်လိုက်တော့ စက္ခုဝိညာဉ်စိတ်=မြင်တဲ့ စိတ် ဖြစ်လာတယ်။ ပါဠိလို စက္ခု ဝိညာဉ်စိတ် ဖြစ်လာတယ်။ ဒါလေး ပြောတတ်ဖို့ပဲ။ ရူပါရုံတွေ့ရင် မြင်တာပဲ။ သဒ္ဒါရုံတွေ့ရင် ကြားတာပဲ။ အနံ့တွေ့ရှိရင် နံတာပဲ၊ အရသာဆိုလို့ရှိရင် အရသာ ကို သိတာပဲ။ ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိရှိရင် အတွေ့အထိကို သိတာပဲ။ အဲဒီတော့ မြင်တဲ့စိတ်, ကြားတဲ့စိတ်, အနံ့ကို နံတဲ့စိတ်, အရသာသိတဲ့စိတ်, အတွေ့အထိ

သိတဲ့စိတ်ကို စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်လို့ ခေါ်တာပဲ။ စိတ်ထဲက တွေးပြီးတော့ သိတာတွေကို မနောဝိညာဉ်လို့ ခေါ်တာပဲ။ အဲဒါကြောင့် စက္ခုပသာဒရုပ်သည် စက္ခုဓာတ်မည်၏။ သောတပသာဒရုပ်သည် သောတဓာတ်မည်၏။ ဃာနပသာဒရုပ်သည် ဃာနဓာတ် မည်၏။ ဇိဝှါပသာဒရုပ်သည် ဇိဝှါဓာတ်မည်၏။ ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။ ရူပါရုံသည် ရူပဓာတ်မည်၏။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏။ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏၊ ရသာရုံသည် ရသဓာတ်မည်၊ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။ စက္ခုဝိညာဉ်နွေးသည် စက္ခုဝိညာဏဓာတ်မည်၏။ သောတဝိညာဉ်နွေးသည် သောတဝိညာဏဓာတ်မည်၏။ ဃာနဝိညာဉ်နွေးသည် ဃာနဝိညာဏဓာတ်မည်၏။ ဇိဝှါဝိညာဉ်နွေးသည် ဇိဝှါဝိညာဏဓာတ်မည်၏။ ကာယဝိညာဉ်နွေးသည် ကာယဝိညာဏဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆန်းနွေးသည် မနောဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း(၁) သမ္ပဋိစ္ဆန်း(၂)ခု၊ နွေးပဉ္စဝိညာဉ်(၁၀) ပေါင်း(၁၃)ခုမှ ကျန်တဲ့စိတ် (၇၆)ခုသည် မနောဝိညာဏဓာတ်မည်၏။ အဲဒီတော့ စိတ်(၈၉)ခုဆိုတဲ့ မနာယတနကို ဓာတ်ဘယ်နှစ်ခုခွဲလိုက်သလဲဆိုရင် (၇)ခု ခွဲလိုက်တယ်။ စိတ်(၈၉)ခု မနာယတနကိုပဲ မြတ်စွာဘုရားက အကျယ်ချဲ့ပြီး ဓာတ်(၇)ပါး လုပ်ပြီးတော့ ဟောလိုက်တယ်။

လူတွေ ဘယ်လို နားလည်သွားကြသလဲဆိုတော့ စက္ခုဝိညာဉ်ဆိုတဲ့ မြင်တဲ့စိတ်လေးဟာ ခန္ဓာကိုယ်ထဲမှာ ရှိသလား၊ နဂိုက ရှိနေလား၊ မရှိဘူး။ ဘယ်က ပေါ်လာသလဲ။ စက္ခုပသာဒနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့အခါကျတော့မှ စက္ခုဝိညာဉ်ဖြစ်လာတယ်။ မတိုက်ဆိုင်တဲ့အခါကျတော့ မရှိဘူး။ စက္ခုဝိညာဉ်စိတ်ဟာ မြဲသလား၊ မမြဲဘူးလားမေးရင် ဘယ်လိုပြောမလဲ။ ''အနိစ္စံ ဘန္တေ''မမြဲပါဘုရားလို့ ဒီလို ဖြေရတာကိုး။ အဲဒီတော့ မြင်တဲ့စိတ်ကလေးဟာ ခန္ဓာကိုယ်ထဲမှာ ရှိနေတယ်ဆိုရင် ဘာဖြစ်သွားမလဲ။ သဿတဒိဋ္ဌိဖြစ်သွားတယ်။ မြင်တဲ့စိတ်ဟာ တခြားက လာတာလား၊ ဘယ်ကမှ လာတာလဲ မဟုတ်ဘူး။ တစ်ခါ ဒီက မြင်တဲ့စိတ် ဖြစ်ပြီးသွားတဲ့အခါကျတော့ ဘယ်ကိုသွားတုံး၊ ဘယ်ကိုမှလဲ မသွား

ဘူး။ အဲဒီတော့ မြင်တဲ့စိတ်ဆိုတဲ့ ဓာတ်သဘောလေး စက္ခုဝိညာဏဓာတ်ဟာ မမြင်ခင်တုံးက သူရှိနေတာလဲ မဟုတ်ဘူး။ ပျက်သွားပြီးတဲ့အခါကျတော့လဲ သူက ရှိနေတာ မဟုတ်ဘူး။ စက္ခုပသာဒနဲ့ ရူပါရုံတိုက်ဆိုင်တဲ့ အခါကျတော့မှ ဖြစ်ပေါ်လာတယ်။ စက္ခုံ့ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံအရ မြင်တဲ့ စိတ်ဆိုတာ ဒီမှာ ရှိနေတာ မဟုတ်ဘူး။

ကြားတဲ့စိတ်ကရော စကားပြောတဲ့ အသံကို ကြားနေတဲ့အခါမှာ ဘာစိတ် ဖြစ်နေသလဲ၊ သောတဝိညာဉ်ဖြစ်တယ်။ စကားပြောရပ်လိုက်တဲ့အခါ ကြားသေး လား၊ မကြားဘူး။ အဲဒီစိတ် ဘယ်ရောက်သွားတုံး။ ဘယ်သွားမှန်း မသိဘူး။ အကြောင်းတိုက်ဆိုင်တဲ့အခါမှာ သူက ဖြစ်ပေါ်လာတယ်။ အကြောင်းမရှိရင် သူက ပျက်သွားတာပဲ။ ဒါ အနိစ္စမြင်အောင် ရှင်းပြနေတာပါ။

အဲဒါကြောင့်မို့လို့ သောတဝိညာဉ်စိတ် ကြားတဲ့စိတ်ဟာ ဒီနားထဲမှာ နဂိုက ရှိနေလား၊ မရှိပါဘူး။ အဲဒီလို သိလို့ရှိရင် အော် ဒီကြားတဲ့ စိတ်ဆိုတာလဲ သူ့ကို ဒို့က ဆွဲထားလို့လဲ မရဘူး။ နေပါဆိုလို့ နားထဲမှာ နေပါဆိုလို့လဲ ကြားတဲ့စိတ် မနေဘူး။ ကိုယ့်ဟာကို ဘာမှ မပိုင်တော့ ကြားတဲ့စိတ်ဟာ အနတ္တပါလားလို့ သဘောပေါက်သွားတာပဲ။

နံတဲ့စိတ်ကရော နဂိုက နှာခေါင်းထဲမှာ ရှိသလား မရှိဘူး။ ဒီက ရေမွှေး ပုလင်းလေးဖွင့်လိုက်တော့ နံတဲ့စိတ်က ပေါ်လာတယ်။ ရေမွှေးပုလင်းမရှိဘူး ဆိုရင် နံတဲ့စိတ်က ပျောက်သွားတာပဲ။ နံတဲ့စိတ် နဂိုက ရှိနေတာလဲ မဟုတ်ဘူး။ ပျက်သွားတဲ့အခါကျတော့လဲ ဘယ်ကိုမှ သွားတာလဲ မဟုတ်ဘူး။ အကြောင်း တိုက်ဆိုင်တဲ့အခါမှာ ဃာနပသာဒနဲ့ ဂန္ဓာရုံ တိုက်ဆိုင်တဲ့အခါမှာ ဃာနဝိညာဉ် ပေါ်လာတာပဲ။ မတိုက်ဆိုင်တဲ့အခါမှာ သူက မရှိတော့ဘူး။ အော် သူလဲ မြဲတဲ့တရား မဟုတ်ဘူးဆိုတာ မြင်လာတယ်။

ဒါဝိပဿနာ ဆင်ခြင်တဲ့အခါ ဝိညာဉ်တွေဟာ မြဲတယ်။ ဒီဘဝက ဝိညာဉ်တွေဟာ ဟိုဘဝအထိ လိုက်လာတာလို့ ထင်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဝိညာဉ်တွေဟာ မမြဲပါလားလို့ ဒီလို ဉာဏ်မျိုးတွေ ရလာတယ်။

အရသာသိတဲ့စိတ်က ဇိဝှါဝိညာဉ်စိတ်။ အရသာသိတဲ့စိတ်ဟာ နဂိုက လျှာထဲမှာ ရှိသလား၊ မရှိပါဘူး။ အရသာကို လျှာပေါ် တင်လိုက်တဲ့အခါကျ တော့မှ အရသာကို သိတဲ့ ဇိဝှါဝိညာဉ်စိတ် ဖြစ်လာတယ်။ အရသာမသိတဲ့ အခါကျတော့ သူက မရှိတော့ဘူး။ ဒါကြောင့်မို့လို့ ဇိဝှါဝိညာဉ်စိတ်ကလဲ မမြဲဘူး။

ကာယဝိညာဉ်စိတ်ကလဲ ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံထိတဲ့အခါဆိုရင် ကာယဝိညာဉ်စိတ် ဖြစ်လာတယ်။ မထိတဲ့အခါကျတော့ သူက မရှိဘူး။ အဲဒီ တော့ ကာယဝိညာဉ်စိတ်ကလဲ မမြဲပါဘူး။

ဒီလို ဓာတ်သဘောတရားတွေကို စဉ်းစားနေတဲ့အခါမှာ ဘာစိတ်တွေ ဖြစ်နေလဲ၊ မနောဝိညာဉ်စိတ်တွေ ဖြစ်နေတယ်။ မစဉ်းစားတဲ့အခါမှာ ဒီလို စိတ် မဖြစ်ဘူး။ ကောင်းတာတွေ စဉ်းစားမယ်။ မကောင်းတာတွေ စဉ်းစားမယ်။ ကောင်းတာ စဉ်းစားတဲ့အခါမှာ ကောင်းတဲ့ စိတ်တွေ ဖြစ်နေတယ်။ မကောင်းတာ စဉ်းစားတဲ့အခါမှာ အကုသိုလ်စိတ်တွေ ဖြစ်နေတယ်။

ကုသိုလ်အကုသိုလ်စိတ်တွေဟာ ဝိညာဏဓာတ်မှာ မနောဝိညာဏဓာတ်ပဲ။ ကုသိုလ်စိတ်ပဲ ဖြစ်ဖြစ်၊ အကုသိုလ်စိတ်ပဲ ဖြစ်ဖြစ်၊ ကြိယာစိတ်ပဲ ဖြစ်ဖြစ်၊ ဝိပါက်စိတ်ပဲ ဖြစ်ဖြစ် မနောဝိညာဏဓာတ်ပဲ။ အဲဒီမှာ ဆန်းတာက မနောဓာတ် ဆိုတာ နဲနဲ ဆန်းတယ်။

အဘိဓမ္မာမှာ မနဉ္စ ဓမ္မေစ ပဋိစ္စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ–ဆိုတဲ့နေရာမှာ ဒီ မနောဟာ ဘာ မနောလဲ။ မနောဆိုတာက ပဉ္စဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆန်း ဒွေးပဲ၊ ရှင်းရှင်းကတော့ စက္ခုဝိညာဉ်စိတ် ဖြစ်မယ်ဆိုလို့ရှိရင် ပဉ္စဒွါရာဝဇ္ဇန်းဖြစ် ပြီးမှ စက္ခုဝိညာဉ်ဖြစ်တာ၊ သောတဝိညာဉ်စိတ် ဖြစ်မယ်ဆိုလို့ရှိရင်လဲ ပဉ္စဒွါရာ ဝဇ္ဇန်းဖြစ်ပြီးမှ သောတဝိညာဉ်၊ ဃာနဝိညာဉ်စိတ် ဖြစ်မယ်ဆိုလို့ရှိရင်လဲ ပဉ္စဒွါရာဝဇ္ဇန်းဖြစ်ပြီးမှ ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်စိတ်ကော ပဉ္စဒွါရာဝဇ္ဇန်းဖြစ်ပြီးမှ ဇိဝှါဝိညာဉ်ဖြစ်တာ။ အဲဒီတော့ ပဉ္စဒွါရာဝဇ္ဇန်းဟာ ဒီစက္ခုဝိညာဉ် သောတ ဝိညာဉ်တို့ရဲ့ အကြောင်းပဲ။ ဝီထိချတဲ့အခါမှာ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊

ပဋ္ဌဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆန်း စသဖြင့် ဒီလို ချရပါတယ်။ အဲဒီမှာ ပါတဲ့ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဆိုတဲ့ ဒီဘဝင်တွေဟာ မနဋ္ဌ ဓမ္မေစ မှာ ပါတဲ့ မနပဲ။ အဘိဓမ္မာနားသေးငယ်တဲ့ လူတွေအဖို့တော့ သဘော ပေါက်ဖို့ သိပ်မလွယ်ဘူး။

အဘိဓမ္မာတော်တော်နားကြီးတဲ့ လူတွေကျတော့ "မနဋ္ဌ ဓမ္မေစ ပဋိစ္စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ"ဆိုတဲ့ ဒီ မနဟာ ပဋ္ဌဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆန်း ဆိုတဲ့ မနောဓာတ် မဟုတ်ဘူး။ မနဋ္ဌ ဓမ္မေစ မှာ မနဆိုတာက ခန္ဓာကိုယ်မှာ ဘဝင်တွေ ရှိနေတယ်။ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်ဆိုတဲ့ ဘဝင်တွေ ရှိတယ်။ လူတွေက မြဲတယ်လို့ ထင်နေတာလဲ ဒီဘဝင်ကို မြဲတယ်လို့ ထင်နေတာ။ တဘဝက တဘဝကို ပြောင်းသွားတယ်လို့ ပြောနေတာလဲ ဒီဘဝင်တွေကိုပဲ ပြောနေတာ။ မနဋ္ဌ ဓမ္မေစ မှာ ဘဝင်ဆိုတဲ့ မနနဲ့ ဓမ္မာရုံဆိုတဲ့ ဓမ္မနဲ့ တိုက်ဆိုင်တဲ့အခါ မနောဝိညာဏဓာတ်တွေ ဖြစ်တယ်လို့ ဒီလိုဆိုတာကိုး။ အဲဒါကြောင့်မို့လို့ ဓာတ် (၁၈)ပါးက အင်မတန် ကျယ်ဝန်း နက်နဲပါတယ်။ ဒီလောက်ဆိုရင် ဓာတ်(၁၈)ပါးနဲ့ ပတ်သက်လို့ တော်တော် ဗဟုသုတ စုံသွားပါပြီ။

## သစ္စာလေးပါးတရားတော်

ဒုက္ခသစ္စာရယ်, သမုဒယသစ္စာရယ်, မဂ္ဂသစ္စာရယ်, နိရောဓသစ္စာရယ်ဆိုပြီး သစ္စာလေးပါး ရှိတယ်။

### ၁။ ဒုက္ခသစ္စာ

ဒုက္ခသစ္စာဆိုတာက စိတ် ၈၉–ခုထဲမှာ လောကီစိတ် ၈၁–ခုရှိတယ်။ လောကီစိတ် ၈၁–ခုဆိုတာ လောကုတ္တရာစိတ် ရှစ်ခု မပါဘူးပေါ့။ အဲဒီလောကီစိတ် ၈၁–ခုဟာ ဒုက္ခသစ္စာပေါ့။ စေတသိက် ၅၁–ခုဆိုတာ စေတသိက် ၅၂–လုံးထဲက လောဘစေတသိက် မပါဘူး။ အဲဒီတော့·စေတသိက်က ၅၁–ခု၊ ရုပ်က ၂၈–ခုဆိုတာလဲ ဒုက္ခသစ္စာပါပဲ။ ဒုက္ခသစ္စာ ဆိုတာ အမှန်တရားအားဖြင့် ဆင်းရဲတာပဲ။ ဆင်းရဲတာ အမှန်ပေါ့။ သစ္စာဆိုတာ တကယ်အမှန်ကို ပြောတာပါ။ တကယ် အမှန်တရားအားဖြင့် ဒီလောကီတရားအားလုံးဟာ ဒုက္ခသစ္စာပဲ။ ဒါအရိယာတို့ရဲ့ သစ္စာလို့လဲ ခေါ်တယ်။ အရိယာတို့ရဲ့ တကယ့် အမြင်မှန်ကို ပြောတာပေါ့။

အဓိပ္ပါယ်တစ်ခု လောကီစိတ် ၈၁–ခုမှာ အကုသိုလ်တွေလဲပါတယ်။ ကာမာဝစရကုသိုလ်လဲ ပါတယ်၊ ရူပါဝစရကုသိုလ်လဲ ပါတယ်၊ သို့ပေမဲ့ ကာမာဝစရကုသိုလ်တို့၊ ရူပါဝစရကုသိုလ်တို့၊ အရူပါဝစရကုသိုလ်တို့ ဆိုတဲ့ တရားတွေဟာ သုံးဆယ့် တစ်ဘုံမှာ ကျင်လည်တဲ့ တရားတွေ ဖြစ်လို့ အရိယာတို့ရဲ့ အမြင်အားဖြင့် ဒုက္ခသစ္စာပဲတဲ့၊ ဒါ အရိယာတို့ရဲ့ အမြင်မှန် သဘော ပြောတာပါ။

**လောကမှာ ချမ်းသာ မရှိဘူးလား**

ကာမာဝစရကုသိုလ်မှာ သုခဝေဒနာဆိုတာ မရှိဘူးလားဆိုတော့ ချမ်းသာတာ ရှိတာပဲ၊ ရူပါဝစရကုသိုလ်တို့မှာလဲ စျာန်ချမ်းသာဆိုတာ ရှိတာပဲ။ အဘိဓမ္မာရဲ့ အနေအထားဖြင့် ကာမဂုဏ်ချမ်းသာ၊ စျာန်ချမ်းသာဆိုတဲ့ သုခဝေဒနာ ရှိတယ်။ သို့ပေမဲ့ ဒါကို အရိယာတို့ရဲ့ အမြင်နဲ့ ကြည့်တဲ့အခါ ဒီချမ်းသာတွေဟာ မမြဲတဲ့ ချမ်းသာတွေပဲ၊ ဒုက္ခပဲလို့ မြင်တယ်။ တချို့တလေက အဘိဓမ္မာအမြင်နဲ့ အရိယာအမြင် မကွဲတော့ ဗုဒ္ဓဘာသာတရားဟာ အဆိုးဘက် ကြည့်တဲ့ တရားဆိုပြီး မဟုတ်မဟတ် ပြောတတ်ကြတယ်။ ပြန်ပြီးတော့ မဖြေ တတ်ကြဘူး။ ဘာဖြစ်လို့ မဖြေတတ်ကြလဲဆိုတော့ တချို့ဗုဒ္ဓဘာသာဝင်တွေက ပိဋကတ်သုံးပုံကိုလဲ အသေအချာ မသင်ဘူး။ အဘိဓမ္မာကိုလဲ အသေအချာ မသင်ဘူး၊ အဲဒီတော့ စာတစ်ပိုင်းတစ်စနဲ့ အားလုံး ဒုက္ခကြီးပါပဲ။ လောက ကြီးက ဒုက္ခပါပဲလို့ ပြောတတ်ကြတယ်။

တကယ်လဲ ဒုက္ခမြင်တာ မဟုတ်ဘူး။ ပြောသံကြားနဲ့ ဒုက္ခပါပဲလို့ အကုန်လုံး ရောပြီး ပြောနေကြတာ၊ ဘုရားက အကုန်လုံး ဒုက္ခလို့ ဟောသလား၊ အဘိဓမ္မာမှာ ကာမဂုဏ်ချမ်းသာဆိုတဲ့ သုခဝေဒနာဆိုတာ ရှိတယ်လို့ ဘုရားက ဟောထားတာပဲ၊ အဘိဓမ္မာမှာ သဘာဝအားဖြင့် ချမ်းသာဆိုတာ ရှိတာပဲ။ ပုထုဇဉ်က တဆင့်တက်သွားပြီး အရိယာဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေက ကာမချမ်းသာ တွေဟာ ဒုက္ခနဲ့ မကင်းလို့ သုခဝေဒနာတရားတွေဖြစ်ပေမဲ့ ဒုက္ခလို့ သူတို့အမြင်နဲ့ ပြောတာ။ သဘာဝအားဖြင့် သုခဝေဒနာ မရှိလို့ မဟုတ်ဘူး။ အဘိဓမ္မာအားဖြင့် ကာမဂုဏ်ချမ်းသာမှာ သုခဝေဒနာဆိုတာ ရှိတာပဲ။

အဲဒီတော့ ရူပဗြဟ္မာတွေမှာလဲ စျာန်ချမ်းသာဆိုတဲ့ လောကီချမ်းသာဟာ သဘာဝအားဖြင့် ရှိတယ်။ သို့ပေမဲ့ အရိယာပုဂ္ဂိုလ်တို့ရဲ့ အမြင်နဲ့ကျတော့ ဒီစျာန်ချမ်းသာဟာ စျာန်ရပြီး ဗြဟ္မာဘုံ ရောက်နေတယ်ဆိုရင် အကြာဆုံး ဗြဟ္မာဟာ အရူပဗြဟ္မာပါပဲ။ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် ကြာတယ်။ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်ကုန်ရင် လူ့ပြည် ပြန်ရောက်ပြီး ငရဲတောင်

ကျနိုင်တာပဲ၊ တကယ်ဒုက္ခမှ မလွတ်နိုင်သေးတဲ့ သဘာ၀တွေမို့ အဲဒီဘုံဘ၀တွေ ဟာလဲ ဒုက္ခသစ္စာဆိုပြီး အရိယာအမြင်ကနေ ပြောတာ။ တကယ့်သဘော တရားအားဖြင့် ကာမဘုံတို့ ရူပဘုံတို့ဟာ ချမ်းသာ မရှိလို့ မဟုတ်ဘူး။ ရှိပါတယ်တဲ့။

ဒါပေမဲ့ တချို့တလေက ဗုဒ္ဓဘာသာကို အဆိုးရှုထောင့်က ကြည့်တဲ့ တရားတဲ့။ သုံးဆယ့်တစ်ဘုံက ထွက်တဲ့ ပုဂ္ဂိုလ်တွေအတွက် ဒီသစ္စာလေးပါးကို အရိယသစ္စာလို့ ခေါ်တယ်။ အရိယာတို့ရဲ့ အမှန်တရားပဲ။ အရိယာတို့ အမြင်ပဲ။ သူ့ဟို့ဉာဏ်မှာတော့ ဒီလောကီတရား အားလုံးဟာ ဒုက္ခသစ္စာပဲ။ "လောကီစိတ် (၈၁)ခု၊ စေတသိက် (၅၁)ခု၊ ရုပ်(၂၈)ခုသည် ဒုက္ခသစ္စာမည်၏" ဆိုတာက ကာမဘုံ ရူပဘုံ အရူပဘုံဆိုတဲ့ ၃၁-ဘုံက တရားတွေကို အကုန်လုံးပေါင်းလိုက်ပြီး အဘိဓမ္မာနဲ့ အရကောက်လိုက်ရင် လောကီစိတ် ၈၁-ခုရယ်, စေတသိက် ၅၁-ခုရယ်, ရုပ် ၂၈-ခုရယ်ပဲ ရှိတာပဲလို့ ဆိုလိုပါတယ်။ ၃၁-ဘုံ ဘယ်လောက် ကြီးကျယ်နေပေမဲ့ အဘိဓမ္မာတရားကိုယ်အရ ကောက်လိုက်တော့ နဲနဲကလေးပဲ။ ဒါကြောင့် "လောကီစိတ် ၈၁-ခု၊ စေတသိက် ၅၁-ခု၊ ရုပ် ၂၈-ခုသည် ဒုက္ခသစ္စာမည်၏"လို့ မှတ်ထားပါ။

ဒုက္ခသစ္စာဆိုတာ အကျိုးသစ္စာပဲ၊ အရိယာတွေက ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဆိုတဲ့ ၃၁-ဘုံမှာ အကုန်လုံး ဒုက္ခကြီးပဲလို့ မြင်တဲ့ သစ္စာက အကျိုးကို မြင်တာ၊ အကျိုးသစ္စာပဲ၊ ဒါ အကျိုးတရားပဲ၊ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ သုံးဆယ့်တစ်ဘုံမှာ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ ဗြဟ္မာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ဒုက္ခပဲလို့ မြင်တာကို အရိယသစ္စာလို့ ခေါ်တယ်။

ဝိပဿနာတရား အားထုတ်တဲ့အခါ သစ္စာလေးပါးကို ပိုင်းခြားပြီး သိတယ်လို့ဆိုတာ ဘယ်လို သိတာတုံး၊ လူ့ဘ၀မှာ ကုဋေပေါင်း ဘယ်လောက် ချမ်းသာ ချမ်းသာ၊ စိန်တွေ ရွှေတွေ ရတနာတွေ လှည်းနဲ့တိုက်လို့ မကုန်အောင် ချမ်းသာ ချမ်းသာ၊ ဒုက္ခပဲလို့ အရိယာတွေက မြင်တယ်။ လူ့ပြည်ကနေပြီး နတ်ပြည် ရောက်သွားပြန်တော့လဲ နတ်သမီးတွေ တစ်ဖက် လေးငါးရာနဲ့ နတ်စည်းစိမ်

ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ဒုက္ခပဲလို့မြင်တော့ နတ်ပြည်လဲ သူမရောက်ချင်ဘူး။ နတ်ချမ်းသာကိုလဲ သူက ဒုက္ခပဲလို့ ထင်တယ်။ တစ်ခါ ဈာန်တွေဘာတွေရပြီး ဗြဟ္မာ့ဘုံ ရောက်တဲ့အခါကျတော့ ဗြဟ္မာ့ဘုံမှာလဲ ဗြဟ္မာချမ်းသာဆိုတာ ရှိတယ်။ အဲဒီဗြဟ္မာ့ဘုံရောက်တဲ့ ဗြဟ္မာတွေဟာ နဲတာ မဟုတ်ဘူး။ တော်တော်ကြာ သေပြီး ငရဲတောင် ပြန်ရောက်နိုင်သေးတာပဲ။ ဒါကြောင့်မို့လို့ ဗြဟ္မာဖြစ်ရတာလဲ ဒုက္ခပဲလို့ မြင်လာတယ်။

**ဝိပဿနာတရား အားထုတ်ရင် ဘယ်လို စိတ်ရှိရမလဲ**

သစ္စာလေးပါးကို ပိုင်းခြားပြီး သိတယ်ဆိုတာ သုံးဆယ့်တစ်ဘုံ အကုန်လုံး ဒုက္ခပဲဆိုပြီး ဘယ်ဘုံမှာမှ သူက မဖြစ်ချင်တော့ဘူး။ ဝိပဿနာတရားမှာ ဒုက္ခမြင်ဖို့ အရေးကြီးတာပဲ။ ဝိပဿနာတရား အားထုတ်တဲ့ လူတစ်ယောက်ကို မင်္ဂ ဖိုလ် နိဗ္ဗာန် ရချင်တယ်ဆိုရင် အခု စိန်တွေ ရွှေတွေ ရတနာတွေ သုံးမကုန်အောင် ပေးမယ်။ ယူမလားလို့ မေးရင် ဘယ်နဲ့ပြောမလဲ။ အဲဒီတော့ မော်တော်ကားတွေ၊ တိုက်တွေ၊ ရတနာတွေ၊ ပစ္စည်းတွေ အကုန်ပေးမယ်၊ ယူမလားလို့ ဆိုရင် ဟာ ဒီပစ္စည်းတွေ မလိုချင်ပါဘူးလို့ ပြောတယ်၊ အဲသလို မလိုချင်တဲ့ ပုဂ္ဂိုလ်မှ ဝိပဿနာတရားအားထုတ်လို့ ရလွယ်တာ၊ သာမည ပုဂ္ဂိုလ်တွေ ရနိုင်မှာ မဟုတ်ဘူး။ အခု ရိပ်သာသွားပြီး ဝိပဿနာတရား အားထုတ်တယ်ဆိုတဲ့ လူတွေဟာ သာမညပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ အဲဒီလို ပစ္စည်းတို့ ငွေတို့ တိုက်တို့ ဘာပေးပေး မလိုချင်လို့ သုံးဆယ့်တစ်ဘုံ ချမ်းသာကို မလိုချင်လို့ ဒါတွေကို ဒုက္ခမြင်လို့ ဝိပဿနာတရား အားထုတ်ကြတာ။

ရာထူးဆိုလို့ရှိရင် ဘယ်လောက် ကြီးကျယ်တဲ့ စကြာမင်းရာထူးကြီးဖြစ်ဖြစ် မယူချင်ဘူးဆိုတဲ့ စိတ်မျိုး ပေါ်လာလို့ ဝိပဿနာတရား အားထုတ်ကြတာ။ အဲဒီစိတ်မျိုး ပေါက်လာတာကို ဉာဏ်ဆယ်ပါးမှာတော့ နိဗ္ဗိဒါဉာဏ်လို့ ခေါ်တာပါ။ ဒါကြောင့် –

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။

အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ–

လို့ဟောတော်မူတယ်။

အထ နိဗ္ဗိန္ဒတိ ဒုက္ခေ-မှာ နိဗ္ဗိန္ဒတိ ဆိုတာ နိဗ္ဗိဒါဉာဏ် ပေါ်လာတယ်လို့ ပြောတာ။ လူ့ဘဝမှာ ဘယ်လောက်ကြီး ချမ်းသာ ချမ်းသာ လူ့စည်းစိမ် ဆိုတာဟာ ဒုက္ခပဲ။ ပုထုဇဉ်ပုဂ္ဂိုလ်တွေက အမြင်မှားပြီး ချမ်းသာလို့ ထင်နေတာ။ လူ့စည်းစိမ်တွေကို တပ်မက်တွယ်တာတဲ့ စိတ် မရှိတော့တာကို နိဗ္ဗိဒါဉာဏ် ပေါက်တယ်လို့ ဆိုတာပါပဲ။ အဲဒီ နိဗ္ဗိဒါဉာဏ်ရလာမှ ဝိပဿနာတရား အားထုတ်လို့ ရတယ်။ နိဗ္ဗိဒါဉာဏ်မရသေးရင်တော့ တစ်သက်လုံး အားထုတ် အားထုတ် ဘယ်လောက်ကြီး အားထုတ်အားထုတ် နိဗ္ဗိဒါဉာဏ်မှ မရရင် မဂ်စော်၊ ဖိုလ်စော် နံဖို့ ဝေးပါတယ်။ နိဗ္ဗာန်ကို ပြောလို့လဲ နားလည်မှာ မဟုတ်ပါဘူး။

နိဗ္ဗိဒါဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကို နိဗ္ဗာန်အကြောင်း ပြောရရင် လွယ်လွယ် လေးနဲ့ နားလည်တယ်၊ နိဗ္ဗိဒါဉာဏ် မရောက်သေးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို နိဗ္ဗာန်အကြောင်းပြောရင် ဘယ်လိုပြောပြော နားကို မလည်ဘူး။ ဘာကြောင့် လဲဆိုတော့ နိဗ္ဗာန်က ပုထုဇဉ်အမြင်နဲ့ ကြည့်လို့မှ မရဘဲ။ အရိယာအမြင်နဲ့ ကြည့်မှ ရတယ်။ အဲဒီတော့ ဒုက္ခကို သိတယ်ဆိုရင် နိဗ္ဗာန်ကို ပြောပြစရာမလို ဘူး။ ဒုက္ခမသိသေးလို့ နိဗ္ဗာန်ကို မေးမေးနေကြတာ၊ ဗြဟ္မာ့စည်းစိမ်အကုန်လုံး ဒုက္ခပဲလို့ ကိုယ့်ဉာဏ်နဲ့ တကယ်သိလာရင် နိဗ္ဗာန်ကို ပြောဖို့ လွယ်လွယ်လေးပဲ။ အဲဒါကြောင့် "အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ- နိဗ္ဗိဒါဉာဏ် အရေးကြီးတယ်"လို့ ဟောခဲ့တာပါ။ အဲဒီတော့ ဒုက္ခသစ္စာလို့ ပြောတာက အရိယာရဲ့ အမြင်ပဲ။ အကျိုးသစ္စာပဲ။ သုံးဆယ့်တစ်ဘုံမှာ လူဖြစ်လိုက် နတ်ဖြစ်လိုက် ဗြဟ္မာဖြစ်လိုက် ငရဲကျလိုက်နဲ့ ဒုက္ခတွေ ဖြစ်ဖြစ်နေရတာဟာ ရှင်းရှင်းကတော့ ရုပ်နဲ့ နာမ်ပဲ။

လောကီစိတ် ၈၁-ခု၊ စေတသိက် ၅၁-ခု၊ ရုပ် ၂၈-ခုကို ပေါင်းလိုက်လို့ ရှိရင် အကျဉ်းချုပ်က ရုပ်နဲ့ နာမ်ပဲ။ ဒါကို ဥပါဒါနက္ခန္ဓာ ငါးပါးလို့ ခေါ်တယ်။ ဥပါဒါနက္ခန္ဓာ ငါးပါးဆိုတာ ခန္ဓာနဲ့ ဥပါဒါန် တွဲလိုက်တာပါပဲ။ လောကီစိတ် ၈၁-ခု၊ စေတသိက် ၅၁-ခုနဲ့ ရုပ် ၂၈-ခုတို့ကို ခန္ဓာဖွဲ့ပြပါဆိုရင် ရုပ် ၂၈-ခုက ရူပက္ခန္ဓာပဲ၊ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ သညာက သညာက္ခန္ဓာ။ ဝေဒနာ၊ သညာမှ ကြွင်းသော စေတသိက် ၅၀-က သင်္ခါရက္ခန္ဓာ။ လောကီစိတ် ၈၁-ခုက

ဝိညာဏက္ခန္ဓာဆိုပြီး ခန္ဓာ ၅-ခုရတယ်။ စေတသိက် ၅၁-ခုကို ခန္ဓာဖွဲ့ရင် ခန္ဓာက သုံးပါး ရတာပဲ။

အဲဒီတော့ ဒီဒုက္ခသစ္စာကို အာယတနဖွဲ့ပြပါဆိုရင် အာယတန ၁၂-ပါး ရတယ်။ ဒီဒုက္ခသစ္စာမည်တဲ့တရားထဲက ရုပ် ၂၈-ခုမှာ စက္ခုပသာဒက စက္ခာယတန၊ သောတပသာဒက သောတာယတန၊ ဃာနပသာဒက ဃာနာယတန၊ ဇိဝှါပသာဒက ဇိဝှါယတန၊ ကာယပသာဒက ကာယာယတန ဆိုပြီး ပသာဒ ရုပ် ငါးခုက အာယတန ငါးခု ရသွားပြီ၊ ရူပါရုံက ရူပါယတန၊ သဒ္ဒါရုံက သဒ္ဒါယတန၊ ဂန္ဓာရုံက ဂန္ဓာယတန၊ ရသာရုံက ရသာယတန၊ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံက ဖောဋ္ဌဗ္ဗာယတနဆိုပြီး အာရုံငါးပါးကလဲ အာယတနငါးပါး ရသွားတယ်။ ခု ဆယ်ပါး ရှိသွားပြီ၊ ရုပ် ၁၂-ပါးပဲ ကုန်သေးတယ်။ ကျန်တဲ့ သုခုမရုပ်တွေကို ဓမ္မာယတနခေါ်တယ်။ ဒါကြောင့် ရုပ် ၂၈-ခုကို အာယတန ဖွဲ့ပါဆိုရင် အာယတန ၁၁-ပါး ရတယ်။

စေတသိက် ၅၁-ခုက ဓမ္မာယတနချည်းပဲ။ အဲဒီတော့ အာယတန တိုး မသွားဘူး။ သုခုမရုပ် ၁၆-ခုကလည်း ဓမ္မာယတန၊ စေတသိက် ၅၁-ခုကလဲ ဓမ္မာယတနပဲ။ လောကီစိတ် ၈၁-ခုကတော့ မနာယတနပဲ။ ဒုက္ခသစ္စာကို အာယတန ဖွဲ့ပြပါဆိုရင် အာယတနတစ်ဆယ့်နှစ်ပါး ရတယ်။ ရုပ်တွေ ပါလို့ရှိရင် အာယတနက များတာပဲ။ ဓာတုကထာတို့ ဘာတို့ကျတော့ ဒုက္ခသစ္စာကို ခန္ဓာဘယ်လောက် အာယတနဘယ်လောက် ဓာတ်ဘယ်လောက်နဲ့ ဖွဲ့ရမတုံးဆိုပြီး ပါဠိတော်က မေးတာကိုး။ ကိုယ်က သိနေရင် ဒုက္ခသစ္စာကို ခန္ဓာငါးပါး ဖွဲ့ရတယ်၊ အာယတနဆိုရင် တစ်ဆယ့်နှစ်ပါးလုံးဖွဲ့လို့ရတယ်။ ဓာတ်ဆိုလို့ရှိရင်လဲ တစ်ဆယ့်ရှစ်ပါးလုံး ဖွဲ့ရတာပဲ၊ ဘာဓာတ်မှ မလျော့ဘူး။

အဲဒါကြောင့် ဓာတုကထာဆိုတာ ခန္ဓာ၊ အာယတန၊ ဓာတ်ဖွဲ့နည်းတွေကို လျှောက်ဟောတာပဲ။ ပါဠိဆိုနည်းလေးပဲ လိုတယ်။ သင်္ဂြိုဟ်ကို တကယ်တတ် အောင် သင်ထားပြီး ဆရာက နည်းပြပေးရင် အဘိဓမ္မာခုနစ်ကျမ်း အကုန်လုံး တတ်သွားတာပဲ။ အဲဒီတော့ အရိယာပုဂ္ဂိုလ်က သုံးဆယ့်တစ်ဘုံမှာ ရှိတဲ့ တရားတွေကို ဒုက္ခလို့ မြင်တယ်။ ဒါ အကျိုးကို မြင်တာ၊ ဒုက္ခသစ္စာဆိုတာ

ပေါင်းလိုက်တော့ ရုပ်နဲ့ နာမ်ပဲ။ ဒါကို ဥပါဒါနက္ခန္ဓာခေါ်တယ်။ အခု လူတွေရဲ့ ခန္ဓာကိုယ်ဟာ ဥပါဒါနက္ခန္ဓာငါးပါးပဲ၊ နတ်ရဲ့ ခန္ဓာလဲ ဥပါဒါနက္ခန္ဓာငါးပါးပဲ။ ဒီ ဥပါဒါနက္ခန္ဓာဆိုတဲ့ လူ နတ် ဗြဟ္မာ ရုပ် နာမ်တွေ ဖြစ်ပေါ်နေတာ ဘာကြောင့် ဖြစ်သတုံးဆိုပြီး အရိယာတွေက အကြောင်းကို ရှာတာ။ ရုပ် နာမ်ဖြစ်ခြင်းရဲ့ အကြောင်းကို ပဋ္ဌာန်းမှာ အကြောင်းတွေက အမျိုးမျိုး ရှိတယ်။ ပဋ္ဌာန်းက အကြောင်းတရားတွေဟာ အရိယာတွေမြင်တဲ့ အကြောင်းတရားတွေ မဟုတ်ဘူး။ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်နဲ့သိတဲ့ အကြောင်းတရားတွေသာ ဖြစ်တယ်။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုရင် အများကြီး မြင်ဖို့ မလိုဘူး။

## လူသေရင် ဘာကြောင့် ထပ်ဖြစ်ရသလဲ

လူဖြစ်ရခြင်းရဲ့ အကြောင်းတရား၊ နတ်ဖြစ်ရခြင်းရဲ့ အကြောင်းတရား၊ ဗြဟ္မာဖြစ်ခြင်းရဲ့ အကြောင်းတရားဆိုပြီး ပညတ်နည်းနဲ့ ပြောချင်ပြောနိုင်တယ်။ ဒါမှမဟုတ် ရုပ် နာမ် ဖြစ်ခြင်းရဲ့ အကြောင်းတရားလို့ ပရမတ်နည်းနဲ့ ပြောချင် ပြောနိုင်တယ်။ ဒီအကြောင်းတရားကို ရှာတဲ့အခါ အရိယသစ္စာလေးပါးကို သိခါနီးတဲ့ အရိယာဖြစ်မယ့် ပုဂ္ဂိုလ်ဟာ ကိုယ့်ဘာသာကိုယ် သိလာတယ်။ အဘိဓမ္မာလေ့လာထားတဲ့ လူတွေကျတော့ အရင်သိနေတယ်။ ချမ်းသာချင်တယ်၊ ရာထူးကြီးကြီး ရချင်တယ်ဆိုတဲ့ လူစားတွေလဲ ရှိသေးတယ်။ ချမ်းသာမယ်ဆိုရင် ဘယ်လောက် ချမ်းသာချမ်းသာ ချမ်းသာချင်ကြသေးတယ်။ အဲဒီလို လူတွေပေမဲ့ အဘိဓမ္မာကို လေ့လာထားတော့ လူ၊ နတ်၊ ဗြဟ္မာ သုံးဆယ့်တစ်ဘုံမှာ ရုပ်နာမ် ထပ်ထပ်ပြီး ဖြစ်နေတာ ဘာကြောင့် ဖြစ်နေတာလဲလို့ စဉ်းစားတဲ့အခါ သမုဒယသစ္စာကြောင့် ထပ်ဖြစ်နေတာလို့ သိရတယ်။

## ၂။ သမုဒယသစ္စာ

သမုဒယဆိုတာက အကြောင်းတရားပဲ၊ အကျိုးမြင်တယ် ဆိုလို့ ရှိရင် အကြောင်းကို လိုက်ပြီး ရှာရမှာပေါ့၊ အကြောင်းရှာတဲ့အခါ သမုဒယသစ္စာကို

တွေ့ရတယ်၊ သမုဒယသစ္စာက လောဘစေတသိက် တစ်လုံးထဲပဲ၊ အများကြီး သိရမှာ မဟုတ်ဘူး။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ သိရမှာက လောဘ တစ်ခုပဲ၊ လောဘလို့ ခေါ်ချင်ခေါ်မယ်၊ တဏှာလို့ ခေါ်ချင်ခေါ်၊ ရာဂလို့ ခေါ်ချင်ခေါ်၊ ခေါ်ချင်သလိုသာ ခေါ်၊ စေတသိက်ကတော့ လောဘစေတသိက်ပဲ၊ လောဘဆိုတာ မြန်မာလို လိုချင်တာပဲ။ တဏှာဆိုတာ တပ်မက်တာ၊ တွယ်တာ တာပဲ၊ ရှင်းရှင်းကတော့ လူဖြစ်တာဟာ လူ့ဘဝကို တွယ်တာနေလို့ပဲ။ ဗြဟ္မာ ဖြစ်တာ ဗြဟ္မာ့ဘဝကို တွယ်တာနေလို့ဖြစ်တာ။ မြန်မာလို ရှင်းရှင်းပြောရင် ကိုယ်က ဘဝကို တွယ်တာနေလို့ ဖြစ်တာ။ ကိုယ်က ဖြစ်ချင်လို့ကို ဖြစ်နေတာ။

ဒီဘဝမှာ ရုပ်, နာမ် နှစ်ခု ဖြစ်နေတာကို ပြန်စဉ်းစားလို့ရှိရင် မွေးပြီး ကထဲက ဒီနေ့ထိအောင် အသက်ရှင်နေတာဟာ သူ့ဘာသာသူ အသက်ရှင် နေတာလား၊ လူတွေက ရှင်အောင်လုပ်လို့ ရှင်နေတာလားလို့ မေးရင် ကိုယ်က ဖြစ်ချင်နေလို့ကို ဖြစ်နေတာပဲ။ တကယ် မဖြစ်ချင်လို့ ရှိရင် ရုပ်, နာမ် နှစ်ပါးက ယနေ့ထိအောင် ရှိပါ့မလား။ ထမင်းမစားဘဲ နေရင် ခုနစ်ရက်ပဲ ခံမယ်။ အကယ်၍ ဒီရုပ်နာမ် နှစ်ပါး ဖြစ်နေတာ ရှုပ်ပါတယ်။ မဖြစ်ချင်ဘူးဆိုပြီး ထမင်း မစားဘဲနေရင် ခုနစ်ရက်ပဲ ခံမယ်။ ဒီရုပ်, နာမ် ဖြစ်နေတာကိုက ဘာကြောင့် ဖြစ်နေတာတုံးဆိုရင် ဖြစ်ချင်လို့ကို ဖြစ်နေတာ၊ ကိုယ်က ဖြစ်ချင်နေလို့ ဒီရုပ်နာမ်ကို မပျက်စီးအောင် လုပ်နေရတာ၊ အဲဒီတော့ ဒီရုပ်နာမ် မပျက်စီး စေချင်တဲ့ စိတ်ဟာ လူတွေရဲ့ သန္တာန်တွေမှာ ရှိနေတယ်။ ဒီရုပ်နာမ်ကို ဖြစ်ချင်နေတယ်။ အသက် (၆၀)(၇၀) ရှိနေသူကလဲ သူ့ကိုယ်သူ သ လိုက်ရတာ၊ သူ့ ရုပ်လေး ဖြစ်နေအောင် အားဆေး သောက်ရ, ဟိုဆေး ထိုးရ, လမ်းလျှောက် ရနဲ့ ရုပ်, နာမ်ကို တခါထဲ မသေအောင် လုပ်လိုက်ရတာ။

အဲဒီတော့ ဒီလောက် ရုပ်, နာမ်ကို ဖြစ်ချင်နေတော့ သေပြီးရင် ဘာဖြစ် မလဲ၊ ရုပ်, နာမ် ထပ်ဖြစ်မှာပေါ့၊ ကိုယ်က ရုပ်နာမ် ထပ်ဖြစ်ချင်နေတာကိုး။ သေတာက ဘယ်လို သေတာတုံး၊ မလွှဲသာလို့ သေတာ။ နာမ်တရားကတော့ ဖြစ်ချင်နေတာပဲ၊ တစ်ခါထဲ ဆရာအမျိုးမျိုး အစားအမျိုးမျိုးနဲ့ မသေအောင်

လုပ်လိုက်ကြတာ၊ မတတ်သာလို့သာ ဒီရုပ်ကြီးက ပျက်သွားတာ၊ ဖြစ်ချင်တာကတော့ ဖြစ်ချင်နေတာပဲ၊ အဲဒီတော့ ဒီဘဝမှာ ရုပ်, နာမ်ကို ဖြစ်ချင်နေတဲ့လူဟာ ဟိုဘဝကျတော့လဲ ရုပ်, နာမ်ဖြစ်မှာပဲ၊ ဘယ်ရုပ်, နာမ်ဖြစ်မလဲသာ မသိတာ။ နတ်ရုပ်နာမ် ဖြစ်ချင် ဖြစ်မယ်၊ ဈာန်တွေ ဘာတွေရရင် ဗြဟ္မာ့ရုပ်နာမ် ဖြစ်ချင် ဖြစ်မယ်၊ ဒါမှမဟုတ် မကောင်းတာတွေ သိပ်လုပ်နေလို့ရှိရင် ခွေးရုပ်နာမ် ဖြစ်ချင်ဖြစ်မယ်၊ ငရဲရုပ်နာမ် ဖြစ်ချင် ဖြစ်မယ်၊ ကိုယ်က ရုပ်နာမ်ဖြစ်ချင်နေတယ်ဆိုလို့ရှိရင်တော့ ဖြစ်အုံးမှာပဲ။

ဒါက ဘုရားဟောလို့ သိရမှာ မဟုတ်ဘူး။ သစ္စာလေးပါးကို သိတယ် သိတယ်ဆိုတာ အရိယာပုဂ္ဂိုလ်က သူ့ဉာဏ်ထဲမှာ "ဒီဒုက္ခသစ္စာဖြစ်တဲ့ ရုပ်နဲ့နာမ်ဟာ တို့ဘာသာတို့ ဖြစ်ချင်လို့ ဖြစ်နေတာပဲ၊ တို့က မဖြစ်ချင်ဘူးဆိုရင် ဒီရုပ်နာမ်ဟာ မဖြစ်ပါဘူး"လို့ သိနေတယ်၊ သူ့ကို ဒုက္ခပဲလို့ မြင်လာလို့ရှိရင် အကျိုးကို သတ်လို့တော့ မရဘူး၊ ရုပ်နာမ်ကို ဒုက္ခသစ္စာလို့ မြင်ပြီးရင် ဒီရုပ်နာမ်ကို မဖြစ်အောင် ဆိုပြီး ရုပ်နာမ်ကို မီးရှို့လို့ ရပါ့မလား၊ ရုပ်နာမ် မဖြစ်အောင် ဆိုပြီး စိန်ဆေး သောက်လို့ ရပါ့မလား၊ ဒါက အကျိုးတရားကြီးပဲ၊ ရုပ်နာမ်ကြီးဟာ ဒုက္ခပါပဲ ဆိုပြီးတော့ ရေထဲခုန်ချလို့ ဖြစ်ပါ့မလား၊ ရုပ်နာမ်ကြီးကို သွားဖျက်ဆီးလို့ မရဘူး။ ဒါက အကျိုးတရားကြီးပဲ။

## ခန္ဓာအိမ်ကို ဆောက်လုပ်တာ ဘယ်သစ္စာလဲ

ဒါကြောင့်မို့ မြတ်စွာဘုရားတရားတော်က အကျိုးသတ်တဲ့ တရား မဟုတ်ဘူး၊ အကြောင်းသတ်တဲ့ တရား ဖြစ်ပါတယ်၊ ရုပ်နာမ်ဖြစ်ခြင်းရဲ့ အကြောင်းကို ရှာပြီး အကြောင်းကို သတ်လိုက်မှ ဒီရုပ်နာမ်ဟာ မဖြစ်ဘဲနေမှာ၊ ဒီရုပ်နာမ်တွေ ရှုပ်တယ်ဆိုပြီး ဓားနဲ့ သတ်လဲ ရုပ်နာမ်က မကုန်ဘူး၊ ထပ်ဖြစ်နေတာပဲ၊ ဒီရုပ်နာမ်တွေကို အဏုမြူဗုံးနဲ့ ပစ်ကြဲလိုက်လဲ ထပ်ဖြစ်နေမှာပဲ၊ အဲဒီတော့ ရုပ်နာမ် မဖြစ်အောင်က ရုပ်နာမ် မဖြစ်ခြင်းရဲ့အကြောင်းကို ရှာရမယ်၊ ဘာတွေ့တုံး ဆိုရင် သမုဒယသစ္စာကို တွေ့တယ်။ သူက လောဘစေတသိက်

ဖြစ်တယ်၊ မြန်မာလို တွယ်တာမှုပဲ၊ ရုပ်နာမ်ကို တွယ်တာနေတဲ့ လောဘပဲ၊ အဲဒီ လောဘကို တွေ့တယ်၊ အော်-ဒီလောဘ ဒီကောင်ကြောင့် ၃၁-ဘုံမှာ ကျင်လည် နေရတာပဲ။

မြတ်စွာဘုရားက ရုပ်နာမ်ဖြစ်ခြင်းရဲ့ အကြောင်းတရားဟာ ဘယ်တရားလဲ လို့ လိုက်ရှာတာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကြာသွားတယ်။ အနေကဇာ တင်တယ်ဆိုတဲ့ ပါဠိမှာ "ဂဟကာရံ ဂဝေသန္တော" ဒီခန္ဓာအိမ်ကို ဆောက်လုပ် နေတဲ့ လက်သမားဆိုတဲ့ အကြောင်းတရားကို လိုက်ရှာနေတာတဲ့၊ "အနေကဇာတိ သံသာရံ" ဘဝပေါင်းများစွာ ကြာခဲ့ပြီတဲ့၊ ဘုရားလောင်းဟာ သွေးတွေလှူ အသားတွေလှူ မျက်လုံးတွေ ဖောက်လှူ သားတွေ မယားတွေလှူ ပစ္စည်းတွေ လှူနဲ့ သံသရာဘဝမှာ ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းတရားကို သိအောင် လိုက်ရှာ နေတာဟာ ဘဝပေါင်း အသင်္ချေအနန္တ ကြာခဲ့ပြီတဲ့။ ဒါပေမဲ့ ဒီရုပ်နာမ်ဟာ ထပ်ကာထပ်ကာ ဖြစ်နေတာပဲ၊ မတွေ့ခဲ့ဘူး။ အခု ဘုရားဖြစ်တဲ့ ဘဝကျတော့ ဟော့-"ဂဟကာရက ဒိဋ္ဌောသိ" ဒီခန္ဓာအိမ်ဆိုတဲ့ ရုပ်နာမ်ကို ဆောက်လုပ်နေတဲ့ လက်သမား... မင်းကို ငါ သိပြီတဲ့၊ မင်းကို ငါ တွေ့ပြီတဲ့။ "ဂဟကာရက ဒိဋ္ဌောသိ" ဆိုတာ ကြုံးဝါးလိုက်တာ၊ ရန်သူကို လိုက်ရှာနေတာ၊ ရန်သူကို တွေ့တဲ့အခါကျတော့ မင်းဘယ်မှ မပြေးနဲ့၊ မင်းကို ငါ တွေ့ပြီ၊ မင်းဒီတစ်ခါတော့ ရှောင်လို့ ပြေးလို့ မရတော့ဘူးတဲ့၊ ဘုရားက ကြုံးဝါးတာ။'

သစ္စာလေးပါးကို သိတဲ့အခါ လောဘဆိုတဲ့ တွယ်တာနေတဲ့ တဏှာက ခန္ဓာအိမ်ကို ပြန်ဖြစ်အောင် လုပ်နေတာပဲ၊ လက်သမားပဲလို့ သိတယ်။ ဒါကြောင့် "လောဘစေတသိက်သည် သမုဒယသစ္စာ မည်၏"လို့ မှတ်ထားပါ။

အကျိုးတရားကိုလဲ သိပြီ၊ အကြောင်းတရားကိုလဲ သိပြီ၊ ဒီရုပ်နာမ် ဖြစ်နေရင်တော့ ဒုက္ခပဲဆိုတာ အကျိုးပဲ၊ ရုပ်နာမ် ဘာကြောင့် ဖြစ်နေသလဲဆိုတဲ့ အကြောင်းကို ရှာတဲ့အခါကျတော့ သမုဒယသစ္စာ အကြောင်းကိုလဲ သိတယ်၊ တွယ်တာတဲ့ လောဘ အကြောင်းကို သိတယ်ဆိုတော့ လောဘကို သေနတ်နဲ့ ပစ်သတ်လို့ ရပါ့မလား၊ ဓားနဲ့ ကြဲချလို့ကော မရပါဘူး။ လူတွေမှာ လောဘတွေ

သိပ်များနေတာပဲဆိုပြီး အဏုမြူဗုံးနဲ့ လောဘကို ကြဲချလို့ ရပါမလား၊ မရပါဘူး၊ လောဘကိုတော့ ထိမှာ မဟုတ်ဘူးတဲ့။ အဏုမြူဗုံးကလဲ ရုပ်တွေပဲကိုး၊ ကမ္ဘာပေါ်မှာရှိတဲ့ ရုပ်တွေကိုပဲ အကုန်လုံး ကြဲချလို့ ရတယ်၊ လောဘကိုတော့ ကြဲချလို့ မရဘူး။ လူတွေ လောဘကြီးတယ်ဆိုပြီး ပြီးခဲ့တဲ့ခေတ်တုံးက စစ်မဖြစ်ကြဘူးလား၊ စစ်ဖြစ်တော့ လူတွေ အများကြီး သတ်မပစ်ရဘူးလား၊ သတ်ပစ်လိုက်လို့ လောဘတွေ အကုန် သေသွားရဲ့လား၊ အခု ပိုပြီးတော့ များလာတာ မဟုတ်လား။

## တဏှာကို သေအောင် သတ်ပစ်လို့ ရသလား

အဲဒီတော့ လောဘဆိုတာက ဘိုးဘိုးအောင် သီချင်းလိုပဲ၊ သတ်နည်း မမှန်လို့ရှိရင် သေနတ်နဲ့ တစ်ချက်ပစ်လိုက် သူက နှစ်လုံး ပေါ်လာတာပဲ။ သေနတ်နဲ့ နောက်တစ်ချက် ပစ်လိုက်တော့ လေးလုံး ပေါ်လာတာ။ လောဘက ပွားသာ ပွားလာတောပဲ၊ သူ့ကို အတင်းအဓမ္မ လက်နက်နဲ့ လုပ်လို့ရတဲ့ တရားမျိုး မဟုတ်ဘူး။ သူ့ကို ချော့သတ်လို့လဲ မရဘူး၊ လောဘကို ချော့ပြီး လိုချင်တာတွေ တိုက်တွေ ဆောက်ပေးမယ်၊ အိမ်တွေ ဆောက်ပေးမယ်၊ မော်တော်ကားတွေ ဝယ်ပေးမယ်၊ ဒါပေမဲ့ လောဘက ပျောက်သွားရဲ့လား၊ ပိုကြီးလာတာပဲ၊ မိန်းမလိုချင်ရင် မိန်းမတွေ အများကြီး ပေးလိုက်မယ်၊ ယောကျ်ားလိုချင်ရင် ယောကျ်ားတွေ စပ်ပေးလိုက်မယ်၊ ဒီလို လိုချင်တာတွေ အကုန်လုပ်ပေးပြီး ချော့လို့လဲ မရဘူး၊ သူ့အလိုကို လုပ်ပေးတော့လဲ ပိုပိုပြီး ကြီးလာပါတယ်၊ ကဲ–ဒီကောင် ရှုပ်ပါတယ်ဆိုပြီး သူ့ကို သတ်ပစ်လိုက်ဖို့ ကြိုးစားတော့ ဒေါသ ဖြစ်တာပဲ မဟုတ်လား၊ သတ်တဲ့အခါ ဒေါသထွက်တယ်၊ ဒေါသကလဲ လောဘကို ပြန်ပွားစေတာပဲ၊ သတ်လို့လဲ မရဘူး။ ချော့လို့လဲ မရဘူး။

### ၃။ မဂ္ဂသစ္စာ

ဒီတော့ ဒုက္ခသစ္စာဖြစ်ခြင်းရဲ့ အကြောင်း လောဘကို သတ်ပစ်လိုက်ဖို့လို့ တရားရှာတဲ့အခါကျတော့မှ အဲဒီသစ္စာက ခက်တာ၊ အဲဒီလောဘကို သတ်ပစ်

နိုင်တဲ့ သစ္စာက မဂ္ဂသစ္စာ ဖြစ်ပါတယ်။ သုံးဆယ့်တစ်ဘုံကို သစ္စာနဲ့ ကြည့်မယ်ဆိုရင် လူတွေ နတ်တွေ ဗြဟ္မာတွေလို့ ပြောနေတာဟာ ရှည်တာပဲ။ သုံးဆယ့်တစ်ဘုံမှာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာပဲ ရှိတယ်။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ်နေတယ်။ အရိယာက ရှင်းရှင်းလေး မြင်တာပဲ၊ လောဘကြောင့် ရုပ်နာမ်တွေ ဖြစ်နေတယ်၊ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာတွေ ဖြစ်နေတယ်၊ အကြောင်းကြောင့် အကျိုးဖြစ်နေတာ ရှင်းရှင်းလေး မြင်တယ်။

ဒါကြောင့်မို့ အကြောင်းနဲ့ အကျိုးကို သိတယ်ဆိုရင် သောတာပန်ဖြစ်တာပါပဲ။ အကြောင်းမှန်ကို တွေ့တယ်ဆိုရင် အကျိုးကိုလဲ သိတာပါပဲ၊ အကြောင်းအကျိုး သိသွားတယ်ဆိုတာက သုံးဆယ့်တစ်ဘုံမှာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာပါပဲ၊ သမုဒယသစ္စာကြောင့် ဒုက္ခဖြစ်လိုက်၊ သမုဒယသစ္စာကြောင့် ဒုက္ခဖြစ်လိုက်နဲ့ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေကြတာပဲလို့ သိသွားတာတဲ့။ ဒီတော့ သုံးဆယ့်တစ်ဘုံက လွတ်ချင်တဲ့အခါ ဘုရားက မဂ္ဂသစ္စာ လုပ်ရမယ်တဲ့၊ မဂ္ဂသစ္စာဆိုတာဟာ မဂ္ဂင်ရှစ်ပါးပဲ၊ မဂ္ဂင်ရှစ်ပါးကိုတော့ သိကြတယ် မဟုတ်လား။

သမ္မာဒိဋ္ဌိ

သမ္မာသင်္ကပ္ပ

သမ္မာဝါစာ

သမ္မာကမ္မန္တ

သမ္မာအာဇီဝ

သမ္မာဝါယာမ

သမ္မာသတိ

သမ္မာသမာဓိ တို့ ဖြစ်ပါတယ်။

မဂ္ဂင်ရှစ်ပါးမှာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင်သုံးပါးက ဝိရတီစေတသိက် ဖြစ်တယ်။ ရှင်းရှင်းကတော့ ဒီသုံးခုက သီလပဲ။ ဒုက္ခသစ္စာ

ဆိုတဲ့ သုံးဆယ့်တစ်ဘုံက လွတ်မြောက်ချင်ရင် ပထမဆုံး သီလစောင့်ထိန်း ရမယ်တဲ့။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝက သီလမဂ္ဂင် သုံးပါးပဲ၊ သီလထိန်းတဲ့ ပုဂ္ဂိုလ်၊ သီလရှိတဲ့ ပုဂ္ဂိုလ်၊ သီလလုံခြုံတဲ့ ပုဂ္ဂိုလ်မှ သုံးဆယ့် တစ်ဘုံက လွတ်မြောက်တယ်။ ဒီလို အလုပ်မျိုးကို လုပ်လဲ လုပ်ချင်မှာပေါ့၊ လုပ်မှလဲ ရမှာပေါ့။

အဲဒီတော့ ကျန်တာက သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ငါးပါးပဲ ရှိတယ်၊ အဲဒီ မဂ္ဂင်ငါးပါးထဲမှာ သုံးဆယ့်တစ်ဘုံက လွတ်အောင် ဘယ်မဂ္ဂင်ကို စပြီး လုပ်မတုံး၊ သမ္မာဒိဋ္ဌိက စ လုပ်မလား၊ သမ္မာသင်္ကပ္ပက စ လုပ်မလား၊ သမ္မာဝါယာမက စ လုပ်မလား၊ သမ္မာသတိက စ လုပ်မလား၊ သမ္မာသမာဓိက စ လုပ်မလား၊ အခုခေတ်မှာတော့ ဘာက စ နေကြတုံး။ သတိပဋ္ဌာန်က မစဘူးလား၊ ပထမ တရားအားထုတ်တယ် ဆိုရင် ဘယ်ရိပ်သာမှာပဲ ဖြစ်ဖြစ်၊ သတိပဋ္ဌာန်လေးပါးနဲ့ သတိကောင်းအောင် လုပ်ရတယ် မဟုတ်လား၊ သတိပဋ္ဌာန်လေးပါးနဲ့ သတိကောင်းအောင် လေ့ကျင့် တာပဲ၊ အဲဒီတော့ အခုခေတ် ဘယ်ရိပ်သာမှာပဲဖြစ်ဖြစ် သတိပဋ္ဌာန်ထဲက တစ်ခုခု ပြနေတာပဲ။

အာနာပါနဆိုတာလဲ ကာယာနုပဿနာပါပဲ၊ တချို့တလေ ဝေဒနာရှု ဆိုတော့ ဝေဒနာနုပဿနာ ပြတယ်၊ တချို့တလေက ဖြစ်ပျက်ရှုဆိုတော့ ဓမ္မာနုပဿနာ ပြတာပဲ။ လူတွေက အင်မတန် ပေတဲ့ လူတွေဆိုတော့ သုံးဆယ့် တစ်ဘုံက လွတ်မြောက်ရေး တရားကို တိုက်ရိုက် တစ်ခါထဲ အားထုတ်မယ် ဆိုရင် သူတို့ကို ပြောပြလို့လဲ နားမလည်နိုင်ဘူး။ ဒါကြောင့် သတိကောင်းအောင် ဆိုပြီး ပထမ သတိပဋ္ဌာန် အားထုတ်ခိုင်းတာပဲ၊ တရားသွားထိုင်တယ် ဆိုတာ ရှင်းရှင်းက လေ့ကျင့်ခန်း ဝင်တာပဲ။ လေ့ကျင့်ခန်းလုပ်တာ၊ သတိကောင်းအောင် လေ့ကျင့်ခန်း လုပ်တာ။ ဒီတော့ ဘယ်ကမ္မဋ္ဌာန်းနဲ့ပဲဖြစ်ဖြစ် ပထမ သတိ ကောင်းလာဖို့က အရေးကြီးတယ်။

သတိကောင်းအောင် လုပ်နေတဲ့အခါမှာ သမ္မာဝါယာမဆိုတဲ့ ဝီရိယ မပါဘူးလား၊ ဝီရိယ ကြိုးစားမှုကလဲ ပါလာတာပဲ၊ သမ္မာသတိ လုပ်နေတဲ့အခါမှာ

သမ္မာဝါယာမ ပါရတာပဲ။ သတိကောင်းအောင် လုပ်နေတဲ့အခါမှာ စိတ်နဲနဲ ငြိမ်လာလို့ရှိရင် သမ္မာသမာဓိ မဖြစ်လာဘူးလား၊ သမ္မာသမာဓိလဲ ဖြစ်လာတာပဲ။ အဲဒီတော့ "သမ္မာသင်္ကပ္ပ"ဆိုတဲ့ အတွေးအခေါ်တွေက နဲနဲ ကောင်းမလာဘူးလား၊ "သမ္မာသင်္ကပ္ပ" အတွေးအခေါ်တွေကလဲ ကောင်းလာမှာပဲ၊ အတွေးအခေါ်တွေ ကောင်းလာရင် "သမ္မာဒိဋ္ဌိ" အမြင်မှန် ရမလာဘူးလား၊ သမ္မာဒိဋ္ဌိ ဖြစ်လာမယ်။ မဂ္ဂင်ရှစ်ပါးမှာ အတိုချုပ်ကတော့ သမ္မာဒိဋ္ဌိ အမြင်မှန် ရအောင် လုပ်ရမယ်။

နဂိုက လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်တွေကို ချမ်းသာတယ်လို့ ပုထုဇဉ်တွေက ထင်နေတယ်၊ ချမ်းသာတယ်လို့ အထင်မှားနေတာကို အမြင်မှန် ရလာတော့ ဒါတွေဟာ ဒုက္ခတွေပဲလို့ သိလာတာကို "သမ္မာဒိဋ္ဌိ"လို့ ခေါ်တာ။ အဲဒီလို သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဆိုတဲ့ ဒီလေးပါးက သမ္မာဒိဋ္ဌိဖြစ်အောင် အကူအညီပေးတာ၊ တရားအားထုတ်တဲ့အခါ သမ္မာဒိဋ္ဌိဖြစ်ဖို့က အရေးကြီးတယ်။ သမ္မာဒိဋ္ဌိက ဘယ်လို ဖြစ်လာတုံး၊ လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ် သုံးဆယ့်တစ်ဘုံက စည်းစိမ်တွေဟာ ဒုက္ခပဲလို့ မြင်လာတဲ့ အမြင်ကို သမ္မာဒိဋ္ဌိလို့ခေါ်တယ်၊ ဒါတောင်မှ ပထမ ဝိပဿနာ သမ္မာဒိဋ္ဌိပဲ ရှိသေးတယ်၊ တကယ့် အရိယာရဲ့ အမြင်မျိုးကို တိတိကျကျ မသိနိုင်သေးဘူး။

အဲဒီလို သမ္မာဒိဋ္ဌိဖြစ်လာပြီး ဝိပဿနာရင့်ကျက်လာတဲ့အခါ နောက်ပိတ်ဆုံး မဂ်စိတ်မှာ ရှိတဲ့ သမ္မာဒိဋ္ဌိက နေပြီးတော့ သုံးဆယ့်တစ်ဘုံကို အကုန်လုံး ဒုက္ခပါပဲလို့ မြင်တာ။ သုံးဆယ့်တစ်ဘုံမှာ ရှိတဲ့ ရုပ်နာမ်တွေ ဖြစ်နေတာဟာ သမုဒယသစ္စာကြောင့် ဖြစ်နေတာပဲလို့ သမ္မာဒိဋ္ဌိက မြင်လိုက်တာ။ အဲဒီလို မြင်တာ, သိတာကို မဂ္ဂသစ္စာခေါ်တယ်၊ မဂ္ဂသစ္စာဆိုတာက ဒုက္ခသစ္စာကို ပိုင်းခြားပြီးတော့ သိတယ်၊ သမုဒယသစ္စာကိုလဲ ပယ်ပစ်လိုက်တယ်။ ဒီတော့ လောကမှ ထွက်မြောက်ချင်တယ်ဆိုရင် မဂ္ဂသစ္စာကို လုပ်ရတာပဲ။ ဒါကြောင့် –

သမ္မာဒိဋ္ဌိ
သမ္မာသင်္ကပ္ပ

သမ္မာဝါစာ

သမ္မာကမ္မန္တ

သမ္မာအာဇီဝ

သမ္မာဝါယာမ

သမ္မာသတိ

သမ္မာသမာဓိ–

ဟူသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏လို့ မှတ်ပါ။

**ဒုက္ခကို သိရင် တဏှာကို ပယ်စရာ လိုသေးသလား**

အတိုချုပ်ကတော့ မဂ္ဂသစ္စာဆိုတာ မဂ္ဂင်ရှစ်ပါးပဲ။ ၃၁–ဘုံမှာ ဒုက္ခပဲလို့ သိအောင် လုပ်တာ မဂ္ဂသစ္စာပဲ၊ ၃၁–ဘုံမှာ ဒုက္ခလို့ သိတဲ့အခါကျတော့ ဘယ်သူ့ကို ပယ်တာတုံး၊ ပယ်စရာ လိုသေးသလား၊ သိတယ်ဆိုရင် ပယ်ပြီးသား ဖြစ်သွားတာပဲ၊ သုံးဆယ့်တစ်ဘုံကို ဒုက္ခပဲလို့သိရင် သုံးဆယ့်တစ်ဘုံကို တွယ်တာတဲ့ စိတ် မရှိတော့ဘူး။ မရှိတော့ရင် တွယ်တာတဲ့ လောဘကို ပယ်ပြီးသား ဖြစ်သွားတာပဲ။ တချို့ တလေက လူတစ်ယောက်ကို သတ်လိုက်သလို အထူးတလည် ပယ်သတ်ရတယ်လို့ ထင်နေတာ။ ဒုက္ခကို သိတယ်ဆိုရင် တဏှာပယ်ပြီးသား ဖြစ်သွားတာပဲ။

အဓိပ္ပာယ်ပေါ်လွင်အောင် ပြောရရင် ကိုယ့်အိမ်ပေါ်မှာ ရန်သူတစ်ယောက် ရောက်နေတယ်၊ ကိုယ့်ကို သူဌေးဖြစ်အောင် လုပ်ပေးမယ်၊ ဝိဇ္ဇာဖြစ်အောင် လုပ်ပေးမယ်ဆိုတာနဲ့ တကယ့် သူတော်ကောင်းထင်ပြီးတော့ ကျွေးမွေးပြီး သူ့ကို ဘုရားတစ်ဆူ ဂူတစ်လုံးလို အိမ်ပေါ်မှာ တင်ထားတယ်၊ နောက် တကယ် လေ့လာကြည့်တဲ့အခါ သူ့ကို ထောက်လှမ်း လေ့လာကြည့်တဲ့အခါ အမှန်က ကိုယ့်ကို သတ်မလို့ ဒီအိမ်မှာ လာနေတာ၊ ဒီလူကို ကိုယ်က အစတုန်းက အင်မတန် ခင်နေတယ်၊ အင်မတန် ချစ်နေတယ်၊ အင်မတန် တွယ်တာနေတယ်၊

သို့ပေမဲ့ သူ့အနား ကပ်ရမှာကို အင်မတန် ကြောက်နေတယ် (ဘယဉာဏ်)၊ သူ့ကို ကြည့်ရတာ အပြစ်ချည်းပဲ မြင်နေတယ် (အာဒီနဝဉာဏ်)။ ကိုယ့်ကို သတ်မဲ့ လူလို့ မသိခင်တုန်းကတော့ သူ့ကို ချစ်လိုက်တာ၊ ခင်လိုက်တာ၊ တွယ်တာလိုက်တာ၊ မြတ်နိုးလိုက်တာ၊ ကြည်ဖြူလိုက်တာ၊ စုံမက်လိုက်တာ၊ သတ်မယ့်လူမှန်းလဲ သိရော သူ့အပေါ်မှာ နဲနဲမှ တွယ်တာတဲ့ ခင်မင်တဲ့စိတ် မရှိတော့ဘူး။

ဒါကြောင့်မို့ သုံးဆယ့်တစ်ဘုံမှာ ရှိနေတဲ့ ရုပ်နာမ်ဟာ ဒုက္ခပဲလို့ သိတာနဲ့ တစ်ပြိုင်နက် ရုပ်နာမ်ကို တွယ်တာတဲ့ လောဘ ရှိသေးရဲ့လား၊ မရှိတော့ပါဘူး။ ဒုက္ခကို သိရင် သမုဒယသစ္စာကို ပယ်ပြီးသား ဖြစ်တယ်၊ နိရောဓသစ္စာကို မျက်မှောက်ပြုပြီးသား ဖြစ်တယ်တဲ့၊ တစ်ပြိုင်နက် ဖြစ်တာ၊ နိရောဓသစ္စာဆိုတာ နိဗ္ဗာန်ပဲ။ ဒါကြောင့် နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏လို့ မှတ်ပါ။

## ၄။ နိရောဓသစ္စာ

ဒုက္ခသစ္စာကို သိရင် သမုဒယသစ္စာဆိုတဲ့ တွယ်တာမှု လောဘကို ပယ်ပြီးသား ဖြစ်တယ်။ သမုဒယသစ္စာ ပယ်ပြီးသားဖြစ်ရင် နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးသား ဖြစ်တယ်၊ တစ်ပြိုင်နက် ဖြစ်တာ၊ တစ်ပြိုင်နက် ဖြစ်တယ်ဆိုတော့ ဘယ်လိုဟာ နိဗ္ဗာန်တုံး၊ ရုပ်နာမ်ပေါ်မှာ တွယ်တာတဲ့ လောဘ မရှိတော့ဘူး၊ တွယ်တာတဲ့ လောဘ ငြိမ်းသွားလို့ အေးမြနေတာဟာ နိဗ္ဗာန်ပါပဲ။ နိဗ္ဗာန်ဆိုတာ ပါဠိရင်းက နိဝါနပဲ။ ဝါန-ဆိုတာ တဏှာ လောဘပဲ၊ ဒီရုပ်နာမ်ပေါ်မှာ နဂိုက တွယ်တာတဲ့ တဏှာ လောဘ ရှိနေတယ်၊ အခု တွယ်တာတဲ့ လောဘ တဏှာ မရှိတော့ဘူး၊ ဒီတဏှာဟာ ငြိမ်းသွားပြီ၊ ယခုတော့ အေးပါပြီလို့ မျက်မှောက်ပြုလိုက်တာဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်တာပါပဲ။ ဒါကြောင့် ဒီသစ္စာလေးပါးကို သိတယ် သိတယ်ဆိုတာက ဒုက္ခသစ္စာကို သိတာနဲ့ တစ်ပြိုင်နက် သမုဒယသစ္စာဖြစ်တဲ့ လောဘကို ပယ်ပြီးသားဖြစ်တယ်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးသား ဖြစ်တယ်၊ အရိယာပုဂ္ဂိုလ်မှာ ချက်ချင်း တစ်ပြိုင်နက်ထဲ

ဖြစ်တာတဲ့။ ဒါကြောင့် သစ္စာလေးပါးဟာ-

၁။ ဒုက္ခသစ္စာ

၂။ သမုဒယသစ္စာ

၃။ နိရောဓသစ္စာ

၄။ မဂ္ဂသစ္စာတို့ ဖြစ်ပါတယ်။

# တောင်းဆုပတ္ထနာ

၁။ ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။
၂။ ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊ နိဗ္ဗာနသုခ မုတ္တမံ။
၃။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။
၄။ ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

၁။ မယာ၊ အကျွန်ုပ်သည်။ ယံကုသလံ၊ အကြင်ကောင်းမှုကုသိုလ်ကို။ ပတ္တံ၊ ရောက်အပ် ရအပ်ပေပြီ။ တဿ၊ ထိုကောင်းမှု၏။ အာနုဘာဝေန၊ အစွမ်းအားကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ သဒ္ဓမ္မရာဇဿ၊ တရားမင်းစစ် ဓမ္မရာဇ်ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သုခါဝဟံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်သော။ ဓမ္မံ၊ တရားတော်ကို။ ဉာယန္တု၊ သိနိုင်ကျင့်နိုင်ကြပါစေကုန်သတည်း။ ဉတွာ၊ သိပြီး ကျင့်ပြီးနောက်-

၂။ ဝိသုဒ္ဓါယ၊ စင်ကြယ်သော။ သုခါယ၊ လွယ်ကူသော။ ပဋိပတ္တိယာ၊ အကျင့်ဖြင့်။ အသောကံ၊ စိုးရိမ်ခြင်းမရှိသော။ အနုပါယာသံ၊ ပူပန်မှုမရှိသော။ ဥတ္တမံ၊ အမြတ်ဆုံးဖြစ်သော။ နိဗ္ဗာနသုခံ၊ နိဗ္ဗာန်ချမ်းသာသို့။ ပါပုဏန္တု၊ ရောက်နိုင်ကြပါစေကုန်သတည်း။

၃။ သဒ္ဓမ္မော၊ သူတော်ကောင်းတရားသည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဓမ္မေ၊ သူတော်ကောင်းတရား၌။ သဂါရဝါ၊ ရိုသေလေးစားခြင်း

ရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဒေဝေါ၊ မိုးသည်။ ကာလေန၊ ရွာသင့်သောအခါ၌။ သမ္မာ၊ ကောင်းစွာ။ ပဝဿတု၊ ရွာသွန်းပါစေသတည်း။

၄။ ပေါရာဏာ၊ ရှေးခေတ်၌ ဖြစ်ကုန်သော။ သုရာဇာနော၊ မင်းကောင်း, မင်းမြတ်တို့သည်။ ပဇံ၊ တိုင်းသူပြည်သား လူအများကို။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခိံသု ယထာ၊ စောင့်ရှောက်ကြကုန်သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ရာဇာ၊ တိုင်းပြည်အုပ်ချုပ်သော မင်းသည်။ အတ္တနော၊ မိမိ၏။ ပဇံ ဝုရသ၊ ရင်ဝယ်သားကဲ့သို့။ ဣမံ ပဇံ၊ ဤတိုင်းသူပြည်သား လူအများကို။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခတု၊ စောင့်ရှောက်ပါစေသတည်း။